


# မဟာဘုတ်အောင် ဝိပဿနာ

## ပညာပေး - အလုပ်ပေး

## လုပ်ငန်းခွင်ဝင် - ကျင့်စဉ်တရားတော်

ပဉ္စမပိုင်း

★

ရန်ကုန် - ဦးဝိသုဒ္ဓ
ဝိပဿနာယာန ဓမ္မကထိက - ကမ္မဋ္ဌာနာစရိယ
ဆရာကြီး - ရေးသားသည်

ဓမ္မဒါန

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

၁၄၄၅၀

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

(ဗုဒ္ဓ)

(ဓမ္မ) (သံဃ)

သရဏံ-

သ
ဒ္ဓမ္မ
သာ
သ
နံ

ဗု
ဒ္ဓ
သာ
သ
နံ

ပါတိ
မောက္ခံ
ဩ
ဝါ
ဒံ

ဂစ္ဆာမိ၊

ဝိပဿန်

ဝိမုတ္တိ ရသံ

{ စိရံ တိဋ္ဌတု }

# 'မဟာဉာဏ်အောင် ဝိပဿနာ'

## သာသနာ့—ဝန်ထမ်းမှာ၊

သာသနဿစ လောကဿ၊ ဝုဍ္ဍိ ဘဝတု သဗ္ဗဒါ၊
သာသနံပိစ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။ ။

★

* ရန်ကုန်မြို့- သိမ်ဖြူလမ်း
* ဓမ္မိကာရုံ ပါဠိတက္ကသိုလ်
* ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ
* တိပိဋက ရွေးချယ်ရေး- နာယက
* ဒေဝသာဂရ သိမ်ကုန်း ဆရာတော်ဘုရားကြီး၏
* အနုဂ္ဂဝါသိက, တပည့်....

★

* ရန်ကုန်-ဦး၊ဝိသုဒ္ဓ
* ဟောကြား- ရေးသားသော
* မဟာဥာဏ်အောင်-ဝိပဿနာ
* ပညာပေး - အလုပ်ပေး
* လုပ်ငန်းခွင်ဝင်-ကျင့်စဉ်တရားတော်
* ပဌမပိုင်း

★

* မစိုးရိမ်-ဦး၊ဝိစက္ခဏ
* ဓမ္မာစရိယ-
* မဟာဉာဏ်အောင် ဝိပဿနာ-နာယက
* တည်းဖြတ်- သုတ်သင်သည်၊
* ၁၃၄၁-ပြာသိုလ၊

ဘာသာရေးဆိုင်ရာ
စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၂၅၂)
မျက်နှာဖုံး ခွင့်ပြုချက် (၁၁၇၇)
မျက်နှာဖုံးဒီဇိုင်း.... တင်ဖေ
။ ဘလောက်.... တိုင်းချစ်ဘလောက်တိုက်
။ ရိုက်နှိပ် .... ပြည်သူ့မိတ်ဆွေ၊
စာအုပ်ရေ .... ၁၅၀၀၊
ဓမ္မဒါန၊
ပထမအကြိမ် .... ၁၉၇၀-ခု၊ ဇန္နဝါရီလ

ထုတ်ဝေသူ ။ဦးတင်ယု-
(မဟာဉာဏ်အောင် ဝိပဿနာ ပြန့်ပွားရေး)
ကင်းလွတ်ခွင့်အမှတ် (၁၀၁)
အမှတ်-၁၆၆၊ ၄၆-လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ။ ။ဒေါ်ကျင်ပု-
မှတ်ပုံတင် (မြဲ-၀၁၇၉၄)
ပြည်သူ့မိတ်ဆွေ- စာပုံနှိပ်တိုက်၊
အမှတ် ၁၆၆၊ ၄၆-လမ်း၊ ရန်ကုန်မြို့။

တည်းဖြတ် - သုတ်သင်သူ

# မဒိုးရှိမ် - ဦးဝိစက္ခဏ - ဓမ္မာစရိယ



# မာတိကာ




၁။ အဇ္ဈတ္တနိဒါန်း ၁

၂။ ရတနတ္တယ-ပဏာမ တရားတော် ၉

၃။ ရတနတ္တယ-စွမ်းရည်အဖွင့် ၁၀

၄။ သရဏဂုဏ်-လေးစား ၁၂

၅။ ဗုဒ္ဓနာမံတော် အဖွင့် ၁၃

၆။ ဗုဒ္ဓဂုဏ်ရည်-ပြည့်စုံညီ-သုံးလီသမ္ပဒါ ၁၅

၇။ ဘုရားဂုဏ်တော် မြတ်ကိုးဘော် ၁၈

၈။ အရဟံဂုဏ်တော် ငါးပါး ၁၉

၉။ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် ၂၀

၁၀။ ဝိဇ္ဇာ စရဏ-သမ္ပန္နဂုဏ်တော် ၂၁

၁၁။ သုဂတဂုဏ်တော် ၂၃

၁၂။ ခြောက်ခွန်းစကား-ပယ်ပုံများ ၂၄

၁၃။ လောကဝိဒူဂုဏ်တော် ၂၄

၁၄။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော် ၂၅

၁၅။ သတ္ထာဒေဝမနုဿာန ဂုဏ်တော် ၂၆

၁၆။ ဗုဒ္ဓဂုဏ်တော် ၂၇

၁၇။ အရဟံဂုဏ်တော်နှင့် သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ခြားနားပုံ ၂၈

၁၈။ ဘဂဝါဂုဏ်တော် ၂၉

၁၉။ မြတ်ဘုရားဂုဏ်-ကိုးပါးစုံ-ခိုလှုံဦးချ ပူဇော်ကြ ၃၂

၂၀။ တရားဂုဏ်တော် ခြောက်ပါး ၃၂

၂၁။ တရားဂုဏ်မှာ ဝန္ဒနာ-ပူဇော်ဂါထာဖြာ ၃၄

၂၂။ သံဃာရတနာ-ဂုဏ်ကိုးဖြာ ၃၅

၂၃။ ရတနတ္တယဂုဏ် ညဏ်မြင်ပူဇော်ပုံ ၃၇

၂၄။ သရဏာနိ ဥပသကာအကြောင်း ၄၃

၂၅။ စွန့်နိုင်ခဲခြား- တရားနှစ်ပါး ၄၈

၂၆။ ယုံမှားကင်းခြင်း- ရှစ်ပါးအခင်း ၄၉

၂၇။ ရတနတ္တယ- ဂုဏ်ငါးပါး ၅၃

၂၈။ သရဏဂုဏ်တည်ဆောက်ပုံလေးမျိုး ၅၄

၂၉။ ခန္ဓာလှူဒါန်း- ဂါထာပန်း ၅၅

၃၀။ သာဝကစစ်- တပည့်ချစ်ခံယူပုံ ၅၇

၃၁။ အသျှင်- ဗုဒ္ဓရက္ခိတမထေရ်အကြောင်း ၅၉

၃၂။ သုံးကျိပ်ရဟန်း– ပူဇော်ခဏ်းဖြင့် မဂ်ပန်းဆိုက်ပုံ ၆၄
၃၃။ **ပုဗ္ဗကိစ္စကိုးပါးနှင့် ပုဗ္ဗကရဏသုံးပါး တရားတော်** ၇၁
၃၄။ ဘုရားပင့်ရန် ၇၂
၃၅။ သရဏဂုဏ်ဆောက်တည်ရန် ၇၄
၃၆။ ရတနာသုံးပါးအား– ခန္ဓာလှူ၍ တပည့်ခံယူရန် ၇၄
၃၇။ ဘုရားရှင်ထံ တရားတောင်းခံရန် ၇၄
၃၈။ အရိယာအပေါင်းတို့အား ကန်တော့တောင်းပန်ရန် ၇၄
၃၉။ မေတ္တာရှေ့ရှု ခွင့်လွှတ်မှုပြုရန် ၇၅
၄၀။ အဋ္ဌင်္ဂသီလ ဆောက်တည်ရန် ၇၅
၄၁။ မေတ္တာပို့သရန် ၇၅
၄၂။ ခန္ဓာလှူဒါန်း– အကျိုးငြိမ်းဂါထာ ၇၈
၄၃။ မဂ်မရထိုက်ခြား– ကံငါးပါး ၈၀
၄၄။ အရိယာဟု အသိရခက်ပုံ ၈၂
၄၅။ ပုဗ္ဗကရဏသုံးပါး ၈၈
၄၆။ ပုဗ္ဗကရဏ– သိမ်းဆည်းပုံများ ၉၀
၄၇။ တဏှာ– မာန– ဒိဋ္ဌိ ဇယားနှင့် ရှင်းတမ်း ၉၉
၄၈။ **မဇ္ဈိမ ပဋိပဒါ ခြောက်မျိုးရှင်းတမ်း တရားတော်** ၁၀၇
၄၉။ ၎င်းဇယားပုံစံ ၁၀၈
၅၀။ ရတနာသုံးပါး– မဂ္ဂင်ရှစ်ထပ် ဇယား ၁၂၄
၅၁။ မဂ္ဂင်တရားကိုယ်နှစ်ဖြာ– ခြားနားပုံများ ၁၃၀
၅၂။ မဂ္ဂင်ဂုဏ်သတ္တိလေးပါး ၁၃၃
၅၃။ မဇ္ဈိမ ပဋိပဒါ ဆိုက်ပုံ ၁၃၄
၅၄။ **ဒေသကနှင့် သာဝကတာဝန် ရှင်းတမ်းတရားတော်** ၁၃၉
၅၅။ ဟေတုနှင့် ပစ္စယအကြောင်းနှစ်ပါး ၁၄၀
၅၆။ မဂ်ဉာဏ်သက်ဝင်ပုံနှင့် သောတာပတ္တိမဂ်အင်္ဂါလေးပါး ၁၄၂
၅၇။ ဒေသကနှင့် သာဝကဆိုသည်မှာ ၁၄၃
၅၈။ ဒေသကစစ်တမ်းအစ– ဂါထာပြ ၁၄၅
၅၉။ ဓမ္မကထိက– ခေါ်ဆိုထိုက်ပုံ ၁၄၆
၆၀။ ဓမ္မကထိက– ရပ်တည်ရပုံ ၁၅၂
၆၁။ ဝိပဿနာမဂ်အရာ- ဉာဏ်နက်နဲပုံ ၁၅၄
၆၂။ သပ္ပုရိသ သံသေဝ, မှီဝဲရသောအကျိုး ၁၆၀

၆၃။ သပ္ပုရိသ သံသေဝ, ရွေးချယ်ပုံ ၁၆၂
၆၄။ သပ္ပုရိသ သံသေဝ ရှာဖွေထိုက်ပုံ ၁၆၄
၆၅။ သပ္ပုရိသတို့ ဆောင်နှင်းရပုံ ၁၆၇
၆၆။ သာဝကတို့၏ တာဝန် ၁၆၈
၆၇။ သာဝကတို့ ပြည့်စုံအပ်သော အကြောင်းငါးပါး ၁၇၄
၆၈။ ဒေသကတို့ လိုက်နာအပ်ပုံ ၁၇၇
၆၉။ **သီလဝိသုဒ္ဓိ တရားတော်** ၁၈၁
၇၀။ ပစ္စက္ခဘာဝ– မဂ်ဉာဏ်ရနိုင်ပုံ ၁၈၂
၇၁။ ကုသလ– အကုသလ ဇယားပုံ ၁၈၇
၇၂။ သုစရိုက်, ဒုစရိုက်တို့– လေးဌာနဌ်ဖြစ်ပုံ ၁၈၈
၇၃။ ကျင့်ဆောင်ကြိုးကုတ်– တည်အောင်လုပ်, ပုညကြိယာအထုပ် ၁၉၁
၇၄။ ကုသိုလ်ပြုရာ– ကြောင်းခြောက်ဖြာ ၁၉၂
၇၅။ သီလနာမံ- စေနာခေါ်ရပုံ ၁၉၃
၇၆။ စာရိတ္တသီလ- ဝါရိတ္တသီလ, ခေါ်ရပုံ ၁၉၅
၇၇။ စတုပါရိသုဒ္ဓိ သီလလေးပါး ၁၉၆
၇၈။ စောင့်ထိမ်းအပ်ပုံ– မေး,ဖြေစုံ ၁၉၈
၇၉။ ကုဏ္ဍလိယပုရပိုဇ်အမေး- ဘုရားရှင်အဖြေတော် ၁၉၉
၈၀။ သီလအလုပ်– အညွှာအချုပ် ၂၀၄
၈၁။ ဟီရိဩတပ္ပတရားတို့၏ အညွှာအချုပ် ၂၀၅
၈၂။ သီလအခြေခံ– မဂ်ဖိုလ်ဉာဏ်– ကိမတ္ထိယသုတ်အဖွင့် ၂၀၇
၈၃။ **အာယတန–ဓါတ်,ဣန္ဒြိယသံဝရသီလနှင့်စပ်သော တရားတော်** ၂၁၃
၈၄။ ပညာမြင်အဟုတ်နည်းဖြင့် ပိုင်းခြားသိရန် ၂၁၇
၈၅။ ခန္ဓာတခွင်- ဖြစ်ပျက်စဉ်– အာယတနနှင့် ဓါတ်အမြင် ၂၂၁
၈၆။ မြတ်တရားအဆီကို မြတ်ဘုရားရှင် သိစေလိုသည်နှင့်အညီ ၂၂၈
၈၇။ အာယတနခေါ်ပုံ– သဘောဟုန် ၂၂၉
၈၈။ စက္ခာယတနသဘော ၂၃၁
၈၉။ ပညာစက္ခုငါးပါး ၂၃၂
၉၀။ မံသစက္ခုနှစ်ပါးနှင့် စက္ခုပသာဒသဘော ၂၃၃
၉၁။ သောတပသာဒသဘော ၂၃၅
၉၂။ ဃာနယတနသဘော ၂၃၈
၉၃။ ဇိဝှါယတနသဘော ၂၃၉
၉၄။ ကာယာယတနသဘော ၂၃၉

## မာတိကာ


၉၅။ မနာယတနသဘော ၂၄၁
၉၆။ အချုပ်အားဖြင့် အာယတနသဘော ၂၄၅
၉၇။ အချုပ်အားဖြင့် ပသာဒသဘော ၂၄၅
၉၈။ ဣန္ဒြေမီးတောက်- စောင့်ရှောက်အပ်ပုံ ၂၄၇
၉၉။ ဣန္ဒြေတရား မစောင့်ရှောက်နိုင်ပုံ ပရိယာယသုတ်အဖွင့် ၂၅၂
၁၀၀။ ဣန္ဒြေတရား စောင့်ရှောက်နိုင်ပုံ ပရိယာယသုတ်အဖွင့် ၂၅၈
၁၀၁။ ဓါတ် ၁၈-ပါး၊ အကျဉ်းအားဖြင့် ၂၆၁
၁၀၂။ ဓါတ် ၁၈-ပါး၊ ပေါ်ပေါက်ခေါ်ဝေါ်ရပုံ ၂၆၂
၁၀၃။ ဓါတ် ၁၈-ပါး၊ ဉာဏ်ပဒေသာအမြင်များ ၂၆၃
၁၀၄။ ဓါတ် ၁၈-ပါး ပုံစံဇယားနှင့် ပြထားပုံ ၂၇၀
၁၀၅။ တဏှာရေသွန်းလောင်းသော ဣန္ဒြေတရား၌ ငြိငွေ့သင့်ပုံ ၂၇၁
၁၀၆။ အာယတန- ဓါတ်, ဣန္ဒြေတို့၌ ငါသုံးငါ, မပါပုံ ၂၇၃
၁၀၇။ အဖြစ်- အပျက်၊ အဖြစ်ထက်၌- နှစ်သက်မှုမှ ထွက်မြောက်ရာ ၂၇၆
၁၀၈။ ဣန္ဒြေ(၂၂)ပါး တရားတော် ၂၇၉
၁၀၉။ ဣန္ဒြေ(၂၂)ပါး တရားကိုယ်များ ၂၈၂
၁၁၀။ သဟဇာတိန္ဒြိယပစ္စည်းသဘော ၂၈၄
၁၁၁။ သဟဇာတိန္ဒြိယပစ္စည်းသဘောရှင်းလင်းချက် ၂၈၇
၁၁၂။ ပုရေဇာတိန္ဒြိယပစ္စည်း ၂၉၀
၁၁၃။ ဣန္ဒြေ(၂၂)ပါးတို့အား လောကီ,လောကုတ်အားဖြင့် ရှင်းပုံ ၂၉၂
၁၁၄။ အရကောက်အားဖြင့် မှတ်သားရန် ၂၉၅
၁၁၅။ ပစ္စယုပ္ပန်- ပစ္စုပ္ပန်သဘော ရှင်းလင်းချက် ၂၉၆
၁၁၆။ သောတာပတ္တိမဂ်အင်္ဂါနှင့်ဣန္ဒြေတရားတို့ အညီအညွတ်သဘော ၂၉၉
၁၁၇။ သမ္မပ္ပဓါန်လေးပါးနှင့် ဣန္ဒြေတရားတို့ အညီအညွတ်သဘော ၃၀၁
၁၁၈။ သတိပဋ္ဌာန် လေးပါးနှင့် ဣန္ဒြေတရားတို့ အညီအညွတ်သဘော ၃၀၂
၁၁၉။ ဈာန်လေးပါးနှင့် ။ ။ ၃၀၃
၁၂၀။ သစ္စာလေးပါးနှင့် ။ ။ ၃၀၅
၁၂၁။ ဣန္ဒြေတရားတို့၏ အစွမ်းဖြင့် ဆန့်ကျင်ဘက်မှ ထွက်မြောက်ပုံ ၃၀၆
၁၂၂။ စရိယသင်္ဂဟတရားတို့နှင့် အညီအညွတ် သက်ဝင်ပုံကို ပြခြင်း ၃၀၈
၁၂၃။ အချုပ်အားဖြင့် ရှင်းလင်းချက် ၃၀၉
၁၂၄။ ဣန္ဒြေတရားတို့တွင် ၃၁၃
၁၂၅။ မဂ္ဂင်တရားတို့တွင် ၃၁၃
၁၂၆။ မဂ်ဉာဏ်အားလျော်သော တရားအပေါင်းတို့တွင် ၃၁၄
၁၂၇။ နိဂုံးဆုတောင်း ၃၁၇

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ
ဗုဒ္ဓံ-ဓမ္မံ-သံဃံ-ဝိသုဒ္ဓံ-ပူဇေမိ၊



ရန်ကုန် — ဦးဝိသုဒ္ဓ

## မဟာဥာဏ်အောင် ဝိပဿနာ

### လုပ်ငန်းခွင်ဝင်ကျင့်စဉ်တရားတော် စာအုပ်များ ထွက်ပေါ်လာရခြင်း၏

# အဇ္ဈတ္တ နိဒါန်း

အဇ္ဈတ္တ=အတွင်း၊နိဒါနတ္တ= အကြောင်းရင်း၏အဖြစ်များကို၊ မှန်ကန်သင့်စွာ သစ္စာဝစန ဆိုမြည်ရသော်၊ ဤနိဒါန်းသည် ဂုဏ်ဝင် ဂုဏ်တင် ဂုဏ်ဖော် ခန့်ငြား၊ ထောပနာ စကားများဖြင့်ကား၊ ချယ်လှယ်ပါဝင် ဖတ်ချင်စဖွယ် သက်ဝင်ကောင်းမည် မဟုတ်ပါပေ။ ဖြစ်ကြောင်း သမုဋ္ဌာန်ကို ဆန်းစစ်ပြန်ပါလျှင်လည်း၊ တရားဓမ္မကွန့်လိုချင်သူ အတန်တန်တည်းဟူသော မည်သူ တဦးတယောက်ကမျှ ရေးသား ထုတ်ဝေ ပေးချေပါ ဟူ၍လည်း၊ မတောင်းပန် မတောင်းခံကြပါပေ။ ရဟန်းဘဝ လေးနှစ်တာကာလအတွင်း တရားဓမ္မ တောင်းခံပင့်ဘိတ်သူမရှိလှဘဲ၊ ကြုံဆုံရာတို့တွင် တရားဟောပြော ပြသခဲ့ရာ၌လည်း၊အလှူမခံ ဟန်ပန်မထုတ် ခင်မင်အောင်လုပ်လေ့မရှိခြင်းကြောင့် အသိုင်းအဝိုင်း အဖော် အလှော် မတွဲပါသဖြင့်၊ လူသိမမြဲ အစွဲမခံ ကင်းမဲ့နေပြန်ရပါတော့သည်။ ထို့ကြောင့်- ခရီးအတန်တန် မိမိစရိတ် မိမိခံ၍ ကုန်ကျသွားလာ ပင်ပမ်းတာနှင့်မမျှ၊ တရားရသူ နည်းပါးလှသည့်မှုကို တွေ့ရခြင်းကြောင့်၊ တရားဟောခြင်း တခဏ်းရပ်နားလျက်၊ နောင်စဉ်လာမပြတ် တရားကျင့်သုံးလိုသူတို့ စွဲမြဲဘတ်ရှုကျင့်သုံးမှုပြုကြပါက၊ သံသရာ ထောက်ရာ တည်ရာရပါစေဟု (ဝါ) သံသရာ ထောက်ရာ တည်ရာရကြစေမည်ဟု ယုံကြည်ပါသဖြင့် အဇ္ဈတ္တ-စိတ်စေတနာသဒ္ဓါတွင် မေတ္တာသက်ဝင်ခါ၊ ဤသို့စီစဉ်ကြည့်လိုက်မိရပါသည်။

| |
|---|
| **အခမဲ့ ဓမ္မဒါန ဝိပဿနာ**<br><br>မိမိကိုယ်တိုင် သမ္မာဒိဋ္ဌိပညာဖြင့် ဝိပဿနာအား ထုတ်နိုင်၍၊ သူတပါးတို့ကိုလည်း ပို့ချနိုင်အောင် ရယူလိုပါက၊ အမြန်စာရင်းသွင်းပါ။<br><br>ဝိပဿနာ အဖြေလွှာ၊ စာသေတ္တာ (၉၄)၊ ဗဟိုစာတိုက်ကြီး၊ ရန်ကုန်။ |

F. 1

အထက်ပါ ကျေညာချက်ကို လုပ်သားသတင်းစာတွင် တကြိမ်၊ ကြေးမုံ သတင်းစာတွင် တကြိမ်၊ ဗုဒ္ဓဓမ္မလောကစာစောင်တွင် နှစ်ကြိမ်၊ ထည့်သွင်း ကျေညာရာ၊ ဆရာတော် သံဃာတော် ၂၀၀-ကျော်နှင့် လူပုဂ္ဂိုလ် ၇၀၀- ကျော်တို့ စာရင်းပေးသွင်းခါ တရားဓမ္မတောင်းခံခဲ့ကြပါသည်။ ထို့နောက် သင်တန်းအနေ ပို့ချပေးခွင့် မရရှိပါသဖြင့်၊ မဟာဉာဏ်အောင် ဝိပဿနာ လုပ်ငန်းခွင်ဝင်ကျင့်စဉ် ပဋ္ဌမပိုင်းဖြစ်သော (၁) ရတနတ္တယ ပဏာမ တရား တော်၊ (၂) ပုဗ္ဗကိစ္စကိုးပါးနှင့် ပုဗ္ဗကရဏတရားတော်၊ (၃) မဇ္ဈိမပဋိပဒါ ခြောက်မျိုးရှင်းတမ်းတရားတော်၊ (၄) ဒေသကနှင့် သာဝကတာဝန်ရှင်းတမ်း တရားတော်၊ (၅) သီလဝိသုဒ္ဓိတရားတော်- စာအုပ်ငယ်ငါးမျိုးကို၊ ဓမ္မမာမက အားလုံးတို့သို့ အခမဲ့ ဓမ္မဒါနပေးပို့လှူဒါန်းခဲ့ပါသည်။ ၎င်းပြင် စုပေါင်း ဓမ္မဒါနကျသင့်နှုန်းခြောက်ကျပ်မျှဖြင့်လည်း ဗုဒ္ဓ၏ အနုသယစက်ချေဖျက်ပုံနှင့် ဝိပဿနာ ဘာဝနာဆိုင်ရာ သုံးဆယ့်ခုနှစ်ခိုင်သော ဗောဓိမဏ္ဍိုင်များ စာအုပ် ကိုလည်း ရယူဆည်းပူးကြရန် အကြောင်းကြားခဲ့ရာ၊ စာအုပ် ၅၀၀-ကျော် မျှကို ဓမ္မမာမက တထောင်ကျော်တို့မှ မှာယူဆည်းပူးကြပါသည်။

ထို့နောက်တဖန်၊ လုပ်ငန်းခွင်ဝင် ကျင့်စဉ်တရားတော်များ ဆက်လက် ပေးရန်အတွက် စာအုပ်ငယ်များဖြင့် အကြိမ်များစွာ ရိုက်နှိပ်ဖြန့်ချိခြင်းဖြင့် လွန် စွာ ကြံ့ကြာနှောင့်နှေးမည်တကြောင်း၊ ဗုဒ္ဓ၏အနုသယစက်ချေဖျက်ပုံ စာအုပ် ကိုသည်း ဓမ္မမာမကအားလုံးတို့က မယူကြတော့သည်တကြောင်း၊ စိုက်ထုတ် ထားသော ဝတ္ထုငွေပြန်မရဘဲရှိရာ၊ ဒုတိယပိုင်းများကို အခမဲ့ဓမ္မဒါန ဆက်လက် လှူဒါန်းရန် မတတ်သာတော့၍ တကြောင်း၊ လုပ်ငန်းခွင်ဝင် ကျင့်စဉ်များကို ဒုတိယ၊ တတိယပိုင်းအထိ အဆုံးထား၍၊ သုံးအုပ်မျှဖြင့် တရားကျင့်သုံးနိုင်ရန် ဆုံးဖြတ်ပြီးလျှင်၊ စာအုပ်ဆိုက်ကြီး စာမျက်နှာ (၄၀၀)ကျော်ခန့်စီဖြင့် အမြန် ပြည့်စုံသွားကြစေရန် စီစဉ်လိုက်ရပါသည်။ သို့သော်လည်း ရိုက်နှိပ်ချုပ်လုပ်၍ အရင်းအတိုင်း စုပေါင်းဓမ္မဒါနပြန်ဝေရန် ဝတ္ထုငွေမရှိပါသဖြင့်၊ တရားဓမ္မ လိုက်လံဟောကြားစဉ်က ရင်းနှီးသောအဖွဲ့ဝင် ဓမ္မမာမက ကလျာဏတို့ စုပေါင်း ဝယ်လှူထားသည့် အသံချဲ့စက်၊ကက်ဆက် စသည်တို့ကို ၇၀၀ဝိ/-နှင့် ရောင်း ချ၍၊ ဒုတိယပိုင်းစာအုပ်ကို ဆက်လက်ရိုက်နှိပ်ရပါသည်။ ပြီးစီး၍ ဓမ္မမာမက တို့အား စုပေါင်းဓမ္မဒါန-တဆယ့်နှစ်ကျပ်နှုန်းဖြင့် အိမ်တိုင်ယာရောက်ပို့ပေး ပါမည်ဟု အကြောင်းကြားစာ ပြန်လည်မှာကြားစာကဒ်တို့ကို တံဆိပ်ခေါင်း ပါကပ်ပြီး၊ ဝတ္ထုငွေ ၆၀ဝိ/ကျော်မှ ထပ်မံအကုန်အကျခံ၍ အကြောင်းကြား

ခဲ့ရာ စာအုပ် ၂၀၀-ကျော်မျှကိုသာ ဓမ္မာမက(၁၂၀၀)ကျော်တို့မှ မှာယူ ဆည်းပူးကြသည်ကို တွေ့ရပါသည်။

သို့သော်လည်း အခမဲ့ဓမ္မဒါနပြုခဲ့သော ပဌမပိုင်းစာအုပ်(၅)အုပ်ကိုမူ ပြည့်စုံအောင် မရရှိသူများထံမှ ထပ်မံပို့ပေးရန် တောင်းဆိုကြပါသဖြင့်၊ အကြိမ်ကြိမ် ပို့ပေးခဲ့ပါသည်။ ၎င်းအခမဲ့ ပဌမပိုင်းကိုမူ စာအုပ်များ လုံး၀ ကုန်သွားသော်လည်း တောင်းခံကြဆဲပင် ဖြစ်ပါသည်။ ဒုတိယပိုင်းကိုမူ ဓမ္မာမက ၂၀၀-ကျော်သာ မှာယူကြပါသည်။ ထို့ကြောင့် စုပေါင်းဓမ္မဒါန အဖြစ် တတိယပိုင်းကို ဆက်လက်ရိုက်နှိပ်ရန်မှာ မဖြစ်နိုင်အောင် ကြုံတွေ့ရပါ တော့သည်။

အဓိပ္ပါယ်မှာမူ၊ ဓမ္မာမက (၉၀၀) ခန့်မျှတို့သည် အခမဲ့ရမည်ဆို၍ စာရင်းသွင်းကြခြင်းဖြစ်ကြောင်း ထင်လင်းစွာတွေ့ရှိရပါတော့သည်။ဓမ္မာမက ၃၀၀-ခန့်မျှတို့သည် စုပေါင်းဓမ္မဒါနကို ရယူကြပါ၍ ကျန် ၉၀၀-ခန့်မှာ ဤအခမဲ့ဓမ္မဒါနမှ မတတ်သာ၍ စုပေါင်းဓမ္မဒါနအရင်းမျှ ဖြန့်ဝေပေးသည်ကို မယူလိုတော့ကြောင်း တွေ့ရှိရရာ၊ အစစ်နှင့်အတုမှာ သူ့အလိုလိုကွဲပြားသွား ကြောင်း တွေ့ရှိရပါတော့သည်။

ထိုသို့ ဒုတိယပိုင်း စာအုပ်အကြောင်းကြားစဉ်ကလည်း၊ မတတ်သာ၍ စုပေါင်းဓမ္မဒါနအဖြစ် ပြုရပါသည်။ အကယ်၍ ဦးပဥ္စင်း၏ အသွေးအသား တို့ကိုပင် ဖြတ်လှီးထုတ်နှုတ်ရောင်းချလျှင် ဤဒုတိယပိုင်း၊ တတိယပိုင်း စာအုပ် နှစ်အုပ်ကို အခမဲ့ ဓမ္မဒါနပြုနိုင်သည့် ဝတ္ထုငွေကြေးရနိုင်မည်ဆိုက၊ အသက် ဆုံးရှုံးသည့်တိုင်အောင် ထုတ်နှုတ်ရောင်းချစီမံခဲ့၍ ဝမ်းမြောက်စွာ လှူဒါန်းပစ် ခဲ့ချင်ပါသည်။ သို့သော် ဤခန္ဓာ နာမ်ရုပ် အကောင်ပုပ်ကား အဘိုးထိုက်စွာ မရနိုင်ပါ။ ထိုသို့မရ-မဟုတ်က၊ မည်သူက မည်သည့်နေရာတွင်မဆို မည်သည့် တရားတော်ကို အဟောခိုင်းခိုင်း မည်သည့်ပဋ္ဌိပတ္တိ ကျမ်းစာအပိုင်းကို အပိုင် ရယူလို၍ အရေးခိုင်းခိုင်း တရားကျွန်အဖြစ် တသက်လုံးခံယူနိုင်လျှင် ကျန် စာအုပ်နှစ်အုပ်ကို အခ မဲ့ဓမ္မဒါနပြုခွင့်ရအောင် ကူညီမည်ဆိုပါက၊ မိမိဝမ်းကို မိမိကျောင်း၍ တရားကျွန်အဖြစ် ခံယူပါရည်ဟူ၍လည်း စိန်ခေါ်ကြေညာ ပဋိညာဉ်လွှာ ဝေခဲ့ပါသေးသည်။ သို့သော်လည်း ဓမ္မာမကတို့၏ ကုသိုလ်၊ ဦးပဥ္စင်း၏ ကံအကြောင်းတို့ကြောင့် အခမဲ့ဓမ္မဒါနဆက်လက်ပြုနိုင်ရန် မပေါ် ပေါက်လာခဲ့ပါပေ။

ထို့ကြောင့် မည်သို့ဖြစ်စေ၊ မဖြစ်မနေ ဤလုပ်ငန်းခွင်ဝင် ကျင့်စဉ် တရားတော်သုံးအုပ်ကို မဖြစ်မနေ ကြိုးစား၍ တတိယပိုင်းကိုပါ၊ ဆက်လက်

ရိုက်နှိပ်လျက် စုပေါင်းဓမ္မဒါန ဖြန့်ဝေပေးပြီးလျှင်၊ ပဌမပိုင်း အခမဲ့ဓမ္မဒါန စာအုပ်များကို အလှူခံရယူထားရှိပြီး ပုဂ္ဂိုလ်များကို ဆက်လက်၍၊ ဒုတိယ တတိယပိုင်းကို မယူကြတော့ပါသဖြင့်၊ ဒုတိယ-တတိယနှစ်ပိုင်းထဲ စုပေါင်းဓမ္မ ဒါန ရယူကြသည့် ပုဂ္ဂိုလ်များ မပြည့်မစုံဖြစ်ပြီး၊ မနစ်နာရအောင် ပဌမပိုင်း စာအုပ်ငယ်(၅)အုပ်၏ သီလဝိသုဒ္ဓိတရားတော်အဆုံးတွင် ဣန္ဒြိယသံဝရသီလနှင့် ဣန္ဒြိယသစ္စာနိဒ္ဒေသကို ဆက်လက်ဖြည့်တင်းရေးသားလျက်၊ ဒုတိယပိုင်း ရယူ ထားသော ဓမ္မမာမကတို့အား အခမဲ့ဓမ္မဒါနပို့စရိတ်မျှဖြင့် လှူဒါန်းပါဦးမည် ဟု ကျေညာဆုံးဖြတ်ခဲ့ပါသည်။

မည်သို့ဖြစ်စေ၊ တကယ်တရားလိုချင်သော ဓမ္မမာမက သာဝကများကို ငဲ့၍ ဤ ၅-လက်မခွဲ၊ ၉-လက်မအရွယ် စာမျက်နှာ(၄၀၀)စီရှိ လုပ်ငန်းခွင်ဝင် ကျင့်စဉ်တရားတော် စာအုပ် (၃) အုပ်၊ သုံးပိုင်းစလုံးကိုမူ ကြိုးစားဖြည့်တင်း ပေးမည်ဟု သန္နိဋ္ဌာန်ချလိုက်ရပါသည်။

ထို့ကြောင့်- ဤစာအုပ်သုံးအုပ်ဖြစ်မြောက်ရေးကို ရဟန်းဒါယိကာမကြီး မိသားစုနှင့် ပစ္စည်းလေးပါး ဒါယကာတို့ထံမှ စုပေါင်းဓမ္မဒါနဖြင့် ဖြန့်ဝေနိုင် ရန် လိုအပ်သော ဝတ္ထုငွေလိုသမျှကို ခေတ္တစိုက်ထုတ်လှူဒါန်းပါရန် မေတ္တာ ရပ်ခံ၍ ပြီးမြောက်အောင် ကြိုးစားခဲ့ရပါသည်။

ပဌမပိုင်း စာအုပ်ငယ်(၅)အုပ်ကို လှူဒါန်းစဉ်ကမူ၊ စေတနာရှင် ဓမ္မ မာမက အချို့တို့ထံမှ ထည့်ဝင်လှူဒါန်းခဲ့သဖြင့်သာ ဒုတိယပိုင်းကို ချောမော စွာမြင့် အသံချဲ့စက်ပါ ရောင်းချပြီး ရိုက်နှိပ်နိုင်ခဲ့ခြင်းဖြစ်ပါ၍၊ ထို အတူတကွ သာသနာပြုဘက် ဓမ္မဒါနရှင်တို့အား ကျေးဇူးတင် ဝမ်းမြောက်စွာ သာဓု ခေါ် မေတ္တာပို့သလျက် အမြဲရှိရပါတော့သည်။ ထို ဓမ္မဒါနရှင် အမည်စာရင်း ကိုလည်း ဒုတိယပိုင်းစာအုပ်တွင် ဖေါ်ပြထားပါသည်။ ထို့သို့ ပဌမပိုင်း စာအုပ် လှူဒါန်းပေးပို့စဉ်ကသာ ဓမ္မဒါနကူညီပါဝင်ကြပါရန် တကြိမ်သာ မေတ္တာ ရပ်ခံခဲ့ပါသည်။ တတိယပိုင်း ရိုက်ဆဲအတွင်း၌လည်း အချို့စေတနာရှင်တို့ ကလည်း သဒ္ဓါထက်သန်စွာ ဆက်လက် လှူဒါန်းပါသဖြင့်၊ တတိယပိုင်းတွင် ဖေါ်ပြလိုက်ရပါသည်။ ယခု ဆက်လက်၍ အခမဲ့ ဓမ္မဒါနပြုသည့် ပဌမပိုင်း အကျယ်သည် ဒုတိယပိုင်းနှင့် တတိယပိုင်းကဲ့သို့ ဆက်တိုက်မြန်မြန် မပြီးစီးနိုင် ရခြင်းမှာ ဒုတိယပိုင်း၊ တတိယပိုင်းများမှ စုပေါင်းဓမ္မဒါနတန်ဘိုးမျှ ပြန်လည် ရရှိရေးသည် ကြံ့ကြာနေခဲ့ရ၍ ဖြစ်ပါကြောင်း တောင်းပန်အပ်ပါသည်။

မည်သို့ဖြစ်စေ၊ ယခုအခါ၌ မဟာဉာဏ်အောင် ဝိပဿနာ ပညာပေး ဗုဒ္ဓ၏အနုသယစက် ချေဖျက်ပုံနှင့် ဝိပဿနာဘာဝနာဆိုင်ရာ သုံးဆယ့်ခုနစ်ခိုင် သော ဗောဓိမဏ္ဍိုင်များစာအုပ်နှင့် မဟာဉာဏ်အောင်ဝိပဿနာ လုပ်ငန်းခွင်ဝင် ကျင့်စဉ်တရားတော်သုံးပိုင်းတို့ကို ဝိပဿနာဘာဝနာဝယ်တကယ်ကြိုးကုတ်အား ထုတ်လိုသူတို့အတွက် ဟုတ်ဟုတ်ငြားငြား ဓမ္မစစ်များကို ရရှိစေနိုင်ရန် ကိုယ် ပမ်း စိတ်နွမ်း ကိုယ်ကျိုးစွန့်ခဏ်း အပြည့်အဝဖြင့် သာသနာ့ဟိတ ပရဟိတ အဖြစ် ကြိုးစားအောင်မြင်လိုက်ရပါသဖြင့် ဘုရားအဆုံးအမ လိုက်နာရကျိုး နပ်လှပါပြီဟု ကူညီပါဝင် ကုသိုလ်ရှင်တို့အား ကျေးဇူးတင်လျက် ဝမ်းမြောက် နှစ်သက်မိရပါတော့သည်။

ထို့ကြောင့်၊ ဤ ကျမ်းစာပေတို့ဖြင့် ဝိပဿနာဉာဏ်အမြတ်တွေ အခြေ တည်မိအောင် ရရှိတော်မူကြပါစေဟု အတတ်နိုင်ဆုံး ကိုယ်လုံးချည်းမျှ ကျန် အောင် လှူဒါန်းပါရခြင်း၌၊ ဘယ-ဘေးဒဏ်အခင်း ကြောက်ရွံ့ရခြင်းကြောင့် ပြုသည် မဟုတ်ပါ။ လာဘ=လာဘ်သပ္ပာ အပူဇော်ခံရရာကို မျှော်ကိုး၍ လည်း ပြုသည် မဟုတ်ပါ။ ကုလ=အမျိုးငွဲငြား စောင့်ရှောက်လိုလားသဖြင့် ပြုလုပ်ခြင်းလည်း မဟုတ်ပါ။ ယသောကိတ္တိသဒ္ဒေါ-အခြံအရံ ကျော်စောသံဖြင့် ခံရခြင်းကို လိုလား၍ ပြုခြင်းလည်း မဟုတ်ပါ။ စာရ= လှည့်လည်ကျက်စား ဝါသနာအားဖြင့် ပြုခြင်းလည်း မဟုတ်ပါ။ (ဝါ) စာရိတ္တအာပဇ္ဇတိ= လှည့် လည်လွန်ကြူးခြင်းသို့ ရောက်စေသည့် စေတနာနှင့် ပြုမူချက်မှလည်း ကင်းစင် ပါ၏။ ထို့ကြောင့် ဓမ္မဒါနကုသိုလ်ရှင်တို့နှင့် စုပေါင်းဓမ္မဒါနရယူကြသော ဓမ္မမာမကတို့အား ကျေးဇူးတင်လျက် ဝမ်းမြောက်ချက်ဖြစ်ရပါတော့၏။ ဘာ ကြောင့်ဆိုသော် အောက်ပါ မြတ်ဘုရားရှင်၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးနိုင်လိုက်ရ၍ ဖြစ်ပါတော့သည်။

ယေကေစိ ဘိက္ခဝေမယိ အနုကမ္ပေယျာထ တေဝေါဘိက္ခဝေ၊
စတုန္နံ အရိယသစ္စာနံ ယထာဘူတံ အဘိသမယာယ၊
သမာဒပေတဗ္ဗာ နိဝေသေတဗ္ဗာ ပတိဋ္ဌာပေတဗ္ဗာ။

ဘိက္ခဝေ- ရဟန်းတော်များ၊ အို- ချစ်သားတို့၊ ယေကေစိ- ကျွင်းမဲ့ ဉဿုံ အလုံးစုံကုန်သော၊ သံသရာဝဋ်ခပင်းဝယ်- ညွတ်ကျွင်းမိငြား သတ္တဝါ များတို့ကို၊ အနုကမ္ပေယျာထ- အစဉ်မပြတ်၊ အလွန်ပင် သနားကြင်နာကြပါ

ကုန်အံ့။ တေ-ထိုဆင်းရဲအနန္တ စံပြဖြစ်ငြား ဝဋ်ရထားတည်းဟူသော သံသရာ ရာကြီးထဲမှာ၊ ဇာတိ-မရဏ မွေးသေတွေ မလွတ်ကြတဲ့၊ သတ္တဝါမှန်သမျှတို့ကို၊ ဝေါတုမှာကံ- သစ္စာလေးပါး မြတ်တရားတွင် ပိုင်းခြားတင်ထင် သိမြင်ရိပ်စား မိကြကုန်သော သင်ချစ်သားတို့သည်၊ စတုန္နံ အရိယသစ္စာနံ - အရိယ သစ္စာ လေးပါး အထွဋ်အမြတ်ဆုံး တရားတို့ကို၊ ယထာဘူတံ အဘိသမယာယ- ဟုတ်တိုင်းမှန်စွာ သိစေရန် ဝိပဿနာ ဉာဏ်အဖြာဖြာနှင့် ဘာဝနာဘိ သမယတိုင် ရရောက်နိုင်စေခြင်းငှာ၊ သမာဒပေတဗ္ဗာ- မသိ,သိအောင် ကောင်းစွာ ညွှန်ပြ တည်ဆောက်စေအပ်ကြရာ၏။ နိဝေသေတဗ္ဗာ- စိတ်ထဲမှာစွဲ၊ အမြဲယှဉ်စေရစေ အပ်ကုန်ရာ၏၊ (ဝါ) သစ္စာဉာဏ် ကိန်းအောင်, ထူထောင်ပေးကြစေကုန်ရာ ၏။ ပတိဋ္ဌာပေတဗ္ဗာ- သစ္စာဉာဏ်ကိန်း၍ တည်တန့်ခိုင်မာစွာ ရရှိသွားအောင် မနေမနား ကရုဏာထား၍ ကြိုးစားပြသပေးကြရာကုန်၏။ ထိုသို့ အဘဘုရား သခင် သွန်သင်အပ်သည်နှင့်အညီ....

"ဘုရား, တရား,၊ သံဃာအားနှင့်၊ နှစ်ပါးမိဘ၊ အာစရိယဟု၊ အနန္တငါးအင်၊ ကျေးဇူးရှင်ကို၊ အစဉ်မှီရ၊ ကြီးမားလှသည့်၊ဂုဏမဟာ၊ ကျေးဇူးလှာကို၊ ဆပ်ပါရစေ၊ ဦးနှိမ်ချေလျက်၊ မသွေကွက်ဘဲ၊ ထက်မြက်ဆန္ဒ၊ ဝီရိယနှင့်၊ စိတ္တမဟာ၊ ဝီမံသာတည့်၊ လေးဖြာဓိပတိ၊ အစဉ်ရှိ၍၊ မငြိုဘယ၊ လာဘ်လာဘနှင့်၊ ကုလ-စာရ၊ ကိတ္တိယကြဉ်၊ ယသ ဖျင်လျက်၊ သန့်စင်ဓမ္မ၊ ပေးဝေငှဟု၊ ဗုဒ္ဓမိန့်မှာ၊ ခိုင်းစေရာကို၊လိုက်နာ ရှိသေ၊ ကျင့်သုံးပေသား၊ ဓမ္မအမြတ်၊ ပဋိပတ်ကို၊ တထပ်ဟောကြား၊ ရေးခါသား၍၊ အများဝေနေ၊ ရပါစေငှာ၊ ဖြန့်ဝေဒါန၊ တူတကွ လျှင်၊ ပြုကြပါဝင်၊ သူတော်စင်အား၊ အစဉ်ကျေးဇူး၊ တင်ပေဦးလျက်၊ ကြည်နူးဖက်ခါ၊ နှစ်သက်စွာဖြင့်၊ မဟာဉာဏ်အောင်၊ ကျမ်းလေးစောင်ကို၊ တည်ထောင်ပေးအပ်၊ ရပေလတ်သည့်၊ အမြတ်ယောဂီ၊ ကျင့်သုံး မှီက၊ ဋ္ဌဂ်မဂ်ပန်း၊ ကြိုင်မွှေးလျှမ်းသည့်၊ ဆင်မြန်းပုဗ္ဗ၊ မဂ်ဉာဏ်ရခါ၊ နေယျလွန်မြောက်၊ဗောဓေရောက်၍၊တထောက်မနား၊ ကျွတ်ထိုက်ငြား လျက်၊ငါးပါး ဝိမုတ္တိ၊ အဆုံးထိကို၊ ရရှိလက်ကိုင်၊ လွန်ပိုင်နိုင်သည့်၊ မဏ္ဍိုင်စိုက်ထူ၊ အောင်ပွဲယူသည်- ရိပ်ဖြူမြတ်နန်း မြင်စေသော်။ နိဗ္ဗူ စံခဏ်း ဝင်စေသော်။"

ဤသို့ မြတ်ဘုရားရှင်မှာတမ်း ခိုင်စေခဏ်းကို၊ ကြိုးပမ်းဖြည့်စွက် အပြစ် ကင်းစင်လျက်၊ ပြုစုလှူဒါန်းလိုက်ရပါသဖြင့်လည်း၊ ဝမ်းမြောက်ပါတော့သည်။

ဓမ္မာမကတို့ တတွေလည်း အားကြိုးမာန်တက် ဆည်းပူးရယူတော် မူကြလျက် သံသရာထောက်ရာ တည်ရာမက၊ ထွက်မြောက်ရာ ရကြပါစေဟုလည်း ဆုတောင်းမေတ္တာပြုပြီးလျှင်၊ ပြုစုလှူဒါန်း ဓမ္မဒါန ကုသလပန်းကိုလည်း တူမျှမကွာ၊ ရကြပါစေဟု အမျှဝေသမှု ပြုလိုက်ပါသည်။

နောင်အခါ အလျဉ်းသင့်မှပင် (ဝါ) ဓမ္မဒါနသက်သက် လှူဒါန်းနိုင်မှပင် တရားကျမ်းစာများ ဆက်လက်ရေးသား ဖြန့်ဝေပေးသွားပါတော့မည်။ စုပေါင်းဓမ္မဒါနရယူတော် မူကြပါဟု တိုက်တွန်းသမှု ပြုရခြင်းကို လွန်စွာအားနာ၊ အထင်မှားမှာ စိုးရိမ်ပါသဖြင့်၊ ဗုဒ္ဓအနုသယစက်ချေဖျက်ပုံ ပညာပေး စာအုပ်နှင့် မဟာဉာဏ်အောင်ဝိပဿနာ လုပ်ငန်းခွင်ဝင် ကျင့်စဉ်သုံးပိုင်းပေါင်း (၄)အုပ်မျှနှင့် အားမရ၊ မကျေနပ်သော်လည်း မတတ်သာ၍ ဤသို့ပင်ဆုံးဖြတ်လိုက်ရပြီးလျှင် ''အတ္တာနံရက္ခန္တော ပရံရက္ခတိ''ဟု အဆိုရှိသည့်အတိုင်း၊ မိမိကိုယ်ကို ငြိမ်းအေးအောင် စောင့်ရှောက်သည်ဖြစ်၍၊ သူတပါးတို့အားလည်း ငြိမ်းအေးအောင် စောင့်ရှောက်ရာကျသော ဘုရားပေးသည့် သမဏသုခကို ခံယူကာ၊ မေတ္တာချွေငှ ကျင့်သုံးလျက် ရှိနေမည်ဖြစ်ကြောင်းနှင့် ဓမ္မမာမကအပေါင်းတို့အား အဋ္ဌုတ္တနိဒါန်းအကြောင်းကို နိဂုံးချုပ်ခါ ဝမ်းသစွာဆိုမြွက်လိုက်ရပါတော့သတည်း။ ။

ရန်ကုန် - ဦးဝိသုဒ္ဓ
**(ဝိပဿနာယာနဓမ္မကထိက - ကမ္မဋ္ဌာနာစရိယ။)**

**မှတ်ရန်။** ။ (နေယျ=ဆောင်သင့်သိသင့်သူ)၊ (ဝေနေယျ=အဆုံးအမကို ခံယူထိုက်၊ ကျွတ်ထိုက်သူ)၊ (ဗောဓနေယျ= ဗောဓနိယျ=အရိယသစ္စာလေးပါးကို သိခြင်းငှာထိုက်သူ- ကျွတ်တန်းဝင်အံ့သောငှာ ထိုက်သူ)။

ငါးပါး ဝိမုတ္တိ= (၁) တဒင်္ဂဝိမုတ္တိ= ကာမာဝစရ မဟာကုသိုလ်ဉာဏသမ္ပယုတ်။ (၂)ဝိက္ခမ္ဘနဝိမုတ္တိ=ဈာန်ကုသိုလ်။ (၃) သမုစ္ဆေဒဝိမုတ္တိ=မဂ်ကုသိုလ်စု။ (၄) ပဋိပဿဒ္ဓိဝိမုတ္တိ= ဖိုလ်တရားများ။ (၅) နိဿရဏဝိမုတ္တိ= နိဗ္ဗာန်တရားမြတ်။

,...........o...........,

# မဟာဉာဏ်အောင် ဝိပဿနာ

## လုပ်ငန်းခွင်ဝင်-ကျင့်စဉ်တရားတော်–ပဌမပိုင်း

(နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)

---

## ''ရတနတ္တယ – ပဏာမ တရားတော်''

ဗုဒ္ဓါဒိ ရတနတ္တယံ အဟံ ဝန္ဒာမိ သဗ္ဗဒါ၊
အာစရိယမ္ပိ မေသဒါ သိဿံ သိဗ္ဗန္တု ဣစ္ဆိတံ။ ။

ဗုဒ္ဓါဒိရတနတ္တယံ- ဘုရားအစ, ဓမ္မအလယ်, သံဃာဝယ်အဆုံးရှိတော်မူသော သုံးပါးသော ရတနာတော်မြတ် အပေါင်းကို၊ အဟံ-ရုပ်ခတ်, နာမ်ခတ်, ခန္ဓာဇာတ်မျှဖြစ်သော ဘုရားတပည့်တော်သည်၊ သဗ္ဗဒါ-နေ့ရောညဥ့်ပါ အခါခပ်သိမ်း၊ ဝန္ဒာမိ- သဒ္ဓါပြဌာန်း စေတနာပန်းငုံ၊ ကြာပဒုံနှင့် ကြည်ယုံညွတ်ကြိုး၊ငါးပါးသောထိခြင်းမျိုးဖြင့် ရှိခိုးပူဇော်- ကံတော့ပါ၏အရှင်ဘုရား၊ ဝိန္ဒိတ္ဗာ- ကံတော့ညွတ်ကြိုး ရှိခိုးပူဇော်အပ်ပြီး၍၊ အာစရိယမ္ပိ- အနန္တငါးအင်ဂုဏ်တော်ဝင်သည့်, သွန်သင်ကျေးဇူး မြင့်မိုရ်ဦးမျှ၊ မကတည်ငြား၊ အာစရိယ အစားစားတို့ကိုလည်း၊ သဗ္ဗဒါ- နေ့ညမပြတ်၊ အခါမလပ်သာလျှင်၊ မေ- ဘုရားတပည့်တော်သည်၊ ဝန္ဒေဝန္ဒာမိ- သဒ္ဓါငိုကြိုး၊ လက်စုံမိုး၍၊ ရှိခိုးကံတော့ပါ၏။ ဣတိ- ဤသို့၊ အတိသေဋ္ဌ-ရတနတ္တယနှင့်၊ အာစရိယတို့ကို၊ ရှိခိုးဖူးမြော်ပူဇော်ရခြင်းအကြောင်းကြောင့်၊ ဣစ္ဆိတံ- အလိုရှိအပ်၊ တောင့်တအပ်သော၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်,မြတ်နိဗ္ဗာန်ကို၊ သိဿံ- ဆောလျှင်စွာသာလျှင်၊ သိဗ္ဗန္တု- တရားပေး- တရားယူ၊ ပုဂ္ဂိုလ်ဟူသမျှ၊ သာဝကတို့အား၊ လုံးဝဥဿုံ ပြီးပြည့်စုံရပါလို၏ အရှင်ဘုရား။

ယနေ့ယခု- ဝိပဿနာ ပညာများကို စယူသင်ကြားရမဲ့ပဌမအဖွင့်မှာ၊ ရတနာမြတ်သုံးပါးနှင့် ဆရာသမားတို့အား၊ ရှိခိုးပူဇော်တယ်၊ မိမိတို့ အလိုရှိအပ်၊ တောင့်တအပ်တဲ့၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်နှင့်၊ ယင်း- မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ရောက်ကြောင်း နည်းကောင်းလမ်းမှန်တို့ကို ဘေးရန် ကင်းစွာ၊ ချမ်းသာပြည့်ဖြိုး ရပါစေမည့် အကျိုးကိုလဲ ဆုတောင်းကြတယ်။

ဒီတော့- ပစ္စက္ခမှာ၊ ကိုယ်ကျန်းမာ, စိတ်ချမ်းသာရှိမှ ဒီသင်္ခန်းစာကြီးကို ပြီးဆုံးအောင် လိုက်နိုင်မှာဆိုတော့ ''ရတနာမြတ်သုံးပါးတည်းဟူသော၊ ဆရာစစ်, ဆရာမှန်'' အပေါင်းကို၊ ရှိခိုးပူဇော်ရသော အကြောင်းသည်၊ပစ္စုပ္ပန်မချို့၊ အနာဂတ်သို့တိုင်အောင်၊ မိမိတို့ အလိုရှိတဲ့ဆုကို ပေးစွမ်းနိုင်ပါ့မလား ဆိုတော့....။

"ရတနတ္တယ စေတနာပန ခေတ္တသမ္ပဒါ အဇ္ဈာသယ
သမ္ပဒါတိ ဒုဝဂ်သမ္ပတ္တိယာ ဒိဋ္ဌဓမ္မဝေဒနိယာ ဟောတီတိ
ဒဿေတိ"ဟု မဏိမဥ္ဇူသာဋီကာ ဖွင့်ဆိုပါသည့်အတိုင်း၊

အကြောင်းနှစ်ပါး ပြည့်စုံရင်၊ ဝေကသ်ပြည့်ဖြိုး၊ အကျိုးတရားမိုးကို၊ ဒိဋ္ဌမျက်မှောက်ခံစားရရောက်အောင်၊ ရွာသွန်းဖြိုးပေးနိုင်ပါတယ်တဲ့၊ အဲဒီ အကြောင်းနှစ်မျိုးကတော့၊ ခေတ္တသမ္ပဒါဆိုတဲ့ ဝတ္ထုအားလျော်ခြင်း၊ (ဝါ) ပူဇော်ဘွယ်ပစ္စည်း ဝတ္ထု၏စင်ကြယ်ခြင်း၊ (ဝါ)ပူဇော်သူ၏ ကာယသက္ကစ္စ ပြည့်ဖြိုးထိခြင်းငါးမျိုးနှင့် ပြည့်စုံခြင်းဆိုတာက တရပ်၊ အဇ္ဈာသယ သမ္ပဒါဆိုတာကတော့၊ မိမိ၏ စိတ်ထဲ့နှလုံးထဲမှ ရတနာမြတ်သုံးပါးကို တကယ်ယုံကြည်အားကိုးတဲ့၊ သဒ္ဓါမိမောက္ခမျိုးဖြင့်၊အဝစ္စပသာဒ- မမိုတ်မသုဥ်- ဉာဏ်မြင်ဟုန် စိတ္တုပ္ပါဒ်နှင့် ကံတော့ခြင်းဘဲဖြစ်တယ်၊ အဲဒီအကြောင်း အင်္ဂါနှစ်ရပ်သာ ပြည့်စုံမယ်ဆိုရင်တော့၊ မိမိတို့ ဆုတောင်းတဲ့အတိုင်း၊ ဒိဋ္ဌဓမ္မဝေဒနိယအကျိုးကို ပြည့်ဖြိုးစွာ ရစေနိုင်တယ်၊ ပကတိ စင်စစ်အားဖြင့်တော့ "ရတနာသုံးပါးတည်းဟူသော ဆရာစစ်-ဆရာမှန်"များကတော့၊ ဒိဋ္ဌမေ့အကျိုးပေးရန် သတ္တိ- ကေန်ရှိတာ အမှန်ပါဘဲ၊အဲဒီ-အကျိုးပေးရမှာက ဆည်းကပ်သူကို ပေးရမှာပါ၊ ဆည်းကပ်သူဘက်က ချို့ယွင်းချက်ရှိနေရင် အဲဒီအကျိုးလဲ ချို့ယွင်းမှာဘဲ၊ မချို့ယွင်းချင်ရင်၊ တဘက်မှာ အပြည့်ရှိသလို၊ မိမိဘက်က အပြည့်အမှီ လိုက်နိုင်အောင် ဖူးမြော်၊ ပူဇော်ဆည်းကပ်နိုင်မှဘဲ ဖြစ်မယ်၊ ဒီတော့- အကျိုးလိုချင်ရင် ကြပ်ကြပ်သတိချပ်ပြီး၊ အထက်ပါ ရှိခိုးဂါထာကိုဆို၍ မိမိကိုယ်စိတ်ကလဲ အင်္ဂါနှစ်ပါးနဲ့ညီအောင် ကြိုးစားကြည်ညို ဆည်းကပ်ပါလေ။ ။

ဒီနေရာမှာ၊ "ရတနာမြတ်သုံးပါးတည်းဟူသော ဆရာစစ်-ဆရာမှန်" လို့ အထက်က ထည့်ပြောခဲ့တာ မှတ်မိပါလိမ့်မယ်၊ ဘုရားရှင်ရဲ့ (သတ္ထာဒေဝမနုဿာနံ) ဂုဏ်တော်အရ၊ ဆရာစစ်, ဆရာမှန် အဖြစ်ထင်ရှားသလို၊ မြတ်စွာဘုရားသခင် ကိုယ်တော်တိုင်၊ ဆရာအသွင်-ဂါရဝတင်ရမည့် ပုဂ္ဂိုလ်ကို ရှာတော်မူခဲ့တယ်၊ ဘုရားရှင် ကိုယ်တော်တိုင် ကြည်ညိုဘွယ်ရာ၊ အားထားဘွယ်ရာ၊ ဆရာကင်းပြီး၊ နေလိုရင်း ရှိတော်မရှိခဲ့ဘူး၊ ဒါကြောင့်- မြတ်စွာဘုရား သခင်သည်၊ သုံးလောကတခွင်မှာ- ဆရာအသွင်၊ ဂါရဝတင်ရမည့်သူကို ကြံစီရှာဖွေမတွေ့လေနိုင်သောအခါ၌၊ ရှေးကြောသက်န်း- ဆပ်ကပ်လှူဒါန်းခဲ့သည့် သဟံပတိ- မည်ရှိဗြဟ္မာက၊ စိတ်အကြံတော်ကိုသိ၍၊ ကိုယ်ထင်ဝပ်တွား လျှောက်

ထားသည်မှာ "ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံပါသား-မြတ်စွာဘုရား၊ ရှေးခါသမယ ပွင့်တော်မူခဲ့ကြသည့်၊ ဗုဒ္ဓစဉ်လာ- လေးမြတ်စွာမှာ- ဓမ္မရတနာကိုသာ အမြတ်အာရုံ ပြုကြပါကုန်သည်ဘုရား....''လို့ လျှောက်ထားသဖြင့်- ထောက်ထားချင့်၍၊ ဘုရားရှင် ကိုယ်တော်တိုင် ဆရာတင်ႇအာရုံညွှတ်ရသည့် အထွဋ်အမြတ် တရားတော်တို့သည်လည်း "ဆရာစစ်-ဆရာမှန်''ပင်ကေန်မုချဖြစ်ပါသည်။ ထိုရတနာနှစ်ပါး-ဆရာစစ်နှစ်ဆူမှ၊ (၀ါ) ပိတာဗုဒ္ဓ-မိႇဓမ္မ၊ ပေါက်ဖွားပြုစင်၊ အရိယာထေရ်အရှင်- အဂ္ဂသာဝက- မဟာသာဝက အသီတိ ရှစ်ကျိပ်၊ သေက္ခ-အသေက္ခ သံဃာတော်အပေါင်းတို့သည်လည်း အတိသေဋ္ဌ- ရတနာမြတ်တွင်ပါႇမကအောင်၊ ပေါက်ဖွားအပ်ကြောင်း၊ ဖ-ဘုရားနှင့် အမိဓမ္မတရားကို၊ မပျောက်မပျက်သွားရအောင်၊ သင်္ဂါယနာအဆက်ဆက်ဆောင်ရွက်ပေးနှင်းႇ လာခဲ့ခြင်းကြောင့်၊ "ဆရာစစ်-ဆရာမှန်'' ကေန်မချွတ်ဖြစ်ပါပေသလို၊ ယခုလက်ရှိ သမုတိတိုင်- ဆင်းသက်မြဲခိုင်သော၊ အဖဘုရားဂုဏ်နှင့် အမိတရားဂုဏ်တို့သည် ထိုအရိယာ သံဃာတော်အပေါင်းမှ သက်ဆင်းပြောင်းလာခဲ့ပြီး၊ သမုတိသံဃာ- အရဟတ္တဖိုလ်- တံခွန်လွှာကို ဆင်မြန်းကာကြိုးကုတ်- အားထုတ်တော် မူနိုင်ခဲ့ခြင်းကြောင့်၊ အရိယာ- သမုတိ ရှိရှိသမျှထေရ်သံဃာတော်မြတ် အပေါင်းသည်လည်း "ဆရာစစ်-ဆရာမှန်''ပင် ဧကန်ဖြစ်ပါသည်၊ ထို့ကြောင့်- စေတနာ စိတ္တုပ္ပါဒ်တွင် ရတနာသုံးအင်ႇ မြတ်ရှင်ပင်ကို၊ မဲ့မြင်မထီ၊ ပြုမည်ကြံတိုင်း၊ ဆရာစစ်-ဆရာမှန် အပိုင်းကို ထည့်သွင်းသုံးသပ်၊ ဥာဏ်ဝယ်ကပ်၍- သတိချပ်ကြရပါသည်။

အဲဒီလို- ရတနာမြတ်သုံးပါးနှင့်စပ်ပြီး၊ သိအပ်တာတွေကို၊ ဘာဖြစ်လို့ပြပေးနေရသလဲဆိုတော့၊ ဝိပဿနာသမားလို့ အမည်ခံယူပြီးရင်၊ ဘုရားႇတရားႇသံဃာကို၊ သမံကာရုံကာ- လုပ်တတ်ကြလွန်းလို့ပါဘဲ၊ ဝိပဿနာပညာရှိတယ်၊ ဝိပဿနာပွားများနိုင်တယ်၊ ဝိပဿနာပွားများနေတယ်ဆိုတဲ့၊ မာနကလေးကိုရင်ဝယ်ပိုက်ပြီး၊ ဘုရားႇတရားႇ သံဃာကို မထီမဲ့မြင် ပြုလုပ်ရင်ဖြင့်၊ ဘုရားအရိယာတို့မြင်တဲ့ သစ္စာလေးပါးကို ဘယ်တော့မှ အမြင်မှန်မုချ မြင်မှာမဟုတ်ခြင်းကြောင့်၊ အဲဒီ စာရင်းထဲ ပါမသွားရအောင်၊ အထူး သတိပေးလိုက်ရပါတယ်။

နောက်တခု အနေနဲ့လဲ စောဒကတက်ချင်ရင် တက်ကြည့်ကြသေးတာပေါ့။ ကျွန်ုပ်တို့သည် ဝိပဿနာပညာကို လိုချင်တယ်၊ အားလဲ ထုတ်ချင်တယ်၊ သူတပါးကိုလဲ ပို့ချဝေငှပေးချင်တယ်ဆိုတဲ့ အဆင့်ကို ရောက်မှတော့၊ သဏ္ဍာရ

ဂုဏ်တည်အပ်ပြီးတဲ့၊ ပုဂ္ဂိုလ်တွေပါ၊ အထူးပြောစရာ လိုမယ်မထင်ပါဘူးလို့လဲ၊ ဆိုချင်ဆိုနိုင်ပါသေးတယ်၊ ဒါပေမဲ့- သရဏဂုဏ်တည်တယ် ဆိုတာကတော့- ယုံကြည်ပါတယ်၊ ဘယ်လို သရဏဂုဏ်လဲ ဆိုတာကိုတော့- ကိုယ့်ကိုယ်ကို ကိုယ်စစ်ကြည့်ကြပေတော့။ ။

(၁) အမိအဘတို့ ကိုးကွယ်သလို၊ အစဉ်လိုက် ကိုးကွယ်တဲ့- မိရိုးဖလာ သရဏဂုဏ်။

(၂) ဆရာသမားတို့က-သင်ပေးလို့၊ပသာဒသဒ္ဓါနဲ့ ကြည်ညိုယုံကြည်တဲ့- သရဏဂုဏ်။

(၃) ဆရာသမားသင်တဲ့ အကြောင်းခံနဲ့- မိမိက တိုးတက်ဆည်းပူး အသိထူးနဲ့ ကြည်ညိုတဲ့- အဝေစ္စပသာဒ သရဏဂုဏ်။

(၄) အဲဒီ- သရဏဂုဏ်ကနေ ရင့်သန်လာ၍၊ ဘုရားဉာဏ်မြင်-တရားဉာဏ်မြင်, သံဃာဉာဏ်မြင်- သမ္မာဒိဋ္ဌိနဲ့ ယှဉ်ပြီး၊ ဩကပ္ပနသဒ္ဓါနဲ့ ဆုံးဖြတ်ကြည်ညို- ယုံကြည်ကိုးကွယ်တဲ့- သရဏဂုဏ်။

(၁) ကတော့- လောကီသက်သက် မလေးနက်တဲ့၊ သရဏဂုဏ်သာ ဖြစ်တယ်။ (၂) ကတော့- လောကီသက်သက် လေးနက်တဲ့ သရဏဂုဏ်ပါဘဲ။ (၃) ကတော့- လောကီထက်မြက် မြဲမြံလျှင်၊ လောကုတ္တရာ အကြောင်း ခံနိုင်တဲ့ သရဏဂုဏ် ဖြစ်ပါတယ်။ (၄) ကတော့- လောကီ အထွဋ်အထိပ်၊ လောကုတ္တရာကို ကောန်ဆက်သွယ်၍၊ ချိပ်နိုင်တဲ့ သရဏဂုဏ်မြတ် ဖြစ်တယ်။

ကဲ....ဘယ်အထဲမှာ မိမိပါရှိနေသလဲ?

တခုခုသော သရဏဂုဏ်တော့၊ တည်တယ်လို့ ဆိုရပြောရပြီ၊ သရဏဂုဏ်အစစ်က ဘာလဲ၊ အဲဒီ- သရဏဂုဏ်အစစ်ကို မြင့်သထက်မြင့်အောင် ကိုးကွယ်ဆည်းကပ်ရင် ဘယ်လိုဂုဏ်သတ္တိနဲ့ အကျိုးတွေကို ရစေသလဲ၊ အဲဒီလို ရအောင် အထက်ကလို အမြင့်ဆုံး သရဏဂုဏ်ဖြစ်အောင် ဘယ်လိုယုံကြည် တည်ဆောက်ရမလဲလို့၊ နဲနဲစီ-နဲနဲစီ-ထပ်၍ ရှင်းကြည့်ကြဦးစို့....။

ဘုရားရှင်မှာ ကိုးကွယ်ဆည်းကပ်ထိုက်တဲ့ ဂုဏ်တော်(၉)ပါးရှိတယ်။ တရားတော်မြတ်မှာလဲ ကိုးကွယ် ဆည်းကပ်ထိုက်တဲ့ ဂုဏ်တော် (၆) ပါးရှိတယ်။ သံဃာတော်မြတ်အပေါင်းမှာလဲ ကိုးကွယ်ဆည်းကပ်ထိုက်တဲ့ ဂုဏ်တော် (၉)ပါး ရှိတယ်၊ အဲဒီ- ဂုဏ်တော်တွေဟာ "သရဏ" ကိုးကွယ်, ဆည်းကပ်, သဒ္ဓါဓာတ်နဲ့ ယုံကြည်ရမဲ့ သဒ္ဓေယျဝတ္ထု အစစ်အမှန်တွေဘဲ၊ အဲဒီဂုဏ်တော်

တွေကို ရလဲရရမယ်၊ အစိပ္ပါယ်လဲ သိရမယ်၊ သိတဲ့အတိုင်းလဲ နှလုံးသွင်းရမယ်၊ နှလုံးသွင်းတတ်အောင်လဲ စိန္တာမယဉာဏ်နဲ့ အထပ်ထပ် ဝါစုဂ္ဂတ ပြုဘူးထား ရပါမယ်။

အဲဒီလို- ဝါစုဂ္ဂတပြုထားတယ်၊ ရဘူးထားတယ်ဆိုပေမဲ့၊ သဒ္ဓေယျဝတ္ထုမှန်- ဂုဏ်တော်သုံးတန်ဖြစ်သော ဗုဒ္ဓ(၉)ပါး၊ ဓမ္မ(၆)ပါး၊ သံဃာ(၉)ပါး ဂုဏ်တော်မြတ်များ၌၊ ကိုးကွယ်ရာအမှန်= ကြည်ညိုရာကေန်= ပူဇော်ရာ တတန်= မြတ်နိုးဘွယ်ရာမုချ၊ ကြည်ဆွသဒ္ဓါ- အနုဿတိ, ဘာဝနာတိုင်အောင် ထိုထိုဂုဏ်တော်မြတ်တို့ ကြိုင်လှိုင်ပုံကို အကုန်အစင် မဟုတ်စေကာမူ၊ ဉာဏ်လှင့်ထူ၍၊ ရယူနိုင်အောင်အထိ၊ ပိုင်းခြားသိသင့်သမျှ ဖေါ်ပြပေးရန် လိုအပ်လာပြီ ဖြစ်ပါသည်။

ထို့ကြောင့်၊ ယောဂီ, အလွတ်ရထားသော (သော ဘဂဝါ ဣတိပိ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏ သမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသ ဒမ္မသာရထိ, သတ္ထာဒေဝ မနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။)ဟု ဆိုအပ်သော ဘုရားဂုဏ်တော်ကိုးပါးသည်၊ (ဝါ) ဘုရားရှင်၏စွမ်းရည်ပြည့်ဖြိုး ဂုဏ်သတ္တိတော် ကိုးပါးသည်၊ (ဝါ) အကြောင်းဂုဏ်ကျေးဇူးတော်၊ အကျိုး ဂုဏ်ကျေးဇူးတော်, ကြောင်းကျိုးနှစ်စား ဂုဏ်ကျေးဇူးတော်, ကိုးပါးသည်၊ မြတ်ဘုရားရှင်အား "ဗုဒ္ဓေါတိ နေတံ နာမံ နမာတရာကတံ နပိတရာကတံ" အစရှိသည်ဖြင့် မဟာနိဒ္ဒေသပါဠိတော်၌ လာရှိသည့်အတိုင်း၊ အမိ, အဘ၊ ဦးကြီး- ဘထွေး၊ အဘယ်, နတ်-ဗြဟ္မာတို့ကမျှပေးသော ဂုဏ်တော်မြတ်များ မဟုတ်ပါပေ။ (ဝါ) သူတပါးတို့ သမုတ်ပေး၍ ကပ်ရောက်ရရှိတော်မူသော ဂုဏ်တော်မြတ်များမဟုတ်ပါပေ။ ထိုဂုဏ်တော်များကိုကိန်းစေလိုသောအားဖြင့် သမ္မာပယောဂ ပစ္စယသတ္တိဖြစ်သော ဘုရားဖြစ်ကြောင်း ပါရမီတော်အပေါင်းကို ဖြည့်ညောင်းဆည်းပူးတော် မူခဲ့ခြင်းလည်း မဟုတ်ပါပေ။ သို့တစေ- ဖြစ်သော်ငြားလည်း ကိုးပါးဂုဏ်တော် မြတ်ဘုန်းမော်တွင် သက်ဝင်ကပ်ရောက်၊ ထွန်းထောက်ကိန်းတော် မူခြင်းသည်ကား ...။

"ဝိမောက္ခန္တိက မေတံ ဘဂဝန္တာနံ ဗောဓိယာ မူလေ
သဟ သဗ္ဗညုတဉာဏဿ ပဋိလာဘာ သစ္ဆိကာ ယဒိဒံ ဗုဒ္ဓေါတိ။"

ဟူ၍= ခုဒ္ဒကနိကာယ်မှာ လာရှိပါတယ်၊ အနက် ယောဇနာကတော့...

ယဒိဒံဗုဒ္ဓေါတိ နာမံ- အကြင်, ဗုဒ္ဓဟူသော နာမတော်သည်၊ (ဝါ) ဗုဒ္ဓဟူသော အမည်နာမတော်သည်၊ အတ္ထိ- ရှိ၏၊ တော် ဗုဒ္ဓေါတိနာမံ- ထိုဗုဒ္ဓ

ဟူသော နာမ်တော်, အမည်တော်သည်၊ ဝိမောက္ခန္တိကံ- အလုံးစုံသော အချင်း အရာဖြင့် ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့မှ လွတ်သည့် အရဟတ္တမဂ်၏ အဆုံး၊ အရဟတ္တဖိုလ်၌ဖြစ်၏၊ ဘဂဝန္တာနံ- ဘုန်းကံပါရမီတော် ကြီးမားမြင့် မြတ်ကုန်သော၊ ဗုဒ္ဓါနံ- မြတ်စွာဘုရားသခင်တို့၏၊ ဗောဓိယာ- ဗောဓိပင်၏၊ (ဝါ) သမ္မာသမ္ဗောဓိ အမည်တော်ရှိသည့်၊ အရဟတ္တမဂ်ဖိုလ်၏၊ မူလ- အနီး၌၊ သဗ္ဗညုတဉာဏာသ- သဗ္ဗညုတ ဉာဏ်တော်မြတ်ကို၊ သဟပဋိလာဘာ- ရတော် မူခြင်းနှင့်တကွဖြစ်သော၊ သစ္ဆိကာ- မျက်မှောက်၌ပြီးသော၊ ပညတ္တိ- ဗုဒ္ဓသတ္တိ, ပြုပွတ္တိအရှိ ဝိဇ္ဇာမာန, ထင်ရှားဘိသော နာမပညက်တော် ပေတည်း။ ။

အဲဒီလို- ပရမတ္ထအားဖြင့် ထင်ရှားရှိတဲ့- အရဟတ္တမဂ်ဖိုလ်ရဲ့ အနီး၌၊ သဗ္ဗညုတဉာဏ်တော်နှင့်တကွ၊ ဗုဒ္ဓဟူသော နာမ်တော်, အမည်တော်, ဂုဏ် တော်သည်၊ တပြိုင်နက် ပြည့်စုံတော်မူခဲ့ပါတယ်၊ ထိုဗုဒ္ဓဂုဏ်တော် အစပေါ် သည့် သဗ္ဗညုတဉာဏ်တော်၏ စွမ်းရည်တော်တို့ကြောင့်၊ ကိုးပါးတိတိ မိမိရရ ဂုဏ်တော်မြတ်တွေဟာလဲ၊ ဘယ်-ဖြဟ္မာ, နတ်, လူ, ဖေးကူပေးထူသည် မဟုတ် ပါဘဲ၊ အရိယာတမွတ်၊ အထွင့်သိဒ္ဓိအားဖြင့် ပြီးပြောဖြစ်ပေါ် တည်တော် မူသော- ဂုဏ်တော်မြတ်များသာလျှင် ဝေကန် ဖြစ်ပါသည်။ ထိုသို့သော ဂုဏ် တော် ကိုးပါးတို့တွင် တပါးချင်းကိုသည်ပင်လျှင် ပဋိဘာနကဝိ- ဘူရိပညာရှိ သူတကာတို့သည်၊ စေ့စေ့စပ်စပ် ချဲ့ထွင် ဟောဖေါ်အပ်ပါက၊ ဆုံးရပ်သို့တိုင် မစွမ်းနိုင်အောင်ပင် ကျယ်ဝန်းတော်မူသော ဂုဏ်တော်အနန္တ၊ အစိန္တိယျအရာ သာလျှင် ဖြစ်တော်မူရာ၊ ယုံကြည်, ကြည်ညို- အားကိုး, ဆည်းကပ်၊ လျှည်း လျှောင်း, ညွှတ်ပြောင်း, ပုန်းအောင်းအပ်ရာ၊ အဖြစ်ကြီး ဖြစ်တော်မူပုံသည် နှိုင်းမကုန်အောင် ထင်ရှားပါတော့သည်။

ဤသို့ အစ= သဗ္ဗညုတဉာဏ်တော်နှင့်တကွသော၊ ရရှိထွန်းပေါ် ဗုဒ္ဓ နာမ်တော်, အမည်တော်,ဂုဏ်တော်နှင့် အလားတူ ခေါ်ဝေါ်ထိုက်သော မုချ နာမ, နိပ္ပရိယာယ- အမည်တော်ခ,ပုံ(၃၁)ဖုံနှင့် ပရိယာယ်အမည်၊ ခြောက်လီ ရှိပုံကိုလည်း၊ ပိုင်းခြားသိငြား- အဖဘုရား၌၊ သာဝကသားတို့၊ ကြည်ညိုဘို့ သိထားသင့်ပါသည်၊ ထိုအမည်တော်တို့မှာ....၊

(ဗုဒ္ဓ၊ သတ္ထု၊ သဗ္ဗညု၊ ဒသဗလ၊ ဒွိပဒုတ္တမ၊ မုနိ၊ မဟာမုနိ၊ မုနိန္ဒ၊ ဘဂဝန္တုနာထ၊ လောကနာထ၊ စက္ခုမန္တု၊ သမန္တစက္ခု၊ အင်္ဂီရသ၊ အနဝိ ဝရ၊ မဟေသိ၊ နာယက၊ ဝိနာယက၊ သုဂတ၊ တထာဂတ၊ ဘူရိပည၊ ဝရ ပည၊ နရသီဟ၊ နရဝရ၊ ဓမ္မရာဇ၊ ဓမ္မသာမိ၊ ဒေဝဒေဝ၊ လောကဂရု၊

သယမ္ဘူ၊ သမ္မာသမ္ဗုဒ္ဓ၊ မာရဇိ၊ ဇိန၊) နိပ္ပရိယာယနှင့်၊ သက္က၊ သိဒ္ဓတ္ထ၊ သုဒ္ဓေါဒနိ၊ ဂေါတမ၊ သကျမုနိ၊ အာဒိစ္စဗန္ဓုဟု ပရိယာယ, ပရိယာယ်အမည်တော်တို့လည်း ရှိတော်မူပါပေ၏။

ထိုကဲ့သို့သော- နာမတော်တို့နှင့် ကိုးနဝဂုဏ်, ဖြိုးကြွစုံ၍၊ မညှိုးမခ၊ အဘိုးအနဂ္ဃ၊ အပ္ပမေယျအဖြစ် ရရှိလစ်တော်မူသည်မှာလည်း၊ အကြောင်းမရှိ၊ (ဝါ) ဟေတုမဲ့ကင်း ရရှိတော်မူခြင်း မဟုတ်ပုံကို သမ္ပဒါဘုန်အပွား ပြည့်စုံပုံများကိုလဲ၊ ဤသို့-"ရိပ်စားသိရှိ ကြည်ညိုမိရန် သင့်ပါ၏။

## ''ဗုဒ္ဓဂုဏ်ရည်- ပြည့်စုံညီ- သုံးလီသမ္ပဒါ''
## ''ဖလတွင်ဝယ်-ပြည့်ဖြိုးကြွယ်-လေးသွယ်သမ္ပဒါ''

(၁) ဟေတုသမ္ပဒါ၊ (၂) ဖလ သမ္ပဒါ၊ (၃) သတ္တူပကာရသမ္ပဒါ၊

ဟေတုသမ္ပဒါ ။ ။အကြောင်းနှင့် ပြည့်စုံတော်မူခြင်းမှာ၊ (၁) မဟာကရုဏာတော်နှင့် အဖန်ဖန်ယှဉ်ခြင်းသည်ရင်း၊ (၂) သဗ္ဗညုတဉာဏ်တော်၏ အကြောင်း အဆောက်အဦဖြစ်သော ပါရမီဆယ်ပါး- သုံးဆယ်၊ သုံးသွယ်သော စရိယတရားသည်ရင်း၊ (၃) ထိုထို ပါရမီ စရိယ အလီလီတို့သည် အိပ်စက်တန့်နား- ဆုတ်ယုတ်သွားသည်မရှိသော သမ္မာပယောဂပစ္စယသတ္တိသည်ရင်း= အကြောင်းနှင့် ပြည့်စုံခြင်း သမ္ပဒါမည်၏။

ဖလသမ္ပဒါ ။ ။အကျိုးနှင့်ပြည့်စုံတော်မူခြင်းမှာ၊ (၁)ဉာဏသမ္ပဒါ၊ (၂)ပဟာနသမ္ပဒါ၊ (၃) အာနုဘာဝသမ္ပဒါ၊(၄) ရူပကာယသမ္ပဒါ=ဟူ၍၊ လေးပါးသောအပြားရှိ၏။

ဉာဏသမ္ပဒါ။ ။သဗ္ဗညုတဉာဏ်တော်၏ နီးစွာသော အကြောင်းဖြစ်သည့်- အရဟတ္တမဂ်,ဖိုလ် ဉာဏ်သည်ရင်း၊ ထိုအရဟတ္တမဂ်လျှင် အကြောင်းရင်းရှိကုန်သော ဒသဗလဉာဏ်တော်တို့နှင့် ပြည့်စုံခြင်းသည်ရင်း၊ ဉာဏသမ္ပဒါမည်၏။ ထိုမှတပါးလည်း- သဗ္ဗညုတဉာဏ်တော်နှင့် တကွနက်ပြီးသော- ကိုးပါးသောဂုဏ်တော်သည်လည်း ဖလသမ္ပဒါ- အကျိုး၏ ပြည့်စုံခြင်း သမ္ပဒါမည်၏။

ပဟာနသမ္ပဒါ။ ။အလုံးစုံသော ကိလေသာတို့ကို အကြွင်းမရှိ- တဖန်ဖြစ်ခြင်းကင်းဘိသောအားဖြင့် ပယ်သတ်ပြည့်စုံတော်မူရာဝယ်၊ အဂ္ဂသာဝက-မဟာသာဝက- ပကတိသာဝကတို့ကဲ့သို့ ဝါသနာအထုံ စသည်-အကြွင်းအကျန်ရှိသေးအားဖြင့် မဟုတ်မူ၍၊ ဝါသနာနှင့်တကွ-ကင်း၊ ပြတ်ပယ်အပ်ပြီးခြင်းကြောင့် ပယ်ခြင်း၏ အင်္ဂမ်းကုန်ပြည့်စုံတော်မူခြင်းသည် ပဟာနသမ္ပဒါမည်၏။

အနုဘာဝသမ္ပဒါ။ ။အာနုဘော်တော်အားဖြင့် အလိုရှိတော်မူသည့်အတိုင်း၊ လိုအပ်သောအကျိုးကို ပြီးစေခြင်း၌ အစိုးရတော်မူသည်၏အဖြစ်သည် အာနုဘာဝသမ္ပဒါမည်၏။ (ဝါ) ကာမဘုန်းတော်၏အကြောင်း အဆောက်အဦးအဖြစ် တည်ခြင်း သဘောသည် အာနုဘာဝသမ္ပဒါမည်၏။

ရူပကာယသမ္ပဒါ။ ။အလုံးစုံသော သတ္တဝါတို့၏ မျက်စိကိုဆောင်၍ မိမိ၌နှစ်လို ကြည်ညိုဘွယ်ရာကို သွန်းလောင်းဘိသကဲ့သို့ ဖြစ်သောသုံးဆယ့်နှစ်ပါးသောဥတ္တမပုရိသလက္ခဏာတော်ကြီးနှင့် လက္ခဏာတော်ငယ် ရှစ်ဆယ်တို့ဖြင့် တန်းဆာဆင်အပ်သော အတ္တဘောတော်နှင့် ပြည့်စုံခြင်းသည်၊ ရူပကာယသမ္ပဒါမည်၏။

သတ္တုပကာရသမ္ပဒါ။ ။အကြောင်းဂုဏ်, အကျိုးဂုဏ်နှစ်ပါးနှင့် ပြည့်စုံတော်မူခြင်းမှာ၊ မြတ်သော အလိုတော်တည်း ဟူသော အာလယ။ မြတ်သော လုလ္လတော်တည်း ဟူသော ပယောဂအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးသောအပြားနှင့် ပြည့်စုံခြင်းသည် ဟေတုလည်းမည်၏။ ဟေတုတည်ခြင်းကြောင့်- ဖလတည်း ဟူသော ၂၄- သင်္ချေ- ဗိုလ်ခြေတသိန်း ကျွတ်ကိန်း ဆိုက်စေသော အကျိုး၏ ပြည့်စုံခြင်းသည်ဖြစ်၏။ ထို့တွင်မျှမက- ဆန့်ကျင်ဘက်ပြုကြကုန်သော ဒေဝဒတ် အစရှိသော သတ္တဝါဝေနေယျတို့၌လည်း အမြဲအကျိုးစီးပွါးကို အလိုရှိတော်မူသည်၏ အဖြစ်သည့်ရင်း၊

မရင့်ကျက်သောဥာဏ်ရှိကုန်သော သတ္တဝါဝေနေယျ
တို့၏ ဥာဏ်ရင့်သောအခါကို ငံ့လင့် ချော့ချတ်တော်မူ
ခြင်းသည်၎င်း၊ အဂ္ဂအာလယမည်သော အလိုတော်
မည်၏။ ဒေဝဒတ် စသော ဆန့်ကျင်ဘက်ပြုတတ်သူ
တို့မှ အခြားတပါးဖြစ်ကုန်သော သတ္တဝါဝေနေယျ
တို့အားလည်း- လာဘ်ကူပူဇော်ဘွယ်မလိုငဲ့ကွက်ခြင်း
ကင်း၍- ခက်ခဲပင်ပမ်းတော်မူခြင်းကို လျစ်လျူရှုကာ
ယူဇနာ—ရာ ထောင် ဝေးကွာသော်လည်း ကိုယ်
တော်တိုင် ကြွရောက်လျက် ဝဋ္ဋဆင်းရဲမှ ထုတ်ဆောင်
ကယ်တင် ဟောဖော်သွန်သင်တော်မူခြင်းတည်း ဟူ
သောမြတ်သောလုလ္လတော်သည်အဂ္ဂပယောဂမည်၏။

ထို-သမ္ပဒါသုံးပါး- လေးစားပြားသော (၇) ပါးသော သမ္ပဒါတော်တို့တွင် ဟေတုနှင့် ဖလသမ္ပဒါသည် သမ္မာသမ္ဗုဒ္ဓဟူသော ဂုဏ်တော်၏ တိုက်ရိုက်မုချ- အကြောင်းအကျိုးပြည့်စုံရသော သမ္ပဒါဖြစ်ပါသည်။ အာနုဘာဝ သမ္ပဒါ-ရူပကာယသမ္ပဒါတို့သည်၎င်း၊ သတ္တူပကာရသမ္ပဒါသည်၎င်း၊အနုတ္တရံ-အတုလံဟု-အတူမရှိ၊ မုနိထွဋ်ဘွဲ့တင် ဂုဏ်တော်အယာဉ်သို့ တိုက်ရိုက်သက်ဝင်သော အကြောင်းအကျိုး ဂုဏ်တော်မျိုးတို့ ဖြစ်ပါသည်။

ဤသို့လျှင် သတ္တဝါလူနတ် မိဘ ဥာတိတို့မှ ပေးအပ်၍ ရခြင်း မဟုတ်သော အကြောင်းဂုဏ်၏ ပြည့်စုံခြင်းကြောင့် အကျိုးဂုဏ်၏ ပြည့်စုံခြင်းတည်း ဟူသော အစဉ်ထွန်းပ ကိုးနဝဂုဏ်တော်မြတ်သည်၊ စေတောပဏိဓိ အဓိဋ္ဌာန်ဖြင့် သာသနာငါးထောင် မြင့်ရှည်ကြာအောင် မဟာကရုဏာအများဖြင့်ထားရစ်တော်မူသော သာသနာတွင်း ခေတ်အခါ၌ သာသနာနှင့်အတူ ဂုဏ်တော်မြတ်တလူလူသည်လည်း ထွန်းပတော်မူဆဲသာ ရှိပါသည်။ ထိုနည်းတူစွာ ဗုဒ္ဓဟောကြား ဓမ္မရတနာများသည်လည်း ဗုဒ္ဓဂုဏ်ကို အမှီပြု၍ ပေါ်ထွန်းမှု မသုဉ်းမဆိတ် တရိပ်ရိပ်တောက်ပလျက် ရှိပါပေသည်။ ထို့မှတသီး အဘထီးဘုရားနှင့် အမိဓမ္မကို အမှီရငြား သာဝကသား အဆက်ဆက် အရိယာအနွယ်အဆက်ကို ထူထောင်သက်ဝင်လျက်ရှိကြသော သံဃာ့ရတနာ ဂုဏ်ကိုးဖြာတို့သည်လည်း သာသနာတော်နှင့်အတူ သန့်စင်မွန်မြတ် တလူလူရှိအပ်ပါသေးသည်။

အထက်ပါ ဘုရားဂုဏ်တော်ကိုးပါး ပြည့်ဖြိုးငြားသည့် ကြောင်းကျိုးတရားတို့နှင့် ဆက်လက်ဖော်ပြ ကိုးနဝဂုဏ်တော် အမြတ်တို့၌ ဉာဏ်မြင်ဘုရား

မျက်မှောက်ပြုထားနိုင်လျှင်၊ သဒ္ဓါလွှမ်းထုံ ဘုရားဂုဏ်နှင့် အရှိဘုရားသိငြား ပါက၊ တရား၊သံဃာမြတ်တို့ကိုလည်း မြင်ငြားသိအား ကြွယ်နိုင်ပါသည်။ ထို့ကြောင့် သဒ္ဓါအတိနှင့် ဘုရားမြင်လျှင် တရားသံဃာလဲ မြင်ပါလိမ့်မည်။ ပညာအပြည့်နှင့် တရားမြင်လျှင် ဘုရား၊ သံဃာလဲမြင်ပါလိမ့်မည်။ သဒ္ဓါ-ပညာအတိဖြင့် ရတနာသုံးဖြာ၌ မြင်လျှင် သစ္စာလေးအင် ကိစ္စအလျဉ်ကို တွင်တွင်ရွက်ထမ်းလျက် နိဗ္ဗာန်နန်းကိုလဲ စံမြန်းရပါလိမ့်မည်။ သို့ဖြစ်ပါ၍ ရတနာသုံးပါး ဂုဏ်တော်များ၌ သဒ္ဓါကြည်လင် ပညာဉာဏ်နှင့်မြင်စေရန် မကျဉ်းမကျယ် အနည်းငယ်ပြဆိုပေးသည်ကို လေးစားယုံကြည် တည်ဆောက်ကြည်ညိုတော်မူကြပါလေ။ ။

## "ဘုရားဂုဏ်တော် – မြတ်ကိုးဘော်"

### အရဟံအစ - ပဏာမ၊

အရဟံ = လူထက်လူ၊ နတ်ထက်နတ်၊ သိကြားထက်သိကြား၊ ဗြဟ္မာထက်ဗြဟ္မာ၊ အနန္တစကြာဝဠာတွင်၊ ဆထက်လွန်ကျူး၊ အထူးသဖြင့် မြင့်မြတ်တော်မူသည်ဖြစ်၍၊ ပူဇော်အထူးကို ခံယူတော် မူထိုက်-ရှိခိုး ဦးခိုက်ရာ ဖြစ်တော်မူထသော၊....

အရဟံ = ကာမ၊ ရူပ၊ အရူပတခွင်၊ ဘုံသုံးပြင်ဝယ်၊ အံ့ချီးမဆန့်၊ ပျံ့နှံ့ကျော်ကြား၊ ဂုဏ်တော်များဖြင့် လွှမ်းမိုးထားနိုင်တော် မူထသော....၊

အရဟံ = ဒသကိလေ၊ ရန်ညစ်တွေကို၊လေးထွေမဂ်ပေါင်း၊လက်နက်ကောင်းဖြင့်၊ ထောင်းထောင်းဖျက်ပြုန်း၊ သတ်ဖြတ်မှုန်း၍၊ ကုန်ဆုံးစင်ကြယ်တော် မူပြီးထသော။

အရဟံ = သံသရာစက်ရဟတ်၊ အဝိဇ္ဇာခေတ်နှင့်၊ တဏှာခြံရံ၊ ဇရာမရဏ-အကွပ်ရံနှင့်၊ တတန်လေးလွှာ၊ မွန့်သုံးဖြာဟု- ချင်းရာနှစ်ဆယ်၊ သုံးသွယ်အစပ်၊ သမုပ္ပါဒ်ကို၊ ပဋိစ္စပါမကျန်၊ ချိုးဖျက်တွန်းလှန်တော် မူပြီးထသော....။

အရဟံ = ကာယ၊ ဝစီ၊မနော၊ ကိလေနှောသည့်၊ ပါပညစ်ကျူ- မကောင်းမှုကို၊ မပြုအရှင်း- ဒုက္ကရစရိယာ ကျင့်စဉ်တွင်းမှ ဗောဓိပင်ရင်းတိုင်ပေါက်ရောက်ထု၊ ဖြတ်ပိုင်းအောင်မြင်တော် မူပြီးထသော....။

အရဟံ = လူနတ်တတန်၊ ဗြဟ္မာရံနှင့်၊ အဂ္ဂအမြတ်- ဦးခိုက်အပ်သား၊ တရပ်ကိလေ၊ ကင်းပြတ်ကြွေ၍၊ ဂဟေမစပ်၊ ဆိတ်ကွယ်ရပ်၌၊ မပြုပါပ၊

ကင်းစင်လှခါ၊ ဒါနအမြတ်၊ လှူဘွယ်အရပ်ရပ်ကိုလည်း ခံယူတော်မူထိုက်ပါပေထသော....၊ ရှင်တော်မြတ်အား။

နမာမိ = အရဟံအစ- ဘဂဝါအဆုံး၊ ကိုးဂုဏ်လုံးဝယ်၊ အနန္တကျယ်သည့် ဘုန်းကြွယ်ထွဋ်ခေါင်၊ မြတ်ဂုဏ်ရောင်ကို၊ ကျွန်ုပ်ဥသျှောင်ထက်၊ ကိန်းဝပ်စက်သို့၊ နှစ်သက်အာရုံ၊ ရှေ့ရှုကုန်လျက်၊ နှစ်စုံယှက်တွင်၊ ဦးထိပ်ပြင်ဝယ်၊ လက်အင်ဆယ်ချောင်း၊ မာန်ညွတ်ပျောင်း၍၊ ဦးခေါင်းငုပ်လျှိုး၊ လွန်မြတ်နိုးစွာ၊ ရှိခိုးပါ၏၊ အရဟံသခင်, ဘဂဝါ အရှင်မြတ်ကြီးဘုရား။ ။

## ''အရဟံ ဂုဏ်တော် ငါးပါး''

အာရကတ္တာ ဟတတ္တာစ၊ ကိလေသာရီန သောမုနိ၊
ဟတ သံသာရစက္ကာရော၊ ပစ္စာဒီန စာရဟော။ ။

(ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ)

"အာရကတ္တာ ကိလေသာရီန"

သောမုနိ- မုနိငါးအင်, ထွဋ်ခေါင်တင် ဖြင်တော်မူသော၊ ထိုဘုရားရှင် ကိုယ်တော်မြတ်သည်၊ ကိလေသာရီဟိ- ကိလေသာရန်သူ- ဘေးရန်ပူတို့မှ၊ အာရကတ္တာ- ပြတ်စဲကင်းဝေးတော်မူပါပေ၏။ တေန- ထို့ကြောင့်၊ အရဟံ- အရဟာဟူ၍၊ ဝုစ္စတိ- ဆိုအပ်ပါ၏။

"ဟတတ္တာစ ကိလေသာရီန"

သောမုနိ- မုနိငါးမျိုးကို အစိုးရတော်သော၊ ထိုမြတ်စွာဘုရားသခင် သည်၊ ကိလေသာရီနံ- အဝိဇ္ဇာဗိုလ်ချုပ်၊ တဏှာဗိုလ်မှူး၊ ထောင့်ငါးရာသော ကိလေသာတပ်ဦးကို၊ ဟတတ္တာစ- လေးမဂ်,ဖိုလ်ရှိန် ဝရဇိန်ဖြင့်၊ ရှယ်ချိန်ပစ်သွင်း၊ ဖျက်ဆီးအောင်မြင်တော်မူခြင်းနှင့် ပြည့်စုံတော်မူပါ၏၊ တေန- ထို့ကြောင့်၊ အရဟံ- အရဟာဟူ၍၊ ဝုစ္စတေ- ဆိုအပ်ပါပေ၏။

"ဟတသံသာရစက္ကော"

သောမုနိ- မုနိတို့ထွဋ်ခေါင်၊ မြတ်ဥသျှောင်ဖြစ်တော်မူသော၊ ထိုဘုရားရှင် ကိုယ်တော်မြတ်သည်၊ သံသာရစက္ကာရော- သံသရာစက်ရဟတ်၊ ပဋိစ္စသမုပ္ပါဒ်ကို၊ ဟတ-အချက်ကျကျ၊ တကွက်မျှမကျန်ရအောင်၊ တွန်းလှန် ဖြိုဖျက်တော်မူခဲ့ပါပေ၏၊ တေန- ထို့ကြောင့်၊ အရဟံ- အရဟာ,ဟူ၍၊ ဝုစ္စတေ- ဆိုအပ်ပါပေ၏။

"ပစ္စယာဒီန စာရဟော"

သောမုနိန္ဒော- ထိုမုနိငါးအင်, ထွဋ်ဘုန်းရှင်ဟု- မျှားဖျင်ဂုဏ်မော်၊ ဘုရားရှင် ကိုယ်တော်မြတ်သည်၊ ပစ္စယာဒီနံ- လူနတ်ပြဟ္မာ, သုံးဦးသွာတို့၏ ပူဇာနေယျ= ဒေယျဝတ္ထု- အစုစုအထူးထူး၊ အမြတ်အဦး၊ သဒ္ဓါမှူးလျက်၊ ဆက်ကပ်ပူဇော်ငြားသည်ကို၊ စာရဟော- ကောင်းကျိုးဆိုက်အောင်၊ ခံယူမဟာ်မူထိုက်ပါပေ၏။ တေန- ထို့ကြောင့်၊ အရဟံ- အရဟံဟူ၍၊ ဝုစ္စတေ- ဆိုအပ်ပါပေ၏။ ။

"နရဟော ကရောတိ ပါပါနိ"

သောမုနိ- ထိုမဟာသမဏ, ရဟန်းကြီး, ရဟန်းမြတ်ဖြစ်တော်မူသော၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ပါပါနိ- ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးတွင် ချယ်မှုန်းပါပ၊ ကိုယ်,နှုတ်မျှပြင်၊ မန, အယောနိသော- ထိုသဘောတို့ကို၊ ရဟော- ဆိတ်ကွယ်ရပ်ခွင်= ထိုထိုပတ်ဝန်းကျင်တို့၌၊ နကရောတိ- ပြုတော်မမူ၊ စင်ကြယ်တော်မူပါပေ၏။ တေန- ထို့ကြောင့်၊ အရဟံ- အရဟံဟူ၍ ဝုစ္စတေ- ဆိုအပ်ပါပေ၏။

## ''သမ္မာသမ္ဗုဒ္ဓဂုဏ်တော်''

သောဘဂဝါ=ရွှေဘုန်းတော်နေဝန်းကဲ့သို့၊ ထွန်းလင်းတောက်ပတော်မူသော ထိုမြတ်စွာဘုရားသခင်သည်၊ သမ္မာ- ကောင်းစွာ၊ (ဝါ) မဖေါက်မပြန် မှန်ကန်လှစွာ၊ သာမဉ္စ- ကိုယ်တော်တိုင်၊ (ဝါ) ဆရာမကူ၊ သယမ္ဘူဟုဉာဏ်ဆူပုံလှိုင်- ကိုယ်တော်တိုင်လျှင်၊ သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာ- အလုံးစုံတရား, ဥဿယျင်ါးနှင့်၊ လေးပါးသစ္စာ= အရိယာကို သေချာကုန်စင်၊ သိမြင်တော်မူပါပေ၏။ တေန- ထို့ကြောင့်၊ သမ္မာသမ္ဗုဒ္ဓေါ- သမ္မာသမ္ဗုဒ္ဓဟူ၍၊ ဝုစ္စတေ- ဆိုအပ်ပါပေ၏။

တနည်းအားဖြင့်....

ဣတိပိ ဣမိနာစ ကာရဏေန- တွင်းပြင်, အာယတန၊ ဝိညာဏနှင့်၊ ဖဿ, ဝေဒနာ၊ သညာ, စေတနာ၊ တဏှာ, ဝိတက္က၊ ဝိစာရပြင်၊ ခန္ဓသိက၊ နသောတိ, အသုဘ၊ ကောဋ္ဌာသ, အာ၊ ဓာတ်ဘဝါကို၊ လေးမျိုးစျာန၊ ပမညာ အရူပ၊ ပဋိစ္စဟု၊ ကေကပုဒ်၊ ထုတ်၍ ဝေဘန်၊ လေးသစ္စာကို၊ မကျန်ကိုယ်တိုင် သိပိုင်ပေဘတ်၊ ဤသကပ်ကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ-သမ္မာသမ္ဗုဒ္ဓမည်တော်မူပါပေ၏။ ။

## "ဝိဇ္ဇာစရဏသမ္ပန္န-ဂုဏ်တော်"

သောဘဂဝါ– ထိုဘုန်းတော်ခြောက်ပါး၊ ပြည့်စုံခြားသည့်၊ သဗ္ဗညု တဉာဏ်ရှင်၊ ဘုရားသခင် ကိုယ်တော်မြတ်သည်၊ ဝိဇ္ဇာစရဏသမ္ပန္နော– ဝိဇ္ဇာ သုံးပါး၊ ဝိဇ္ဇာ ရှစ်ပါးတည်းဟူသော အတုမဲ့သော ပညာဉာဏ်တော်၊ စရဏ တဆယ့်ငါးပါးဟူသော ယှဉ်ဘက်မရှိ၊ အကျင့်သီလတော်တို့နှင့် ပြည့်စုံတော် မူပါပေ၏။ တေန- ထို့ကြောင့်၊ ဝိဇ္ဇာ, စရဏသမ္ပန္နော· ဝိဇ္ဇာစရဏ သမ္ပန္န ဟူ၍၊ ဝုစ္စတေ– ဆိုအပ်ပါပေ၏။ ။

ထိုသို့= အကြောင်းလည်းမည်၊ အကျိုးလည်း ဟုတ်သော၊ စရဏ တဆဲ့ငါးပါးတို့နှင့်ရင်း၊ ဖလသမ္ပဒါ- အကျိုးပြည့်စုံရာ၊ အာဒိအစ ဝိဇ္ဇာ သုံးပါး, ဝိဇ္ဇာရှစ်ပါး, တရားတော်တို့နှင့်ရင်း၊ လုံးဝကုံလုံ ပြည့်စုံတော်မူပါပေ တယ်၊ ထို- ဝိဇ္ဇာစရဏ သမ္ပန္န, တရားတော်တို့ကတော့ ...

(၁) ပုဗ္ဗေနိ ဝါသာ နုဿတိဉာဏ်၊
(၂) ဒိဗ္ဗစက္ခုဉာဏ်၊
(၃) အာသဝက္ခယဉာဏ်၊ (ဤဝိဇ္ဇာသုံးပါးတို့ကို- အရဟတ္တဖိုလ်တိုင် ရရှိတော်မူသော သာဝကတို့အား၊ တေဝိဇ္ဇာပတ္တ-ရဟန္တာဟူ၍ ခေါ်ဆိုပါတယ်။)

(၁) ဝိပဿနာဉာဏ်၊
(၂) မနောမယိဒ္ဓိဉာဏ်၊
(၃) ဣဒ္ဓိဝိဓဉာဏ်၊
(၄) ဒိဗ္ဗသောတဉာဏ်၊
(၅) စေတောပရိယဉာဏ်၊
(၆) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊
(၇) ဒိဗ္ဗစက္ခုဉာဏ်၊
(၈) အာသဝက္ခယ ဉာဏ်တည်းဟူသော ဝိဇ္ဇာရှစ်ပါး၊ ဒါကိုဘဲ-သာ ဝကတို့အဘို့၊ ဆဠာဘိည–ခီဏာသဝ– ရဟန္တာလို့ ဆိုပါတယ်၊ မြတ်စွာဘုရား သခင်သည်၊ ဤဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါးတို့ကို အတုမဲ့, အစဉ်းစွာ ပြည့်စုံ တော်မူလျက်၊ ဝိဇ္ဇာအလင်းဓာတ်သဘောကို ဖေါ်ထုတ် ညွှန်ပြ ပေးသနား တော်မူနိုင်ခြင်းအထိ ပြည့်စုံတော် မူပါတယ်။ ထိုမှတပါး– အကြောင်းလည်း ယှဉ်၊ အကျိုးလည်း ရ၊ စရဏ(၁၅)ပါးတို့နှင့် ပြည့်စုံ, ဖေါ်ထုတ်ပေးတော် မူသည်မှာ....၊

(၁) ပါတိမောက္ခသံဝရသီလနှင့်–ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး သီလ တရားတော်များ၊

(၂) ဣန္ဒြိယ သံဝရသီလ= ဣန္ဒြေခြောက်ပါး၊ စောင့်စည်းမှုသီလ၊

(၃) ဘောဇနမတညုတာ= အာဟာရ၏ အတိုင်းအရှည် ပမာဏကို၊ မယုတ်မလွန် စောင့်စည်းမှု၊

(၄) ဇာဂရိယာနုယောဂ=ထကြွလုလ္လ-ဥဿာဟနှင့်ပြည့်စုံမှု၊

(၅) သဒ္ဓါ= သောတာပတ္တိမဂ် အင်္ဂါလေးပါးလျှင်၊ နီးစွာသော– အကြောင်းရင်းရှိသည့် ဩကပ္ပသဒ္ဓါနှင့် ပြည့်စုံမှု၊

(၆) ဟိရီ= ကိုယ်,နှုတ်,စိတ်ဝယ် ကျရောက်မည့် မကောင်းမှုတို့မှ– ရှက်တတ်ခြင်းအကျင့်၊

(၇) ဩတ္တပ္ပ= ကိုယ်,နှုတ်,စိတ်ဝယ်– ကျရောက်မည့် မကောင်းမှုတို့ ကို၊ ကြောက်ရွံ့တတ်ခြင်း အကျင့်၊

(၈) ဗဟုသုတ= နိဗ္ဗေဓဘာဂိယ– သမ္မာဒိဋ္ဌိပညာဉာဏ်– ဗဟုသုတ ကို ဆည်းပူးခြင်း အကျင့်၊

(၉) ဝီရိယ= သမ္ပပ္ပဓာန်နှင့်ယှဉ်သော ကိလေသာတို့ကို ခမ်းခြောက် စေသည့် လုလ္လနှင့် ပြည့်ဝခြင်း အကျင့်၊

(၁၀) သတိ= သတိပဋ္ဌာန, ပြုအပ်တရား ထိုလေးပါး၌၊ မမေ့မလျော့ ငြားအောင်၊ ကျင့်ဆောင်သော သတိနှင့် ပြည့်စုံမှု၊

(၁၁) ပညာ= လောကီ,ပရိယတ်,ပဋိပတ်နှင့်–လောကုတ္တရာ မဂ်ပညာ ဖိုလ်ပညာနှင့် ပြည့်စုံအောင် ကျင့်ခြင်း၊

(၁၂) ပဌမဈာန်= မိစ္ဆာဝိတက်ကို– ပယ်သတ်နိုင်သော– သမထ ဘာ ဝနာအကျင့်၊

(၁၃) ဒုတိယဈာန်= မိစ္ဆာဝိစာရကို– ပယ်သတ်နိုင်သော– သမထ ဘာဝနာအကျင့်၊

(၁၄) တတိယဈာန်= တဏှာပီတိကို– ပယ်သတ်နိုင်သော– သမထ ဘာဝနာ အကျင့်၊

(၁၅) စတုတ္ထဈာန်= ရာဂါသုခကို– ပယ်သတ်နိုင်သော– သမထ ဘာဝနာအကျင့်၊

ထိုစရဏ တဆယ့်ငါးပါးတို့ကိုလည်း၊ မြတ်စွာဘုရားရှင်သည်၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ဖြည့်ကျင့်ကိန်းအညီ၊ ပါရမီကို ရှာဖွေသည်မှစ၍၊ တစ, တစ, လုံးဝဥဿုံ– ပြည့်စုံတော်မူရာဝယ်၊ ပြိုင်ဘက်ကင်းစင်၊ နှိုင်းယှဉ်စရာမရှိအောင်ပင် ပြည့်စုံတော်မူပါပေတယ်။

## "သုဂတဂုဏ်တော်"

"သောဘနံ ဂမနတ္တာစ"

အေးမြငြိမ်းချမ်း၊ ဘေးဘျမ်းမစပ်၊ နိဗ္ဗာန်ရပ်သို့၊ (၀၁) အမြတ်ထွဋ်ခေါင်၊ လေးမဂ်ဖေါင်ဖြင့်၊ အခမှောင်ပယ်ဖြတ်၊ သဗ္ဗညုတ ဉာဏ်တော်မြတ်သို့၊ တင့်အပ်သာညွှင်း၊ အရိယာမဂ်အခင်းဖြင့်၊ လာခြင်းကောင်းတော် မူသည်၏ အဖြစ်ကြောင့်လည်း၊ သုဂတော– သုဂတမည်တော် မူပါပေ၏။

"ဂတတ္တာ သုန္ဒရံပဒံ"

ဒုက္ခမကင်း– သခ်ၤတနယ်အတွင်းမှ၊ ချမ်းသာရာမှန်– အသခ်ၤတ, မြတ်နိဗ္ဗာန်သို့၊ ဂတတ္တာစ– မသွေမဖေါက်၊ တောက်လျှောက်မြဲမြံ– ကြွရောက်စံပယ်တော်မူသည်၏ အဖြစ်ကြောင့်လည်း၊ သုဂတော– သုဂတ မည်တော်မူပါပေ၏။

"သမ္မာ အာဂတတ္တာစ"

မဖေါက်မပြန်– အဓိဋ္ဌာန်ဖြင့်၊ စိတ်ကြံအတိုင်း၊ ပါရမီပိုင်းကို၊ အလှိုင်းတကြီး၊ ဖြည့်ခါဆည်းလျက်၊ ရပြီးနိဗ္ဗာန်၊ လက်လွှတ်ပြန်၍၊ မိန့်ခံဗျာဒိတ်၊ ရင်ဝယ်ချိပ်ခါ၊ ဘိသိက်ဗုဒ္ဓါ၊ ဘိသေကာကို၊ မက္ကာရစေ၊ လေးသင်္ချေနှင့်၊ ကမ္ဘာတသိန်း၊ ကျင့်ဆောင်ထိန်းလျက်၊ မတိမ်းမစောင်း၊ လာခြင်းကောင်းတော်မူသော အကြောင်းကြောင့်လည်း၊ သုဂတော– သုဂတမည်တော် မူပါပေ၏။

"သမ္မာ ဂတတ္တာစ"

ကျိုးရှိဟုတ်မှန်၊ သူ့နာခံလို– မနာလိုဖြင့်၊ စကားခြောက်မျိုး၊ အဆိုးလေးပါး၊ ပယ်ခွာငြား၍၊ စကားနှစ်မည်၊ မြင့်မြတ်မှန်ကန်သည်ကို၊ ဟောပြောဆိုတော်မူသောအကြောင်းကြောင့်ရင်း၊ ထိုသို့–လာခြင်း, လားခြင်း, ကောင်းခြင်း ဝစီ– သစ္စာမည်သော လေးလီသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း၊ သုဂတော- သုဂတ မည်တော်မူပါပေ၏။

## ''ခြောက်ခွန်းစကား - ပယ်ပုံများ''

(၁) မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတပါး မနှစ်လိုသော စကား၊
(၂) ဟုတ်သည်မှန်သည်၊ အကျိုးမရှိ၊ သူတပါး မနှစ်လိုသောစကား၊
(၃) ဟုတ်သည်မှန်သည်၊ အကျိုးရှိသည်၊ သူတပါး မနှစ်လိုသော စကား၊
(၄) မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတပါးနှစ်လိုသော စကား၊
(၅) ဟုတ်သည်မှန်သည်၊ အကျိုးမရှိ၊ သူတပါးနှစ်လိုသောစကား၊
(၆) ဟုတ်သည်မှန်သည်၊ အကျိုးရှိသည်၊ သူတပါးနှစ်လိုသောစကား၊

ဤစကားခြောက်မျိုးတို့တွင်၊ ၁/၂ နှင့် ၄/၅ ကို-ဘုရားရှင် လုံးဝပယ်ပြီးတော့၊ ၃/၆ ကိုသာ ဘုရားရှင် ပြောဆိုတော် မူပါတယ်၊ ၁/၂/၄/၅ တို့မှာ= မမှန်ကန်ခြင်းနှင့်၊ အကျိုးမရှိသော စကားတို့သာဖြစ်ရာ၊ ကိလေမကင်း ပုထုဇဉ်စာရင်းဝင်နေသူတို့သာ ပြောဆိုတတ်ကြပါတယ်။ မြတ်ဘုရားရှင်မှာ-ခပ်သိမ်းကိလေ, ကင်းစင်ချေပြီးဖြစ်၍၊ ထိုစကားမျိုးတို့ကို လုံးဝမပြောဆိုတော့ပါ၊ အမှတ်ခြောက် စကားတော်မျိုးကို ချင်းချက်မရှိ၊ ပြောတော်, ဟောတော်မူတတ်ပြီး၊ အမှတ်သုံးမှာ= မကြိုက်မနှစ်လိုသော်လည်း မှန်ကန်သော အကျိုးကို ရရှိလေအောင်၊အမိ,အဘတို့သည်၊ သံချိပ်မျိုမိသော ခလေး၏ ဘေးဒုက္ခကို မရှုစိမ့်နိုင်ရကား၊ လက်ငင်းဒုက္ခ ပြင်းပြမည်ဖြစ်သော်လည်း လည်ချောင်းတွင်းမှ သံချိပ်ကို အတင်းဆွဲယူထုတ်ဆောင်ပေးသကဲ့သို့၊ အကျိုးမှန်ကို တကယ်ရရှိမည်ဆိုပါက မြတ်ဘုရားရှင်သည်၊ ဆိုဆုံးမတော် မူလေ့ရှိသည် ဟုလည်း မဟာကရုဏာတော်မြတ်ကို၊ ကြည်ညိုအပ်ပါတော့သည်။

## ''လောကဝိဒူ ဂုဏ်တော်''

သောဘဂဝါ=ထို ဘုန်းတော်ခြောက်စုံ- ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ လောကဝိဒူ- သတ္တ, သင်္ခါရ- ဩကာသ ဟု လောကသုံးခွင်, ဘုံအပြင်၌၊ လောက၏ဖြစ်ပုံ၊ လောက၏ ဖြစ်ကြောင်း- လောက၏ ချုပ်ခြင်း၊ လောက၏ ချုပ်ကြောင်းတို့ကို၊ အစမှအဆုံးတိုင်၊ မကျန်မကြွင်း ထင်လင်းစွာ သိတော်မူခြင်းကြောင့်လည်း၊ လောကဝိဒူ- လောကဝိဒူဂုဏ်တဆူ နှင့် ပြည့်စုံတော် မူပါပေ၏။

**တနည်းအားဖြင့်....**

သောဘဂဝါ-ထိုဘုန်းတော်ခြောက်ပါးသခင် မြတ်စွာဘုရားရှင်သည်၊ သဘာဝတော-ပဋ္ဌုပါဒါနုက္ခန္ဓာ ဒုက္ခသဘောအားဖြင့်ရင်း။ သမုဒယ-တဏှာ စသည့်- မူလဖြစ်ကြောင်းအားဖြင့်ရင်း၊ နိရောဓါ-ဒုက္ခ,သမုဒယ-နှစ်ခုချုပ်ရာ၊ ဝိသင်္ခါရသဘောအားဖြင့်ရင်း၊ တဒုပါယတော-ထိုနိဗ္ဗာန်သို့ ရောက်ကြောင်း, လမ်းကောင်း, အစီအရင်- အင်္ဂါရှစ်အင်- အရိယာမဂ်အယာဉ်အားဖြင့်ရင်း၊ အဝေဒိ-ပိုင်းခြားတိတိ သိတော်မူလေပြီ၊ တေန-ထို့ကြောင့်၊ သောဘဂဝါ- ထိုဘုန်းတော်သခင် ဘုရားရှင်သည်၊ လောကဝိဒူတိနာမ- လောကဝိဒူ မည်ပါ ပေ၏။

ဤလောကဝိဒူဂုဏ်တော်မြတ်ကား၊ သဗ္ဗညုတဉာဏ်တော်မြတ်၏အစွမ်း သကပ်ဖြစ်ရကား၊ လောကသုံးပါးနှင့်စပ်၍၊ အဖွင့်, အလှစ်, အဆက်အစပ်, အပိုင်းအခြား-လွန်စွာ ကျယ်ဝန်းများပြားလှတော့သည်ဖြစ်၍၊ သိတော်မူခြင်း ၏ဉာဏ်တော်အနန္တ- အစိန္တိယျ-အပ္ပမေယျ ဖြစ်သောကြောင့်၊ ကြည်ညိုမဆုံး- ဖွင့်ဆိုမဆုံး-အာရုံမဆုံး-ချယ်မှုန်းလေးစား-မြတ်နိုးကော်ရော်-ပူဇော်အပ်သော ဂုဏ်တော်မြတ်ကြီး ဖြစ်ပါပေတော့သတည်း။ ။

## ''အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်''

သောဘဂဝါ-ဘုန်းတော်ခြောက်ရပ်- ကျေးဇူးတော်အထပ်ထပ်နှင့်- ပြည့်စုံတော်မူသော ထို-မြတ်စွာဘုရားသခင်သည်၊ဣတိပိ-ဣမိနာစကာရဏေန- သတ္တဝါသ,ဘုံကိုးဝဠ်၊ သီလ, သမာဓိ,ပညာ- မုဝိတ္တ-ဘူရိပညာ, မပြည့်ပါ၍၊ ရှာကြံမှီဝဲ-အတုအတူနှိုရမည့်- ခပဲ့ပုဂ္ဂိုလ်, မရှိမလိုအောင်- အလွန်အကျူး- အထူးပြည့်လတ်-အမြတ်ဆုံး ဖြစ်တော်မူအပ်သောကြောင့်လည်း၊ အနုတ္တရော- အနုတ္တရ မည်တော်မူပါပေ၏။

သောဘဂဝါ-ထိုဘုန်းတော်ခြောက်ဂုဏ်- ခြောက်ရောင်စုံနှင့်- ခြောက်ဂုဏ်တရား- ဟောဖော်ကြားသည့်- သဗ္ဗညုတ,မြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန- ကျွတ်ထိုက်သင့်ငြား- နတ်နှင့်လူများအပြင် သတ္တဝါ တခွင်ကို၊ အကြမ်း, အနု, အလတ်ပြု၍၊ ယဉ်ကျေးသိမ်မွေ့-စင်ကြယ်လေ့ဖြင့် ဝဋ္ဋဒုက္ခအငွေ့အသက်တို့မှ ကင်းလွတ်တွက်မြောက်အောင်၊ ပေကျွာကောင်း၍ တနည်း= ကရုဏာသဘောင်ဖြင့်တသွယ်= သဗ္ဗညုတဉာဏ်ရောင်ချယ်၍၊ ကယ် ဆောင်ဆုံးမ-နည်းပြပဲ့ပြင်ရာဝယ်၊ အတုမဲ့အောင်မြင်တော်မူခြင်းအကြောင်း

ကြောင့်လည်း၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ– အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူပါပေ၏။

ဤသို့-မြတ်စွာဘုရားရှင်၏–အနုတ္တရော ပုရိသ ဒမ္မသာရထိ– ဂုဏ်တော် မြတ်သည်၊ အနုတ္တရနှင့်–ပုရိသဒမ္မသာရထိကို ခွဲ၍ယူသော်– ဂုဏ်တော်ဆယ်ပါး ဖြစ်ပါ၏။ ပေါင်း၍ယူသော် ဂုဏ်တော်ကိုးပါးဖြစ်ပါသည်၊ ပေါင်း၍ယူခြင်း ကိုးပါးဖြစ်သော ဂုဏ်တော်မှလည်း၊ အနုတ္တရော= အနုတ္တရအရမှာ= မြတ်စွာ ဘုရားသခင်သည်– နေရဉ္စနာမြစ်ကမ္ဘားဝယ်၊ တသတ္တဟ စံပယ်တော်မူစဉ်၌၊ မိမိအား သီလ, သမာ, ပညာ, ဝိမုတ္တိတို့- မပြည့်မလျှ– ကျန်ရှိသေးပြန်က၊ အဘယ်သူ့ ထံ နိုသယခံ-မှီငြမ်းပူ၍ ပြည့်စုံစေရမည်နည်းဟု ဆရာတင်ရန်စိတ် တော်မှ ကြံစီပြီး ရှာဖွေတော်မူလေရာ၊ သတ္တဝါသ, ဘုံကိုးဝတွင်–ဆရာအသွင် တင်စရာအဖြစ် လုံးဝမမြင်သည်ကိုရင်း၊ ·ထိုသီလ, သမာ, ပညာ, ဝိမုတ္တိတို့သည် လည်း၊ အပရိပူရိ-မပြည့်ဝမရှိ- ဆည်းပူးရန် လိုအပ်သည်မရှိပုံကိုရင်း၊ ဉာဏ် တော်ဝယ်ထင်ရှား–တွေ့ရှိခြင်းပါသဖြင့်၊ ဗုဒ္ဓထက်, အနုတ္တရ ဆရာ မရှိကေန် သာဖြစ်ပါတော့သည်။ ထို့ကြောင့် သဟံပတိ ဗြဟ္မာ လျှောက်တင်လာသော ရှေးဘုရားစဉ်လာ- ဗုဒ္ဓတံထွာအားဖြင့် မိမိသဗ္ဗညုတဉာဏ်တော် အဟုန်ဖြင့်- မျက်မှောက်ပြုအပ်ကုန်သော ဓမ္မတရားကိုသာလျှင် ဆရာအသွင်တင်ကာထား၍ ဝိဘဇ္ဇဝါဒအားဖြင့် နေတော်မူအပ်ခြင်းခဲ့ပါတော့သည်။

## ''သတ္ထာဒေဝ မနုဿာန ဂုဏ်တော်''

သောဘဂဝါ–ထိုဘုန်းတော်ဝေဖြာ·စေသတ္ထာဟု-အတုမရှိ မုနိထွဋ် ထား-ရှင်တော်မြတ်ဘုရားသည်၊ ဠတိပိ ဠမိနာစ ကာရဏေန–ဤသို့ ဆရာမရှိ, လွန်ကဲဘိသည့်- ဘူရိပညာ၊ အနုတ္တရနှင့် ဆုံးမပဲ့ပြင်–ထွဋ်ခေါင်တင်, ဖြစ်တော်မူ သည့်အတိုင်း၊ လူနတ်, ဗြဟ္မာ-သတ္တဝါတို့၏ ပစ္စုပ္ပန်,တမလွန်၌၊ လောကီ, လောကုတ်-မယုတ်ဖွင့်ဖြိုး–ဆင့်ဆင့်တိုးစေလျက်၊ ဝဋ်မျိုးကင်းကွာ- နိဗ္ဗူတာ ကို- ညွှန်ကာဆောင်လတ်– ရောက်စေတတ်အောင်– မပြတ်ကယ်တင်တော်မူ တတ်ပေသောကြောင့်၊ သတ္တဝါ, သူငါတို့၏ ဆရာစစ်,ဆရာမှန်– ဆည်းကပ်, အားကိုးဘွယ်ရာ ဝေကန်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း၊ သတ္ထာ ဒေဝ မနုဿာန်-သတ္ထာဒေဝ မနုဿာန မည်တော်မူပါပေ၏။

ထိုသို့–လူနတ်ဗြဟ္မာ–သတ္တဝါတို့၏ ဆရာစစ်, ဆရာမှန်– ကေန်ဥက္ကဋ္ဌ– အမြတ်ကြီး–အမြတ်ဆုံးဖြစ်တော်မူပုံကို ဝိသုဒ္ဓိမဂ်လာစကားပြေအရ=ပရမတ္ထသ ရှုပ၌ ဖေါ်ပြထားအပ်သည်မှာ....

"ဒိဋ္ဌေဓမ္မေ သမ္ပရာယိကေဟိ ပရမတ္ထေန
ယထာရဟံ နုသာသတိ ဒေသနာပိ ဝုစ္စတေ သတ္ထာ။"

ဒိဋ္ဌိဓမ္မိက သမ္ပရာယိကေဟိ–မျက်မှောက်အမြင်၊ ဤကိုယ်တွင်ဝယ်၊ယှဉ်တွယ်အကျိုး၊ ပစ္စုပ္ပန်မျိုးနှင့်၊ ကံ့ကိလေသာ– အစွမ်းဖြာ၍၊သွားလာယှဉ်စပ်–နောင်တမလွန် အရပ်ရပ်အကျိုးတို့ဖြင့်၎င်း၊ ပရမတ္ထေန–အမြတ်ထူးချွန်–သာကဲလွန်သည့်– အမွန်နိဗ္ဗာန် ရစေရန်အကျိုးတို့ဖြင့်၎င်း၊ ယထာရဟံ-ထိုထိုကောင်းကျိုး–ထိုက်သင့်ရာမျိုးတို့ကို တိုး၍တက်ပွား-ရရှိငြားအောင်၊ အနုသာသတိ–အစဉ်ဆုံးမ, တနည်းပြင်၊ သွန်သင်တော်မူ တည်စေတော်မူတတ်ပါပေ၏။ ဒေသနာပိ=ထိုသို့သောအကြောင်းကြောင့်လည်း၊ သတ္ထာ=မုနိထွဋ်ချာ–တုမရှိ,မြတ်ဆရာဟူ၍၊ ဝုစ္စတေ-ဆိုအပ်ပါပေ၏။

## "ဗုဒ္ဓဂုဏ်တော်"

သောဘဂဝါ-ထိုမြတ်စွာဘုရားသည်၊ (ဝါ) ဗုဒ္ဓအစ-သကျမုနိအဆုံး–သုံးဆယ့်ခုနစ်လုံးသော အမည်တော် ဂုဏ်နာမ်ပုဒ်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစကာရဏေန= ဗုဒ္ဓဟူဘိ, ထိခြင်း, နိုးခြင်း, ပွင့်ခြင်း, ရှိတော်မူပုံအရ၊ အရိယသစ္စာလေးပါး မြတ်တရားကို "စတုသစ္စဝိနိမုတ္တော ဓမ္မောနာမနတ္ထိ"နှင့်အညီ၊ ကြွင်းကျန်တစိ–မရကုန်စင်,သိမြင်တော်မူသော အကြောင်းကြောင့်လည်း၊ ဗုဒ္ဓေါ– ဗုဒ္ဓ မည်တော်မူပါပေ၏။ ။

တနည်းအားဖြင့်လည်း=

ဗုဇ္ဈိတာ သစ္စာနိတိဗုဒ္ဓေါ။ ။သစ္စာနိ-သစ္စာလေးပါးမြတ်တရားတို့ကို၊ ဗုဇ္ဈိတာ-ဖေါက်ထွင်းကုံလုံ အရိယာဉာဏ်ဟုန်ဖြင့် သိရှိတော်မူပါပေ၏။ ဣတိတသ္မာ-ထို့ကြောင့်၊ ဗုဒ္ဓေါ-ဗုဒ္ဓမည်တော်မူပါပေ၏။

ဗောဓေတာ ပဇာယာတိဗုဒ္ဓေါ။ ။ပဇာယ-ဝေနေယျကြာ-သတ္တဝါတို့အား၊ ဗောဓေတာ- သစ္စာလေးအင် မဂ်ဉာဏ်စဉ်, ဖိုလ်ဉာဏ်စဉ် နိဗ္ဗာန်ခွင်ကို၊ ကိုယ်တော်တိုင်သိမြင်သကဲ့သို့၊ သိအောင်ညွှန်ပြ-သိစေတော်,ရစေတော်မူတတ်ပါပေ၏။ ဣတိတသ္မာ-ထို့ကြောင့်၊ ဗုဒ္ဓေါ–ဗုဒ္ဓ မည်တော်မူပါပေ၏။

ဤသို့ ဗုဒ္ဓဂုဏ်ရောင် သဗ္ဗညုတဉာဏ်တော်ဘောင်နှင့် သိစေတော်မူခြင်းဂုဏ်အခင်းသည်၊ သမ္မာသမ္ဗုဒ္ဓ-ဂုဏ်တော်၌လည်း၊ သစ္စာလေးပါး မြတ်တရားကို၊ ဆရာမရှိ, မိမိအလိုလို ကိုယ်တော်တိုင်သိခြင်းဟု ဆိုအပ်သော သစ္စာလေးပါးသိတော်မူခြင်းများ၌၊ နှစ်ပါးစုံတူညီနေရာ၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နှင့်

ဗုဒ္ဓဂုဏ်တော်နှစ်ပေါ်ကို၊ ဤသို့ ခွဲခြား၍ သိစေတော်မူသင့်, ကြည်ညိုသင့်ကြပါတော့သည်။ ထိုဂုဏ်နှစ်ပါးတို့၏ အထူးကား....။

"သမ္မာသမ္ဗုဒ္ဓေါတိ ဣမိနာ သခေ်ပတော ဝိတ္ထာရတော စ သတ္တု စတုသစ္စာဘိ သမ္ဗောဓော ဝုတ္တော၊"

"ဗုဒ္ဓေါတိပန ဣမိနာ တဒညသ္သာပိ ဉေယျဿဝ ဗောဓော"

"ပုရိမေန ဝါ သတ္ထု ပန ပဋိဝေဓဉာဏာနုဘာဝေါ ပစ္ဆိမေန ဒေသနာ ဉာဏာနုဘာဝေါပိ၊"

(မဟာနိဒ္ဒေသ–ဋီကာ)

သမ္မာသမ္ဗုဒ္ဓေါတိ ဣမိနာ= သမ္မာသမ္ဗုဒ္ဓေါ ဟူသော ဤ ပါဠ်ဖြင့်၊ သခေ်ပတော- အကျဉ်းအားဖြင့်၎င်း၊ ဝိတ္ထာရတော စ- အကျယ်အားဖြင့်၎င်း၊ စတုသစ္စာဘိ သမ္ဗောဓော- သစ္စာလေးပါး, မြတ်တရားတို့၌ သိတော်မူခြင်းကို၊ ဝုတ္တော- ဆိုအပ်၏။

ဗုဒ္ဓေါတိပန ဣမိနာ– ဗုဒ္ဓေါဟူသော ဤပုဒ်ဖြင့်မူကား၊ တဒညဿာပိ– ထိုသစ္စာလေးပါးမှ တပါးလည်းဖြစ်သော၊ ဉေယျဿ– သိအပ်သော တရားအားလုံးတို့ကို၊ အဝဗောဓော– ထိုးထွင်း၍ သိတော်မူခြင်းကို၊ ဝုတ္တော– ဆိုအပ်၏။

(ဝါ) တနည်းကား။ ။ပုရိမေန–သမ္မာသမ္ဗုဒ္ဓဟူသော ရှေ့ပါဠ်ဖြင့် သတ္ထု–မြတ်စွာဘုရားသခင်၏၊ပဋိဝေဓဉာဏာနုဘာဝေါ–အရဟတ္တမဂ်,ဖိုလ်နှင့်တကွသော သဗ္ဗညုတ၏ ပဋိဝေဓဉာဏ် အာနုဘော်ကို၊ ဝုတ္တော– ဆိုအပ်၏။ ပစ္ဆိမေန– ဗုဒ္ဓေါဟူသော နောက်ပုဒ်ဖြင့်၊ ဒေသနာဉာဏာနုဘာဝေါပိ– ဒေသနာဉာဏ် အာနုဘော်ကိုလည်း၊ (ဝါ) ဟောကြားထုတ်ဖေါ်– တရားတော် အဖုံဖုံ၊ နည်းမျိုးစုံကို ရှင်းလင်းကုန်စင်အောင်၊ ပြဆိုတော် မူနိုင်စွမ်းသော ဒေသနက္ကမ ဒေသိတဗ္ဗ, အစွမ်းတော် အာနုဘော်တော်ကိုလည်း၊ ဝုတ္တော–ဆိုအပ်၏။

ဤသို့အားဖြင့်– သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်မြတ်ကို၊ ဒုတိယဂုဏ်တော်အဖြစ်၊ သက်ဝင်နဲ့ပြီးမှ၊ အဋ္ဌမမြောက်ဂုဏ်တော်ကို၊ ဗုဒ္ဓ–ဟူ၍၊ ထပ်ဆင့်ပြည့်စုံတော်မူခြင်းသည်၊ မတူခြားနား, ကွဲပြားသောအားဖြင့်– ပိုင်းခြားသိရှိကြည်ညိုမိကြစေလိုပါသည်။ ဗုဒ္ဓ၏- ဗုဒ္ဓကဟု ဆိုနေကြသော်လည်း၊ ဦးဖြူ–ဦးမဲလို နာမယ်မျှ သဘောတွင် သာမာန်ကာ, ရှန်ကာ- နစ်မနေစေဘဲ၊ ဂုဏ်တော် အစင်ကို၊ ဖွေလှစ်လေးစား, ကြည်ညိုနိုင်ကြပါစေ။ ။

# ''ဘဂဝါ ဂုဏ်တော်''

သောဘဂဝါ– ထိုမြတ်စွာဗုဒ္ဓ– သဗ္ဗညုတဉာဏ်ရှင်၊ ဘုရားသခင်သည် ဣတိပိ–ဣမိနာစ ကာရဏေန– ဤသို့ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တမည်– ဘုန်းတော်ခြောက်လီနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့် လည်း၊ ဘဂဝါ- ဘဂဝါမည်တော်မူပါပေ၏။

ထို= ဣဿရိယ– အစဖြာသော ဘုန်းတော်ခြောက်ပါး၊ အကျဉ်း အချုပ်အားဖြင့်- သိကြရန်မှာ ...

(၁) ဣဿရိယ။ ။တရားလုံးစုံ၊ စိုးရကုန်၍၊အာရုံတသင်း၊ ပေါင်း ဆုံလျှင်းက၊ မယွင်းပုံသေ၊ အမြတ်ဝေအောင်၊ ဓမ္မေသတိ၊ အစဉ်ရှိလျက်၊ မိမိစိတ်ကို၊ ဖြစ်စေလိုရာ၊ စိုးရခါဖြင့်၊ နိုင်စွာ ဓီတိ၊ ဣဿရိဟု၊ မည်ရှိဘုန်းတော်၊ ပြည့်ဖြိုးကျော်သည်၊ ဘုန်းမော်ဘဂ– ပဌမတည်း။

(၂) ဓမ္မ။ ။ဘဂဘုန်းတော်၊ ခေါ်ဆိုအညီ၊ ရှေးပါရမီကြောင့်၊ လောကီဓမ္မ၊ သူငါရကို၊ ဘုန်းမဆိုရှင့်၊ မဂ်ဖိုလ်, နိဗ္ဗာန်၊ ပြည့် ဖြိုးလျှံသည့်၊ ကိုးတန်ဓမ္မ၊ လောကုတ္တရကို၊ မုချအစစ်၊ ဓမ္မ ရာဇ်ဟု၊ ရှင်ချစ်မှန်ကူ၊ သယမ္ဘူဖြင့်၊ လွယ်ကူဖေါက်ထွင်း၊ ရယူတော် မူနိုင်ခြင်းတည်းဟူသော- ဓမ္မဘုန်းတော်။

(၃) ယသ။ ။ဗုဒ္ဓရှင်တော်၊ ပွင့်ပေါ်လာခြင်း၊ ထိုအခင်းကား၊ ခဲယဉ်းဒုလ္လဘ၊ ရခဲစွာ့ရှင့်၊ ဓမ္မလင်းရောင်၊ ပွင့်ပေါ်ဆောင် သော်၊ အခေါင်ထွဋ်ဖျား၊ မြတ်ဘုရားဟု၊ ကြော်ကြားနှံ့သိ၊ တုမရှိသား၊ ဇာတိ, အာဏာ၊ ဝိသယာဟု၊ သုံးဖြာခေတ်တွင်း၊ ပျံ့ကျော်သင်းလျက်၊ မယွင်းမှန်လှ၊ ခြံရံခ,သည်၊ ယသဘုန်း တော်- မြတ်ဖုန်းမော်တည်း။

(၄) သိရီ။ ။ရူပကာယ၊ လက္ခဏာသုံးဆယ်၊ နှစ်ခုဆွယ်လျက်၊ အံ့ ဘွယ်ယောကျ်ား၊ မြတ်ဘုရားကား၊ သိုထားဆင့်ပေါင်း၊ ရှစ် ဆယ်လောင်းတည့်၊ ငယ်နှောင်းလက္ခဏာ၊ သွယ်ပြောင်းစွာ နှင့်၊ ဝဏ္ဏအဆင်း၊ ပြည့်ဝခြင်းပြင်၊ တခင်းမူရာ၊ ဣရိယာ၌၊

မဂ္ဂါဝလနွေ၊ တည်ရှိပေသည့်၊ ကိလေကင်းစင်၊ မြတ်ရှင်ပင်ကို၊ ဖူးမြင်အာရုံ၊ ဆိုခဲ့တုံးက၊ ကိုလိုသဒ္ဒါ၊ကြည်ညိုစွာလျှင်၊ပြဟ္မာ လူ့နတ်၊ ပူဇော်အပ်သည်၊ ထွဋ်မြတ်ကြက်သရေ၊ မြတ်ဘုန်း မဟေတည်း။

(၇) ကာမ။ ။ဘုန်းတော်အနန္တ၊ ကာမတခို၊ မြတ်အလိုကား၊ ဒုက္ခဝဋ်သား၊ သတ္တဝါများ၌၊ သနားကြင်နာ၊ ကယ်တင်ရာ ကို၊ စဉ်လာအောက်မေ့၊ ဝင်စားတွေက၊ မကွေ့မထောက်၊ အလိုမြောက်အောင်၊ စိတ်နောက်တခွင်၊ ကြံဆထွင်လျက်၊ ကယ်တင်ထုတ်ဆောင်၊ အကျိုးအောင်သည်၊ ဘုန်းခေါင် ကာမ၊ မြတ်ဆန္ဒကို၊ မရပိတ်ဆည်း၊ မာန်နတ်ကြီးပင်၊ တုန်ဟီး စွန့်ခွာ၊ ပြေးရရှာသည်၊ ဘုန်းတော်ကာမာ- ကြီးမြတ်စွာ တည်း။ ။

(၈) ပယတ္တ။ ။ပညာမိက၊ သမ္ဗုဒ္ဓဘုံ၊ မုချဗျာဒိတ်၊ ရသည့်ဟိတ် တွင်၊ ကိလေစင်အောင်၊ ကျင့်ခွင်အမြတ်၊ လုလ္လဓါတ်ကား၊ သိဒ္ဓတ်လောင်းလျာ၊ ဖြစ်မလာခင်၊ ပဝေစဉ်က၊ တုယှဉ်မရ၊ ဝီရိယကို၊ ကျင့်ထမယုတ်၊ လွန်အားထုတ်ခဲ့၊ အချုပ်မုနိ၊ ဖြစ် လာဘိလည်း၊ တစိတစောင်း၊ မလျော့ပြောင်းဘဲ၊ ညောင် စောင်းထက်မွေ၊ စက်မနေရှင့်၊ သုံးထွေညဉ့်ယံ၊ တရံခဏ၊ မွေ့ရုံမျှဖြင့်၊ တိုလျှချိုးခြံ၊ ဝီရိယံကို၊ ဓမ္မံအမြတ်၊ နှလုံးကပ် လျက်၊ မထပ်မနား၊ ဟောဖေါ်ကြားခါ၊ အများဝေနေ၊ ကျွတ်တန်းဝေအောင်၊ မနေမနား၊ လွန်ကြိုးစားသည်၊ အား ထားမြတ်နိုး၊ ခိုကိုးအပ်စွာ၊ ပယတ္တမည် ဘုန်းခြောက်လီ တည်း။ ။

* ဘုန်းတော်အနန္တ၊ ခြောက်ဌာနဖြင့်၊ ဖေါ်ပြအကျဉ်း၊ အာရုံ သွင်း၍၊ ထင်လင်းဉာဏ်ယူ၊ ပူဇော်မူက၊ ယှဉ်တူအကျိုး၊ တေဇဖြိုးလျက်၊တန်ခိုးဂုဏ်ရောင်၊ ပြည့်ဝဆောင်သည်၊အမှောင် ပယ်ခွင်း၊ အောင်မြင်ခြင်းကို၊ လက်ငင်းရပိုင်၊ ရယူနိုင်ကြပါ စေသတည်း။ ။ ထိုမှတနည်း၊ ဘဂ, ဘုန်းတော်၊ အံ့ဘွယ် မော်ကို၊ မဟာနိဒ္ဒေသ ပါဠိတော်၌လည်း....

ဘဂီ ဘဇီ ဘဂိ ဝိဘတ္တဝါ ဠတိ၊
အကာသိ ဘဂ္ဂန္တိ ဂရူတိ ဘာဂျဝါ၊
ဗဟူညိ ဉာယေဟိ သုဘာဝိ တတ္တနော၊
ဘဝန္တဂေါ သော ဘဂဝါတိ ဝုစ္စတိ။ ။

(မဟာနိဒ္ဒေသပါဠိတော်၊ နှာ-၁၆၂ စသည်ကို သင်္ဂဟဂါထာစီထားသည်။)

ယောဘဂဝါ- အကြင့်ဆိုအပ်ခဲ့ပြီး၊ ရွှေဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရားသည်၊ ဘဂီ- ဠသဗရိယ, စသည်အပြား- ဘုန်းခြောက်ပါးအတိ အပြည့်ရှိတော်မူပါပေ၏။ဘဇီ-မဂ်ဖိုလ် စသည့် ဓမ္မရတနာ-အရိယလေးသစ္စာကို ထင်စွာပိုင်းခြား အဘို့အစုအားဖြင့် ဟောကြားဝေဘန်တော် မူတတ်ပါပေ၏။ (ဝါ) ရွှက်ဟောင်းကျကြွေ၊ ရွက်သစ်ဝေသည်၊ အောင်မြေရဂုံ၊ တောရိပ်မြုံ ကို၊ နိတုံအမြဲ၊ မှီဝဲချဉ်းကပ်တော် မူပါပေ၏။ ဘဂီ- မရေမတွက်နိုင် ဖြိုင်ဖြိုင် ဒီးဒီး, မြစ်ရေစီးသို့၊ ကြီးမားသော ပစ္စည်းလေးရပ်၊ လာဘ်သပ္ပကာ ရှိတော် မူပါပေ၏။ (ဝါ) အတ္ထရသ, ဓမ္မရသ, စသည် သောင်းသောင်း, တရား အပေါင်းကို၊ ကောင်းစွာ, ဆည်းကပ်လေ့ ရှိတော် မူပါပေ၏။ ဝိဘတ္တဝါ- အတ္ထ-ဓမ္မ, ဥဒ္ဓေယျသောင်းပြောင်း, တရားအပေါင်းကို ထောင်းထောင်းညက် ကျေ- ကောင်းစွာပိုင်းခြား ဝေဘန်တော် မူတတ်ပါပေ၏။ ဠတိပိ- ဠမိနာ စကာရဏေန- ဤသို့သော အကြောင်းကြောင့်ရင်း၊ ဘဂ္ဂံ- ရာဂ, ဒေါသ, မောဟ, ဒိဋ္ဌိ- အစရှိပြား ကိလေသာတရားများကို၊ တပါးတရံ- မကြွင်းကျန် အောင် မဂ်ဉာဏ်လက်နက်- အရဟတ္တမဂ်စက်ဖြင့် ဖြိုဖျက်ခြင်းကို၊ အကာသိ- ပြုတော် မူလေပြီ၊ ဠတိပိဠမိနာစကာရဏေန-ဤသို့သော အကြောင်းကြောင့် ရင်း၊ ဂရု- ကျောက်ထီးတန်တု- အလေးဂရုပြုအပ်ပါပေ၏၊ ဘာဂျဝါ- လောကီ, လောကုတ်- ပစ္စုပ်, သံသရာ- ချမ်းသာကြီးကြောင်း၊ ကောင်းမှု ပါရမီအပေါင်းလည်း ရှိတော်မူပါပေ၏။ ဗဟူညိဉာယေဟိ- ကာယ, ဝေဒနာ, စိတ္တ, ဓမ္မာ, ဝိပဿနာဟု မျှားစွာဉာဏ်အယာဉ်- ဘာဝနာအစဉ်တို့ဖြင့်၊ သုဘာဝိ တတ္တနော, သုဘာဝိတတ္တာ- ကောင်းစွာမယုတ်၊ ပွားများအားထုတ်အပ်ပြီး သော သဘောရှိတော် မူပါပေ၏။ ဘဂဝန္တဂေါ-ဘဝရိပ်မြုံ-သုံးဆယ့်တဖုံမှ သဉ်းသိတ်ကုန်ရာ၊ နိဗ္ဗာန်တာသို့၊ သေချာပြီးမြောက်၊ မကောက်မကွေ့ ရောက် တော် မူပါပေ၏၊ ဠတိပိဠမိနာစကာရဏေန- ဤသို့များဖျင်၊ အကြောင်း အင်တို့ကြောင့်၊ သောဘဂဝါ- ထိုဘုန်းတော်ခြောက်လီ- ခြောက်ရောင်ခြည် နှင့် တင့်ညီထွန်းပ- မြတ်ဗုဒ္ဓကို၊ ဘဂဝါ- ဘဂဝါဟူ၍၊ ဝုစ္စတိ- မုချမသွေ ဆို အပ်ပါပေ၏။

## ''မြတ်ဘုရားဂုဏ်-ကိုးပါးစုံ၊ နိုလုံဦးချ-ပူဇော်ကြ''

အရယာံအစ=ဂုဏ်ကိုးဝတွင်၊ လူနတ်ဦးခိုက်၊ ပူဇော်ထိုက်၍၊ အမြိုက်သစ္စာ၊ ကိုယ်တိုင်သာလျှင်၊ ဆရာမရှိ၊ ထိုးထွင်းသိလျက်၊ ကဝိထွဋ်ချာ၊ စရဏာနှင့်၊ ဝိဇ္ဇာအလင်း၊ အမှောင်ခွင်းကာ၊ သုဂတာဟု၊ အလာ, အလား၊ ကောင်းခြင်းများပြင်၊ သုံးပါးလောက၊ ကြောင်းကျိုးစကို၊ ကျနကုန်စင်၊ သိခါမြင်လျက်၊ တသွင်မှုချ၊ အနုတ္တရနှင့်၊ ပုရိသဆို၊ များထိုထိုကို၊ အလိုစရိုက်၊ ချိန်ခါကိုက်၍၊ အမြိုက်တရား၊ ဆုံးမပြောခဲ့၊ ထွဋ်ဖျားဇမ္ဗူ၊ ဆရာမူလည်း၊ အတူမရှိ၊ ဖြစ်တုံဘိရှင့်၊ မုနိပဋ္ဌ၊ စိုးပိုင်သလျက်၊ ဗုဒ္ဓမည်ရင်း၊ ဂုဏ်တော်မင်းက၊ လေးခင်းသစ္စာ၊ ဒေသနာကို၊ တန်းဆာဆင်ခါ၊ ပရိညာနှင့်၊ ပဟာတဗ္ဗ၊ သစ္ဆိကဟု၊ မဂ္ဂပွားနည်း၊ အသီးသီးလျှင်၊ ပြည်ကြီးနိဗ္ဗူ၊ အောင်လံထူအောင်၊ ပေးယူရပိုင်၊ သိစေနိုင်လျက်၊ တခိုင်ဘဂ၊ ဘုန်းခြောက်ဝတွင်၊ မှီကြနိုလုံ၊ ကျေးဇူးဂုဏ်ကို၊ အာရုံဉာဏ်မြင်၊ သဒ္ဓါဆင့်လျက်၊ အသင့်ပညာ၊ ယှဉ်မှီးကာလျှင်၊ မက္ကာနွေည၊ မြတ်ဗုဒ္ဓဂုဏ်၊ နှလုံးထုံ၍၊ သုံးဘုံဝဋ်မှ၊ ကျွတ်ပါရအောင်၊ ဦးချမြတ်နိုး၊ ရှိသျှင်ခိုးသည်.... ကောင်းကျိုးကိုယ်၌ တည်စေသောဝ်။ ။

## ''တရားဂုဏ်တော် ခြောက်ပါး''

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော, အကာလိကော,
ဧဟိပဿိကော, ဩပနေယျိကော, ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ''

''သွာက္ခာတော''

ဘဂဝတော-ဣဿရိယ,ဓမ္မစသည်၊ခြောက်လီထင်ပေါ်-ရွှေဘုန်းတော်ရှင် မြတ်စွာဘုရားသခင်သည်၊ ဓမ္မော- မဂ်လေးတန်, ဖိုလ်လေးရပ်, နိဗ္ဗာန်-ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကို၊ သွာက္ခာတော-စ, လယ်, ဆုံးအား၊ သုံးပါးကောင်းလုံ၊ ပြည့်စုံပုဒ်နက်၊ လောင်းစွက်ပယ်ဘွယ်၊ ဓိပ္ပါယ်နက်ကင်း၊ သန့်ရှင်းပြည့်ဖြိုး၊ ကြောင်းကျိုးဖြောင့်မှန်၊ ကျင့်ရန်ပဋိပတ်၊ စပ်ဟပ်သင့်ရှောင်း၊ တည့်မစောင်းဘဲ၊ အောင်ကြောင်းနိဗ္ဗူ၊ တံခွန်ထူ၍၊ ရယူရောက်ကြောင်း၊ တရားတော်အပေါင်းကို ကောင်းစွာမသွေ၊ ဟောကြားတော်မူပါပေ၏။

''သန္ဒိဋ္ဌိကော''

ဓမ္မော- မဂ်လေးရပ်၊ ဖိုလ်လေးတန်၊ မြတ်နိဗ္ဗာန်ဟု ကိုးတန်သော လောကုတ္တရာတရားသည်၊ သန္ဒိဋ္ဌိကော-သေက္ခအမှန် ဝိပဿနာဉာဏ်-ထွဋ်ခေါင်

ယံဟု၊ ဝုဋ္ဌာနမည်တွင် ဥာဏ်ယှဉ်ပုဂ္ဂိုလ်နှင့်၊ ရာဂ ဒိကာ– ကိလေသာကို၊ ပယ် ခွါသတ်ပြန်၊ မဂ္ဂဋ္ဌာန်နဲ့ ဖလဋ္ဌာန်အရိယာ– ရှစ်ဖြာထိုထို၊ မြတ်ပုဂ္ဂိုလ်သည်၊ ကိုယ်တိုင်သာလျှင်၊ သဒ္ဓါယှဉ်လျက်၊ မဂ္ဂင်ကိုပွား၊ ပညာအားဖြင့် ပိုင်းခြား သတ်မှတ် မျက်မှောက်ပြုအပ်ပါပေ၏။ ။

"အကာလိကော"

ဓမ္မော– ကုံကိလေသာကို၊ အဖန်ဖန်တိချေကာ သတ်တတ်သော အမြတ် လေးပါး- မဂ်ဉာဏ်တရားသည်၊ အကာလိကော– မိနစ်နာရီ၊ ရက်လည်အဆက် စသည်တက်၍ ငံ့လျက်ရှည်ဝေး၊ ကျိုးပေးမငံ့၊ အခြားမဲ့လျှင်း၊ ယှဉ်စပ်ချဉ်း၍ လက်ငင်းဒိဋ္ဌိ၊ ဖိုလ်ကျိုးရသည့်၊ အကာလိက, ဓမ္မ-မည်ပါပေ၏။

"ဟေိပဿိကော"

ဓမ္မော– လောကုတ္တရာတရား မြတ်ကိုးပါးနှင့် ဘုရားနှုတ်ကမ္ပတ်၊ ပိဋ္ဋ ကတ်သည်၊ ဟေိပဿိကော– ဝေဟင်ထက်ထွန်း၊ ယုဂန်စွန်း၌၊ လဝန်းအလား ပတ္တမြားသဖွယ်၊ စင်ကြယ်ထင်ရှား၊ မြိုက်ဘရားကို၊ ထိုလားရှုထိုက်၊ သဒ္ဓါ ဆိုက်အောင်၊ သိုက်မြိုက်ပီတိ၊ ဘိတ်ခေါ်ဘိ၍၊ ဟေိလျှင်မြန်- အစီရင်ခံခြင်း ငှာ၊ အမှန်ထင်လျှား၊ ထိုက်ငြားပါပေ၏။

"ဩပနေယျိကော"

ဓမ္မော– ပရိယတ်, ပဋိပတ်– မြတ်ဓမ္မသည်၊ ဩကပ္ပနသဒ္ဓါငြိမ်း- သော တာပတ္တိမဂ် အင်္ဂါတဝှမ်းဖြင့်၊ ဩပနေယျိကော– စိတ်ထဲနှလုံးထဲ၌ အမြဲကပ် ဆောင်ထိုက်ပါပေ၏။ ဓမ္မော– ပဋိဝေဓည်ငြား၊ လောကုတ္တရာတရားကိုးပါး သည်၊ ဩပနေယျိကော– ကပ်၍ဆောင်သူ၊ မျှားဖိုလ်လူကို၊ နိဗ္ဗူသောင်မြတ် သစ္စာကပ်ဖြင့်၊ ဆောင်ပို့စေတတ်၊ ဂုဏ်သကပ်ကြောင့်၊ မပြတ်ဘက်ဝေ၊ ပမာ နေသို့၊ ကျင့်တိုက်ပေ–ဆောင်ထိုက်ပါပေ၏။

"ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"

ဓမ္မော-ကိုးပါးသော လောကုတ္တရာတရားကို၊ (၀၁) မဂ်လေးပါး, ဖိုလ် လေးပါး၊ မြတ်နိဗ္ဗာန်တရားသည်၊ ဝိညူဟိ–ဥဂ္ဃာဋိတညူ- ဝိပဉ္စိတညူ– နေယျ ဟူငြား၊ ကမ္မဇပညာ– အများအနဲ အားဖြင့်၊ လေးပါးသောသစ္စာကို ကျွန မြင်သိ၊ ပညာရှိတို့သည်၊ ပစ္စတ္တံ– မိမိဉာဏ်ဝယ်၊ အသီးသီးအားဖြင့်၊ ဝေဒိ တဗ္ဗော– ဝေဘန်ပိုင်းခြား၊ ထိုးထွင်းငြားလျက်၊ သိအပ်, ရှုအပ်, ခံစားအပ်

၏။ (၀၁) မျက်မှောက်ထင်ထင်- သက်ဝင်ပိုင်းခြား- သိမြင်သောအားဖြင့်၊ ခံစားအပ်သော တရားတော်မြတ် ဖြစ်ပါပေ၏။

တနည်းအားဖြင့်လည်း....

"သွာက္ခာတတာဒယော ဟောန္တိ၊ သန္ဒိဋ္ဌိကာဒိ ဟေတုတော၊
ဧဟိပဿိကော ယောစာပိ၊ သောနာမ ဩပနေယျိကော၊
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိတိ"

သန္ဒိဋ္ဌိကာဒိ ဟေတုတော- သန္ဒိဋ္ဌိက, အကာလိက, ဩပနေယျိက ဇသော- မျက်မှောက်ပြုရမှု၊ အကျိုးပေးရရှိမှု၊ ကပ်၍ ဆောင်မှုတည်းဟူသော နောက်နောက် အကြောင်းတို့ကြောင့်၊ သွာက္ခာတတာဒယော- သန္ဒိဋ္ဌိက, အကာလိက, ဟူသော ရှေးရှေးသော ဉာဏ်တော်တို့သည်၊ (၀၁) ဂုဏ်တော်တို့နှင့် ပြည့်စုံကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ ယောစာပိ- အကြင်တရားသည်လည်း၊ ဧဟိပဿိကော- ဝေဟင်ထက်ထွန်း၊ ယုဂန်စွန်း၍၊ လဝန်းအလား၊ ပတ္တမြား သဖွယ်၊ ကိုယ်ဝယ်ထင်ရှား၊ တည်ပေငြားသည့်၊ မြတ်တရားကို၊ မခြားမြင်မှု လာလှည့်ရှုဟု၊ အမှုကုန်စဉ်၊ စီရင်ခြင်းငှာ ထိုက်ပါပေ၏။ သောနာမဓမ္မော- ထိုဧဟိပဿိက ဂုဏ်တော်မည်သော တရားသည်၊ ဩပနေယျိကော- ပုဆိုး ဥဿျှောင် မီးလောင်ရဲရဲ၊ မသတ်ဘဲလည်း၊ စိတ်ထဲဆောင်လင့်၊ ဖြစ်စေသင့်ပေ၏၊ ပစ္စတ္တံဝေဒိတဗ္ဗော- စိတ်ဖြင့် အသီးသီး ဆောင်အပ်ပြီးလျှက်၊ ယှဉ်မှီးအမြတ် ပိုင်းခြားတတ်သူ၊ မျှားဗိုလ်လူကို၊ နိဗ္ဗူဆောင်တတ်- ဂုဏ်သကပ်ကြောင့်၊ ဝိညူ ဟိ- ဝေဘန်ပိုင်းခြား၊ သိဉာဏ်အားဖြင့်၊ ထင်ရှားမျက်မှောက် ခံစားရောက်၍ မပျောက်ဘယ်ခါ၊ ဖိုလ်မဟာကို၊ စဉ်လာဝင်စား၊ ဝိညူပွားသည်၊ တရား မှန်ကူ၊ ဆယ်ပါးတည်း။

ထို့ကြောင့် ယောဂီ-သဒ္ဓါတည်၍၊ ခြောက်လီဂုဏ်ရပ်၊တရားမြတ်တွင်၊ မပြတ်ဝန္ဒနာ- ပြုလိုပါမူ....

ဣစ္စေဝံ ဆဟိ ဂုဏေဟိ၊ ပါကဋ္ဌံ ဇိန ပူဇိတံ၊
သမ္ဗုတ္တိ ဒါယကံ ဓမ္မံ၊ နမာမိ တီဟိ အာဒရံ။ ။

ဣစ္စေဝံ-ဤသို့၊ ဆဟိဂုဏေဟိ=သွာက္ခာတတာ-အစလာသည့်- ခြောက် ဖြာဂုဏ်တော်-ကျေးဇူးမဟော်တို့ဖြင့်၊ ပါကဋ္ဌံ-နေ,လ,အလား၊ လူသုံးပါး၌၊ ထင်ရှားပေါ်လွင်, ဂုဏ်အင်မဟေး- ကြိုင်မွှေးတော်မူပေထသော၊ ဇိနပူဇိတံ- ပဥ္စမာရဇိန် ငါးမာန်နှိမ်သည့်- မုနိံသကျာ-စောမြတ်စွာသည်၊ သေဝနာအမြဲ-

နည်းနှစ်ကွဲဖြင့်၊ အမြဲမှီဝဲတော်မူအပ်ထသော၊ သမ္ဗတ္တိဒါယကံ– လူနတ်,နိဗ္ဗာန်-သုံးတန်ကြီးမား– စည်းစိမ်အားကို၊ မြောက်စားလက်ရ–ပေးတော်မူတတ်ပေထသော၊ ဓမ္မံ-မဂ်,ဖိုလ်,နိဗ္ဗာန်–ဓမ္မက္ခန်အား ဆယ်ပါးသောတရားတော်မြတ်ကို၊ တီဟိ-ကာယဉ္စတ်ချီ-အဥ္စလီနှင့်–ဝစီ,မန–သုံးဒွါရတို့ဖြင့်၊ အာဒရံ–ဂရုဂါရဝ,ရိုသေလှစွာ၊ နမာမိ–ဘယ,လာဘ, ကုလ, ကြဉ်ဝေး-သံသာဘေးမှ၊ လွတ်ရေးရည်မျှော်–ကျေးဇူးတော်ကို ချည်ငေါ်မြတ်နိုး- လက်စုံမိုး၍- ရှိခိုးပါ၏အရှင်ဘုရား။ ။

............o ...........

## သံဃာရတနာ ဂုဏ်ကိုးဖြာ

သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
ယဒိဒံစတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ
ဧသဘဂဝတော သာဝက သံဃော၊
အာဟုနေယျော ပါဟုနေယျော၊
ဒက္ခိနေယျော အဉ္ဇလီကရဏီယော၊
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

(သုပ္ပဋိပန္န)

ဘဂဝတော–ဘုန်းတော်ခြောက်စုံ–ကျေးဇူးဂုဏ်နှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရားသခင်၏၊ သာဝကသံဃော– တပည့်သားချစ်– အစစ်ဖြစ်သောသံဃာတော်သည်၊ သုပ္ပဋိပန္နော- ဘုရားအဆုံးအမ–မလွန်ရအောင် ညွှန်ပြတိုင်းသာ- ကျိုးနွံစွာဖြင့်၊ သမ္မာပဋိပတ်–အကျင့်မြတ်ကို၊ (ဝါ) သီလ, သမာဓိ, ပညာ-အကျင့်သိက္ခာသုံးပါးကို၊ (ဝါ) ပရိယတ်–ပဋိပတ်-ပဋိဝေဓ-သာသနာသုံးရပ်ကို မပြတ်သွေခွေ-ထမ်းဆောင်ကျင့်အပ်ပါပေ၏။

(ဥဇုပ္ပဋိပန္န)

ဘဂဝတော– ဘုန်းတော်နေရောင်- ထွန်းလင်းပြောင်သည့်- ထွဋ်ခေါင်သခင်,ဘုရားရှင်၏၊သာဝကသံဃော–တပည့်သားချစ်-ကေန်ဖြစ်သော သံဃာတော်သည်၊ ဥဇုပ္ပဋိပန္နော– အန္တဒွယ- ပါပကသို့ မကျမကပ်- မလှည့်ပတ်ဘဲ၊

မာယာနဲ၍၊ စဉ်းလဲကင်းလွတ်-တမွတ်ဖြောင့်စွာ၊ကိုယ်နှုတ်လျှာနှင့်၊ မနောစိတ်ဇော-မကောက်သောအားဖြင့် ကျင့်ပွားတော်မူတတ်ပါပေ၏။

(ဉာယပ္ပဋိပန္နော)

သောဘဂဝါ-မြတ်ဘုန်းခြောက်ဂုဏ် ခြောက်ရောင်စုံရှင် မြတ်စွာဘုရားသခင်၏၊ သာဝကသံဃော-တပည့်ရင်းချစ်- သားတော်ဖြစ်သည့် သံဃာတော်မြတ်သည်၊ ဉာယပ္ပဋိပန္နော- မဂ်, ဖိုလ်, နိဗ္ဗာန် ရောက်ကြောင်းမှန်သည့်-မဂ်ဉာဏ်ဗောဓ-အနုမှသည် အစတည်၍၊ တလီအာသဝက္ခယ-အရဟတ္တမဂ်ဖိုလ်ရအောင်ကျင့်ထသေခွေ-အားထုတ်ပြည့်စုံစေတော်မူပါပေ၏။

(သာမိစိပ္ပဋိပန္နော)

ဘဂဝတော–မြတ်ကိုးဂုဏ်ရှင်၊ ဘုန်းခြောက်အင်နှင့် စုံလင်ပြည့်ငြား၊ မြတ်ဘုရား၏၊ သာဝကသံဃော– သားရင်းတပည့် ခံယူဘိသည့် အရိယာနှင့်အရိယန္ဒယ်မော်- သံဃာတော်သည်၊ သာမိစိပ္ပဋိပန္နော- လူနတ်ကြည်ညို- မြတ်ဘုန်းမိုးသို့- တည်ခိုထိုက်ခွင့်၊ ဂုဏ်ရည်မြင့်စရာ၊ ကျင့်မူယာနှင့်၊ မက္ခာစိတ်မြတ်၊ မေတ္တာကပ်၍၊ ရအပ်ပစ္စယ-အဝဝတွင် တန်ဘိုးဝင်အောင် အစဉ်ကျင့်ဆောင်တော်မူတတ်ပါပေ၏။

ယဒိဒံ ယာနိ ဋ္ဌမာနိ စတ္တာရိ ပုရိသယုဂါနိ= အကြင်သို့ လမ်းစဉ်မှန်လှ၊ ပဋိပန္န-လေးဝ ရှမ်းစို၊ မဂ်ဖိုလ်နှစ်လီ ကျင့်ညီမြဲထုံ-စင်ကြယ်ကုန်သောနှစ်စုံလေးရပ်– အရိယာဇာတ်- ယောကျ်ားမြတ်တို့သည်၊ အဋ္ဌပုရိသပုဂ္ဂလာ–စတုမဂ္ဂ–ဖလလေးလီ-နိဗ္ဗာန်ဆီသို့၊ ဦးတည်မချွတ်- လှမ်းဆွတ်ကြေနံ့· ရှစ်တန်သော ပုဂ္ဂိုလ်မွန်တို့သည်၊ ဟောန္တိ–ဖြစ်ကုန်၏။ ဘဂဝတော- မြတ်စွာဘုရားသခင်၏၊ သေဿော သာဝကသံဃော-ဤသို့သဘောရှိသော တပည့်သားချစ်သံဃာတော်အစစ်သည်၊ အာဟုနေယျော- အဝေးမှပင် ဆောင်ယူငင်လာ-လှူဘွယ်ရာကို ယှဉ်ခါထိုက်စေ ခံတော်မူထိုက်ပါပေ၏။ ပါဟုနေယျော-ချစ်ခင်မြတ်နိုး-ဆွေမျိုးမိတ်ကလျာ-အတွက်သာဟု၊ ဖွယ်ရာမငြိးအသီးစီမံ-အာဂန္တုကဧည့်ဒါနကို မုချမသွေ ခံယူတော်မူထိုက်ပါပေ၏။ ဒက္ခိဏေယျော- လူနတ်, နိဗ္ဗာန်-ချမ်းသာမှန်မျိုး-မြတ်အကျိုးကို တက်တိုးရည်သန် အလှူမှန်ကို ခံတော်မူထိုက်ပါပေ၏။ အဉ္စလိကရဏီယော- အာယု, ဝဏ္ဏ, သုခ, ဗလ– ကောင်းကျိုးစံရ၊ ရည်သန်တလျက်၊ မာနရှိမ်နင်း–ဝပ်စင်းကော်ရော်-ဖူးမျှော်ပူဇော်ခြင်းကိုလည်း ခံယူတော်မူထိုက်ပါပေ၏။ လောကဿ– လူနတ်ဗြဟ္မာ, သတ္တဝါ

အားလုံးတို့၏၊ အနုတ္တရံ–ကြီးကျယ်ဖွံ့ဖြိုး-အကျိုးအရ နှိုင်းဆကင်းဘိ– တုမရှိသော၊ ပုညက္ခေတ္တံ–ကောင်းမှုမျိုးတို့ စိုက်ပျိုးဘွယ်ရာ၊ လယ်ယာတမျိုး အဘိုးထိုက်တန် မြေကောင်းမှန်ပါပေ၏။

ဣတိ –ဤသို့၊အနုဿရေယျထ-သံဃာကိုးဂုဏ် မြတ်အာရုံကို တထုံထုံစွဲ၊ အဖန်တလဲလဲသာလျှင်၊ အောက်မေ့ကြည်ညို ပူဇော်ကြပါလေကုန်။ (ဝါ) အောက်မေ့ကြည်ယုံ-ဖူးမြော်ပူဇော်ကြပါကုန်။ ။

ဤသို့ ဘုရား,တရား,သံဃာ,ရတနာ-မြတ်သုံးပါးတို့ကို၊ ယုံကြည်သဒ္ဓါကြည်ညိုစွာ ကိုးကွယ်, ဆည်းကပ် လည်းလျှောင်းအပ်ပါသည် ဆိုသော်ငြားလည်း၊ ရတနာမြတ်သုံးပါး၏ တကဲ့ သဒ္ဒေဝယျဝတ္ထုအမှန် အမွန်အမြတ်ဖြစ်ပုံ–ဂုဏ်တော်ဟုန်-ဘုန်းတော်ဟုန်–ကျေးဇူးတော်တို့နှင့် ပြည့်စုံသော ဂုဏ်တော်အရပ်ရပ်ကို ထိုက်သင့်သမျှ ပိုင်းခြားသိရှိမှသာ ထိုဂုဏ်တော်မြတ်တို့ကို အဖန်ဖန်အောက်မေ့နိုင်မှု အကြိမ်ကြိမ်ဝင်စားလျက်၊ ဉာဏ်မြင်အားဖြင့် ကျက်စားနိုင်မှုကို ရနိုင်မည်ဖြစ်ပါသည်၊ ထိုသို့-သုတမယပညာ မရှိပါက ဂုဏ်တော်မြတ်တို့၌ ဉာတပရိညာ–မဖြစ်နိုင်ပါ၊ တီရဏပရိညာ–သဘောသို့လည်း မသက်ဝင်နိုင်ပါ၊ ပဟာနပရိညာ– အမှားပယ်ခြင်းအားဖြင့် ဂုဏ်တော်အစစ်ကို၊ ဉာဏ်နှင့်မဝင်စားနိုင်ဘဲ၊ မျက်မြင်ရတနာ- စိတ်ထင်ရတနာသုံးပါးမျှနှင့်သာ ပြီးနေပါက၊ ရတနာစစ် သာသနာအနှစ်နှင့် တွေ့ဆုံရကျိုး မနပ်နိုင်တော့ပါ၍၊ ယခုကဲ့သို့ ထိုက်သင့်သမျှ ဖေါ်ပြပေးအပ်လိုက်ရပါသည်။ ထို့ကြောင့်– ဗုဒ္ဓဘာသာဝင်သူတော်စင်ဟု အမည်တွင်မကာ စုံလုံးကန်းရာမကျနိုင်အောင် ရတနတ္တယ ဂုဏ်တော်တို့၌ ပိုင်နိုင်စွာ သိရှိလျက် ဉာဏ်မီအောင်ကြည်ယုံနိုင်ပါစေဟု အောက်ပါဂါထာဖြင့် တိုက်တွန်းခြင်းပြုလိုက်ရပါသည်။ ။

သဒါ မာနံ ကရေဇာနံ၊ ရတနံ ရတနတ္တယေ၊
ကိံ အန္ဓော ရတနံ လဒ္ဓါ၊ ဝိဇာနေယျ အနဂ္ဃတံ။

ရတနတ္တယေ– တခေတ်တခါ၊ တို့ကမ္ဘာဟု၊ စဉ်လာသုံးထောင်၊ လွန်သည့်နှောင်မှ၊ အခေါင်ဘုရား၊ တဆူအားလျှင်၊ ပွင့်ငြားကြုံရ၊ ခဲယဉ်းလှသည့် ကောဝါဠ– သာရဏဂုဏ်ရှိမှု– ဒွေဝါစိက, တြိရတနတို့၊ မှချပေါ်လာ၊ ထူးခြားစွာသော ရတနာမြတ်သုံးပါး၌၊ ရတနံ- နှလုံးသည်းပွက်၊ နှစ်သက်ဖွယ်စုံ၊ ဂုဏ်ရည်ဝင်းသစ်၊ ရတနာ၏ အဖြစ်ကို၊ ဇာနံ– တရားမှန်မြင်, ဖန်ဖန် တင်လျက်၊

ဆင်ခြင်တွေးမိ- သတိနှင့်သိရှိသည်ဖြစ်၍၊ မာနံ- ပညာမလပ်, ပင့်ပတ်ကို၊ ရှစ်ရပ်မဂ္ဂင်- ကျင့်စဉ်ဝင်လျက်၊ အစဉ်မယွင်း, လေးမြတ်ဘူဇော်ခြင်းကို၊ သဒ္ဒါက ရေ–ဘယ်ခါမဆို၊ ရတနာကို၊ လွန်ကြည်ညိုသို့၊ အလိုတော်ကျ၊ လိုက်နာခလျက် ဆန္ဒမွေးကာ၊ ပြုကျင့်ရာ၏။ အန္ဒေ- သန္ဒေကပင်၊ (ဝါ) ရတနာတွင် အဝိဇ္ဇာ ယှဉ်၍၊ မမြင်မစမ်း–စုံလုံးကန်းသူ၊ အကြင်သူသည်၊ ရတနံ- အဖိုးထိုက်တန်၊ ကြည်ညိုမှန်နှင့် နာခံဆုံးမ, လိုက်နာရမည့် ဓမ္မအပေါင်း၊ ရတနာကောင်းကို၊ လဒ္ဓါ- အခွင့်သင့်ခါ၊ ရရှိလာသည်ရှိသော်၊ အနဂ္ဃတံ- အဖိုးကန့်သတ် မဖြတ်နိုင်အပ်သည်၏ အဖြစ်ကို၊ ဝိဇာနေယျ- ရေးရေးမျှပင် အမြင်မရှိ၊ အဘယ်မှာ လျှင် သိနိုင်ပါတော့အံ့နည်း။

အဲဒီလို– သန္ဒေကပါတဲ့ အကန်း= အဝိဇ္ဇာခွါမချနိုင်လို့ကန်းတဲ့ အကန်း အဖြစ်မျိုးမှ၊ တနာသုံးပါးနဲ့ ပတ်သက်လို့ ယောဂီတို့ ကင်းလွတ်နိုင်အပ်ပါပြီ။ ကင်းလွတ်ပြီးတော့လဲ= အဲဒီ- ဂုဏ်တော်မြတ်တွေကို နှလုံးသွင်းတတ်ရပါမယ်၊ နှလုံးသွင်းတတ်အောင်လဲ စိန္တာမယဉာဏ်နဲ့ အထပ်ထပ် ဝါစုဂ္ဂတ ပြုပေးရပါမယ်၊ နှလုံးသွင်းပြုပုံ၊ နမူနာကလေးတခု ပြပေးမယ်၊ ကျန်တဲ့ဂုဏ်တော်သဘောတွေကို၊ ဤနည်းကို အစဉ်လိုက်၍၊ အောက်မေ့ ကျက်စားနိုင်ပါစေ။ ။

(ဗုဒ္ဓ-ပါဠိလို သဒ္ဒါ၊) (ဘုရား–မြန်မာလိုသဒ္ဒါ၊) အဲဒါ- အနက်အဓိပ္ပါယ်ကို သိတာလား၊ ပါဠိသဒ္ဒါကနေ– မြန်မာသဒ္ဒါအရ သိတာလား၊ အနက်အဓိပ္ပါယ်ကို သိခြင်းမဟုတ်ဘူး၊ မြန်မာသဒ္ဒါနဲ့ သိခြင်းဘဲဖြစ်တယ်၊ အနက်အဓိပ္ပါယ်က စာထဲမှာ၊ နှုတ်ထဲမှာ၊ အသံထဲမှာ မရှိဘူး၊ စိတ်ဉာဏ်ထဲမှာဘဲ ရှိတယ်၊ ဒါပေမဲ့– ဗုဒ္ဓ– ဘုရားလို့ဖတ်၊ ဗုဒ္ဓ– ဘုရားလို့ဆို၊ ဗုဒ္ဓ- ဘုရားလို့ ကြားတာက အကြောင်းစုတရား၊ အဲဒီ, မြင်-ဖတ်၊ နှုတ်ဆို၊ နားကြား၊ အကြောင်းခံတရားနဲ့ ဖြင်ပေါ်လာမှ အနက်အဓိပ္ပါယ်သည်၊ စိတ်ထဲမှာ ဉာဏ်ယှဉ်၍ အသိဉာဏ်မြင်ဖြစ်ရတယ်၊ ဒါကြောင့်- ဗုဒ္ဓဘုရားလို့ဖတ်၊ ဗုဒ္ဓ-ဘုရားလို့ဆို၊ ဗုဒ္ဓ- ဘုရားလို့ကြား၊ စိတ်ထဲက "သစ္စာလေးပါး-မြတ်တရားကို ဆရာမကူ-သယမ္ဘူဉာဏ်ဖြင့် ကုန်စင်အောင် သိမြင်တော်မူသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါတကား- မြတ်စွာဘုရား" လို့ သိ၊ ဒီတော့- ဘယ်ရောက်သွားသလဲ အနက်အဓိပ္ပါယ်ကို ဉာဏ်ချက်ဖြင့် စိတ်ထဲမှာ ရောက်၍- စိတ္တုပ္ပါဒ် ဖြစ်သွားတယ်၊ ဒီအခိုက် ထိခြင်းငါးပါး သက္ကစ္စဂါဝရတရားဖြင့် ဝပ်ချလိုက်ရင် ဉာဏ်မြင်ဘုရားအစစ်ကို- ရှိခိုးပူဇော်ရာ ရောက်တယ်။

ဒီနေရာမှာ=အတွေးချော်ပြီး၊ ချောက်ထဲကို ကျသွားတတ်တယ်၊ စာဆိုတာ ၎ည်တ်– မျက်မြင်ဆိုတာ ပညတ်– အသံဆိုတာ-ပညတ်ဆိုပြီး၊ ကျောက်

ဆင်းထုဘဲ၊ ကြေးဆင်းထုဘဲ၊ အုဋ်စေတီဘဲ၊ စာတွေဘဲ၊ ဘုန်းကြီးတွေဘဲလို့ သွားမလုပ်နဲ့၊ တရားရှာတာ- ကိုယ်မှာ မတွေ့ဘဲ၊ အဝိစိမှာ သွားတွေ့နေရ ပါလိမ့်မယ်၊အဲဒီတော့(ဘုရား)=ဓါတုစေတီ-ဓမ္မစေတီ-ဥဒ္ဒိဿစေတီ-ပရိဘော ဂစေတီနှင့် (တရား)= ပါဠိတော်-အဋ္ဌကထာ-ဋီကာ-အနုဋီကာ-ဒီပနီ-ဒီပကာ အဖြာဖြာ၊ ပရိယတ္တိသာသနာ- ပဋိပတ္တိသာသနာ- ပဋိဝေဓသာသနာ,ဆိုတဲ့- မဂ်ခလေးရပ်- ဖိုလ်လေးတန်- နိဗ္ဗာန်- ပရိယတ်, ဆယ်ပါးသော တရားတော် မြတ်၊ (သံဃာ) အရဟတ္တဖိုလ်ကို အထွဋ်တင်၍- ဓမ္မအမွေခံ, မချွတ်မလပ် သော၊ အသေက္ခ- သေက္ခ- အရိယာနွယ်ဝင် သံဃာတော်၊ ဤသုံးအင်သော ရတနာတော်တို့သည်၊ ဂုဏ်တော်အတန်တန်ဖြင့်၊ ထင်ရှားကေန်ရှိသော ပရ မတ္ထတရားသာ ဖြစ်သည်၊ ဝတ္ထုဒြဗ်နှင့်စပ်၍ ပညတ်ဟု ဆိုရသော်လည်း အဝိဇ္ဇ မာနပညတ်မဟုတ်၊ ထင်ရှားကေန်ရှိသော ဝိဇ္ဇမာနပညတ်မျှသာ ဖြစ်သည်။ ထို့ကြောင့် အဝိဇ္ဇမာန- လုံးဝမရှိ ပညတ်မဟုတ်၍ ဉာဏ်အာရုံယူ၍ ရခြင်း ဖြစ်သည်၊ ရတနာမြတ်သုံးပါး အာရုံရယူထား၍၊ စစ်လေ- ညှစ်လေလျှင် အရှိ ထင်ရှား ဂုဏ်တော်များ၌ ပရမတ္ထအားဖြင့် ဉာဏ်ဝင်စားရရှိပုံက- ထင်ရှားစွာ အဖြေပေးနေပါသည်၊ သို့သော်- ငြေပေမိ- ငြေတ္တိအရ၊ အာရုံယူတတ်ရာ၊ ရုပ်နာမ်ဆိုတဲ့ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်၌၊ အာရုံယူရ- သိရ ကြောင်းမျှတွင်- အကြောင်းခံဝင်သည့် မရှိပညတ် အသွင်၊"ဒြဗ်"နှင့် တွဲစပ် ပြီးမှသာ၊ ရှိပရမတ်"ဂုဏ်"သကပ်တွင်၊ အာရုံရပ်တည်နိုင်စရာ ဖြစ်ခြင်းကြောင့် ထင်ရှားရှိ ပရမတ် "ဂုဏ်သတ္တိ"နှင့် ထင်ရှားမရှိအသွင် "ဒြဗ်" ၏ ပညတ္တိ သဘောကို ခွဲခြားထိုးထွင်းသိပြီးလျှင်၊ ရတနာသုံးစုံ- ထိုအာရုံသည်- ဒြပ်၌ လည်း ဉာဏပ်ပွယုတ်- ကုသိုလ်ဟုန်သာဖြစ်သလို၊ ဂုဏ်၌မူကားဆိုဘွယ်ရာမရှိ၊ ဉာဏသမ္ပယုတ်- ဇောအလုပ်ဖြင့်၊ စောကြော အားထုတ်နိုင်လေလေ၊ လော ကုတ္တရာ အခြေခံမဟဂ္ဂုတ, စိတ်မြတ်အမှန်နှင့်= သဒ္ဓါဓိက သောတာပန်တိုင် ချိပ်အပ်ဆောင်နှင်းနိုင်သော= အကျိုးရင်းကို၊ မိမိရင်တွင်းတွင် ထင်လင်းစွာ ယုံကြည်လျက်၊ ဉာဏ်မြင်မြဲမြံ, ထက်သန်ကြိုးစား၊ တည်တန့်ပွားနိုင်သလောက် သိဒ္ဓိမြောက်နိုင်သော- ရတနာ့မြတ်သုံးပါး၊ ထင်ရှား ကေန် တရားဖြစ်ပါ သည်၊ ထို့ကြောင့်= ကုသိုလ်ဖြစ်ကြောင်း၊ မလွတ်ကောင်းသော အာရုံမှန် သဒ္ဓေယျဝတ္ထုတို့ကို "ပဟာတဗ္ဗ" မပြုကောင်းရိုး, အမှန်ဖြစ်ပါ၍၊ ပရမတ် ချော်၊ ပရမတ်မှန်, ပရမတ်လွန်, မဖြစ်အောင် သတိချပ်အပ်ရာပါသည်။

ဒီတော့= တရားလိုလား- ဓမ္မမာမကများတို့လဲ၊ ဘေးချော်၍ မသွား ရအောင်၊ သူတပါးမှားရင်လဲ- သွန်သင်ပေးနိုင်အောင်၊ သက်တော်ထင်ရှား

မြတ်ဘုရားကို- ပူဇော်ဆည်းကပ်- လုပ်ကျွေးအပ်ဘိသကဲ့သို့- မိမိတို့ စိတ်မြင် ဉာဏ်မြင် ကေန်ယှဉ်က သက်ဝင်ရပုံကို အင်္ဂုတ္တရအဋ္ဌကထာ၌၊ ဤသို့- ဖွင့်ဆို ပြပါသည်။

"ဓရမာနံ ဘဂဝန္တံ ပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တာ
ပရိနိဗ္ဗုတဉ္စ ဘဂဝန္တံ- ဥဒ္ဒိဿဓါတုစေတိယာ ဒိကေ
ဥပဋ္ဌဟန္တာ ပူဇေန္တာ ဗုဒ္ဓေဒါနံ ဒဒန္တိနာမ။"

ဓရမာနံ- သက်တော်ထင်ရှားရှိသော၊ ဘဂဝန္တံ- မြတ်စွာဘုရားကို၊ ပစ္စယေဟိ- ပစ္စည်းလေးပါးတို့ဖြင့်၊ ဥပဋ္ဌဟန္တာ- ပူဇေန္တာ- လုပ်ကျွေးပြုစု ပူဇော်ကုန်သော သူတို့သည်၎င်း၊ ပရိနိဗ္ဗုတဉ္စ ဘဂဝန္တံ- ပရိနိဗ္ဗာန် စံယူတော် မူပြီးသော= မြတ်စွာဘုရားသခင်ကို၊ ဥဒ္ဒိဿ- ရည်မှတ်၍၊ ဓါတုစေတိယာ ဒိကေ- ဓါတုစေတီ အစရှိသည့် လေးရပ်သော စေတီတော် မြတ်တို့ကို၊ ပစ္စယေဟိ- လေးပါးသော ပစ္စည်းတို့ဖြင့်၊ ဥပဋ္ဌဟန္တာ- ပူဇေန္တာ- လုပ်ကျွေး ပြုစု ပူဇော်ကုန်သော သူတို့သည်၎င်း၊ ဗုဒ္ဓေ- မြတ်စွာဘုရားရှင်၌၊ ဒါနံ-အလှူကို၊ ဒဒန္တိ နာမ- ပေးလှူပူဇော်သည် မည်ကုန်၏။

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ- သမေစိတ္တေ သမံဖလံ၊
စေတောပဏိဓိဟေတူဟိ- သတ္တာ ဂစ္ဆန္တိသုဂတိံ။ ။

ဘိက္ခဝေ- သံသရာရေးကို ဘေးဟုရှုလေ့ရှိသော- ဓမ္မမာမက အပေါင်း သူတော်ကောင်းတို့၊ တိဋ္ဌန္တေ- သက်တော်ထင်ရှားရှိသော- မြတ်စွာဘုရား၌ ၎င်း၊ နိဗ္ဗုတေစာပိ- ပရိနိဗ္ဗာန်စံယူတော်မူပြီးသော မြတ်စွာဘုရားကိုယ်စား စေတီတော်တပါးပါး၌၎င်း၊ သမေစိတ္တေ- စိတ်စေတနာ သဒ္ဓါရှင်လန်း ဉာဏ် ပန်းရှုမျှော်- တူမျှသည်ရှိကြသော်၊ သမံဖလံ- တူမျှသော အကျိုးအာနိသင် ရှိသည်၊ ဟောတိ- ဖြစ်၏၊ စေတောပဏိဓိဟေတူဟိ- စိတ်ကိုကောင်းစွာထား၍ ဉာဏ်မြင်အားဖြင့်၊ ပူဇော်ခြင်းတည်းဟူသော-အကြောင်းတို့ကြောင့်၊ သတ္တာ- သတ္တဝါပေါင်း- ကလျာဏစာရင်းဝင်- သူတော်စင်၊ အပေါင်းတို့သည်၊ သုဂတိံ- လူ့ပြည်နတ်ရပ်- မြတ်သော- သုဂတိဘဝသို့၊ ဂစ္ဆန္တိ- ရောက်ရ ကုန်၏။

ဒီဃတာ= အထက်ပါ အာဂမယုတ္တိကို ထောက်ထား၍၊ သက်တော် ထင်ရှား၊ မြတ်ဘုရားပူဇော်ရာ ကျအောင်၊ ထင်ရှားရှိငြား၊ တရားသံဃာများ

ကိုလဲ၊ ထို့အတူ- အကျိုးတလူ- များမြတ်မည်ကေန်ကြောင့်၊ မျက်မြင်ဘုရား တရား, သံဃာကို အကြောင်းပြုလျက်၊ ဉာဏ်မြင်ဖြစ်အောင် ပူဇော်မှုပြုလုပ်၍၊ စိတ်ထင်- ဘုရား, တရား, သံဃာကို အကြောင်းပြု၍၊ ဉာဏ်မြင်နဲ့ ပူဇော်မှု ဝင်အောင်ပြုခါ၊ အလေးအနက်ထား၊ ဂုဏ်တော် ပြေးထွက်မသွားစေနဲ့၊ ဂုဏ်တော်နှင့်စိတ်, ဉာဏ်အမြင်နဲ့ ချိပ်မိမှ ပူဇော်၊ ဘေးချော်နေတုံးဦးချပြီး ထ, မသွားနဲ့၊ သဒ္ဓေယျဝတ္ထုစစ်စစ်သည်၊ မျက်မြင်မဟုတ်၊ မျက်မြင်က,အကြောင်းခံသဘော၊ စိတ်ကတွေးလို့ ပေါ်တာလဲ၊ အကြောင်းမှန် မဟုတ်၊အကြောင်းခံသဘော၊ သဒ္ဓေယျဝတ္ထုအာရုံစစ်, အာရုံမှန်သည်၊ ဂုဏ်တော် (၂၄)တန်၊ ဉာဏ်နဲ့မြင်အောင်မျှော်၊ ဉာဏ်နဲ့ မြင်အောင်ဖူး၊ ဉာဏ်နဲ့မြင်အောင် ပူဇော်ပါလေ။ ။ ကျန်သဘောတွေ- ဤ နည်းများကိုမှီ၍ သိအပ်, ပိုင်းခြားအပ်ပါသည်။

* တွေ့ခဲ့, ဆုံခဲ့, ကြုံခဲ့ပေသည်... ဗုဒ္ဓဘုရား....ကိုးပါးဂုဏ်ရည်၊ ဒူးလက်နဖူး- ငါးဦးမြေတည်.... မာန်ညွတ်ကြိုး.... ဉာဏ်ကိုးကံတော့သည်။
* တွေ့ခဲ့,ဆုံခဲ့,ကြုံခဲ့ပေသည် ...ဓမ္မတရား....ခြောက်ပါးဂုဏ်ရည်၊ ဒူးလက်နဖူး- ငါးဦးမြေတည်.... မာန်ညွတ်ကြိုး ... ဉာဏ်ကိုးကံတော့သည်။
* တွေ့ခဲ့, ဆုံခဲ့,ကြုံခဲ့ပေသည်....သံဃာအများ....ကိုးပါးဂုဏ်ရည်၊ ဒူးလက်နဖူး- ငါဦးမြေတည် .... မာန်ညွတ်ကြိုး ဉာဏ်ကိုးပူဇော်သည်။

(အဲဒီ ဆောင်ပုဒ်ကလေး ကျက်ထားပြီး၊သီချင်းဆိုမဲ့ အစား၊ သူ့ကိုဆိုနေရင်၊ ဝစီကံကုသိုလ်ရပြီး၊ မနေ့ာတချက်မိရင်, တန်ဘိုး- အနဂ္ဃရှိနိုင်ပါပေသည်။)

အဲဒီလို= သဒ္ဓေယျဝတ္ထု- ရတနာ, မြတ်သုံးပါးလဲ မှန်ကန်ပြီ၊ သက္ကစ္စ ဂါရဝနဲ့လဲ ညီပြီဆိုရင် အဝေစ္စပသာဒ, သဒ္ဓါနဲ့ ပြည့်စုံတဲ့- တန်းကိုရောက်လာပြီလို့ ဆိုရမယ်၊ ရောက်လာရင်- ရတနာသုံးပါး- ဂုဏ်သတ္တိက အကျိုးပေးမယ်၊ အကျိုးပေးမယ်ဆိုတာကိုလဲ နှစ်သက်ရမယ်၊ ယုံကြည်ရမယ်၊ဉာဏ်မြင်နဲ့ ရှိခိုးပူဇော်တိုင်း, ပီတိပါမောဇ္ဇဖြစ်စေရမယ်၊ ဖြစ်လဲ- ဖြစ်လောက်တဲ့ အထွဋ်အမြတ်ဆုံးသော- အာရုံလဲ ဖြစ်ပါတယ်၊ အဲဒီလို-ဖြစ်ပုံကို ပြတော်မူလိုသည် ဖြစ်၍....

"ရတိံ ပေမံ- ဇနေတီတိ ရတနံ၊ ရတနံ အတိ သေဋ္ဌော ရတနာတိ သေဋ္ဌော"လို့ ဖွင့်ဆိုပါတယ်။

ရတိံ ပေမံ- မွေ့လျော်နှစ်သက်ခြင်းကို၊ ဇနေတိ- ဖြစ်စေတတ်၏၊ ဣတိတသ္မာ- ထို့ကြောင့်၊ ရတနံ- ရတနာမည်၏၊ ရတနံ- မွေ့လျော် နှစ်သက်ခြင်းကို ဖြစ်စေတတ်သော, ရတနာတို့ထက်၊ အတိသေဋ္ဌော- အလွန်မြတ်သည်တည်း။ ။ရတနာတိသေဋ္ဌော- မွေ့လျော် နှစ်သက်ခြင်း တကာတို့တွင် အမြတ်ဆုံးတည်း။ ။

ဤသို့- မွေ့လျော် နှစ်သက်ခြင်း တကာတို့ထက်၊ အမြင့်ဆုံး, အမြတ်ဆုံး ဝေကန် မှန်ပါပေဘယ်။ လောကမှာ၊ ရတနာလို့ ခေါ်ကြတဲ့ သက်မဲ့ ရတနာ ဖြစ်တဲ့၊ စိန်, ရွှေ, ငွေ, ပတ္တမြားဆိုတဲ့ ရတနာရယ်၊ သက်ရှိ ရတနာဆိုတဲ့= ဆင်, မြင်း, ကညာ- သား, သမီးရတနာ ဆိုတာတွေထက်၊ မရေမတွက်နိုင်သော- အဆပေါင်းများစွာ- မယှဉ်သာအောင်လဲ- မြတ်ပါပေတယ်၊ ပုထုဇဉ်, သီလဝန္တ- ကလျာဏ ရတနာ၊ သေက္ခ-အသေက္ခရတနာ၊ အရိယာ ရတနာ၊ ပစ္စေကဗုဒ္ဓ ရတနာတို့ထက်ပင်၊ ဆထက်လွန်ကျူး အထူးသဖြင့်မြတ်သော သမ္မာသမ္ဗုဒ္ဓ- ရတနာ့ရာဇာ ကေန်ဖြစ်ပါတယ်၊ ဗုဒ္ဓဘဂဝါ ရတနာ့ ရာဇာ၏၊ အမြတ်အာရုံ- နိဗ္ဗာန်ဘုံကို ဆောင်နှင်းတတ်ငြား "မြတ်တရား"သည်လည်း၊ အမြတ်ထွဋ်တင်, ကေန်ပင်ဖြစ်ပါပေသည်၊ ဗုဒ္ဓဘဂဝါ-ရတနာ့ရာဇာ၏ သားတော်မယွင်း၊ ဝါဝါဝင်းသည့် အိမ်ရှေ့မင်း ဉပရာဇာလို အမြတ်ရတနာဟု ဆိုရမည့် သံဃာရတနာသည်လည်း ကောင်းမှု စိုက်ပျိုး- လယ်မြေမျိုးမို့၊ နှစ်လိုအပ်စွာ ရတနာ မှန်ပါပေသည်၊ ထိုသို့= မြတ်လှကေန် ရတနာသုံးတန်သည်၊ လောကသုံးခွင်၊ ဘုံအပြင်ဝယ်၊ ဂုဏ်အင်သေဋ္ဌ၊ ရတိံ ပေမအားဖြင့်၊ မွေ့လျော်နှစ်သက်ခြင်းကို ဆည်းကပ်သူ၏ ခန္ဓာအရပ်ရပ်၌၊ ပီတိပါမောဇ္ဇပန်းဖြင့် နှစ်သက်ဝမ်းမြောက်, ရွှင်လန်းခြင်းကို ဖြစ်စေ, ရစေအပ်သော ရတနာမြတ် ဖြစ်ပါသည်။ မှန်ကန်ပါ၏၊ အနီးကပ်ဆုံး သက်ရှိရတနာဆိုတဲ့၊ မြေးငယ်, သားလှကလေးများကို၊ ဘိုးဘွားမိဘတွေဟာ၊ အနှစ်သက်ဆုံးပါဘဲ။ "သားတို့ရုပ်ရည်- သီတာမည်သား ရေကြည်ချမ်းမြ၊ တပေါက်ကျက-မိဘတို့ဝမ်း ငြိမ်းစတမ်းတည်း"လို့ ရတနာ့ပန်းကုံး သားရွှေတုံးလို့တောင် ခေါ်နှုန်းပြု၍ နှစ်သက်လေ့ရှိပါကြသည်။ ဒါပေမဲ့ ရတနာမြတ်သုံးပါး အာရုံပြုထားတုံးမှာတော့၊ ဆူဆော့အုံးမယ် မလုပ်လေနဲ့ မုန်းမာန်အော့်ငေါက် ထိပ်ခေါက်ရိုက်ပုတ် ပစ်တာကိုကြည့်ရင်၊ လောက အနှစ်

သက်ဆုံးဆိုတဲ့ ရတနာတွေ ယှဉ်၍မရတာ အမြင်အတွေ့နဲ့သာ သေချာလှပါတော့သည်၊ ဒါကြောင့်= အတိသေဋ္ဌ သုံးဝမဟာ, အမြတ်ရတနာသည်၊ မွေ့လျော်နှစ်သက်ခြင်းတို့ ပေးစွမ်း၍ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းခြင်းကို ဖြစ်စေရကား၊ ဘေးရန်ကင်းပျောက် ချမ်းသာသုခသို့ ရောက်ရုံမျှမက၊ ကြည်ဆွသဒ္ဓါ ညီမျှစွာ ဂရုဂါရဝနှင့် အဝေစ္စ ပသာဒသဒ္ဓါ ပြည့်စုံပါလျှင်၊ လိုအင်ဆန္ဒ, ဒိဋ္ဌရနိုင်ပါတော့သည်။

အဲဒီလို= ရတနာသုံးအင်, မြတ်ဂုဏ်ရှင်တို့၌၊ သဒ္ဓါစိုက်၍ မမှိတ်မသုန် ယုံကြည်ကုန်သော သူတို့တွင် လိုအင်ဆန္ဒ, သုခအဖြာဖြာ ပြည့်စုံလာသည်သာမက မြတ်ဘုရားသခင်, သက်တော်ထင်ရှား ရှိငြားစဉ်အခါက၊ သံယုတ်အဋ္ဌကထာမှာလာတဲ့ သးမကကလေးတခုကို ပြန်မျှော်၍ ကြည့်ပါလျှင် ...

မဟာနာမ် မင်းကြီး၏ ဆွေတော်မျိုးတော်, တူတော်သူ တယောက်သည်၊ သူ့ငယ်နာမည် ပျောက်ပြီးလျှင်၊ သရဏာနိ ဥပသကာလို့ အမည်ရောက်နိုင်သည့်တိုင်အောင်၊ သရဏဂုဏ်ကို ဆောက်တည်၍ ထားတယ်၊ အဲဒီလို=အဝေစ္စပသာဒ ပုဒ်နဲ့အညီ၊ သရဏဂုံ မြဲမြံစွာ- တည်လို့လဲ၊ သရဏာနိ ဥပသကာလို့ အမည်တွင်ခဲ့ရတယ်၊ ဒါပေမဲ့- သူ့မှာ ငယ်စဉ်ထဲက ဆိုသလို အရက်သေစာ သောက်စားလာတတ်တဲ့- ဝါသနာကတော့ရှိတယ်တဲ့၊ တနေ့သောအခါမှာ၊ သောက်ဖေါ်စားဘက်တွေနဲ့ ဇနပုဒ်တခုကိုသွားပြီး၊ သောက်စားပျော်ပါးပြန်လာကြရာ၊ ချောက်ကမ္ဘားကြီးရှိတဲ့ လမ်းဘက်ကနေ သူ့အဖေါ်တွေက ခေါ်လာကြတယ်၊ အဲဒီ ချောက်ကမ္ဘားကြီးနားဆီ ရောက်တော့ သူ့ သူငယ်ချင်းနှစ်ယောက်က၊ သရဏာနိ ဥပသကာရဲ့ လက်မောင်းကို တဘက်တယောက်စီ ဘမ်းချုပ်ကိုင်ပြီး၊ မလှုပ်နိုင်တော့မှ ချောက်ကမ္ဘားကြီး ထိပ်ပေါ်ကို ဆွဲခေါ်သွားကြတယ်၊ တယောက်သောသူက (ကဲ=ဒီနေ့တော့ မင်းအသက်ကို ဒီချောက်ထဲမှာ စတေးရပြီလို့၊ အောက်မေ့ပေတော့၊ မင်းဟာ သရဏာနိလို့ အမည်တော့ ရှိပါရဲ့၊ မင်းကို အခု- တို့မေးမယ်၊ မင်း-- ဘုရားကိုးကွယ်တယ်၊ တရားကိုးကွယ်တယ်၊ သံဃာ ကိုးကွယ်တယ်ဆိုတာကို၊ နောက်ကို မကိုးကွယ်ပါတော့ဘူးလို့ ဝန်ခံရင်၊ မင်းကို ချောက်ထဲ ပစ်မချတော့ဘူး၊ အေး-မင်းပါးစပ်က ဖွင့်ဟဝန်မခံဘူးဆိုရင်တော့၊ မင်း- ဒီချောက်ထဲ ပစ်ချခံရပြီး၊ စိစိညက်ညက် ကြေအောင် ဖြစ်စေ့မယ်၊ ကဲ- ဖြေပေတော့လို့) ဆိုပြီး၊ ချောက်ထဲကို ကျလှုခမန်း၊ ဆွဲရမ်းရှေ့ရှု ပြုလုပ်ကြတယ်။

အဲဒီလို= ဒိဋ္ဌိကိုးကွယ်သူ သူငယ်ချင်း နှစ်ယောက်က အတင်းအကြပ်၊ ချောက်နခမ်းပေါ် ရပ်စေပြီး ဆုံးဖြတ်ခိုင်းလေတော့၊ သရဏာနိလဲ သောက်လ:တဲ့ အမူးတွေ ပျောက်၊ ဇောချွေးတွေ တပေါက်ပေါက် တဖြိုင်ဖြိုင်နဲ့ ဖြစ်နေရှာတယ်၊ အတန်ငယ်ငြိမ်နေပြီးမှ သရဏာနိက (အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံသရဏံ ဂစ္ဆာမိ၊ အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ၊ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ၊ဓမ္မောမေ သရဏံ အညံနတ္ထိ၊ သံဃောမေ သရဏံ အညံနတ္ထိ)လို့ နှစ်နှစ်ခြိုက်ခြိုက်ကြီး ရွတ်ဆိုလိုက်ကာ= အာရုံပြုလိုက်ပြီးမှ၊ (ကဲ-သူငယ်ချင်းတို့၊ သူငယ်ချင်းတို့ကိုလဲ၊ ငါအသက်ပေးပေါင်းလာခဲ့တာဘဲ၊ အဲဒီလိုဘဲ= ရတနာမြတ်သုံးပါးကို အသက်ပေးပြီး၊ ကိုးကွယ် ဆည်းကပ်လာခဲ့တာဘဲ၊ အခု- ရတနာ မြတ်သုံးပါးကြောင့် ငါ့ အသက်ဆုံးရှုံးရမှာကို လုံးဝမနှမြောပါဘူး၊ ဒါကြောင့်- မင်းတို့ အသက်ချမ်းသာပေးမယ်ဆိုတဲ့ ရတနာသုံးပါးကို မကိုးကွယ်ပါတော့ဘူး ဆိုတာကိုတော့ နှုတ်နဲ့ မပြောနဲ့- စိတ်နဲ့တောင် ငါမကြံစီပါဘူး၊ ငါနောက်တကြိမ် ရွတ်ဆိုပူဇော်ပြီးရင်၊ မင်းတို့ လက်ခုပ်ထဲကရေလို ချောက်ထဲတွန်းချ ထားပစ်ခဲ့ချင်သပဆိုရင်၊ဆန္ဒအတိုင်းသာ ပြုကြပေတော့) လို့ဆိုပြီး၊ အထက်ပါကကဲ့သို့ ရတနာ မြတ်သုံးပါးအား ကိုးကွယ်ဆည်းကပ်- တိုင်တယ်မှုကို ပြုပြန်တယ်၊ အဓိပ္ပါယ်ကတော့– ဘုရားတပည့်တော်သည်၊ တသက်ပန်လုံးနဲ့ အသက်ထက်ဆုံးတိုင်အောင်၊ ရတနာမြတ်သုံးပါးကိုသာ ဆည်းကပ်ကိုးကွယ်ပါတယ်၊ ယခုအခါမှာ ရတနာမြတ်သုံးပါးမှတပါး၊ ဘုရားတပည့်တော်သည် အခြားတပါး ကိုးကွယ်လည်းလျှောင်း–ပုန်းအောင်းမှီခိုစရာမရှိတော့ပါဘူး–ဘုရား”လို့ တိုင်တယ်ကိုးကွယ်ဆည်းကပ်ရင်း အသက်ကို အပ်နှင်းလိုက်တော့မယ်လို့- သန္နိဋ္ဌာန်ချလိုက်ခြင်းဖြစ်ပါတယ်။

အဲ-သရဏာနိ ဉပါသကာလဲ ရွတ်ဆိုပူဇော်လို့ပြီးရော၊ ဘေးက သူငယ်ချင်းနှစ်ယောက်လဲ- သရဏာနိရဲ့-မျက်နှာကို ငေးကြည့်ရင်း မလှုပ်မယှက်ကလေးတွေနဲ့ ကြက်သေသေ ငေးနေသလို ဖြစ်နေကြတယ်၊ ဖြစ်လောက်ပါပေတယ်၊ သူတို့သည်- သရဏာနိနဲ့ သောက်ဖေါ် စားဘက်- ပေါင်းဘော်လာခဲ့ကြရမှာ၊ ယခုတကြိမ်လောက်– သရဏာနိရဲ့ မျက်နှာဟာ- ရှင်လန်းချမ်းမြပြီး ကြည်လင်နေတာကို မတွေ့ရဘူးဘူး၊ ချောက်ကမ္ဘားကြီးပေါ်က တွန်းချခံရမယ်ဆိုတဲ့- စိုးရိမ်စိတ်သန်း–သောကဖမ်းခံနေရတဲ့- အရိပ်အရောင်လဲ မတွေ့ကြရဘူး၊ သရဏာနိက မျက်ခစ့ကလေးမှိတ်-ရတနာသုံးပါးဂုဏ် အာရုံစိတ်နဲ့

ရှင်ပြကြည်လင်နေတာကို၊ အထင်ကရ-ဒီတခါ မြင်ရပုံတွေကြောင့် မလှုပ်မယှက်ဘဲ ငြိမ်သက်နေလိုက်မိကြတယ်။

အတန်ကြာမှ–သရဏာနိလဲ-မျက်စေ့ကလေးတဖြေးဖြေး ဖွင့်ကြည့်ပြီး၊ “ဘယ်လိုလဲ သူငယ်ချင်းတို့– ဘာဖြစ်လို့ တွန်းမချသေးလဲ” လို့ သာသာယာယာကလေးဘဲ မေးလိုက်တယ်၊ ဒီတော့မှ–သူငယ်ချင်းနှစ်ယောက်စလုံးကဘဲ၊ “ငါတို့ မင်းကို တကယ်တွန်းချပစ်မယ်ဆိုတော့-မပစ်ချရက်ပါဘူးကွာ၊ မင်းရဲ့ ရတနာသုံးပါး-ကိုးကွယ်ဆည်းကပ်မှုဟာတော့ အံ့မခန်းပါဘဲ၊ ဒီတော့-ခုနမင်း တွန်းချခံရမယ်ဆိုတာ သိသားနဲ့- မကြောက်မရွံ့- နောက်တွန့်ရှုန်းကန်မှုတောင် မပြုဘဲ၊ ဘာလို့ ကြည်ကြည်လင်လင် ရှင်ရှင်ပြပြနဲ့ နေနိုင်ရသလဲဆိုတာ ငါတို့ကို ပြန်ပြောစမ်းပါလို့” တောင်းပန်ကြသတဲ့။

ဒီတော့-သရဏာနိက သူ့ကိုချုပ်ထားတဲ့လက်တွေကိုအသာဖြေစေပြီး၊ သူငယ်ချင်း နှစ်ယောက်ကို မျက်နှာချင်းဆိုင်လိုက်ပြီးမှ၊ “ဒီလိုနဲ့တော့-မင်းတို့ကို ငါပြန်မပြောပြနိုင်ဘူး၊ အေး- ငါပြောပြရမှာတွေကတော့ ဒို့ရတနာမြတ်သုံးပါးမှာ- ဂုဏ်တော်တွေ ထင်ရှားရှိတယ်၊ အဲဒီဂုဏ်တော်တွေဆီကို စိတ်ရောက်သွားရင်- အလွန်ငြိမ်းတဲ့- အလွန်နှစ်သက်တဲ့– အလွန်ဝမ်းမြောက်တဲ့– ချမ်းသာတွေနဲ့ တွေ့ရတယ်၊ အဲဒီဂုဏ်တော်တွေက ဘာလဲ ဘယ်လိုစိတ်ရောက်ရမလဲဆိုတာတော့၊ ငါပြောတာမှန်ရင်၊ မင်းတို့လဲ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ပါမယ်လို့- ဝန်ခံဂတိပေးရင်၊ ဒို့မြို့အဝင် ဇရပ်ကလေးကျတော့– ငါတို့ အေးအေးဆေးဆေး ပြောကြတာပေါ့လို့” သရဏာနိကလဲ သူ့အလှဲမှာ- သူ့ကြိုက်ဈေးကို- ဂတိပေးနဲ့ ဝယ်ခိုင်းလိုက်တယ်၊ သူငယ်ချင်းနှစ်ယောက်ကလဲ– သိချင်စိတ် ပြင်းထန်တော့- ဝန်ခံဂတိ ပေးတာကြောင့်၊ ချောက်ကမ္ဘားနဘေးမှ သူငယ်ချင်းသုံးယောက် အေးဆေးစွာ လယ်ပင်းဖက်ပြီး- လျှောက်ပြန်ခဲ့ကြတယ်တဲ့။

ဇရပ်ကလေးရောက်တော့– သရဏာနိ–ဥပသကာက၊ သူသိသမျှ-ဂုဏ်တော်တွေရဲ့ အဓိပ္ပါယ်တွေကို ပြောပြပြီး၊ ကျောင်းတော်အရောက်ခေါ်ခါ၊ တွေ့ကြုံရာ သံဃာတော် အရှင်မြတ်ဆီမှာ- သူငယ်ချင်းနှစ်ယောက်ကို သရဏဂုဏ် ဆောက်တည်စေတယ်၊ အဲဒီလို-သရဏာနိလို့ အမည်ရအောင် ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်တဲ့-နေရာမှာတော့ နှစ်ယောက်မရှိလောက်အောင် စွမ်းဆောင်တည်ကြည်သော်လဲ၊ တဆယ့်ငါးနှစ်သားလောက်ထဲက– သောက်စားလာတာကတော့– မပြတ်ရှာဘူးတဲ့၊ သူ့အသက်လဲ ၆၀–ကျော်ကျော်လောက်ကျတော့၊ ဒီအရက်သေစာ–ဒါဏ်နဲ့ဘဲ အိပ်ယာထဲ လဲရှာတော့

တယ်၊ သူ့ခမြာ–အရက်လွန် ဆေးဆိုးနာဆိုတော့၊ သက်သာတယ်မရှိတော့ဘဲ၊ တနေ့တခြား သေမင်းနား ကပ်သွားနေရတော့တယ်၊ ဒါပေမဲ့– သရဏာနိက တော့၊ "ရတနတ္တယံ သရဏံ အညံ နတ္ထိ" မှ တပါး–မရှိရှာတော့တဲ့အတိုင်း ရတနာ့မြတ်သုံးပါးဂုဏ်နဲ့ဘဲ– တထုံထုံ မွေ့လျော်ပြီး- ရောဂါဝေဒနာခံပြင်း တာကို– ကြိတ်မှိတ် တွန်းလှန်နေရရှာတယ်၊ အိပ်ယာထဲလဲလို့ တလနီးပါး ရောက်တဲ့နေ့မှာဘဲ၊ သရဏာနိ ဥပသကာဟာ, သမုတိမရဏာနဲ့ ခန္ဓာရွေ့လျော- စုတိသဘောသို့ သက်ဝင်ရရှာတယ်၊ မဟာနာမ်မင်းကြီးနဲ့– ဆွေမျိုးတော်တွေ ကလဲ- ဘုရားအမှူးရှိသော- သံဃာတော်မြတ်များကို ပင့်ဘိတ်– ဆွမ်းလုပ် ကျွေး၍ သရဏာဂုဏ် ပစ္စသိခံယူခါ- လှူဒါန်းပူဇော် အမျှပေးဝေကြတယ်၊ သင်္ဂြိုဟ်ခြင်းအမှု ပြုကြရာမှာ၊ ဒါယကာအများတို့က- သရဏာနိ စုတေ၍– ဘယ်မှာသက်ဝင်ပါသလဲဘုရားလို့–လျှောက်ထားကြရာ၊မြတ်စွာဘုရားရှင်က– သရဏာနိသည် ကောင်းရာ သုဂတိ– တုသိတာ နတ်နန်း၌- ခမ်းနားချမ်း သာစွာ-ဖြစ်ရှိကြောင်းကို မိန့်တော်မူခဲ့တယ်....။

ဘုရားရှင်နှင့် သံဃာတော်များ ပြန်လည်ကြွသွားပြီးနောက်၊ သရဏာ နိ၏–အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ကြပြီးတော့၊ ဆွေတော်, မျိုးတော် တွေမှာ၊ ဥဩဘ်သောင်းနင်း–ငြင်းခုံခြင်းဖြစ်ကြတယ်၊ မြတ်စွာဘုရားကတော့ သရဏာနိ–နတ်ပြည်ရောက်တယ်လို့ အမိန့်ရှိတယ်၊ ဒီတော့–မယုံရအခက်ဘဲ၊ ဘယ့်နှယ်ကွာ- အနှစ်ငါးဆယ်လုံးလုံး– အရက်သေစာတွေ မပြတ်သောက်စား ပြီး၊ ပျော်ပျော်ပါးပါးနေလာတဲ့- လူရမ်းကားတယောက်က– သေခါနီးအထိ သောက်ပြီး နတ်ပြည်ရောက်တယ်ဆိုတော့- အခက်သားဘဲပေါ့– စသည်ဖြင့်၊ အဲဒီလို–တယောက်တပေါက်-ဘုရားစကားတော်နဲ့- သရဏာနိ- ဒုစရိုက်လုပ်ခဲ့ တာတွေကို- နှိုင်းချိန်ပြီး- မကျေမနပ်အောင်ဖြစ်၍ နေကြတယ်....။

ဒီလို-ဥဩဘ်သောင်းနင်း– ငြင်းခုံခြင်းဖြစ်နေကြတာကို၊ သကဒါဂါမ် ဖြစ်သော-မဟာနာမ်မင်းကြီး–ကြားသိလေတော့၊ အင်း –ဆွေတော်,မျိုးတော် အပေါင်းတို့ဟာ၊ ဒီသံသယတွေ မရှင်းရင်တော့-ဘုရားရှင်ကိုအပြစ်တင်ခြင်းသို့ ရောက်ပြီး၊ အကုသိုလ်တွေ ဖြစ်ကြရတော့မှာဘဲ၊ ဘုရားကျောင်းတော်သွား ပြီး၊ လျှောက်ထား ဖြေရှင်းပေးအုံးမှဘဲလို့ ဆုံးဖြတ်ချက်ချခါ၊ ဘုရားရှင်ထံ မှောက်သို့၊ အပူဇော်နှင့်တကွ အဖူးအမြော်ရောက်သွားတယ်၊ မြတ်စွာဘုရား သခင်အား- မဟာနာမ်မင်းကြီးသည်၊ ဝပ်စင်းပူဇော်- ဖူးမြော်ပြီးလျှင်၊ အကြောင်းရင်းကို လျှောက်ထားတယ်၊ "မှန်လှပါ- ကျေးဇူးတော်အစုံ၊

ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော- မြတ်စွာဘုရား၊ ဘုရားတပည့်တော်၏ ဆွေတော်, မျိုးတော်တို့သည်၊ သရဏာနိ ဥပသကာ- စုတိကာ နတ်ပြည်ရောက်ခြင်း၌၊ ယုံမှားမကင်းဖြစ်နေကြခြင်းကို ဖြေရှင်း ပေးတော်မူပါဘုရား" လို့ လျှောက်ထား အသနားခံတော့မှ၊ မြတ်စွာဘုရားသခင်က "မှန်ပေသည်၊ ဒါယကာမင်းကြီး၊ ပုထုဇဉ်တို့၏ စိတ်အခင်းနှင့် ငါဘုရားစကားကို ရိပ်စားမိနိုင်ခြင်း မရှိကြပေဘူး၊ မင်းကြီး- ဤအရာကို သင်ကော အဘယ်သို့ ထင်သနည်း၊ အကြောင်းမှန်ကတော့ သရဏာနိဟာ မူလက- ရတနာသုံးပါး၌၊ တည်ကြည်မြဲမြံ နှစ်တန်သော စွန့်ခြင်းကြီးတို့နှင့်စွန့်ပြီး ကိုးကွယ်ဆည်းကပ်ခဲ့တယ်၊ သူဟာ သေကံနဲ့နီးပြီး တဲတဲကလေးရှိတဲ့အချိန်မှာလဲ ရတနာသုံးစုံအာရုံဂုဏ်ကို မမေ့ဘဲ၊ ကြည်ညိုသဒ္ဓါ- မြတ်နိုးခြင်း ပြင်းထန်စွာ ရှိခဲ့တယ်၊ ဒီလိုလဲ- သူ့မှာ ဖြစ်လာလောက်အောင်က သေခါနီး သူကိုးစားအားထားစရာဆိုလို့ အခြားကောင်းမှု အထွဋ်အထိပ်- အာစိဏ္ဏကံစိတ်, ဖြစ်လောက်တာကလဲ မရှိတော့၊ ရတနာမြတ်သုံးပါးကိုဘဲ အာစိဏ္ဏကံဖြစ်လာပြီး၊သူကြည်ညိုလိုက်တာဟာ၊ မရဏာဒုက္ခဆိုတဲ့ ဝေဒနာကိုတောင်၊ ငြိမ်းချမ်းပြီး ပဿဒ္ဓိနှစ်ဖြာလွှမ်းလာတယ်၊ ဒါတွင်လဲမက ပီတိပါမောဇ္ဇတိုင် ရောက်လာဆဲမှာ၊ငါဘုရားရဲ့- မဟာကရုဏာ- အာရုံထဲကို သရဏာနိရဲ့- ဥပနိဿယကောင်းတွေထင်မြင်လာ၍၊ ငါဘုရားရှင် ကိုယ်တော်တိုင် မဟုတ်ဘဲ၊ ခြောက်ရောင်ဆိုင်- အာရုံတော်လွှတ်ပြီးလျှင်, သရဏာနိရဲ့- နိဝရဏငြိမ်း၊ ပီတိကိန်းနေတဲ့ ရတနာသုံးစုံ- အနုဿတိ- ဂုဏ်၏ ဤမှာဘက်မှာ- သတိပဋ္ဌာန်ဟုန်ကိုဖြစ်အောင်ညွှန်ပြဟောဖေါ်ပေးလိုက်သည်ဖြစ်သောကြောင့်၊ မစုတိမှီကလေးမှာ- သောတာပတ္တိမဂ်ဉာဏ်ကို ရခြင်းကောန်ဖြစ်ရှိသွားတဲ့အတွက် ယခုလို အထက်နတ်ရွာ- တုသိတာမှာ- အရိယာနတ်သားအဖြစ် သက်ဝင်ခြင်းဖြစ်တော့သည်၊ သင်မင်းကြီး- ယုံကြည်သကဲ့သို့၊ ဆွေတော်, မျိုးတော်တွေ၏ သံသယကို ပယ်ဖျောက်ပေတော့၊ ဒါယကာမင်းကြီး"ဟု၊ သရဏာနိ၏ ပဋ္ဌမမဂ်ရှိသွားပုံကို၊ ဤသို့- ရှင်းလင်း၍ ဟောကြားတော် မူခဲ့ပါပေသည်။

ဒီတော့မှ- မဟာနာမ်မင်းကြီးလဲ စိတ်အေး, ဝမ်းမြောက်စွာဖြင့်၊ ပြန်ခဲ့၍ ဆွေတော်, မျိုးတော်တွေရဲ့- သံသယကို ပျောက်အောင်- ရှင်းလင်းပြသသောကြောင့်၊ ရတနာမြတ်သုံးပါး၏ ဂုဏ်အခင်းကို ထင်လင်း မျက်မှောက် အသိရောက်ကြရသော- ဆွေတော်, မျိုးတော်တို့သည် ရတနာမြတ်သုံးပါး၌ ဆထက်တံပိုးတိုး၍ ယုံကြည်ခြင်း၊ ဆည်းကပ်ခြင်း၊ ရိုသေခြင်း၊ ကိုင်း

ရှိုင်းခြင်း၊ ပူဇော်ခြင်းအမှုတို့ကို၊ သရဏာနိ အကြောင်းပြု၍၊ သရဏဂုဏ်အစစ် အသစ်တထွေ ပြန်လှန် ဆောက်တည်ကြကုန်လေသည်တဲ့....။

ဒီတော့— သရဏာနိ- ဥပသကာဟာ- မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို မတား နိုင်တဲ့— ဒုစရိုက်အစွဲကလေးသာ ရှိပေမဲ့၊ မြတ်ဘုရားမိန့်မှာ- နှစ်ဖြာသောအရာ ကိုစွန့်၍- ရတနာမြတ်သုံးပါး ကိုးကွယ်ဆည်းကပ်ခဲ့တာကို ကေအင်္ဂုတ္တိုရ်ပါဠိ တော်မှာ ဟောတော်မူခဲ့ပါသည်။

ဒွေမာ ဘိက္ခဝေ ဒုပ္ပဇဟာ၊

ကတမာဒွေ— လာဘာသာစ ဇီဝိတာသာစ၊

ဣမာခေါ ဘိက္ခဝေ- ဒွေအာသာ ဒုပ္ပဇဟာ။ ။

အဓိပ္ပါယ်ကတော့။ ။ချစ်သားတို့= သတ္တဝါမှန်သမျှ- ဝေနေယျတို့ မှာ၊ စွန့်လွှတ်နိုင်ခဲတဲ့ တရားနှစ်ပါးရှိတယ်၊ ဘယ်တရားပါးလဲဆိုတော့၊ လာဘ် လာဘရခြင်းငှင်း၊ အသက်ဇီဝဠ်ငှင်း၊ ဒီတရားနှစ်ပါးဟာဖြင့်— သတ္တဝါသူသူ ငါငါတို့မှာ စွန့်နိုင်ခဲတဲ့- အာသာအလိုတရားတွေဘဲတဲ့။ မှန်ပေသည်၊ လာဘ် ရဘို့ဆိုရင် မိမိအသက်ချမ်းသာဘို့ဆိုရင် သတ္တဝါတို့ဟာ ငါးပါးပဉ္စသီနှင့် ဒုစရိုက်အလီလီကို ကျူးလွန်ရမှာမကြောက် ချမ်းသာပေါက်ရှာတတ်ကြတယ်၊ ရတနာမြတ်သုံးပါး၌ အဝေစ္စပသာဒသဒ္ဓါနှင့်သရဏဂုဏ် ခံယူဆောက်တည်မြဲမြံ ခြင်းကိုငှင်း၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ရရေးကို ဆည်းပူးကြိုးကုတ်- အားထုတ်ရာ၌ ငှင်း၊ လာဘ်နဲ့အသက်ကို မငဲ့ကွက်၊ ရက်ရက်ရောရော စွန့်လွှတ်နိုင်သောသူ- အလွန်ရှားပါတယ်၊ အဲဒီလို ရှားတဲ့အထဲမှာ သရဏာနိ ဥပသကာတော့ မပါ ဘူး။ သူ့သရဏဂုဏ်ဟာ မြတ်ဘုရား မိန့်ကြားတဲ့ စွန့်လွှတ်နိုင်ခဲတဲ့ လာဘ်နဲ့ အသက် စွန့်လွှတ် ဆောက်တည်ခဲ့တဲ့ သရဏဂုဏ်သာ ဖြစ်တယ်၊ ထိုကဲ့သို့- အဝေစ္စပသာဒ, သဒ္ဓါပသန္နနဲ့-ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကို အရိယာဓါတ်ကိန်းအပ် သော သဘောရှိလို့- သောတာပန်ဖြစ်ကြောင်း၊ သောတာပန်နှင့် အလားတူ ကြောင်းကိုလဲ အင်္ဂုတ္တိုရ်-အဋ္ဌကထာ-၃၊ စာမျက်နှာ ၃၅၁-မှာ....

ယေကေစိ ဘိက္ခဝေမယိ- အဝေစ္စပသန္နာ

သဗ္ဗေတေ-သောတာပန္နာ-ဟု ဟောတော်မူခဲ့ပါတယ်။

အဓိပ္ပါယ်ကတော့။ ။ကြွင်းမဲ့ ဥဿုံ ခပ်သိမ်းကုန်သော— အမှတ် မထင်- အကြင်,ရဟန်း,ရှင်-လူ မည်သူမဆို ပုဂ္ဂိုလ်တို့သည်၊ ငါဘုရားရှင်၌၊

(ဝ1) ရတနာသုံးပါး အထွဋ်အမြတ်ဆုံးသော ဂုဏ်တော်မြတ်များ၌၊ လာဘ်နှင့် အသက် မငဲ့ကွက်ဘဲ၊ မမိုတ်မသုဉ် ကြည်ယုံဆည်းကပ်၊ မေ့အပ်မရှိ ကိုးကွယ်လေ့ရှိသော သူတို့သည်၊ သောတာပန်အယာဉ်သို့ မုချမသွေ စီးဝင်ကြပေသည်ဟု ဟောတော်မူသည့်အတိုင်း၊ ရတနာသုံးပါး၊ အထွဋ်အမြတ်ဆုံးထား၍ အဝေစ္စပသာဒသဒ္ဓါဖြင့်၊ ဆောက်တည် မှန်ကန် မြဲမြံခိုင်ခန့်တဲ့ သရဏဂုဏ်ဆိုတာ အလုံးစုံသော ဘေးဘယ ကင်းကွာရုံမျှမက သောတာပန်အသွင် စီးဝင်ရန် သက်ရောက်ပြီး မဂ်ပေါက်အံ့သည့် မျိုးစေ့သဖွယ်သို့ပင် ရောက်သည်ဖြစ်၍၊ ပေါ့ပေါ့တန်တန် သမ္မကာ – ရုံကာ စိတ်ထား, မလေးမနက်သောအားဖြင့် ယွင်းသွေ့ကွက်အောင် မဖြစ်စေကြဘဲ၊ ရတနာသုံးစုံနှင့် သရဏဂုဏ်အဆီကို ယုံကြည်အပ်ရာပါတော့သည်။

ယောဂီတို့- ရတနတ္တယ ပဏာမကနေပြီး၊ သရဏဂုဏ်အကြောင်း သိကောင်းစရာတွေ ဘာဖြစ်လို့ ပြပေးနေရသလဲဆိုတော့၊ တန္ဓေ- သာသနိကပုဂ္ဂိုလ်၊ ဝိပဿနာယာနိကပုဂ္ဂိုလ်၊ ဝိပဿကပုဂ္ဂိုလ်– ကျင့်ဆဲသေက္ခ ပုဂ္ဂိုလ်တန်းကို ရောက်မည့် ယောဂီသူတော်စဉ်တို့ဟာ၊ ရှေးဦးစွာ ယုံမှားခြင်း– ရှစ်ပါးကလေးမှ ကင်းစင်မထားဘူးဆိုရင်၊ နောက်ဝိပဿနာပညာတွေ ဆက်လက်ပေးသွားတော့ ယုံမှားခြင်း(၁၆)ပါး ကင်းစင်ဘို့ရာမှာ၊ ခက်ခဲသွားပါလိမ့်မယ်၊ ဒါကြောင့်- လိုအပ်သလောက်ကလေးကို ဉာဏ်ချက်ထောက်မိပြီး၊ မိမိသိရှိသလောက် သူတပါးတို့ကိုလဲ (ဝ1) အနည်းဆုံး အိမ်သူအိမ်သားတွေကိုဘဲ ပေးနိုင်အုံးတော့၊ မိမိလဲ ခိုင်မြဲသည်ထက် ခိုင်မြဲမယ်၊ မိသားစုတရပ်လုံးလဲ၊ မိမိထပ်တူ အမြင်, အယူ, အသိ– စင်စင်ကြယ်ကြယ်ရှိလာမယ်၊ ရှိလာပါစေလို့ မေတ္တာထားပြီး ဖြည့်စွမ်းပေးနေခြင်း ဖြစ်ပါသည်၊ အဲဒီ– ယုံမှားတတ်ခြင်း ရှစ်ပါးကတော့ ..

(၁) ဗုဒ္ဓေကင်္ခတိ = သစ္စာလေးချက်၊ ဆယ့်ခြောက်နက်ကို၊ ပြိုင်ဘက်မပေါ်၊ ကူဘော်မရှိ၊မိမိအလိုလို၊ ကိုယ်တော်တိုင်သာ- သိမြင်တော်မူသော- မြတ်စွာဘုရားသခင်သည်၊ ဥေယျငါးပုံ- တရားအလုံးစုံကို၊ အကုန်အစင် သိမြင်တော်မူသော သဗ္ဗညုတအစစ် ဖြစ်တော်မူသည်ကို မှန်မှမှန်ကန်ပါ့မလားဟု– ဘုရားရှင်၌ ယုံမှားခြင်း။

(၂) ဓမ္မေ ကင်္ခတိ = ဝေနေယျကြာ- သတ္တဝါတို့အား၊ မဂ္ဂင်ဖေါင်ကူးတို့ဖြင့်၊ မြတ်နိဗ္ဗူသောင်သို့– ဆောင်ပို့တော် မူတတ်

သော၊ မဂ်ညာဏ်လေးတန်– ဖိုလ်ညာဏ်လေးရပ်၊ နိဗ္ဗာန် မြတ်ဟု– ဆိုအပ်သည့် လောကုတ္တရာတရား (၉)ပါး၊ ပဋိဝေဓ သာသနာတော် မြတ်အားရင်း၊ ဗုဒ္ဓဘုရား ဟောညွှန်ကြားသည့်–ပရိယတ္တိ သာသနာ– ပါဠိတော် အဋ္ဌကထာ, ဋီကာနှင့် ပဋိပတ္တိ, သာသနာ- မဂ္ဂင်ရှစ် လွှာ- ဘာဝနာအဖြာဖြာတို့၌ရင်း၊ သံသာရဝဋ္ဋ ဒုက္ခ တော– ခမောစနတ္ထာယ– သံသရာဝဋ် ဆင်းရဲအပေါင်း မှ၊ ကင်းလွတ် ထွက်မြောက်ကြောင်း၊ နိယျာနိက ဓမ္မတရား– ဟုတ်မျှားမှ– ဟုတ်ပြီးပါ့ မလားဟူ၍၊ တရားတော်မြတ်၌ ယုံမှားခြင်း။

(၃) သံဃေကင်္ခတိ= မဂ္ဂဋ္ဌာန် လေးယောက်· ဖလဋ္ဌာန် လေးယောက်၊ ရှစ်ယောက်သော ပရမတ္ထ သံဃာတော်မြတ်တို့သည်၊ ရှိမှ ရှိခဲ့ရဲ့လားဟူ၍ရင်း၊ ဗုဒ္ဓသာသနာ- စဉ်လာမချို့ အရိယာ သံဃာတော်တို့မှ၊ သမုတိဥပ်– ပြည့်စုံလတ် သော- သမုတိသံဃာတော် ဆိုသည်မှာ၊ အရိန္ဒယ်ဝင် ထေရ်ရှင်အဖြစ်– မှန်မှမှန်ပါမလားဟူ၍ရင်း၊ အရိယာ သမုတိ, သေက္ခ, အသေက္ခ- သံဃာတော်မြတ်သည်၊ သုပ္ပဋိပန္နတာ စသော ဂုဏ်တို့နှင့် ပြည့်စုံမှ- ပြည့်စုံပါ့ မလားဟူ၍ရင်း၊ ယင်း- အရိယာ- သမုတိ- သံဃာ တော် အပေါင်းအား ရည်ညွှောင်းသမူ- စတုပစ္စယ- ဒါနအဖြာဖြာ ပြုပါရခြင်းသည်၊ အတိုးအနန္တ– အကျိုး ရသည်မှာ၊ မှန်မှ- မှန်ပါ့ မလားဟူ၍ရင်း၊ ဤသို့- သံဃာတော်မြတ်၌ ယုံမှားခြင်း။

(၄) သိက္ခာကင်္ခတိ= သီလဝိသုဒ္ဓိ- စိတ္တဝိသုဒ္ဓိ– ဒိဋ္ဌိဝိသုဒ္ဓိ- စင်ကြယ်မှု သုံး ဖြာ- သီလ, သမာဓိ, ပညာကို ဆည်းပူးသုစ်သင်ပါ သော– အကျင့်သိက္ခာတို့သည်၊ ပစ္စုပ္ပန်- တမလွန် ခေါ်· လောကီ,လောကုတ်· မယုတ်ဖွင့်ဖြိုး- အကျိုး ထူး တိုးသည်ဆိုသည်မှာ မှန်မှ– မှန်ပါ့ မလားဟူ၍ ရင်း၊ အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာ သိက္ခာ- ပြည့်စုံခြင်း ကေန်ဖြင့်၊ ဝိပဿနာ မဂ်ညာဏ်,

လောကုတ္တရာမဂ်ဉာဏ်, အမှန်ဆောင်နှင်း ကျင့်အပ်ခြင်း သိက္ခာဆိုတာ မှန်မှ- မှန်ပါ့မလားဟူ၍- သိက္ခာ၌ ယုံမှားခြင်း။

(၅) ပုဗ္ဗန္တေကင်္ခတိ= ပုဗ္ဗ-ရှေး၊ အန္တ- အစွန်း၊ ပုဗ္ဗန္တေ- ရှေးအစွန်းအတိတ်၌၊ ခန္ဓာရုပ်နာမ်, ဖြစ်ခဲ့ရအမှန်ကို၊ ကင်္ခတိ- မှန်မှ, မှန်ပါ့မလားဟူ၍၊ အတိတ်၌- ယုံမှားခြင်း၊ (ဝါ) ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်၏- ရှေးအစွန်း၌ ယုံမှားခြင်း။

(၆) အပရန္တေကင်္ခတိ=အပရန္တေ- နောက်အစွန်း, အနာဂတ်၌၊ ဥပါဒါန် မကင်းပြတ်သော်၊ ခန္ဓာ,အာယတန- ဓါတ်, ဖြစ်ပေါ် အပ်သည်ဆိုခြင်း၌၊ ကင်္ခတိ-မှန်မှ မှန်ပါ့မလားဟူ၍၊ အနာဂတ်၌- ယုံမှားခြင်း၊ (ဝါ) ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်၏- နောက်အစွန်း၌ ယုံမှားခြင်း။

(၇) ပုဗ္ဗန္တာ ပရန္တေ ကင်္ခတိ= ပုဗ္ဗန္တာ ပရန္တေ-ရှေးအစွန်း, အတိတ်၊နောက်အစွန်း- အနာဂတ်တို့၌၊ ခန္ဓာ- အာယတန- ဓါတ်တို့ မပြတ်,မပြတ်စဲ- အကြောင်းတွဲသမျှ-ဖြစ်တတ်စွာသော သဘော၌၊ ကင်္ခတိ- ဟုတ်မှန်ပါ့မလားဟူ၍- ယုံမှားခြင်း၊ (ဝါ) ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်၏ ရှေးအစွန်း- နောက်အစွန်း နှစ်ပါးတို့၌ ယုံမှားခြင်း။

(၈) ဣဒပ္ပစ္စယတာ- ပဋိစ္စ သမုပ္ပန္နေသု ကင်္ခတိ= ဣဒ- ဤပစ္စုပ္ပန်- ရုပ်နာမ် ခန္ဓာအကျိုး၌၊ပစ္စယ-အကြောင်းကြောင့်၊တာ-အဖြစ်သည်၊ ပဋိစ္စ- အကြောင်းကိုစွဲ၍၊ သမုပ္ပန္န-ဖြစ်ခြင်း၏၊ ဓမ္မေ- ရုပ်နာမ်ခန္ဓာ, တရားတို့သည်၊ ဣဒပ္ပစ္စယတာ- ဤအဝိဇ္ဇာအစရှိသော- အကြောင်းတို့ကြောင့်သာ၊ ပဋိစ္စသမုပ္ပါန်- သင်္ခါရစသော အကျိုးတို့ဖြစ်ရခြင်း-ဓမ္မတာသဘာဝ- ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ရပ်တို့သည်၊ မှန်မှ မှန်ပါ့မလားဟု ယုံမှားခြင်း။

အထက်ပါ= ယုံမှားခြင်း- ရှစ်ပါးတို့ကို နားလည်သဘောပေါက်၍၊ လွန်မြောက်နိုင်မှသာ- ယုံမှားကင်းခြင်းဖြစ်ပါမည်၊ ဤသင်တန်းကို ကြိုးပမ်း ခံယူလာပါက၊ တစ,တစ,အားဖြင့် ပြည့်စုံလာစေပါမည်။ အဲဒါ- ရှေးဦးသွာ

ယောဂီတို့မှာ လိုအပ်တဲ့ ယုံမှားကင်းဘို့ အချက်(၈)ရပ်ဘဲ၊ ယုံမှားကင်းတယ် ဆိုတာ– နှစ်မျိုးနှစ်စားရှိတယ်၊ တွေဝေလျက် ယုံမှားကင်းခြင်းနဲ့၊ မတွေမဝေ ယုံမှားကင်းခြင်းဘဲ၊ တွေဝေလျက် ယုံမှားကင်းခြင်းဆိုတာက၊ ဘုရား,တရား သံဃာ, သိက္ခာဆိုတာ– ဘာမယုံစရာရှိသလဲ၊ ဘုရားပွင့်တော် မူခဲ့လို့ ရဟန္တာ အဆက်ဆက်၊ သံဃာတော်, အဆက်ဆက်– ယုံလာခဲ့တာဘဲ၊ အတိတ်, အနာ ဂတ်, ပစ္စုပ္ပန်- ဘဝအဖန်ဖန်- ဖြစ်ရလည်ရတယ် ဆိုတာလဲ၊ ဘုရားအစရှိတဲ့ အရိယာအပေါင်း– သူတော်ကောင်းတွေ– ယုံကြည်ပြီးမှဘဲ၊ ဒို-ဘာမယုံစရာ ရှိပါ့မလဲဟု– ယုံကြည်ပါတယ်ဆိုခြင်းသည်၊ ကိုယ်ပိုင်ဉာဏ်နှင့် ပိုင်းခြားသိ၍၊ ယုံခြင်းမျိုးမဟုတ်ဘဲ၊ မလွန်ဆန်နိုင်သော- မလွန်ဆန်ဝံ့သော ပုဂ္ဂိုလ်အပေါင်း ကို အမှီပြုပြီး၊ လိုက်ယုံနေခြင်းမျှဖြစ်၍၊ သူများယုံလို့၊ တို့လဲ ယုံတယ်ဆိုတဲ့ သဘောကြောင့်၊ တွေဝေမှု မကင်းပေဘူး၊ တနေ့နေ့ တချိန်ချိန်မှာ ဘုရား, တရား,သံဃာ,သိက္ခာ, ပဋိစ္စသမုပ္ပါဒ် အရာတို့၌၊ ရင်ဆိုင်လာရတော့မှ– အစက တွေတွေဝေဝေနဲ့ ယုံလာခဲ့မိခြင်းကြောင့်၊ ယုံမှားမကင်းမှု– သံသယအခင်းတွေ မုချပေါ်ပင်း တွေ့ရတတ်ပါတယ်၊ ဒါကြောင့်– အမှန်ကန်ဆုံး- ယုံမှားကင်း ချင်ရင်၊ အထက်ပါ(၈)ပါး၌ ယုံမှားကြည့်ပါ၊ ယုံမှားစရာတွေကို ရှာကြည့် ပါ၊ ဘုရား, တရား, သံဃာ, သိက္ခာ၌ ရှာကြည့်ပါ၊ ပဋိစ္စသမုပ္ပါဒ်– ပစ္စယာ ကာရ ၁၂–ပါးတို့၌လဲ ရှာကြည့်ပါ၊ အဲဒီလို– ရှာဖွေဆည်းပူးကြည့်ပြီးမှ-ယုံ မှားစရာ၊ လုံးဝမရှိဘူးဆိုတာ၊ မိမိကိုယ်တိုင် ပညာနဲ့ သိလာမယ်၊ ဒီအခါ ကျမှ ယုံမှားကင်းခြင်း- ပြည့်စုံပြီး၊ ဘယ်အကြောင်းနှင့်မျှ ယုံမှားခြင်းတဖန် ပြန်၍ ဝင်မလာနိုင်တော့ပါဘူး၊ မယုံမှားခင်က ယုံမှားကင်းနေပါတယ်ဆိုရင် တွေဝေသော ယုံမှားကင်းခြင်းသာ ဖြစ်မယ်၊ ယုံမှားစရာ ရှာမရအောင် ဆည်း ပူးလေ့လာထားပြီး၊ ဉာဏ်အဖြစ်သို့ ရောက်ခါ- ဖေါက်ထွင်းလျက် ယုံမှား ကင်းစင်ခြင်းကသာလျှင် ခိုင်မြဲတယ်၊ အဝေစ္စသဒ္ဓါပသန္နနဲ့ ပြည့်စုံတယ်၊ မမှိတ် မသုဉ် ယုံကြည်တယ်၊ မယိမ်းမယိုင်– ကျောက်စာတိုင်လို တည်တန့်တယ်၊ ဘယ် သူက ဘယ်အကြောင်းနဲ့ နှဲ့နှဲ့ မနှဲ့တော့ဘူး၊ အဲဒီလို– ယုံမှား ကင်းခြင်းကို ရောက်အောင် ရှေ့ဆက်ပို့ချ ပေးသွားမယ်။

ဒီတော့– ယုံမှားကင်းခြင်းအစ, ရတနာမြတ်သုံးပါးက၊ သီလသိက္ခာ အစ- သရဏဂုံ ဆောက်တည်ခြင်းက၊ သမာဓိသိက္ခာအစ–သီလပြည့်စုံခြင်းက၊ ပညာသိက္ခာအစ, သုတစိန္တာပညာနှစ်ဖြာနှင့် ဘာဝနာဘိသမယအခါ- သီလ, သမာဓိပါမှသာ မိမိတို့ လိုရာလိုရပ် နိဗ္ဗာနဓါတ်သို့ ချဉ်းကပ်နိုင်မည် ဖြစ်ပါ

သောကြောင့်၊ အစ ့ကောင်း၍၊ အနှောင်းသေချာစေရန်၊ သရဏဂုံအခင်းကလေးကို အနည်းငယ် လိုအပ်သလောက် ထပ်ရှင်း ကြည်ညိုကြပါစို့ ... ။

"သရဏန္တိ ဂစ္ဆတိ- အနေနာတိ သရဏ ဂမနံ၊"

အနေန- ဤစိတ်ကောင်း, စိတ်မြတ်- စေတသိက်ဓါတ်ဖြင့်၊ (ဝါ) အဝေစ္စပသန္န- သဒ္ဓါလျှံဖိတ်၊ ဉာဏ်မြင်စိတ်ဖြင့်၊ သရဏန္တိ- ဘေးရန်အမျိုးမျိုးကို ပယ်ဖျောက်တတ်သော သဒ္ဒေယျဝတ္ထုမှန်- ဂုဏ်တော်အတန်တန်- ရတနာကေန်- မြတ်သုံးယံ ပါတကားဟူ၍၊ ဂစ္ဆတိ- သိတတ်, ယုံကြည်တတ်, ဆည်းကပ်- ကိုးကွယ်တတ်၏၊ ဣကိတသ္မာ–ထိုသို့သိကြောင်း, ယုံကြည်ကြောင်း ဆည်းကပ်ကိုးကွယ်ကြောင်းဖြစ်သောကြောင့်၊ တံ- ထိုသဒ္ဓါဉာဏ်ယှဉ်- စိတ်စေတနာတရားစု အယာဉ်သည်၊ သရဏဂမနံ–သရဏဂုံမည်၏။ ဒါက-ရတနာမြတ်သုံးပါးကို အာရုံပြုမှန်လို့၊ သရဏဂုံထိုက်တဲ့ စိတ္တုပ္ပါဒ်ကို ပြဆိုခြင်းဖြစ်တယ်။

အဲဒီလို= သရဏဂုံထိုက်တဲ့ စိတ္တုပ္ပါဒ်နဲ့ ပြည့်စုံတဲ့ သူကိုမှ၊ "သရဏဂတ" သရဏဂုံတည်တဲ့သူလို့ ဖြစ်ရပါတယ်၊ ဤသို့– ဉာဏ်မြင် သရဏဂုံတည်သူတို့၏ ကြည်လင်စိတ်ဓါတ်, အမြတ်ပြု၍၊ အစဉ်မပြတ် ကိုးကွယ်ခြင်းငှါ ထိုက်တဲ့၊ ဆည်းကပ်ခြင်းငှါထိုက်တဲ့၊ ဂုဏ်သကပ်ငါးရပ်နဲ့လဲ၊ ဉာဏ်အမြင်မှန် အစဉ်ဆင့်လောင်းလျက် ကြည်ညိုကြောင်း ပြုရပါမယ်၊ အဲဒီ– ဂုဏ်ငါးပါးကတော့....၊

(၁) စိတ္တိကတံ = စိတ်ထဲ, နှလုံးထဲ၌၊ အမြဲစွဲကပ် အလေးအမြတ် ပြုထိုက်သော ရတနာမြတ်သုံးပါး ပါတကား ဟူ၍ရင်း။

(၂) မဟဂ္ဃဋ္ဌ = တန်ဘိုးအနဂ္ဃ မပိုင်းဖြတ်နိုင်အောင် ထိုက်တန်လှသော ရတနာမြတ်သုံးပါး ပါတကားဟူ၍ရင်း။

(၃) အတုလဋ္ဌ = တုမဲ့ဘက်ကင်း, ယှဉ်ပြိုင်နိုင်ခြင်း အလျဉ်းမရှိသော၊ ရတနာ မြတ်သုံးပါး ပါတကားဟူ၍ရင်း။

(၄) ဒုလ္လဘဒဿနဋ္ဌ= အလွန်တရာမှ တွေ့ရခဲ၊ ဖူးမြင်ရခဲသော၊ ရတနာမြတ်သုံးပါး ပါတကားဟူ၍ရင်း။

(၅) အနောမသတ္တ ပရိဘောဂဋ္ဌ=မယုတ်ညံ့သူ လူမွန်သူမြတ် အရိယာဓါတ် ကိန်းသူတို့သာ အစဉ်သုံးဆောင်ရာ ဖြစ်ပါပေသည် ဟူ၍ရင်း။

ဗုဒ္ဓ- ကိုးဂုဏ်၊ ဓမ္မ- ခြောက်ဂုဏ်၊ သံဃာ- ကိုးဂုဏ်တို့သည်၊ အတိသေဋ္ဌ- ရတနာမြတ်ဟု- ယုံကြည်လတ်သော သူအား၊ စိတ္တိကတံ-ဂုဏ်သကပ်မှန်၍၊ ထုံအပ်သော သဘောဉာဏ်သို့ သက်ဝင်နိုင်ပါသည်၊ သရဏဂုဏ်တည်လျှင် ဘေးရန်အလီလီ ကင်းကွာ၍ အကျိုးလေးပါး၊ မျက်မှောက်, တမလွန်- ရငြားသည်ဟု ယုံကြည်သူအား၊ မဟဂ္ဃာ- အဘိုးအနဂ္ဃ သဘောကို၊ သက်ဝင်ဆုံးဖြတ်နိုင်ပါသည်၊ ကိုးကွယ်ဖူးမြင်, ကြည်လင်ချမ်းမြေ့- ငြိမ်းချမ်းတွေ့မှုသဘောကို၊ ပီတိနှော၍ တွေ့သူတိုင်း၊ အတုလဋ္ဌ- တုမဲ့ဘက်ကင်း-ဂုဏ်အခင်းသို့ သက်ဝင်ယုံကြည်ခြင်းရနိုင်ပါသည်၊ ဂင်္ဂါဝါဠု-သဲစုမက, ပွင့်လာကြလည်း- ယနေ့သို့တိုင်-မတွေ့နိုင်၍၊ သံသရာတွင်ကြဉ်လည်ကာ ဆင်းရဲနေရခြင်းကိုရင်း၊အသက်ခန္ဓာ-မမြဲရာ၌၊နေ့မြင်ညပျောက်၊ ဖြောင့်လက်မကွေး-ကွေးလက်မဖြောင့်၊ ဘယာရောက်၍၊ သေပျောက်တတ်ခြင်း-သဘောသွင်းက၊ ယခုတွေ့ဆဲ-ဖူးရခဲဟု-ဒုလ္လဘဒဿနာ- ဂုဏ်မဟာကို၊ ယုံကြည်ကာ- သက်ဝင်နိုင်ပါသည်၊ ဝိပဿနာအဆီ့ပညာမှီမည်ဟုအရိယာဓါတ်, ကိန်းအပ်ပါလျှင်၊ထိုသူတော်စင်သည်၊ အလျဉ်မပြတ်-အမြတ်ရတနာ ကျေးဇူးလွှာကို၊ ဘယ်ခါမမေ့-ပူဇော်လေ့ဖြင့်၊ အမြဲဆည်းကပ်-သုံးဆောင်အပ်ကြမည်မှာ-အမှန်ပင်ဖြစ်လျက်-သက်ဝင်ခိုင်မြဲနိုင်ပါသည်။

ဤသို့သော ဂုဏ်တော်မြတ်တို့နှင့် အမွန်းတင်ထုံလွှမ်း- ကြည်ညိုပန်းပွင့်သောသူသည်၊ အရိယာဓါတ်, တနေ့တခြား- တိုးပွားရာ, တိုးပွားကြောင်းဖြစ်ပါတော့သည်၊ ဒီတော့- ဘေးရန်ကင်းပုံ သရဏဂုဏ်၌၊ ကိုးကွယ်ဆည်းကပ်ပုံဖြစ်အပ်သော လေးရပ်သောနည်းကို ဆက်လက်ပြီး ဆည်းပူးကြပါစို့....

(၁) အတ္တသန္နိယျာတန သရဏဂုဏ်= မိမိကိုယ်ကို ရတနာမြတ်သုံးပါးအား၊ နှင်းအပ်လှူဒါန်းသော၊ အချင်းအရာဖြင့်-ဖြစ်သော သရဏဂုဏ်။

(၂) သိဿဘာဝူပ ဂမန-သရဏဂုဏ်=ရတနာမြတ်သုံးပါး၌ တပည့်အဖြစ်သို့ ကပ်ရောက်သောအားဖြင့်- ဖြစ်သော သရဏဂုဏ်။

(၃) တပ္ပရာယဏ-သရဏဂုဏ်= ရတနာမြတ်သုံးပါး၌၊ လည်းလျှောင်းညွတ်ပြောင်း-ကိုင်းရှိုင်းသော- အချင်းအရာအားဖြင့်-ဖြစ်သော သရဏဂုဏ်။

(၄) ပဏိပါတ-သရဏဂုဏ်=ရတနာမြတ်သုံးပါး၌ လွန်ကဲစွာ အရိုအသေပြုခြင်းအားဖြင့်-ဖြစ်သော သရဏဂုဏ်။

ဤသရဏဂုဏ် ခံယူဆောက်တည်ပုံလေးမျိုးမှာ၊ ကိုယ်ကိုအမွန်းတင်၍-ဆောက်တည်သော သရဏဂုဏ်ဖြစ်ပြီး၊ မူလပြခဲ့သော လေးပါးမှာ၊ သဒ္ဓါပသန္နစိတ္တုပ္ပါဒ်ကို- အမွန်းတင်၍၊ ဆောက်တည်ရသော သရဏဂုဏ် ဖြစ်ပါသည်။ အမှန်မှာမူ- ကိုယ်ကာယဖြင့် အမွန်းတင်လျှင်လည်း စိတ်စေတနာပါ-ပါရပါတော့သည်၊ စိတ်စေတနာကို အမွန်းတင်ပြုလျှင်လည်း ကိုယ်ကာယပါ-ပါရတော့သည်၊ ဒီတော့- ကိုယ်စိတ်နှစ်ပါးလုံး အမွန်းတင်ပြုနိုင်ငြားအောင်၊ မိမိကိုယ်စိတ်ကို စီစစ်ကြည့်ပေးပါ၊ စိတ်ကသာရှိပြီး- ကာယ- ဝစီက- မလိုက်နိုင်လျှင်၊ လိုတာကို ဖြည့်ကျင့်ပါ၊ ကာယ-ဝစီကသာ လိုက်လျှောပြီး စိတ်စေတနာဇောက လျော့ပါးနေသလားလို့လဲ- စစ်ဆေးပြီးဖြည့်ပေးပါ၊ အဲဒီလိုလိုတာကို ဖြည့်စွက်၍၊ အထက်မြက်ဆုံးသော သရဏဂုဏ်ဖြစ်ပါစေ။

ဒီတော့ အထက်မြက်ဆုံး သရဏဂုဏ်ကိုကြည့်ရင်၊ ပဌမအမှတ် (၄) ဖြစ်တဲ့- အဝေစ္စပသာဒ သဒ္ဓါနှင့် (ဝါ) မမှိတ်မသုဉ်ယုံကြည်ကုန်သော သဒ္ဓါတရားနှင့် ကိုးကွယ်ဆည်းကပ်ခြင်းက- ရင့်သန်လာပြီးလျှင် ရတနာသုံးအင်ကို သမ္မာဒိဋ္ဌိ ဉာဏ်မြင်နဲ့ ယှဉ်လျက်၊ ဩကပ္ပနသဒ္ဓါနဲ့ ယုံကြည်ကိုးကွယ်ဆည်းကပ်နိုင်ပါလျှင်၊ ယခုပြဆိုခဲ့သော အမှတ်(၁)ဖြစ်သည့်၊ အတ္တသန္နိယျာတန သရဏဂုဏ်၊ မိမိကိုယ်ကို ရတနာမြတ်သုံးပါးအား လှူဒါန်း၍၊ သက်ဝင်သော သရဏဂုဏ်မျိုးကို- မဖြစ်ထွန်းမဆောက်တည်နိုင်စရာအကြောင်း မရှိကောင်းတော့ပါပေ။ ထို့ကြောင့်- သဒ္ဓါထိပ်တန်း, ကိုယ်ပါလှူဒါန်းလျက် ဆောက်တည်သော သရဏဂုဏ်ပန်းသည်၊ အရိယာဓါတ်- ကိန်းအပ်သူတို့၏ (ဝါ) အရိယာဓါတ်ကိန်းအောင် ကြိုးစားချင်သူတို့၏၊ အမြတ်ရတနာသုံးဘော်၌-အကောင်းမြတ်ဆုံး-အမှန်ကန်ဆုံး ဆည်းကပ်ခြင်းမျိုးဖြစ်၍၊ ဝိပဿက ယောဂီပုဂ္ဂိုလ်မြတ်ဆီဆို ဦးတည်သော သူတော်ကောင်းတို့သည်၊ ဤကာယ-စိတ္တ ထိပ်တန်းကျ၍ စုံညီလှသော သရဏဂုဏ်တည်မှုကို ပြုတော်မူသင့်ပါတော့သည်။ထိုကဲ့သို့-ပြုပါလျှင်၊ကြွင်းသရဏဂုဏ်သုံးပါးသည်လည်း အကျွမ်းဝင်၍ သွားတော့မည့်အပြင်ဘေးဘယကင်းကွာ-လိုအင်ဆန္ဒအဖြာဖြာတို့သည်၊ ဖွင့်ဖြိုးတိုးတက် အကျိုးရင်းအကျိုးဆက် မကုန်ခမ်းနိုင်အောင် ရတနာပန်းခိုင်မှ ဆွတ်ချူရယူနိုင်တော့မည်မှာ မလွဲပါပေ။ ထိုကဲ့သို့ အကျိုးကြီးမား-များမြတ်ပုံကိုလည်း အင်္ဂုတ္တရ အဋ္ဌကထာ၌....

"အတ္တာနံ နိယျာတေတွာ ဒိန္နတ္တာ-

သရဏ ဂမနံ မဟပ္ဖလ တရန္တိ ဝုတ္တံ"ဟု ဟောတော်မူပါသည်။

အတ္တာနံ–မိမိ၏ရုပ်နာမ်ဇီဝိတနှင့် သညာအမှတ်ပြု အတ္တဘောစုဟူသော ခန္ဓာကို၊ နိယျာတေတွာ–အပ်နှင်းလှူဒါန်းပြီး၍၊ ဒိန္နတ္တာ–ပေးအပ်လှူဒါန်းသည်၏အဖြစ်ကြောင့်၊ ဣဒံ သရဏ ဂမနံ- ဤသရဏဂုဏ် ခံယူဆောက်တည်မှုကို၊ မဟပ္ဖလတရန္တိ– အလွန်အကျိုး အထူးသဖြင့် အကျိုးကြီးမြတ်၏ဟူ၍၊ ဝုတ္တံ-ဟောတော်မူအပ်၏။ ။

သရဏဂုဏ်–လေးနည်းနဲ့ လေးမျိုးထဲမှာ အမြတ်ဆုံး ဆောက်တည်မှုကို သိရပြီဆိုတော့၊ ယနေ့ကစပြီး-ဆောက်တည်ကြစို့။ သင်တန်းအစက ရှိခိုးပူဇော် ဆုတောင်းသာခဲ့တဲ့ အကျိုးတွေ ပြည့်စုံပြီး၊ ဝိပဿနာပညာများကို အနှောက် အယှက်မရှိရအောင် ရရှိပြီး- ကိုယ်တိုင်အားထုတ်လျတ်၊ သူတပါးပြောစကား တွေကို ယောင်ဝါး-နားထောင်နေစရာ မလိုတော့ဘဲ၊ ကိုယ်ကိုယ်တိုင် ကိုယ် ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ပြီး မဂ်ဉာဏ်,ဖိုလ်ဉာဏ်ရရေးမှာ ရပ်တည်သွားနိုင်တော့မယ် လို့ ယုံကြည်–ကိုးကွယ်–ဆည်းကပ်-ဆောက်တည်ပါ၊ဆောက်တည်ရင် ရတနာ မြတ်သုံးပါး၏ ဂုဏ်သတ္တိက ပေးစွမ်းသော အကျိုးလေးပါးလဲရမယ်၊ မိမိတို့ရဲ့ ပုဗ္ဗေစ ကတပုညတွေကိုလဲ အားကြီးအောင် အထောက်အပံ့ရမယ်၊ ဒိဋ္ဌဓမ္မအား ဖြင့်၊ ဝိပဿနာ ဘာဝနာ ပညာတွေ ရှေ့ဆက်မပျက်မကွက်ရသွားမယ်ဆိုတဲ့ အကျိုးတွေနဲ့ ပြည့်စုံရတော့မယ်လို့ ဝမ်းမြောက်ကြပေတော့၊ အဲ-ပကတိ ပေးစွမ်းမဲ့ အကျိုးလေးပါးကတော့....

"ဟိံ သတီတိ–သရဏံ"

ဟိံသတိ–မကောင်းကျိုးတို့ကို ဖိစီးနှိပ်စက်တတ်၏။ ဣတိ တသ္မာ– ထိုသို့ မကောင်းကျိုးတို့ မကျရောက်ရအောင် ဖိစီးနှိပ်စက်တတ်သောကြောင့်၊ သရဏံ-သရဏံ ဣတိ–ကိုးကွယ်ရာအစစ်ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။ ၊ ။မကောင်း ကျိုးတို့ကို ဖိစီးနှိပ်စက်တတ်ခြင်းဖြင့် ကောင်းကျိုးတို့ကို ရရောက်အောင်– ထောက်ပံ့တတ်သည်ဟု ဗျတိရိတ်အားဖြင့် နားလည်ရပါမည်၊ ထိုမကျရောက် စေတတ်သော မကောင်းကျိုးလေးပါးတို့မှာ....။

(၁) ဘေးဒါဏ်ရန်မာန် ဥပဒ္ဒဝေါတို့ကိုရှင်း၊
(၂) ကြောက်ခြင်း, တိတ်လန့်ခြင်းကိုရှင်း၊
(၃) ကိုယ်ဆင်းရဲ-စိတ်ဆင်းရဲခြင်းကိုရှင်း၊
(၄) အပါယ်လေးပါး–လားရခြင်းကိုရှင်း၊

ဟိံသတိ-ဖိစီးနှိပ်စက်၍၊ ဝိနာသတိ-ကင်းလွတ်ပျောက်ငြိမ်းစေ၏။

သို့ပါ၍၊ ဤအကျိုးလေးပါးနှင့်တကွ လောကုတ္တရာ- သရဏဂုဏ်ဆီသို့ ဦးတည်သွားခါ၊ ပေါက်ရောက်နိုင်ခွင့်- လမ်းကြီးပွင့်သွားရအောင်၊ အောက်ပါအတိုင်း မိမိခန္ဓာကိုယ်ကို လှူဒါန်း၍၊ သရဏဂုဏ် အမြတ်ပန်းကို ဆင်မြန်းပါလေ....

အဇ္ဇအာဒိံကတွာ- အဟံ အတ္တာနံ- ဗုဒ္ဓဿ နိယျာတေမိ၊

အဇ္ဇအာဒိံကတွာ- အဟံ အတ္တာနံ- ဓမ္မဿ နိယျာတေမိ၊

အဇ္ဇအာဒိံကတွာ- အဟံ အတ္တာနံ- သံဃဿ နိယျာတေမိ၊

အဇ္ဇအာဒိံကတွာ-ယနေ့ကိုအစပြု၍၊ အဟံ-ဘုရားတပည့်တော်သည်၊ အတ္တာနံ-မိမိ၏ ရုပ်နာမ်,ဇီဝိတနှင့်-သညာအမှတ်ပြု၊အတ္တဘောစုဟူသော ခန္ဓာကို၊ဗုဒ္ဓဿ-မြတ်စွာဘုရားသခင်အား၊ဓမ္မဿ-တရားတော်မြတ်အား၊ သံဃဿ-သံဃာတော်မြတ်အား၊ နိယျာတေမိ-အပ်နှင်းလှူဒါန်းပါ၏ အရှင်ဘုရား။ ။

* ရတနာမြတ်သုံးပါးအား၊ ခန္ဓာ လှူဆောက်တည်ပြီးမှတော့၊ တပည့်အဖြစ်လဲ- ခံယူပါလေဦး။

အဇ္ဇအာဒိံကတွာ- အဟံ ဗုဒ္ဓဿ အန္တေဝါသိကာ ဝဿာမိ၊

အဇ္ဇအာဒိံကတွာ- အဟံ ဓမ္မဿ အန္တေဝါသိကာ ဝဿာမိ၊

အဇ္ဇအာဒိံကတွာ- အဟံ သံဃဿ အန္တေဝါသိကာ ဝဿာမိ၊

အဇ္ဇအာဒိံကတွာ- ယနေ့ကို အစပြု၍၊ အဟံ- ဘုရားတပည့်တော်သည်၊ ဗုဒ္ဓဿ- မြတ်စွာဘုရား သခင်၏၊ ဓမ္မဿ- တရားတော် မြတ်၏၊ သံဃဿ- သံဃာတော်မြတ်၏၊ အန္တေဝါသိကာ- အတွင်းဝင် အစစ်, တပည့်ရင်းချစ်အဖြစ်ကို၊ ဝဿာမိ- တောင်းခံဆည်းကပ် လှည်းလျောင်းနေထိုင်အပ်ပါ၏ အရှင်ဘုရား။ ။

ကဲ- ရတနာသုံးစုံ၊ အာရုံစွဲငြိ၊ မိမိကိုယ်ကို လှူဒါန်းဆိုလျက်၊ နှုတ်ချိုမြွက်ခါ- တပည့်အရာလဲ ပြီးပြည့်စုံအောင်- နားလည်သဘောပေါက်- ခံယူဆောက်တည်ခြင်း- ပြီးမြောက်နိုင်ကြပါပြီ၊ သာသနာတော်မြတ်နဲ့ တွေ့ကြုံခါ ကံကောင်းထောက်မမှုကို- ယနေ့ကစ၍၊ အပြည့်အဝရကြတာ၊ လွန်စွာ ဝမ်းမြောက်ဘွယ်ကောင်းလေစွ့လို့ ပီတိ, သောမနဿနဲ့- နှစ်သက်ရွှင်လန်းသဒ္ဓါပန်းတွေ- တဝေဝေပန်ဆင်နိုင်ကြပါစေ။ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘကို- လွန်စွာရခဲ-ကြုံခဲ့လှပါတယ်၊ ဂင်္ဂါဝါဠု သဲစုနှင့်မျှမက၊ ဘုရားရှင်ပေါင်း အသင်္ချေအနန္တ

ပွင့်တော်မူခဲ့ကြပေမဲ့၊ လက်ဆုပ်လက်ကိုင် ဖူးနိုင်ကိုယ်တွေ့ ဉာဏ်ပြကတော့ သဘောနှင့်– ဝိမုတ္တိရသကိုနှော၍၊ မခံစား, မခံယူနိုင်ခဲ့ခြင်းကြောင့်၊ ဤမျှ သံသရာ· ရှည်ကြာလာရသည်ကို ချင့်တွေးကြည့်က၊ ဘုရားရှင်တွေ အသချေ အနန္တနဲ့ ဘယ်လောက် ဝေးခဲ့-ကွာခဲ့-ကင်းခဲ့ရသလဲဆိုတာ အထင်းသားသိနိုင် ကြပါတယ်၊ ယခုအခါ– သာသနာတော် တဝက်လဲသော်လည်း ဝိမုတ္တိယုဂ ခေတ်နဲ့တွဲပြီး– ပက်ပင်းပါတွေ့ကြုံရတုံး၊ ဘုရားကို မခွဲမကွာ- တရားကို မြဲမြံ စွာ၊ သံဃာတော်ကို စွဲမြဲစွာနှင့်ကိုးကွယ်လှည်းလျှောင်း၊ ဆည်းကပ်တော် မူနိုင် ကြောင်း၊ အခွင့်အရေးကြီးဟာဖြင့်၊ ဘဝအသချေ– အနန္တထဲမှာ၊ အရတော် စွာ အမြတ်တကာ့ အမြတ်ဆုံးကြီးသာ ဖြစ်ပါတကားလို့ သဒ္ဓါဓိမောက္ခနဲ့ ဆုံးဖြတ်ယုံကြည် ကိုးကွယ်ပူဇော်၊ ဖူးမျှော်ကြပါလေ၊ ထိုသို့= ကိုယ်တွေ့ရင်ဆိုင် သရဏဂုဏ်ကို ခံယူရတဲ့ အကျိုးကို မဆိုထားနဲ့....

"ဗုဒ္ဓေါတိ ကိတ္တိယန္တဿ ကာယေ ဘဝတိ ယာပီတိ-

ဝရမေဝဟိ သာပီတိ- ကသိဏေနာပိ ဇမ္ဗုဒီပဿ"လို့-

စူဠဝါ အဋ္ဌကထာမှာ လာရှိတယ်။ ၊အဓိပ္ပါယ်ကတော့။ ဘုရား– ဘုရား, ဟူ၍ရင်း၊ တရား–တရား, ဟူ၍ရင်း၊ သံဃာ-သံဃာဟူ၍ရင်း၊ ကြွေး ကျော်သံကို ကြားရသောသူ၏ ကိုယ်စိတ်၌၊ အကြင်, နှစ်သက်ခြင်း ပီတိသည် ဖြစ်ရှိခဲ့၏၊ ထိုပီတိသည်ကား၊ ဇမ္ဗုဒီပါတကျွန်းလုံးကို အစိုးရသော– ကေရာဇ် မင်းထက်ငင်း၊ လေးကျွန်းလုံးကို အစိုးရသော– စကြာဝတေး, မန္ဓာတ်မင်း ထက်ငင်း၊ အမြင့်ကြီးမြင့်ခါ– အမြတ်ကြီးမြတ်လှသော ပီတိပါမောဇ္ဇ ကေန္တ ဖြစ်ပေတယ်။

အဲဒီလို- ဘုရား, တရား, သံဃာဆိုတဲ့– ကြွေးကျော်သံကို နာခံကြားရ ပီတိဖြစ်ရုံမျှကလေးသည်ပင်လျှင်၊ စကြာဝတေး မန္ဓာတ်မင်း စည်းစိမ်ထက်- အဆ,ရာထောင်–မကသာအောင် မြတ်ပါသေးလျှင်၊ ယခု သူတော်စဉ်အပေါင်း တို့သည်၊ ဘုရားစစ်, ဘုရားမှန်၊ တရားစစ်, တရားမှန်၊ သံဃာစစ်, သံဃာ မှန်တို့ကို၊ မျက်မြင်တမျိုး၊ စိတ်ထင်တဖုံ၊ ဉာဏ်ဟုန်နဲ့ ကိုယ်တိုင်တွေ့ပြီး ဆည်း ကပ် ကော်ရော်, ပူဇော်ပုံကိုသိကာ၊ ပူဇော်ရတဲ့အကျိုးဟာ– တန်ဘိုးအနန္တ မပိုင်းဖြတ်နိုင်အောင် ထိုက်တန်လှတဲ့၊ အကျိုးကျေးဇူးတွေကို မရပေဘူးလား၊ အဲ-မုချရရှိလေပေါ့၊ ဒါတွင်လားဆိုတော့ မကတပြန်၊ အလွန်သာပြန်တဲ့ သဘောကို ကြည့်ရင်၊မိမိကိုယ်ကို အပ်ခါလှူဒါန်း, ပူဇော်ခန်းနှင့် တပည့်တပန်း

အဖြစ်လဲ ခံယူပြီးပြီဆိုတော့၊ ယနေ့ယခု- သရဏဂုဏ် တည်ဆောက်မှုကြီးဟာဖြင့်- ကမ္ဘာသခ်ျေအနန္တ, ဒုဂ္ဂတိဘဝတွေ ကင်းဝေးကြရမှာ မလွဲတော့ဘူး၊ အဲဒီလို ဒုဂ္ဂတိဘဝတွေ ကင်းဝေးနိုင်မှ၊ ရှေ့ဆက်ပြီးတော့၊ မဂ်ပန်းဖိုလ်ပွင့်ဖြစ်တဲ့ ဝိပဿနာပညာတွေကို ဆည်းပူး အားထုတ်ခါ၊ ကိုယ်ကိုယ်တိုင်လဲ အားထုတ်၊ သူတပါးတို့ကိုလဲ တပုဒ်တဂါထာကအစ, သွန်သင်ပြသနိုင်သည်အထိ၊ ရရှိကြဦးမည်ဆိုတော့၊ ယခုပစ္စက္ခသာသနာတော်မြတ်ကြီးနဲ့ ဘုရားစစ် ဘုရားမှန်၊ တရားစစ်, တရားမှန်၊ သံဃာစစ်, သံဃာမှန်ကို၊ တွေ့လိုက်ရကျိုး တကယ်နပ်တော့မှာပါကလားလို့ ဝမ်းအမြောက်ကြီး မြောက်ပြီး၊ ပီတိပါမောဇ္ဇဖြစ်ကြခါ၊ ရှေ့ဆက်လက်မည့် တရားတော်မြတ်များကို ရယူကြဘို့လဲ သန္နိဋ္ဌာန်ချရန်နှင့် အလေးအနက်တားကြသို့ အားတက်သရော ရှိကြဘို့ ကောင်းပါပေတယ်။

ထိုသို့= လေးနက်အာရုံ စွဲမြဲထုံအောင်၊ တဖုံဆိုရပါမူ၊ ရတနာသုံးပုံမြတ်ဂုဏ်တော်အလုံးစုံကို မဆိုထားဘိ၊ ဘုရားတဆူရဲ့ ဂုဏ်တော်, ကျေးဇူးတော်တွေကို၊ နောက်, ဘုရားရှင်တဆူက ဖွင့်ဆိုတော်မူမယ်ဆိုရင်၊ နောက်, ဘုရားရှင်ရဲ့ သက်တော်ကံတော်သာ ကုန်ဘွယ်ရာရှိမယ်၊ ရှေးဘုရားရှင်ရဲ့ ဂုဏ်တော်, ကျေးဇူးတော်တွေကတော့၊ ကုန်နိုင်မှာ မဟုတ်ဘူး၊ တရားတော်မြတ်လဲ ထိုနည်းတူဘဲ၊ သံဃာတော်မြတ်လဲ၊ ထိုနည်းတူစွာပါဘဲ၊ ဒီအကြောင်းကို ထင်ရှားအောင် ပြရရင်တော့၊ သာသနာတော် သက္ကရာဇ်(၃၀၀)ကျော်လောက်က၊ သီဟိုဠ်ကျွန်းမှာ- သာသနာတော် လွန်စွာ ပွင့်လင်းထွန်းတောက်ခြင်းရှိရာ၊ သစ္စက ပပုဗ်ိဇ်ရဲ့၊တဘဝခြားပြီး နောက်ဘဝမှာ အိန္ဒိယပြည် မဒရပ်နယ်မှာ မွေးဖွားခါ၊ အိန္ဒိယသာသနာ မကွယ်ခင် ကလေးတွင်၊ ရဟန်းပဉ္စင်းဖြစ်ခြင်း ပြည့်စုံလျက်၊ ရဟန္တာ မထေရ်မြတ်တို့ထံ၊ ဆုံးမနည်းနာ ခံယူကာကျင့်သုံးပြီး၊ သောတာပတ္တိဖိုလ်ပန်းကို ဆင်မြန်းလျက်၊ အရှင်ဓမ္မရက္ခိတမထေရ်မြတ်တို့ထံ ဆုံးမနည်းနာခံယူကျင့်သုံးပြန်ခါ၊ အရဟတ္တမဂ်ပန်းကို ဆင်မြန်းရရှိပြီးလျှင်၊ အရှင်ဗုဒ္ဓရက္ခိတမထေရ်လို့ ရဟန္တာတဆူ- ဖြစ်တော်မူခဲ့တယ်၊ အိန္ဒိယမှာ- သာသနာမှေးမှိန်တော့၊ သီဟိုဠ်ကျွန်း စေတီယတောင်မှာ- သီတင်းသုံးတော်မူတယ်၊ တရားဓမ္မများကိုလည်း ဟောကြားဆုံးမတော် မူလေ့ရှိရာ၊ အရှင် ဗုဒ္ဓရက္ခိတ မထေရ်မြတ်ရဲ့ ဂုဏ်သတင်းဟာ၊ ခမ်းနားကျော်ကြားခြင်းဖြစ်ခဲ့တယ်၊ အဲဒီတုံးက- ဒေဝါနံ ပီယတိဿမင်းကြီး စိုးစံတဲ့ လက်ထက်ပေါ့၊ မင်းကြီးဟာ- အရှင် ဗုဒ္ဓရက္ခိတ မထေရ်မြတ်ရဲ့ တရားသဘင်ကို သာမာန်အရပ်သားကဲ့သို့ ဝတ်စားပြီး၊ တိုင်းသူပြည်သားများ တရားလိုက်စားကြပါ

ရဲ့လားဟု တကြောင်း၊ မိမိကိုယ်တိုင် မထေရ်မြတ်အား- ဖူးမြော်လို တရား နာယူလိုသည် တကြောင်းကြောင့်- အဆောင်အယောင်တွေ ဖယ်ရှားပြီး၊ တကိုယ်ထည်းကြွသွား တရားနာယူတယ်၊ တရားပွဲကလဲ- ဘယ်လောက် ဟော တော်မူသလဲဆိုတော့၊ ညဦး (၇) နာရီလောက်ကနေပြီး မနက်အာရုံလာတဲ့ တိုင်အောင်– ဟောတယ်၊ ကြားထဲလဲ နားချိန်နဲ့ပေါ့လေ၊ အဲဒီ- သာသနာ ထွန်းလင်းတောက်ပတဲ့ ခေတ်က၊ သီဟိုဠ်ကျွန်းမှာ- တရားသဘင်ဆိုရင်၊ ဒီအ တိုင်းဘဲ ဟောကြားကြတယ်၊ ပီယတိဿမင်းကြီး တရားနာလာတဲ့ ညမှာ၊ အရှင် ဗုဒ္ဓရက္ခိတ- မထေရ်မြတ်က မြတ်စွာဘုရားသခင်ရဲ့ ဂုဏ်တော်, ကျေးဇူးတော် တွေကို တညဉ့်ပတ်လုံး ဖွင့်ဆိုဟောတော်မူတယ်၊ ပရိသတ်တသောင်းကျော် လောက်ရှိတဲ့ တရားမဏ္ဍပ်ကြီးတခုလုံးဟာ၊ အပ်ကျသံမျှ မကြားရအောင်၊ ကိတ်ဆိတ်ငြိမ်သက် ပီတိဖက်ခါ တရားနာကြတယ်၊ ဒီပရိသတ်ထဲမှာ မင်း ကြီးလဲ အတူတူဘဲ၊ ပီတိပါမောဇ္ဇတွေ ပေါ်နေခဲ့တယ်။

ပေါ်လဲ ပေါ်လောက်စရာပါပေဘဲ၊ အရှင်ဗုဒ္ဓရက္ခိတလို့ ဘွဲ့အမည် တော်ရတဲ့ မထေရ်မြတ်ကလဲ၊ ပဋိသမ္ဘိဒါပတ္တ ဉာဏ်အယာဉ်နဲ့ မြတ်စွာဘုရား သခင်ရဲ့ ဂုဏ်တော်ကိုးအင်, အပိုင်းအဆစ်တွေကို တခုချင်းဖွင့်လှစ် ပြဆို တိုင်း၊ ဟေတုသမ္ပဒါ- ဖလသမ္ပဒါ- သတ္တုပကာရ သမ္ပဒါ- ရူပကာယသမ္ပဒါ ဆိုတဲ့ မြတ်စွာဘုရားသခင်ရဲ့ အကြောင်းဂုဏ်တော်နဲ့ ပြည့်စုံခြင်း၊ အကျိုး ဂုဏ်နဲ့ ပြည့်စုံခြင်း၊ အကြောင်းအကျိုးဂုဏ်နဲ့ ပြည့်စုံခြင်း၊ ရူပကာယသမ္ပဒါ တော်မှာလဲ (၃၂)ပါးသော ယောကျ်ားမြတ် လက္ခဏာတော်ကြီးများနှင့် (၈၀)သော လက္ခဏာငယ်တော်တို့နဲ့ ပြည့်စုံတော်မူချက်တွေကို၊ ဂုဏ်တော် ကိုးအင်နဲ့ ရစ်ပတ်ပြီး၊ မည်သူကမှ မပေးမကပ်, ရလတ်တော်မူ၊ ပြည့်စုံတော် မူသော ဂုဏ်တော်အနန္တတွေကို နာကြားယုံကြည်ချက်ဖြင့် ပီတိဘက်ခါ– ရွှင်လန်းသာအောင် ဟောကြားရာ၊ ဓမ္မမာမကအပေါင်း, သူတော်ကောင်း တွေလဲ အရှင် ဗုဒ္ဓရက္ခိတ မထေရ် ဟောတော်မူသည့် ဂုဏ်တော်ဖွင့်ကို နာကြား ရရင်တော့၊ မုချ ဒေဝါနံ ပီယတိဿမင်းကြီးနဲ့ ပရိသတ်များလို ပီတိဟုန် လွှမ်းထုံကြမှာ အမှန်ပါဘဲ၊ အဲဒီ ဂုဏ်တော်အဖွင့်တွေကို နောက်တဆင့် သင်္ချန်းစာကြမှာဘဲ ယူကြပါတော့။

ဒီနေရာမှာ= ရှင်ဗုဒ္ဓရက္ခိတ မထေရ်မြတ်ဟာ၊ ဤဘွဲ့အမည်တော်ရရှိ ခြင်းနဲ့ ဗုဒ္ဓဂုဏ်တော် ကျေးဇူးတော်တွေကို မပြတ်မလတ်ဆိုသလို ဘာ့ကြောင့် ဟောတော်မူလေ့ရှိသလဲဆိုတော့၊ တဘဝခြားက မထေရ်မြတ်သည်၊ သစ္စက

ပုရဗိုဇ်- ဖြစ်ခဲ့ရာတွင်၊ လောကီပညာတွေက သူ့မှာ-အမိဘက်က- ၇၀၀၊ အဖဘက်က- ၇၀၀၊ အတတ်ပေါင်း တထောင်ဆောင်နိုင်တဲ့၊ တိဟိတ်ပဋိသန်-ဉာဏ်ယှဉ်သမားကြီးပေါ့။ သူ့ကို လိစ္ဆဝီမင်းသား ၃၆-ယောက်တို့က၊ ဆရာတင်ထားကိုးကွယ်လေတော့၊ လူ့လောက- အလယ်မှာ၊ ဘုရင်တဆူလို ဘုန်းရှိပြီး ပညာမာန်ကလဲ သုံးလွန်းတော့- အယူအစွန်းရောက်ပြီး၊ အတ္တအယူမှ အမှန်ကွလို့၊ သူ့မင်းသားတွေကို- အခါခါ နားချပေမဲ့၊ မြတ်ဘုရား၏ အနတ္တသာသနာမှန်က၊ လွှမ်းမိုးအုပ်စိုးလာချိန်မှာ ဆရာကို တပည့်တွေက၊ အတ္တသာ တကယ်မှန်ရင်၊ ဂေါတမဘုရားရှင်နှင့် ပြိုင်၍စစ်ဆေးပါ၊ နိုင်လာရင် တိုးလို့ ယုံကြည်ကိုးစားပရစေဆိုတော့၊ သစ္စက ပုရဗိုဇ်ကလဲ၊ ဒီတပွဲတော့ အကြောင်း ပြလိုက်အုံးမှဘဲဆိုပြီး၊ သူက ချိပြီး တုတ်ပြီး ဖြစ်အောင်၊ ဘုရားရှင်ဆီ မသွားခင်တနေ့မှာ၊ ရှင်သာရိပုတ္တရာမထေရ်မြတ်ရဲ့ လက်ဦးဆရာ၊ အရှင် အဿဇိ မထေရ်မြတ် ဆွမ်းခံကြွလာတာကို လမ်းကဆီးပြီး၊ "သင်တို့ဆရာ- ရှင်ကြီး ဂေါတမသည်၊ အတ္တလို့ ယူပါသလား၊ အနတ္တလို့ အယူရှိပါသလား" လို့ မေးသတဲ့၊ အရှင်အဿဇိ မထေရ်မြတ်ကလဲ၊ မှန်တဲ့အတိုင်း, မဆိုင်းမတွဘဲ၊ "ကေန္တ, အနတ္တမို့- အမှန်အယူရှိတော်မူတယ်" လို့ ဖြေတော်မူလိုက်တယ်၊ ဒါတောင်- သစ္စက,က ထပ်ပြောလိုက်သေးတယ်၊ "ရှင်ကြီး ဂေါတမရှေ့ ရောက်ရင်လဲ၊ အရှင်ဟာ- ဒီအတိုင်း သက်သေခံရပါလိမ့်မယ်" လို့ ပြောသတဲ့၊ သူထင်နေတာက- ဘုရားဆီ သူသွားပြိုင်ရင်၊ မပြိုင်ခင်က သူ့ကို အရှုံးပေးပြီး ငါတို့လဲ အတ္တအယူဘဲ ယူတယ်လို့ ပြောမှာစိုးလို့တဲ့၊ သစ္စက,က သူပိုင်ပြီဆိုပြီး-ကြိုတင်နိုင်ကွက်ကိုင်တဲ့- သဘောပေါ့လေ ...။

ဒါပေမဲ့= နောက်တနေ့မှာ- လိစ္ဆဝီမင်းသားတွေ ခြံရံပြီး ဘုရားရှင်ထံ ဝါဒပြိုင်ရန်လာတဲ့- သစ္စကဟာ ဘယ်လိုလက်မှိုင်ချရသလဲဆိုတာ၊ ကြားလဲ ကြားဖူးကြလို့၊ အထူးမပြောတော့ပါ၊ ဒီနေရာမှာ- သိစေချင်တာကလေးက သစ္စက ပုရဗိုဇ်ဟာ- လူလယ်ခေါင်မှာ၊ သူ့အတ္တအယူ- လုံးလုံးရှုံးပေမဲ့၊ လိစ္ဆဝီမင်းသားတွေ သူ့ထံက ခွါသွားမှာစိုးလို့ ဝန်မခံဘူး၊ ဒါကို သိကြားမင်းက သိလူးယောင်ဆောင်ပြီး၊ သံလျက်နဲ့ လယ်ဂုတ်ကို ဖြတ်လိုက်ရမလား ဆိုမှ ဝန်ခံတယ်၊ လိစ္ဆဝီမင်းသားတွေကလဲ ဘုရားရှင်ကို ကောင်းခြီးပြုပြီး သရဏဂုံ ဆောက်တည်ကြတယ်၊ ဒီတော့ သစ္စက,က မင်းသားတွေနဲ့ မကွဲမကွာ ရအောင် ဘုရားရှင်နှင့် သံဃာတော် ၅၀၀-ကို နံနက်ဖြန် ဆွမ်းလုပ်ကျွေးပါ ရစေလို့ လျှောက်ထား ပင့်ဘိတ်ပြီး ပြန်သွားကြတယ်၊ မင်းသားတွေကိုတော့ **လောကုတ္တရာအတွက် မင်းတို့ ရှင်ကြီး ဂေါတမကို သဘောကျတဲ့သူတွေ ကိုး**

ကွယ်ကြပေါ့ကွာ မမှားပါဘူး၊ လောကီကတော့-ဆရာ့ကို ဘယ်သူမှမမှီပါဘူး ကွာ''လို့ အပျော့ဆွဲနဲ့ ထပ်ဆွဲပြီး နံနက်ဖြန် ဆွမ်းကပ်-ကြရအောင် ဘယ်မင်း မင်းသားက ဘယ်တာဝန်ယူပေါ့လို့ အကုန်ခွဲဝေပေးပြီး စီမံတယ်။

အမှန်ကတော့ သစ္စကဟာ၊ ဘုရားရှင်သည် ပတ္တမြားငမောက်ကို လက်ပေါ်တင်ထားခါ- ထင်ရှားစွာ အရောင်တောက်နေပုံကို ပြဘိသကဲ့သို့၊ အနတ္တ ဖြစ်ပုံကို ပြလိုက်ကထဲက၊ သစ္စက သဘောပေါက်တာကတော့ အမှန်၊ ဝန်မခံ တာကတော့- လောကီစည်းစိမ်၊ လာဘ်လာဘ ဂုဏ်သိမ်တွေ ညှိုးမှိန်ကုန်မှာ စိုးလို့သာ ဖြစ်တယ်၊ ဒါကြောင့်မို့ မြတ်စွာဘုရားသခင်သည်၊ အစွဲအယူ အလွဲတမူသားတွေကို ချွတ်တော်မူရာတွေထဲတွင် အလွန်ကြမ်းတမ်းတဲ့ အာဋ္ဌာ ဝက ဘီလူးသည်ပင်လျှင်၊ ဤဘဝ- ဤကိုယ်နှင့် သောတာပတ္တိဖိုလ်ကို ရပါ လျက်၊ သစ္စက မရခဲ့ပုံကတော့ လောကီပညာမာန်ဟုန်နှင့် ဂုဏ်ရှိန်တွေညှိုးမှိန် ကုန်မှာစိုးပြီး၊ သူ့ကိုယ်သူ လိမ်ထားလို့ဘဲ ဖြစ်တယ်၊ ဒါပေမဲ့-မြတ်စွာဘုရား သခင်သည်၊ သစ္စကကို အပြီးတိုင် စောင့်ရှောက်လိုသည်ဖြစ်၍၊ နောက်တနေ့ တွင် ဘုရားရှင်နှင့် သံဃာတော်များ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင်၊ "သစ္စက- ဆွမ်းအနုမောဒနာ ရေစက်သွန်းလော့''ဟု ခိုင်းစေတော်မူတယ်၊ ဒီအခါမှာလဲ သစ္စက,က ငြင်းပယ်လာသေးတယ်၊ "သူ့အိမ်မှာ ဆွမ်းကပ်ပေမဲ့-သူချက်တာ တခုမှ မပါပါဘူး၊ လိစ္ဆဝီမင်းသားတွေ တာဝန်ပေးလို့ သူတို့ဆွမ်းတွေသာ ဖြစ်ခြင်းကြောင့် မင်းသားတွေသာ ရေစက်သွန်းပါလိမ့်မယ်၊ ရှင်ကြီးဂေါတမ လို့'' လုပ်သေးသတဲ့၊ ဒီတော့မှ မြတ်စွာဘုရားသခင်က "သစ္စက- သင်သည် လှည့်ပတ်၍ မနေလင့်၊ သင်သည် ဆွမ်းဘိတ်မံခဲ့သည်၊ သင်သည်ပင် တပည့် တို့နှင့် စီမံခဲ့သည်၊ သင့်အိမ်တွင်ပင် ဆွမ်းကပ်ခဲ့သည်ဖြစ်၍၊ အခြားဒါယကာ၌ ဆွမ်းအနုမောဒနာပြုခြင်းငှါ မအပ်- သင့်ကိုယ်တိုင်ပြုလော့''ဟု၊ အမိန့်တော် ရှိရာ၊ လိစ္ဆဝီမင်းသားတို့ကလည်း တောင်းဆိုတိုက်တွန်းကြ၍- မလွန်ဆန်နိုင် တော့ဘဲ၊ သစ္စကသည် သရဏဂုဏ် ပဥ္စသီနှင့်- ဆွမ်းအနုမောဒနာ ဒေသနာကို ကြားနာခါ၊ ရေစက်သွန်းချ အမျှပေးဝေခဲ့ပေတယ်၊

အဲဒါ- မြတ်စွာဘုရားသခင်က၊ နောက်တဘဝခြားမှာ= အရဟတ္တမဂ်ရ စေမဲ့ အကြောင်းခံကို မတိမ်းမစောင်းရသွားအောင် ကောင်းစွာသနားသည် ဖြစ်၍၊ စောင့်ရှောက်ပေးသနားတော်မူလိုက်ခြင်း ဖြစ်တယ်၊ ဒါကြောင့်= ရဟန္တာမထေရ်မြတ်တို့က ဘုရားရှင် စောင့်ရှောက်လိုက်လို့သာ အရဟတ္တမဂ် ရနိုင်သည်ကို သိတော်မူ၍၊ ဗုဒ္ဓရက္ခိတလို့- ရဟန်းဖြစ်စဉ်က ဘွဲ့မည်တော် တင်ခဲ့ပေတယ်၊ ဒီတော့-အရှင် ဗုဒ္ဓရက္ခိတ-မဟာ မထေရ်မြတ်အဖြစ်၌၊ ဘုရား

ရှင်ရဲ့ အစောင့်အရှောက်ကို ခံခဲ့ရတဲ့- ကျေးဇူးတော်, ဂုဏ်တော် မြတ်တွေ အနန္တကို- မမေ့မပျောက်နိုင်ဘဲ၊ ဟောလေ့ ပြောလေ့အားဖြင့်-ဝေနေယျတွေကို၊ သရဏဂုဏ်သုံးလီတွင် ဘုရားဂုဏ်တော်တွေကို အမွန်းတော် အတင်နိုင်ဆုံး အနေအားဖြင့်၊ဖွင့်ဆိုဟောကြားတော် မူလေ့ရှိခြင်းဖြစ်ရာ၊ အဘယ်မှာလျှင်၊ တရားနာပရိသတ်အပေါင်းတို့- သဒ္ဓါကောင်းပသန္နနှင့် ပီတိပါမောဇ္ဇ မဖြစ်ဘဲ ရှိနိုင်တော့ပါအံ့နည်း။

အဲဒါကြောင့်= ဒေဝါနံပိယတိဿမင်းကြီးနဲ့တကွ၊ ပရိသတ်ကြီးဟာဖြင့်- နှစ်ထောင်းအားရ ကြားနာကြရပြီး၊ အာရုံကျင်းလို့ အလင်းခတ် လာချိန်မှာ၊ တရားပွဲကြီးသိမ်းတဲ့အခါကျတော့၊ မင်းကြီးသည်၊ အရှင်ဗုဒ္ဓရက္ခိတ-မထေရ်မြတ်ထံပါးသို့ချဉ်းကပ်သွားပြီး၊ ဝပ်လျှိုးဆည်းကပ်လျှောက်ထားသတဲ့၊ "အရှင်မြတ်ဘုရား- တပည့်တော်သည်၊ ပီယတိဿ ဖြစ်ပါတယ်ဘုရား၊ တရားတော်မြတ်ကို ရိုသေကျနစွာ နာယူရအောင်လို့ တကိုယ်တည်းသာ လာ၍ နာယူခဲ့ရာ၊ တညဉ့်ပတ်လုံး- မြတ်စွာဘုရားဂုဏ်တော်, ကျေးဇူးတော်တွေကို ကြားနာရတာ၊ ဘုရားတပည့်တော်ဖြင့် ပီတိဖြစ်လို့ မဆုံးပါဘူးဘုရား၊ အဲဒီလို-ဂုဏ်တော်, ကျေးဇူးတော်တွေကို၊ နောက်, ဟောတော်မူမယ်ဆိုရင်၊ ဘယ်နှစ်ညဉ့်လောက်, ဟောနိုင်ပါအုံးမလဲ ဘုရား"လို့ လျှောက်ထားသတဲ့၊ ဒီတော့ ပဋိသမ္ဘိဒါလေးပါးနဲ့ပြည့်စုံတဲ့- အရှင်ဗုဒ္ဓရက္ခိတ မထေရ်မြတ်က-"တကာတော် ရေမြေ့ရှင်၊ မြတ်စွာဘုရားသခင်တို့၏ ဂုဏ်တော်, ကျေးဇူးတော်တို့သည်၊ အနန္တော-အနန္တသာလျှင် ဖြစ်ရာ၊ အဘယ်မှာလျှင်-အဆုံး အပိုင်းအခြား ရှိနိုင်ရမှာလဲ၊ ဘယ်တော့ ကုန်မှာတုံးဆိုရင် မကုန်ဆုံးနိုင်ပေဘူး၊ ဗုဒ္ဓသာဝက ပဋိသမ္ဘိဒါပတ္တ- ရဟန္တာအရှင်မြတ်တို့ ဖွင့်ဆိုဟောကြားသည်ကို မဆိုထားဘိ၊ ကဿပမြတ်စွာဘုရားရှင်၏ ဂုဏ်တော်, ကျေးဇူးတော်တွေကို ငါတို့အဖဘုရားသခင်သည်၊ သက်တန်းကာလ (၄၅) ဝါတို့ ကာလပတ်လုံး၊ နေ့ညဉ့်မဆိတ်-အခြားတရား တော်မဟောဖေါ်ဘဲ၊ ဗုဒ္ဓတံထွာ-ဂုဏ်မဟာကျေးဇူး၊ အနန္တထူးထွေကို ဟောမယ်ရင် ကုန်တော်မမူနိုင်ပေဘူး၊ ထိုနည်းတူစွာ= အဖဘုရားသခင်၏ ဂုဏ်မဟာကျေးဇူး၊ အနန္တထူးတွေကို၊ နောင်, အနှစ်ရှစ်သောင်းတန်းမှာ- ပွင့်တော်မူမည့်- အရိမေတ္တေယျ မြတ်စွာဘုရားသခင်သည်၊ ပြန်လှန်ဟောတော်မူဦးမည်ဆိုပါကလည်း အနှစ်ခုနှစ်သောင်း၊ ခြောက်သောင်း ကာလပတ်လုံး ကုန်ဆုံးနိုင်ဘွယ် မရှိပေဘူး၊ ဒါကြောင့်- ဗုဒ္ဓဂုဏော- အနန္တော-အနန္တသဘောတို့သည်၊ အစိန္တိယျော အပ္ပမေယျောအားဖြင့်၊ အဆုံးအပိုင်းအခြားကို ကြံစည်ခြင်းငှာ မရအောင်၊ အပ္ပမေယျော သဘောတိုင် လွန်ကဲ

ကြီးမြတ် ဂုဏ်ကျေးဇူးတော်ရပ် အနန္တသာဖြစ်ခြင်းကြောင့်၊ သင် မင်းကြီး၏ ဘယ်နှစ်ညလောက် ဟောလျှင် ကုန်ဆုံးနိုင်မလဲ ဟူသော မေးခွန်းကို ရတ်သိမ်း၍ ပီတိငြိမ်းကွာခြင်း မရှိရအောင် ဂုဏ်တော်, ကျေးဇူးတော်, အနန္တကို မျှော်လျက် ဆည်းကပ်, လည်းလျှောင်း၊ ပုန်းအောင်းပါလေ''ဟု မိန့်ခွန်းတော်ချေပုံကို ထောက်ကြည့်ပါက၊ ဘုရား, တရား, သံဃာကို ရင်ဆိုင်တွေ့၍ မငြေ့နွေည ရှိပါရသော- ယောဂီသူတော်စင်တို့သည်၊ ရတနာသုံးစုံ၌ ''ဗုဒ္ဓဂုဏော အနန္တော- ဓမ္မဂုဏော အနန္တော- သံဃဂုဏောအနန္တော၊ အနန္တ- အစိန္တိယျော-ပသန္နာနံ ဝိပါကော''အရ၊ ကြည်ညိုယုံကြည်သက်ဝင်ခါ သဒ္ဓါ ပီတိ-ပါမောဇ္ဇအတိ ဖြစ်ရှိအောင် လည်းလျှောင်းဆည်းကပ်ကိုးကွယ်တတ်ကြပါစေသတည်း။

ထိုထက်သာ၍မှန်- အလွန်မှန်မြတ်သော၊ ရတနာသုံးစုံ အာရုံကို ပီတိဟုန်လျှမ်း-ပူဇော်ခန်း၌၊ (ဣမာယ-ဓမ္မာနု ဓမ္မပဋိပတ္တိယာ- ဗုဒ္ဓံပူဇေမိ၊ ဣမာယ ဓမ္မာနု- ဓမ္မပဋိပတ္တိယာ ဓမ္မံပူဇေမိ၊ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။) ရိုးရိုးကလေးနှဲ့ ကျင့်သိနဲ့ ထိမိအောင်၊ ပူဇော်ဆည်းကပ်ရခြင်းသည် အမြတ်ဆုံးဖြစ်ပေသည်၊ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ-ဤလောကုတ္တရာတရားကိုးပါးဟု ဆိုအပ်သော မဂ်ညာဏ်လေးတန်- ဖိုလ်လေးတန် မြတ်နိဗ္ဗာန်သို့-ကောန်ရောက်ကြောင်း မဂ္ဂင်ရှစ်တန်အကျင့်မှန် ပဋိပတ်ဖြင့်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ ဓမ္မံ-တရားတော်မြတ်ကို၊ သံဃံ-သံဃာတော်မြတ်ကို၊ ပူဇေမိ-ကော်ရော် မြတ်နိုး-လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။ ။နှုတ်ကမြွက်ဆို၊စိတ်က, ခန္ဓာနာမ်ရုပ်ပေါ်ရောက်၊ သုံးကြိမ်မြောက်တိုင် ဦးချပိုင်လျှင် မပယိုင်မလဲ ''ဖြစ်ပျက်''ညာဏ်မြင်နှင့်တွဲ၍၊ ပဋိပတ်ကျင့်ခန်းနှင့် ဦးနှိမ်ပန်း-ပန်ဆင်တတ်ပါလျှင်၊ အရဟတ္တမဂ်ကိုပင် ရနိုင်သည်- ကောန်ဖြစ်ပါသည်။ ထိုဥပမာ- သာဓကကို အကျဉ်းမျှ ဘော်ပြရသော်....။

အခါတပါး၌- ရွှေဘုန်းတော်ရှင် မြတ်စွာဘုရားသခင်သည်၊ သာဝတ္ထိပြည်မှန်-ဇေတဝန်ကျောင်းသခ်မ်း၌ ကိန်းအောင်း စံမြန်းတော်မူနေစဉ်၊ ရာဇဂြိုဟ်ပြည်မ- ဝိဟာရ၌ သီတင်းသုံးတော်မူကြသော သုံးကျိပ်သောရဟန်းတော်များတို့သည်၊ သီတင်းဝါလကျွတ်ပြီးစ အချိန်၌၊ မြတ်စွာဘုရားသခင်အား၊ ဖူးမြော်၍ တရားရေအေး- အမြိုက်ဆေးကို တိုက်ကျွေးခံယူရန် အာသီသ ပြင်းထန်စွာဖြင့် လာခဲ့ကြပေသည်။လမ်းခရီးဝယ် ၂-နေ့၊ ၂-ညကြာပြီး သကာလ၊ တတိယမြောက်နေ့ ညနေစောင်းချိန်တွင် ဇေတဝန်ကျောင်းတော်၌၊ ဝါကပ်တော်မူသည်ကိုသာသိ၍၊ ယခုအခါ ဝါကျွတ်အပြီး၌၊ ရှိတော်မူမည် မမူမည်ကို

သေချာစွာ မသိရသေးသည့် သုံးကျိပ်သော ရဟန်းတို့သည်၊ ဇေတဝန်ကျောင်းတော်၏ လှေခါးရင်းသို့တိုင်ရောက်ခဲ့သော်လည်း စုံစမ်းရန် ခွင့်မရပေ။ ကျောင်းတော်လှေခါးအတက်ရောက်မှ၊ အရှင်အာနန္ဒာမထေရ်- ကျောင်းတော်ပေါ်မှ ဆင်းကြွလာသည်ကို တွေ့ရရာ၊ သုံးကျိပ်သော ရဟန်းတို့သည်၊ လှေခါး ထက်ဝက်၌ ရပ်လျက်၊ ရှင်အာနန္ဒာ မထေရ်မြတ်အား လက်အုပ်ချီယှက်ခါ၊ ရပ်တန့်စောင့်စား၍ တွေ့ဆုံသောအခါကျမှ၊ ဝါတော်အကြီးဆုံးဖြစ်သော ရဟန်းတော်က၊ "အရှင်ဘုရား- မြတ်စွာဘုရားသခင်သည်၊ အဘယ်မှာ သီတင်းသုံးပါသလဲ ဘုရား၊ တပည့်တော်တို့သည် ရာဇဂြိုဟ်ပြည်မှ နှစ်ရက်ခရီးဖြင့် ဘုရားသခင်အား ဖူးမြင်ရန်လာခဲ့ကြပါသည် ဘုရား"ဟု လျှောက်ထားရာ၊ အရှင်အာနန္ဒာမထေရ်မြတ်က၊ "ငါ့ရှင်တို့-ကျောင်းပေါ်သို့သာ ရောက်အောင် ကြွကြပါ၊ မြတ်စွာဘုရားသခင်သည် သင်တို့အား ငံ့လင့်သကဲ့သို့ အနေအားဖြင့် ဖူးတွေ့ရပါလိမ့်မည်၊ တပည့်တော်အား ယခုချက်ခြင်း ခရီးဦးကြိုမပြုနိုင်ခြင်းကို ခွင့်လွှတ်ပါ၊ တပည့်တော် အမြန်ပြန်ခဲ့၍၊ မြတ်စွာဘုရားသခင်အား ငါ့ရှင်တို့ ဖူးမြော်ပြီးခါမှ နေရာထိုင်ခင်း-ပေးခြင်းအမှုပြုပါရစေ"ဟု ပြောဆိုခါ၊ အရှင်အာနန္ဒာလည်း ကျောင်းတော်လှေခါးမှ ဆင်းသက်၍- ဝစ္စကုဋီဘက်သို့-ကြွသွားတော်မူတယ်၊ သုံးကျိပ်သော ရဟန်းတော်များသည်၊ မြတ်စွာဘုရားသခင်အား အသင့်ပင် ဖူးမြော်ခွင့်ရမည်ဖြစ်သည်ကို ကြားသိရ၍၊ ဝမ်းမြောက်ရွှင်လန်းခါ၊ ပင်ပမ်းခြင်းတွေ ပျောက်ပြီး ကိုယ်စိတ်တွေပေါ့ပါးစွာ ကျောင်းတော်ထက်သို့ တက်သွားပြီးကျွင်၊ တပါးထည်းစံခါ- ပဋ္ဌာန်းဉာဏ်ဝင်စားနေဘိသကဲ့သို့သော မြတ်စွာဘုရားသခင်ကို လှမ်းမြင်လိုက်ကြရကထဲက ရင်၌ မြေငြိမ်းချမ်းကြလျက်၊ သင့်တင့်ရာအရပ်လောက်မှ ဖြေးညှင်းသာယာစွာ နေရာယူကြပြီး၊ ဦးခိုက်ကြမည်ဟု လက်အုပ်များ တင်ချီခိုက်တွင်၊ မြတ်စွာဘုရားသခင်၏-အင်္ဂါရှစ်ဖေါ်နှင့် ပြည့်စုံတော်မူသော အသံတော်ကို၊ သုံးကျိပ်သော ရဟန်းတော်တို့သည်၊ ဤသို့- နာခံမှတ်သားလိုက်ကြရပေတယ်။ "ချစ်သားတို ရှိခိုးဦးနှိမ်-မြတ်သုံးကြိမ်ကို၊ တသိမ်တမွေ့-ခေတ္တမျှလေး ဆိုင်းဦးလော့၊ ငါဘုရားအား ဦးခိုက်ငြားမည့်-သင်ချစ်သားတို့သည်၊ ရှိဦးသုံးကြိမ်-နှိမ်ဆဲကာလ ခါသမယ၌၊ တကြိမ်ကာလ- ဦးချခိုက်ကွင်၊ ရုပ်နှင့်နာမ်တို့- မည်မျှဖန်ဖန်-ဖြစ်ပျက်ဟန်ကို၊ ကြိုးစားရေတွက်-သုံးချက်စေ့တိုင်-ရေတွက်နိုင်ပြီး-အသီးသီးသိသမျှ- ရုပ်နာမ်-ချုပ်ပုံကို ပြန်လှန်၍ လျှောက်ကြားနိုင်အောင် ဂရုဘစိုက်ဦးခိုက်ကြပေရာ၏ ဦးခိုက်ကြပေတော့"ဟု သုံးလူ့မကိုဋ် မိန့်ခွန်းတော်ချွေလိုက်သည်ကို ဦးထိပ်ပန်ဆင်ကြရကုန်သည့် သုံးကျိပ်သော ရဟန်းတော်တို့

သည်။ ဘုရားမိန့်မှာ မေးခွန်းလွှာကို၊ သေချာစေ့ငု– မိမိခန္ဓာစု၏ ရုပ်နာမ် ဖြစ်ပျက်မှုကို၊ ရှုခါမှတ်ပွား- သတိပြတ်မသွားစေဘဲ၊ ကြိုးစားမယုတ်, အား ထုတ်ခါ- ကန်တော့ပန်း သုံးကြိမ်ဖြင့် အဥလီနှိမ်၍ သိမ်သိမ်မွေ့မွေ့ အတွေ့ ရုပ်နာမ် မကျန်မကြွင်း လျှောက်ထားနိုင်ခြင်းကို ရှုမှတ်ဦးခိုက်ကြပေတယ်။

သုံးကျိပ်သော ရဟန်းတော်တို့သည်၊ သုံးကြိမ်တိုင် ဦးချပြီးနောက်၊ မိနစ်ဝက်မျှ ရပ်ဆိုင်းကြခါ၊ ဘုရားရှင်ထံမှ ထပ်မံမေးမြန်းသံမလာ၍၊ ဒုတိယ အကြိမ် ထပ်မံဦးနှိမ်ကြပြန်လေသည်၊ ဒုတိယအကြိမ် ဦးနှိမ်ချပြီးမှ မြတ်စွာ ဘုရားသခင်သည်၊ "ချစ်သားတို့-အသို့နည်း၊ ငါဘုရားမေးမြန်းထားသည့်အ တိုင်း၊ ရှိဦးသုံးကြိမ်အတွင်း တကြိမ်စီလျှင် မည်မျှလောက်သော ရုပ်နာမ်တို့ သည် ချုပ်ဆုံးကွယ်ပျောက်ကြသည်ကို သိရသနည်း" ဟု အမေးတော်ရှိရာ၊ ထိုအခါဝယ်၊ ရဟန်းတော်တို့တွင် အကြီးသုံးပါးက၊ တပြိုင်နက် ပြန်ကြား လျှောက်ထားကြသည်မှာ၊ "ဘုန်းတော် အလွန်တရာ- ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်တို့၏ ဦးသုံးကြိမ်အတွင်း ရုပ်နာမ်ဖြစ်ပျက် ရေတွက်မိခြင်းကိုလည်း မြတ်စွာဘုရားသခင်သည် သိတော်မူပြီးပါ ဘုရား၊ ဘုရားတပည့်တော်တို့၏ရုပ်နာမ်ဖြစ်ပျက် ရေတွက်ချက်၌၊ ရုပ်နာမ်မဖြစ်မပျက် ချုပ်ငြိမ်းရသည့်ဘက်ကိုလည်း မြင်သိပါကြောင်းကို မြတ်စွာဘုရားသခင် သိ တော်မူသည့်အတိုင်းပါ ဘုရား၊ ဘုရားတပည့်တော်တို့အား အမေးပုစ္ဆာဖြင့်၊ ချီးမြှောက်ခါ သနားတော်မူခြင်းသည် အဆုံးစွန်သော မဟာကရုဏာတော် မြတ်ကို ခံယူရခြင်းဖြင့်၊ ခံယူရကျိုး နပ်ပါပြီ ဘုရား" ဟု လျှောက်ထားပြီးခါ၊ "ဘုရားတပည့်တော်တို့သည် ပင်ပမ်းနွမ်းနယ်မှုကို ဖြေဖျောက်လျက် ဝမ်း မြောက်ဝမ်းသာ ရဟန်းဒါယိကာ-ဒါယိကာမများကို ချီးမြှောက်လိုပါသဖြင့် မြတ်ဘုရားရှင် ရှေတော်မှောက်မှ ထွက်ခွါခွင့်ကို ပေးသနားတော်မူပါဘုရား" ဟု လျှောက်ထားအသနားတော်မြတ်ခံကြလေတော့သည်။

ထိုသုံးကျိပ်သော ရဟန်းတော်တို့၏ ဖြေကြားလျှောက်ထားခြင်းကို အတိအလင်း အသိရှင်းအောင် ပြောရသော်၊ ဘုရားတပည့်တော်တို့၏ ဦးသုံး ကြိမ်အတွင်း ရုပ်နာမ်ဖြစ်ပျက် ရေတွက်မိခြင်းကို မြတ်စွာဘုရားသခင် သိတော် မူပါပြီဘုရား၊ ဘုရားတပည့်တော်တို့၏ ရုပ်နာမ်-ဖြစ်ပျက် ရေတွက်ခြင်း၌၊ ရုပ်နာမ်မဖြစ်မပျက် ချုပ်ငြိမ်းဘည့်ဘက်ကိုလည်း မြင်မိကြောင်းကို မြတ်စွာ ဘုရားသခင် သိတော်မူသည့်အတိုင်းပါဘုရားဟု ဆိုသည်မှာ၊ ရဟန်းတော် သုံးကျိပ်တို့သည် ရုပ်နာမ်,ဖြစ်ပျက် ရေတွက်ရင်း ဦးသုံးကြိမ်ပူဇဉ်၌၊ မဖြစ်

မပျက်တဲ့- နိဗ္ဗာန်ကို မဂ်ဉာဏ်နဲ့ မျက်မှောက်ပြုမိကြောင်း ဘုရားသခင် အသိ ပါလို့ လျှောက်ထားခြင်း ဖြစ်ပေသည်။

ထိုမဂ်ဉာဏ်တို့သည်၊ လေးမဂ်၊ လေးဖိုလ်တိုင်၊ ပိုင်နိုင်ခဲ့ပါပြီဟုလည်း၊ မြတ်စွာဘုရားသခင်၏ အဆုံးစွန်သော- မဟာကရုဏာတော်မြတ်ကို၊ ခံယူ ရကျိုးနပ်ကြောင်းဖြင့်၊ ထပ်လောင်း လျှောက်ထားပြီးလျှင်၊ပင်ပမ်းနွမ်းနယ်မှု ပယ်ဖျောက်၍- ဒါယကာတို့အား ချီးမြှောက်ခြင်းကို ခွင့်တောင်းသည်မှာ လည်း၊ ရဟန်းတော်တို့သည်၊ ဤမှ ကြွသွား၍ သင့်တင့်ရာ၌ နိရောဓသမာပတ် ဝင်စားခါ- အပမ်းဖြေ ဖျောက်လျက်၊ နိရောဓသမာပတ်မှအထ- ရဟန်း, ဒါယကာတို့အား၊ ချီးမြှောက်လိုခြင်းကို လျှောက်ထားခြင်း ဖြစ်ပေတယ်။

ထိုအခါ= မြတ်စွာဘုရားသခင်သည်၊ ဆိတ်ဆိတ်နေတော်မူခြင်းဖြင့် ပင်၊ ခွင့်ပြုတော်မူသည်ဖြစ်၍၊ မူလပါဒက ဈာန်အခြေခံရှိသော ရဟန်းတော် သုံးကျိပ်တို့သည်၊ အရဟတ္တဖိုလ်နှင့်တကွ၊ ဦးသုံးကြိမ်အတွင်း အဘိညာဉ်ပါ ပြည့်စုံခြင်းကို ရရှိခါ၊ ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားကြပေသည်။

အရှင် အာနန္ဒာမထေရ်သည်၊ ကွမ်းတရာညက်ခန့် အကြာတွင်၊ ဝစ္စ ကုဋိမှ ကျောင်းတော်ပေါ်သို့ပြန်ခဲ့၍၊ဘုရားရှင်ရှေ့မှောက် ဝပ်တွားရောက်ခဲ့ရာ၊ ခုနက- လှေခါးထက်တွင် ဆိုမိကြသော ရာဇဂြိုဟ်မှ ရဟန်းတော် သုံးကျိပ် တို့ကို တပါးတလေမျှ၊ မတွေ့ရတော့ခြင်းကြောင့်၊ မြတ်စွာဘုရားသခင်အား၊ "ကျေးဇူးတော်ရှင်- မြတ်စွာဘုရား-သခင်ဘုရား၊ အာဂန္တုက-ရဟန်းတော် များအား နေရာချထားပေးရန်၊ အဘယ်သို့ ကြွပါသလဲဘုရား" ဟု လျှောက် ထားရာ၊ မြတ်စွာဘုရားသခင်က၊ "ချစ်သားအာနန္ဒာ၊ အာဂန္တုက ရဟန်း တော်၊ သုံးကျိပ်တို့အတွက်- သင်ချစ်သားသည်၊ အာဂန္တုကဝတ် ပြုဘွယ်မလို တော့ပေ၊ ယင်းတို့သည်လည်း နောင်အခါ ရဟန်းကိစ္စပြုဘွယ်မလိုအောင် ပြည့်စုံကုန်ကြပြီဖြစ်၍၊ ချမ်းသာစွာ လိုရာလိုရပ်သို့- ကောင်းကင်ခရီး၊ ဈာန် အဘိ ညာဉ် အ သီး သီး နှင့်၊ ပြန်ကြွကြလေပြီ" ဟု- ဖြေဆိုပြောကြားတော် မူလေရာ .. ။

အရှင်အာနန္ဒာမထေရ်မြတ်သည်၊ ရင်သတ်ရှုမော- အံ့ဩခြင်းကြီးမက၊ အံ့ဩလျက်- "ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော မြတ်စွာဘုရား သည်၊ ဤမျှ တိုတောင်းလှသော အချိန်ကလေးအတွင်း၌၊ သုံးကျိပ်သော- ရဟန်းတော်တို့သည်၊ ရဟန်းကိစ္စပြီး၍၊ လိုရာလိုရပ်သို့ အဘိညာဉ်ခရီးဖြင့် ပြန် ကြွကြပြီဆိုသည်မှာ- ဘုန်းတော်ကြီးသော- မြတ်စွာဘုရားရှင်၏ စကားတော် မို့သာလျှင်၊ ရဲဝံ့စွာ ယုံကြည်စရာရှိရပါသည်ဘုရား၊ မဖြစ်ဘူးမြဲ- ဖြစ်ပါပေ

စွာ့ဘုရား၊ အခြားတဦးတယောက်သော ပုဂ္ဂိုလ်၏ နှုတ်ဆိုစကားသာ ဖြစ်ပါမူ၊ ဘုရားတပည့်တော် သာမက- ကြားရသူအားလုံး ငြင်းခုံကြတန်ကောင်းသော မဖြစ်တူးမြဲ ဖြစ်တတ်စွာ ဖြစ်ခြင်းပါဘဲ ဘုရား၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသခင်သည် အဘယ်ဘို့သော- တရားဒေသနာတော် တိုက်ကျွေးပါသဖြင့် သုံးကျိပ်သော ရဟန်းတော်တို့သည်၊ အရဟတ္တဖိုလ်တည်းဟူသော အမြိုက်ဆေးကို မပင်မပမ်း, သုံးဆောင်ရခါ- မြန်းကြသွားနိုင်သည်ကို ဘုရားတပည့်တော် အား သနားသဖြင့် ပြန်ကြားချီးမြှင့်တော် မူပါဘုရားဟု- အရှင်အာနန္ဒာ မထေရ်မြတ်က သူရထားသော ဆုနှင့်အညီ- တရားတော်မြတ်ကို လျှောက်ထား တောင်းခံ တောဖ်းပန်ပေတယ်။

ဒီအခါ= မြတ်စွာဘုရားသခင်သည်၊ "ချစ်သား-အာနန္ဒာ၊ ငါဘုရားသည်- ဒေါသနာဂါထာဗန္ဓ- တပါဒမျှပင်၊ ထိုသုံးကျိပ်သော ရဟန်းတော်တို့အား၊ ငါဘုရားရှင်- ဟောတော်မူခဲ့သည်မဟုတ်၊ ယင်းတို့၏- ဦးသုံးကြိမ် ချခိုက်အတွင်း ဝယ်၊ ရုပ်နာမ်- ဖြစ်ပျက်ကို ရေတွတ်ကြ၍၊ အဖြေပေးနိုင်အောင် ဦးခိုက်ပူဇော်ကြဟုသာ ငါဘုရားပုစ္ဆာထားခဲ့ရာ၊ သုံးကျိပ်သော-ရဟန်းတော်တို့သည်၊ မူလ ပွားများမြဲ ဝိပဿနာဖြင့်- မိမိတို့ ခန္ဓာကို ဖြစ်ပျက်မြင်အောင် ရှုကြည့်ရင်း ငါဘုရားကို ဖြေကြားနိုင်အောင်- သုံးကြိမ်ဦးချ- ရေတွက်ကြစဉ် အတွင်း၌- လေးမဂ်, လေးဖိုလ်ကို၊ လွယ်ကူစွာ ရရှိသွားကြခြင်း ဖြစ်ပေတယ်" လို့ ဖြေကြားတော်မူရာ....

အရှင်အာနန္ဒာမထေရ်မြတ်ကလည်း၊ အရဟတ္တဖိုလ်တိုင် လွယ်ကူစွာ ရရှိနိုင်သော၊ ထိုသုံးကျိပ်သော ရဟန္တာမထေရ်မြတ်တို့၏ ရှေးအကြောင်း အဓိကာရသည်၊ လွန်စွာကောင်းလေစွ၊ နောင်အခါကျမှပင် ဘုရားရှင်အား- လျှောက်ထားတော့မည်၊ ယခုအခါ မြတ်စွာဘုရားသခင်သည် စကြံကြွခြင်းကို အလိုရှိအံ့ထင်၍ ဦးခိုက်ခါ ဖဲခွာခဲ့ပေတယ်။

ဒီနေရာမှာ- ဗုဒ္ဓပူဇနိယ- ဓမ္မာနု ဓမ္မပဋိပတ်ဖြင့်၊ ထိုရဟန်းတော် သုံးကျိပ်တို့ အရဟတ္တမဂ်ရပုံကို မချဲ့တော့ပါကုန်၊ ဘုရားရှင်ကို အားရရွှင်လန်း ဖူးမြင်ရခြင်း အခွင့်အလမ်းတည်းဟူသော ပီတိငြိမ်းမှ ပဿဒ္ဓိတန်းမြောက်ခါ၊ ဘုရားရှင် အမေးပုစ္ဆာတော်ကြောင့်၊ မူလ- သမထပါဒကဖြင့်၊ဝိပဿနာကို ပြန်ကောက်ခါ အမေးပုစ္ဆာကို တိကျစွာ သူ့ထက်ငါ ဖြေဆိုနိုင်ရေးအတွက် အလေးအနက် အဓိပ္ပတိစက်တို့နှင့် သမ္မပ္ပဓာန်မပျက်, ကြိုးစားရှုပွား- ဦးခိုက်ငြားကြရာ၊ အခွင့်အခါဆိုက်ပြီး အရဟတ္တဖိုလ်မကိုဋ္ဌ်ကို ဆောင်းတော်မူခဲ့ခြင်း ဖြစ်ပေသည်။

ထို့ကြောင့်- မိမိတို့သည်၊ ဝိပဿနာပညာဉာဏ် နုနယ်သေးစဉ်အခါ ဖြစ်သော်ငြားလည်း၊ ဓမ္မာနု ဓမ္မပဋိပတ်ဖြင့် ပူဇော်ရာကျအောင်၊ ငါ-ဘုရား ရှိခိုးတယ်၊ ငါ-တရားရှိခိုးတယ်၊ ငါ-သံဃာရှိခိုးတယ်လို့ နှလုံးမသွင်းမူ၍၊ ရတနာမြတ်သုံးပါးအား လှူဒါန်းထားသော မိမိ၏ ရုပ်နာမ်ဇီဝိတနှင့်- သညာ အမှတ်ပြု- အတ္တဘောစု ဟူသော "ဖြစ်ပျက်" ခန္ဓာဖြင့်၊ ဖြစ်ပျက်ချုပ်ဆုံးတဲ့ နိဗ္ဗာန်မြတ်ကို မျက်မှောက်ပြုရပါစေခြင်းငှာ-ဟု၊ အာရုံစူးစိုက်ခါ၊ ဦးခိုက်သူ ငါ, သူတပါး, ပုဂ္ဂိုလ်လို့ အာရုံမထားဘဲ၊ ဖူးလိုက်ရငြားသော, ဦးခိုက်ရငြား သော, ဦးခိုက်ထိုက်ငြားသော- ရတနာ့ဂုဏ်တော်ကိုများ၊ အာရုံပြုလိုက်နိုင်ပြီ ဆိုမှဖြင့်၊ ရှင်လန်းနှစ်သက် ပီတိဖက်သော ငြိမ်းချမ်းချက် ပဿဒ္ဓိနှင့် အတူ၊ ပူဇော်ဦးခိုက်ခါ၊ လက်အုပ်ချီထား- ရုပ်နာမ်တရားသည်၊ ကိုင်းညွတ်ဆဲဘက် သို့ မပါ။ ကိုင်းညွတ်ဆဲ ရုပ်နာမ်တရားတို့သည်လည်း၊ ဦးချဆဲသို့ မလိုက်မပါ၊ လက်အုပ်ချီဆဲ- ရုပ်နာမ်ထဲမှလည်း၊ ကိုင်းညွတ်ဆဲ- ရုပ်နာမ်တို့သည် မလာ၊ သူ့ခဏဖြင့်သာ၊ ကိုင်းညွတ်ဆဲမှ ရုပ်တို့သည်လည်း မပါဘဲ၊ ဦးချခြင်းသို့ သက်ဆင်းရပါတကားဟု- နှလုံးသွင်း၍ပြု၊ ရှေးဦးတကြိမ်-ဗုဒ္ဓဂုဏ်ရှိန်၌တည် ၍၎င်း၊ ဒုတိယတကြိမ်- ဓမ္မဂုဏ်ရောင်ကို ဆောင်၍၎င်း၊ တတိယအကြိမ်- သံဃဂုဏ်တော်ကို မျှော်၍၎င်း၊ ခန္ဓာကိုယ်တွင်း- ဉာဏ်ဖြင့်သွင်း၍၊ "ဖြစ်ပျက်" ရှုရင်း၊ ဂုဏ်တော်နှလုံးသွင်းဖြင့်၊ ဦးခိုက်ပူဇော်ခြင်း အလေ့အထကို၊ အစတွင် ခပ်ကြဲကြဲဖြင့်- အထပ်ထပ်မြဲအောင်၊ လေ့ကျင့်၍ လာပါက၊ တစ,တစ,မြဲမြံ လာက၊ "ဖြစ်ပျက်" ဉာဏ်မြင်မပါဘဲ၊ ရတနာသုံးစုံ- အာရုံဂုဏ်နှင့်လဲ- ကင်းကွာ၍ မဖြစ်ဘဲ၊ ဓမ္မာနု ဓမ္မပဋိပတ်,အကျင့်ဖြင့်မြတ်-ပူဇော်ရိုကြိုး-ရှိခိုး ကံတော့ခြင်းနှင့်- ပြည့်စုံသောအခင်းကို- ကောင်းစွာမသွေ ရောက်ရှိ နိုင်ပါ ပေသည်။

အဲဒီလို= ဓမ္မာနု ဓမ္မပဋိပတ္တိယာ- ဗုဒ္ဓံ, ဓမ္မံ, သံဃံ, ပူဇေမိကို၊ နှုတ် မြွက်ဆိုရုံ- ဉာဏ်ဟုန်ကင်းကွာ၊ ဦးချတာထက်၊ ကိုယ်တွေ့, စိတ်တွေ့, ရုပ်နာမ် တွေ့၊ ဖြစ်ပျက်ရှုလေ့အစဉ်ဖြင့်၊ ငါမငါ- သူမဟုတ်၊ အနတ္တကို အခြေခံ၍၊ "ဖြစ်ပျက်"ဉာဏ်မြင်ဖြင့်၊ အားထုတ် ပူဇော်ရခြင်းသည်၊ မိမိတို့ အားထုတ် မည့် ဝိပဿနာပညာ-ဘာဝနာ-ဘိသမယအတွက်လဲ လွန်စွာ, အထောက်အကူ ရရုံမျှက၊ ပီတိ, ပဿဒ္ဓိ, သဒ္ဓါပသန္နအတိဖြင့်။ သန္နိဋ္ဌာက- ဂုဏ်မြောက်အောင် ကိုယ်တိုင် ဉာဏ်မြင်, မျက်မှောက်ပြု၍၊ ပူဇော်ရခြင်း အကျိုးစာရင်းသည်၊ တကြိမ်ဦးချ- မိမိရရ, ရရှိပါက၊ အပါယ်ဘေးတွေ-အသချေ- အနန္တပေါင်း များစွာ ကွာဝေးရုံမျှမက၊ တဘာဝထက်, တဘာဝ၊ တိဟိတ်ပဋိသန္ဓေအမြတ်

နေရချက်ကို၊ ပြည့်နှက်ခိုင်မြဲစေသည်ဖြစ်၍၊ မျက်မြင်တနာသုံးပါးထက်- စိတ်ထင်ရတနာသုံးပါး၊ စိတ်ထင်ရတနာသုံးပါးထက်– ဉာဏ်မြင်ရတနာသုံးပါး၊ ဉာဏ်မြင်ရတနာသုံးပါးထက်၊ ''ဖြစ်ပျက်''အစဉ်၊ ခန္ဓာဉာဏ်ယှဉ်နှင့်- ရတနာသုံးပါးဂုဏ်ဉာဏ်မြင်၊ တရားနှစ်ဘက်-စုံလင်စွာဉာဏ်မြင်ချက်ဖြင့်၊အဘိုးအနဂ္ဃ-သရဏဂုဏ် ဆောက်တည်မှုကြီး ဖြစ်ခြင်းကြောင့်၊ လောကီသရဏဂုဏ်မှာဖြင့် အထွဋ်အထိပ်, အထပ်ထပ်ချိပ်၍၊ ပူဇော်ဖူးမြင်နိုင်သော ယောဂီသူတော်စဉ်အား၊ မဂ်ဉာဏ်နှင့်တကွ သက်ဝင်မည့်– လောကုတ္တရာ, သရဏဂုဏ်ဘက်ကို၊ တစ,ထက်- တစ, ပြန်မဝေးတော့ဘဲ၊ နီးသည်ထက် နီး၊ မြတ်သည်ထက်မြတ် တရားဝင်ကပ်သည့်- ဩပနေယျိက ဂုဏ်တော်ဓါတ်ကြောင့်၊ သာသနာတော်နှင့် ကြုံ၊ ရတနာသုံးစုံနှင့် တွေ့ရကျိုး, တကယ်ပင်, အနုပ်ကြီး– နုပ်ကြရမည် ဖြစ်၍၊ အပ္ပမာဒ- မဒမ္ပမပြုတ်- ရှိခိုး,ပူဇော် တတ်ကြပါ စေကုန်သတည်း။ ။

(ရတနတ္တယ ပဏာမ- သင့်ရှိမျှ ပြီး၏)

…………ဝ…………

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။"

မဟာဥာဏ်အောင် ဝိပဿနာ

# ပုဗ္ဗကိစ္စကိုးပါးနှင့် - ပုဗ္ဗကရဏသုံးပါး တရားတော်

(၁) ဘုရားပင့်ရန်၊ (၂) ဘုရားကံတော့ရန်၊ (၃) သရဏဂုဏ်ဆောက်တည်ရန်၊ (၄) ရတနာမြတ်သုံးပါးအား ခန္ဓာလှူ၍၊ တပည့်ခံယူရန်၊ (၅) ဘုရားရှင်ထံ တရားတောင်းရန်၊ (၆) အရိယာအပေါင်းနှင့် သူတော်ကောင်းတို့အား တောင်းပန်ခြင်း၊ခွင့်လွှတ်ခြင်းပြုရန်၊ (၇) သီလဆောက်တည်ရန်၊(၈) မေတ္တာပို့ရန်ဖြစ်ပါသည်။

## (၁) ဘုရားပင့်ရန်....

မုနိန္ဒက္ကော တမံ မောဟံ၊ ဟန္တွာ ဗောဓေသိ ပင်္ကဇံ၊

ဇနံ သဒ္ဓမ္မ ရံသီဟိ၊ ဇိနော မေ ဌာတု သီသကေ။ ။

ဇိနော– ဆီးနှင်းမြူတိမ်၊ သူရိန်မိုးခိုး၊ ညစ်မျိုးငါးပါး၊ ဘေးရန်များကို၊ ထင်ရှား,အောင်မြင်ပေထသော၊ မုနိန္ဒက္ကော– ရောင်ဝါတန်ခိုး၊ အမျိုးမျိုးကို စိုးမိုးပိုင်နင်း၊ အကြင်သူရိယမည်သော နေမင်းသည်၊ ရံသီဟိ– စကြာဝဠာလောကဓါတ်၊ လေးကျွန်းပတ်၍၊ မပြတ်လှည့်လည်၊ တထောင်သော ရောင်ခြည်တို့ဖြင့်၊ တမံ– မိုးယံတိမ်ယှက်နွယ်၊ ဥမင်လယ်ဟု၊ လကွယ်သန်းခေါင်၊ အမိုက်မှောင်ကို၊ ဟန္တွာ– အရှင်းကွယ်ပျောက်၊ အလင်းရောက်အောင်- ပယ်ဖျောက်ဖျက်ဆီး၊ သုတ်သင်ပြီး၍၊ ပင်္ကဇံ– ပွင့်ချပ်တရာ၊ တင့်အပ်စွာသည့်၊ ရောင်ဝါထိန်လျှမ်း၊ ပဒုမ္မာမည်သော ကြာပန်းကို၊ ဗောဓေသိယထာ– နေရောင်ခြည်သင့်၊ ငုံအာရင့်၍၊ ပွင့်စေဘိသကဲ့သို့၊ ဇိနော– ဒေဝပုတ္တ၊ စသည်များဖျင်၊ မာန်ငါးအင်ကို၊ အောင်မြင်တော်မူပြီးထသော၊ ယောမုနိန္ဒက္ကော- ရဟန်းလေးမျိုး၊ ဘုန်းတန်ခိုးဖြင့်၊ အုပ်စိုးပိုင်နင်း၊အကြင်,မြတ်စွာဘုရားတည်းဟူသော– ရှင်နေမင်းကြီးသည်၊ သဒ္ဓမ္မရံသီဟိ– နေလရာထောင်– မကဆောင်

၍၊ ဝင်းပြောင်အေးကြည်၊ သူတော်ကောင်း တရားတည်းဟူသော ရောင်ခြည်တော်တို့ဖြင့်။ မောဟံ- သူကန်းတမျှ၊ ပိတ်ကွယ်လှသည့်၊ မောဟတိမ်တောင် အမိုက်မှောင်ကို၊ ဟန္တွာ-အရဟတ္တမဂ်,ရောင်စုံယှက်သဖြင့်၊ လက်လက်ထိန်လင်း၊ ပယ်ဖျက်ခွင်း၍၊ ဇနံ- ပါရမီရင့်၊ ကျွတ်ထိုက်သင့်သည့်၊ ကြာနှင့်တူစွာ၊ သတ္တဝါတို့ကို၊ ဗောဓေသိ- သစ္စာလေးဆင့်၊ ကားကားစွင့်၍၊ ပွင့်သိစေတော်မူလေပြီ၊ သောမုနိန္ဒကော-ထိုမြတ်စွာဘုရားတည်းဟူသော-ရှင်နေမင်းကြီးသည်၊ မေ-ခန္ဓာပဉ္စက၊ သမူဟကို၊ သညာမှည့်ခေါ်၊ တပည့်တော်၏၊ သီသကေ-ကိုယ်ဒြပ်တွင်၊ အမြတ်တင်သည့်၊ ဦးကင်ရတနာ၊ မြတ်အင်္ဂါထက်၌၊ ဌာတု- မယိမ်းမယိုင်၊ ကျောက်စာတိုင်ကဲ့သို့၊ ခိုင်ခိုင်မတ်မတ်၊ တန့်ရပ်တည်နေတော် မူလှဲ့ပါ့၊ သုံးလောကထွဋ်တင်၊ သဗ္ဗညု ရှင်တော်မြတ်ကြီးဘုရား....။

(ဝါ) ဘုရား တပည့်တော်တို့၏- သမ္မာပဋိပတ် အကျင့်မြတ်ပြုရာ၊ ကျောင်းဝိဟာသို့၊ ဌာတု- တိဋ္ဌတု- ဤသို့သဘော- ဤသို့သောဟု၊ ဝိပဿနာမြတ်ဓမ္မာကို၊ နည်းညွှန်လမ်းပြ၊ ဆုံးမခြင်းငှာ၊ ကြွရောက်ကိုယ်တိုင်- ခိုင်ခိုင်မတ်မတ်- တန့်ရပ်တည်နေတော်မူလှဲ့ပါ့- နေတန္ဓုန်းမက- ရွှေဘုန်းတော်ခ,ပါတဲ့- ဇိနမာန်အောင် မြတ်ဘုန်းခေါင်- ရှင်တော်မြတ်ကြီးဘုရား....။

## (၂) ဘုရားက ေတာ့ရန်....

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။"

အရဟတော- သုံးတိုက်ဘုံသား၊ သတ္တဝါများတို့၏၊ ပူဇော်ညွတ်ကျိုး ခိုးကိုးဦးခိုက်ရာ ဖြစ်တော်မူပေထသော၊ အရဟတော- လူမင်း, နတ်မင်း, ဗြဟ္မာမင်းနှင့်၊ အရိယာတသင်း၊ သေက္ခ ပုထုဇဉ် ခပင်းတို့၏၊ ဝပ်စင်းကော်ရော်၊ ထူးမြတ်သော အလှူတော်ကိုလည်း၊ ခံယူတော် မူထိုက်ပါပေထသော။ အရဟတော- အဝိဇ္ဇာနှင့်၊ တဏှာပုံးတောင်း၊ အပေါင်းသုံးတန့်၊ အကန့်သင်္ခါရ၊ ဇရာမရဏ၊ အကွပ်ပြသား၊ အာသဝ, ဝင်ရိုး၊ တိုးလျှိုး ယှဉ်စပ်၊ ဝဋ္ဋသုံးရပ်ကို၊ ဝီရိယခြေ၊ သီလမြေထက်၊ သဒ္ဓါလက်ဖြင့်၊ ကမ္မက္ခယိန်၊ ဉာဏ်ဝရဇိန်နှင့်၊ ချိုးနှိမ် ဖျက်ဆီးတော် မူပြီးထသော၊ အရဟတော- ပဉ်သတ္တရိ၊ နာမ်, လက်, နိကို၊ သန်, ကိ, မြှောက်ပွား၊ ငါးရာ့တထောင်၊ များမြောင်ပြောဘုန်၊ အလုံးစုံသော ကိလေသာတို့မှသည်း၊ ကင်းဝေးပြတ်စဲတော် မူပါပေထသော၊ အရဟတော- ပညာရှိယောင်၊ လူမိုက်ခေါင်တို့၊ လူ့ဘောင်မလှ၊ အရှက်ရမည်ကြောင့်၊ ကွယ်ပညစ်ကျူ၊ မကောင်းမှုကို၊ ပြုကြပမာ၊ ဆိတ်ကွယ်

ရာဠ်၊ ယုတ်မာညစ်ကျူ၊ အစုစုကို၊ သုံးခုဒွါရ၊ မူယာမျှလျှင်၊ မပြုထင်လင်း၊ ဗောဓိရင်းကပင်၊ ပယ်ရှင်းဟေတု၊ ဘာတခုကိုမျှ၊ ပြုတော်မမူပါပေထသော၊ သမ္မာသမ္ဗုဒ္ဓဿ– ဒုက္ခ, သမုဒယ၊ နိရောဓနှင့်၊ မဂ္ဂတဖြာ၊ လေးသစ္စာကို၊ အဘိဉေယျာ၊ ပရိညာနဲ့၊ ပဟာတဗ္ဗ၊ သစ္ဆိကဟု၊ မဂ္ဂဘာဝနာ၊ လေးဖြာကိစ္စ၊ ကတ, လွန်မြောက်၊ အလင်းပေါက်အောင်၊ ထွင်းဖေါက် ကိုယ်တော်တိုင်၊ အသိခိုင်သည့်၊ သဗ္ဗညုတ, ဉာဏ်မဏ္ဍိုင်ကိုလည်း၊ ပိုင်တော့်မူပါပေထသော၊ ဘဂဝတော– ဣဿရိယ၊ ဓမ္မ, ယသ၊ သိရီ,ကာမ၊ ပယတ္တမည်၊ ရွှေဘုန်းတော်ခြောက်လီနှင့်လည်း ပြည့်စုံတော်မူပေထသော၊ တဿ– ပါရမီရင့်၊ ကျွတ်ထိုက်သင့်သည့်၊ ဝေနေယျကြာ၊ သတ္တဝါတို့အား၊ ကိုယ်တိုင်သိငြား၊ တရားဥဿုံ၊ အလုံးစုံနှင့်၊ ဘစ္စာလေးချက်၊ ဆယ့်ခြောက်နက်ကို၊ ပြက်ပြက်ထင်ရှား၊ကြွင်သနား၍၊ ဟောကြားဝေဘန်၊ မဂ္ဂဌာန်နှင့်၊ ဖိုလ်ဉာဏ်လေးရပ်၊ ပြည့်စေအပ်ခါ၊ နိဗ္ဗူတာသို့– ပို့ခါဆောင်လတ်၊ မဟာ ကရုဏာတော် မြတ်နှင့်လည်း ပြည့်စုံတော် မူပါပေထသော၊ ထို-ဘုန်းတော်သခင်၊ သဗ္ဗညုမြတ်စွာဘုရားရှင်အား၊ နမော–များပြားလှစွာ၊ ဂုဏ်မဟာကို၊ စိတ်မှာမပြတ်၊ ရိုးရင်းလတ်၍၊ ကြီးမြတ်ချမ်းသာ၊ နိဗ္ဗူတာကို၊ လျင်စွာရကြောင်း၊ ဆုပန်တောင်းလျက်၊ ညွတ်ပျောင်းရိုကြိုး၊ လက်စုံမိုး၍၊ရှိခိုးပူဇော်ပါ၏– အရှင်ဘုရား... ။

မေ, အမှာကံ– တရားပေးပုဂ္ဂိုလ်၊ တရားယူပုဂ္ဂိုလ်ဟု ဆိုကြကုန်သောရုပ်နာမ်နှစ်ဖြာ– ငါးခန္ဓာကို၊ သူငါသမုတ်၊ အကျွန်ုပ်တို့၏၊ နမော– ကိုယ်, နှုတ်, နှလုံး,၊ သုံးပါး ပျောင်းပျော့၊ မာန်ကိုလျှော့ကာ၊ ကံတော့မြတ်နိုးလက်စုံမိုး၍၊ ရှိခိုးရခြင်းသည်။ အတ္တ–ဘဝတု– တရားပေး, တရားယူ၊ ဘေးရန်ဟူသမျှ၊ ကင်းကွာရ၍၊ နာယူပွားများ, အားထုတ်သော တရားတော်မြတ်၏၊ မဂ်ဉာဏ်, ဖိုလ်ပေါက်, အပြီးအဆုံးသို့ ရောက်ခြင်းငှာ၊ ကောင်းစွာမသွေဖြစ်ပါစေသတည်း....။

(သာဓု သာဓု....သာဓု)

**မှတ်ချက်။** ။(နာမ်)စိတ်နာမ်, စေတသိက်နာမ် ၅၃–ပါး။(လက်) လက္ခဏာ ၄–ပါး၊ (နိ) နိပ္ဖန္နရုပ် ၁၈–ပါး၊ ပေါင်း (ပဉ်သတ္တရိ) ၇၅–ပါး၊ (သန်) သဏ္ဌာန် ၂-ပါးနှင့် မြှောက် ၁၅၀၊ (ကိ) ကိလေသာ ၁၀-ပါးနှင့် မြှောက်။ (၁၅၀၀) ကိလေသာဖြစ်၏။

**(၃) သရဏဂုဏ် ဆောက်တည်ရန်....**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
(ဒုတိယမ္ပိ၊ တတိယမ္ပိ၊ သုံးကြိမ်)

**(၄) ရတနာသုံးပါးအား ခန္ဓာလှူ၍ တပည့်ခံယူရန် ...**

(ရတနတ္တယ ပဏာမ အခဏ်းတွင် ဖေါ်ပြပြီးဖြစ်၍ ပြန်ကြည့်ပါ။)

**(၅) ဘုရားရှင်ထံ တရားတောင်းရန် ..**

ဘန္တေ- တရားတော်မြတ်ပိုင်ရှင်၊ ဓမ္မရာဇ်–သခင်၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အရှင်မြတ်ကြီးဘုရား။ အဟံ– သံသရာဝဋ်မှ၊ ကျွတ်ရန်ရည်မျှော်၊ ဘုရားတပည့်တော်သည်၊ ဓမ္မ–မဂ်လေးတန်၊ ဖိုလ်လေးတန်၊ မြတ်နိဗ္ဗာန်တရားကို၊ အာရဒ္ဓ ပဋိပတ္တိယာ– မပြတ်ကြိုးကုတ်၊ ရှစ်တန်သော မဂ္ဂင်သရုပ်ဖြင့်၊ ကျင့်ကြံအားထုတ်ရန်, လိုလားလှသည် ဖြစ်ပါ၍၊ အရိယာသစ္စာ– ကိလေ မျှားမြောင်, ပုထုဇဉ်ဘောင်မှ၊ မဂ်ဖိုလ်, အသက်နှင့်၊ အရိယာဟု ရေတွက်မှု ခံယူရခြင်းငှာ၊ အရဟတ္တနိကူဋ္ဌေနယေ-အရဟတ္တဖိုလ်ကို အထွဋ်တပ်ပါ၍၊ ဝိပဿနာ– ဘာဝနာမြတ်ကို နည်းမှန်ရအောင်၊ ဒေသေတု- မဟာကရုဏာတော်– ရွှေညဏ်ကွန့်ရွက်ဖြင့်၊ ညွှန်လျက် ပေးသနားတော်မူပါ= ရွှေဘုန်းတော်သခင်, အရှင်မြတ်ကြီးဘုရား ။

**(၆) အရိယာအပေါင်းနှင့် သူတော်ကောင်းတို့အား ကံတော့တောင်းပန်– ခွင့်လွှတ်ရန်....**

ဘုရားတပည့်တော်သည် ...အစမထင်၊ သံသာခွင်မှ၊ အစဉ်ဘဝ၊ ယခုကျအောင်၊ မရထိုက်ဘဲ၊ မှားမိလွဲ၍၊ ပြုနဲ့တဖုံ၊ ပြစ်မျိုးစုံကို၊ မထုံအပ်ငြား၊ မြတ်ဘုရားနှင့်၊ တရားသံဃာ၊ အရိယာဟု၊ သေက္ခာအရှင်၊ မြတ်မိခင်နှင့်– ဘခင်ဆရာ၊ သူတော်စွာကို၊ ကာယာနှလုံး၊ သုံးပါးတွင်၊ အမုန်းယှဉ်၍၊ မထင်ပြုမိ၊ ပြစ်များရှိသော်၊ တပည့်တော်အား၊ အဟော်နိဗ္ဗာန်၊ မဂ်ဖိုလ်စျာန်၏၊ မတန်အန္တရာယ်၊ မငြိတွယ်ရန်၊ တသွယ်ဖြူဖွေး၊ ယဉ်ကျေးနှိမ်ချ၊ နိမာနဖြင့်၊ တုတ်ကွရိုကြိုး၊ လက်စုံမိုး၍၊ ရှိခိုးဦးနှိမ်၊ အကြိမ်ကြိမ်ကို၊ ဇိနိန်ထွဋ်ဖျား၊ မြတ်တရားနှင့်၊ အများ သံဃာ၊ သက်သေ ဖြာလျက်၊ ဝန်တာကိုချ၊ ဂါရဝဖြင့်၊

ခံ, ယ, တောင်းပန်၊ ကံတော့ကံကြောင့်၊ ကေန်ခွင့်လွှတ်၊ အပြစ်ညွတ်မှ၊ ကင်းလွှတ်ခွင့်၊ ပေးသနားတော် မူကြပါကုန်ဘုရား။ ။

**မေတ္တာရှေ့ရှု–ခွင့်လွှတ်မှု ပြုရန်....**

တပည့်တော်အား၊ "အမှတ်မထင်၊ ကံသုံးခွင်နှင့်၊ ပြစ်တင်မှားမိ၊ ကျူးလွန်ရှိငြား၊ ပုဂ္ဂိုလ်များကို၊ နတ်ခွင်နိဗ္ဗာန်၊ မဂ်ဖိုလ်စျာန်နှင့်၊ အမှန်ကင်းပြတ်၊ မရှိလတ်အောင်၊ အမြတ်စေတနာ၊ ရှေ့ရှုကာဖြင့်၊ မေတ္တာပြု၍၊ တခုမကျန်၊ နဘယ်သို့၊ ကေန်ရောက်ခါ၊ သံသာတို့လှဲ၊ ဝဋ္ဋကိုချဲ့သည့်၊ ဂလဲ့နှောင်ဝယ်၊ မရှိကွယ်၍၊ နှစ်သွယ်နှစ်ဝ၊ ငြိမ်းအေးရအောင်၊ သည်းခံ ခွင့်လွှတ်လိုက်ပါ၏ဘုရား။

**(၇) အဋ္ဌင်္ဂသီလ ဆောက်တည်ရန်....**

(သံဃာတော်၏ သီလပေးကို– ခံယူရန် ဖြစ်ပါသည်၊)

**(၈) မေတ္တာပို့သ ဖြန့်ဝေရန်....**

(၁) အရိယာ သမ္မုတိ၊ ရှိရှိသမျှ သံဃာ–ထေရ်မဟာ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။

(၂) ဘောင်းတိုက်စကြာဝဠာ၊ နတ်များစွာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

(၃) သာသနာစောင့်လတ်၊ လေးရပ်ဒေဝါ- နဂါးမဟာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

(၄) ဂုမ္ဘာန်တန်ခိုး၊ ယက္ခိုက်မျိုး၊ ချမ်းသာကိုယ်စိတ် တိုးပါစေ။

(၅) ရုက္ခမူလာ၊ အသူရာနှင့်၊ ဝိနိပါတာ- သတ္တဝါ၊ ချမ်းသာ ကြပါစေ။

(၆) ဒီသာရှစ်ရပ်၊ မြေအထပ်နေ၊ လူဝေနေ–ချမ်းသာကိုယ်စိတ် မြဲပါစေ။

(၇) ကုန်းနေသတ္တဝါ၊ အနန္တာ–ချမ်းသာ ကြပါစေ။

(၈) ရေတွင်ခိုအောင်း၊ သတ္တဝါအပေါင်း၊ ဝ,ကျင်း သုခ ရပါစေ။

(၉) အာကာသနေ၊ သတ္တဝါတွေ၊ ချမ်းသာ ကြပါစေ။

(၁၀) ၃၁–ဘုံမှာ၊ ဝေနေယျာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

## (၉) အမျှပေးဝေရန်....

ဘုရားတပည့်၊ ခံယူဘိသည့်၊ ဇာတိအခြေ၊ ရုပ်နာမ်တွေကို၊ မသွေသမုတ်၊ အကျဉ်းနုပ်၏၊ သမုဒ်သံသာ၊ လွန်လေခါမှ၊ ပြုလာပုညာ၊ အဝဝနှင့်၊ တကွယခု၊ မျက်မှောက်စု၌၊ ပြုပြုသမျှ၊ သရဏ ဆောက်တည်၊ အင်္ဂါဂီဖြင့်၊ သုံးလီသိက္ခာ၊ ပြည့်ဝစွာသား၊ ရှစ်ဖြာမဂ္ဂင်၊ အစဉ်ယှဉ်သည့်၊ ဝိပဿနာ–ဘာဝနာကုသိုလ်၊ များထိုထိုကို၊ မြင့်မိုရ်တောင်ဦး၊ မကကျူးသည့်၊ ကျေးဇူးအရှင်၊ နှစ်သွယ်မိဘ၊ အာစရိယနှင့်၊ အရိယသေက္ခာ၊ သူတော်စွာအား၊ ရငြားပါစေ၊ အမျှဝေ၏၊ တသွေမလပ်၊ တထပ်ဆွေညာ၊ မြတ်သဟာနှင့်၊ ယမရာဇ၊ ယက္ခဒေဝါ၊ ဣန္ဒာသက္က၊ အာကာသနတ်၊ အထူးမှတ်၍၊ အမြတ်ပုညာ၊ ကုသလကို၊ ရကြပါစေ၊အမျှဝေ၏၊ သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊နာနာလောက၊ အနန္တတွင်၊ သက်ဝင်ပါကြ၊ ဝေနေယျအကုန်၊ အလုံးစုံကို၊ သုံးကုန်မခန်း၊ အမျှပန်းဖြင့်၊ ရှင်လန်းညွှတ်ပြောင်း၊ ဝေခွဲညောင်းသည်၊ အပေါင်း သူငါ–အမျှ ရကြပါစေသောဝ်။

အမျှ....အမျှ....အမျှ....ယူတော်မူကြပါကုန်လော့။

(သာဓု....သာဓု....သာဓု)

ဤကား= ပုဗ္ဗကိစ္စကိုးပါးဖြစ်သည်။ ။ပုဗ္ဗ- ရှေးဦးစွာ (၀၁) တရားမထိုင်မီ၊ တရားအားမထုတ်မီ ရှေးဦးစွာ၊ ကိစ္စ- ယှဉ်စပ်ပြုအပ်သော တရားတည်း။ ။(၀၁)မိမိနေရာ၊ ကာလဌာနနှင့် ယှဉ်စပ် လျော်ညီသမျှ ရှေးဦးစွာ ပြုလုပ်အပ်သော ယောဂါဝစရပုဂ္ဂိုလ်၏ လိုက်နာရမည့် အချက်တည်း။ ၎င်း ပုဗ္ဗကိစ္စကိုးပါးစလုံးသည် တရားဌာနတခု အနေအထားအားဖြင်၎င်း၊စုပေါင်း၍ တရားအားထုတ်ကြရန်၊ ရှေ့ရှုသောအခါတို့၌၎င်း၊ ကမ္မဌာနာ စရိယသည် မိမိကိုယ်တိုင် ဘုရားပင့်ခြင်း၊ ဘုရားရှိခိုးခြင်းတို့ကို ရွတ်ဆိုပူဇော်၍၊ ပရိဿတ်အား ကြည်ညိုစေခြင်း၊ သရဏဂုဏ်ဆောက်တည်စေခြင်း၊ ရတနာသုံးပါးအား ခန္ဓာလှူ၍ တပည့်ခံယူစေခြင်း၊ တရားတောင်းခံခြင်း၊ အရိယာနှင့် သူတော်ကောင်းတို့အား တောင်းပန်ခွင့်လွှတ်စေခြင်း၊ သီလပေးခြင်း, မေတ္တာပို့စေခြင်း၊အမျှပေးဝေခြင်း စသည်တို့ကို ချပေးလိုက်ဆိုစေ၍– အပြည့်အစုံပြုအပ်ရပါသည်။ ယောဂီတို့သည် မိမိတဦးထည်း အိမ်တွင်ဖြစ်စေ၊ဆိတ်ငြိမ်ရာကျောင်း ရိပ်သာတို့တွင်ဖြစ်စေ အားထုတ်သောအခါ၌လည်း- မချွတ်မယွင်းအားဖြင့် ဘုရားကံတော့ခြင်း၊ ခန္ဓာလှူ၍ တပည့်အဖြစ် ခံယူခြင်း၊သီလဆောက်တည်ခြင်း၊

အရိယာအပေါင်းတို့အား၊ တောင်းပန်ခွင့်လွှတ်ခြင်း၊ မေတ္တာပို့ခြင်းများ ပြု၍ တရားထိုင်ရပါမည်။ ပြီးက– အမျှပေးဝေရပါမည်။ ဤမျှတော့- တရားထိုင်မည့် ယောဂီ၌၊ အမြဲယှဉ်စပ်၍ ပြုထိုက်သော ကိစ္စရပ်ဖြစ်ပေသည်။

ဤသဘောကို အချို့က ပရိကမ်ပြုတယ်ဟူ၍လည်း ခေါ်ကြပါသည်။ အမှန်မှာ ပရိကမ်ပြုတယ်ဟူသော စကားသည်၊ သမထ ဘာဝနာ၌ သမထ အားမထုတ်မီ ကသိုဏ်းဝန်းစသည်ကို ရှေးဦးစွာ ပြုပြင်ပြုလုပ်ရခြင်းကို ပရိကမ္မ အမှု ပြုလုပ်ရသည်ဟု ခေါ်ပါသည်။ဝိပဿနာအရာ၌ ပုဗ္ဗကိစ္စဟု သုံးစွဲခြင်းသာ မှန်ကန်သင့်မြတ်ဆုံး ဖြစ်ပါသည်။ မည်သို့ခေါ်ခေါ်–ရှေးဦးစွာ ရှက်ဆောင်ရခြင်းနှင့်–ရှက်ဆောင်သည့်အကြောင်းကြောင့်မည်သို့သောအကျိုးကို-ပြည့်စုံစေသည်ဟု နားလည်သဘောပေါက်- ပြုလုပ်အားထုတ်ဘို့သည်သာ လိုရင်းအချက်ဖြစ်ပါသည်။ဤပုဗ္ဗကိစ္စများကိုရိုသေလေးမြတ်စွာ ခံယူကျင့်သုံးခြင်းဖြင့် ယောဂီ၏ ကိုယ်စိတ်နှလုံးကို ငြိမ်းအေး စင်ကြယ်စေနိုင်ပါသည်။ ဤကဲ့သို့မပြုဘဲ-ဘုရားဝတ်ချပြီး၊ တရားထိုင်ရင်ရော မရဘူးလား ဆိုတော့ ရပါဖြစ်ပါ၏။ သို့သော် နှလုံးစိတ်ဝမ်း ငြိမ်းအေးစင်ကြယ် ကြည်လင်မှုကိုတော့- မိမိတို့ ကိုယ်စိတ်မှာ သက်ဝင်လာနိုင်မည်မဟုတ်ပေ၊ အကျိုးတလည်– ထူးမည်မဟုတ်ပါက၊ ဤပုဗ္ဗကိစ္စအမည်ရသည့်-ရှေးဦးစွာ ပြုဘွယ်ကိစ္စကို ဘုရားအစရှိသော အာစရိယ အစဉ်အဆက်ဆက်တို့က ညွှန်ပြတော်မူမည်မဟုတ်ပါ၊ ယောဂီ၏ စိတ်နှလုံး-နူးညံ့ပျော့ပြောင်း ငြိမ်းအေးစင်ကြယ် ကြည်လင်ကြောင်းကို ကောင်းစွာမသွေသက်ဝင်ပါလေအောင်- အလေးအမြတ်ထားပြီး ပြုသင့်ပြုထိုက်၍ မမေ့မလျော့ရအောင်, ကျက်မှတ်–ရွတ်ဆို ဆောင်ရွက်နိုင်အောင်, ကြိုးစားတော်မူကြပါလေ။ အဲဒီလို ပုဗ္ဗကိစ္စကိုးပါးတို့ကို ရိုသေလေးမြတ်စွာ ကြိုးစားရှက်ဆောင်နိုင်ပါလျှင် ထိုသို့ရွတ်ဆိုရခြင်း အကြောင်းကြောင့် အောက်ပါ အကျိုးတရားကို ရှိရဖြစ်ထွန်းစေပါသည်၊ အဲဒီ– အကျိုးဖြစ်ထွန်းပုံများမှာ....။

(၁) ဘုရားပင့်ခြင်း၊ (၂) ဘုရားကံတော့ခြင်း၊ (၃) သရဏဂုက် ဆောက်တည်ခြင်းတည်းဟူသော ပုဗ္ဗကိစ္စသုံးပါးတို့ကို၊ အဝေစ္စပသာဒေန- မမှိတ်မသုဉ်- ယုံကြည်ဆည်းကပ်, ဆောက်တည်ပူဇော်အပ်သော သဒ္ဓါပသန္နစိတ္တုပ္ပါဒ်ကြောင့်၊ ကိုယ့်စိတ်နှစ်ပါး၊ ကြည်လင်ခြင်းတရားကို ရရှိပြီး၊ ဘေးဥပါဒ်အန္တရာယ်တို့မှ၊ ကင်းငြိမ်းခြင်းအကျိုးကို ရစေပါတယ်။

(၄) ရတနာသုံးပါးအား ခန္ဒာလှူ၍- တပည့်အဖြစ်ခံယူခြင်း၊ (၅) ဘုရားရှင်ထံ တရားတောင်းခြင်း နှစ်ပါးကို၊ လေးမြတ်စွာ ပြုလုပ်အားထုတ်ခြင်းကြောင့်၊ ကြောက်ခြင်း၊ထိတ်လန့်ခြင်းမှကင်းစင်စေခြင်းနှင့် လောကုတ္တရာ

တရားကိုးပါးဖြစ်သော မဂ်လေးတန်- ဖိုလ်လေးတန်- မြတ်နိဗ္ဗာန်၌ အမှန်ယုံကြည်ကိုးစား၊ ရလိုငြားသည့် ဝိဝဋ္ဋ အဇ္ဈာသယ- သဒ္ဓါဓိမောက္ခ တရားတို့ ပြည့်စုံခြင်းကို ရရှိစေနိုင်ပါသည်၊ ရတနာမြတ်သုံးပါးအား ခန္ဓာလှူ၍ တပည့်အဖြစ်ခံယူပြီးသော ယောဂီသည်၊'မိမိ၏ ရုပ်နာမ်, ဇီဝတနှင့် သညာအမှတ်ပြု အတ္တဘောစု၌၊ ပြင်းစွာစွဲလန်း၊ အဘိနိဝေသ, မလွှမ်းသည်ဖြစ်၍ရင်း၊ ရတနာသုံးပါးတပည့်ရင်းအားဖြင့် သာဝကစစ် ဖြစ်တုံလှစ်၍ရင်း၊ ကြောက်မက်ဘွယ်ရာ တစုံတခုသော အကြောင်းတို့သည်- မိမိကိုယ်စိတ်ကို ချောက်ခြားစေနိုင်ရန် မလွှမ်းထုံတော့ပေ၊ ထိုအကြောင်းကို ခိုင်မာစွာ သိစေ—နှလုံးသွင်းစေလိုသော သဘောကို ဤသို့ သိအပ်ပါသည်။

ယထာပိ ကာသိကဝတ္ထံ၊ သစေ ဒဒေယျ ဘိက္ခုနော၊
သောမနဿံဝ ဇာယေယျ၊ ဒိသွာပိ ခဏ္ဍ ခဏ္ဍိကံ၊
ဧဝံ နိယျာတိတတ္တဿ၊ အာပါတေ ဘယ ဘေရဝေ၊
ဘယံ တဿ နုပ္ပဇ္ဇတိ၊ နနု နိယျာတိတော ဣတိ။ ။

(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ပ-၁၁၁-၂ တို့မှ စုဏ္ဏိယများကို သင်္ဂဟဂါထာစီထားသည်)

ယထာပိ-ဥပမာကား၊ ကာသိကဝတ္ထံ- အထွဋ်အမြတ်, ကာသိတိုင်းဖြစ် အဝတ်ကို၊ ဘိက္ခုနော—ဝတ်ရုံသင်္ကန်း မရှိနွမ်းသောရဟန်းအား၊သစေဒဒေယျ- အာသာမတွယ်၊ တကယ်ပေးလှူငြားအံ့၊ ခဏ္ဍ ခဏ္ဍိကံ—သင်္ကန်းစပ်တိုင်း-အပိုင်းပိုင်း အပြတ်ပြတ်ပြုသည်ကို၊ ဒိသွာပိ—မြင်သော်လည်း၊ သောမနဿံဝ-နှမြောမဲ့ကင်း—ဝမ်းမြောက်ခြင်းသည်သာလျှင်၊ ဇာယေယျ-ဖြစ်ရာ၏။

ဧဝံ-ဤနည်းအတူသာလျှင်၊ နိယျာတိတတ္တဿ- ဆရာသမား၊ မြတ်စွာဘုရားအား စွန့်ထားအပ်နှင်းပြီးသော ကိုယ်ရှိသော၊ တဿ—ထိုယောဂီသူမြတ်အား၊ ဘယဘေရဝေ- ကြောက်မက်စဘွယ်- ဘေးငယ် ဘေးကြီးတို့သည်၊ အပါတေ—ထင်ရောက်လတ်သော်၊ နိယျာတိတောနနု- ဆရာသမား, မြတ်စွာဘုရား၌- စွန့်ထားအပ်ပြီးမဟုတ်လော၊ ဣတိ-ဤသို့ နှလုံးပြု၍၊ ဘယံ-ကြောက်ရွံ့ခြင်းသည်၊ နုပ္ပဇ္ဇတိ-မဖြစ်။ ။

အစိပ္ပါယ်ကလေးကတော့— အဖိုးတသိန်းထိုက်တဲ့ ကာသိကရာဇ်တိုင်းဖြစ် ကမ္ဗလာအဝတ်ကို၊ သင်္ကန်းနွမ်းပါးသော ရဟန်းအား၊ သဒ္ဓါပြဋ္ဌာန်း— စေတနာပန်းငုံ-ကြာပဒုံဖြင့်- ကြည်ယုံမြတ်လေး- လှူဒါန်းပူဇော်ပေးကပ်လိုက်

တဲ့ ဒါယကာ–ဒါယိကာမလေးဟာ သူ့ရှေ့မှာဘဲ အလျှင်စလို သင်္ကန်းစပ်ဘို့ အဖိုးတသိန်းထိုက်တဲ့ ကမ္ဗလာကို၊ အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်အောင် ညှပ်ဖြတ်ပစ်နေတာကို တွေ့နေရပေမဲ့၊ သူ့မှာ နှမြောလှချီရဲ့လို့၊ နှမြောစရာကောင်းလိုက်ထာလို့ ဖြစ်ပါအုံးမလားတဲ့၊ အဲ....မဖြစ်ပေဘူး၊ ဖြတ်ညှပ်လို့စပ်ချုပ်ပြီးတာနဲ့- စီဝရံဆိုတဲ့ အရဟတ္တဖိုလ် တံခွန်အဖြစ်ကို မြန်မြန်ရောက်လေလေ-သူ့မှာ ဝမ်းမြောက်လေလေသာ....ဖြစ်ခါနေသတဲ့....။

ယောဂီတို့ဟာလဲ အဲဒီလိုပါဘဲ၊ မြတ်စွာဘုရားရှင်နဲ့ တရား, သံဃာ, တို့အား စွန့်လှူထားပြီးတဲ့- ဒီအတ္တဘောကို၊ မြတ်စွာဘုရားထံ, တရားတောင်းခံပြီး၊ မြတ်ဘုရားခိုင်းတဲ့- ဝိပဿနာ,ဘာဝနာကို- ကျင့်ကြံအားထုတ်နေဆဲမှာ ကြောက်မက်ဘွယ်ရာဆိုတဲ့ အရိပ်နိမိတ်သဘောတွေသည်ရင်း၊ တကယ်စင်စစ် ဇီဝိန်ကို ချွေပစ်မည့်ဘေးကိုရင်း၊ ရင်ဆိုင်တွေ့နေရပါစေ၊ မိမိခန္ဓာအတ္တဘောမှ မဟုတ်ဘဲ၊ ရတနာမြတ်သုံးပါး လှူပြီးသား– ခန္ဓာဘဲလို့ နှလုံးသွင်းလိုက်ရင်၊ တကယ်ပင်– ဥသ္မာတေဇောနဲ့- ဇီဝိတိန္ဒြေ-ဝိညာဏ်တို့- ရွေ့လျောခြင်းကို– သေတယ်လို့ခေါ်တဲ့- သမုတိမရဏအနေ၊ သက်ဆင်းစေရရင်ကော၊ ဘုရားခိုင်းတာ၊ ကျင့်ကြံပွားများယင်း၊ ရွေ့လျော့ရခြင်းထက်-မြတ်သောရွေ့လျော့ခြင်းမျိုး- မရှိနိုင်သည်ဖြစ်၍ တကြောင်း၊ စွန့်လွှတ်လှူဒါန်းပြီး၍ရင်း၊ အသက်ခန္ဓာတွက်–ငဲ့ကွက်ခြင်း ကင်းပါသော တရားအားထုတ်မှု-အဓိကာရအကြောင်းအစုစုသည် ဧကန်ရနေကြောင်း ယုံကြည်သဖြင့်ရင်း–ကြောက်ရွံ့ထိတ်လန့်ဘွယ်ကိုမဆိုထားဘိ– အသက်ခန္ဓာစွန့်လွှတ်နိုင်သည့်- ယောဂီအဖြစ်သို့ မုချရင့်ကျက်သက်ရောက်နိုင်ပါသည်၊ ဘာ့ကြောင့်လည်းဆိုလျှင် သင်္ကန်းစပ်တိုင်း အပိုင်းပိုင်းဖြတ်သော အဘိုးတန် ကမ္ဗလာကို နှမြောမဘက်– ဝမ်းသာလျက်ရှိဘိ သကဲ့သို့– ယောဂီမှာ သက်ဝင်နိုင်ပြီဖြစ်လို့ ဆိုရင်လဲ-မမှားပါဘူး။

ဒါတွင်မျှမက- လောက ဥပမာကလေးတခု ပြရပြန်သော်၊ တဲအိမ်ကလေးနဲ့ နေနေရတဲ့ သူဆင်းရဲတယောက်ကို၊ တနေ့ မင်းအိမ်လေး မီးလောင်ပျက်စီးသွားရင်၊ ဒါမှမဟုတ် လေမုန်တိုင်းကြောင့် လွင့်ပါ ပျက်စီးသွားရင်၊ ဟောဒီ-တိုက်ကြီးကို မင်းယူပေတော့– မင်းတက်နေပေတော့လို့– အခွင့်ရှိထားရင် တနေ့ အဲဒီသူဆင်းရဲဟာ၊ တနေ့နေ့မှာ သူ့တဲအိမ်ကလေး မီးစွဲလောင်တာတွေ့ရယင်၊ ပူပူပင်ပင် ရိုးစိုမ်ကြောင့်ကြ, တိတ်လန့်ကြောက်ရွံ့မှုအရှိန်နဲ့– အငြိမ်မနေ မီးသတ်ဘို့များ ကြိုးစားပါအုံးမလား၊ အဲ-မကြိုးစားတော့ပါဘူး၊ ဣန္ဒြေရရ-သောမနဿကလေးနဲ့သာ နေတော့မှာဘဲ၊ ဘာဖြစ်လို့

လဲဆိုတော့ တိုက်ပေါ်အသာတက်ပြီး စည်းစိမ်နဲ့နေရုံသာရှိလို့ပါဘဲ၊ ယောဂီတို့လဲ ဒီလိုပါဘဲ၊ ရတနာမြတ်သုံးပါးအား ခန္ဓာလှူသားပြီးပြီ၊ တပည့်သာဝကအဖြစ်လဲ ခံယူထားပြီးပြီ၊ လောကုတ္တရာတရားကိုးပါး၊ ရဲ့ဌာနဘို့လဲ– တရားတောင်းခံ– အကျင့်ပဋိပတ်အမှန်ကိုလဲ အားထုတ်နေပြီ၊ ဒါကြောင့် မဂ်ဖိုလ်ရကြောင်း-အဓိကာရအကြောင်းတွေနဲ့ပြည့်စုံပြီးဖြစ်လို့၊ဥစ္စာကုလေ-တိဟေတုကပဋိသန္ဓေ- တည်နေဘို့လဲ အခွင့်ရှိနေပြီ၊ မြန်မာလိုသက်သက်ပြောရရင်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဘို့ ကြီးစွာသော အကြောင်းနဲ့ပြည့်စုံပြီး၊ သမုတိမင်္ဂလာအဖြစ်နဲ့ သေရရင် မြင့်မြတ်သော၊ လူ့နတ်မျိုးမှာ တိဟိတ်ပုဂ္ဂိုလ်အဖြစ် သက်ဝင်ဘို့ အခွင့်လဲ ရှိနေပြီ။ အဲ....သူဆင်းရဲ တဲကုတ်မီးစွဲတော့ တိုက်ကြီးပေါ် တက်နေရမှာမို့ မီးမသတ်–ဗျာပါဒမများဘဲ စိတ်အေးငြိမ်သက် ဣန္ဒြေမပျက် နေနိုင်သလို၊ ယောဂီတို့မှာ တရားအားထုတ်ဆဲ-ဘာဝနာဘိသမယအခါမှာ ကြောက်မက်ဖွယ်ရာ တွေ့ရင် အဆုံးစွန် ဘာဖြစ်နိုင်သလဲဆိုတော့- မိမိအတ္တဘောမဟုတ်၊ ရတနာသုံးပါးအား အပ်နှင်းလှူဒါန်းထားတဲ့– ခန္ဓာသာ စုတိသဘောနဲ့ ရွှေ့လျောရရုံအပြင် ပို၍ဖြစ်စရာ မရှိပါဘူးလို့၊ အဲဒီလို တွေ့ကြုံရမှုကို မတုန်လှုပ်သော သူဆင်းရဲပမာကဲ့သို့ရင်း၊ ခန္ဓာကိုဘဲ အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်စေဦးတော့လို့၊ အဘိုးတသိန်းထိုက်တဲ့- ကမ္ဗလာထည် လှူဒါန်းပြီးသူကဲ့သို့ရင်း၊ ဆရာသမား, မြတ်ဘုရား၌ စွန့်ထားအပ်ပြီး မဟုတ်လော၊ အဘယ်မည်သောဘေးရန်အတွက်မှ ပူပန် ကြောင့်ကြ- ကြောက်ရွံ့ထိတ်လန့်စရာ မလိုအောင် ဘုရားမျက်မှောက်၊ တရားမျက်မှောက်၊ သံဃာမျက်မှောက်၊ ဘုရားအစောင့်အရှောက်၊ တရားအစောင့်အရှောက်၊ သံဃာအစောင့်အရှောက်- ပြည့်ဝနေတဲ့ အတ္တဘောမျှသာတကားဟု–ကြောက်မက်ဘွယ်ရာ မပေါ်ပေါက် မရောက်ခင်ကပင်၊ ပုဗ္ဗကိစ္စအယာဉ်၌ သိမ်းဆည်း ဆင်ခြင်၊ သိန္နိဋ္ဌာန်ချ- တရားရအောင် အားထုတ်ဘို့ ဝင်ကြပါလေ။

(၆) အရိယာအပေါင်းနှင့် သူတော်ကောင်းတို့အား၊ တောင်ပန် ခွင့်လွှတ်ခြင်းကို, ရှိသေစွာ- ပြုရခြင်းဟာလဲ မချွတ်မယွင်း– ပြုထိုက်ပါသည်၊ ဘာ့ကြောင့်လဲဆိုတော့ ပစ္စက္ခဘဝ၌ မဂ်, ဖိုလ်ဉာဏ်ကို မရအောင် ခံရတတ်တဲ့– အကြောင်းငါးပါးရှိတယ်။ အဲဒါတွေကတော့ (၁) မြတ်စွာဘုရားရှင်အား- သွေးစိမ်းတယ်အောင် (ဝါ)သွေးခြေဥအောင် ပြုသောကံ။ (၂)သံဃာ သင်းခွဲသောကံ။ (ဝါ)ဂိုဏ်းဂဏကွဲပြားအောင် လုပ်သောကံ။ (ဝါ) ဂိုဏ်းဂဏမမည်သော်လည်း ညီညွတ်နေသော သံဃာအား အုပ်စုကွဲအောင် ပြုသော ကံ။ (၃) အရိယာကို ပြစ်မှားသော ကံ။ (ဝါ) သောတာပတ္တိ

ဖိုလ်ပုဂ္ဂိုလ်မှ– အရဟတ္တဖိုလ် ပုဂ္ဂိုလ်တိုင်, ပြစ်မှားမိသော ကံ၊ (၄) အမိအဘ သတ်မိသော ကံ၊ (၅) ဝိပါက်ကံ၊ (၀၊) တိဟိတ်ပဋိသန္ဓေ– ကမ္မဇပညာ့ မပါရှိဘဲ ရလာခဲ့သော ကံလို့ ဆိုတဲ့၊ အဲဒီအကြောင်း ငါးပါးတို့ဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို၊ ပစ္စက္ခဘဝမှာ မရနိုင်စေသော အကြောင်းများ ဖြစ်တယ်။

အဲဒီ– အကြောင်းငါးပါးကို မိမိတို့နှင့် ယှဉ်စပ်– ဆန်းစစ်ကြည့်ယင်၊ မြတ်စွာဘုရားသခင်အား၊ သွေးစိမ်းတယ်စေသော ကံကလဲ၊ မရကောင်း,မဖြစ် ကောင်းတော့လို့ စိုးရိမ်စရာ မရှိပါဘူး၊ သံဃာသင်းခွဲတဲ့ ကံကလဲ–လူပုဂ္ဂိုလ် တွေ အနေနဲ့ အတော်ဖြစ်နိုင်ခဲပါတယ်၊ သံဃာတော်တွေ အနေနဲ့ကတော့– အခုတ်ကာလေး ဂရုထား ကြဉ်ရှောင်ရမဲ့ ကံဘဲ ဖြစ်တယ်၊ ဒါကြောင့်– ဤ ကံသည်လည်း ဖြစ်နိုင်ခဲ၍– လွတ်ကင်းတတ်ကြပါတယ်။ အရိယာကို ပြစ်မှား မိတဲ့ ကံဆိုတာကတော့ သိနိုင်ရန် ခက်ခဲတဲ့ ကံဖြစ်တယ်၊ အမိအဘသတ်တဲ့ ကံကတော့ မရှိနိုင်, မဖြစ်နိုင်လို့ – စင်ကြယ်နိုင်ကြပါတယ်၊ ဝိပါက်အန္တရာယ် ကလဲ စစ်ဆေးကြည့်ရင် သိနိုင်ပါတယ်။

ဒီတော့– (၁) မြတ်စွာဘုရားရှင်အား သွေးစိမ်းတယ်အောင် ပြုမိမှု မရှိခြင်း အကြောင်း၊ (၂) သံဃာသင်းခွဲမှုကံ မရှိခြင်းအကြောင်း၊ (၄) အမိ အဘ,သတ်မှုကံလဲ မရှိခြင်း- သေချာပေမဲ့၊ အကြောင်း (၃) ဖြစ်တဲ့ အရိယာ ပြစ်မှားမိတဲ့ ကံသည်၊ သိနိုင်ရန် ခက်ခဲသည်ဖြစ်၍၊ အမြဲကုစားရမည့် ကံဖြစ် သည်။ ရဟန်းသံဃာတော်,ဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ၊ သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ် ဖြစ်သည်ကိုရင်း၊ သကဒါဂါမိ၊ အနာဂါမိ၊ အရဟတ္တဖိုလ်ဖြစ်သည်ကိုရင်း၊ သိရန် ခက်ခဲ၍ အမှတ်မထင်, ကိုယ်, နှုတ်, စိတ်, သုံးပါး၊ တို့ပါးပါးသော ကံနှင့် ပြစ်မှားမိခဲ့သော်၊ ပစ္စုပ္ပန် ဘဝ၌ အဘယ်မျှ အားထုတ်စေကာမူ၊ မဂ် ဉာဏ်, ဖိုလ်ဉာဏ်, မရနိုင်တော့ပါ။ အဲဒီလို– အရိယာပုဂ္ဂိုလ် တပါးပါးကို ကိုယ်, နှုတ်, စိတ်ထား, သုံးပါးတို့တွင် တပါးပါးသော ကံနဲ့– အမှတ်မထင်, မသိမြင်ဘဲ၊ ပြစ်မှားမိခဲ့ဘူးသည်၊ မပြစ်မှားမိခဲ့ဘူးသည် ဆိုတာလဲ လွန်စွာ, သိရခက်ပါသည်။

မြတ်စွာဘုရားသခင်၊ ရှေ့လက်ထက်တော်၌ပင်၊ ရာဇဂြိုဟ်ပြည်– ဇနပုဒ် တခုကိုမှီ၍ တောရဆောက်တည် တောကျောင်းကလေးနှင့် နေသော မထေရ် ကြီးတပါးနှင့် ပြုစုအဘော် ကိုရင်ကလေးတပါး၊ အတူ သီတင်းသုံးနေကြ တယ်၊ အတူတကွ ကိုရင်ကလေးက ဝတ်ကြီးဝတ်ငယ်ပြုရင်း နေလာကြတာ၊ (၁၀)နှစ်အတွင်းတိုင် ချင်းနင်းဝင်ရောက်လာတယ်၊ တနေ့သောအခါ ရွာ

တွင်း နံနက်, ဆွမ်းခံရန်၊ နှစ်ပါး, ခါတိုင်းလို အတူသွားပြီး ဆွမ်းခံပြန်လာကြတော့၊ ရွာအစပ်မှာ– သင်တုံးတွေ ပုံထားတာ ရှိသတဲ့၊ အဲဒီ– သစ်တုံးပုံတွေနားရောက်တော့ မထေရ်ကြီးက ကိုရင်လေးကို ခဏစောင့်ခိုင်းပြီး၊ မထေရ်ကြီးသည် ဒီနေ့– ယာဂုတွေ ရလာတာနဲ့၊ အဲဒီ– သစ်တုံးပေါ်-ဆောင့်ကြောင့်ထိုင်ကာ၊ သပိတ်စောင်းပြီး ယာဂုဘုဉ်းပေးနေတယ်၊ ကိုရင်လေးက အနားက မတ်တပ်ရပ်စောင့်ပြီး၊ ရွာဘက်လှမ်းကြည့်လိုက်၊ မထေရ်ကြီး ယာဂုသောက်တာကြည့်လိုက်နဲ့၊ သူ့စိတ်ထဲမှာ– ခက်တာဘဲ, ဒီဘုန်းကြီးတော့ ယာဂုကို ကျောင်းရောက်မှ သောက်ရောပေါ့၊ ခုနေ ရွာထဲက, ဒကာ–ဒကာမတွေများ ယာဂုထဲသွားကြဘို့ ထွက်လာလို့ မြင်သွားရင် ဘယ်လောက် ရှက်စရာကောင်းလိုက်မလဲ၊ တော်တော် လူ့ရွေမှတဲ့ ဘုန်းကြီးကြီးဘဲ၊ ဘုရားဟောတဲ့– တုစ္ဆမျိုးထဲကဘဲ၊ အတော်ဆိုးတာဘဲနဲ့ပေါ့၊ သူ့စိတ်မှာ အောက်မေ့ပြီး မကျေမနပ်တွေဖြစ်နေတယ်၊ မထေရ်ကြီးမှာတော့ လေနာစွဲနေတာ ၂-ရက်၊ ၃–ရက်ရှိနေပြီး ယာဂုကလေး စောစောဘုဉ်းပေးရယင် သက်သာပျောက်ကင်းမယ်ဆိုတာ သိပေမဲ့၊ မရှာမမှီးဘဲ ကြိတ်မှိတ်သီးခံပြီး ဆွမ်းခံဝတ်မပျက်အောင် ထွက်နေခဲ့တယ်၊ ယနေ့လည်း ဆွမ်းခံရင်းကထဲက လေနာ တစ,တစ ထ,နေပေမဲ့၊ ရွာလွန်အောင် သီးခံလျှောက်ခဲ့ပြီး၊ တုံးတွေနား ရောက်မှ ရှေ့ဆက်လျှောက်ရန် ခက်ခဲလှသဖြင့် သက်သာသွားအောင်, ယာဂုကို အမြန်ဘုဉ်းပေးခြင်း ဖြစ်တယ်၊ မထေရ်ကြီးလဲ သပိတ်ထဲက ယာဂုတဝက်လောက် ကုန်တော့၊ ခဏလေငြိမ်သွားရော၊ ကဲ ...ကိုရင်တန်ပြီ၊ ပြန်ကြကြစို့ဆိုပြီး ကျောင်းကလေးကို ပြန်ခဲ့ကြတယ်၊ ကျောင်းရောက်ကြမှဘဲ နံနက်ဆွမ်းအဖြစ်၊ ယာဂုကို ဆက်လက်ဘုဉ်းပေးကြပြီးတော့၊ မထေရ်ကြီးက ကိုရင်ကလေးကို ခေါ်၍....

"ငါ့ရှင်....နေ့စဉ်, ညစဉ်တော့ တရားအားထုတ်နေတာဘဲ၊ ကောင်းမြတ်ပါတယ်၊ ဘယ်မျှလောက်များ အကျိုးတရားခံစားရပါသလဲ"လို့ ကိုရင်လေးကို မေးတယ်၊ ဒီတော့– ကိုရင်ကလေးက....

"မှန်လှပါဘုရား၊ တပည့်တော် အပါယ်လေးပါးသို့၊ မကျမရောက်လွန်မြောက်သော အကျိုးတရားကို ခံရစားရပါပြီ ဘုရား" လို့ သောတာပတ္တိဖိုလ်ဖြစ်ကြောင်း-ဖြေကြားလျှောက်ထားသတဲ့၊ ဒီတော့ မထေရ်ကြီးက– "သာဓု—သာဓု...သာဓု–ငါ့ရှင်၊ ဘုရားသားတော် ပီသပါပေစွ၊ ဒါပေမဲ့ ငါ့ရှင်ဘည် အထက်, မဂ်သုံးပါးကို ဒီဘဝမှာ ရဘို့အနေနဲ့တော့၊ ဆက်အားမထုတ်နဲ့တော့"လို့ မိန့်ကြားလိုက်သတဲ့၊ ဒီတော့– ကိုရင်ကလေးက....

"မှန်လှပါ၊ ဘယ်အကြောင်းကြောင့်– ဘုရားတပည့်တော် ဆက်ပြီး အားမထုတ် သင့်ပါသလဲ ဘုရား"လို့ ပြန်မေးသတဲ့၊ မထေရ်ကြီးက ပြန်ပြီး တော့....

"ငါ့ရှင်သည်-အရိယူပဝါဒကံ၊ အရိယာကို ပြစ်မှားမိတဲ့ ကံထိုက်နေပြီ၊ ဒါကြောင့်- ဒီဘဝမှာ အထက်မဂ်သုံးပါး ရမှာမဟုတ်လို့ အားမထုတ်နဲ့လို့ ပြောဒါ"လို့ ဖြေကြားတော်မူဘယ်၊ ဒါနဲ့လဲ ကိုရင်ကလေးက မရိပ်စားမိ တော့ ဆက်လက်ပြီး....

"မှန်လှပါ၊ ဘုရားတပည့်တော်သည်၊ အရှင်ဘုရားနှင့် နှစ်ပါးအတူ ဝတ်ကြီးဝတ်ငယ်ပြုပြီး နေလာတာ (၁၀)နှစ်လဲ မြောက်ပါတော့မယ်ဘုရား၊ ဘယ်ပုဂ္ဂိုလ်နဲ့မှ မတွေ့မကြုံရဘဲ၊ ဘယ်အရိယာကိုမှ တပည့်တော် မပြစ်မှား ဘူးပါဘုရား"လို့ ထပ်လျှောက် ပြန်သေးသတဲ့။ ဒီတော့ ... မထေရ်ကြီးက....

"အင်း ငါ့ရှင်တော့ အတော်အပြောရခက်နေတာကိုးကွဲ့၊ ကဲ....ငါ့ ရှင်ဟာ(၁၀) နှစ်လုံးလုံး ဝတ်ကြီးဝတ်ငယ်တွေလဲ ပြုလာပြီး၊ သာသနာတော် မှာလဲ အဆုံး၏ ကောင်းခြင်း၊ ပဋိဝေဓဂုဏ်အစကို ရထားပြည့်စုံနေတော့၊ ကရုဏာထားပြီး ပြောရတော့မှာဘဲ၊ ငါ့ရှင်သည် နံနက်ဆွမ်းခံက အပြန်မှာ ငါဟာ– လေနာနှိပ်စက်မှုကြောင့် ခြေလှမ်းပျက်အောင် ဖြစ်လာတဲ့အတွက် သစ်တုံးပေါ်မှာဘဲ ယာဂုထက်ဝက်ကို ငါ့ရှင် ခေတ္တစောင့်ဦးဆိုပြီး ဘုဉ်းပေး ရတယ်၊ အဲဒီတုံးက- "ငါ့ကို မကျေမနပ်နဲ့ ပြစ်တင်ရှုံ့ချ- တုစ္ဆရဟန်းကြီး လို့တောင် စိတ်ထဲကထင်ပြီး ပြစ်မှားခဲ့တယ် မဟုတ်လား၊ ဒါကြောင့် အရိ ယူပဝါဒကံ– ငါ့ရှင်ထံ ရောက်နေပြီလို့" ဆိုမှ၊ ကိုရင်လေးလဲ သူ့ မထေရ် ကြီးကို ရဟန္တာဖြစ်မှန်း ပြောင်ပြောင်ပြောမှဘဲ သိရှိတော့တယ်....။

ဒါတောင်– မထေရ်ကြီးသည် ရှာသားတွေတွေ့နိုင်၊ မတွေ့နိုင်၊ လေနာ သက်သာနိုင်၊ မသက်သာနိုင် ဆင်ခြင်ပြီးမှ၊ ဘုဉ်းပေးတော် မူတယ်၊ မသင့် တော်ရင် ဘုဉ်းပေးမှာ မဘုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့၊ အခု- ကိုရင်လေး ဒီကံသင့်သွားလို့ ကရုဏာထားပြီး မပြောသင့်- မပြောချင်တဲ့ စကားကို ပြော လိုက်ရတယ်၊ အကယ်၍ မထေရ်ကြီးသာ သစ်တုံးပေါ် ယာဂုမဘုဉ်းပေးခဲ့ ရင် ကိုရင်လေးလဲ ကံမသင့်၊ မထေရ်ကြီးလဲ ဖွင့်ပြောစရာ မလိုတော့ ဘူးပေါ့၊ မိမိ သူတော်သူမြတ် အရိယာဖြစ်တယ်လို့ မပြောဆိုလိုယုံမျှမက၊ အပြုအမူ အရာမျှပင် မပြလို- မပြကြပေ။ (၁၀)နှစ်လုံးလုံး အတူနေလာလျက်၊ သော တာပတ္တိ ဖိုလ်ရနေတဲ့ ကိုရင်သည်ပင် မထေရ်ကြီးကို ရဟန္တာဖြစ်မှန်း မသိနိုင် လျှင် မိမိတို့သည်လည်း မည်သည့် သံဃာတော်, လူပုဂ္ဂိုလ်တို့ အောက်မက်–

အောက်ဖိုလ်ကအစ– အရိယာဖြစ်ကြသည်ကို သိနိုင်ရန် ခက်ခဲလှခြင်းကြောင့် အရိယာသခင်နှင့် သူတော်စင်တို့အား၊ တောင်းပန်ခြင်းနှင့် ခွင့်လွှတ်ခြင်းကို ပြုကြတို့သည်၊ အရိယူပဝါဒကံအတွက် လွန်စွာ အရေးတကြီး ပြုအပ်သော ကိစ္စဖြစ်ပါတယ်....။

အဲ....ဒီတော့မှ ကိုရင်လေးလဲ၊ ချက်ချင်း ဝန်ချ တောင်းပန် ခွင့်လွှတ်မှုကို ခံယူလိုက်တယ်၊ အရိယာတို့မည်သည်၊ အရိယူပဝါဒကံ မထိုက်ရန် အမြဲတစေ, ခွင့်လွှတ်တော် မူလေ့ရှိသော်လည်း ဝန်ချတောင်းပန်သူတို့က ဝန်ချတောင်းပန်ခြင်း မပြုကြသဖြင့်သာ၊ ဤကံသည် အဖတ်တင်၍ သံသရာတခွင် တိုင်အောင် ကျန်နေတတ်ပါသည်၊ အတိတ်က လွန်ကျူးမိခဲ့၍၊ သက်တော်ထင်ရှား မရှိကြွားသော်လည်း ဘုရား, သံဃာ, တိုင်တည်ပါ၍၊ တရားကိုတွယ် စိတ်ဝယ်နှိမ့်ချ–ကံတော့ပန်း ဆင်ရမှုဖြင့်- အရိယူပဝါဒကံမှ စင်ကြယ်ရအောင် ပုဗ္ဗကိစ္စ အနေအားဖြင့်- အလေးအမြတ်ထား၍ ပြုကြွားပါက၊ မုချ ခွင့်လွှတ် ပြေငြိမ်းခြင်းသို့ ရောက်ကြရမည် ဖြစ်ပေသည်။

နောက်ဆုံး အကြောင်း (၅) ဝိပါကန္တရာယ်ကတော့၊ ပဋိသန္ဓေဝိပါက် မနောဓါတ်အနေနဲ့ စွဲဝင်လာခဲ့တဲ့ တရားဖြစ်လို့ ကုစားလို့တော့ မရကောင်းတော့ဘူး၊ သူ့ကို စစ်ဆေးလို့တော့ ရကောင်းပါတယ်၊ သူတပါးဆီ သွားပြီး ကျွန်ုပ်တိဟိတ်မှ- ဟုတ်ပါရဲ့လားလို့လည်း၊ သွားမေးမနေနဲ့၊ မှန်ချင်မှ မှန်မယ်၊ ကိုယ့်ကိုယ်ကိုယ်၊ ကိုယ်တိုင်စစ်ဆေးတာ အကောင်းဆုံးဘဲ၊ စစ်ဆေးစရာကတော့- တိဟိတ်သာဆိုရင်၊ ဝိပဿနာ ဘာဝနာစစ်စစ်, အားထုတ်ကြည့်ပါ။ ဥဒယဗ္ဗယဉာဏ်, အစစ်အမှန်ကို ရနိုင်ပါတယ်။ တိဟိတ်မဟုတ်က မရနိုင်ဟု ဒေသနာတော် အဆုံးအဖြတ်ရှိရာ၊ ယခု မိမိပစ္စုပ္ပန်ဘဝ၌ မဂ်,ဖိုလ် ရနိုင်, မရနိုင်သည်၊ဥဒယဗ္ဗယဉာဏ် ပိုင်, မပိုင်ပေါ်တွင် တည်နေပါသည်။ ဒါကြောင့် ဒီအလုပ်ပေးတရားပြုပြီးရင် စွဲမြဲစွာ အားထုတ်ပါ၊ စစ်ဆေးကြည့်ပါ။ မိမိကိုယ် မိမိပြန်လည် ဖြေကြားဆုံးဖြတ်နိုင်ပါလိမ့်မည်။ သူတပါး ပြောဆိုမှုကို လိုက်နာယုံကြည်နေရခြင်းထက် ဥဒယဗ္ဗယဉာဏ်အခန်း၊ စစ်မှန်ဘို့ အရေးကြီးပါတယ်၊ ဥဒယဗ္ဗယဉာဏ် အတုနဲ့တော့ တိဟိတ်မဟုတ်သေးဘူး မှတ်ပါ။ ၎င်း အတုနှင့်- အစစ်ကို သက်ဆိုင်ရာ ပစ္စက္ခ ဉာဏ်အခန်းကျမှ– သေချာစွာ ရှင်းပြပေးပါမည်။

ဒါကြောင့်= အရိယာအပေါင်းနှင့် သူတော်ကောင်းတို့အား၊ တောင်းပန်ခြင်း၊ ခွင့်လွှတ်ခြင်းကို အရကျက်ယူ၍၊ ပုဗ္ဗကိစ္စတွေထဲမှာ အလေးအနက်ထားပြီး ဆောင်ရွက်ပါလျှင်၊ အရိယူပဝါဒကံမှ ကင်းစေသော အကျိုးကို ရရှိ

ခြင်း၊ အခြားတပါးဖြစ်သော ဝိပါက်ကံအတွက်လည်း ကြိုးစားမပြတ် အားထုတ်ပြီး၊ မိမိကိုယ်ကို မိမိပင် စစ်ဆေး၍ အဖြေပေးနိုင်ခြင်း အကျိုးကိုရခြင်း၊ အကယ်၍ တိဟိတ်မဟုတ်သေးစေကာမူ၊ စုတိ၏ ဟိုမှာဘက် တိဟိတ်ဆတ်ဆတ် ပဋိသန္ဓိစပ်ပြီးသည့် တခဏ၌ မဂ်, ဖိုလ်ကို လွယ်ကူစွာ ရရှိနိုင်ခြင်း၊ အကျိုးတို့ကို ရရှိစေပါသည်။

(၇) သီလဆောက်တည်မှုမှာ- အထူးပြောဘွယ်ရာ မလိုတော့ပါပေ၊ သီလမပါရင် သမာဓိက္ခာတတ်သည် သမာဓိက္ခာရင် ပညာဉာဏ်မြင် မမြင်နိုင်ခြင်းကြောင့်၎င်း၊ အဓိသီလ, အဓိစိတ္တ အဓိပညာ၊ သိက္ခာသုံးပါး၊ မပြည့်ငြားလျှင် တဒင်္ဂပဟာန်, တဒင်္ဂမဂ် မမြင်နိုင်ခြင်းကြောင့်၎င်း၊ မိမိအိမ်ဘွင်ပင်နေ့ညအစဉ်တခွင်တွင် အားထုတ်သူတို့- အနည်းဆုံးငါးပါးသီလ ခံယူခါ၊ ဥပုသ်နေ့များနှင့် တွေ့ကြုံက- နံနက်ချိန်မှပင် (၈)ပါး၊ (၁၀)ပါး၊ တတ်နိုင်သမျှ ခံယူဆောက်တည်ပါ။ အများစုပေါင်း၍ ရက်သတ်မှတ်ပြီး၊ ၁၀-ရက်တပတ်၊ (၁၅)ရက်တပတ် ဆိုသလို အားထုတ်ကြမည်ဆိုပါက (၁၀)ပါးသီလ ခံယူဆောက်တည် အားထုတ်ကြခြင်းသည်၊ အကောင်းဆုံး ဖြစ်ပါသည်။ ထို (၈)ပါး၊ (၁၀)ပါး၊ ကြားထဲမှ (၉)ပါးသီလကိုမူ ဝိပဿနာအားထုတ်မည့် ပုဂ္ဂိုလ်တို့၌ အလိုမရှိအပ်၊ ယင်း(၉)ပါး သီလသည် ဒေသနက္ကမနည်း မှန်ကျမ်းကြီး ကျမ်းခိုင်တို့၌ အခိုင်အမာ– မလာရှိပါ၊ လောကီပညာလိုလားသူ ဂိုဏ်းဆရာထွက်ရပ်ပေါက် ဆရာတို့ အားကိုး လိုလားသော လက်သုံးသီလသာ ဖြစ်ပါသည်။ ၉-ပါးသီလ နောက်ဆုံးတပါးသည် ပညတ်ကိုသာ အာရုံပြုခြင်းကြောင့် ပညတ်ကို အာရုံပြုကာ ပွားများဆောက်တည်ပါမည်ဟု အာမဘန္တေ ခံယူပြီး၊ ပရမတ်အာရုံမိအောင် ဝိပဿနာ ဘာဝနာအား ထုတ်နေပါလျှင်၊ လိမ်ရာကျနေပါသည်။ ဝိပဿနာမဂ်စိတ္တုပ္ပါဒ်နှင့် လောကုတ္တရာမဂ်စိတ္တုပ္ပါဒ်တို့၌၊ အပ္ပမညာဒွေးသည် ကြဉ်အပ်သည်ဖြစ်၍၊ (ဝါ) မုဒိတာနှင့် ဥပေက္ခာတို့သည် ကြဉ်အပ်သည်ဖြစ်၍၊ မေတ္တာ, ကရုဏာ၊ မုဒိတာ– ဥပေက္ခာအားဖြင့် သီလဆောက်တည်ထားပြီး၊ ဝိပဿနာ, ဘာဝနာ, ပညတ်အာရုံခွာ၍ ကျင့်သုံးပွားများခြင်းသည် အရင်းအဖျား မညီညွတ်၍ ကျမ်းဂန်ခိုင်မာ, ပါတိမောက္ခသံဝရ သီလတော်အတွင်း ရေတွက်ခြင်းခံရသော၊ ၅–ပါး၊ ၈–ပါး၊ ၁၀–ပါး စသော သီလတို့ကိုသာ သမာဒါန်,ဝိရတိအရာမြောက်အောင် အာမဘန္တေ ခံယူဆောက်တည်ရပါသည်။ မေတ္တာဘာဝနာတမျိုးထည်းကို စိတ်ကြည်လင် ငြိမ်သက်မှု ရသောအခါ– တခဏမျှ ပွားများပေးနိုင်ပါသည်။ အာမဘန္တေ ခံယူသည်အထိ ပြုဘွယ်မလိုပါ၊ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းသုံးပါးဖြစ်သော "မေတ္တာ–

မရဏာ နုဿတိ- အသုဘ'' ကမ္မဋ္ဌာန်းတို့သည် ဝိပဿနာနှင့် မဆန့်ကျင်သော အချင်းအရာဖြင့် ရံခါရံခါ အားထုတ်ပေးသင့်သော ဘာဝနာများဖြစ်ပါသည်၊ မကျဉ်းမကျယ်ကို နောက်အခဏ်း၌ ဆက်လက်ပါရှိလာပါလိမ့်မည်၊ သီလခံယူပြီး တရားထိုင်သည်နှင့်အမျှ ကျူးလွန်စရာမရှိခြင်း, မဖြစ်ခြင်းကြောင့် ဆိုင်ရာ သီလ၏ ဝိသုဒ္ဓိစင်ကြယ်မှုသည်၊ ယောဂီ၏ ကိုယ်နှုတ်၌ ပြည့်စုံနေတော့သည်။ ထို့ကြောင့် စင်ကြယ်သော ကိုယ်နှုတ်ကို အရင်းခံ အာရုံပြုလိုက်ရလျှင် တရားအစဉ်အားထုတ်ဝင်မှု၌ ဤသို့ နေ့စဉ်နှင့်အမျှ သီလစင်ကြယ်မှုကို အခြေတည်ကာ ဝမ်းမြောက်မှု ပါမောဇ္ဇရရှိခြင်းကြောင့်၊ ကိုယ်နှုတ်စင်ကြယ်- စိတ်ငြိမ်သက်လွယ်ပြီး၊ တသွယ်သမာဓိနှင့် ပညာမိအောင်အထိ ဖြစ်စေသော ''သီလေ ပတိဋ္ဌာယ'' သဘော၌ တည်ပြီး အားထုတ်ခြင်း အမှန်စာရင်း၌ သက်ဝင်သည့် အကျိုးရပ်ကို ရရှိစေအပ်ပါသည်။

(၈) မေတ္တာပို့ခြင်း၊ (၉) အမျှပေးဝေခြင်းတို့ကား၊ မေတ္တာပို့ခြင်းမှာ ပုဗ္ဗကိစ္စအနေ- ရှေ့ပိုင်းတွင်သော ပြုလုပ်ပြီး၊ အမျှဝေခြင်းကိုမူ ရှေးဦးတကြိမ်၊ တရားအားထုတ်ပြီးတကြိမ်၊ (၂) ကြိမ်ပြုလုပ်ကြရပါသည်။ ရှေးဦးအမျှဝေခြင်းသည်၊ ဘုရားပင့်ခြင်း၊ ဘုရားရှိခိုးပူဇော်ခြင်း၊ သရဏဂုံ သီလ တည်ဆောက်ခြင်းတို့ကို ရည်ညွှန်း၍အမျှပေးဝေခြင်းဖြစ်ပြီး၊ တရားထိုင်ပြီးကြမှ အမျှဝေခြင်းသည် သမ္မာပဋိပတ် အကျင့်မြတ် ကုသိုလ်အတွက် အမျှပေးဝေခြင်း ဖြစ်ပါသည်။ ထိုသို့ အမျှပေးဝေးခြင်းသည် ဘေးရန်ကင်းရှင်း စိတ်ကြည်လင်ခြင်းနှင့် အလောဘဟိတ်- ပတ္တိဒါနစိတ်သည်လည်း ဉာဏ်နှင့်ယှဉ်ယုံမျှမက မိမိတို့ ဝိပဿနာမဂ်ဉာဏ်ရရှိသလို ရကြစေလိုသော ဆန္ဒကြောင့် ကံကုသိုလ်မျှမက ဉာဏ်ကုသိုလ်တို့ (ဝါ) ဉာဏ်ကို ပေးလှူသည်ဖြစ်သောကြောင့်၊ ဘယ်ဒါနနှင့်မျှမတူ အမြတ်တလူလူဖြစ်သော အမျှပေးဝေခြင်းဖြစ်ပါ၍ ဝမ်းမြောက်ရွှင်လန်း နှစ်သိမ့်ပန်း တည်းဟူသော ပီတိပါမောဇ္ဇတိုင် ရောက်ရှိနိုင်သော အကျိုးကို ရရှိစေပါသည်။

ထို့ကြောင့်= ဤနောက်ဆုံးဖြစ်သော ပုဗ္ဗကိစ္စ(၉)ပါး အလေးအမြတ်ထားပြုအပ်သော အချက်နှစ်ရပ်ဟု- ဆုံးဖြတ်ယုံကြည်ကာ၊ ပြုသင့်ကြရပါသည်။

ဤကဲ့သို့- မိမိတို့ ယောဂါဝစရပုဂ္ဂိုလ်မြတ်အနေဖြင့် ရှေးဦးစွာ ပြုလုပ်အားထုတ်ရမည့် တရားတို့သည် ဘာကြောင့်ပြုလုပ်ရသည်၊ ဘုရားအစရှိသော အရိယာအပေါင်း- သူတော်ကောင်းတို့၏ ဤအစဉ်အလာ ကျင့်သုံးကာ ပြုတော်မူကြခြင်းသည်၊ ဤသို့သော အကြောင်းရင်းခံ သဘောမှန်တွေကြောင့်၊

ဤသို့သောအကျိုးရင်းမှန် ဝဋ်မှ ထွက်မြောက်ရန် တရားတွေပါကလားဟု ပိုင်းခြားသိကြခါ၊ (ဝါ) မိမိပြုလုပ်– ကြောင်းကျိုးသရုပ်ကို အဟုတ်စင်ကြယ်, အသိပညာတွယ်၍ တကယ်အားထုတ်ပါမှ၊ တကယ် အားကိုးလည်းလျှောင်းရာ အစစ်ပါတကားဟု ယုံကြည်အားထားကြပြီးလျှင်၊ ကြိုးစားကျက်မှတ် အလွတ်အထပ်ထပ် ကျေညက်စွာ ရစေရာပါသည်။

ထိုသို့– ရပြီးက၊ ရပ်ထဲရွာထဲ မိမိအိမ်မှာဘဲ ဖြစ်စေ၊ ဤပုဗ္ဗကိစ္စအမှုကို ရွတ်ဆိုပုံက ကြားရသူပင် စိတ်ကြည်လင်၍၊ ဘုရားဝတ်ပြု တရားအားထုတ်မှု ပြုနေပါကလားဟု သိငြားက၊ အလိမ္မာရှိသူများသည် မိမိအား နှောက်ယှက်စေမည့် ပြင်ပအာရုံ ဆူညံပုံတွေကို ထိမ်းသိမ်းပေးသွားသော အကျိုးကိုလည်း ရရှိနိုင်ပါသည်။ ဤပုဗ္ဗကိစ္စကို နေ့စဉ် အားထုတ်ရာ၌၊ သူတပါးတို့ နားဝယ် အစဉ် ကြားနေရခြင်းကလည်း ကုသိုလ်စိတ္တုပ္ပါဒ်ကလေးများ ဖြစ်ခွင့်ရ၍ ယဉ်ပါးလာခါ၊ အစစ်မြင်က အတတ်သင်ချင်လာရင် သူတပါးအားလည်း လမ်းပြပို့ဆောင် ဘိသကဲ့သို့သော ဓမ္မဒါန- ဓမ္မဃောသက- ကုသိုလ်အကျိုး တိုးပွား၍၊ ပါရမီအဆင့်ဆင့် ရင့်သန်လာစေနိုင်ပါသည်၊ ဤနေရာ၌ မိမိကောင်းတာလုပ်မှန်း သူတပါးသိစေလို၍ ကြွေးကြော်သော စိတ်စေနာမျိုး မထားဘဲ သူတပါးတို့အား မေတ္တာ,ကရုဏာထား၍၊ သတိသံဝေဂရငြားပါစေဟု နှလုံးပြုကာ ကျင့်သုံးရပါမည်။ နှလုံးပျော့ကောင်း သူတော်ကောင်းတို့သည် မည်သို့ မိမိသူတော်ကောင်း အလုပ်တွေ လုပ်ခါနေပါသည်ဟု မည်သူ့အားမျှ အသိပေး ကျေငြာကြွေးကြော်လေ့ မရှိပေ။ မိမိသူတော်ကောင်း ဖြစ်ကြောင်း သူတပါးသိအောင် ပြောဆို ကြွေးကြော်ချင်နေသေးလျှင် နှလုံးပျော့ပြောင်း သူတော်ကောင်းအစစ်, မိမိမဖြစ်သေးဟု သတိပြုပါ။ ဘာကြောင့် နှလုံးပျော့ပြောင်း၊ သူတော်ကောင်းဖြစ်ရသည်။ မည်သည့်တရားတွေ ပြည့်ဝအမှီ ကပ်ရောက်တည်လာသည်ကို၊ ဤနေရာ၌ စောသေး၍ နောက်ပိုင်းတွင် ဆက်လက်ရှင်းပြပေးပါမည်။ ယခု သတိချပ်နိုင် ရုံမျှပင် ဆိုအပ်လိုက်ရပါသေးသည်၊ အဲဒီတော့ ပုဗ္ဗကိစ္စမျှဘဲလို့ ပေါ့ပေါ့တန်တန် မကျင့်သုံးဘဲ အလေးအမြတ်ပြုပြီး ဆန္ဒာအဓိပတိ– စိတ္တာအဓိပတိ- သက်ဝင်အပ်နိုင်သည်အထိ၊ ဝိပဿနာဘာဝနာတွင် အစ၏ကောင်းခြင်းနှင့်ပြည့်စုံအောင်(ဝါ) အစကောင်းပြီးမှ အနှောင်းလဲ သေချာအောင် အလေးအမြတ်ပြုအပ်သော အာရုံ၊ အလေးအမြတ် ပြုအပ်သော ဝိပဿနာမဂ်, လောကုတ္တရာမဂ်ရကြောင်းနှင့် ယှဉ်စပ်နေသည့် အမှုကိစ္စကို မိမိ သူတပါး, အကျိုးများအောင် ပြုရခြင်းပါတကားဟု ယုံကြည် လေးမြတ်စွာ, ပြုအပ်ကြရပါသည်။ ။

ဝိပဿနာ = အစကောင်းမှာ- ပုဗ္ဗကိစ္စ ကိုးပါးပါ။
ဝိပဿနာ = အလယ်ကောင်းမှာ- ပုဗ္ဗကရဏ သုံးပါးပါ။
ဝိပဿနာ = အဆုံးကောင်းမှာ- အနုလောမ ဉာဏ်မဟာပါ။
(ပုဗ္ဗကိစ္စ အသင့်အတင့်မျှ ပြီး၏)

............ဝ............

# ပုဗ္ဗကရဏသုံးပါး။

ဝိပဿနာ ဘာဝနာပွားများရန် လုပ်ငန်းခွင်သို့ ဝင်၍ ထိုင်စဉ်၊မရှုမပွား မီ၌၊ မချွတ်မယွင်းပြုအပ်, နှလုံးသွင်းအပ်, ဆုံးဖြတ်အပ်၊ မိမိကိုယ်စိတ်ကို ဆုံးမ အပ်သော- ရှေးဦးစွာ ပြုရမည့်ကိစ္စဖြစ်သည်။

(၁) ဒိဋ္ဌိသမုဋ္ဌာဋ္ဌက=ငါတရားထိုင်သည်၊ ငါတရားအားထုတ်သည်ဟု- နှလုံး မသွင်းမူ၍၊ သင်္ခါရတရားက- သင်္ခါရအစုအပုံကို၊ မှတ် သားပိုင်းခြား ဆင်ခြင်ပွားများအံ့ဟု- နှလုံးသွင်း၍- ဒိဋ္ဌိကို ပယ်ခွါပစ်ရမည်။

(၂) မာနသမုဋ္ဌာဋ္ဌက=ငါတရားသိသည်၊ ငါ့မှာတရားရှိသည်၊ငါတရားအား ထုတ်နိုင်စွမ်းရှိသူ ဖြစ်သည်ဟု နှလုံးမသွင်းမူ၍၊ သင်္ခါရ အစုအပုံ- ခန္ဓာစုံ၌ ဖြစ်ပေါ်အပ်သော ခန္ဓာ, သင်္ခါရ အရပ်ရပ်တို့အား၊ သင်္ခါရတရားကသာ-ရှုမှတ်ပွားများ- ဝင့်ရထားကို ရပ်ပါစေခြင်းငှါဟု- နှလုံးသွင်း၍ မာနကို ပယ်ခွါပစ်ရမည်။

(၃) နိကန္တိက ပရိယာဒါန- ငါတရားတွေ့သည်၊ ထိုသို့တရားတွေ့ခြင်းသည်၊ သာယာနှစ်သက်ဖွယ် ကောင်းလေစွဟု- နိကန္တိမသိတ တဏှာဖြစ်မှုကို အားထုတ်ပွားများစဉ်အတွင်း၌၊ နှလုံး သွင်း မဝင်မိစေဘဲ၊ ဘာဝနာရတိ သဘော၌ "မမ္ပယံ ဟိတ ပါမောဇ္ဇ သဘောမှ မလွန်စေမူ၍၊ တရားတွေ့တွင် နှစ်သက်မှုကို ပယ်ဖျောက်နိုင်စွမ်း ရှိရမည်ဖြစ်ပါသည်။

(ဤပုဗ္ဗကရဏသုံးပါး၌၊ ပညာသိကြွယ်လေ-ကောင်းလေလေဖြစ်၏။)

အထက်ပါ ပုဗ္ဗကရဏသုံးပါးဟာ- တရားမထိုင်မီ ပြုရမည့် ပုဗ္ဗကိစ္စ ကိုးပါးကို ယှဉ်စင်တတ်နိုင်သမျှ၊ ကြိုးစားပြုလုပ်ပြီးတဲ့အခါကျတော့၊ တရား ထိုင်မယ်လို့ ဣရိယာပုထ်ကို ပြင်ပြီး ထိုင်တာနဲ့ တပြိုင်နက်၊ မချွတ်မယွင်းပြုရမဲ့-

စိတ်အလုပ်ဘဲ ဖြစ်ပါတယ်၊ ပုဗ္ဗကိစ္စကတော့- ကိုယ်, နှုတ်, စိတ်, သုံးပါးလုံးနဲ့ ပြုရမဲ့ကိစ္စဖြစ်တယ်၊ ပုဗ္ဗကရဏကတော့၊ဝိပဿနာ၏ အလယ်၏ကောင်းခြင်းနှင့် ပြည့်စုံအောင်၊ ဘာဝနာမယဉာဏ် အဆက်ဆက်ကို တည့်မတ်မှန်ကန်စွာ သက်ဝင်သွားအောင်၊ ရှေးဦးစွာ နှလုံးသွင်း ဆင်ခြင်ပွားများရမဲ့ စိတ်အလုပ်သက်သက်ဘဲ ဖြစ်တယ်၊ နှုတ်ကလဲ ဆိုစရာမလို၊ ကိုယ်ကလဲ ယူအပ်ပြီးတဲ့ ဣရိယာပထကနေ- လှုပ်ရှားရမလို၊ စိတ်အလုပ်သက်သက်ကနေ- ပညာဉာဏ်သိနဲ့ ဆုံးဖြတ်ချက် မိမိ,ရရ,ချနိုင် ယုံကြည်နိုင်ဘို့ စိတ်ကအလုပ်လုပ်ပေးရတဲ့၊ ပုဗ္ဗကရဏမှုဘဲ ဖြစ်တယ်၊ ကိုယ်အလုပ်နှင့် နှုတ်အလုပ်သည် စရဏဖြစ်သည်၊ အဲဒီ, ကိုယ်နှုတ်နှင့်အတူ- စိတ်နှင့် ပညာဉာဏ်သိနဲ့တကွ, ပါရင်, ဖြစ်ရင်, ဝိဇ္ဇာစရဏဖြစ်တယ်၊ ပညာဉာဏ်သိမပါရင် စရဏဘဲဖြစ်တယ်၊ ယခုစိတ် အလုပ်အနေဖြင့် ပုဗ္ဗကရဏသုံးပါး ဆင်ခြင် သုံးသပ်မှုသည် စရဏဖြစ်သည်၊ပိုင်းခြားထင်ထင် ဉာဏ်နှင့်မြင်၍ ဝေဘန် သိမ်းဆည်း၊ ဆုံးဖြတ်ယုံကြည်၊ တည်သွားခြင်းသည် ဝိဇ္ဇာဖြစ်တယ်၊ အဲဒီစိတ်အလုပ်မှာ စရဏချည်းသက်သက် ဘယ်တော့မှမဖြစ်၊ ပညာသိဝိဇ္ဇာလျှင် အကြောင်းရင်း နိဒါန်းရှိ၍ ဆင်ခြင်သုံးသပ်မှု ဖြစ်ခိုက်- စရဏ၊ ဆင်ခြင်ပွားများ ဆုံးဖြတ်ခိုက်- ဝိဇ္ဇာ, တပါးတည်းပါလာလို့ ဝိဇ္ဇာ,စရဏ နှစ်ပါးပြည့်စုံတဲ့ ပုဗ္ဗကရဏ တရားဖြစ်တယ်၊ ဒါကြောင့်- ဝိပဿနာ ဘာဝနာ အရာမှာ အလယ်၏ ကောင်းဖြစ်တယ်လို့ ဆိုရတယ်၊ ဒါ- ယောဂီလမ်းစဉ်၊ ဝိပဿကပုဂ္ဂိုလ်ရဲ့လမ်းစဉ်အရ သက်ဝင်တာကို ပြောခြင်းဖြစ်တယ်။

ကိုယ်, နှုတ်, စိတ်, လုပ်- စရဏ သရုပ်၌၊ အကုသိုလ်လုပ်က-ဝိဇ္ဇာပြုတ်၍ အဝိဇ္ဇာသာ စာရင်းဝင်တယ်၊ ဒါကြောင့်- စရဏ- အဝိဇ္ဇာသာ ဖြစ်တယ်၊ အကုသိုလ်ကို လောကီပညာဉာဏ်ထိုထိုနှင့်ပြုက- စရဏမဟာအဝိဇ္ဇာခေါင်းချုပ်နဲ့သာ ဖြစ်တယ်၊ လောကီကုသိုလ်လဲ ပညာဉာဏ်မခိုက စရဏကုသိုလ်သာရတယ်၊ လောကီကုသိုလ် ပညာဉာဏ်ခိုက- စရဏရော ဝိဇ္ဇာပါရတယ်၊ မဂ်စေတနာနှင့် ဝိပဿနာ ဘာဝနာ- ရှေ့ရှုဆင်ခြင် သုံးသပ်မှု ပုဗ္ဗကရဏပြုရမှာ၊ ဝိဇ္ဇာအရင်းခံ ညစ်နွမ်းမှု ကိလေသာ မှန်သမျှကိုပင်, လက်မခံမဆက်ဆံဘဲ၊စတင်အလုပ်-ထိုသရုပ်မှာ၊ အစဝိဇ္ဇာ- ကရဏအခိုက် စရဏလဲပါ၊ အဆုံးလဲကျ မဟာဝိဇ္ဇာရသဖြင့် ဝိဇ္ဇာစရဏ အကျင့်မြတ်အစစ် ဖြစ်တယ်၊ အဲဒီလို (၀၁) ပုဗ္ဗကိစ္စတုံးကလို မိမိလုပ်တာ မိမိပြုတာ၊ ဆင်ခြင်ပွားများဒါ၊ ဘာအလုပ် လုပ်တယ် ဘာအကြောင်းရှိတယ်၊ ဘယ်အကျိုးသက်ဝင်ရရှိတယ်လို့၊ နားလည်ပြီးလုပ်မှ စိတ်ပါလက်ပါ အံဝင်ဂွင်ကျ ဖြစ်မှာ၊ မသိဘဲနဲ့ လုပ်ပြီး- လုပ်သမျှ ဒုက္ခလို့ ပုံမချနဲ့၊ ပုံချစရာမရှိအောင် ဒီသဘောကို ထပ်ကြည့်။

"သိ" ညာတပရိညာ၊ ညာတပရိညာ ပညာသိနဲ့ လုပ်။ တီရဏ ပရိညာ– ရ၊ တီရဏပရိညာ- ရင့်သန်၍လွန်မြောက်လသျှင်– ဝိပဿနာမဂ် တဒင်ပဟာန်ဆိုတဲ့ ပဟာနပရိညာကစပြီး၊ လောကုတ္တရာမဂ်အထိ ပဟာနပရိညာ-သမုစ္ဆေဒပဟာန်ရရင်၊ အကြောင်းမှန်တရားကို အားထုတ်ပွားများရင်၊ လုပ်သမျှ ဒုက္ခမဟုတ်တော့ဘူး၊ လုပ်သမျှ– ဒုက္ခငြိမ်းကြောင်းနဲ့– လုပ်သမျှ ဒုက္ခကင်းကြောင်းအမှန်လို့၊ မိမိလိုလားရာ သမ္မာဓမ္မဿန္ဒ–"သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ" သဘောကို၊ အာသဝက္ခယံ– အာသဝေါတရား လေးပါးတို့-ကင်းရာကုန်ရာကို၊ ဝဟံ–ရှက်ဆောင်နေတာပါကလားလို့၊ (ဝါ) ပညာဉာဏ် "သိ"အဆုံးနဲ့၊ "ပယ်"လိုက်၍ "ဆိုက်" မည့်– အမြိုက်တရားကို၊ "ပွား" ယူနေဒါတကားလို့၊ (ဝါ)သိ,ပယ်,ဆိုက်,ပွား၊ လေးပါးအချက်တပြိုင်နက်၌၊ မပျက်မယွင်း, အားထုတ်နေခြင်းပါတကားလို့၊အားရပါးရ!စိတ်ချ,လက်ချ–ဝမ်းမြောက်စွာသိ၊ ယုံကြည်မိစွာ၊ "ဝိဇ္ဇာ,စရဏ" မဂ္ဂင်ချစ်ရှ် အကျင့်မြတ်အစကို၊ မိမိရရ- ဆင်ခြင်သုံးသပ်ပွားများမယ်လို့– သန္နိဋ္ဌာန်ချလိုက်ပါ။

ဒါကြောင့်-အထက်ကပြခဲ့သော၊ ပုဗ္ဗ-ရှေးဦးစွာ၊ ကရဏ– ပြုလုပ်အားထုတ်အပ်သော အမှုဆိုတဲ့- ပုဗ္ဗကရဏသုံးပါးတို့သည်၊ ပုဗ္ဗကိစ္စကဲ့သို–ယှဉ်စပ်နိုင်သမျှသာ– လုပ်စွမ်းနိုင်မယ်၊ မယှဉ်စပ်ခိုက် ချန်ခဲ့မယ်လို့–မရကောင်းဘဲ၊မချွတ်မယွင်း ပြည့်စုံအောင်– ပြုနှင်းဆောင်ရွက်ရမည့် တရားသုံးပါးဖြစ်ပါတယ်။

ဒိဋ္ဌိသမုဂ္ဃာဋက= ငါတရားထိုင်တယ်၊ ငါတရား အားထုတ်တယ်လို့၊ နှလုံးမသွင်းပါနဲ့– မအောက်မေ့ပါနဲ့၊ မမှတ်ပါနဲ့– မသုံးသပ်ပါနဲ့တဲ့၊ အဲဒီလို ငါတရားထိုင်တယ်- ငါတရားအားထုတ်တယ်ဆိုရင်၊ ဒိဋ္ဌိတန်းလန်းနဲ့ တရားအားထုတ်ရာကျလို့၊ ဉာဏ်မြင်မမြင်နိုင်ဘဲ၊ငါမြင်,ငါတွေ့ မြင်တတ်ခြင်းကြောင့်၊ ဒိဋ္ဌိငါကို-ပယ်ခွါပြု၍၊ ကိုယ်ထဲ-စိတ်ထဲ–ရုပ်ထဲ–နာမ်ထဲမှာ ငါတွဲပြီး မသုံးသပ်, နှလုံးသွင်း မကပ်တဲ့တိုင်အောင်၊ သင်္ခါရတရားက– သင်္ခါရအစုအပုံဆို– မှတ်သားပိုင်းခြား, ဆင်ခြင်ပွားများတယ်လို့သာ၊ နှလုံးသွင်း, သိမ်းဆည်းပြီး၊ ဒိဋ္ဌိမြင်– ဒိဋ္ဌိစိတ်အစဉ်ကွာအောင် ဆင်ခြင်သုံးသပ်ပေးရပါမည်။

မာနသမုဂ္ဃာဋက, အနေနဲ့လဲ၊ ငါတရားသိတယ်၊ ငါ့မှာမှတရားရှိတယ်၊ ငါတရားအားထုတ်နိုင်တယ်လို့လဲ နှလုံးမသွင်းပါနဲ့–မအောက်မေ့ပါနဲ့- မမှတ်ပါနဲ့– မသုံးသပ်ပါနဲ့တဲ့၊ အဲဒီလို တရားသိ, တရားရှိ၊ တရားအားထုတ်နိုင်သည့် အပေါ်မှာ၊ မာနတန်းလန်းနဲ့ တရားအားထုတ်မယ်ဆိုရင်လဲ၊ မာနငါနဲ့မြင်မဲ့ တရားသာ ဖြစ်မှာမို့– အရှုခံတရားကတော့ အမှန်– မာနခံနေသည့်အတွက်–

တရားတော့ မြင်နိုင်သလောက်မြင်ပေမဲ့– တဖက်ကန်းအမြင်– မာနငါအယူဥ္
နဲ့သာ ယှဉ်ခြင်းကြောင့်၊ အစစ်အမှန်လမ်းကို မရောက်မဖြောင့်နိုင်ပေဘူး၊ ဒါ
ကြောင့်=သခ်ါရတရားကသာ– ရှုမှတ်ပွားများ၍–ဝဋ္ဋရထား:ကို–ရပ်ပါစေရန်ဟု
သာ နှလုံးပြုရာပါသည်။

ဒိဋ္ဌိငါနဲ့– မာနငါကို သိမ်းဆည်းပြီးရင်တော့ တရားရှုမှတ်ပွားများ
လို့ ရကောင်းပါပြီ၊ အဲဒီလို–ပွားများအားထုတ်ရင်းနဲ့– တရားတွေတော့–
ဘာဝနာရဟိဖြစ်ပြီး တရားတွေကို နှစ်သက်မိနေတတ်တယ်၊ အဲဒီလို– နိကန္တိ
က ပရိယာဒါနဆိုတဲ့ တရားတွေမှုကို နှစ်သက်နေတတ်တဲ့ နိကန္တမသိတ, တဏှာ
ခေါ် ထွက်မြောက် ငြိမ်းအေးမှုကလေးကို သာယာနေတဲ့ နူးနူးညံ့ညံ့ တဏှာ
နိကန္တိသဘော သက်ဝင်လာတယ်၊ အဲဒီလို– သက်ဝင်လာယင်၊ တရားမတက်
တော့ဘဲ၊ နိကန္တိဘက်ကို လွန်လွန်ကဲကဲ လိုက်သွားတတ်သည်ဖြစ်၍ ဉာဏ်မြင်
အမှန်ပျောက်, ငါတရားရှုလို့ ကောင်းလိုက်တာတွေ ရောက်ပြီး၊ ဝိပဿနာ
ဉာဏ်စဉ်တွေ ဝေဆာမလာ နိုင်တော့ဘဲ၊ အားထုတ်မှု ဆုံးခန်းတိုင် ရောက်
သွားတတ်တယ်။ ဒါကြောင့်– နိကန္တိက ပရိယာဒါနကိုလဲ ဒိဋ္ဌိငါ–မာနငါကို
သိမ်းဆည်းပြီးလျှင် ဆက်လက်ကြိုလင့်– သိမ်းဆည်းထားခြင်း အားထုတ်စဉ်
အတွင်း ဝင်ရောက်လာတတ်ခြင်း၌ ရှင်းလင်းသုတ်သင်ပစ်နိုင်သော သတိသမ္ပ
ဇည ရှိလာ, ရလာနိုင်ပါတယ်။

အဲဒီလို ပပဉ္စကရဏသုံးပါးကို အကျဉ်းအားဖြင့် သိမ်းဆည်းနိုင်ဘို့သည်
အလွန် အရေးကြီးပါသည်။ ဘာကြောင့်လဲဆိုတော့ ဒီဝိပဿနာအသည်
ကောင်းခြင်းဖြင့် ပြည့်စုံရမဲ့ စခန်းဆိုတာ၊ ဒိဋ္ဌိဝိသုဒ္ဓိကို အလိုရှိအပ်ပါတယ်၊
တဖန်– ကင်္ခါဝိတရဏ ဝိသုဒ္ဓိကိုလဲ အလိုရှိအပ်ပါတယ်၊ အဲဒီ– ဝိသုဒ္ဓိနှစ်ပါး
စင်ကြယ်ပြီး သမ္မသနဉာဏ်ကို အထူးတသီးတခြား ကြိုးစားစရာမလိုဘဲ၊ ပပဉ္စကရ
ဏနဲ့ဘဲ တပါတည်း ပြည့်စုံသွားနိုင်ပါတယ်၊ အဲဒီလို– ပြည့်ဝကုံလုံ– စုံညီရပုံ
အကြောင်းတွေကတော့ ရူပ ပရိစ္ဆေဒဉာဏ်ကနေ–ပစ္စယ ပရိဂ္ဂဟဉာဏ်အထိအပိုင်
ရရှိသူအား၊ မခက်မခဲ သိမ်းဆည်းနိုင်စွမ်း အမှန်ကေန် ရရှိနိုင်ပါတယ်၊ ဒါပေမဲ့–
ယခု အလုပ်ပေးတရားတော်ကို ရှေးဦးစွာ– ကြားဖြတ် သွန်သင်ရခြင်းကြောင့်
ပပဉ္စကရဏနဲ့ အကျုံးဝင်တဲ့ ဒိဋ္ဌိ, ကင်္ခါ– ဝိသုဒ္ဓိ နှစ်ပြဖြာအလုံးစုံကို၊ ဒီနေရာမှာ
မပြနိုင်တော့ဘဲ၊ သင့်သမျှ ပပဉ္စကရဏနဲ့ ဆိုင်တဲ့ "ဒိဋ္ဌိ–တဏှာ–မာနငါ" ဆို
သည့် ငါသုံးငါ, ဖြစ်ပုံနှင့် သိမ်းဆည်းပုံတို့ကို ဆက်လက် ပြပေးပါဦးမည်၊
အလုပ်ပေးတရားရပြီး၊ အားထုတ်တတ်ပြီ– အားထုတ်နေကြပြီဆိုတဲ့ အတွင်း
မှာ ဉာဏ်လဲ တဖြည်းဖြည်း တက်လာအောင်၊ ထက်ဝန်းကျင် ကျွမ်းကျင်ရမဲ့

မူလမာတိကာ သင်တန်းကို ဆက်လက်ပေးပါမယ်၊ တစ,တစ, သူတပါးကိုလဲ ပို့ ချပေးသွားနိုင်ပါလိမ့်မယ်၊ ဒီတော့- ငါသုံးငါးပြုတ်အောင် သိမ်းဆည်းခါ၊ ငါမပါဘဲ သင်္ခါရတရားတို့ကို ရှုမှတ်ပွားများနိုင်အောင် သင်္ခါရတရားထဲမှာ ငါသုံးငါဘယ်လုပ်ပြီး ပါလာရသလဲ၊ ဘယ်လိုလုပ်ပြီး ခွာထုတ်ရမလဲလို့ စီစစ်ကြည့်ကြပါစို့....၊

ဒိဋ္ဌိသမုဋ္ဌာဠက သည်-ဒိဋ္ဌိ မှားသောအယူဖြင့်၊ ငါ့အတ္တဟူ၍ စွဲယူခြင်းကို ဆိုအပ်၏၊ မာနသမုဋ္ဌာဠက,သည်၊ ငါမှ ငါဟူ၍- ထောင်လွှားတလူလူ- တံခွန်ထူသလို၊ အထင်ကြီးနေမှုကို ဆိုအပ်၏၊ နိကန္တိက ပရိယာဒါန,သည် တရားတွေ့ သဘော၌ ကပ်ရောက်ခါ သာယာနှစ်သက်သော နိကန္တိ သဘောကိုပင် ငါမြင်နှစ်သက် စွဲယူချက်ကို ဆိုအပ်၏၊ ထို့ကြောင့်- တဏှာအားဖြင့် ငါ၊ မာနအားဖြင့်ငါ၊ ဒိဋ္ဌိအားဖြင့် ငါ-ဟူ၍၊ ဥပယ=ကပ်ရောက်မှု ဖြစ်ရခြင်း၊ ဥပါဒါန= ပြင်းစွာ စွဲလန်းခြင်း၊ အဘိနိဝေသ= နှလုံးသွင်းမြဲ၊ စိတ်ထဲ၌ နှစ်မြုပ်စူးဝင် နေခြင်းကို ခံနေ-ရနေ- ဖြစ်နေ ကြရခြင်း ဖြစ်သည်။

ထိုသို့- ကပ်ရောက်, စွဲလန်း, နှစ်မြုပ်စူးဝင်နေခြင်းဖြစ်သော တရားကိုယ်တို့သည်၊ ငါ, ပုဂ္ဂိုလ်, သတ္တဝါ-ကျား-မ, ဟူ၍ မပါသော၊ တဏှာ, လောဘ- မာန-ဒိဋ္ဌိ စေတသိက် တရားတို့သည်သာ- ကပ်ရောက်တတ်သော, စွဲလန်းတတ်သော, နှစ်မြုပ်စူးဝင်တတ်သော- တရားများ ဖြစ်ပေသည်၊ ၎င်း တရားကိုယ် သုံးပါး- တဏှာ, လောဘ- မာန- ဒိဋ္ဌိတရားသည်၊ ငါမဟုတ်၊ ငါမရှိဘဲ၊ ငါဟုတ်၊ ငါရှိအောင် လုပ်တတ်သော တရားအစစ်- တရားခံ, တရားကိုယ်များ ဖြစ်သည်လို့ ပိုင်းခြား၍ သိပါ။ ဒါကြောင့်- စွဲလန်းတတ်သော တရားကိုယ်၊ တဏှာ,လောဘက-ငါ့ဥစ္စာဟု စွဲယူသဖြင့် တဏှာငါ၊ မာနက- ထောင်လွှားကာ၊ ငါမှငါဟု စွဲသဖြင့် မာနငါ၊ ဒိဋ္ဌိက- အတ္တ မရှိကို အရှိလုပ်ခါ၊ အမှားစွဲသဖြင့် ဒိဋ္ဌိငါ၊ အဲဒီ- တဏှာငါ၊ မာနငါ၊ ဒိဋ္ဌိငါက- စွဲလန်းတတ်သော- တရားကိုယ်, သုံးပါးမျှသာ ပါတကားဟု ပိုင်းခြား၍ သိပါ။

စွဲလန်းပုံ အချင်းအရာကတော့၊ တဏှာက=ဧတံမမ- ငါ၏ဥစ္စာတည်းလို့ စွဲတယ်၊ မာနက= ဧသောဟမသ္မိ- ငါမှငါလို့စွဲတယ်။ ဒိဋ္ဌိငါက= ဧသော မေအတ္တာတိ- ငါ၏ အတ္တဇီဝလို့ စွဲတယ်၊ အဲဒီ-စွဲလန်းတတ်သော တရားသုံးပါးက, ငါ့ဥစ္စာ- ငါမှငါ- ငါ့အတ္တ ဇီဝ,လို့ စွဲလန်းပုံ အချင်းအရာဖြင့် တသံသရာလုံးက-သံသရာထဲက မထွက်နိုင်အောင် အစဉ်ချီနှောင်, ချီးမြှောက်ထားတဲ့အတွက် သူတို့ သုံးပါးကို ပပဉ္စတရားသုံးပါးဟုလည်း ခေါ်တယ်။

စွဲလန်းတတ်တဲ့ တရားက၊ တဏှာ–မာန–ဒိဋ္ဌိ၊ စွဲလန်းပုံအခြင်းအရာက ငါ့ဥစ္စာ၊ ငါမှငါ၊ ငါ့အတ္တဇီဝလို့ စွဲလန်းပေမဲ့၊ တကယ်– ငါ့ဥစ္စာ၊ ငါမှငါ၊ ငါ့အတ္တ ဇီဝဟုတ်လို့ စွဲတာလားဆိုတော့ မဟုတ်ပါဘူး၊ အမှန်ရှိတဲ့ တရားကို မထိုးမဖေါက်နိုင်၊မမြင်မဋ္ဌမ်းနိုင်ဘဲ၊ အမှန်ထင်ရှားရှိတဲ့ တရားရဲ့ အဖျားအနား အစွန်းအမြိတ်– ပညတ်သမုတိ နိမိတ်တွေကို၊ စွဲတတ်တဲ့ တရားကိုယ်သုံးပါးက အမှားသုံးသပ်ခါ- စွဲလန်းပုံအချင်းအရာနှင့်တကွ သံသရာတခွင်မှ ရုပ်နာမ် အယာဉ် ထွက်ခွာခွင့်မရရှိနိုင်အောင် တုတ်နှောင်သလို စွဲထားတာဖြစ်တယ်၊ ဒီတော့- သူတို့စွဲတဲ့ တရားကို ရှာကြည့်ရင်၊ (နိမိတ္တ)ကို၊ တဏှာက– ငါ့ဥစ္စာလို့ စွဲတယ်၊(ပဏ္ဏတ္တိ)ကို၊ မာနက– ငါမှငါလို့ စွဲတယ်။ (အတ္တဘောဇီဝိတိန္ဒြေ)ကို ဒိဋ္ဌိက ငါ့အတ္တ ငါ့အသက်လို့ စွဲတယ်။ အဲဒီလို– စွဲလန်းတတ်တဲ့ တရားကိုယ် ရယ်၊ စွဲလန်းပုံအချင်းအရာရယ်၊ အစွဲလန်းခံရတဲ့ ဝတ္ထုတွေရယ်ကို၊ တခုစီ, တခုစီ၊ တကန့်စီ, တကန့်စီ– ပိုင်းခြားဝေဘန်ကြည့်ရင်၊ ပုဂ္ဂိုလ်, သတ္တဝါ, အသက်လိပ်ပျာ– ငါ့ဥစ္စာ– ငါမပါသော တရားတွေသာ ဖြစ်ပါလျက် ပုဂ္ဂိုလ် သတ္တဝါ, အသက်လိပ်ပျာ၊ ငါ့ဥစ္စာ- ငါပါတယ် ရှိတယ်လို့၊ သုံးစားသော အချင်းအရာဖြင့် အမှားအစွဲဝင်ကာ သံသရာတခွင်ကြဉ်လည်နေရတဲ့ သခ်ါရ အစုအပုံမျှလို့ ပိုင်းခြားသိအပ်ရပါမည်။

အဲဒီလို= ပိုင်းပိုင်း ခြားခြား သိဘို့ရာ လွယ်လွယ်ကလေး ပြလိုက်လို့၊ ယုံမှားကင်းအောင် သိခြင်းအထိ ရမလားဆိုတော့– မရနိုင်ပေဘူး၊ ဒါပေမဲ့= ဒီနေရာမှာ ပိုင်းပိုင်းခြားခြား ကုန်စင်အောင် တရားတလုံးစီကို ပြနေယင်- မူလ ပုဗ္ဗကရဏအတွက် ရှည်ဝေးနေမည် စိုးခြင်းကြောင့်– ရိပ်စားမိရုံ ပြပေ သွားပါမည်၊ အလုပ်ပေးတရားပြီးလို့ မူလမာတိကာအရ၊ ဆက်ပြတဲ့အခါ ကျတော့လဲ အထောက်အကူ ရသွားရုံ၊ ယခု ရိပ်စားမိရုံ ပြပေးသွားပါမယ်၊ နောက်ဆက်ပြတော့ မရမှာ မပူပါနဲ့၊ ယခု– နားမလည်နိုင်တာကလေးတွေ နဲ့နဲပါးပါး ပါချင်ပါသွားမယ်၊ ရိပ်စားမိလောက်ရုံဘဲ ယူထားပါဦး၊ပိုင်းခြား ကုန်စင်အောင် တစ,တစ, ရသွားပါလိမ့်မယ်။

ကဲ- ဒီတော့၊ သခ်ါရအစုအပုံသည် ရုပ်ဆိုတဲ့ ရူပက္ခန္ဓာအစု၊ ဝေဒနာ ဆိုတဲ့ ဝေဒနက္ခာန္ဓာအစု၊ သညာဆိုတဲ့ သညက္ခန္ဓာအစု၊ သခ်ါရဆိုတဲ့ သခ်ါ ရက္ခန္ဓာအစု၊ ဝိညာဏ်ဆိုတဲ့ ဝိညာဏက္ခန္ဓာအစုရယ်လို့ ခန္ဓာငါးပါး အပေါင်း အစည်း အစုအပုံအားဖြင့်- မပြတ်ဖြစ်ပွားတဲ့ ပဉ္စက္ခန္ဓာကို သခ်ါရအစုံအပုံလို့ ခေါ်တယ်၊ အဲဒီ- ပဉ္စက္ခန္ဓာ ငါးပါးသော အစုကို၊ ပဋိစ္စသမုပ္ပါဒ်အားဖြင့်– ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာလို့ ကြောင်းကျိုးဆက်ပြီး၊

ဝိညာဏ်အစ, ဝေဒနာအဆုံး, ငါးပါးသော ပစ္စယာကာရ- ပစ္စုပ္ပန် အကျိုးတရားစုလို့လည်း၊တနည်းအားဖြင့်-သိထားရမယ်။ အဲဒီ- ခန္ဓာအနေအားဖြင့်၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ- ပဋိစ္စသမုပ္ပါဒ်အားဖြင့်၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တရားသည်၊ တဏှာ, ဥပါဒါန်လို့ ဆက်မဖြစ်ခင်မှာ ရိုးရိုး ပဉ္စက္ခန္ဓာ သင်္ခါရ အစုအပုံဘဲဖြစ်တယ်၊ ဆက်ဖြစ်ရင် ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်၊ အဲဒီ-ဥပါဒါနက္ခန္ဓာလို့ အဆက်မပြတ်ဖြစ်အောင် သင်္ခါရက္ခန္ဓာမှာ အကျုံးဝင်တဲ့၊ တဏှာ-မာန-ဒိဋ္ဌိ- တရားတို့ဟာ ခန္ဓာဖြစ်တိုင်း သက်ဝင်ပါရှိနေတော့တယ်၊ ဘာ့ကြောင့် သက်ဝင်နေပါသလဲဆိုရင် ရိုးရိုးခန္ဓာပဉ္စက, ဝိပါကဝဋ်မှာ- ခန္ဓာမလ, ညစ်နွမ်းမှုနှင့်တကွ ကိလေသာဝဋ်ကလဲ မချွတ်မလွဲ အနုသယ သဘောနဲ့စွဲပြီး ကိလေသာဝဋ်တွေ အလိုက်ခံနေရတော့- ရိုးရိုးခန္ဓာပဉ္စက ဝိပါကဝဋ်မျှတွင် ရပ်မထားနိုင်ဘဲ၊ ကိလေသာဝဋ်နှင့်တကွ ဖြစ်ခြင်းကြောင့် ခန္ဓာမလ ဆိုတဲ့ ကိလေသာဝဋ်နဲ့ ညစ်ထွေးနေတဲ့ အစု ဥပါဒါနက္ခန္ဓာဆိုပြီး အဆက်မပြတ် ဖြစ်ပွားနေရတယ်၊ ဖြစ်ပွားနေရမှာပေါ့၊ အတိတ် ကံ- သင်္ခါရတို့ရဲ့ အကျိုးပေးမှု- ပစ္စုပ္ပန်စီရင်အားထုတ်တဲ့ သင်္ခါရကံတွေကြောင့်လဲ ကမ္မဝဋ်ကနေ- ဝိပါကဝဋ်, ကိလေသဝဋ်နှင့်တကွ၊ မပြတ်မစဲ, အတိတ်သင်္ခါရကံနှင့် ပစ္စုပ္ပန်သင်္ခါရကံတို့နဲ့တွဲပြီး စံစား, ခံစား, သိမှတ်ထား၍ ပြုပြင်စီရင်တိုင်း ဝိပါကဝဋ် ခန္ဓာပဉ္စကမှာ ကိလေသာဝဋ်, ခန္ဓာမလ- ဥပါဒနက္ခန္ဓာအဖြစ်ကို မပြတ်မစဲ ဒလစပ်ထဲသာ၊ ရုပ်လဲ မရပ်မစဲ၊ ဝေဒနာလဲ မရပ်မစဲ၊ သညာလဲ မရပ်မစဲ၊ သင်္ခါရလဲ မရပ်မစဲ၊ ဝိညာဏ်လဲ မရပ်မစဲ၊ ခန္ဓာငါးပါးတပြိုင်နက်ထဲ "ဖြစ်ပျက်"နဲ့တွဲပြီး၊ ခဏိက- ခဏငယ်လေးအတွင်း၊ ဖြစ်ခြင်း-ပျက်ခြင်း အရင်းခံနဲ့ နာရီမပြတ်၊ နေ့ညမပြတ်၊ ရက်လမပြတ်၊ နှစ်ပရိစ္ဆေဒ မပြတ်၊ ဝတ္တမာန်ဆိုတဲ့ တဘဝတာ အခွန့်ကာလ တခုလုံးကို၊ စေတနာ- ကံ- သင်္ခါရ- အတိတ်,ပစ္စုပ္ပန်နှစ်ရပ် ချယ်မှုန်းပြီး-မြှုံးမိတဲ့ ငါးလို၊ ပဉ္စက္ခခန္ဓာ တခဏ- ဥပါဒါနက္ခန္ဓာ ထာဝရ အနေအထားအားဖြင့်၊ ခဏတ္တယ"ဖြစ်ပျက်"အသွားနှင့်သာ သင်္ခတပရမတ်တရား၏ အစဉ်ဆောင်နေတဲ့ သဘောကို "ကရဇကာယ"လို့ ခေါ်တဲ့ ရုပ်ကာယအဖြစ်နဲ့ (နိမိတ္တ) အကြောင်းမဆိတ်- အကျိုးချိပ်၍၊ သင်္ခတ ပရမတ်တရားတို့၏ အရိပ်ပမာ- ထင်ဟပ်၍လာသော "သကာယ"ကို၊ (နိမိတ္တ)ထင်ရှားရှိ- ပုံပန်းသဏ္ဌာန်နဲ့ တကွနက်- အကောင်အထည်ဒြပ်လို့ စွဲယူပြီး၊ ငါဥစ္စာလို့ လုပ်ကြံစွဲယူတာက တဏှာငါဖြစ်တဲ့ သဘောဘဲ၊ ဒီရုပ်နာမ်, ဖြစ်ပျက်မဆိတ်တဲ့ ကြောင်းကျိုးအစုစု နိမိတ္တမှုကို ငါဥစ္စာလို့ စွဲယူတဲ့- တဏှာငါဆိုတဲ့၊ ငါကလဲ အဇ္ဈတ္တ-

အတွင်း၊ ဗဟိဒ္ဓ- အပြင်ဆိုပြီး စွဲယူတတ်တယ်၊ အဇ္ဈတ္တအားဖြင့်- ငါ့မျက်စေ့ ငါ့နား-ငါ့နှာခေါင်း၊ ငါ့လျှာ-ငါ့ခေါင်း၊ ငါ့ကိုယ်ကာယ၊ ငါ့စိတ်ဘဲလို့၊ မိမိဥစ္စာကဲ့သို့ပြုပြီး၊ တော်မမ- ငါ၏ ဥစ္စာတည်းလို့ တဏှာငါက အတွင်းစွဲဇွဲ စွဲတယ်၊ ဗဟိဒ္ဓအားဖြင့်= ငါ့မယား၊ ငါ့သား၊ ငါ့လင်၊ ငါ့သမီး၊ ငါ့ပစ္စည်း ငါ့ရွှေ, ငွေ, ဘဏ္ဍာ၊ ငါ့အိမ်၊ ငါ့ယာ၊ ငါ့ဝတ်စားတန်ဆာ၊ ငါ့အိပ်ယာ- စသည်ဖြင့်ရှင်း၊ ငါ့ကျောင်း၊ ငါ့တန်ဆောင်း၊ ငါ့ဇရပ်၊ ငါ့သိမ်၊ ငါ့ကန်၊ ငါ့အသုံးအဆောင်၊ ငါ့အိပ်ယာ၊ ငါ့ဒါယကာ၊ ငါ့ယိကာမ၊ ငါ့တပည့် တပန်း- စသည်ဖြင့်ရှင်း၊ ယှဉ်စပ်သမျှ၊ အရပ်ရပ်တွေကိုလဲ၊ ငါ့ဥစ္စာလို့ တဏှာ ငါက စွဲတယ်၊

အတွင်းဥစ္စာ၊ ငါတဏှာဖြင့်၊ စွဲကာဖြစ်လတ်-အတ္တနှဲ့စပ်သည်ဟူ၍ မှတ်။ အပြင်ဥစ္စာ ငါဘဏှာဖြင့်- စွဲကာဖြစ်လတ်- အတ္တနိယဟူ၍ ပိုင်းခြားမှတ်ပြီး လျှင်၊ အဇ္ဈတ္တ သင်္ခါရအကြောင်းနိမိတ်ကို တဏှာငါချုပ်မိတိုင်း၊ ဗဟိဒ္ဓသင်္ခါရ အကြောင်းနိမိတ်ကိုလဲ၊ တဏှာငါချုပ်မိတိုင်း၊ ဥပါဒါနက္ခန္ဓာ မဆိတ်ဘဲဖြစ်နေ ရသော သင်္ခါရတရားမျှသာပါတကားဟု သိမ်းဆည်းခါ၊ တဏှာ ငါပြုတ်ကွာ အောင်ကို၊ ဘယ်တိုင်အောင် အလိုရှိရမှာလဲဆိုတော့၊ (နေတံမမ) ငါ၏ဥစ္စာ, ငါပိုင်ဥစ္စာ မဟုတ်သော ရုပ်နာမ်ခန္ဓာ, အာယတန, ဓါတ်၊ သင်္ခါရ အရပ်ရပ်မျှ သာဟုရှင်း၊ နိစ္စနိမိတ် လုံးဝချုပ်၍ မရသော၊ အနိမိတ္တသက်သက်- သင်္ခါရ စက်, သဘောဉာဏ်တိုင်အောင် အလိုရှိရမှာ ဖြစ်ပါသည်။ အဲဒီလို-အကြောင်း စွဲပုံ၊ အကျိုးရောက်ပုံ၊ အကြောင်း၌ မစွဲပုံ၊ အကျိုး၌ပြတ်ပုံကို၊ ပိုင်းခြားသိပြီး ဆင်ခြင် သိမ်းဆည်းခြင်းသည် တပါတည်း "အနိမိတ္တ" ဝိမောက္ခ ဆိုက်သွား မလားဆိုတော့၊ ဆိုက်မသွားသေးပါဘူး၊ အနိမိတ္တ- ဝိမောက္ခမုခ ဖြစ်အောင် သင်္ခါရအစုအပုံ၊ နိမိတ်အာရုံသဘောမျှသာရှိပြီး၊ တဏှာငါဖြင့် ငါ့ဥစ္စာလို့ စွဲယူခြင်းငှါ မထိုက်သော သင်္ခါရအကြောင်းနိမိတ် သကာယ သဘောတွေတွင် တဏှာမယှဉ်, ဒိဋ္ဌိမဝင်မချုပ်မိအောင် ပညာဉာဏ်သိဖြင့် ဆင်ခြင် သိမ်းဆည်းခါ ငါတရားတွေသည် ငါတရားမြင်သည်ဟု နှစ်သက်သာယာမှု မဖြစ်ပေါ်လာ သည်အထိ၊ ပုဗ္ဗာဂရဏာမှုဖြင့်- ဆင်ခြင်သုံးသပ်ခြင်းသည်သာ ပညာဉာဏ်သိ, ဝိပဿနာရှုရာအသိကို သက်ဝင်၍၊ အနိမိတ္တ စစ်စစ်ဖြစ်ကြောင်း ရှေ့ရှုသော ဆင်ခြင်မှု အပေါင်းသည်သာ၊ တဏှာငါ- နိကန္တိက ပရိယာဒါန၌ ပုဗ္ဗကရဏ ပြုရာရောက်ခြင်း အစစ်သာ ဖြစ်ပါသည်။

တဖန်- ထိုသို့ ငါ့ဥစ္စာဟူ၍ ယူစွဲမရသော၊ တဏှာငါနှင့်- နိမိတ္တကို၊ (၀၁) **တော်မမ- ငါ၏** ဥစ္စာဟု သင်္ခါရနိမိတ်တွင် စွဲဝင်သော တဏှာငါကို၊

နေတံမမ=ငါ၏ ဥစ္စာမဟုတ်၊ ရုပ်နာမ်ခန္ဓာ, သင်္ခါရသရုပ်မျှသာဟု သိမ်းဆည်းနိုင်သော ယောဂါဝစရပုဂ္ဂိုလ်သည်၊ ငါမှ ငါလို့ စွဲယူတဲ့၊ သောဟမ္မိ=မာနငြိမ်း၍ ငါအမြင်နှင့် လိုချင်တောင့်တ "ပဏိတ"သဘော၌၊ ငါရှိ၊ ငါသိ၊ ငါတတ်၊ ငါလိမ္မာ၊ ငါ့ထက် ဘယ်သူမှ မသာ,ဟု ထောင်လွှားတက်ကြွ၊ ပရပုဂ္ဂိုလ်– နှိမ်နင်းလိုသည့်- မာနငါကိုလည်း– နေသောဟမ္မိ= ငါသူတပါး, ယောကျ်ား, မိန်းမ,အားဖြင့် စွဲဝင်စရာမရှိပါသော ရုပ်နာမ်ခန္ဓာ–အာယတနသင်္ခါရ တရားမျှပါတကားဟု၊ ဆက်လက်သုံးသပ်မှုပြုပါက၊ ငါ့မှာ တရားရှိသည်၊ ငါတရားအားထုတ်နိုင်စွမ်း ရှိသည်ဟု မာနကြောင့်ဖြစ်သော ငါကိုလည်း နေသောဟမ္မိ သဘောမိ၍ "အပ္ပဏိဟိတ"တိုင်အောင်၊ ငါမှငါဟု– နှလုံးမသွင်း, မထောင်လွှား၊ မတောင့်တမိခြင်းဖြင့် သိမ်းဆည်းလိုက်ခြင်းသည် မာနသမုဂ္ဃာတ်ကို ခွာချသော ပုဗ္ဗကရဏ ဖြစ်ပါတော့သည်။

ထိုမှ ဆက်လက်၍ သမ္မာဒိဋ္ဌိအယူရှိသည် ကေန်ဖြစ်သော-ယောဂီသူမြတ်သည်၊ မိစ္ဆာဒိဋ္ဌိ အစဉ်ငြိတတ်သည့် ဒိဋ္ဌိငါဆိုတဲ့ ငါ့အတ္တဇီဝဋ္ဌိတယ်လို့ ယူတဲ့ အယူ၊ သိတဲ့အသိ၊ မြင်တဲ့အမြင်၊ မှတ်တဲ့အမှတ်၊ စွဲတဲ့နှလုံးကိုလဲ၊ အထက်ပါ– တဏှာငါ, မာနငါတွေ ခွာချသလို၊ ရုပ်ဓါတ်၊ နာမ်ဓါတ်၊ ခန္ဓာဓာတ်ဖြစ်တဲ့ အာယတနခြောက်ရပ်၊ အဇ္ဈတ္တသင်္ခါရဓါတ်ကို၊ အတ္တဇီဝါ ငါအမှန်ရှိ အသက်လိပ်ပျာအထိ ယူလာခဲ့မိသည်မှာ မချကေန် မရမှန်သည့် အနတ္တသဘောဖြစ်ပုံကို၊ တေံမမ– ငါ့ဥစ္စာလို့– "ရုပ်ဓါတ်, နာမ်ဓါတ်, ခန္ဓာဓာတ်ဖြစ်တဲ့ အာယတန ခြောက်ရပ်၊ အဇ္ဈတ္တသင်္ခါရဓါတ်သည်၊ 'ဖြစ်ပျက်''ဒလစပ်နှင့် ဝင့်သုံးပါးကပ်ရောက်ခံနေရသော အကြောင်းနိမိတ်မျှ၌၊ အနိမိတ္တဆိုက်အောင်၊ နေတံမမ– ငါ၏ဥစ္စာမဟုတ်ပါတကားဟု မြင်ကြား သုံးသပ်နိုင်ခဲ့သော ယောဂီသည်၊ သောဟမ္မိ-ငါမှငါလို့ ထောင်လွှားမိတဲ့ မာန၏တည်နေရာကို၊ ထိုရုပ်ဓါတ်, နာမ်ဓါတ် ခန္ဓာဓာတ်မျှဖြစ်တဲ့၊ အာယတနခြောက်ရပ် အဇ္ဈတ္တသင်္ခါရဓာတ်၌၊ မာန၏ထားသိုရာ ပုဂ္ဂိုလ်, သတ္တဝါကို၊ မျက်စိတမှိတ်၊ လျှပ်တပြက်တွင် ကုဋေနှင့်ချီသောင်း၊ ငါးထောင်ကျော်မျှ ဖြစ်ပျက်နေသော– ရုပ်ဓါတ်၌၎င်း၊ ကုဋေတသိန်းမက ဖြစ်ပျက်ကြသော နာမ်ဓါတ်၌၎င်း၊ ခန္ဓာဓါတ်အစုအပုံ "ဖြစ်ပျက်"ဟုန်ပါစုံအောင်၊ အာရုံယူကြောင်း ဒွါရအပေါင်း ခြောက်ရပ်၌၎င်း၊ ဤမျှ လျင်မြန်ဖြစ်ပျက်ဟုန်- ဖြစ်ပျက်မှုန်ရုပ်နာမ်ဓါတ်သဘောထဲ၌၊ ငါမှငါဆိုတဲ့ တရားကလေးကို ဘယ်နေရာမှာ သိုမှီလို့ ထားစရာ ရှိနိုင်ပါ့မလဲဟု ဆန်းစစ်၍ ကြည့်ပါက "ဖြစ်ပျက်"မပြတ်, အနိစ္စမှန်, ရုပ်နာမ်ခန္ဓာမျှ၌၊ နိမိတ္တလို့ စွဲယူမရဘဲ အနိမိတ္တလို့ သုံးသပ်ခဲ့

သလို၊ ယင်း, အနိမိတ္တအတွင်း၌ "ဖြစ်ပျက်" ဒလစပ် မရပ်မနားခြင်း၊ ဒုက္ခတွင်း, ဆင်းရဲမှန်ဖြစ်ခြင်းကြောင့်၊ မာနငါခိုအောင်းစရာမရှိသည့်ပြင် ချမ်းသာကင်းတဲ့ ဆင်းရဲတွင်းဖြစ်၍၊ လိုလားဆောင့်တ "ပဏိတ" သဘောအားဖြင့်လဲ မရပါသောကြောင့်၊ သောဟမ္ဘိ- ငါမှငါသည် အရှိမဟုတ်၍ လိုချင်တောင့်တစရာ ပြုတ်ပြီး၊ ဆင်းရဲဒုက္ခ အစု သင်္ခါရမှုမျှဟု သုံးသပ်သော ယောဂီအား၊ "အပ္ပဏိဟိတ" အဖြစ်၊ အဲဒီ ဒုက္ခကြီးကို၊ (ဝါ) ဖြစ်ပျက်ခြင်းဖြင့် မပြတ်မစဲ နှိပ်စက်နေတဲ့ ဒုက္ခကြီးကို၊ မလိုချင် မတောင့်တသည်အထိ ဉာဏ်မြင်နဲ့ ဆင်ခြင်မိရာပါသည်။

ထိုမှတဖန်– ဒိဋ္ဌိငါက– "ဧသောမေ အတ္တာတိ"နဲ့ ငါ့အတ္တ,ငါ့ဇီဝလို၊ နိဿတ္တ-နိဇ္ဇီဝ–အမှန်သဘောကို ဖေါက်ဖေါက်ပြန်ပြန်ဖြင့်–စွဲယူသိမြင် အမျှင်မပြတ်လာခဲ့တဲ့ သဘောကိုလဲ၊ ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ခန္ဓာဇာတ်မျှ–အာယတနခြောက်ရပ်–အဇ္ဈတ္တသင်္ခါရ ဓာတ်သဘောဟု "ဖြစ်ပျက်"မှုတွေကို ပညာဉာဏ်ဖြင့် ပိုင်းခြားသိ၍၊ အနိစ္စမို့-အနိမိတ္တဘဲ။ တဏှာက, ဇော်မမ=ငါ့ဉစ္စာရယ်လို့၊ နိမိတ္တကို ထင်စွဲခဲ့တာ အမှားဘဲ။ "ဖြစ်ပျက်" ဒလစပ်· နှိပ်စက်အပ်တဲ့–ဒုက္ခဆင်းရဲ မလွဲကေန် အမှန်ဖြစ်တယ်လို့-ပညာဉာဏ်နဲ့ ပိုင်းခြားသိ၍၊ ဒုက္ခမို့-အပ္ပဏိဟိတ, မတောင့်တထိုက်ဘဲ၊ သော ဟမ္ဘိ–ဟု ပဏိတနဲ့ တောင့်တစွဲခဲ့တာ အလွဲအမှားဘဲ၊ ရုပ်ဓာတ်ကလဲ–ကုဋ္ဌေနဲ့ဆောင်, ငါးထောင်ကျော်အောင် "ဖြစ်ပျက်"နေတဲ့ တရား၊ နာမ်ဓာတ်ကလဲ- ကုဋေတသိန်း တွက်ကိန်းများစွာ "ဖြစ်ပျက်"ခါနေတဲ့ တရားဘဲ၊ ဒါကြောင့် အနိစ္စံ= ခယဋ္ဌေန- ဝယဋ္ဌေန၊ အသာရကဋ္ဌေန အနတ္တအားဖြင့်–ကုန်ခမ်း၊ ချုပ်ပျောက်၊ အနှစ်သာရအတ္တလို့ ဆိုရလောက်စရာမရှိတဲ့သဘောကြောင့်၊ အသာရကဋ္ဌေနာတိ နအတ္တာ= အမာခံ စစ်စစ် အနှစ်သာရ မရှိခြင်းကြောင့်၊ အတ္တ-ကိုယ်သည်၊ န-မဟုတ်၊ အနတ္တ–ကိုယ်မဟုတ်သော၊ အနိမိတ္တ–အပ္ပဏိဟိတ၊ သင်္ခါရစက်မျှ သက်သက်, သတ္တ–ဇီဝ, ပုရိသ, ဣတ္ထိ–အတုံးအလုံးအခဲ၊ အထည်ဒြပ်သဏ္ဌာန်မရှိသော၊ နိဿတ္တ-သတ္တဝါလည်း မပါသော၊ သဘာဝါ–စေတနာ, ကံ,သင်္ခါရ အတိတ်, ပစ္စုပ္ပန် အကြောင်းတို့ကြောင့် (ဝါ) သ=အကြောင်း စုံညီသဖြင့်သာ၊ ဘာဝ–ဖြစ်ပေါ်မှု ခဏတ္တယ အလျဉ်အစုစုသာဖြစ်သော၊ သင်္ခါရအစုအပုံ "ဖြစ်ပျက်" ဟုန်– ခတ္တယ မရဏသဘောမှလွဲ၍၊ အတ္တဇီဝါ– မပါမရှိ၊ အနတ္တ ကေန်ထိတိဖြစ်သောကြောင့်၊ အတ္တဇီဝ-ပုဂ္ဂလ– သတ္တတို့မှ ကင်းဆိတ်သော "သုညတ" စင်စစ် ဖြစ်ပါပေသည်တကားလို့ ပညာဉာဏ်နှင့် ပိုင်းခြားသိ၍၊ အနတ္တမို့–အတ္တဇီဝ–ပုဂ္ဂလဇီဝ-သတ္တဇီဝ-သုဉ်းဆိတ်တဲ့သုညတမျှပါဘဲ။ဒိဋ္ဌိငါက–ဧသော

မေ အတ္တာတိ=အတ္တဇီဝ- ရှိတယ်လို့ စွဲခဲ့မိတာ အလွဲအမှားဘဲ၊ နမေသော အတ္တာတိ-ငါ၏ အတ္တဇီဝ, မဟုတ်မရှိပါဘဲလျက်၊ ငါ၏အတ္တဇီဝ ဘယ်လိုမှ မရှိတော့နိုင်ပါတကားဟု ပညာနှင့် ပိုင်းခြား၍၊ သုညတ-အစစ်အမှန်ကို ဉာဏ်နှင့် ဖေါက်ထွင်းမြင်နိုင်အောင် သိမ်းဆည်းနိုင်ပါက ဒိဋ္ဌိသမုဋ္ဌာဌ္ဌကကို ပယ်ခွာချနိုင်မည်ဖြစ်ပါသည်။

ကဲဒီတော့-အချုပ်အားဖြင့် သဘောမှတ်စရာကို ထပ်ခါကြည့်ကြပါစို့၊ အထပ်ထပ်ကြည့်ရတာ၊ အခါခါ ဘတ်ရတာ၊ ၄/၅/၆/ မျက်နှာလောက် သဘောမိပြီး ဆင်ခြင်သုံးသပ်ကြည့်ယင် သုံးမိနစ်လောက်နဲ့မိတဲ့- စိန္တာမယ, ဘာဝနာမယသာဖြစ်ပါတယ်၊ မူလ-ဘတ်ရှုလေ့လာထားတာကို အောက်ပါ ဇယား၌ကြည့်ပြီး၊ ပြန်ဆင်ခြင်နှလုံးသွင်းသုံးသပ်ခါ- ဝါစုဂ္ဂတကလေး ပြုလုပ်ပေးပါ။

အထက်ပါ သဘောသွားကို အခေါက်ခေါက်ဖတ်၊ ဇယားကိုပြန်ကြည့် သဘောမိမိ သိမ်းဆည်းနိုင်သည်အထိ၊ ရလောက်ပါပြီ။ ။

ဒီနေရာမှာ၊ ပုဗ္ဗကရဏ သုံးပါးအရ- သိမ်းဆည်းရမှာကတော့၊ ဒိဋ္ဌိသမုဋ္ဌာဌ္ဌက- မာနသမုဋ္ဌာဌ္ဌက၊ နိကန္တိက ပရိယာဒါနလို့ ဆိုခဲ့တယ်၊ ယခု ဒေသနာစဉ်အရက၊ တဏှာ- မာန- ဒိဋ္ဌိလို့ဆိုတယ်၊ တရားချင်း ပြောင်းပြန်ဖြစ်နေတယ်လို့၊ မအောက်မေ့ပါနှင့်၊ အထက်ပါ သဘောဉာဏ်နှင့် ပိုင်းခြားမှုအတွက်ကတော့၊ အနိစ္စ-ဒုက္ခ-အနတ္တနှင့်- အနိမိတ္တ-အပ္ပဏိဟိတ- သုညတ-တို့၏ အစဉ်ကိုလိုက်၍ ပြဆိုရတယ်၊ အဲဒါက ဒေသနာဉာဏ်၊ ယခုတရားထိုင်ဆဲ, ထိုင်အံ့ ပစ္စက္ခဉာဏ်ကို ရယူရမှာဆိုတော့ (ဝါ)ဝိပဿနာ-ဘာဝနာပွားများရမှာဆိုတော့၊ ဝိပဿနာ သတိပဋ္ဌာန်သည်- ဒိဋ္ဌိသတ်ကမ္မဋ္ဌာန်းသာ ဖြစ်ခြင်း၊ ပညာသည်- အနတ္တဉာဏ်ပညာသာလိုရင်း၊ အနိစ္စဉာဏ်နှင့် ဒုက္ခဉာဏ်တို့မှာ၊ အားထုတ်ဆဲအတွင်း၌- အလုပ်စေတ်နှင့်ယှဉ်စပ်၍ ပစ္စက္ခဉာဏ်မှာရမဲ့- ဖေါက်ထွင်းမြင်ရမဲ့ တရားဖြစ်ခြင်းကြောင့်ရင်း၊ ဖေါက်ထွင်းမြင်အောင်- စရဏစေတ် စရိယ, ဘာဝနာ ဘိသမယ, ဝင်မည့်ဆဲဆဲ၌၊ အတ္တနှင့်တကွ ဝင်ရှုမိလျှင် အတ္တမြင်ဖြစ်နေတတ်၍၊ ဒိဋ္ဌိသမုဋ္ဌာဌ္ဌကကိုဘဲ သိမ်းဆည်းမှုတွင် ရှေးဦးစွာ တင်ပြနေရခြင်းဖြစ်ပေသည်၊ မိမိဒေသနာဉာဏ် သဘောပေါက်ထားသည်ကို ပြောင်းပြန်လှန်ပစ်ရဦးမည်ဟု မအောက်မေ့နှင့်၊ အလုံးစုံ ငါသုံးငါသည်- ဒိဋ္ဌိသာ အချုပ်ဖြစ်သည်။ (ဤနေရာ၌ အကြောင်းပြ သဘောနဲ့ဘဲ ညှိပေးပါမည်၊ အာဂမယုတ္တိနှင့်ပြက- နားလည်နိုင်စွမ်းရှိဦးမည် မဟုတ်၍ဖြစ်သည်၊) ဒီတော့ ဒိဋ္ဌိက ဘယ်လိုအချုပ်ဖြစ်သလဲဆိုတော့ ဒိဋ္ဌိ-တဏှာ-မာန,တရားကိုယ် သုံးပါး

| စွဲလန်းတတ်သော တရား | စွဲလန်းပုံ အချင်းအရာ | စွဲလန်းရာ ဝတ္ထုသင်္ခါရစု | စွဲလန်းပြုတ်ကြောင်း ရှုမှု | စွဲလန်းပြတ်ရာ |
| --- | --- | --- | --- | --- |
| တဏှာ | တဏှာငါ<br>တော်မမ-ငါ့ဥစ္စာ | နိမိတ္တ | နေတံ-မမ<br>ငါ့ဥစ္စာမယုတ်<br>အနိစ္စ နုပဿနာ | အနိမိတ္တ |
| မာန | မာန ငါ<br>သောဟမသ္မိ-ငါမှငါ | ပဏိတ | နေသောဟမသ္မိ-<br>ငါမဟုတ်<br>ဒုက္ခ နုပဿနာ | အပ္ပဏိဟိတ |
| ဒိဋ္ဌိ | ဒိဋ္ဌိငါ<br>သောမေ အတ္တာတိ<br>ငါ့အတ္တဇီဝ | အတ္တဘောဇီဝိတိန္ဒြေ | နမေသော အတ္တာတိ<br>အနတ္တ နုပဿနာ | သုညတ |

လုံး၌ "ငါ"အားဖြင့် ပါနေစွဲနေခြင်းသည်- ဒိဋ္ဌိ ငါရှိနေခြင်းသာ ဖြစ်ခြင်းကြောင့် ဖြစ်တော့သည်၊ ထို့ကြောင့်....

အကျဉ်းအားဖြင့် ထပ်ဆင့် ရှင်းလင်း၍ပြရသော်၊ တဏှာငါ-မာနငါ-ဒိဋ္ဌိငါ, သုံးပါးတို့ဖြစ်ရခြင်းသည် (ဝါ) စွဲလန်းသောတရားကိုယ်လို့ အမည်တပ်ရခြင်းသည်၊ သညာဝိပလ္လာသအားဖြင့် မှတ်သားမှု၌ အမှန်မသိ-အဝိဇ္ဇာဖုံးလွှမ်းဘိသဖြင့် တသံတရာလုံးက အမှားမှတ်သားလာခဲ့ခြင်း၊ အမှားမှတ်သားမိနေခြင်း၊ အမှားမှတ်သားထားခြင်း များကြောင့်၎င်း၊ စိတ္တ ဝိပလ္လာသအားဖြင့်- သိမှု၌ အမှန်မသိ အဝိဇ္ဇာဖုံးလွှမ်းဘိသဖြင့်၊ တသံတရာလုံးက အမှားသိ့သိလာခဲ့ခြင်း၊ အမှားသိနေမိခြင်း၊ အမှားသိထားခြင်းများကြောင့်၎င်း၊ ဒိဋ္ဌိဝိပလ္လာသအားဖြင့် အယူ၌ တသံတရာလုံးက အမှန်မသိ အဝိဇ္ဇာဖုံးလွှမ်းဘိသဖြင့်၊ အမှားယူလာခဲ့ခြင်း၊ အမှားယူမိနေခြင်း၊ အမှားယူထားခြင်းတို့သည် ရာဂါနုသယ-မာနာနုသယ-ဒိဋ္ဌာနုသယ- အနေအားဖြင့် ကိန်းနေသမျှ၊ အဝိဇ္ဇာသည် ဖုံးလွှမ်းနေသေးသမျှ ကာလပတ်လုံး၊ တဏှာငါ-မာနငါ-ဒိဋ္ဌိငါဆိုတဲ့ ငါသုံးငါလဲ ဖြစ်ရှိနေမည်သာ ဖြစ်ပါတော့သည်။

ဒိဋ္ဌိဝိပလ္လာသရှိနေယင်၊ ဒိဋ္ဌိငါဖြစ်နေတတ်သည်၊ သညာ-စိတ္တ ဝိပလ္လာသရှိနေရင် တဏှာငါ, မာနငါ, ဖြစ်နေတတ်သည်၊ ဒီတော့- ဒိဋ္ဌိ, စိတ္တ, ဝိပလ္လာသ အကြောင်းရှိမှ ဖြစ်ကောင်းသော စိတ္တ ဒိဋ္ဌိဝိလ္လာသတို့သည်၊ သညာဝိပလ္လာသဟူသော အမှတ်မှားမှုအကြောင်းမရှိသော် မဖြစ်နိုင်၊ ထို့ကြောင့်.... သညာဝိပလ္လာသမရှိ, မဖြစ်က၊ ဒိဋ္ဌိနုပ္ပဇ္ဇတိ-ဒိဋ္ဌိငါသည် မဖြစ်ဟု သိပါ၊ မှန်ပေ၏။ အမှတ်မှား၍သာ အသိမှားရသည်၊ အသိမှား၍သာ အမှတ်မှားရသည်မှာ ထင်ရှားလှပါသည်။ ဒါကြောင့်-အမှန်ကိုဖေါက်ထွင်းမြင်ချင်သော ဝိပဿနာ အယာဉ်၌ အမှတ်မှန်က စ,ကြရ၏၊ အမှတ်မှန်လျှင် အသိမှန်မည်၊ အသိမှန်လျှင် အယူအဆုံးအဖြတ်မှန်မည်၊ အယူအဆုံးအဖြတ်မှန်လျှင် အမြင်မှန်ရမည်ဖြစ်၍၊ ဒိဋ္ဌိကိုသာ အရင်ဖယ်ခွာ သိမ်းဆည်းရသည်။ ဒိဋ္ဌိပယ်ကွာအောင် သညာဖြင့် မှတ်သားပိုင်းခြား ဆင်ခြင်ရသည်၊ ထိုသို့- ဆင်ခြင်မှု မှန်ကန်သော ယောဂီအား၊ ဒိဋ္ဌိနုပ္ပဇ္ဇတိ- ဒိဋ္ဌိ ငါသည် မဖြစ်တော့ပေ။

မာနကျပြန်တော့လည်း ဒိဋ္ဌိသာလျှင် ဥပနိဿယသဘောရှိသော မာန ဖြစ်သည်။ ဒိဋ္ဌိကို စွဲမှီ၍သာ ဖြစ်ခြင်းသဘောရှိသည်။ ထို့ကြောင့်- ဒိဋ္ဌိကို ကောင်းစွာ ခွာနိုင်သည်ရှိသော်။ မာနသည် မဖြစ်၊ ဒီနေရာမှာ ဒိဋ္ဌိကို ခွာလို့ မာနမဖြစ်ဆိုတာ မုချကတော့ အပါယ်ကို လားစေတဲ့ အပါယဂမနိယ မာနကို ဆိုလိုတယ်၊ သို့သော်လည်း- ယာထာဝမာန်- အယာထာဝမာန်ဆိုတဲ့

င့္ဂါမှာ တရားရှိတယ်၊ ငါတရားသိသည်ဆိုတဲ့- မာန,မျိုးသည်လည်း ဒိဋ္ဌိကို ကောင်းစွာ သိမ်းဆည်းပြီး- ပယ်ခွါနိုင်လျှင်၊ အခိုက်အားဖြင့် ပယ်ခွါခြင်းသို့ သက်ဝင်တော့သည်။

အဲဒီလို= မာနကို ပယ်ခွါရာကျရင်- ခွါအပ်, သိမ်းဆည်းအပ်နိုင်လို့ ရှိရင်၊ ပယ်ခွါအပ်သော မာနသည် တဏှာ၏ ဖြစ်ခြင်းကို တားမြစ်တတ်သော သဘောရှိတယ်၊ မာနကို ချိုးနှိမ်ထားအပ်သော်၊ ချိုးနှိမ်ထားခြင်းကြောင့် မာန သမုဋ္ဌာဋ္ဌက– တဏှာ နုပ္ပဇ္ဇတိ– အရ၊ တဏှာသည်· မဖြစ်နိုင်တော့ပေ၊ သို့သော်– ဝိပဿနာ နိကန္တိသည်ကား–လွန်စွာသိမ်မွေ့နူးညံ့သည်ဖြစ်၍ လုံးဝ ဖြစ်မလာနိုင်ဟုကား–မဆိုလို၊ သုခ– ပီတိ– ပဿဒ္ဓိ– ပါမောဇ္ဇတို့–လွန်စွာ, ချီးမြှောက်လျှင်၊ ဘာဝနာရတိမှ လွန်မြောက်၍၊တဏှာနိကန္တိ ရောက်တတ်သေးသည်၊ (အထူးနူးညံ့၍– အထူးသတိပြုဘွယ်) ဖြစ်သည်။

ဒိဋ္ဌိသမုဋ္ဌာဋ္ဌကကို- ရှေးဦးစွာခွါရပုံ အကြောင်းပြလဲ- ခိုင်လုံလောက်ပြီ ဖြစ်ပါသည်၊ လိုအပ်ချက်များနှင့် နားမလည်နိုင်သေးမှုများကို၊ နောက်ပိုင်း ဆက်လက် ရှင်းလင်းပေးပါမည်၊ ထိုကဲ့သို့– ပစ္စက္ခဉာဏ်တွင် ဤအစဉ် အရ– သိမ်းဆည်းစေလိုသော, ဝိသုဒ္ဓိမဂ္ဂ- ဆရာမြတ်သည်၊ သိမ်းဆည်းပုံအချင်း အရာကို၊ အထက်က– ဒေသနာဉာဏ်အသိ, ပစ္စက္ခဉာဏ်အသိပညာတို့နှင့် ယှဉ်၍ သိမ်းဆည်းနိုင်ကြရန်၊ အဋ္ဌကထာဖွင့်ဆိုချက်ကို ဆက်လက်ကြပါဦးစို့ ... ။

''သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ သမ္မသန္တိ ဝ ဝတ္ထာ ပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိ'' လို့ ဖွင့်ဆိုပါတယ်။ သင်္ခါရာဝ– ရှုမှု, သင်္ခါရတရားတို့က သည်သာလျှင်၊ သင်္ခါရေ– အရှုခံ, သင်္ခါရတရားတို့ကို၊ ဝိပဿန္တိ– ရှုမြင်ကုန်၏၊ သမ္မသန္တိ- သုံးသပ်ကုန်၏။ ဝ ဝတ္ထာပေန္တိ– မှတ်သားပိုင်းခြားကုန်၏၊ ပရိဂ္ဂဏှန္တိ– သိမ်းဆည်းကုန်၏၊ ပရိစ္ဆိန္ဒန္တိ– ဇီဝ, သတ္တထင်ငြား ဃနတရားတို့ကို ချိုးဖေါက်ဖျက်ဆီးလျက် သင်္ခါရတည်းဟူသော အာရုံဖြင့်သာ– ပိုင်းခြားကုန်စင် ထင်မြင်ရှုရာ၏။

အဲဒီ–အဋ္ဌကထာဆရာ ညွှန်ပြတော်မူချက်ကို၊ အစ,ဦးစွာက အဓိပ္ပါယ်အကျဉ်းမျှကို ပြဆိုခဲ့ပါပြီ၊ လိုက်နာသုံးသပ်နိုင်အောင်လို့၊ အလယ်ပိုင်းမှာ– ဒိဋ္ဌိငါ– မာနငါ– တဏှာငါတို့ရဲ့ ဖြစ်ပုံ၊ ပျက်ပုံ၊ သက်ဝင်ပုံ၊ လွန်မြောက်ပုံ၊ သိမ်းဆည်းပုံတွေကို ရိပ်စားမိရုံပြခဲ့ပြီ၊ ယခု– အဋ္ဌကထာ့ အာဂမယုတ္တိရဲ့ တိုက်ရိုက်သဘော၊ ရှင်းလင်းချက်သဘောလေးကို ဆက်ကြည့်ကြဦးစို့ ...။

အဓိက,က- ပဋ္ဌကရဏအနေဖြင့်၊ ဝိပဿနာ၏ အလယ်၏ ကောင်းခြင်းနှင့် ပြည့်စုံအောင် သင်္ခါရတရားတို့သည်သာလျှင်၊ သင်္ခါရတရားတို့ကို၊ သင်္ခါရ

တည်းဟူသော အာရုံဖြင့်သာ မှတ်သားသုံးသပ်– သိမ်းဆည်းခါ– ဃနတည်း၊ ဟူသော အထင်အစွဲမဝင်အောင်၊ ဆင်ခြင်ရှုပွားပါတော့လို့ ဆိုလိုက်ပြီး နိုင်းလိုက်ပါပြီ။ ။

ဒီတော့– သတ္တဝါခေါ် သူ-ငါတစ်တို့သည်၊ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဆိုတဲ့၊ လောကသုံးပါးမှာ၊ သတ္တလောကနဲ့– သတ္တလောက၏ တည်မှီရာ– ဩကာသလောကမှာသာ– သိတတ်၊ မှတ်တတ်၊ ခံစားတတ်၊ စေ့ဆော်ပြုလုပ်နေတတ်ကြပါတယ်၊ သင်္ခါရလောကကို ကျတော့၊တရံတဆစ်မျှပင် လွန်စွာ အာရုံရောက်ခဲကြတယ်၊ အာရုံယူနိုင်ခဲကြတယ်၊ သင်္ခါရလောကအကြောင်းကို သိလဲမသိ၊ သိလဲမသိချင်၊ သိအောင်လဲ– ရှေ့ရှုမကြိုးစားကြတော့၊ သင်္ခါရအာရုံဆိုတာရယ်၊ သင်္ခါရတရားတို့က သင်္ခါရတရားတို့ကို ဆိုတာရယ်၊ ဘယ်လိုလုပ်လို့မှ– ပိုင်းပိုင်း ခြားခြား– အလိုလိုနေရင်း, သိလာနိုင်မှာ မဟုတ်ဘူး၊ ဒါပေမဲ့– သတ္တလောကနဲ့– ဩကာသလောက, အကြောင်းကြတော့၊ သိလဲ သိကြတယ်၊ သိသမျှနဲ့ တင်းမတိမ်ဘဲ- သိလဲ သိချင်ကြတယ်၊ သိအောင် ကြိုးစားကြတယ်၊ ဒါပေမဲ့- လောကဆိုရင် သတ္တလောကဘဲ ဖြစ်ဖြစ်၊ သင်္ခါရလောကဘဲဖြစ်ဖြစ်၊"ပလုဇ္ဇတီတိ- လုဇ္ဇတိ- လောကော"အရ၊ ပလုဇ္ဇတိ လုဇ္ဇတိ– ဖြစ်တတ်- ပျက်တတ်၏၊ ဣတိ– ထိုသို့ ဖြစ်တတ်, ပျက်တတ်သောကြောင့်၊ လောကော– လောက ဟူ၍၊ ဝုစ္စတိ– ခေါ်ဆိုအပ်၏။ လောကဆိုတဲ့ နံမည်ရထားတဲ့- လောက, သုံးစား– ဖြစ်တတ်- ပျက်တတ်တဲ့ သဘောမျိုး- လောကလို့ ခေါ်ပါတယ်၊ ဖြစ်တတ်–ပျက်တတ်တာ ကတော့–လောကသုံးပါး စလုံးတူတယ်၊ ဒါပေမဲ့- သတ္တလောက, ဩကာသဆိုတဲ့- သမုတိသစ္စာနယ်က, ပညတ် ဖြစ်တတ်,ပျက်တတ်တွေကိုတော့– သိကြတယ်၊ သင်္ခါရနယ်က, ပရမတ် ဖြစ်တတ်– ပျက်တတ်တာတွေကိုတော့ မသိကြဘူး၊ မသိလဲ– မသိချင်ကြဘူး၊ သိအောင်လဲ မကြိုးစားကြဘူးဆိုတာ– အထင်အရှားပါဘဲ၊ လူဦးရေ- သန်းပေါင်း (၃၀)ကျော်ရှိတဲ့ ဗုဒ္ဓဘာသာ- ဘုရားယူတဲ့- အယူကို ယူပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေထဲမှာ၊ ဘုရားယူတဲ့- အနတ္တ, အယူကို တိတိကျကျ ယူနိုင်အောင်၊ ဒီ–ဝိပဿနာတင်တန်းသင်ကြားမဲ့သူ ဘယ်နှစ်ယောက်ရှိသလဲဆိုတော့၊(၄၀၀) ကျော်လောက်ဘဲရှိတယ်၊ (သန်း ၃၀- ကျော်နဲ့)၊ (၄၀၀) အဆပေါင်း ဘယ်လောက် ကွာသလဲဆိုတော့ (၇၅၀၀၀) ကျော်မှာမှ (၁)ယောက်ဘဲ ရှိဘယ်၊ ဒါကို ကြည့်ရင် ဘုရားယူတဲ့ အယူကို၊ တိတိကျကျ, ယူနိုင်- ယူချင်ပြီး၊ သင်္ခါရလောက အကြောင်းကို နားလည်လျက်၊ သင်္ခါရတည်းဟူသော အာရုံဖြင့် ပိုင်းခြားကုန်စင် ထင်မြင်ရှုနိုင်ဘို့ ဆိုတာ၊ ဘုရားမကြိုက်၊ တရားမလိုက်နိုင်

သူတို့နှင့် ဝေလာဝေးသာ ဖြစ်နေပါတယ်၊ ယခု သင်တန်းကို သင်နေကြတဲ့- ယောဂီသူမြတ်တွေဟာ (၇၅၀၀၀) ကျော်မှာ တယောက်ပေါ်ထွန်းတဲ့ သူတော်ကောင်း, သူမြတ်လောင်းအစစ်တွေ- ဖြစ်တယ်ဆိုတာလဲ- ထင်ရှားပါတယ်။

အဲဒီ- ဖြစ်တတ်,ပျက်တတ်တဲ့ လောကသုံးပါးမှာ၊ တကယ် ထင်ရှားရှိ ထင်ရှားဆောင်ပြနေတဲ့၊ "ဖြစ်ပျက်"က၊ သင်္ခါရ- လောကမှာဘဲ ရှိတယ်၊ တကယ်- ထင်ရှားမရှိ၊ ဖြစ်တတ်,ပျက်တတ်တဲ့၊ သတ္တလောကနဲ့ ဩကာသ လောကမှာ ထင်စွဲစရာသာ ဖြစ်တယ်,ပျက်တယ်လို့ ရှုရင် ပညတ်မြင် ဖြစ်ပျက်ဘဲ ဖြစ်မယ်၊ နိမိတ္တစင်မဲ့- အနိစ္စမြင်,ဖြစ်ပျက်မဟုတ်ဘူး၊ လူသေတာ အနိစ္စ၊ သတ္တဝါသေတာ အနိစ္စ၊ အိုးကွဲ- အင်ကွဲတာ အနိစ္စ၊ အဝတ်စုတ်ပြဲတာ အနိစ္စ၊ မြင်ရုံသိရုံနဲ့ အနိမိတ္တဆိုက်တဲ့ အနိစ္စဉာဏ်သာ ဖြစ်မယ်ဆိုရင်၊ လောကဓါတ်သိပ္ပံ ဆရာတွေ အရင်ဆုံး တရားရကုန်မှာဘဲ၊ ဥပမာ- ပစ္စည်းတခု (၀၁) စက်ဘီး တစီး ထုတ်လုပ်ပြီးရင် တာယာက ဘယ်လောက်ခံမယ်၊ ကျွတ်က ဘယ်လောက်ခံမယ်၊ ဟတ်က ဘယ်နှစ်ပတ်လည်ပြီးရင် ပျက်စီးမယ်- အစရှိသည်ဖြင့် မမြဲတဲ့ဘက်ကို ကြိုတွက်ပြီး၊ စက်ဘီးဘယ်နှစ်စင်း ထုတ်လုပ်ရင်- တနှစ်ကို စပါယ်ယာ ပစ္စည်းတွေ ဘယ်လောက်ကုန်မှာ၊ ဘယ်လောက်- ထုတ်ရောင်းရမယ်ဆိုတာ မပျက်ခင်ကထဲက ပျက်မှာ မြင်နေတာဘဲ၊ အဲဒီ- ပညတ်တွေ-ပညတ်ပျက်တွေကိုသာ၊ သတ္တလောကနဲ့ ဩကာသလောမှာ၊ ရိပ်စား- ပိုင်းပိုင်းခြားခြား သိလို့တော့၊ အနိစ္စကနေ- အနိမိတ္တ သဘောဉာဏ်ကို ရစေ,ရောက်စေနိုင်တာမဟုတ်ပါဘူး၊ သင်္ခါရ လောကအကြောင်းကို သင်္ခါရလောကရဲ့ "ဖြစ်ပျက်" ကို၊ ဖေါက်ထွင်း- မြင်သိမှသာ၊ အနိစ္စဉာဏ်နဲ့- အနိမိတ္တမဂ်, ဆိုက်နိုင်မှာ ဖြစ်ပါတယ်။

ဒီတော့= တသံသရာလုံးက၊ သတ္တလောကနဲ့- ဩကာသလောကမှာ ကြဉ်လည်၍ ကျက်စားလာခဲ့သည်။ သင်္ခါရ လောက- အကြောင်းဘက်ဆီကို ဦးခေါင်းမမူခဲ့လို့၊ ဤ၍ ဤမျှ- ဂဏန်းချမရတဲ့- သံသရာမှာ အရင်းခံ-သင်္ခါရ စာရင်း- ရုပ်, နာမ်, ခန္ဓာ, အခင်းနဲ့ သတ္တဝါလို့ ရေတွက်သမုတ်ခေါ်ဝေါ် ခြင်းခံရပြီး၊ ဩကာသလောကကြီးထဲမှာ- တည်နေရာအစားစား၊ သုံးဆယ့် တဘုံသမားထဲက- မလွတ်ငြားနိုင်ဘဲ၊ သင်္ခါရကလဲ မဆိတ်၊ သတ္တဝါအဖြစ်ကလဲ မဆိတ်၊ ဩကာသလောကထဲမှာ ချိပ်ပြီး၊ ကြဉ်လည်နေခဲ့ရတယ်၊ သတ္တလောကက လွတ်မြောက်ချင်ရင်၊ ဩကာသလောက,က ထွက်မြောက်ချင်ရင်၊ ပင်ရင်း,

သင်္ခါရလောက– အာရုံအဖြစ်ကို ယူတတ်, သိတတ်, ပိုင်းခြားရှုတင်– ဆင်ခြင်တတ်အောင် သိထားအပ်သင့်ပါသည်။ ။

သင်္ခါရတရားတို့က– သင်္ခါရတရားတို့ကို– ရှုမြင်ရမည်ဆိုရာဝယ်၊ ယခု ခန္ဓာပဥ္စက- ရုပ်နာမ်ဓမ္မ- ဝိပါကဝဋ်, အကျိုးသင်္ခါရ တရားကို၊ အကြောင်းသင်္ခါရတရားက ရှုမြင်ရမှာ ဖြစ်ပါတယ်။ (ပုဂ္ဂိုလ်, သတ္တဝါ၊ ငါ, သူတပါး အတုံး, အလုံး, အခဲ, အထည်, ဒြပ်, သဏ္ဌာန်–မပါ၊) အကျိုးသင်္ခါရကတော့– ခန္ဓာပဥ္စက– ရုပ်နာမ်ဓမ္မ– "ဖြစ်ပျက်" သင်္ခါရလို့ သိပြီးပါပြီ၊ အကြောင်း သင်္ခါရက- ဘယ်တရားလဲဆိုတော့– အကြောင်းက နှစ်ခုရှိတယ်၊ ခန္ဓာပဥ္စကို ပြန်လည်ရစေတဲ့– ကံကိလေသာနဲ့တကွ–ပွါးမှုသင်္ခါရဖြစ်တဲ့–သမုဒယအကြောင်း ရယ်၊ ခန္ဓာပဥ္စက-ရုပ်နာမ်ဓမ္မ "ဖြစ်ပျက်"ကို ချုပ်ငြိမ်းစေပြီး– ခန္ဓာပြန်မရတဲ့ ပွားများမှု သင်္ခါရ–အကြောင်း မဂ္ဂရယ်လို့၊ အကြောင်း-သင်္ခါရနှစ်ခုရှိရာမှာ၊ အန္ဓပုထုဇဉ်တွေ– အမြဲတစေ ဖြစ်နေတာကတော့၊ ခန္ဓာပဥ္စက- ရုပ်နာမ်- "ဖြစ်ပျက်"အကျိုး သင်္ခါရတရားကို၊ တဏှာ–ဥပါဒါန် ကမ္မဘဝ,လို့ ဆက်ပြီး တဏှာအရင်းခံ သမုဒယအကြောင်းတွေနဲ့သာ–နောက်တဖန် ဘဝသစ်ရအောင်၊ အကြောင်းသင်္ခါရအစဉ်ဖြစ်နေကြရတယ်၊ ယခု အကျိုးသင်္ခါရကို အာရုံပြုပြီး– အကြောင်းသင်္ခါရက- ရှုရမှာကတော့၊ သင်္ခါရက္ခန္ဓာမှာ အကျုံးဝင်တဲ့၊ မဂ္ဂ သစ္စာထိုက်အံ့သော–မဂ္ဂင်တရားကိုယ် အကြောင်းရှစ်ပါးနဲ့–ရှုရမှာဖြစ်ပါတယ်၊ ပုဗ္ဗကိစ္စမှာလဲ- ဆင်ခြင်သိမ်းဆည်းရမှာ ဖြစ်ပါတယ်၊ ဘယ်လို ဆင်ခြင်သိမ်းဆည်းရမလဲဆိုတော့....။

ဝိပဿန္တိ–ရှုမြင်ကုန်၏၊ ဘယ်လိုရှုမြင်ရမလဲ၊ (ဝိ) အထူး၊ပဿန္တိ–ရှုမြင် ကုန်ရမယ်၊ ဒီ(ဝိ)အထူးက ဘယ်ကလာတဲ့ အထူးလဲဆိုတော့၊ ခန္ဓာဒိ သင်္ခတ ဓမ္မေ အနိစ္စာဒိ ဝိဝိဓါကာရေန ပဿတီတိ ဝိပဿနာ"က,လာတဲ့–ဝိ,အထူးဘဲ။

ခန္ဓာဒိ–သင်္ခတဓမ္မေ=ခန္ဓာပဥ္စက– ရုပ်နာမ်, ဖြစ်ပျက်, စီရင်ခြင်းခံရတဲ့၊ အကျိုးသင်္ခါရတရား၌၊ အနိစ္စာဒိ=အနိစ္စ– ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါး ဆိုက်အောင် တင်ပြောလျက်၊ (သာမည လက္ခဏာ (ဝါ) ရုပ်နာမ်အားလုံးနှင့် ဆိုင်တဲ့လက္ခဏာ) ဝိဝိဓါကာရေန= ထို သင်္ခတဓမ္မ သင်္ခါရ၊ ရုပ်နာမ်, ခန္ဓာပဥ္စက တို့ကို၊ ဝိသေသလက္ခဏာမှ–လက္ခဏာဝန္တတိုင်အောင်၊ အထူးထူးအပြားပြား သော အချင်းအရာဖြင့်၊ ပဿတိ=သမ္မာဒိဋ္ဌိဉာဏ်မြင်မိအောင် ရှုကြည့်ပွားများ ၏၊ ဣတိတသ္မာ- ထိုသို့ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်နှင့် မဂ်ဉာဏ်အားလျော်စွာ ပွားများမှုဖြစ်ခြင်းကြောင့်၊ ဝိပဿနာ= ထူးမြတ်သောပွားများခြင်း ဝိပဿနာ ပညာဘာဝနာဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။ ။

ဝိပဿန္တိ- အထူးရှုမြင်ကုန်ရမယ်ဆိုတာ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ခေါင်း၊ ကိုယ်၊လက်- အတုံးအလုံး အခဲ၊ အထည်ဒြပ်၊ သဏ္ဌာန်ကို မစွဲတဲ့အထူး၊ ဘာ အထူးလဲဆိုတော့- ထင်ရှားဆောင်ပြ- ပရမတ္ထသဘာဝ၊ ဖြစ်တဲ့ ခန္ဓာပဥ္စက၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ရဲ့ ဝိသေသ လက္ခဏာမှ- ဝိသေသယ၊ လက္ခဏာ ဝန္တတိုင်အောင်ဆိုတာက (ဝိ) အထူးတချက်၊ အဲဒီဝိသေသ သဘောလက္ခဏာ ဆောင်ပြတဲ့- အမူအရာထူး- ဝိကာရအချင်းအရာက (ဝိ)အထူးတချက်၊အဲဒီလို (ဝိ)အထူးနှစ်ချက်နဲ့ ပြည့်စုံတဲ့ သင်္ခါရတရားကို၊ ဝိပဿန္တိ- ရှုမြင်ကုန်ရမယ်၊ ဘယ်သူ့ကိုလဲဆိုတော့-ယောကျ်ားကို၊ မိန်းမကို မဟုတ်၊ လူကြီးက လူငယ်ကို မဟုတ်၊ ပုဂ္ဂိုလ်က၊သတ္တဝါကို မဟုတ်၊ မဂ္ဂအကြောင်းသင်္ခါရက-ဝိပါက်အကျိုး သင်္ခါရ- ခန္ဓာပဥ္စက-ရုပ်နာမ် "ဖြစ်ပျက်"ကို၊ သူ့ဟာသူဖြစ်၊ သူ့ဟာသူပျက် နေတာလဲ မဟုတ်ဘူး၊ တစုံယောက်က- ဖြစ်စေ၊ ပျက်စေ၊လို့ လုပ်နေတာလဲ မဟုတ်၊ တစုံတယောက်က-မဖြစ်စေ၊ မပျက်စေဘဲ ဒီအတိုင်းနေလို့လဲ- ခိုင်းစေ လို့ ခိုင်းစေထားနိုင်သည်လဲ မဟုတ်၊ မည်သည့် ဗြဟ္မာ-ပိဿနိုး တန်ခိုးရှင်မျိုး ကမှ ဖြစ်စေ၊ပျက်စေ၊ မဖြစ်စေ၊ မပျက်စေနဲ့ဟု- ဖန်တီး သူ ငါ မရှိပါဘဲ၊ ခန္ဓာဒိ- သင်္ခတဓမ္မ=အကြောင်းတရားတို့ ပြုပြင်စီရင်ခြင်းခံနေရတဲ့- အကျိုး ဝိပါက- ခန္ဓာပဥ္စက ဖြစ်ပျက် သင်္ခါရတရားဘဲလို့ အာရုံပြုပြီး အထူးရှုမြင် ကြည့်ပါ၊ အထူးရှုမြင်ကြည့်မိပါလိမ့်မယ်၊ ရှေ့ဆက်ပြီး ဘာလုပ်ရမလဲဆိုတော့- သမ္မသန္တိ-သုံးသပ်ကုန်၏၊ အထူးရှုမြင်ကြည့်ဘော့- သင်္ခါရလောက- သင်္ခါရ အစုအပုံ- သင်္ခါရအာရုံမှာ အကြောင်းတရားတို့ မပြတ်ပြုပြင် စီရင်ခံရတဲ့- အကျိုး ခန္ဓာပဥ္စက-ရုပ်နာမ် "ဖြစ်ပျက်" သင်္ခါရတရားကို မြင်ပြီး၊ သမ္မသန္တိ- ထပ်၍ သုံးသပ်ကြည့်ရင်၊ နိစ္စလား-အနိစ္စလား၊ သုံးသပ်ရင်=အနိစ္စဘဲ၊ သုခ လား-ဒုက္ခလား၊ သုံးသပ်ရင်=ဒုက္ခဘဲ၊ အတ္တလား၊အနတ္တလားလို့ သုံးသပ်ရင် လဲ=အနတ္တဘဲ၊ သင်္ခါရအာရုံစစ်စစ်က- အမှန်ဖော်ပြနေတာကို တွေ့မြင်သုံး သပ်မိပါလိမ့်မယ်၊ဆင်ခြင်မိပါလိမ့်မယ်။အဲဒီလို သုံးသပ်ဆင်ခြင်ပြီး ရှေ့တဆင့် တက်ရင်၊ ဝဝတ္ထာပေန္တိ-မှတ်သားပိုင်းခြားကုန်၏- တဲ့ ...၊ မှတ်သားမှတ်ပိုင်း ကုန်ရမယ်၊ ဘယ်သူ့ မှတ်သားပိုင်းခြားရမလဲ၊ အရှုအမြင် အသုံးသပ်ခံရတဲ့၊ အကျိုးသင်္ခါရ-ခန္ဓာပဥ္စက- ရုပ်နာမ်ဓမ္မ- ဖြစ်ခြင်း၊ ပျက်ခြင်းမျှသည်၊ အနိစ္စ တရားပါဘဲတကား၊ ဒုက္ခတရားပါဘဲတကား၊ အနတ္တတရားပါတကား၊ အနိစ္စ ဆိုတာ- ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ပါဘဲ၊ ဒုက္ခဆိုတာ-ခန္ဓာငါးပါး တရားပါဘဲ၊ ဒုက္ခဆိုတာ-ရုပ်၊ဝေဒနာ၊သညာ၊ သင်္ခါရ၊ ဝိညာဏဆိုတဲ့ ခန္ဓာငါးပါးတရားပါဘဲ၊ အနတ္တဆိုတာ-ရုပ်၊ဝေဒနာ၊

သညာ, သင်္ခါရ, ဝိညာဏ,ဆိုတဲ့၊ ခန္ဓာငါးပါးပါဘဲလို့ မှတ်သားပိုင်းခြားရမယ်၊ ဒါကြောင့် အနိစ္စသည်– ခန္ဓာငါးပါးပါဘဲ၊ ခန္ဓာငါးပါးသည် အနိစ္စဘဲ၊ ဒုက္ခသည် ခန္ဓာငါးပါးပါဘဲ၊ ခန္ဓာငါးပါးသည် ဒုက္ခဘဲ၊ အနတ္တသည်-ခန္ဓာငါးပါးဘဲ၊ ခန္ဓာငါးပါးသည် အနတ္တဘဲလို့–ထိုးထွင်းမှတ်သား ပိုင်းခြားပါ၊ ခန္ဓာငါးပါးတခြား, အနိစ္စက တခြားမဟုတ်၊ အနိစ္စသည်-ခန္ဓာငါးပါး-ခန္ဓာငါးပါးသည် အနိစ္စ စသည်ဖြင့်၊ တသားထဲ ဝထပ်ထဲ, စွဲယူမှတ်သား၊ ပိုင်းခြားဉာဏ်မြင်– ဆင်ခြင်ဝင်စားပေးပါ။ ရှေ့ဆက်ပြီး– ပရိဂ္ဂဟနှင့်–သိမ်းဆည်းကုန်၏တဲ့၊ ဘယ်လို သိမ်းဆည်းရမလဲ၊ ဒီ–မမြဲ၊ ဆင်းရဲ၊ ငါလဲမဟုတ်တဲ့–ရုပ်နာမ်ဓမ္မ ''ဖြစ်ပျက်''သင်္ခါရတရားသည်၊ ပြုသူစီမံ-ကောန်မရှိ-အမှန်ဖြစ်ပြီး၊ အတိတ်အကြောင်း- ပစ္စုပ္ပန်အထောက်အပံ့တို့နဲ့၊ မပြတ်မစဲ– ဒလစပ်ထဲသာ၊ ''ဖြစ်ပျက်''အနိစ္စဆောင်ပြနေတဲ့ တရားဘဲ၊ မပြတ်မစဲ- ဒလစပ်ထဲ''ဖြစ်ပျက်'' အတွင်း သက်ဆင်းနှိပ်စက်ခြင်းခံနေရတဲ့ ''ဒုက္ခ''တရားဘဲ၊ အနှစ်မပါ လိုရာလိုရပ်, မလိုက်– စိုးပိုင်ခြင်းငှာမထိုက်တဲ့– ''အနတ္တ'' ဆိုက်နေတဲ့ တရားဘဲ၊ ဒီတရားအပြင်၊ အတိတ်အကြောင်း-အဝိဇ္ဇာ–တဏှာ-ကံနဲ့၊ ပစ္စုပ္ပန်အထောက်အပံ့၊ ရုပ်အာဟာရ–နာမ်အာဟာရ လေးပါးတို့ကြောင့်သာ၊ ဝဋ်သုံးဖြာဆိုတဲ့ ဝိပါကဝဋ်– ကိလေသာဝဋ်– ကမ္မဝဋ်အတွင်းမှာ ဂွင်းစွပ်သလို သက်ဝင်ပြီး ''ဖြစ်ပျက်''နေတဲ့ သင်္ခါရတရားမျှပါတကားလို့လဲ သိမ်းဆည်းပါ။ကံ-အတိတ်ပစ္စုပ္ပန်နှစ်ဖြာနှင့်၊ စိတ်,ဥတု, အာဟာရ, အကြောင်းတရားလေးပါး၊ မပြတ်ပြုပြင် စီရင် ကျားကန်ထားရတဲ့ ဖြစ်လျှင် ပျက်မြဲ မလွဲကောန်–သင်္ခါရဒဏ်ချက် ''ဖြစ်ပျက်'' ခဏတ္တယ အခင်းမျှသာ ဆောင်နှင်းနေတဲ့ တရားပါဘဲလို့လဲ–ပရိစ္ဆိန္နနှင့်–အတုံးအလုံးအခဲ၊ အထည်ဒြပ်-သဏ္ဌာန်–သတ္တဇီဝနှင့် မစပ်သက်သက်သော ရုပ်နာမ်ဓမ္မ-သင်္ခါရမျှပါတကားဟု ဿနတရားတွေကို ချိုးဖေါက်ဖျက်ဆီးပြီးလျှင်....

(၁) ငါတရားထိုင်တယ် ဆိုတဲ့ အာရုံအထင်အစွဲ လုံးဝ ကင်းစင်သွားအောင်....

(၂) ငါ့မှာ တရားရှိသည် ငါတရားအားထုတ်နိုင်သည်ဆိုတဲ့ ထောင်လွှားမှုအမြင် ကင်းစင်သွားအောင်....

(၃) ငါတရားတွေ့သည်ဆိုတဲ့- နှစ်သက်သာယာမိချက် ကွယ်ပျောက်သွားအောင်....

ဝိပဿန္တိ-ရှုမြင်ပါကုန်၊ သမ္မသန္တိ-ဆုံးသပ်ပါကုန်၊ ဝဝတ္ထာပေန္တိ၊ မှတ်သားပိုင်းခြားပါကုန်၊ ပရိဂ္ဂဏှန္တိ-သိမ်းဆည်းပါကုန်၊ ဤဆင်ခြင်သုံးသပ် သိမ်းဆည်းမှု အဖုံဖုံတို့ကြောင့်၊ သမ္မသနဉာဏ်အရာ၌ အလိုက်သင့် သက်ဝင်ပြီးစီးသွားပြီးလျှင်၊ ပင်တိုင် ပွားများအားထုတ်ရမည့် တခုတည်းသော အာရုံသို့ ပစ္စက္ခဉာဏ်နှင့် "ဖြစ်ပျက်"ဥဒယဗ္ဗယဉာဏ်ဆက်မြင်အောင် အားထုတ်ရပါမည်၊ အားထုတ်ပါတော့၊ အားထုတ်နိုင်သော ပုဗ္ဗကရဏ- ရှေးဦးစွာပြုရမည့်တရားကို ပြုအပ်ပြီးပါက၊ ကိုယ်စိတ်ငြိမ်သက်လျက် သခ်ါရတရားကို ရှုတဲ့၊ (ဝိ) အထူး၊ ပဿနာ-ရှုမြင်ပွားများ အားထုတ်တဲ့ဆီကို အာရုံယူပွားများနိုင်တော့မည်ဖြစ်ပါ၍၊ ဝိပဿနာရှုမှု၌ အလယ်၏ကောင်းခြင်းနှင့်ပြည့်စုံအောင် ကြိုးစားဘာတ်ရှု စိန္တာမယဉာဏ်အမှုဖြင့် ဝါစုဂ္ဂတပြုတော်မူကြပါလေ၊ အစပိုင်းတွင် (ဤပုဗ္ဗကရဏသုံးပါး၌၊ ပညာသိကြွယ်လေလေ- ကောင်းလေဖြစ်၏၊) လို့ ဆိုခဲ့ပါသည်။ ဤမျှ မကျဉ်းမကျယ်နှင့် လုံလောက်ကောင်းပါပြီ၊ မူလမှာတိကာပြန်၍ ပြတော့-ပုဗ္ဗကရဏထဲ သွင်းယူရမဲ့ တရားတွေပါလာလိမ့်ဦးမည်၊ ရူပပရိစ္ဆေဒဉာဏ်မှ၊ ပစ္စယပရိဂ္ဂဟဉာဏ်အထိ- အပိုင်း (၅) ပိုင်းကို ပိုင်နိုင်အောင် ရပြီးက၊ ယခု ဖြခဲ့တာတွေမှာ ချောကနဲအကုန်နားလည်ဘို့ လွယ်ကူပါလိမ့်မယ်။ ယခု ကုန်စင်အောင်နားမလည်နိုင်သေးသော်လည်း ရိပ်စားမိအောင်တော့ ရကြပါလိမ့်မည်၊ စိမ်းနေသေးသူများ တစ,တစ ပိုမိုနားလည်လာပါလိမ့်မည်၊မလျှော့သော လုံ့လဖြင့် ဆည်းပူးကြပါကုန်။ ။

ပုဗ္ဗကိစ္စကိုးပါးနှင့်

ပုဗ္ဗကရဏသုံးပါး ပြီး၏။

............o............

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။"

# မဟာစည်ကျော်အောင် ဝိပဿနာ

# မဇ္ဈိမ ပဋိပဒါ - ခြောက်မျိုး ရှင်းတမ်း တရားတော်

အထက်ပါဇယားကို၊ ကျေညက်အောင်- ကြည့်ရှု၍၊ ထက်ဝန်းကျင် မဇ္ဈိမပဋိပဒါကို- ပြည့်စုံကြစေရပါသည်။

ယောဂီသူမြတ်သည်၊ (၁) ရတနတ္တယ ပဏ္ဍာမနှင့် အထွဋ်မြတ်ဆုံး သရဏဂုဏ်ကို၊ ခံယူတတ်၊ ခံယူအပ်၊ ရရှိနိုင်အပ်ခဲ့ပြီးပါပြီ။ (၂) ဝဋ်မှ ထွက်မြောက်ကြောင်း တရားအားမထုတ်မီ၊ ဆောင်နှင်းရမည့် ပုဗ္ဗကရဏ- ကိုးပါးကိုလည်း စုံညီအောင် သိခဲ့ရပြီ။ (၃) အကျင့်မြတ်၌ တည်စေအပ်သောငှာ၊ ပုဗ္ဗကရဏ- သုံးပါးကို၊ ဘယ်သို့ဆောင်နှင်း- နှလုံးသွင်း သိမ်းဆည်းပြုရမည်ကိုလည်း၊ ပိုင်းခြားသိခါ- ပညာရခဲ့ပြီး ဖြစ်ပါသည်။ အဲဒါတွေကို- ဘာဖြစ်လို့- သိအောင်, တတ်အောင်, ရအောင်, လေ့ကျင့်ဆည်းပူးရသလဲဆိုယင်၊ ဝဋ်မှ ထွက်မြောက်ကြောင်း- မဂ္ဂင်ရှစ်တန်, အကျင့်မှန်ဖြစ်တဲ့၊ မဇ္ဈိမ ပဋိပဒါ- အလယ်, အလတ်, လမ်းမြတ်ကေန်ကို၊ ကျင့်ကြံအားထုတ်ချင်တဲ့၊ ကျင့်ကြံအားထုတ်ချင်ယင်၊မိမိကျင့်ကြံ အားထုတ်ရမဲ့-လမ်းစဉ်၌၊ရှောင်ရန်,ဆောင်ရန်, ပယ်ရန်,သတ်ရန်, သဘောတို့ကို၊ စေ့ကြောပိုင်းခြားသိရန်၊ မလိုအပ်ဘူးလား မေးယင်?= လိုအပ်ပါတယ်လို့ဘဲ အဖြေထွက်ရမယ်၊ အဲဒီတော့- မိမိကျင့်မည့် သမ္မာပဋိပတ်- အကျင့်မြတ်သည် မဇ္ဈိမပဋိပဒါ-လမ်းမြတ် မှန်,မမှန်၊ ထိုလမ်းမြတ်၌- သက်ဝင်အောင်- ရှောင်, ဆောင်, ပယ်, သတ်, လေးရပ်သော- အလုပ်ဓါတ်တို့ကို၊ ဘယ်သို့- နှလုံးသွင်းပိုင်းခြား၊ ကျင့်ဆောင်သွားရမယ်ဆိုတာ နားလည်လာအောင် စီစစ်ကြပါစို့။ ။

မဇ္ဈိမ= အလယ်, အလတ်- (၀၁) ကာမသုခနှင့်- အတ္တကိလမထ၊ အယုတ်တရားနှင့် အယူတရားနှစ်ပါးသို့ မကပ်၊ ရှောင်ခွါအပ်သော၊ ပဋိပဒါ- မဂ္ဂင်ရှစ်ရပ်၊ အကျင့်မြတ်တည်း။ ။အဲဒီ- မဇ္ဈိမ ပဋိပဒါ= အလယ်,အလတ်, အကျင့်မြတ်ကို၊ မြတ်စွာဘုရားသခင်သည်၊ တရားဦး ဓမ္မစကြာတရားတော်၌ပင် လေးအင်သစ္စာ၊ သိကြောင်းပြာ၍၊ ဝဋ်မှ ထွက်မြောက်၊ မဂ်ပေါက်ဖိုလ်ဝင်၊ နိဗ္ဗာန်ခွင်သို့၊ ကယ်တင်ပို့သည့်၊ မချို့နည်းမှန်၊ ဝေကန်ကို၊ ဟောကြားတော်မူခဲ့ပါတယ်။ ။

# မဇ္ဈိမ - ပဋိပဒါ - ခြောက်မျိုး




( ၁ ) အလယ်ခြောက်မျိုး၊ ခန္ဓာပိုး၊ တံပိုး ညီမျှစေ၊
( ၂ ) လေးမျိုးကိုပယ်၊ သုံးမျိုးတွယ်၊ ကိုယ်ဝယ် မဂ္ဂင်နေ၊
( ၃ ) မဂ္ဂင်ရှစ်ထွေ၊ ဘာဝနေ၊ ပုဗ္ဗဘာဂ မဂ်ပါပေ၊
( ၄ ) ပုဗ္ဗဘာဂ၊ မျိုးစေ့ချ၊ သီးရ မဂ်ဖိုလ်တွေ၊
( ၅ ) မျိုးစေ့အမှန်၊ မဂ်ဖိုလ်ဉာဏ်၊ ဝင်ရန် နိဗ္ဗာန်ပေ၊
( ၆ ) မျိုးစေ့မမှန်၊ ပင်မသန်က၊ ဖူးနှံငုံကင်း၊ အသီးဖျင်း၍
အခင်းမလှ၊ ဆုံးရှုံးရ၏။ ။

ဧတေခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ
မဇ္ဈိမ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ၊
စက္ခုကရဏီ, ဉာဏကရဏီ, ဥပသမာယ, အဘိညာယ၊
သမ္ဗောဓါယ, နိဗ္ဗာနာယ, သံဝတ္တတိ။ လို့- ဟောတော်မူတယ်။

ဘိက္ခဝေ- သံသရာဘေး, လွတ်ရေးမျှော်မှန်း, အို- ရဟန်းတို့။

ဧတေခေ့ါ ဥဘောအန္တေ=ထို–ကာမသုခလ္လိက နုယောဂ,အတ္တကိလမထ နုယောဂ, ဟူသော– ယုတ်မာညစ်ကျု- တရားစုတို့ကို။ အနုပဂမ္မ– မယှဉ် မစပ်, မချဉ်းကပ်မူ၍။ တထာဂတေန- သင်တို့ဆရာ၊ ငါဘုရားမြတ်စွာသည်။ စက္ခုကရဏီ– သစ္စာလေးပါးကို မြင်ရာ၌– ပညာမျက်စိကို ပြုတတ်သော၊ ဉာဏ ကရဏီ- လေးသစ္စာကို, သေချာတိတိ၊ ဉာဏ်ဖြင့် သိခြင်းကို ပြုတတ်သော၊ မဇ္ဈိမာ– ကာမသုခလ္လိက နုယောဂ,အတ္တကိလမထနုယောဂ–ဟူသော, အယုတ် တရား- ထိုနှစ်ပါးတို့၏ အလယ်၌ဖြစ်သော၊ ပဋိပဒါ- ဝဋ်ခပင်းမှ– လွတ်ကင်း ထွက်မြောက်လိုသူတို့၊ လွယ်ကူမဖင့်၊ အဆင်သင့်ဖြင့်၊ ကျင့်အပ်သော အကျင့် မြတ်သည်။ ။

ဥပသမာယ– ကိလေသာ ခပ်သိမ်း၊ ကင်းပြတ်ငြိမ်းသည့်၊ သ,ဥပါဒိ သေသ, နိဗ္ဗာန်အကျိုးငှာ၊ အဘိညာယ– သစ္စာလေးရပ်နှင့် အရဟတ္တမဂ်ခါတ် ကို၊ ထူးမြတ်သော– ဉာဏ်ဖြင့် သိခြင်းငှာ၊ သမ္ဗောဓါယ- ကောင်းစွာ ထွင်း ဖေါက်၊အရဟတ္တဖိုလ်ပေါက် ပြီးမြောက်စေခြင်းငှာ၊နိဗ္ဗာနာယ–အနုပါဒိသေသ နိဗ္ဗာန်၊ ဝင်စံချုပ်ငြိမ်းခြင်း အကျိုးငှါ၊ သံဝတ္တတိ– မကွေ့မထောင့်၊အဖြောင့် စင်စစ်၊ ကေန်ဖြစ်ပေ၏။

အဓိပ္ပါယ်ကတော့= ငါဘုရားရှင် ကိုယ်တော်တိုင်၊ ထိုးထွင်းသိမြင် တော်မူအပ်ပြီးတဲ့၊ မဇ္ဈိမ ပဋိပဒါ– အကျင့်မြတ်ဆိုတာ၊ ကာမ= ငါးဖြာ, အာရုံ, ကာမဂုဏ်တို့ကို၊ သုခံ– လူတို့ရပ်နှယ်၊ ချမ်းသာဘွယ်ဟု၊ ခလ္လိက= ခံစားခြင်းနှင့်၊ နုယောဂေါ= အစဉ်ယှဉ်စပ်၊ သိမ်းပိုက်နှစ်သက်, တပ်မက်တတ် သော၊ ကာမရာဂဟု– ဆိုအပ်သည့်၊ ယုတ်ညံ့သော- တရားကိုရင်း၊ အတ္တ= မိမိ ကိုယ်စိတ်ကို၊ ကိလမထ= ပင်ပမ်းဆင်းရဲ, နှိပ်စက်ပွဲသို၊ ဒေါမနဿတွဲသည့်, ဆင်းရဲသော– အကျင့်နှင့်၊ နုယောဂေါ- အစဉ်ယှဉ်စပ်၊ ဝဋ်ဒုက္ခဇာတ်ကို၊ မပြတ်စေသည့်၊ အယူ-အမှတ်၊ အသိမှားသော–အယုတ်တရားတို့ကိုရင်း၊ အနု ပဂမ္မ= မစပ်မလျဉ်း မကပ်ချင်းမူ၍၊ ရှောင်ခြင်းအမှု၊ ကောင်းစွာပြုသော–

ယောဂီသည်၊မဇ္ဈိမ ပဋိပဒါ= အလယ်အလတ်-လမ်းတွင် ရပ်၍၊ မဂ္ဂင်ရှစ်ထပ်-ကျင့်အပ်နိုင်သောသူ အဖြစ်ကို၊ သက်ဝင်နိုင်ပါတယ်တဲ့၊ အဲဒီလို-မဇ္ဈိမ ပဋိပတ်ကို၊ မှန်ကန်စွာ ကျင့်တတ်မယ်ဆိုယင်၊ သစ္စာလေးပါးကို- မြင်ဘို့ရာ ကောင်းစွာ ပြုအပ်ပြီးတဲ့၊ ပညာမျက်စိ ရှိသူလို့ ခေါ်တယ်၊ သစ္စာလေးပါးကို၊ မဂ်ဉာဏ်နှင့် ထိုးထွင်းသိဘို့ရာ ဉာဏ်ကိုလဲ ကောင်းစွာ ပြုအပ်သူလို့ ခေါ်တယ်။ အဲဒီလို-- မဇ္ဈိမ ပဋိပဒါမှုဖြင့်၊ ပြုနိုင်၊ ကျင့်နိုင်ရင်၊ အကျိုးလေးပါး၊ ထင်ရှားကေန်၊ ရကြောင်း-- အမှန်ပါဘဲ။ ဥပသမာယဆိုတဲ့၊ ကိလေသာတို့ ချုပ်ငြိမ်းခြင်း၊ အဘိညာယဆိုတဲ့၊ နိဗ္ဗာန်ကို ထူးသော မဂ်ဉာဏ်ဖြင့် မျက်ဒမှာက်ပြုရခြင်း၊ သမ္ဗောဓါယဆိုတဲ့၊ မဂ်ဉာဏ်လေးရပ်-- ကောင်းစွာ ပြည့်စေအပ်ခြင်း၊ နိဗ္ဗာနာယဆိုတဲ့၊ အနုပါဒိသေသ နိဗ္ဗာန်မြတ်ကို စံဝင်ရခြင်း၊ ဤ အကျိုးတွေနဲ့တကွ၊ မဇ္ဈိမ ပဋိပဒါ အကျင့်မြတ်သည်၊ ဝဋ်မှ ထွက်မြောက်လိုသူ-- ယောဂီသူတော်စင်တို့ ယုံကြည်စိတ်ချစွာ-- အားကိုးရသော တရားတော်မြတ် ဖြစ်ပါတယ်။

ရှောင်ရန်က-- နှယောဂနှစ်ပါး၊ ကာမသုခနှင့် အတ္တကိလမထ။ဆောင်ရန် တရားနှစ်ပါးကတော့- စက္ခုကရဏီဆိုတဲ့ ပညာမျက်စိရကြောင်း၊ သုတစိန္တာ၊ ဘာဝနာမယပညာ၊ သုံးပါး၊ ဆည်းပူးပြုလုပ်မှုနှင့် ဉာဏကရဏီဆိုတဲ့- ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ အဆက်ဆက်ရကြောင်း၊ ဉာတပရိညာ၊ တီရဏ၊ ပရိညာ၊ ပဟာန ပရိညာ-- သုံးပါးကိုကျင့်ဆောင်အားတုတ်ရမှာ ဖြစ်ပါတယ်။ အဲဒီလို= ရှောင်ရန်လဲ ပြည့်စုံ၊ ဆောင်ရန်လဲ ညီညွတ်ကုန်မယ်ဆိုရင် အထက်က ပြခဲ့တဲ့ အကျိုးလေးပါးကို ဆွတ်ခူးနိုင်မှာ အမှန်ပါဘဲ၊ ဒီနေရာမှာ- မဇ္ဈိမ ပဋိပဒါ စစ်မှန်ရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ကေန်ရကြောင်း အမှန်လို့ ကြားဘူးသိဘူး၊ ယုံကြည်ပြီးမို့- အထူးမဆိုတော့ပါ၊ ရှောင်ရန်၊ ဆောင်ရန်၊ သဘောသိပြီးရင် ရှေ့ဆက်၍-- ဇယားကွက်မှ ပယ်ရန်နှင့် သတ်ရန်၊ အချက်ကို ဆက်ကြပါအုံးစို့။

ဇယားကွက် ရှေ့အစွန်း၌၊ ပယ်ရန် လေးပါးတွင် ကာမ သုခလ္လိကနှယောဂကို ရှောင်ဘို့ဆိုခဲ့ပြီ။ အဲဒီ-- ငါးပြာအာရုံ ကာမဂုဏ်ကို အန္ဓပုထုဇဉ်တွေ ဘာ့ကြောင့်-- မရှောင်နိုင်သလဲလို့ ဆန်းစစ်ကြည့်ရင် ပယ်ရန်ဖြစ်တဲ့၊ သဿတဒိဋ္ဌိကို မပယ်နိုင်လို့ဘဲ၊သဿတ-ရှိသည်၏ အဖြစ် (ဝါ) တည်သည်၏ အဖြစ်၊ (ဝါ) မြဲသည်၏ အဖြစ်နှင့်၊ ဒိဋ္ဌိ-- မှားသောအားဖြင့်၊ မြင်မှတ်၊ သိယူစွဲခြင်း ရှိနေလို့ဘဲဖြစ်တယ်။ သုံးဆယ့်တဘုံဝယ်၊ ကြဉ်လည်ကုန်၍ တည်ရသည်။ တည်တဲ့ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမတို့လည်း ရှိသည်။ ထိုပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ-ငါ၊ ကျား၊ မ၊ အစရှိသည်တို့သည်ဘုံဘဝ၌ မြဲကုန်သည်

ဟူ၍၎င်း၊ မိမိလိုချင်သော- ငါးဖြာအာရုံ၊ ကာမဂုဏ်တို့သည်ရှိသည်, မြဲသည်, ဟူ၍၎င်း၊ စွဲယူထားသော သဿတဒိဋ္ဌိ အယူကို မပယ်နိုင်သောသူအား ကာမသုခလ္လိကကို မရှောင်နိုင်ဘဲ၊ နုယောဂအဖြစ် အမြဲယှဉ်စပ်၍ နေတတ်ကြသည်။

မှန်ပေသည်၊ ငါးဖြာအာရုံ- ကာမဂုဏ်တည်းမှုသော ဝတ္ထုကာမကို၎င်း၊ ထိုဝတ္ထုကာမကို ကာမရာဂအနေဖြင့် လိုချင်ကပ်ငြိတတ်သော ကိလေသာကာမကို၎င်း၊ အပြင် ဝတ္ထုကာမ-အတွင်းကိလေသာကာမ နှစ်စုံလုံးတို့ကို သဿတဒိဋ္ဌိ-ရှိသည်, တည်သည်, မြဲသည်ဟု အယူရှိသော ပုဂ္ဂိုလ်အားသာလျှင် လိုချင်စရာနှင့် လိုချင်တတ်သော တရားတို့၏၊ (ဝါ) ခန္ဓာပဉ္စက ရုပ်, နာမ်မျှ၌ စွဲလာကပ်ငြိ၊ အနုသယလက်ချက်မိသဖြင့် မစိစစ်နိုင်၊ လိုချင်စရာ- မြင်,ကြား နံ-စား-တွေ့ထိ အဖုံဖုံ၊ အာရုံတို့ကို တထုံထုံအစဉ်မပြတ် လိုချင်၍ နေတတ်ကြပေသည်။

အဲဒီလို= သဿတဒိဋ္ဌိကို မပယ်နိုင်သဖြင့် ကာမနယ်တခွင်ကို မရှောင်မကွင်းနိုင်ဘဲသာ ဇွတ်ဆင်း၍ နေတတ်ကြ၏။ ထိုမျှသာမကသေး၊ ဝတ္ထုကာမ၌ ကပ်ငြိတတ်သော ကိလေသာကာမ, ရာဂ၏အပြစ်ကို မသိ၊ တရစ်ရစ် ခံစားကာ နေမိသော သူသည်၊ လူ့ဘဝ, လူ့ကာမဂုဏ် စည်းစိမ်ထက်၊ မင်းဘဝ, မင်းကာမဂုဏ် စည်းစိမ်က သာသည်ဟူ၍၎င်း၊ လူမင်း စည်းစိမ်ထက်၊ နတ်မင်း စည်းစိမ်က သာလွန်သည် ဟူ၍၎င်း၊ ကောင်းသည်ထက် ကောင်းကို၊ မြှော်ငြောင်းကာရှု- လိုချင်တောင့်တမှုကြောင့်၊ ဘဝကောင်းရာ- ငါကောင်းဆိုတဲ့ သဿတလွန်ကဲ-ဘဝဒိဋ္ဌိ ထဲသို့၊ သက်ဝင်စွဲ၍၊ ကာမတဏှာမှ- ဘဝတဏှာကို ဥပါဒါန် အဖေါ်တွဲပြီးလျှင် တခဲနက် သက်ဝင်ကြပေသည်။

ဒီတော့= သဿတဒိဋ္ဌိကို မသတ်နိုင်လို့၊ ကာမတဏှာကို မရှောင်ကွင်း မသိမ်းဆည်းနိုင်ရင်၊ ကာမသုခလ္လိက နုယောဂအစဉ်ဖြစ်လျက်နှင့်၊ မဇ္ဈိမပဋိပဒါ အကျင့်မြတ်အစစ်၌ မရပ်တည်နိုင်ပေ၊ သတ္တဝါ- သူသူ့ငါငါတို့၏ ရှေ့အစွန်း တဏှာမူလသည်၊ သဿတဒိဋ္ဌိငြိနေသမျှ၊ ခိုင်မြဲနေကြရတော့သည်။ ဤ ကာမသုခလ္လိက နုယောဂနှင့် အတ္တကိလမထနုယောဂကို ဘုရားရှင်သည်...

"ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗါ"

ဟု ဟောတော်မူခဲ့ရာ၊ မုချအားဖြင့်- ရဟန်းတော်များကိုသာ ရည်၍ ဟောတော်မူသော်လည်း ရဟန်းလေးမျိုးနှင့် ဝဋ်မှ ထွက်မြောက်ခြင်းကို လိုလားသော လူ, နတ်, ဗြဟ္မာ, အပါအဝင် အကြင်အမှတ် မရှိသော ကျွတ်ထိုက်သည့်သူ၊ ဝေနေယျ ဟူသမျှတို့ပါ ပါဝင်ပါတယ်။ အနာဂါရလမ်း ဆိုတဲ့-

အိမ်ထောင်,သားမွေး, စွန့်ရေးညီစွာ၊ သံသရာမှ- ထွက်မြောက်ရာကိုသာ ရည်ရွယ်မျှော်မှန်းသော- ရဟန်းလေးမျိုးဟု ခေါ်အပ်သည့်၊ ဘိက္ခု- ရဟန်း၊ သာမဏေရ- ရဟန်း၊ ဣသိ- ရဟန်း၊ ပုရဗိုဇ်ရဟန်းတို့သည်လည်း၊ ဤ ကာမသုခလ္လိကနှင့် အတ္တကိလမထ- ယှဉ်စပ်နေပါက မဇ္ဈိမပဋိပဒါအစစ် မဖြစ်ပါ။ ထိုနည်းတူစွာ....

အာဂါရလမ်း၊ အိမ်ထောင်သားမွေး၊ ရှုပ်ထွေးလူ့ဘုံ၊ ကာမဂုဏ်၌၊ အာရုံထုံလွှမ်း- သုခပန်းဟု- ထင်ငြမ်းသမှု- အစဉ်ပြုလေ့ရှိသော အကြင်သူတို့သည်လည်း၊ ကာမသုခလ္လိက နုယောဂ၌၊ သဿတဒိဋ္ဌိ- စိုက်၍နေကြသမျှ အလိုက်သင့် ပါဝင်ခါနေရသဖြင့် မဇ္ဈိမပဋိပဒါ အခိုက်ဘက်သို့ မသက်ဝင်နိုင်ကြတော့ပေ။

ထိုသို့= မဇ္ဈိမ ပဋိပဒါဖြစ်ရန်၊ ရှေ့အစွန်း ကာမသုခလ္လိက နုယောဂ၊ နောက်အစွန်း- အတ္တကိလမထနုယောဂ, နှစ်ပါးတို့တွင် ယခု- ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ၊ သူတော်စင် အပေါင်းတို့၌၊ နောက်အစွန်း- အတ္တကိလမထ နုယောဂသည်၊ လွန်စွာ- ရှားပါးလျက် မဖြစ်ထွန်း- မသက်ဝင်ကြတော့ပေ။ ရှေ့အစွန်း ကာမသုခလ္လိက နုယောဂ၌ကား၊ အများအားဖြင့် ငြိစွန်းယှဉ်စပ် ကပ်ရောက်ခါနေတတ်ကြပေသည်။ ၎င်းကို အရင်းစစ်ပါကလည်း ကာမဘုံ- ကာမာဝစရစိတ်၊ ကာမ သတ္တဝါဆိုသည်မှာ-မူလခန္ဓာ ရလာသက်ဝင်မှုကိုယ်၌က၊ ကာမုပါဒါန်- အတ္တဝါဒုပါဒါန်၏ အစွမ်းဖြင့်၊ ပဋိသန္ဓေ တည်နေပါခဲ့ရခြင်း အကြောင်းရင်းအစ ရှိနေကြရ၍ ဖြစ်ကြရသည်။ ထို့ကြောင့်- စွဲလန်းမှု ဥပါဒါန်ကို မသိမ်းဆည်းနိုင်ခြင်း၊ ကာမနှင့် အတ္တ နှစ်ဌာန၌၊ သဿတဒိဋ္ဌိကို မပယ်နိုင်ခြင်း၊ ကာမသုခလ္လိကနုယောဂဟူသော ငါးဖြာအာရုံ,ကာမဂုဏ်တို့၌ ချမ်းသာသည်၏အဖြစ်နှင့် ခံစားမှု အမြဲယှဉ်စပ်နေသည်ကို မရှောင်ကြဉ်နိုင်ခြင်းများ ဖြစ်ပွား နေကြရသည်။

ရဟန်းတော်, သာမဏေများ- အတွက်၌လည်း၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, လေးပါးသော ပစ္စည်းတို့သည်၊ ငါးဖြာအာရုံ- ကာမဂုဏ်၌ သက်ဝင်သော အရာဖြစ်ပေသည်၊ လူပုဂ္ဂိုလ်တို့အနေဖြင့်၊ စား, ဝတ်, နေရေး ကျမ္မာရေးသည်လည်း၊ ငါးဖြာအာရုံ ကာမဂုဏ်နှင့်သာ ယှဉ်စပ်နေသည်၊ ဤသို့ဖြင့်- ကာမသုခလ္လိက နုယောဂကို ရှောင်ရာဝယ်၊ ဒါတွေကို မသုံးဆောင် မစားသောက်, မဝတ်ဆင်, မခံစားဘဲ, မနေထိုင်ဘဲ၊ နေရမှာလားဆိုတော့၊ ဒီလိုလည်း မဟုတ်ပါဘူး၊ ခန္ဓာဝန်ရှိရင်၊ သင်္ခါရဒုက္ခ တွင်တွင်ကြီး- အဖိခံ နေရသည်မှာတော့၊ ၃၁-ဘုံသားတိုင်း အတူတူလိုပါဘဲ၊ ဒါကို- ရဟန်း

တော်, သာမဏေများအနေနှင့်ကတော့၊ ပစ္စယသန္နိဿိတ သီလဆိုတဲ့၊ ပစ္စဝေက္ခဏာတင်- ဆင်ခြင်သိမ်းဆည်းမှုသည်၊ ကာမသုခလ္လိက နုယောဂကို၊ ရှောင်ကြဉ်ရာ အတွင်းဝင်သော သိက္ခာတရပ် ဖြစ်ပါသည်။ ခန္ဓာ့ဝန်ကို သခ်ါရဒုက္ခလို့မြင်သော အကြင်ရဟန်းတော်- သာမဏေတို့သည်၊ အနေသနကုလဒူသကအားဖြင့် ထို ပစ္စည်းလေးပါး၌၊ ဝိသမလောဘနှင့်- မရှာမှီးခြင်း၊ စင်ကြယ်သော ဓမ္မိယလဒ္ဓဖြင့် ယထာ့ရဟ ထိုက်သင့်သမျှ ရသော ပစ္စည်းလေးပါးတို့၌၊ ပစ္စဝေက္ခဏာတင်, ဆင်ခြင်သုံးဆောင်ခြင်းသည်၊ ကာမသုခလ္လိကနုယောဂနှင့် မယှဉ်မစပ်- သုံးဆောင်အပ်ခြင်းသည်သာဖြစ်ရာ၊ ဤ သိက္ခာပုဒ်တော်သည်၊ ဝိပဿနာပွားများမှုကို ကောင်းစွာ အထောက်အကူရစေသော ဘုရား အဆုံးအမတော် ဖြစ်ပါသည်။ လူတို့ကဲ့သို့- ရုပ်ရေဝဖြိုး၊ အားအင်တိုး၍၊ အမျိုးမျိုးသော ကာမဂုဏ်ကို ခံစားလိုသော အချင်းအရာအားဖြင့် (ဝါ) စိတ္တုပ္ပါဒ်အားဖြင့်၊ မသုံးဆောင်သည်ဖြစ်၍၊ (ဝါ) သာသနာ့ဝန်ထမ်း ကြေပြွန်ခဏ်းဖြင့်၊ မျှော်မှန်းမင်္ဂဖိုလ်, ဝဋ်မှ ထွက်လိုမှုကိုသာ၊ ရှေ့ရှုဆင်ခြင် သိမ်းဆည်းသုံးဆောင်သောအားဖြင့်၊ ကာမသုခလ္လိကနုယောဂနှင့် မယှဉ်မစပ် လွတ်အပ်ပြီးသော အဖြစ်သို့ ရရှိနိုင်ကြကုန်ရာပါသည်။

လူတို့အနေ=အိမ်ထောင်သားမွေးအားဖြင့်၊ နေထိုင်ငြားသော-ယောဂီတို့၌လည်း၊ ထို- ရဟန်းတော်, သာမဏေတို့၏၊ ပစ္စယသန္နိဿိတသီလကို၊ အတုယူ၍ ပြုကျင့်ဆင်ခြင် သိမ်းဆည်းခြင်းဖြင့်လည်း သက်ဝင်နိုင်ကြပါသည်၊ လူတို့အနေအားဖြင့်၊ ဂရုစမ္မနိစ္စသီလခေါ်၊ ငါးပါးသီလ, လုံခြုံစွာ ရရှိရန်သည်လည်း လွန်စွာ အရေးကြီးပါသည်။ ထိုသို့သော= ပါတိမောက္ခ သံဝရသီလ၏ အစနိဒါန်းဝင်သော သီလမရှိဘဲ၊ ပစ္စယသန္နိဿိတသီလ အနေအားဖြင့်၊ ဆင်ခြင်သိမ်းဆည်းကာ၊ ငါးဖြာအာရုံ, ကာမဂုဏ်နှင့် စပ်လျဉ်းသောခန္ဓာ့ဝန်ကို ထမ်းဆောင်ရရာတွင် သခ်ါရဒုက္ခလို့မြင်ပြီး၊ဒီအာရုံတွေကို ချမ်းသာသည်၏ အဖြစ်နှင့် မခံစားပါဘူးဟူ၍ သိမ်းဆည်းခြင်းမျိုးသည်၊ အဓိပ္ပါယ်ကင်းမဲ့သော အလုပ်သာဖြစ်ချိမ့်မည် ဖြစ်ပါသည်။ (ဝါ) ဆားမပါသောဟင်းကဲ့သို့သာ- အနှစ်အရသာ ပြည့်စုံစွာ ပေါ်ထွက်လာသောအကြောင်း မရှိကောင်းသည်သာ ဖြစ်ပါသည်။

သောတာပန်ပုဂ္ဂိုလ်တို့သည်၊ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို ပယ်ပြီး သတ်ပြီးလျက်အိမ်ထောင်သားမွေးပြုကြသေးခြင်းတွင်၊ ထိုငါးပါးသီလနှင့် သမ္မာအာဇီဝကိုမူ ပြည့်ဝစွာ မကျိုးမပေါက်- မပျောက်မကြားတော့ဘဲ၊ အိမ်ထောင်သားမွေးမှု အတွင်းဝယ်၊ ပစ္စဝေက္ခဏာကို အလေးတင်ခါ၊ အပြစ်ကင်းစင်-စိတ်ချလက်ချ-

ပျော်ပါးစွာ နေနိုင်ပါသေးလျှင်၊ မိမိတို့-ယောဂီပုဂ္ဂိုလ်တို့သည်လည်း၊ငါးပါးသီလ–လုံခြုံကြ၍- သဿတဝါဒကို ပယ်နိုင်လျှင်၊ ရဟန်းတော်, ရှင်သာမဏေတို့ကဲ့သို့၊ ခန္ဓာဝန်ထမ်း- ဒုက္ခကြမ်းကို၊ အငန်းမရ– မဖြစ်စေကြဘဲ၊ ဆင်ခြင်ဆုံးဖြတ်၊ သုံးဆောင်အပ်သဖြင့်- ကာမသုခလ္လိက နုယောဂကို၊ မယှဉ်မစပ်-မချဉ်းကပ်ရာ ကျစေ–ဖြစ်စေရာပါသည်။ ။

တနည်းဆိုသော်– ရဟန်း,ရှင်လူ၊ မည်သူမဆို၊အပိစ္ဆတာ–အလိုနည်းမှု၊ သန္တုဋ္ဌိ- ရောင့်ရဲမှုအားဖြင့်၊ ဤခန္ဓာ့ဝန်- သင်္ခါရဒုက္ခအပေါ်တွင် ရှိစေရပါမည်၊ အန္ဓပုထုဇဉ်တို့ကဲ့သို့၊ အလိုကြီးမှု– မရောင့်ရဲနိုင်မှု-သည်းမခံနိုင်မှု- အစုစုကို ရင်ဝယ်ပိုက်ထားပါက၊ ခန္ဓာ့ဝန်-သင်္ခါရ ဒုက္ခပါကလားဟုလည်း အမှတ်မရ၊ ဆင်ခြင်သိမ်းဆည်းဘို့လည်း၊ ဝေလာဝေးစွာအားဖြင့်– ကာမသုခလ္လိကနုယောဂကိုပင်၊ ချမ်းသာဘွယ်–အစဉ်ထင်၍၊ လိုက်စားနေပါက၊ အဘယ်မှာမဇ္ဈိမပဋိပဒါရနိုင်ပါမည်နည်း၊ လိုအပ်သမျှ– ရှာဖွေရဆဲ၊ ဖြစ်ပေါ်မြဲနှင့်၊ ရပါသမျှ- မရောင့်ရဲနိုင်ဘဲ၊ လိုချင်သမျှ– ဖွေရှာမဆုံး–ခံစားအုံးမည်ဟု ဆိုပါက၊ သဿတဒိဋ္ဌိလည်း မပယ်၍- အစဉ်ငြိပြီး၊ ကာမသုခလ္လိက နုယောဂလဲ–အစဉ်ရှိနေတတ်ပါသည်။ ထို့ကြောင့်- လိုချင်တာနဲ့– လိုအပ်တာကို- ခွဲခြားသိ၍၊ လိုအပ်သမျှလေးနှင့် ရောင့်ရဲသည်းခံ၊ ပစ္စဝေက္ခဏာ-ဉာဏ်တင်ပါ၊ လိုချင်တာနောက်ကို၊လောဘနှင့် တောက်လျှောက်လိုက်နေရင်၊ ဝိသမဂျောက်ထဲကိုကျ၍၊ လောကသံသရာ- နှစ်ဖြာကောင်းကျိုး၊ မဖွင့်ဖိုးနိုင်တော့ပြီဟု ကြပ်ကြပ်မှတ်ပါလေ။ ။

ဒီတော့- ရှေ့အစွန်းပယ်ရန် လေးမျိုးထဲမှာ၊ ကာမသုခလ္လိက နုယောဂကို၊ မကပ်မယှဉ်အောင်၊ ရှောင်ကြဉ်ရမည်၊ သဿတ ဒိဋ္ဌိ–ရှိသည်, တည်သည်, မြဲသည်-ဟူသော အယူကို ပယ်ရမည်လို့၊ ပယ်ရန်လေးပါး တွေ့နိုင်ပါသည်။ အဆင့်ဆင့်အားဖြင့်– ကာမသုခလ္လိက နုယောဂ– ဘာ့ကြောင့်ဖြစ်၊ သဿတဒိဋ္ဌိနဲ့ ကာမုပါဒါန်– ကြောင့်ဖြစ်၊ သဿတဒိဋ္ဌိနဲ့ ကာမုပါဒါန် ဘာ့ကြောင့်ဖြစ်– အတ္တဝါဒုပါဒါန်ရှိလို့ဖြစ်၊ ကာမသုခလ္လိ–ဘာ့ကြောင့် အမြဲယှဉ်၊ ချမ်းသာမှုအယာဉ်နဲ့ ခံစားပြီးတဲ့၊ အကိတ်အာရုံကို အကြောင်းပြု၍ ယှဉ်ခြင်းအားဖြင့်၊ အထင် အမြင် အစွဲ အလန်း- အယူ မှားခန်းများနှင့် ကာမကို သုခလို့ထင်ပြီး၊ ခံစားမှု အမြဲယှဉ်စပ်နေကြသည်။ ထို့ကြောင့်– အရင်းစစ်တော့-အမြစ်မြေက, သိုက်သကဲ့သို့၊ ဘဝါဘဝေ ဝန္ဓာတွေမျိုးစုံ၌၊ ထုံလွှမ်းခဲ့သောအနုသယတို့-ထိုးဆွချက်ကြောင့်၊ အဆိုးပထမ ကိလေသာတို့နှင့် ညစ်ထေး၍လာခဲ့ရသည်။ အာရုံ– ဒွါရပေါင်းဆုံကြသည့်– စိတ်အစဉ်၌၊ ကိုယ်ကာယကို

တွင်တွင်လိုက်စေပြီး၊ အမိုက်တိုက်ကို အလင်းထင်၍၊ လောကီ ဝေဒယိတ-ခဏတ္တယသုခ သောမနဿ ဝေဒနာ၏ အပြစ်ကိုရှင်း။ ဝဋ္ဋအာရုံ-ကာမဂုဏ်၏ အပြစ်ကိုရှင်း။ ခန္ဓာမလ-ကိလေသာဝင်္ကြောင့်၊ ညစ်ရအဖုံဖုံကိုရှင်း။ မသိမမြင်နိုင်ကြကုန်သည်ဖြစ်ခါ၊ ကာမသုခကို ခံစားရင်းမှ မဂ်ဉာဏ်ရကြမည်ဟု အထင်မှားခြင်းကို ပယ်ရှင်းလျက်၊ သိမ်းဆည်းရပုံကို နားလည်ပြီးလျှင်၊ ရှောင်ကြဉ်ရာ ရောက်အောင် (၀၁) လျှော့လွှန်းအနေ မသက်ဝင်စေအောင်၊ ငါးပါးပဉ္စသီနှင့် ပစ္စဝေက္ခဏာတင်မိသည်အထိ ခန္ဓာ့ဝန်- သံခါရ ဒုက္ခကိုမြင်၍ ဆင်ခြင်သိမ်းဆည်းကြရပါသည်။

နောက်အစွန်း ပယ်ရန် လေးပါးမှာမူ၊ ဗုဒ္ဓသာသနာ ထွန်းပြောင်ရာခေတ်- တရားစစ်-တရားမှန်တို့ကိုသာ၊ ရှာဖွေဆည်းပူး သူတို့အဘို့၊ မသက်ဝင်နိုင်သည်က များပါသည်၊ သီလဗ္ဗတ ပရာမာသ သံယောဇဉ်ဝင်၊ အတ္တကိလမထ နုယောဂ ဆိုသည်မှာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရနှင့် မစပ်သော စွဲမိစွဲရာ သမုတိ ပညတ် အကျင့်အရပ်ရပ်တို့၌ မိမိကိုယ်ကို ပင်ပမ်းညှဉ်းဆဲ- နှိပ်စက်ဘိသကဲ့သို့ သောအကျင့်ကို ကျင့်ခြင်း၊ ဥစ္ဆေဒဒိဋ္ဌိ-ဝိဘဝပါ ငြိသည့်၊ ဖြစ်ပြီးက ပြတ်စဲ၊ ဒိဘဝ-ဒိကိုယ်နှင့်ဘဲပြီးရောဟူသော ဒိဋ္ဌုပါဒါန်မှ ပေါ်ထွက်လာသည့် စွဲသန်းချက်ကြောင့် မိမိကိုယ်ကို ပင်ပမ်းစွာကျင့်ငြင်း၊ တခုခုမှ မကျင့်ငြားလည်း၊ ကာမဂုဏ်နှင့် ချမ်းသာဘွယ်ရာတို့ကို ဒိဘဝ-ဒိကိုယ် စံပြီးရင်၊ ပြတ်တာဘဲဟု အယူလွဲ-အမှတ်မှားခြင်းကြောင့်- တဘဝ-တခဏချမ်းသာနှင့် တသံသရာလုံး မိမိကိုယ်ကို ညှဉ်းဆဲနှိပ်စက်-ဆင်းရဲပြည့်နှက်သည့်- အဝီစိ,မဟာအဝီစိသို့ ကျခံရသည်အထိ ညှဉ်းဆဲနှိပ်စက်ခြင်း-စာရင်းသို့ သက်ဝင်ကြရတော့သည်။ ထို့ကြောင့်- ဤနောက်အစွန်း, အတ္တကိလမထ၏ အပြစ်များသည်၊ ကြီးမားလေးနက်-ထင်ရှားလှ၍၊ သူငါတစ-သိလွယ်ကြပါသည်။ မူလပင်ဂိုရ်-ပုဂ္ဂိုလ် ထိုထိုတို့- မိမိကိုယ်ကို ပစ္စုပ္ပန်အတွက်လဲ မညှဉ်းဆဲလိုကြ၊ နောင်တမလွန် အတွက်လဲ ဆင်းရဲတွင်းနက်အောင် မဖြစ်စေလိုကြသည်မှာ၊ ကာမသတ္တဝါ၏ သဘောသွားအရပင် ဖြစ်ပါသည်။ ထိုအထဲ၌ ဗုဒ္ဓဘာသာ အယူမှန်လာရာတွင် သဿတ အယူနှင့် ဥစ္ဆေဒအယူ- အဖြစ်များကြသည်ကတော့၊ သဿတဒိဋ္ဌိ အဖြစ်များကြ၏။ ဘာ့ကြောင့်ဆိုသော်၊ ဥစ္ဆေဒဒိဋ္ဌိ- ပင်္ဃဒေါသသည်၊ ကြမ်းကြုတ်ခက်ထန်ထင်ရှား၍၊ ကိုယ်ကျိုးမဲ့အား ဆောင်နှင်းတတ်ခြင်းကြောင့်ဖြစ်သည်။ သဿတဒိဋ္ဌိ-တဏှာလောဘကိုမူ သိမ်မွေ့သောအား ကိုယ်ကျိုးရှိတရားဟု ထင်ငြား၍၊ အပြစ်ကို မမြင်ငြားနိုင်တော့ဘဲ လှည့်ပတ်ခံယူထားကြရ၍ ဖြစ်တော့သည်။ ထိုအကြောင်း ထင်ရှားပုံမှာ....

ဒိဋ္ဌုပါဒါန်သည် ဘာ့ကြောင့် ဥစ္ဆေဒဒိဋ္ဌိ၌ သက်ဝင်ရပါသနည်းဟု ဆန်းစစ်ရင်၊ ကမ္မသကတာ- သမ္မာဒိဋ္ဌိဉာဏ်ပင် မရှိသူတို့၌သာ- ဖြစ်ကြသော (နတ္ထိဒိန္နံ-ပေးလှူခြင်း၏ အကျိုးသည်မရှိ၊ နတ္ထိယိဋ္ဌံ-ဘုရားခွင့်ပြု စကြာမန္တလ်မင်းတို့ ပြုသော ယဇ်ကြီးပူဇော်ခြင်းမျိုးသည် အကျိုးမရှိ၊ နတ္ထိဟုတံ-အာဟုန, ပါဟုန, မင်္ဂလာကြိယာ၏ အကျိုးသည်မရှိ၊ နတ္ထိသုကတ-ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော- ဆယ်ပါးသောကုသိုလ်-အကုသိုလ်ဟု ဆိုအပ်ကုန်သော ကံတို့၏- အကျိုးဆက်-အကျိုးရင်းသည်မရှိ။

နတ္ထိပိတာ-အဖ၌ပြုသောကောင်းမှု-မကောင်းမှုသည်မရှိ၊ နတ္ထိမာတာ- အမိ၌ပြုသော ကောင်း-မကောင်းမှုသည် မရှိ။ နတ္ထိသြပပါတိကာ- ရှေ့ဘဝမှ စုတေ၍၊ နောက်ဘဝ၌ဖြစ်ခြင်း အလေ့ရှိသော သတ္တဝါတို့သည်မရှိ။ နတ္ထိလောကေ သမဏဗြာဟ္မဏာ-သမ္မဂ္ဂတာ-သမ္မာပဋိပန္နာ-အကြင်သမဏ, ဗြာဟ္မဏတို့သည် ပစ္စုပ္ပန်,တမလွန်လောကကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောပြောနိုင်ကုန်၏။ ထိုသို့ သဘောရှိသော အနုလောမ ပဋိပဒါကို ကျင့်ကုန်သည့် ဓမ္မိကဖြစ်သော သမဏ-ဗြာဟ္မဏတို့သည် လောက၌မရှိ၊) ဟူ၍ ဒသဝတ္ထုက ဆယ်ပါးသောတရားတို့၌ ဖေါက်ပြန် မှားယွင်း- စွဲလန်းခြင်း- ထန်ပြင်းသော အယူရှိသည့်သူတို့သည် ဒိဋ္ဌုပါဒါန်အဖြစ်သို့ သက်ဝင်ကုန်၏။ ထိုသို့သော ဒသဝတ္ထုက ဆယ်ပါး၌ စွဲလန်းသော ဒိဋ္ဌုပါဒါန်ရှိသူတို့သည်၊ ဥစ္ဆေဒဝါဒ၌သာယုဉ်၍ ဥစ္ဆေဒဒိဋ္ဌိ ငြိကုန်သောသူတို့ဖြစ်ရာ၊ ဤဒိဋ္ဌုပါဒါန်ရှိသူအား သီလဗ္ဗတုပါဒါန်ဟူသော အတ္တကိလမထနုယောဂနှင့် ယှဉ်စပ်ခြင်းသို့ အစဉ်ရောက်ကြရတော့၏။ အနာဂတ်အားဖြင့် မယုံကြည်သော အာရုံ၌လည်း သက်ဝင်ကုန်ကြတော့၏။

ယခုမျက်မှောက် ဗုဒ္ဓဘာသာဝင်တယောက်၌ ဤအယူတို့သည် မသက်ရောက်ကြတော့ပေ။ ရတနာသုံးတန်, ကံ, ကံ၏အကျိုးကို ယုံကြည် ပြီးသားသာဖြစ်ဝါ၊ ဒိဋ္ဌုပါဒါန်လည်း မရှိ၊ ဥစ္ဆေဒဒိဋ္ဌိလည်းမရှိ၊ သီလဗ္ဗတုပါဒါန် အခြေခံသည့် အတ္တကိလမထနုယောဂလည်း မယှဉ်မစပ်နိုင်တော့ပေ။

သို့သော်-ရှေ့အစွန်းဟု ဆိုအပ်သော ကာမသုခလ္လိက နုယောဂဖြစ်ကြောင်း၌မူ၊ ပြေးကပ်သက်ဝင် စပ်ယှဉ်၍ နေတတ်ကြပြန်တော့၏။ ဘယ့်ကြောင့်ဆိုသော်၊ အတ္တဝါဒုပါဒါန်သည် သက္ကာယဒိဋ္ဌိ(၂၀)လျှင် အရင်းခံတရားကိုယ်ရှိရာ (ရုပ်သည် ငါဖြစ်၏၊ ငါသည် ရုပ်ဖြစ်၏။ ရုပ်၌ ငါရှိသည်-ငါ၌ ရုပ်ရှိသည်ဟူ၍ရင်း၊) ငါ့ရုပ်- သူ့ရုပ်၊ သူ့ကိုယ်-ငါ့ကိုယ် စသည်ဖြင့် စွဲလန်းခြင်း (ခံစားသူသည် ငါဖြစ်၏-ငါသည် ခံစားသူဖြစ်၏။ ငါ၌ ခံစားမှု

ရှိ၏- ခံစားမှု၌ ငါရှိ၏ဟူ၍ရင်း၊) ငါခံစားရတာပေါ့၊သူခံစားသွားတာပေါ့- စသည်ဖြင့် စွဲလန်းခြင်း၊ (မှတ်သားတာ ငါဖြစ်၏၊ ငါသည် မှတ်သားတတ်သူ ဖြစ်၏။ ငါ၌မှတ်သားမှုရှိ၏ မှတ်သားမှု၌ ငါရှိ၏ဟူ၍ရင်း၊) ငါမှတ်သားထား ဒါပေါ့-ငါ့လျှာပေါ်တင်စား- မှတ်သားထားတာပေါ့၊ ကိုယ်တိုင်တွေ့ထိ မှတ်သားတာပေါ့၊ ငါ့စိတ်နဲ့ မှတ်ထားတာပေါ့၊ သူမှတ်ခိုင်းထားလို့ မှတ်ထားတာပေါ့–စသည်ဖြင့် စွဲလန်းခြင်း (ပြုလုပ်သူသည် ငါဖြစ်၏၊ငါသည်ပြုလုပ်သူ ဖြစ်၏။ ငါ၌ပြုလုပ်မှုရှိ၏· ပြုလုပ်မှု၌ ငါရှိ၏-ဟူ၍ရင်း၊)

ငါလုပ်တာ, သူလုပ်တာ၊ ငါပြောတာ, သူပြောတာ, ဟု ဆိုအပ်သော ကာယကံ, ဝစီကံ, ပြုမှုသခါရ၌ ငါရှိ၏ဟု စွဲလန်းခြင်း၊ (သိစိတ်သည် ငါဖြစ်၏၊ ငါသည် သိစိတ်ဖြစ်၏။ ငါ၌စိတ်ရှိ၏။ စိတ်၌ ငါရှိ၏ဟူ၍ရင်း၊) ငါသိလို့ လုပ်တာ, ပြောတာပေါ့။ သူသိလို့ ပြောတာ, လုပ်တာပေါ့–စသည်ဖြင့် စွဲလန်း ခြင်းဟု ဆိုအပ်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်, ငါးအင်သော ခန္ဓာအစုတို့၌၊ခန္ဓာတပါးလျှင် လေးချက်လေးလီ, မီတည်၍ဖြစ်သော သက္ကာယ ဒိဋ္ဌိ(၂၀)တို့သည် အတ္တဝါဒုပါဒါန်မည်ကုန်၏။ အဲဒီသက္ကာယဒိဋ္ဌိခေါ်–အတ္တ ဝါဒုပါဒါန်ရှိခြင်းကြောင့် သဿတဒိဋ္ဌိသည်၊ ရှင်းရှင်းလင်းလင်း ပေါ်ပေါက် သကဲ့သို့ စွဲဝင်သက်ရောက်၊ မှားချက်မြောက်ဖြစ်၍- ကာမုပါဒါန်နှင့် တဆက် ထည်း သက်ဝင်သော– ကာမသုခလ္လိက, နုယောဂသည် အစဉ်ငြိနေရတော့ သည်။ အငြိလွန်ကဲ– ကာမရာဂမြဲလျှင် သဿတဒိဋ္ဌိမှ– ဘဝဒိဋ္ဌိတည်းဟူသော ဘဝရာဂ တိုင်အောင် ခိုင်မြဲစွာ, ချီနှောင်ခံရတတ်တော့သည်။

ဤ-စွဲလန်းတတ်မှု လေးခုဖြစ်သော– ကာမုပါဒါန်, အတ္တဝါဒုပါဒါန်, ဒိဋ္ဌုပါဒါန်– သီလဗ္ဗတု ပါဒါန်တို့၏ ရလာခြင်းအကြောင်းရင်းကို ပြန်ကြည့် တော့လည်း၊ တဏှာပစ္စယာ, ဥပါဒါန်မှပင် ရလာခဲ့ပေသည်၊ ထို့ကြောင့်– ပထမဦးစွာ, ဝဋ်၏ ဦးခေါင်းသဖွယ်– ရှေ့အစွန်းဖြစ်သည့် တဏှာတည်းဟူ သော အကြောင်းကြောင့်၊ ကာမုပါဒါန်ဟူ၍ တည်ထောင် ရရှိပြီး၊ ဥပါဒါ နက္ခန္ဓာစုံစေ့အောင်၊ ဒိဋ္ဌိသုံးစားဖြစ်သော– ဥပါဒါန်များပါ- အဝိဇ္ဇာ၏, ဖုံးကွယ်ထားမှုအကြောင်းကြောင့် ဖြစ်ပွါးကြရသည်။ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတု ပါဒါန်, ဥစ္ဆေဒဒိဋ္ဌိ, မငြိမ်းမရပ်စေခြင်း၊ ကွက်လပ်အတွင်း၌၊ ကာမုပါဒါန်, အတ္တဝါဒုပါဒါန်တို့ဝင်စွဲကာ– သဿတဒိဋ္ဌိ- အစဉ်ငြိပြီးလျှင်၊ ကာမသုခလ္လိ က နုယောဂကို၊ အမြဲယှဉ်စပ်၊ ခံစားအပ်တိုင်း တဏှာပစ္စယာ– ကာမုပါဒါန် အရင်းခံကြောင့်၊ ကာမတဏှာနှင့် ဘဝတဏှာ နှစ်ဖြာအသစ်၊ သမုဒယစစ်စစ် ဖြစ်စေကာ– ကာမရာဂါ နုသယနှင့်- ဘဝရာဂါနုသယတို့တိုင်၊ အနုသယသစ်

တွေ ကိန်းအောင်းဆောင်သဖြင့် ကိလေသဝဋ်ကို ချွတ်လှဲဖြတ်တောက်ချင်ပါလျက်၊ ကာမသုခလ္လိက နုယောဂစက်ကို= မပယ်ဖျက်နိုင်သဖြင့် မဂ်ပန်းတိုင်ကို မတက်လှမ်းနိုင်ဘဲ– ဖြစ်ရတော့သည်။

ဒီတော့= ရှေ့အစွန်းပယ်ရာ၊ ကာမသုခလ္လိက နုယောဂ-သဿတဒိဋ္ဌိ ကာမုပါဒါန်တို့ ဘယ်လိုစွဲငြိရသည်ကို– ပိုင်းခြားသိပြီး၊ သိမ်းဆည်းပေးပါ၊ ထရားနှလုံးသွင်းဆဲ- ပစ္စုပ္ပန်အာရုံမှ လွဲသော– ရှေ့အစွန်း အတိတ်အာရုံကိုလဲ နှလုံးမမူ– ပယ်ပစ်တော်မူရန်ကိုရင်း။

နောက်– အစွန်းပယ်ရာ၊ အတ္တကိလမထနုယောဂ, ဉစ္ဆေဒဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်တို့၊ ဘယ်လိုစွဲငြိရတတ်သည်ကို သိရှိပြီး၊ သိမ်းဆည်းပေးပါ။ ၎င်းနောက်အစွန်း- အနာဂတ်, အာရုံကိုလဲ၊ ဘာဝနာဘိသမယ၌ မမျှော်မမှန်း၊ ပယ်ဖျောက်ရန် စခန်းကိုလဲ ကောင်းစွာယုံကြည်, ပယ်သင့်ပါတော့သည်၊ ရှေ့အစွန်းလျှော့လွန်း တဏှာနှင့် တင်းလွန်းဒေါသာ, ပဋိဃာတို့ မဝင်မသက်, ပယ်နိုင်ချက်ကို၊ ဤသို့–ဆင်ခြင် သိမ်းဆည်းအင်ကို ပြုအပ်ရာပါသည်။

စား, ဝတ်, နေရေး, ကျန်းမာရေးဟု၊ လေထွေအမှု၊ ပြုရနေ့စဉ်၊ ခန္ဓာဝန်သည်၊ သူ့ကျွန်သဖွယ်၊ တသွယ်ဝဝ၊ လုပ်ကျွေးကလည်း၊ တကွမပြီး၊ အချည်းနှီးဖြင့်၊ ပျက်စီးကုန်ဆုံး၊ နေ့သို့ညဖုံး၊ ရက်လုံးပျောက်ကွယ်၊ လဝယ်အစဉ်၊ နှစ်လျှင်အမြဲ၊ ပြုစုတွဲလည်း၊ မမြဲနာမ်ရုပ်၊ အစဉ်ဆုတ်၍၊ ချုပ်ပျက်ခါသာ၊ ဇရာဘိစီး၊ သေချိန်နီးကို၊ အပြီးပို့သို့၊ မချို့တူစွာ၊ ပြုရပါသည်၊ ခန္ဓာဝဋ်ကောင်၊ မချွတ်ဘောင်၌၊ အခေါင်ဒုက္ခ၊ သခ်ါရမျှပါ တကားဟုရင်း။

သို့ကလောက်ပင်၊ မှန်းမဝင်ဘဲ၊ ချစ်ခင်ယုယ၊ ပြုသမျှ၌၊ မရပ်မတည်၊ တလီဇရာ၊ ဗျာဓိပါ၍၊ မဟာဒုက္ခ၊ မရဏာဘေး၊ ချဉ်းကပ်ပြေးတတ်၊ ဆွဲရပ်မနိုင်၊ မတားနိုင်ဘဲ၊ မခိုင်ကြမ္မာ၊ ကြုံလေခါ၌၊ ဝေဒနာလွန်ကဲ၊ ဒုက္ခပွဲကို၊ မချိထန်သဲ၊ ခံခက်ခဲလည်း၊ မလွှဲမရှောင်၊ ကျ၍ ဆောင်လျက်၊ ဝင်းပြောင်မှည့်ရွှန်း၊ သစ်သီးနွမ်းတို့၊ တဖြုတ်ဖြုတ်ကျွေ၊ ကျလေဘိသို့၊ မမြဲခန္ဓာ၊ ဝဋ်ကြမ္မာသည်၊ မဟာဒုက္ခ၊ ဆင်းရဲအနန္တနှင့်၊ အတ္တမငြိ– အနတ္တအတိနဲ့၊အနှစ်မပါ၊ သုဿာန်သာ လုပ်တိုင်းသို့၊ မြိုက်ဖုတ်ကပ်ချဉ်း၊ သင်္ဂြိုဟ်ခြင်းလျှင်၊ အဆုံးရှိတတ် ပါတကား-ဟု ရင်း။

ရှင်ဆဲဇော၊ ကံပစ်ချ၍၊ အခွင့်ရသည့်၊ ဘဝခန္ဓာ၊ ဝန်မဟာကို၊ မသာလည်းထမ်း၊ သာလည်းထမ်းရ၊ လေးခန်းအခြေ၊ စား, ဝတ်, နေနှင့်၊ မဝေး

ဗျာဓိ၊ နာမရှိအောင်၊ ပြုနှင်းဆောင်ရ၊ အခေါင်ဒုက္ခ၊ သခ်ါရကို၊ ဖြုတ်ချမနိုင်၊ ပြုရတိုင်လည်း၊ ခြမ်း, ပူ, ခြင်,မှက်၊ ထက်မြက်လေနေ၊ ကင်းမြေဖျက်ရှိ၊ မရှက်မိအောင်၊ တင်ကာဆောင်လွှမ်း၊ အဝတ်ပန်းကို၊ ဆင်မြန်းသန့်ရှင်း၊ ပေးရခြင်းကား၊ ဝတ်စားတန်ဆာ, မဟာဒုက္ခ ပါတကား။

စားဘွယ်- သောက်ဘွယ်၊ လျက်ဘွယ်တမျိုး၊ ခဲဘွယ်တလီ၊ အလီလီဟာရ၊ မျိုရအလုပ်၊ ရသာဘုတ်သည်၊ မကြာခဏ၊ မစင်ဘဝသို့၊ ကျမှာသိလျက်၊ မျိုမိချက်တွင်၊ မပျက်ခန္ဓာ၊ အဟာရာဟု၊ ထောက်ပံ့သမှု၊ အစဉ်ပြုမှ၊ ဆာမှုဒုက္ခ၊ ကင်းကွာရ၍၊ မျှတကိုယ်ရေ၊ ထိုအနေ၌၊ မသေ့ဓမ္မ၊ ကျင့်ရန်မျှဟု၊ အာရုံပြုခါ၊ တဏှာရသာ၊ ခွါကာ ချလျက်၊ လုပကိုယ်ရေ၊ စိုပြေလန်းဆန်း၊ လွန်ညစ်ညမ်းသည့်၊ ရာဂဘမ်းပြ၊ ရုပ်ကာယကို၊ မကျရအောင်၊ စောင့်စည်းဆောင်မှ၊ ငါးဖြာအာရုံ၊ ကာမဂုဏ်အစ၊ အာဟာရတွင်၊ အကြောင်းဝင်သည်၊ တသွင်သခ်ါရ၊ ဒုက္ခမျှ ပါတကား။

ဝတ်ခါစားသောက်၊ တထောက်မနား၊ ပြုခြားနေ့စဉ်၊ မောပမ်းကျင်က၊ တသွင်အကြောင်း၊ နွေ, မိုး, ဆောင်းဟု၊ သောင်းပြောင်းဥတု၊ ဒါဏ်အမှုကို၊ ကာကွယ်ပြုရာ၊ ထိုဂေဟာ၌၊ ပန်းဖြေလျောင်းစက်၊ တည်နေချက်ဖြင့်၊ ပြုလုပ်တဖြာ၊ သခ်ါရာတည့်၊ တလွှာဒုက္ခ၊ ဆောင်နှင်းကြ၍၊ နေထိုင်ရမှု၊ ခန္ဓာစုဝယ်၊ စတုတ္ထယ်သည့်၊ လေးသွယ်ဓါတ်ကြီး၊ ဖေါက်ပြန်နည်းကို၊ ခံသည်းနိုင်ဌြား၊ ငြိုငြင်အားဖြင့်၊ စွန့်စားကာ နေထိုင်ရသော-ခန္ဓာဝန်ထုတ်၊ ဒုက္ခသရုပ်မျှ ပါတကား။ ။

စားခါဝတ်မျှ၊ နေထိုင်ရလည်း၊ ခဏမကြာ၊ ဖေါက်ပြန်ခါဖြင့်၊ ဖြစ်လာစွဲကပ်၊ ခြောက်ရပ်ကိုးဆယ်၊ ရောဂါနယ်မှ၊ မရှောင်ဖယ်နိုင်၊ ကြုံလာဆိုင်က၊ အနိုင်အရှုံး၊ ကုစားသုံး၍၊ တန္တ ံးထိုးနှ ံ၊ သွေးသွင်းခံရ၊ တရံနှိပ်နင်း၊ ကုသခြင်းကို၊ မပြတ်ပြုရ၊ နှိပ်စက်လှသည့်၊ သခ်ါရဒုက္ခ၊ ဗျာဓိမျှသာ၊ ရှိလာအနေ၊ ခန္ဓာတွေပါတကား ဟူ၍ရင်း။

ဝတ်ရင်, လှချင်တယ်လို့ မဝတ်နဲ့၊ စားရင်, အားအင်ပြည့်ဖြိုး၊ ကာမဂုဏ်ကို- မျှော်ကိုး၍ မစားနဲ့။ နေရင်- သာယာငြိမ့်ညောင်း၊ ဇိမ်ကောင်းတွေ့ရန်လို့- မနေမအိပ်နဲ့။ ဝါးမျိုဆေးဝါး၊ ထိုးပါငြားရ၊ ထိုခဏ၌လည်း၊ ရောဂါပျောက်သွား၊ ဝတ်စားပျော်ပါး၊ ကြွားရ ရားဖြင့်၊ ကာမနှင့်-ကစားရအောင်လို့လဲ မပြုနဲ့။ ဝတ်ရင်- ရှက်ကွယ်၊ မှက်, ချင်, ယင် မတွယ်၊ သန့်ရှင်းဘွယ်မျှ- ပြုပါရ၊ သခ်ါရ ဒုက္ခဟူ၍ရင်း။

စားရင်– ဆာလောင်၊ ဝေဒနာဘောင်ကို၊ ငြိမ်းအောင်မျှတ၊ ပြုပါရသည်၊ တရားဓမ္မ၊ ကြိုးစားရအောင်၊ ဝါးမျိုချရသော သင်္ခါရ ဒုက္ခဟူ၍ရင်း။ နေရင်– ဥတုသုံးလီ၊ ဘေးရန်သီ၍၊ တလီနာဖျား၊ မရှိငြားအောင်၊ ကာကွယ်ရသော၊ သင်္ခါရဒုက္ခပါ တကားဟူ၍ရင်း။ ပျောက်ဆေး တဖုံ၊ ကာကွယ်ဆေး တမျိုး၊ သောက်သုံးအဖုံဖုံ၊ ရောဂါ ဝေဒနာတွေကလဲ ဝိုင်းအုံနေလို့၊ တရားသဘော၊ မပြတ်နှောရန်၊ အာရောဂျအမှု၊ ပြုရပါတဲ့– သင်္ခါရ ဒုက္ခအစုစုတို့ ပါတကားဟူ၍ရင်း။ ။

ဤသို့– အနည်းဆုံး တနေ့နှစ်ကြိမ်၊ ဆင်ခြင် သိမ်းဆည်းနိုင်သော ယောဂီသည်၊ တနေ့တခြား– တရားဝင်ကပ်၊ မြတ်ထက်မြတ်ခါ၊ စား၊ ဝတ်၊ နေ ကျန်းမာမှု၌၊ အမြဲသတိပြု၊ ဆင်ခြင်တတ်လာပါလိမ့်မည်။ ဤသို့ဖြင့်- တစ တစ၊ ကာမသုခလ္လိကနုယောဂသည် ပါးလျားလျော့ပါးသွားခါ၊ ရှောင်ကြဉ် ကင်းပြတ်၊ နှလုံးဓါတ်ရှိသူအဖြစ်ကို၊ ရောက်လာပါလိမ့်မည်။ သို့မဟုတ်ဘဲ မငြိမ်းမသတ် အလွတ်မဲ့ထားပါက၊ သုံးဆောင်တွေ့ထိဘွယ်၊ ဝတ္ထုကာမကလဲ– ဟိုဘက်ကမ်းက– မီးထိန်ထိန်၊ သုံးဆောင်တတ်၊ လိုချင်မက်မောတတ်တယ်ဆိုတဲ့၊ ကိလေသာ ကာမကလဲ–ဒီဘက်ကမ်းက, မီးထိန်ထိန်ဆိုတာမျိုးလို ဖြစ်နေရင် မီးတထိန်ထိန်– မငြိမ်မသက်, တောက်လောင်လျက် နေရင်တော့၊ ကာမသုခလ္လိက နုယောဂတို့ အိမ်အဖြစ်နှင့် မဇ္ဈိမ ပဋိပဒါ– သန့်စင်စွာ မဖြစ်၊ မဇ္ဈိမပဋိပဒါ သန့်စင်စွာ စိတ်အစဉ်၌ မတည်သော ယောဂီအား၊ အမြဲတစေ– တရားအား ထုတ်ပါမယ်လေ ဆိုသော သတိသည်မရှိ၊ဆန္ဒသည်ဗလာ၊သမာဓိ,မတည်ကြည်၊ ဝီရိယသည်လည်း မပါတော့ဘဲ၊ ပျက်ကွက်ခါနေတတ်ပါသည်။ အသေးအဖွဲ့ ကလေးတခုပြည့်စုံခြင်းသည် ကြီးစွာသော ပြည့်စုံမှု၏ အစိပ်အပိုင်းအကြောင်း ကောင်း ဖြစ်ပါသည်။ ဥပမာ= ကြည့်ရင်– မီးဖွားကလေး တခုသည် တမြို့ တရွာလုံးကို ပြာကျသွားနိုင်သလို "ပစ္စယသန္နိဿိ တသိလ" အာစာရသည်၊ ဝိပဿနာ၏လမ်းမှန်၊ မဇ္ဈိမ ပဋိပဒါကို သက်ဝင်စေပြီး- ဝိပဿနာ၏ အထွဋ် အထိပ်တိုင် ချိပ်စေနိုင်သော အကြောင်းဖြစ်ပါသည်။ (ဝါ) ကာမကိလေ- လောင်ကျွမ်းနေသော မီးကို ငြိမ်းအေးစေနိုင်ပါတော့သည်။

ဤကဲ့သို့– မဇ္ဈိမပဋိပဒါသက်ဝင်နိုင်ကြောင်း၊ ပယ်ရန်လေးမျိုးသဘော တို့ကို ကောင်းစွာကြဉ်ရှောင်- သိမ်းဆည်းနိုင်ပြီးလျှင်၊ သာသနာ့ဝန်ကို ထမ်း ဆောင်နိုင်ပါပြီ၊ ဘယ်လို ထမ်းထောင်ရမလဲဆိုတော့၊ ပရိယတ္တိ သာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓ သာသနာ သုံးရပ်ကို- ထမ်းဆောင်ရမှာ ဖြစ်ပါ တယ်၊ (ဝါ) သာသနာ့ဝန်တွေကို ထမ်းရမှာ ဖြစ်ပါတယ်။ (ဝါ) သာသနာ

တော်နှင့်ကြုံ၍ ကိုယ်တိုင်တွေ့ထိပြီး သာသနာ၏ ဂုဏ်နှင့် လျော်ညီသော အားထုတ်မှုကို ပြုလျက် သာသနိကပုဂ္ဂိုလ် အခေါ်ထိုက်အောင်၊ ကျင့်ဆောင်ထမ်းရွက်ရမှာ ဖြစ်ပါတယ်။

ထိုသာသနာသည်၊ ဗုဒ္ဓသာသနာဖြစ်သည်၊ သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင်လျှင် သိမြင်တော်မူသော မြတ်စွာဘုရားသခင်၏၊သာသနာ= သံသရာကို တူးဖြိုလျက်၊ အရိယသစ္စာလေးပါး သိကြပြား၍ ဝဋ်မှ ထွက်မြောက်သွားစေသော- သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ အဆုံးအမ တရားတော်များ ဖြစ်ပါသည်။ ထို- ဘုရား၊ အဆုံးအမ၊ "ဗုဒ္ဓသာသနာ"သည် သံသရာကို တူးဖြိုဖျက်ဆီးတတ်သော ဂုဏ်သတ္တိရှိပါသည်။ သာသနာတော်နှင့် တွေ့ပြီသိုလျှင် သံသရာကို တူးဖြိုဖျက်ဆီးနိုင်ခြင်းနှင့် တွေ့ပြီလို့ဆိုရပါမယ်။ သာသနာနဲ့ တွေ့ပြီး သံသရာကို မတူးဖြိုနိုင်ဘဲ၊ သံသရာရှည်သည်ထက်- ရှည်အောင် ကျင့်သုံးနေလျှင် (ဝါ) ဘဝကာမဂုဏ်၊ လာဘ်မျိုးစုံနှင့်- ဘုန်းကြက်သရေ- အထွေထွေရကြောင်း- စုဆောင်းအားထုတ်နေရင်၊ သာသနာနဲ့တွေ့တယ်လို့ မမည်နိုင်ပါဘူး။ (ဝါ) သာသနာနဲ့ တွေ့ရကျိုးမနပ်ပါဘူး၊ သာသနိက ပုဂ္ဂိုလ်လို့လဲ အခေါ်မခံထိုက်ပါဘူး၊ ထိုဗုဒ္ဓသာသနာသုံးရပ်ဖြစ်သော ပရိယတ်၊ ပဋိပတ် ပဋိဝေဓ၊ သာသနာကို တွေ့ထိတယ်၊ ထမ်းဆောင်တယ်ဆိုတာ- သိက္ခာသုံးပါးနဲ့သာ၊ (ဝါ)အကျင့်သုံးပါးနဲ့သာ ထမ်းဆောင်မှ တွေ့ထိရာ ရောက်ပါတယ်၊ အဲဒီလို= အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာ- သုံးပါးနဲ့ ကျင့်သုံးတွေ့ထိ- ထမ်းဆောင်နိုင်ပါမှ၊ သာသနာ့ဂုဏ်နဲ့ လျော်ညီစွာ တွေ့ထိထမ်းဆောင်ရာ ရောက်ပါတယ်၊ သာသနာအတွင်းဝင်သော၊ (ဝါ) ဘုရားအဆုံးအမတော်အတွင်းဝင်သော ပုဂ္ဂိုလ်လို့လဲ စာရင်းမြောက်ပါတယ်။

ဒါ့ကြောင့်= သာသနာသုံးရပ်ကို၊ ကျင့်သုံး ထမ်းဆောင်လိုသော၊ (ဝါ) သံသရာကို တူးဖြိုလျက်၊ ဝဋ်ဒုက္ခအပေါင်းမှ ထွက်မြောက်လိုသော- ယောဂီသူမြတ်သည်၊ ဘုရားအဆုံးအမကို ကျင့်သုံး ထမ်းဆောင်ရာဘွင်လည်း၊ သာသနာသုံးရပ်တွင် အလယ်၊ အလတ်ဖြစ်သော ပဋိပတ္တိသာသနာ၊ အဓိစိတ္တသိက္ခာမြတ်ကို၊ ပုခုံးထက်မှာတင်၍၊ ထမ်းဆောင်ရပါမည်။ ထိုသို့-ထမ်းဆောင်ရာတွင် သူ့ချည်းသက်သက်၊ အကျင့်စက်နှင့် သမာဓိတက်ရန်မျှလားလို့ ဆိုတော့ မဟုတ်ပါဘူး၊ (ဝါ) ထမ်းပိုးချည်းသက်သက်- ထမ်းရွက်ရမှာ မဟုတ်ပါဘူး၊ ထမ်းပိုးရှေ့အစွန်းမှာ ပရိယတ္တိသာသနာနှင့် အဓိသီလသိက္ခာ- ချိပ်လျက်ပါရပါမည်။ နောက်အစွန်းမှာ-ပဋိဝေဓ သာသနာနှင့်- အဓိပညာသိက္ခာတို့လည်း

ချိပ်လျက် မကွေ့မကွာ ပါစေရပါမည်။ (ဝ၅) ထမ်းပိုး ပဋိပတ္တိ အမိစိတ္တ သိက္ခာအရှိန်ဖြင့် ရှေ့ကိုလည်း မသာမလွန်၊ နောက်ကိုလည်း မသာလွန်စေရဘဲ၊ ညီမျှသောအားဖြင့် ထမ်းဆောင်သွားနိုင်ရပါမည်။ (ဥပမာ) လေးထောင့်, သံပုံး- နှစ်လုံးနဲ့ ရေထမ်းတယ်ဆိုပါစို့။ ရှေ့နောက် အလေးချိန်ညီမျှအောင် ထမ်းပိုးအလယ်ခေါင်ကို ပုခုံးပေါ်တင်ပြီး- ထမ်းပါမှ မဖိတ်မစင်, တွင်တွင် လျှောက်ရုံမျှမက၊ ထမ်းရသည်ပင်၊ ပေါ့ပါးလျင်မြန်စွာ ထမ်းသွားနိုင်သော အလေ့အကျင့်ရပြီး၊ အထမ်းသမားတွေကို မေးကြည့်ရင် လူက ပင်ပမ်းစွာ, ထမ်းရသည်ဟုပင်မထင်၊ ထမ်းပိုးကလေးကပင်၊ နှစ်ဘက်ဝန်ကို တကျိကျိနှင့် ထမ်းသွားသလို၊ ပေါ့ပါးတက်ကြွစွာ သွားလာနိုင်သည်လို့ ပြောစမှတ်ပင် ပြုကြပါသည်။

အဲဒီလို- ဥပမာလိုဘဲ၊ အလယ်ခြောက်မျိုးမှ လေးမျိုးကို ပယ်ပြီး၊ သုံးမျိုးကို တွယ်ရာမှာ၊ အဓိစိတ္တသိက္ခာ ထမ်းပိုးနှင့်ညီမျှစွာကျင့်သုံးထမ်းဆောင် တတ်ရင် ဝန်လေးတဲ့-လုပ်ငန်းမဟုတ်ကြောင်း ထင်ရှားပါတယ်၊ ဟိုဘက်ကလို- ဒီဘက်ကပို၊ ဒီဘက်က လို- ဟိုဘက်က ပိုနဲ့၊ အလယ်က ထမ်းပြု နေရာမကျမှု ကြောင့်၊ ဘယ်သင်းကို ဘယ်လို ပြုရမလဲ မသိဘဲ၊ သာသနာနဲ့ တွေ့ချင်လို့ ဝန်ထမ်းရင်- ခက်ခဲပင်ပမ်းခြင်းနဲ့သာ အချိန်ကုန်သွားတတ်ပါတယ်၊ ထမ်း သည်ဖြစ်စေ၊ ရွက်သည်ဖြစ်စေ၊ သဘောသွား- အခွင့်အလမ်းနှင့် အလေ့- အကျင့်ညီမျှသွားရင်၊ မပင်ပမ်း, မခက်ခဲလှပါဘူး၊ ထိုနည်းတူစွာ- ဘာဘဲ လုပ်လုပ်၊ အကြောင်းသိရင် အလွယ်တကူ ပြုနိုင်၊ လုပ်နိုင်တတ်ကြသည်။ အကြောင်း မသိရင်သာ- ခက်နေကြရပါသည်။ ဒါကြောင့်–"အကြောင်းမသိ လို့ ခက်နေတာပါ၊ အကြောင်းသိရင် အလွယ်ကလေးပါ"ဆိုတဲ့ လက်သုံး စကားကိုကြည့်ရင်၊ ဘယ်အရာမဆို၊ အကြောင်းသိဘို့ အရေးကြီးပါသည်။ ဝိပဿနာအရာမှာ- အကြောင်းသိဘို့ ဆိုတာ၊ ပညာသိ- ဉာတ- ပရိညာကို ဆိုလိုပါတယ်၊ ဒါကြောင့်- ပညာသိ–သိပြီး၊ အလွယ်တကူ, အားထုတ်နိုင် အောင်လို့၊ ရှင်းလင်းပြပေးနေခြင်း ဖြစ်ပါတယ်၊ မဏ္ဍိမ ပဋိပဒါလေးဖြစ်ဘို့၊ ဒီမျှ- သိနေစရာ မလိုပါဘူးလို့ ထင်လေနဲ့၊ မသိဘဲလုပ်ရင်, အားထုတ်ရင်၊ ဘယ်ကိုရောက်လို့၊ ဘယ်ကိုပေါက်ပြီး၊ ဘယ်လိုလမ်းမှန်အောင် ပြင်ရမလဲလို့ မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေတဲ့၊ ဝိစိကိစ္ဆာတန်းလန်း ရှိနေရင်၊ တရားမှန်နဲ့ အား ထုတ်မှုမှန်ခါ၊ ထက်သန်, ရင့်ကျက်လာဘို့ မလွယ်ကူတော့ဘဲ၊ ခက်ခဲလှတယ် ဆိုပြီး၊ စိတ်ပျက်တတ်ပါတယ်၊ ဒါကြောင့်- စိတ်ရှည်ရှည်ထားပြီး၊ မှတ်သား ပိုင်းခြားရယူတော်မူကြပါ။

သာသနာသုံးရပ်ကို၊ သိက္ခာ သုံးထပ်ဟပ်၍၊ ထမ်းဆောင်ရမယ်လို့၊ တထစ်ချမှတ်ပြီးလျှင်၊ ရှေ့အစွန်း ပရိယတ္တိ သာသနာကို၊ သုတမယပညာ, သုတမယဉာဏ်နဲ့ စုံညီအောင် ရရှိရပါမယ်။ ပဋိပတ္တိသာသနာ– အဓိစိတ္တသိက္ခာ ကိုလဲ၊ သီလ, ဝိသုဒ္ဓိနဲ့ အစပြုပြီး ရအောင်ကျင့်ဆောင်ရမယ်၊ နောက်အစွန်း ပဋိဝေဓ သာသနာကို၊ ဘာဝနာမယဉာဏ် အဖြစ်နဲ့ရအောင် အားထုတ်ရမယ်၊ အဓိပညာသိက္ခာကိုလဲ၊ ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိကို၊ စိန္တာမယပညာ ဉာဏ်နဲ့ ပြည့်ဝအောင်– ရထားပြီးလျက်၊ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါ ဉာဏ ဒဿနဝိသုဒ္ဓိ, ဉာဏဒဿန ဝိသုဒ္ဓိ,တိုင် ရောက်အောင်၊ ဘာဝနာမယဉာဏ်နဲ့ အတူ၊ တလှူလှူတိုးတက်စေရန် ကျင့်သုံး အားထုတ်ရပါမယ်။

ဘယ်သူနဲ့- အားထုတ်ရမလဲဆိုတော့၊ အဓိစိတ္တသိက္ခာ အလုပ်ဓါတ်နဲ့၊ ပဋိပတ္တိ သာသနာ– မဂ္ဂင်ရှစ်ရပ်၊ အကျင့်အမြတ်မဟာနဲ့၊ အားထုတ်ရမှာ ဖြစ်ပါတယ်၊ သာသနာသုံးရပ်၊ ဘုရား–အဆုံး, အမ, အလုံးစုံသော တရားမြတ် ကို၊ ထမ်းဆောင်ရာတွင်၊ သိက္ခာသုံးရပ်နဲ့ ကျင့်သုံးထမ်းဆောင်ရမှာ ဖြစ်ပါ တယ်၊ သိက္ခာသုံးရပ်က ဘယ်သူလဲ၊ ဘယ်ကလာသလဲ၊ ဘယ်တရားကိုယ်ရှိ သလဲဆိုတော့၊ ဇယားထဲမှာပါတဲ့....။

"သမ္မာဝါစာ, သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ"သုံးပါသည်၊ အဓိသီလ သိက္ခာဖြစ်တယ်။ ။ဒီတော့-ပရိယတ္တိ၌၊သုတမယပညာနဲ့၊ ဉာတပရိညာ ပြည့်စုံ တာကို- သာသနာနဲ့ တွေ့ထိကျင့်သုံး ထမ်းဆောင်ရာတွင်- အရိယာနွယ်ဝင် ကလျာဏ သူတော်စင်တို့၏ အစ၏ ကောင်းခြင်းနဲ့ ပြည့်စုံသော "အာဒိကလျာ ဏ"လို့ ခေါ်ဆိုထိုက်– ခေါ်ဆိုအပ်ပါတယ်၊ပဋိပတ္တိ၌ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ် ကို စိန္တာမယဉာဏ်လွန်မြောက်လျက် တီရဏပရိညာဆိုက်အောင် ကျင့်သုံးပြည့်စုံ တာရယ်၊ အဓိစိတ္တသိက္ခာ-ပရိယုဋ္ဌာန ကိလေသာ– ပယ်ခွါချုပ်ငြိမ်းစေနိုင်တဲ့ ပညာသမာဓိနဲ့ ပြည့်စုံတာရယ်ကို သာသနာနှင့် တွေ့ထိကျင့်သုံးထမ်းဆောင်ရာ တွင် အရိယာနွယ်ဝင်-ကလျာဏ သူတော်စင်တို့၏ အလယ်၏ ကောင်းခြင်းနှင့် ပြည့်စုံသော "မဇ္ဈေကလျာဏ"လို့ ခေါ်ဆိုထိုက်, ခေါ်ဆိုအပ်ပါတယ်။ ပဋိ ဝေဓ၌ ဘာဝနာမယ ပညာဉာဏ်နဲ့–ပဟာနပရိညာ–ပဟာန်သုံးပါး အားထုတ် ပြည့်စုံတာရယ်၊ အဓိပညာသိက္ခာရယ်၊ ဒိဋ္ဌိ,ကင်္ခါဝိတရဏဝိသုဒ္ဓိနှစ်ဖြာကို သုတ,စိန္တာ၊ ဘာဝနာ,ပညာဉာဏ်နဲ့ ပြည့်စုံပြီးမြောက်ပြီး၊အထက် ဝိသုဒ္ဓိသုံးဖြာကို ဘာဝနာ မယနှင့် ပဟာနတိုင် သက်ဝင်ပြည့်စုံတာရယ်လို့၊ သာသနာသုံးရပ် ထမ်း ဆောင်ကျင့်သုံးရာတွင်– အရိယာနွယ်ဝင် ကလျာဏသူတော်စင်တို့၏ အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံသော "ပရိယောသာနေကလျာဏ"လို့ ခေါ်ထိုက်-

| ငံၼၼၼ ဝဝ၁၃ၵ | ငံၼၼၼ ထိၵ၃ၵ | ငံၼၼၼ ထိတၑၵ |
|---|---|---|
| ယွယငီဂငလ၁ခံၼ<br>-ငယိဂ၁ၓ႑ၼ<br>႑ၼ၃ၵ-ငဟေလယယ်ငို<br>႑ဒီ-ဝံၼငၼ-တၼ-ပုၼ | ယွယငီတမိၵငီ-ံၼၵ<br>-ယွယငီဟပံၑၵတစိဂယဟ၁<br>-ယွယငီပံဟၑၵဂငံ<br>-ယွယငီဟပံၑၵဂပိ | ႑ယွယငီဒတိ၁ၑၵ ဂပိဂငံ<br>-ယွယငီဒတိ၁ၑၵဂငံ<br>-ယွယငီဒတိ၁ၑၵဂပိ |
| ငၸၑၵ ံငဟၵ<br>ငၸၵ တဂငံဝငၼ | ငၸၑၵ ယၓၵ<br>ငၸၵတဂငံတိ<br>ဦၼဝံၼၼဒယငီ ပံဂ႑ပံဂ<br>-ဦၼဝ ယၓယ႑ၼယ ႑ဦၼဝထိ | ငၸၑၵယငီ<br>ငၸၵတဂယၼ |
| ဦၼဝ ံၼၼဒယငီ<br>ဦၼဝ ံၼၼဒယငီ႑ဒဂ၃ၵ | | |
| ငယိၼငၸၵဂၼ<br>ဂိယွၼငၵၼ-၃ငၵၼ | ငယိၼထိဂၼ<br>ဂငဂၼငၵၼ<br>-ဂငတ႑ဝငၵၼ-ပွၼၼငၵၼ | ငယိၼလၼဂၼ<br>ဝ၃ငၼငၵၼ<br>ဒိဂယငၵၼ-ငဝ႑ဝငၵၼ |

(…ငၼ၁ၓဂြိ:႑ဂၼ ပြ:ဝငဂွယၵ ၃ံငဂြိ:ၼဂိၼ-႑ယဂ၃ပိ-၃ဝဂၼ)

ခေါ်ဆိုအပ်ပါတယ်။ ဤသို့-သဒ္ဓမ္မသုံးဖြာ-ဉာဏ်သုံးလွှာနှင့် ပရိညာသုံးနည်း-
ပဟာန်ပြီးသော၊ သုတ္တ- သုတ္တနုလောမနည်း အစဉ်အားဖြင့်၊ သိက္ခာသုံးအင်-
စင်ကြွယ်စွာ သက်ဝင်ရေးကို အလေးဂရုပြုခါ- ကြိုးစားသင့်ပါသည်။

ဒီတော့- မိမိတို့သည် ပညာသိနဲ့ အကျင့်ပဋိပတ်၌ ဘယ်အဆင့်မျှရှိနေ
သေးသည်ကို တကန့်စီ-တသန့်စီ၊မိမိတို့ကိုယ်ဝယ် စစ်ဆေးကြည့်တိုင်း မည်သည့်
အပိုင်းအခြားတိုင်အောင် ဆောက်တည်ပြည့်စုံထားနိုင်သည်-မထားနိုင်သည်ကို
ပိုင်းခြားဆန်းစစ်ကြည့်၍ လိုသည်ကိုသိ- ညှိပြီး ဖြည့်ကျင့် ဆည်းပူးအားထုတ်
သင့်ပါသည်။ တဏှာ,မာန,ဒိဋ္ဌိတို့ အလိုကိုလိုက်ပြီး ကိုယ်မကြိုက်နိုင်တာရယ်၊
ကိုယ်မဆောက်တည်နိုင်တာရယ်ကြောင့်တော့ ဂျီးထူပြီး ဆင်ခြေပူတွေ တက်
နေရင်- ကိလေသာပူ- သံသရာဂူထဲက ဘယ်တော့မှ ထွက်နိုင်မည်မဟုတ်သည်
ကို ကြပ်ကြပ်သတိချပ်ပါလေ။ ။

မူလ,ဇယားကွက်မှ လေးမျိုးကိုပယ်- သုံးမျိုးတွယ်၍၊ ကိုယ်ဝယ်မဂ္ဂင်
နေဘို့ အရေးသည်- အထက်ကကဲ့သို့ သာဝက ပါရမီဉာဏ်အဆင့်ဆင့်ကလေး
တွေနဲ့ ဝန်းရံပြည့်ဝလျှင် သာသနာနဲ့တွေ့ရကျိုးကြေနပ်မှာပါဘဲ၊အဲ့ဒီသဘော
တွေအားလုံး အစုံအစေ့ကို ဒီသင်တန်းမှ ရသွားပါစေမည်၊ ယခုအလုပ်ပေး
တရားအတွင်း၌ အလုံးစုံကို မရှင်းလင်းတော့ဘဲ၊ မူလသင်တန်း မာတိကာအရ၊
ပြသသောအခါ ဒါတွေအားလုံး သူ့ကွင်းဆက်နဲ့သူ-ပါလာပါလိမ့်မည်။ သို့
သော် ရိပ်စားမိရုံနှင့် သက်ဆိုင်သမျှသဘော ရှင်းလင်းပြပေးပါဦးမယ်။

ဤပရိယတ်,ပဋိပတ်,ပဋိဝေဓ သာသနာကို တွေ့ထိရေးသည် သိက္ခာ
သုံးပါးနှင့်မှ တွေ့ထိ၍ ရနိုင်ပါသည်။ သိက္ခာသုံးပါးမကျင့်သုံးငြားဘဲ၊ တွေ့ထိ
နိုင်ပါသည်ဆိုပြီး တွေ့ထိခြင်းသည် မလေးမနက်, ပေါ့ပျက်သော တွေ့ထိခြင်း
မျိုးသာ ဖြစ်ပါသည်။ အရာရာကို ငါ့ရှေ့တန်းတင်ခါ- ငါသိ,ငါတတ် ဖယ်ခွါ
မယူတတ်လျှင် မာနတံခွန်စိုက်ထူပြီး၊ ကမောက်ကမ-တယူတသူ ဖြစ်သွားတတ်
သည်။ ထို့ကြောင့်- ဤဝိပဿနာပညာဆည်းပူးရာတွင် နှလုံးပျော့ပြောင်း,
သူတော်ကောင်းအဖြစ် ရပ်တည် ဆည်းပူးတော်မူပါ၊ သူသူငါငါတို့ နှလုံး
ပျော့ပြောင်း,သူတော်ကောင်း မဖြစ်နိုင်ကြသည်မှာ အတ္တဒိဋ္ဌိတည်းဟူသော
ငါ၊ မာနတည်းဟူသော ငါ၊ ဒီနှစ်ခုလွန်ကဲနေသူအား ကာယမုဒုတာ- စိတ္တ
မုဒုတာ-အဖြစ်တည်းဟူသော စေတသိက်ကာယတို့၏ နူးညံ့ ပျော့ပြောင်းမှု၊
စိတ်နာမ်ကာယ၏ နူးညံ့ပျော့ပြောင်းမှုကို တားမြစ်၍ ကာယစိတ္တာသဒ္ဓဘာဝ
ကရ-အနေအားဖြင့် ခက်ထန်တင်းမာသော စိတ်- အယာဉ်၌သာ နစ်မွန်းခါ
အဖြစ်များကြရသည်။ဒိဋ္ဌိ-မာန, သိမ်းဆည်းနိုင်သူများသာ ကာယစိတ္တမုဒုတာ

အရ၊ စိတ်,စေတသိက်တို့၏ နူးညံ့ပျော့ပြောင်း– နှလုံးကောင်းနှင့် ပြည့်စုံနိုင်သည်ဖြစ်၍ နှလုံးပျော့ပြောင်း သူတော်ကောင်းဆိုသည်မှာ ဒိဋ္ဌိနဲ့မာနကို သိမ်းဆည်းနိုင်၊ ခွါချနိုင်သူ၌ တည်နိုင်ကြောင်းကိုသိ၍၊ မိမိတို့လည်း သိမ်းဆည်းနိုင်သမျှ– သိမ်းဆည်းပယ်ခွါကာ- ပညာရှာမှီးခြင်းသည် ဂ'ပ်ခဲတင်းလင်း– မရှိကင်း၍၊ စင်းလုံးချောသဘော ရရှိနိုင်မည်ဖြစ်ပါသည်။

တခါတရံ တရားတလုံးကို ပေါ်လွင်ထင်ရှားအောင် ချင်လှန်း၍ ပြသပေးရာ၌– တရားတလုံးငုပ်၍ကျန်ခဲ့ရတတ်သည်။ ထိုအခါ-နှလုံးမပျော့ပြောင်း၊ ဒိဋ္ဌိမာန– အုပ်ဆောင်းရှိသောသူ၌– ပြဆဲအစင်အမှန်နောက်ကို တောက်လျှောက်မလိုက်ဘဲ- ဆန့်ကျင်ဘက်ကို ရှု၍၊ တရားရမှု- စလုံးစခုဖြင့်နေရတတ်ပါသည်၊ ဖြစ်သွားတတ်ပါသည်။ ထို့ကြောင့်– ဝက်အူရစ်များလို– တရစ်ပြီးတရစ်၊ သူ့အလှည့်နဲ့ သူ့အရစ်ကို ဂွင်ကျအောင် ပေးသွားရာတွင် ထဒ္ဓဘာဝကရ– ဒိဋ္ဌိနဲ့မာနကြောင့် ဆန့်ကျင်ဘက်ကို အာရုံပြုပြီး အတွေးလွန်မှုနှင့် ဝက်အူတရစ်ကျော်၍ ချော်သွားတတ်ပါသဖြင့် သတိပေးစကား ထည့်သွင်းမှာကြားရပါသည်။

ထို့အပြင်၊ဤဝိပဿနာ–ပညာဘာဝနာ ဆည်းပူးရာတွင် သူတပါးအားပြချင်တာကို ရှေ့မလောပါနှင့် မိမိကိုယ်တိုင်၊ ကိုယ်ပိုင်ညာဏ်နဲ့ထိုးထွင်းသိတဲ့-ကျင့်သိနှင့်တကွသော ဝိပဿနာ ဘာဝနာ-ပညာကို၊ ရနိုင်,ပေးနိုင်သည်အထိ၊ ရှေးဦးစွာ ကြိုးစားမယုတ်,ဆည်းပူးအားထုတ်ပါ၊မိမိပိုင်နိုင်မှသာ၊သူတကာကို-ပို့ချပါ၊ ဘုရားအဆုံးအမ- ပရိယတ္တိသည် စည်းကမ်းနှင့် နည်းလမ်းမှန်များကေန်ဖြစ်သည်။ ပဋိပတ္တိသည် ဘုရားအလိုလားဆုံး၊ ဆုံးမတော်မူချက်– ကျင့်ကူက်နှင့်တကွ၊ ပွားများအားထုတ်ရမည့် လုပ်ငန်းဖြစ်သည်။ ပဋိဝေဓသည် ထိုနည်းမှန်သော,အကျင့်မြတ်ကို၊ ကြိုးစားပွားများအားထုတ်သဖြင့်၊ ပေါ်ထွန်းလာသည့် အကျိုးမဂ်ဖိုလ်ညာဏ်တို့ဖြစ်သည်။ တနည်းအားဖြင့် ပရိယတ္တိသည် ကန်ဘောင်ရိုးနှင့် တူသည်။ ပဋိပတ္တိသည် ရေနှင့် တူသည်။ ပဋိဝေဓသည် ကြာနှင့် တူသည်။ ဘုရားအဆုံးအမ, စည်းကမ်းနှင့် နည်းလမ်းတကျ– ပရိယတ္တိတည်းဟူသော ကန်ဘောင်ရိုးမရှိသော်- (ဝါ) ကန်ဘောင်ရိုး ကျိုးပေါက်ပျက်စီးနေသော်၊ ပဋိပတ္တိတည်း ဟူသော- ရေသည်၊ တည်တန့်နိုင်တော့ဘဲ၊ ကန်ဘောင်ရိုး ကျိုးပေါက်၍– ရေမတည်ခြင်းသည်၊ ပရိယတ္တိ ကန်ဘောင်ကို၊ ကိုယ်,လိုချင်သမျှ၊ ချိုးဖဲ့ယူ၍ အသုံးချကာ၊ ပဋိပတ္တိပါဟူ၍၊ ကျင့်သုံးခိုင်းက၊ စည်းကမ်းနှင့် နည်းလမ်းမမှန်သဖြင့်၊ အကျိုးတလီ ထူးသည်မဟုတ်ခြင်းအပြင်၊ ကြာလျှင်,ကျင့်သုံးလိုက်နာသူတွေ-ကွယ်ပျောက်ခါ-သွားတတ်ခြင်းတို့ကြောင့်၊

ကျိုးပေါက်သော–ကန်ဘောင်ကြောင့်၊ ပဋိပတ္တိရေ ကြာရှည်မတည်သည်ဖြစ်၍၊ ပဋိဝေဓတည်း ဟူသော ကြာသည်လည်း၊ ရေမရှိသော– ကန်၌၊ ပေါက်ဖွယ်–ဖွင့်ဘွယ်ရာသော အကြောင်းလုံးဝမရှိကောင်းတော့ပေ။

သိက္ခာသုံးအင် ဆင်ယင်မှုနှင့် သာသနာသုံးရပ်၊ တွေ့အပ်ကျင့်သုံး,ထမ်းဆောင်မှု အားလုံးသည်၊ သူ့ဂွင်းဆက်နှင့်သူ၊ ပုံတူ၊ အလေးတူ၊ အသားတူ ဖြစ်ပါမှ၊ ကြွသွားတော်မူခဲ့သော အရိယာသခင်တို့နှင့် အလားတူ၊ ပရိနိဗ္ဗာန် ယူနိုင်ကြရမှာ ဖြစ်ပါတယ်၊ ဒါကြောင့်- ပရိယတ်နည်းလမ်းမှန်ကို လိုချင်ရင်၊ ပဋိဝေဓတိုင်အောင်၊ အကျိုးအကြောင်း–အဓိပညာသိက္ခာနဲ့ အညီရအောင်ရှာ ရမယ်။ အဓိသီလသိက္ခာရကြောင်း၊ အဓိစိတ္တသိက္ခာရကြောင်းမျှ၊ရည်ရွယ်သဘူ ပြု၍ မရှာသင့်ပါ၊ ဘာ့ကြောင့်ဆိုသော်၊ ဝဋ်၏ဦးခေါင်း အပြီးတိုင် ပြုတ်စေ လိုသော– ဆန္ဒာအဓိပတိ ရှိသူ၏အဖြစ်သည်၊ အဓိပညာသိက္ခာကိုသာ၊ အကြီး အမှူးပြုရပါသည်။ ဒီတော့–ယောဂီသူမြတ်တို့၊ တသံသရာလုံးက ဝဋ်သုံးပါး၌၊ ကြဉ်လည်မေ့မျောလာခဲ့ရတဲ့၊ မိမိခန္ဓာကိုယ်, စိတ်, အယာဉ်တွေကို၊ ဝဋ်က ထွက်မြောက်လိုပါတယ်ဆိုရင် "ဝဋ္ဋဗျာသယ" ဝဋ်ကို လိုလားနေသေးတယ် ဆိုတဲ့ အလိုအာသာ ဆန္ဒတွေကိုပယ်ပြီး "ဝိဝဋ္ဋဗျာသယ" ဝဋ်မှ ထာဝစဉ် ထွက်မြောက်ဘို့ဆိုတဲ့– အလိုအာသယကို၊ ဆန္ဒာဓိပတိ၊ စိတ္တာဓိပတိ၊ နှစ်ဖြာမိ အောင်၊ မွေးမြူဆုံးဖြတ်ထားရမယ်၊ ဝဋ်မှ ထွက်မြောက်ရာ- ဆန္ဒ, စိတ္တ, ဓိပတိ နှစ်ဖြာ–မဆိတ်မကွယ်မှု၊ မိမိ၏ ဝီရိယာဓိပတိဆိုတဲ့၊ ပြီးမြောက်အောင် ဆည်း ပူး, ကျင့်ကြံ, အားထုတ်မယ်ဆိုတာရယ်၊ ဝီမံသာအဓိပတိ– အဓိပညာသိက္ခာ အမှူးပြုပြီး၊ လိုအပ်သည့် နည်းလမ်းမှန်၊ ကျင့်ကြံအားထုတ် ပွားများမှု ကေန် တို့ကို၊ အလေးအနက်ထား၍၊ ရှာဖွေကြိုးကုတ်နိုင်ရန်– သန္နိဋ္ဌာန် ချဘို့သည်၊ လွန်စွာအရေးကြီးပါသည်။

အဲဒီလို- သန္နိဋ္ဌာန်ချနိုင်ပြီးရင်တော့၊ သာသနာသုံးရပ်ကို၊ သိက္ခာသုံး ပါးနှင့်ဟတ်ရာတွင်၊ "ဝိဝဋ္ဋဗျာသယ"ခေါ်အယာဉ်၊မပြတ်တွင်တွင်နှင့်၍ အဓိ ပညာသိက္ခာခွင်ကို၊ အပိုင်ရအောင် ရှာကြံဆည်းပူးပါလေ။

ဤနေရာ၌- ပရိယတ္တိဟုဆိုအပ်ရာဝယ်၊ စာသင်သားနယ်ကဲ့သို့၊ အာဂုံ ရေးဖြေ, သဒ္ဒါအခြေအနေတွေနဲ့ မဟုတ်ပါ။ ပဋိပတ္တိလုပ်ငန်းအဘွက် လိုအပ် သော စည်းကမ်း, နည်းလမ်း, တိကျမှန်ကန်သည့် အချက်တို့ကို၊ ရရှိဘို့ရာသာ ဖြစ်ပါတယ်။ အဲဒီလို= အဓိပညာသိက္ခာကို အမှူးပြုပြီး၊ သာသနိက ပုဂ္ဂိုလ် ထူးဖြစ်အောင်- ဆည်းပူးပွားများ အားထုတ်ရမှာ၊ သူ့ချည်းလားဆိုတော့ မဟုတ်ပါဘူး၊ အဓိသီလ သိက္ခာနဲ့၊ အဓိစိတ္တသိက္ခာကိုလဲ၊ ဆိုင်ရာအစဉ်မှာ,

အမြဲပါဝင်စေရပါမယ်။ "ဝိဝဋ္ဋဉ္ဇာသယ"ဓါတ်ကြောင့်၊ အဓိပညာသိက္ခာမြတ်ကို၊ လိုချင်သူ- ယောဂါဝစရ ပုဂ္ဂိုလ်တို့ မည်သည်၊ အရင်းကစ၍၊ ချိုင်နိုင်ပါလျှင်၊ အဖျားတိုင်၊ အခက်အလက်တို့မှာ၊ မချိုမကွက်၊ မပျက်မယွင်း၊ ပါဝင်ခြင်းရှိလာရမယ်ဆိုတာ၊ ဓမ္မသဘာဝ, နိယာမလို သဘောပါဘဲ၊ ဒီနေရာမှာ သိရင် ပြီးတာဘဲဆိုတဲ့၊ တဘက်စွန်းစကားတွေကို မယုံပါနဲ့၊ သိဘို့မလိုပါဘူး၊ လုပ်လို့ရှိရင် ပြီးတာဘဲဆိုတဲ့၊ တဘက်စွန်းစကားတို့သဲ မသင့်ပါ၊ အထက်ဇယားကို ပြန်ကြည့်ပါ၊ ဝိဇ္ဇာထဲက တခု၊ စရဏထဲက တခု၊ ပြုတ်သွားရင်၊ မဂ်ဖိုလ်ရကြောင်း- အလုပ်မဟုတ်ဘူးလို့ ယုံပါ၊ အတ္တနောမတိများကို၊ မိမိကိုယ်တိုင်လဲ မကိုင်ပါနဲ့၊ သူတပါးထွင်ထားတာလဲ မယူလေနဲ့၊ ပရိယတ်စည်းကမ်းနှင့် ညှိ၍ မရသော၊ လိုရာသဘောသို့ ပုံသွင်းထုတ်လုပ်မှု- မခံရအောင် သတိထားပါ၊ ဗုဒ္ဓသာသနာ–ဘုရားအဆုံးအမတို့သည်၊ ပုဂ္ဂိုလ်ကို မိမိတို့လိုသလို ပုံသွင်းပေးသော- တရားများမဟုတ်ပါ၊ ပုဂ္ဂိုလ်ဆိုတဲ့ ၃၁–ဘုံတွင်း၊ ဝဋ်ဆင်းရဲ အညွှန်းဆဲခံသမားကို၊ မဟာကရုဏာထား၍၊ ဝဋ်မှ ထွက်မြောက်သွားအောင်၊ ညွှန်ကြားပြသပေးသော တရားတော်များသာ ဖြစ်ပါသည်။ ဒါကြောင့်– အာစရိယဆရာအစဉ်၊ အရှင်မြတ်တို့က–"ကျမ်းတတ်ထက်၊ ကျမ်းစပ်ခက်၏"၊ "ကျမ်းသိထက်၊ ကျမ်းညှိခက်၏"ဟု ဆိုစကား ထားရှိပါသည်။ အဲဒါ– ဘာ့ကြောင့်မို့- ဒီစကားထားတော်မူသလဲဆိုတော့၊ ဘယ်ကျမ်းကိုမှငဲ့၊ ကိုယ်လိုလားထားတာနဲ့ တည့်ပြီဆိုရင်၊ တခြားကျမ်းတွေ– အပိုပင် ဖြစ်အောင်၊ ပုံသွင်းချင်သူတို့၊ ကျင့်သုံးတတ်သောကြောင့်၊ ဤဆောင်ပုဒ်ထုတ်ခဲ့ခြင်း ဖြစ်ပေသည်။

ယခုဖော်ပြပါ= သာသနာသုံးရပ်– တွေ့ထိအပ်သော သဘော၌၊ သိက္ခာသုံးရပ်တွင်၊ အဓိပညာသိက္ခာမျိုး အမွှားပြု၍၊ မြေတောင်မြှောက်ကြပါဟု ဆိုလိုက်ခြင်းသည် ပဓါနအချုပ်အဖြစ်မှ– မလျော့ပါးရအောင် ယုံကြည်ချက်၊ ခံယူချက်၊ ကျင့်သုံးချက်- ပြည့်ဝစေလို၍ ဖြစ်ပါသည်။

အဲဒီတော့= သာသနာသုံးရပ်နဲ့ တွေ့ထိပြီး၊ သံသရာကို တူးဖြိုးတဲ့၊ ယောဂီသူမြတ်သည်၊ သိက္ခာသုံးပါးကို၊ ကျင့်သုံးခါ တွေ့ထိပြီး၊ သံသရာကို တူးဖြိုရပါမယ်၊ ဒါမှ– သာသနာ့ဂုဏ်နဲ့ လျော်ညီတဲ့ လုပ်ငန်းဖြစ်တယ်၊ အဲဒီလို- သာသနာနဲ့ တွေ့ထိနိုင်အောင်၊ တွေ့ချင်တွေ့လိုတဲ့၊ ဝိဝဋ္ဋဉ္ဇာသယဓါတ်နဲ့ ယောဂီမှာ ပြည့်စုံရမယ်၊ ပြည့်စုံမှ တွေ့ထိလို့ရတဲ့၊ ရုပ်နာမ်စု အဖြစ်တည်လာမယ်၊ ထင်ရှားကေန်ရှိတဲ့၊ တွေ့ထိခံသာသနာတော်ရယ်၊ တွေ့ထိနိုင်အပ်

ဝိဝဋ္ဋဇ္ဈာသယဓါတ်ရှိတဲ့ ပုဂ္ဂိုလ်ရယ်ကတော့ ရှိပါပြီ၊ ဘယ်လိုတွေ့ထိနိုင်သလဲ တွေ့ထိနိုင်အောင် ပုဂ္ဂိုလ်သတ္တဝါက၊ ဝင်ဆောင်လို့မရပါ။ ဝိဝဋ္ဋဇ္ဈာသယ ဓါတ်ရှိရင်၊ ဆန္ဒာဓိပတိဖြစ်မယ်၊ စိတ္တာဓိပတိဖြစ်မယ်၊ အဲဒီ- အဓိပတိတရား နှစ်ပါးခိုင်မြဲသော ဝဋ်မှ ထွက်မြောက်မှု- အာလယကိန်းသည့် ရုပ်နာမ်ခန္ဓာ သည် ဝီရိယာဓိပတိနှင့် တွေ့ထိကြောင်းကြိုးသာကို၊ မပျက်မယွင်းဆောင်နှင်း မည်၊ ဘာကို အကြီးအမှူးပြုပြီး ဆောင်နှင်းမလဲ- ဝီမံသာဓိပတိဆိုတဲ့ အဓိ ပညာသိက္ခာ- အမှူးပြု ပြည့်ဝရေးအတွက် “ဓမ္မဝိစယ သမ္ဗောဇ္ဈင်” အနေအား ဖြင့် သာသနာသုံးရပ်ကို တွေ့ထိစပ်ယှဉ်- ဝဋ်အမျှင်ကို ဖျက်ထွင်ဖို့နိုင်အောင် ဆည်းပူး, ကြိုးကုတ်ခါ၊ ကျင့်သုံးပွားများ- အားထုတ်လာမည်သာ- ဖြစ် ပါတယ်။

ထင်ရှားရှိသော- သာသနာသုံးရပ်သည်၊ ဝဋ်မှ ထွက်မြောက်ရာအမှန် အတွေ့အထိခံ၊ဝိဝဋ္ဋဇ္ဈာသယဓါတ် တည်ရှိသည့်၊ယောဂီသည်-တွေ့ထိတတ်သော ဝတ္ထု။ တွေ့ထိအပ်ကြောင်း ဆောင်နှင်းမှုသည်- ဆန္ဒ, စိတ္တ, ဝီရိယ, အဓိပတိ သုံးပါး။တွေ့ထိ၍ အကျိုးရခြင်းသည်- ဝီမံသာဓိပတိနှင့် ဝီမံသိဒ္ဓိပါဒ်-ဓမ္မဝိစယ သမ္ဗောဇ္ဈင်နှင့် အဓိပညာသိက္ခာလို့ ပိုင်းခြားသိပြီးခါ၊ သိတဲ့အတိုင်း မဆိုင်း မတွ ကြိုးစားပါ၊ မရှိတာထက်,မသိတာခက်၊ မသိတာကို သိအောင် ဆည်းပူး ကြိုးကုတ်, မပြုလုပ်သည်က- သာ၍,လွန်၍, ပို၍, ခက်၏၊ အခက်သုံးပါး ကျော်လွှားနိုင်အောင်ကြိုးစားပါ။

အဲဒီ= သာသနာသုံးရပ်၊ တွေ့ထိအပ်တဲ့၊ သိက္ခာသုံးပါး ဘယ်က လာ သလဲဆိုတော့၊ ယောဂီတို့ရဲ့ အတ္တဘော- ရူပက္ခန္ဓာမှာ၊ ဟဒယဝတ္ထုရုပ်လို့ ခေါ်တဲ့၊ နှလုံးအကြည်ဓါတ်၌၊ အမြဲမှီအပ်သော်လဲ၊ အဝိဇ္ဇာဓါတ် ဖုံးလွှမ်း ထားခြင်းကြောင့်၊ ပေါ်ခွင့်မရ- ငုပ်နေရတဲ့၊ မဂ္ဂင်ရှစ်ပါးယှဉ် စိတ်တရားက လာပါတယ်၊ ဒါ့ကြောင့်- အထက်ပါ သာသနာနှင့် တွေ့ထိမှုသည်၊ မဂ္ဂင် တရားကိုယ်တိုင်နှင့်သာ တွေ့ထိရကြောင်းကိုလဲ သိပါ။ သီလမဂ္ဂင်, အဓိသီလ သိက္ခာဆိုတဲ့၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝက အစ၊ သမာဓိမဂ္ဂင် အဓိစိတ္တသိက္ခာဆိုတဲ့၊ သမ္မာသတိ, သမ္မာဝါယာမ, သမ္မာသမာဓိက အလယ်၊ ပညာမဂ္ဂင်, အဓိပညာသိက္ခာဆိုတဲ့၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ မဂ္ဂင်က- အဆုံး၊ ကောင်းခြင်းသုံးဖြာစလုံးနဲ့ တွေ့ထိရမယ်လို့ ဆိုခဲ့တဲ့၊ အဓိ, သီလ, စိတ္တ, ပညာ အတွင်းဝင်- မဂ္ဂင်သိက္ခာမျိုးကိုသာ အလိုရှိအပ်ပါတယ်။ ။

ထို့ကြောင့်- သိက္ခာသုံးအင်- မဂ္ဂင်ရှစ်ဖြာတို့၌ဝင်ပုံကို ပြရသော်...

လောကုတ္တရာနှင့် တိုက်ရိုက်မဆက်မသွယ် ပရိယာယ်အားဖြင့်–
**ဆက်သွယ်နိုင်တဲ့ လောကီမဂ္ဂင်ကတော့-**

သမ္မာဒိဋ္ဌိ = ကောင်းသော အယူကို ယူခြင်း။
သမ္မာသင်္ကပ္ပ = ကောင်းသော အကြံကို ကြံစီခြင်း။
သမ္မာဝါစာ = ကောင်းသော စကားကို ပြောဆိုခြင်း။
သမ္မာကမ္မန္တ = ကောင်းသော အမှုကို ပြုလုပ်ခြင်း။
သမ္မာအာဇီဝ = ကောင်းသော အသက်မွေးခြင်း။
သမ္မာသတိ = ကောင်းသော အောက်မေ့ခြင်း။
သမ္မာဝါယာမ = ကောင်းသော အားထုတ်ခြင်း။
သမ္မာသမာဓိ = ကောင်းသော တည်ကြည်ခြင်း။

လောကုတ္တရာနှင့်– မသွယ်မဝိုက်, တိုက်ရိုက်ဆက်သွယ်သောအားဖြင့်–
**သက်ဝင်သည့် သစ္စာမဂ္ဂင်ကတော့–**

သမ္မာဒိဋ္ဌိ = မဖေါက်မပြန် မှန်ကန်သော ဉာဏ်မြင်ရှိခြင်း။
သမ္မာသင်္ကပ္ပ = မဖေါက်မပြန် မှန်ကန်သော အကြံကို ကြံစီခြင်း။
သမ္မာဝါစာ = မဖေါက်မပြန် မှန်ကန်သော စကားကိုပြောခြင်း။
သမ္မာကမ္မန္တ = မဖေါက်မပြန် မှန်ကန်သော အမှုကို ပြုလုပ်ခြင်း။
သမ္မာအာဇီဝ = မဖေါက်မပြန် မှန်ကန်သော အသက် မွေးခြင်း။
သမ္မာသတိ = မဖေါက်မပြန် မှန်ကန်သော အောက်မေ့ခြင်း။
သမ္မာဝါယာမ = မဖေါက်မပြန် မှန်ကန်သော အားထုတ်ခြင်း။
သမ္မာသမာဓိ = မဖေါက်မပြန် မှန်ကန်သော တည်ကြည်ခြင်း။

အထက်ပါ= မဇ္ဈိမပဋိပဒါ၏ တရားကိုယ်ဖြစ်သော, မဂ္ဂသစ္စာ, မဂ္ဂင် ရှစ်ပါးမြတ်တရားကို၊ အနက်အဓိပ္ပါယ်နှစ်စားဖြင့် ခွဲခြားကြည့်ရင်၊ သဒ္ဒါအနက် အရ၊ ကောင်းမြတ်သော မဂ္ဂင်လို့သာ၊ ပြောဆိုနိုင်ရိုး ထုံးစံရှိပါသည်။ ဤသို့ ပြန်မှုအတိုင်း ကျင့်သုံးမှုအပိုင်းသည်၊ လောကီမဂ္ဂင်သာ ဖြစ်ပါသည်။ ဘာ့ ကြောင့်ဆိုသော်– သီလမဂ္ဂင်၌၊ ပြောမှု၊ ပြုလုပ်မှု၊ သက်မွေးမှုတို့ကို၊ လှုပ်ရှား ပြောသို ပြုပ်လုပ်ခါမျှ အပိုင်းသည်၊ စေတနာနှင့်တကွ ယှဉ်၍ပြုရသောကြောင့် စေတနာကံသာလျှင် ဖြစ်ပြီး၊ မဂ္ဂင် ကံအဖြစ်၊ သတိဦးစီးသော–ဉာဏ်,အထူးသို့ မသက်ဝင်သောကြောင့် ဖြစ်ပါသည်။ ဝိပဿနာ တဒင်္ဂမဂ်မှ လောကုတ္တရာ မဂ်တိုင်အောင် ဘာဝနာဘိသမယအခါ၌၊ သတိဆိတ်နေခြင်း၊ ငြိမ်သက်စွာ,

နေခြင်းတို့နှင့်အတူ၊ ပုဗ္ဗဘာဂ သတိပဋ္ဌာန်မဂ်ကစ၍၊ ကျင့်ရသော အခိုက်သည်သာ– မဂ္ဂင်ကံ ဖြစ်ပါသည်။ ထို့ကြောင့်– စေတနာကံဖြင့် ကောင်းသော စကားကို ပြောဆိုခြင်း စသည်တို့သည်၊ မဂ္ဂင်ကံ၌– မသက်မဝင်၊ လောကီကုသိုလ် စေတနာကံများပင် ဖြစ်ကြရပါတော့သည်။ (မူလဋီကာနှင့် သီလက္ခံဋီကာ)။

ထို့ကြောင့်= လောကုတ္တရာနှင့် တိုက်ရိုက်ဆက်သွယ်သော မဂ္ဂင်ကံ, မဂ္ဂသစ္စာကို၊ သမ္မာဒိဋ္ဌိ=မဖောက်မပြန်-မှန်ကန်သော အယူကို- ယူခြင်းတိုင်အောင် လောကီမဂ္ဂင်, ကံအနေအားဖြင့် အလိုရှိအပ်သလို၊ ကျန်မဂ္ဂင်(၇)ပါးတို့ကိုလည်း အလိုရှိအပ်ပါသည်၊ သစ္စာနှင့် ထိုက်အောင် အနက်ဆိုခြင်းကိုဂင်း၊ မိစ္ဆာဒိဋ္ဌိကို ဖောက်ပြန်မှောက်မှားသော အယူဟုဆိုပါလျှင်၊ သမ္မာဒိဋ္ဌိသည် မဖောက်မပြန် မှန်ကန်သော အယူဟုသာ ဖြစ်သင့်ခြင်းနှင့် "မဂ္ဂသစ္စာ"ဟု ဆိုအပ်သော အမှန်သစ္စာသဒ္ဒါကိုငဲ့၍၊ လောကုတ္တရာ တိုက်ရိုက် ဆက်သွယ်နိုင်သော သစ္စာမဂ္ဂင်,အဖြစ် မဖောက်မပြန် မှန်ကန်သောဟူသည့် အနက်အဓိပ္ပါယ်ကို ယူခြင်းသည်သာ ဝိဝဋ္ဋကထာ– မြောက်ကြောင်း သဘောပေါက် နားလည်အပ်ရာပါသည်။ ။

ဤနေရာ၌= မဂ္ဂင်တရားတို့ကို၊ သမ္မာဒိဋ္ဌိ= မဖောက်မပြန် မှန်ကန်သော အယူဖြစ်အောင်၊ အဘယ်တရား၌ အဘယ်သို့ ယူရသည်ကိုဂင်း၊ မဖောက်မပြန်သော သဘောကိုဂင်း၊ ရှင်းလင်းရန် အခါမဟုတ်သေး၍ ချန်ခဲ့ပါမည်။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပမဂ္ဂင်, နှစ်ပါးသည် ဝိဇ္ဇာမျိုးဖြစ်ပါသည်။ ၎င်းမဂ္ဂင်ရှစ်ပါးကို မဂ္ဂင်ကံနှင့် မဂ္ဂင်ဉာဏ်အဖြစ်ကို အလိုရှိသော ယောဂီသူမြတ်သည် စရဏမဂ္ဂင် (၆) ပါးလုံး၌– သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, ဝိဇ္ဇာမျိုး, ပညာမဂ္ဂင်, နှစ်ပါးသည်၊ အမြဲယှဉ်၍ ပါ-ပါမှသာ မဂ္ဂင်ကံ, မဂ္ဂင်ဉာဏ်အစစ်ကို ဖြစ်စေ၊ ရစေနိုင်ပါသည်၊ ဝိဇ္ဇာမျိုး– ပညာမဂ္ဂင်နှစ်ပါး, မယှဉ်ပါက လောကီသက်သက် လောကုတ္တရာသို့ မတက်နိုင်သော စေတနာကံ- စရဏမျိုးသာ ဖြစ်သွားတတ်ပါသည်။ ထို့ကြောင့်လည်း- အထက်၌ ဝဋ်မှ ထွက်မြောက်လိုမှုကြောင့်၊ သာသနာသုံးရပ်နှင့် တွေ့ထိကျင့်သုံး ထမ်းဆောင်ရာတွင် အဓိပညာသိက္ခာ အကြီးအမှူးပြုရမည်ဟု ဆိုအပ်ခဲ့ပြီး ညွှန်ပြအပ်ခဲ့ပြီး ဖြစ်ပါသည်။

ထို့ကြောင့်= မဇ္ဈိမ ပဋိပဒါ အဖြစ်အားဖြင့် ပဋိပတ္တိသာသနာကို အဓိစိတ္တသိက္ခာနှင့် ထမ်းဆောင်ပွားများဆဲ အခါ၌- ဖြစ်စေ၊ ဝိပဿနာ ပညာ ဆည်းပူးရာ၌ ဖြစ်စေ၊ အဓိသီလသိက္ခာဝင်၊ သီလဝိသုဒ္ဓိကို ဆင်ယင် ကျင့်သုံး၍ သုတမယ ပညာရရှိအောင်၊ စိန္တာမယပညာရရှိအောင်၊ ဘာဝနာမယ ပညာရရှိအောင်၊ ပညာမဂ္ဂင်ဦးစီးပြီး အကြီးအမှူး၍ ဉာတပရိညာစခန်း,လွန်မြောက်မှု

ရူပ ပရိစ္ဆေဒဉာဏ်၊ နာမ ပရိစ္ဆေဒဉာဏ်၊ နာမရူပ ပရိစ္ဆေဒဉာဏ်တို့ကို အပိုင်အနိုင် ရရှိအောင်၊ ကြိုးစားလျက်၊ တီရဏ ပရိညာမြောက်မှု- နာမရူပ ပရိဂ္ဂဟဉာဏ်၊ ဟေတုပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်တို့ကို ခန္ဓာဝယ်တင်လှမ်း၍ ဆင်မြန်းနိုင်အောင် အားထုတ်ခါ၊ ပဟာနပရိညာမြောက်မှု- ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်တို့ တိုင်ရောက်အောင်၊ နည်းမှန်လမ်းကျ မဇ္ဈိမပဋိပဒါစစ်စစ်ဖြင့် ကြိုးစားကြပါလေ၊ ဝိပဿနာမဂ်ကို ပစ္စက္ခဘဝတွင် ကေန်ထား၍ လောကုတ္တရာမဂ်ကို ရအံ့, ရလတံ့-ရပြီးအထိ သက်ဝင်နိုင်သည်ဖြစ်၍ မဆုတ်မနစ် ကြိုးစားတော်မူသင့်ပါပေသည်။

ဤသို့= လေးမျိုးကိုယ်၊ သုံးမျိုးတွယ်ရာတွင် တန္တယ်ငင်လျှင် တစင်လုံးပါသည့် မဇ္ဈိမပဋိပဒါ- မဂ္ဂင်ရှစ်ရပ်နှင့်ယှဉ်၍ ပဋိပတ္တိ အသင်းအပင်းဝင်, တရားကိုယ်တခွင် ဉာဏ်အစဉ်သို့ သက်ဝင်ပါရှိကုန်သည်တို့လည်း ပိုင်းခြား သိထားအပ်ပါသည်။ ဘာဝနာခွင်ဝင် ပွားများမှုအစဉ်၌လည်း အတိတ်နှင့် အနာဂါတ် အာရုံနှစ်ရပ်ကို ပယ်အပ်ထိုက်သည့်အတိုင်း၊ ယခုပစ္စုပ္ပန်ဆတ်ဆတ် အာရုံခေါ်ကိုသာ ပရိညာသုံးပါးဆိုက်အောင်၊ လက္ခဏာသုံးပါး ထင်အောင် အဓိသိက္ခာသုံးပါး၌ တင်ပြောင်း၍-အဓိပညာသိက္ခာအထိ ဆိုက်ပွားအောင်၊ အာရုံအလိုက်မမှားဘဲ ပွားများထိုက်ကြောင်းကိုလည်း သိစေအပ်ပါသည်။

မဇ္ဈိမ ပဋိပဒါ- သမ္မာပဋိပတ်၊ အကျင့်မြတ်အသင်းဝင်၊ တရားစုတို့ကို ရိပ်စားမိရုံမျှတော့ နားလည်နိုင်ကောင်းပါပြီ၊ တပါးကို တပါး၊ မကျော်မလွှား ဆက်နွယ်သက်ဝင်ပုံများကို နောက်ပိုင်း၌ ရှင်းလင်းပေးပါမည်။ ဤ မဇ္ဈိမ ပဋိပဒါ- အရာ၌ မဂ္ဂင်ရှစ်ရပ် ပွားများ အားထုတ်မှုတွင် အဓိစိတ္တသိက္ခာဝင်(သမ္မာသတိ, သမ္မာဝါယာမ, သမ္မာသမာဓိ) သုံးပါးသည်။ အလုပ်ခေါ်နှင့် အလုပ်တရားကိုယ်ဖြစ်ပြီး၊ အညီအညွတ် သက်ဝင်ယှဉ်စပ်ရမည့် တရားဖြစ်သည်။ကျန် မဂ္ဂင်ငါးပါးတို့သည်- ထိုအလုပ်ခေါ်၊ လုပ်ရပ် ပွားများဆင်ယင်တိုင်း အမြဲပြုရမည့်တရားကား၊ ပညာမဂ္ဂင်နှစ်ပါးဖြစ်သည်။ အတူယှဉ်တွဲ မကွဲမကွာဘဲ ပါလာမည့်တရားကား သီလမဂ္ဂင်ပင် ဖြစ်ပါသည်။

ထိုသို့- ညီညွတ်စွာ, သက်ဝင်ဆည်းပူးနိုင်၊ ပွားများနိုင်လျှင်၊ မဇ္ဈိမပဋိပဒါကေန်ပင်ဖြစ်ပါမည်။ အလုပ်ခေါ်နှင့် လုပ်ရပ်ပါဝင်၊ မဂ္ဂင် တရားကိုယ် ရှစ်ပါး၊ ဤတရားသည် လောကီဝိပဿနာ၊ ပုဗ္ဗဘာဂမဂ်နှင့် လောကုတ္တရာမဂ်နှစ်စားတွင် ကေန်ရှစ်ပါး၏ အရိယမဂ်ရကြောင်း ဂုဏ်သတ္တိအပေါင်းကို မေဒါယဒသုတ် အဋ္ဌကထာ၌ ဤသို့- တုဘ်ပြတော်မူပါသည်။

ကိလေသေမာရနေ္တာ ဂစ္ဆတိ မဂ္ဂတိဝါ နိဗ္ဗာနံ မဂ္ဂိယတိ၊
နိဗ္ဗာနတ္ထိကေဟိ ဂမ္မတိဝါ တေဟိ ပဋိမဇ္ဈိယတီတိ မဂ္ဂေါ။

ယင်း– ဂုဏ်သတ္တိလေးချက်မှာ ...

( ၁ ) ကိလေသာကို သတ်လျက်၊ မြတ်သော- နိဗ္ဗာန်သို့ သွားရောက်တတ်သော- သတ္တိ။

( ၂ ) နိဗ္ဗာန်တရားကို ကြိုးစား ကုတ်ကပ်၊ မပြတ်ရှာမှီးတတ်သော သတ္တိ။

( ၃ ) နိဗ္ဗာန်ကို မျက်မှောက်ပြုလို၊ ထိုထိုပုဂ္ဂိုလ်သည်၊ ကြည်ဖြူ, လေးစား– ရှာမှီးအပ်သော– သတ္တိ။

( ၄ ) နိဗ္ဗာန်လိုလား၊ အရိယာနွယ်ဝင်များတို့သည်၊ ကြည်ဖြူထက်သန်၊ ကျင့်ကြံအပ်သော– သတ္တိ။

မဂ္ဂင်ရှစ်ထွေ၊ကိုယ်ဝယ်နေ၊ ပုဗ္ဗဘာဂ မဂ်အခြေနှင့် ပြည့်စုံသော ယောဂီသူမြတ်တို့အား၊ အရိယမဂ္ဂသစ္စာ၏ အထက်ပါ–ဂုဏ်သတ္တိလေးပါးတို့က ကိလေသာကို ဖြတ်၍၊ နိဗ္ဗာန်သို့ ရောက်စေခြင်း၊ နိဗ္ဗာနဓါတ်ကို၊ ပုဂ္ဂိုလ်သတ္တဝါ-ငါက မရှာရဘဲ၊ မဂ္ဂင်တရားကိုယ်တို့က– ရှာမှီး ပေးတတ်ခြင်း၊ ထို့ကြောင့်- နိဗ္ဗာန်ကို မျက်မှောက်ပြုလို၊ ပုဂ္ဂိုလ်တို့ကို ကြည်ဖြူလေးစားစွာ အားထုတ်စေခြင်း၊ မဆုတ်မနစ်, ထက်သန်စွာ ကျင့်ကြံစေအပ်ခြင်းစသော ဂုဏ်သတ္တိလေးရပ်တို့သည်၊ ဝိပဿနာ ပုဗ္ဗဘာဂမဂ်ရ– အရိယာဓါတ်, ကိန်းအောင်းသော သူအား၊ အစဉ်ချီးမြှောက်၍၊ အရိယာမဂ်ရောက်အောင်၊ ကျေးဇူးပြု ထောက်ပံ့တတ်သော **အာသေဝန ပစ္စယဝ** မဂ္ဂင်ရှစ်ရပ်၏ ဂုဏ်သတ္တိများ ဖြစ်ပေသည်။ ထိုသို့– **အာသေဝန ပစ္စယ** သတ္တိနှင့် အတူတကွ၊ ထုံလွှမ်းမိအောင်၊ မဇ္ဈိမ ပဋိပဒါစစ်စစ်ဖြင့် မပြတ်ကြိုးကုတ်, အားထုတ်အပ်သော ယောဂီသူမြတ်သည် ဤမဂ်၏ ဂုဏ်သတ္တိကို အားကိုးယုံကြည်၊ လည်းလျှောင်း, ပုန်းအောင်းရာ ဓမ္မ အဆီအဖြစ်၊ မပြတ်ပုန်းအောင်း၊ အားကိုးကြောင်း ပြုထိုက်ပါပေတော့သည်။ အားကိုးယုံကြည်– သဒ္ဓါတည်၍၊ ဝိပဿနာပညာနှင့် ဝိပဿနာ့ဘာဝနာကို ကြိုးစားတော်မူကြပါကုန်။ ထိုသို့– အမှန်ကြိုးစား၊ မဇ္ဈိမပဋိပဒါတရားသည် အရိယာမဂ်သာ– ကေန်ပေါက်ဖွားရကြောင်းကို၊ တေရသကဏ္ဍဋီကာ၌ ဖွင့်ဆိုထားအပ်ပါသည်။

မဇ္ဈိမ ပဋိပဒါတိ အရိယမဂ္ဂံ သန္ဓာယဝုတ္တံ မဂ္ဂေါဟိ၊
ကာမသုခလ္လိကာ နုယောဂေါ- ကောအန္တော၊
အတ္တကိလမထာ နုယောဂေါ ကော အန္တော၊
တေဒွေ အန္တေ နဥပေတိ နဥပဂစ္ဆတိ၊
ဝိမုတ္တော တေဟိ အန္တေဟိ တသ္မာ မဇ္ဈိမ ပဋိပဒါတိ ဝုစ္စတိ။ တဲ့....

မဇ္ဈိမ ပဋိပဒါတိ၊ မဇ္ဈိမ ပဋိပဒါဟူသည်ကား။ အရိယမဂ္ဂံ၊ အရိယာမဂ်ကို၊ (ဝါ) ဖြူစင်မြင့်မြတ်သောမဂ်ကို။ သန္ဓာယ–ရည်ရွယ်၍။ ဝုတ္တံ–ဟောတော်မူအပ်၏။ ဟိ-ထိုစကားမှန်၏။ မဂ္ဂေါ–မဂ်သည်။ ကာမသုခလ္လိကနုယောဂေါ၊ ကာမသုခလ္လိက နုယောဂသည်။ ကော–တခုသော။ အန္တော–မဖြူစင်သော တရားအစုသည်။ ဟောတိ–ဖြစ်၏။ အတ္တကိလမထာ နုယောဂေါ-အတ္တကိလမထာ နုယောဂသည်။ ကော-တခုသော။ အန္တော-မဖြူစင်သော တရားအစုသည်။ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော။ တေအန္တေ-ထိုတရားနှစ်ခု အစုအပေါင်း၌ အကျုံးဝင်ကုန်သော တရားတို့သို့။ နဥပေတိ-မရောက်။ နဥပဂစ္ဆတိ-မကပ်။ တေဟိ– ထိုသို့ဆိုအပ်ပြီးသော။ အန္တေဟိ-မဖြူစင်ကုန်သော တရားအစုတို့မှ။ ယသ္မာ- အကြင်ကြောင့်။ ဝိမုတ္တော–လွတ်သည်။ဟောတိ–ဖြစ်၏။တသ္မာ–ထိုသို့ မဖြူစင်သော တရားနှစ်ခု၊ အစုအပေါင်းတို့မှ၊ လွတ်သည်၏ အဖြစ်ကြောင့်။ သောအရိယမဂ္ဂေါ-ထိုအရိယမဂ်ကို။ မဇ္ဈိမပဋိပဒါတိ-မဇ္ဈိမပဋိပဒါဟူ၍။ ဝုစ္စတိ–ဆိုအပ်၏။

(မှတ်ချက်)။ ။ဤနေရာတို့၌၊ (ဝါ) ဤအခါ:– အာဂမယုတ္တိ-ပါဠ်အနက်– ဖေါ်ပြချက်တို့၌၊ အာဂမယုတ္တိတို့ကို၊ ပါဠ်အနက်၊ တပိုဒ်ချင်း၊ ပြန်ရွတ်ပြ၍၊ ပြခဲ့ပြီးသော တရားများကို ထည့်သွင်းခါ၊ ဟောကွက်အနေ-ဒေသနာဉာဏ် ရသွားအောင် ထပ်မံရှင်းလင်း ဟောပြောပြသခြင်းပြုရပါမည်။ ၎င်းဟောပြောကွက်များကို ရေးပြီးမထည့်တော့ပါ၊ မှုသဘောလေး ပြောရသော်။ ။မဇ္ဈိမပဋိပဒါတိ-မဇ္ဈိမပဋိပဒါ ဟူသည်ကား။ အရိယမဂ္ဂံ- အရိယာမဂ်ကို (ဝါ) ဖြူစင်မြင့်မြတ်သောမဂ်ကို၊ သန္ဓာယ–ရည်ရွယ်၍၊ ဝုတ္တံ- ဟောတော်မူအပ်၏။ မဇ္ဈိမပဋိပဒါဆိုတာ မဂ္ဂင်ရှစ်ရပ်, သမ္မာပဋိပတ်,အကျင့်မြတ်လို့ ပြောပြီးပြီ။ အဲဒီ–မဂ္ဂင်ရှစ်ရပ်,အကျင့်မြတ်ကို ဟောတော်မူတာကဖြင့် အရိယာမဂ်ဆိုတဲ့ လောကုတ္တရာမဂ်ကို မှချရည်ရွယ်ပြီး ဟောခြင်းဖြစ်တယ်တဲ့။ ဒါပေမဲ့ ဒီအရိယမဂ်ကလဲ ပုဗ္ဗဘာဂ ဝိပဿနာမဂ်အကြောင်းမခံရင်၊ မရကောင်းတာမို့၊

(ဝ) ဖြူစင်မြင့်မြတ်သောမဂ်လို့ ထပ်ဆင့်ပြီး၊ ဝိပဿနာမဂ်ကိုပါ ထည့်ယူပါလို့ ဆိုလိုက်ပါတယ်၊ ဒီစကားမှန်ပါတယ်တဲ့....ဘယ်လိုမှန်သလဲ?....

အယုတ်တရားနှစ်ပါးတို့သို၊ နဥပေတိ-မရောက်။ နဥပဂစ္ဆတိ၊ မကပ်-တဲ့။ ဘာ့ကြောင့်-မကပ်သလဲ ရှေ့ကပြခဲ့ပြီးတာ၊ ကျေညက်အောင်သိရင်-ရှင်းတတ်ဟောတတ်ပြီ။

အဲဒီလို ဆိုပြီးခဲ့တဲ့ အယုတ်တရားတွေကို၊ ယသ္မာ- အကြင့်ကြောင့်-ဝိမုတ္တော-လွတ်သည်။ ဟောတိ-ဖြစ်၏-တဲ့၊ အကြင့်ကြောင့်လွတ်တယ်။ လွတ်ကြောင်းကို မဂ္ဂင်တရားကိုယ်နှင့်တွဲပြီး ရှင်းတတ်ရမယ်။ ရှေ့နားကျတော့ အလုပ်ပေးတရားက ပစ္စတ္တဉာဏ်မှာ- ပြတဲ့အကြောင်းများနဲ့၊ တပိုဒ်စီ ရှင်းပြတတ်ရပါမယ်။ ဒါမှ- ရှေ့တရားတွေ- ကြည့်ရှုမှတ်သားထားတာလဲ-မမေ့ဘဲ ပြန်ပေါ်လာမယ်၊ နာကြားရသူများမှာလဲ- ဒေသနာဉာဏ်ကို ခံစားရရှိမယ်၊ တရားနာယူ- စွဲမြဲစွာ ဉာဏ်ကောင်းသူဆိုရင် ဟောတဲ့ ပုဂ္ဂိုလ်ထက်တောင် အကျိုးလွန်ကဲမှုကို ရစေနိုင်ပါတယ်။ အဲဒါပြပြီး တရားခွင်က တရားတွေ အစဉ်မပျက်စေဘဲ၊ ပြန်သွင်းဟောနိုင်အောင် ကြိုးစားကြည့်ပါ။ ပထမပြသွားတဲ့ တရားစဉ်ကို မကျော်လွန်စေဘဲ၊ထင်ရှားတဲ့ အာဂမနဲ့ဆွဲ၍ သဒ္ဒါကြည်လင်-ပါရမီဝင်အောင် ဟောပြပေးရပါမယ်။ ဒီနေရာတွေမှာ ဟောကွက်ချန်လုပ်ခဲ့မယ်၊ နောက်မေးခွန်းထဲမှာ ပါချင်ပါလာမယ်၊အလုပ်ပေးတရားပြည့်စုံအောင်ရပြီး၊ အားထုတ်ကြဆဲမှာ ဟောကွက်သက်သက်ဆက်ပေးတဲ့ အခါကျတော့၊ ထည့်သွင်းပြပေးပါမယ်။

× × × × ×

မဇ္ဈိမပဋိပဒါအမှန် -မဂ္ဂင်ရှစ်တန်သည် သစ္စာလေးပါးတွင် တပါးအပါအဝင်ဖြစ်သည့်အတိုင်း သစ္စာလေးပါး၏ အမည်မှန် အပြည့်အစုံသည် အရိယာသစ္စာလေးပါးဟု ဆိုအပ်သည့်အတိုင်း အရိယာပုဂ္ဂိုလ်တို့- ထိုးထွင်း မျက်မှောက်ပြုသော သစ္စာ (ဝ) အရိယာမဂ်အခိုက်တွင် ထိုးထွင်း သိမြင်သော သစ္စာဟု ဆိုအပ်သည်နှင့်အညီ အထက်ပါ ဖွင့်ဆိုတော်မူချက်သည် လေးနက်မှန်ကန်လှပါသည်။ မဇ္ဈိမပဋိပဒါ-သမ္မာပဋိပတ်-အကျင့်မြတ်ဖြင့် အရိယသစ္စာလေးပါးကို ထိုးထွင်းသိမြင်သည့်၊ အရိယမဂ်အယာဉ်သည် ကြိယာဖလဖြစ်ပါသည်။ ထို အရိယာမဂ်ကြိယာဖလ၏၊ အကြောင်းရင်း ကြိယာသည်၊ မဇ္ဈိမပဋိပဒါ သမ္မာပဋိပတ် ဖြစ်ပြီး၊ အကျိုးဆက် ကြိယာသည်၊ ဝိပဿနာမဂ် ဖြစ်ပါသည်။

အဲဒီလို– ပုဗ္ဗဘာဂဝိပဿနာမဂ် မျိုးစေ့အမှန်၊ မဇ္ဈိမပဋိပဒါ ကောင်းသည်၊ အယုတ်တရားနှစ်ပါး၊ သဿတ,ဥစ္ဆေဒ,အယူတရားနှစ်ပါး၊ အစွဲတရား ဥပါဒါန်လေးပါး၊ အလွဲတရား, အတိတ်, အနာဂတ် အာရုံများကို၊ ပယ်ထားမြဲမြံ၊ ဝိပဿနာမဂ်ဉာဏ်–ရင့်သန်လာပါက– အရိယာမဂ်ရကြောင်း ကောင်းဖြစ်သောကြောင့်၊ မဇ္ဈိမလည်းမည်၊ပဋိပဒါလည်း မှန်ပုံကို၊ ဤသို့–တဖုံ ဖွင့်ဆိုကုန်ရာပါသည်။ ။(တေရသကဏ္ဍဋီကာ)၌–

ဧတေသံ မဇ္ဈေပဝတ္တာ မဇ္ဈိမာ- ဝဋ္ဋဒုက္ခ
နိဿရဏတ္ထိကေဟိ ပဋိပဇ္ဇိတဗ္ဗာစ ပဋိပဒါတိ။

ယောအရိယမဂ္ဂေါ–အကြင်အရိယာမဂ်သည်။ဧတေသံ–ထိုနှစ်ပါးအစု၌ အကျမ်းဝင်သော၊ မဖြူမစင်သောတရားတို့၏။ မဇ္ဈေ- အလယ်၌။ ပဝတ္တာ- ဖြစ်သည်၏ အဖြစ်ကြောင့်။ မဇ္ဈိမာစ-မဇ္ဈိမလည်း မည်၏။ ဝဋ္ဋ ဒုက္ခ နိဿရဏတ္ထိကေဟိ၊ ဝဋ်ဆင်းရဲအပေါင်းတို့မှ ထွက်မြောက်ခြင်းကို၊ အလိုရှိကြကုန်သော- ဘုရားအစရှိသော သူတော်ကောင်းတို့သည်၊ ပဋိပဇ္ဇိတဗ္ဗတော- ကျင့်အပ်သည်၏ အဖြစ်ကြောင့်။ ပဋိပဒါစ-ပဋိပဒါလည်း မည်၏။ ဣတိတသ္မာ- ထိုသို့ အလယ်, အလတ်နှင့် အမြတ်ကျင့်စဉ်–ကောင်းဝင်သည့် နှစ်အင်္ဂသောသတ္တိကြောင့်။ မဇ္ဈိမပဋိပဒါ–အလယ်,အလတ် လမ်းစဉ်မြတ်မည်သည်။ ဟောတိ- ဖြစ်၏။

အဲဒီလို– အယုတ်, အယူ, အစွဲ, အလွဲ, အတိတ်, အနာဂတ်တို့နှင့် မတွဲသောကြောင့်၊မဇ္ဈိမလည်းမည်။ ဘုရားအစရှိသော အရိယာအပေါင်း၊သူတော်ကောင်းတို့ ကျင့်အပ်အမှန်, အင်္ဂါကမဂ်မြတ်သည်၊ ယောဂီ၏ကိုယ်ဝယ် ထုံလွှမ်း- ပြည့်လျှမ်းလာပါက၊ အသခ်တဓါတ်နန်းကို၊ ယောဂီက,ပုဂ္ဂိုလ်က,မရွာသကဲ့သို့၊ ဆောင်နှင်းကြောင်းကိုလည်း သာရတ္ထဋီကာ၌၊ ဤသို့- ဖွင့်ဆိုအပ်ပါသည်။ ။

“နိဗ္ဗာနံမဂ္ဂတိ ဂဝေသတိတိမဂ္ဂေါ၊ အရိယောမဂ္ဂေါဟိ-
နိဗ္ဗာနံ အာရမ္မဏံ ကရောန္တော ဂဝေသန္တောဝိယ ဟောတိ၊”

ယောဓမ္မော- အကြင်တရားသည်။ နိဗ္ဗာနံ–နိဗ္ဗာန်ကို။ မဂ္ဂင်တိ ဂဝေသတိ–ရှာမှီးတတ်၏။ (ဝါ) ချာချာလည်ပတ်-ရှာဖွေတတ်၏။ ဣတိတသ္မာ- ထိုကြောင့်။ သောဓမ္မော–ထိုမဂ္ဂင်ရှစ်ပါး–မြတ်တရားသည်။မဂ္ဂေါ–မဂ်မည်၏။ ဟိ-ထိုစကားမှန်၏။ အရိယမဂ္ဂေါ–အရိယမဂ်တရားသည်၊ နိဗ္ဗာနံ– နိဗ္ဗာန်ကို၊

အာရမ္မဏကဓမ္မာသန္တော-အာရုံပြုသည်ဖြစ်၍၊ (ဝါ) အာရုံမူသည်ဖြစ်၍။ ဂဝေ
သန္တောဝိယ- ရှာမှီးသကဲ့သို့၊ ဟောတိ- ဖြစ်၏။ ။

ဤသို့- ဝိပဿနာ, မဂ်မြတ်မဟာရရှိသူ၊ ယောဂီသူတော်စင်တို့အတွက်
ယုံကြည်ကိုးစား အားထားရာအချက်နှင့် ပြည့်စုံသော မဂ္ဂင်တရားဖြစ်ပါသည်။
တနည်းတဖုံ, ထပ်မံခိုင်လုံစွာ- ဖွင့်ဆိုပြန်သည်မှာလည်း....။

"ကေန္တတော ဇာတိဇရာ ဗျာဓိ ဒုက္ခာဒိဟိ ပိဠိတောဟိ
သမ္ပတ္တောဟိ ဒုက္ခက္ခယံ၊ နိဗ္ဗာနံ ပါပုဏတ္ထာယ
မဂ္ဂိတဗ္ဗော ဂဝေသိတဗ္ဗောတိ မဂ္ဂေါ။"

ကေန္တတော- မုချကေန် အမှန်စင်စစ် အားဖြင့်၊ ဇာတိဇရာ, ဗျာဓိ
ဒုက္ခာဒိဟိ- ပဉ္စသန္ဓေ နေရခြင်းဆင်းရဲ, အိုရခြင်း ဆင်းရဲ, နာရခြင်း ဆင်းရဲ,
စသည်တို့ဖြင့်၊ ပိဠိတောဟိ- မရှောင်ကွင်းနိုင်ဘဲ၊ အတင်းနှိပ်စက်ခြင်းကို ခံနေ
ကြရကုန်သော၊ သတ္တောဟိ- သတ္တဝါ, အမျိုးမျိုးတို့သည်၊ ဒုက္ခက္ခယံ- ဒုက္ခ
အားလုံးတို့၏ ကုန်ဆုံးရာ, တကယ်မှန်သော၊ နိဗ္ဗာနံ- ချမ်းမြေ့သာလွန်၊
နိဗ္ဗာန်မွန်ကို၊ ပါပုဏတ္ထာယ- အမှန်ထုတ်ချောက်, ဆိုက်ရောက်စေခြင်း,
အကျိုးငှါ။ မဂ္ဂိတဗ္ဗော- ဂဝေသိတဗ္ဗော, ဉာဏ်ရဟတ်ဖြင့်၊ လှည့်ပတ်ရှာဖွေ
တတ်၏။ ဣတိတသ္မာ- ထိုကြောင့်၊ သော- တိုမဂ္ဂင်ရှစ်ရပ်- တရားမြတ်သည်၊
မဂ္ဂေါ- ချမ်းအေးကြည်လှိုင်၊ နိဗ္ဗာန်အိုင်သို့၊ ကိုယ်တိုင်ရှာဖွေ၊ စီးဝင်တတ်
ပေသော- အမြတ်ရေစင် လမ်းမဂ္ဂင် ဖြစ်ပါပေ၏။

ကဲ- ဒီ, အာဂမယုတ္တိ- ကေန္တသဘောတွေကို ကြည့်ရ၊ ကြားရ၊ သိရ
တော့၊ အားရှိစရာ မကောင်းပေဘူးလား၊ အစကတော့- မဇ္ဈိမပဋိပဒါလေး
တခုကို၊ ဒီလောက်ထိအောင်၊ သိမ်းဆည်းကျင့်ဆောင် လိုက်နာနေရမယ်ဆို
ရင်၊ အတော်- ခက်သွားဘဲလို့၊ အောက်မေ့ချင်- အောက်မေ့ မိပါလိမ့်မယ်။
လောက,က- ဖြစ်လွယ်, ပျက်လွယ်, သေလွယ်, ပျောက်လွယ်, ဆိုတော့၊ အလွယ်
ကိုဘဲ အကြိုက်များတတ်ကြတယ်၊ မင်ဉာဏ်, ဖိုလ်ဉာဏ်, ရရေးမှာ၊ နိယတ
ဗျာဒိတ်ရ- ပုဂ္ဂိုလ်မဟုတ်ရင်၊ အလွယ်ကြိုက်လေ၊ အလွဲတွေလေသာ မှတ်ပါ၊
ခုတော့- ပုဗ္ဗဘာဂမဂ်သာရလျှင်၊ လွယ်လွယ်ကလေးနဲ့ အရိယမဂ်, မဝေးတော့
ဘူးဆိုတာ- သိရတော့ ဝမ်းမြောက်စရာ၊ မကောင်းပေဘူးလား၊ ဒါကြောင့်-
မဇ္ဈိမ ပဋိပဒါမစစ်ရင်၊ အနှစ်ဗလာဖြစ်မှာစိုးလို့၊ သံပေါက်ကလေးနဲ့ ပျိုးပေးခဲ့
ရပါတယ်....။

ကဲ....ပြန်၍- ဆိုကြည့်ကြအုံးစို့....

အလယ်ခြောက်မျိုး၊ ခန္ဓာပိုး၊ တံပိုးညီမျှစေ၊
လေးမျိုးကိုယ်၊ သုံးမျိုးတွယ်၊ ကိုယ်ဝယ်မဂ္ဂင်နေ၊
မဂ္ဂင်ရှစ်ထွေ၊ ဘာဝနေ၊ ပုဗ္ဗဘာဂ - မဂ်ပါပေ၊
ပုဗ္ဗဘာဂ၊ မျိုးစေ့ချ၊ သီးရမဂ်– ဖိုလ်တွေ၊
မျိုးစေ့အမှန်၊ မဂ်ဖိုလ်ဉာဏ်၊ ဝင်ရန်နိဗ္ဗာန်ပေ၊
မျိုးစေ့မမှန်၊ ပင်မသန်က၊ ဖူးနှံငုံကင်း၊ အသီးဖျင်း၍၊
အခင်းမလှ ဆုံးရှုံးရ၏။ ။

ယခုလို– မကျဉ်းမကျယ်၊ တိုင်အောင် ပြခဲ့တာဟာ၊ အခိုင်အမာရစေ လိုလို့ဘဲ၊ အခိုင်အမာ နားမလည်ဘဲ– အားထုတ်ယင်၊ မျိုးစေ့မမှန်၊ ပုဗ္ဗဘာဂ မဂ်မစင်ယင်၊ အခင်းမလှ– ဆုံးရှုံးရမှာစိုး၍၊ ပြသရခြင်း ဖြစ်ပါသည်။ အချို့နေရာမှာ= အလွန် ကျဉ်းနေ၍၊ နားမရှင်းစရာ ဖြစ်နေတတ်ပါသည်။ ရှေ့ဆက်ပြမည့်– အခန်းများနှင့်လဲ ဆက်စပ်၍၊ သိအပ်၊ ယူအပ်နိုင်ပါသည်။ ဤအပိုင်းများ၌ ရှုကွက်ဆီကို၊ အမြန်ရောက်သွားရန် လိုအပ်၍၊ ဟောကွက် များ– ချန်လှပ်ခဲ့ပါသည်။

မူလ= မတိကာ ပြသောအခါ၊ ထည့်သွင်းယူရမည့်၊ ဟောကွက်များကို၊ ဆက်လက်ပြပေးပါမည်။ ယခုပြခဲ့သော– မဇ္ဈိမ ပဋိပဒါသဘောအချက်နှင့်၊ ရှေ့ဆက်ပြမည့် ရှုကွက်၊ ကိုက်- မကိုက်၊ ညှိတတ်အောင် လေ့လာထားပါ၊ စွဲမြဲအောင် စိန္တာမယ ဉာဏ်လုပ်၍၊ လေ့လာမထားလျှင်၊ မေးခွန်းလာပါက၊ ထင်ကြေးမျှပင်၊ ပြန်၍ အဖြေမပေးနိုင်ဘဲ၊ ဖြစ်နေနိုင်ပါသည်။ ဒါကလဲ– ဝါစုဂ္ဂတ မလျှော့ဘဲ၊ ဉာဏ်ထက်အောင်၊ မေးခွန်းထုတ်ပြီး၊ မေးကြည့်ပေးရ မယ်၊ နောက်– အဖြေမှန်- ဆက်စပ်ပုံတွေနဲ့၊ ထပ်ဖြည့်၍ ပေးပါမယ်၊ ဒီတော့– စိတ် ဉာဏ်ထဲမှာ၊ ဘယ်တော့မှ မပျောက်ဘဲ၊ သဘောပေါက် စွဲသွားမှာကို လိုချင်၍ ဖြစ်ပါသည်။

ကဲ= မဇ္ဈိမ ပဋိပဒါ- အခဏ်းကို၊ ဒီတွင် စခမ်းချရပ်၍၊ ရှေ့သခ်ဏ်းစာ အနေ၊ ဒေသကတာဝန်နှင့် သာဝကတာဝန်၊ စစ်တန်းဆီသို့– သွားကြပါစို့။ (မဇ္ဈိမ ပဋိပဒါ– ပညာ ရထားပြီဆိုတာလဲ၊ မမေ့နဲ့ မေ့သွားအောင် မလျှော့ ပါး– မပေါ့ဆတော် မူကြပါနဲ့၊)

သူတော်စင်- ယောဂီတို့။....

............ဝ............

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။"

## မဟာဉာဏ်အောင် ဝိပဿနာ

# ဒေသကနှင့် သာဝက - တာဝန် ရှင်းတမ်း

# တရားတော်

လောကသုံးမည်၊ ဘုံသုံးလီတွင်၊ အကြောင်းနှင့်–အကျိုးသာရှိသည်၊ အကျိုးသည် ထင်ရှားသည်၊ အကျိုး၌သာ ယဉ်ပါးကြသည်၊ အကျိုးကိုသာ လိုလားကြသည်၊ အကျိုးကိုသာ– တောင့်တ လိုချင်တတ်ကြသည်၊ အမြဲတန်း ဖြစ်ပါနေသော– ဒုက္ခသစ္စာကို၊ အပေါ်ယံ, အနေအားဖြင့်၊ ဆင်းရဲဟု သိလာ ခိုက်၊ ဒုက္ခကုန်တာ နိဗ္ဗာန်၊ ဒုက္ခကုန်ကြောင်း၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်–အကြောင်း ဟု– ရိပ်စားမိ၍– လိုချင်လာကြသည်။ တောင့်တကြသည်မှာ၊ ချမ်းသာကျိုးကို မျှော်ကိုးယုံကြည်၍၊ လိုချင်ကာ မတ္တသာဖြစ်ကြသည်။ အကြောင်းနှင့်အကျိုး သာ ရှိသော တရားစု၌၊ အကြောင်းကို မပွားဘဲ၊ အကျိုးရလိုမှု ဖြစ်နေရခြင်း သည်၊ တရားသော– လိုချင်မှုဟု– မဆိုနိုင်၊ တရားသောဖြစ်ချင်မှု မဆိုနိုင်၊ ထိုနည်းတူစွာ= ယောဂီ, သူမြတ်တို့သည်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို၊ လိုလားတောင့်တ, လိုချင်ကြသည်၊ အကြောင်းကင်း၍တော့၊ မုချမရနိုင်ဟု သိရမည်။ ။

ထို့ကြောင့်=မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ရခြင်း၌၊ အကြောင်းတို့သည်၊ ဧကန် မုချရှိ၏။ ထို အကြောင်းနှင့် ကင်း၍၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ရခြင်းသည်၊ ရှေး ဘုရားရှင်တို့– လက်ထက်၌လည်း မရှိခဲ့။ နောက်– ဘုရားရှင် အဆက်ဆက်၌ လည်း ရှိမည်– မဟုတ်။ ယခု– သာသနာတော်မြတ်, အတွင်း၌လဲ မရှိပေ။ ထိုအကြောင်းသည်ကား —

(၁) ဟေတု– ဟိတ်အကြောင်းနှင့်၊ (၂) ပစ္စယ– အထောက်အပံ့ အကြောင်းနှစ်ပါးတို့ ဖြစ်ပေသည်။

(၂) ဟိတ်အကြောင်းဆိုသည်မှာ– သုတမယဉာဏ်နှင့်– စိန္တာမယ ဉာဏ်နှစ်ပါးတို့ ဖြစ်ပေသည်။

(၃) ပစ္စယ အကြောင်းဆိုသည်မှာ– သူတပါးထံမှ– သစ္စာလေးရပ် နှင့် စပ်သော တရားသံနှင့် မိမိ၏ သင့်သောအားဖြင့်၊ နှလုံး သွင်းခြင်း နှစ်ပါးတို့ ဖြစ်သည်။

ဤ– ဟေတုအကြောင်းနှင့်- ပစ္စယအထောက်အပံ့အကြောင်း နှစ်ပါးတို့သည်သာ၊ ဝိပဿနာ မဂ်ဉာဏ်နှင့်- လောကုတ္တရာ မဂ်ဉာဏ်ရရန်၊ ကေန့်အကြောင်းအမှန်တရားတို့ ဖြစ်သည်။ အကြောင်းကြောင့်– အကျိုးဖြစ်ရာတွင် အကြောင်းမှန်မှ- အကျိုးမှန်ကို ရရှိနိုင်ပါသည်။ အကြောင်းမရှိဘဲ၊ အကျိုးမရ– နိုင်သလို၊ အကြောင်း– မမှန်လျှင်လည်း အကျိုးလွဲကိုသာ ရရှိမည် ဖြစ်ပါသည်။

ထိုအကြောင်းကို– ပိဋကတ်တော်၏ နည်းဥပဒေသကို ပြသော-"ပေဋကောပဒေသ" ပါဠိတော်၌ အကြောင်းမှန်ရှိပုံကို ဖွင့်ဆိုထားပါသည်။

ဒုဝေဟေတူ ဒုဝေပစ္စယာ၊
သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ၊
ပရတောစဃောသော သစ္စာနုသန္ဓိ၊
အဇ္ဈတ္တဉ္စ ယောနိသော မနသိကာရော။ ။

သာဝကဿ– ဘုရားတပည့်၏၊ (ဝါ) တရားနာသဲ့, တရားအားထုတ်သဲ့, ယောဂီ၏ သန္တာန်၌၊ သမ္မာဒိဋ္ဌိယာ– ဝိပဿနာဉာဏ်နှင့်, မဂ်ဉာဏ်နှစ်ပါး၏။ ဥပ္ပါဒါယ- ဖြစ်ခြင်းအကျိုးငှါ၊ ဟေတူ– အကြောင်းတို့သည်၊ ဒုဝေ- နှစ်ပါးတို့တည်း။ ကတမေဒွေ- အဘယ်နှစ်ပါးတို့နည်းဟူမူ၊ သစ္စာနုသန္ဓိ– သစ္စာလေးရပ်နှင့် စပ်သော၊ ပရတောစဃောသော– သူတပါးထံမှ တရားသံလည်း တပါး။ အဇ္ဈတ္တဉ္စ ယောနိသော မနသိ ကရောတော– မိမိ၏ အသင့်အားဖြင့် နှလုံးသွင်းခြင်းလည်း တပါး။ ဣမေဒွေ- ဤ နှစ်ပါးတို့သည်၊ ဟေတူပစ္စယာ- ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်ရရန် အကြောင်းမှန်နှင့် အထောက်အပံ့မှန် တရားတို့ ဟူ၍၊ ဝုစ္စတိ= ဆိုအပ်၏။

အထက်ပါ- အထောက်အထားအရ၊ အကြောင်းမှန်, နှစ်ပါးစီ ကေန့်ရှိရင်၊ ဝိပဿနာဉာဏ်နဲ့- မဂ်ဉာဏ်အကျိုးတရားကို၊ ကေန့်ဖြစ်စေတတ်တယ်၊ အဲဒီ- ဟေတုနဲ့ ပစ္စယနှစ်ဖြာသည်၊ အကြောင်းမှန်, ကေန့်ပါဘဲလို့ ဆိုတော်မူတယ်၊ ဒီတော့–ဟေတုနဲ့ပစ္စယ, ဘယ်သူက အရင်ဖြစ်ရမှာလဲ ဆိုတော့၊ပစ္စယ–အကြောင်းကို၊ အရင်ရမှာဘဲ၊ ဟေတု– ဖြစ်နိုင်ပါတယ်၊ ဒါကြောင့်– ပစ္စယ အကြောင်း နှစ်ပါးကို ရရှိသော်၊ ဟေတုသည်လည်း ပြီးပြည့်စုံနိုင်ပါတယ်၊ ပစ္စယ အကြောင်းနှစ်ပါးကို ကြည့်ရင်၊ ပရတောစ ဃောသော- သစ္စာနုသန္ဓိအရ၊ သူတပါးထံမှ– သစ္စာလေးပါးနှင့် စပ်တဲ့၊ တရားဒေသနာသံကို နာကြား

ရှိခြင်းက တချက်၊ အဲဒီ– တရားဒေသနာသံက၊ သာဝက ယောဂီကို၊ ဘာ ဖြစ်စေသလဲဆိုတော့၊ သုတမယဉာဏ်, ဖြစ်စေရတယ်။ သုတမယဉာဏ်, ရထား ရသွားတဲ့ ယောဂီဟာ၊ တကယ်– မဂ်ဉာဏ်, ဖိုလ်ဉာဏ်, လိုချင်ရင်၊ ဒီအတိုင်း မနေပါဘူး။ အဇ္ဈတ္တဋ္ဌ ယောနိသောမနသိကရောတော–အရ၊ စိန္တာမယဉာဏ် ဖြစ်အောင်၊ သုတမယဉာဏ်နဲ့ ရထားတဲ့ တရားတွေကို၊ နှလုံးသွင်းဆုံးဖြတ်– ယုံကြည်ခြင်းတွေပွားတော့မှာဘဲ၊ အဲဒီလို– ပွားရင်၊ သာဝက, ယောဂီမှာ၊ သုတ မယဉာဏ်၊ စိန္တာမယဉာဏ်, နှစ်ပါးနဲ့လဲ ပြည့်စုံလာမှာ- မုချဖြစ်ပါတယ်၊ အဲဒီ အထောက်အပံ့ နှစ်ပါးဖြစ်တဲ့၊ သူတပါးထံက၊ သစ္စာလေးရပ်နဲ့ စပ်တဲ့ တရား သံရယ်၊ မိမိကိုယ်တိုင်, နှလုံးသွင်းမှန်– မြဲမြံတာရယ် ရှိရင်တော့၊ သုတမယ ဉာဏ်, စိန္တမယပညာဉာဏ်ဆိုတဲ့၊ ဟေတု– အကြောင်းနှင်ပါးလဲ ပြည့်စုံပြီး၊ ဝိပဿနာမဂ်ဉာဏ်နှင့် လောကုတ္တရာဉာဏ်မဂ်ရရန်, အကြောင်းမှန်၊ အကြောင်း ခံအာစကို ကောင်းစွာ ရရှိနိုင်ပါတော့တယ်။

မှန်ပါတယ်၊ ပရတောဃောသော, သစ္စာနုသန္ဓိ ဆိုတဲ့၊ သူတပါးထံမှ- သစ္စာလေးရပ်နဲ့စပ်တဲ့– ဒေသနာသံကို၊ ကြားနာရတဲ့ ယောဂီဟာ၊ အဲဒီ- သု တမယဉာဏ်ကြောင့်၊ ဝဋ္ဋသုံးပါးမှာ နှစ်စေတဲ့၊ လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်တွေ ဖြစ်နေသလား, မဖြစ်ဘူးလားဆိုရင်၊ သုတမယပညာကြောင့်၊ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်, ဖြင်ပြီး၊ သုတမယဉာဏ် စိတ်ဘဲဖြစ်တယ်။ နာကြားနေစဉ် အတွင်းမှာတောင်၊ ရှေ့တရားနှင့် နောက် တရား– တထပ်ထဲ ဉာဏ်ပေါက်သွားအောင်၊ စိန္တာမယဉာဏ်လဲ မကြာမကြာ ပါဝင်ဖြစ်နေတော့၊ အလောဘ, အဒေါသ, အမောဟ, ဆိုတဲ့၊ ကိလေသာ ကင်းဆိတ်ခါ၊ တရားတော်မြတ်၌၊ ယုံမှား(၈)ပါး၊ ယုံမှား (၁၆) ပါးတိုင် လွန်မြောက်သော– သုတ, စိန္တာ, ဉာဏ်နှစ်ဖြာ, ဟိတ်, အကြောင်းတို့သည်၊ ကောင်းစွာ ဖြစ်ရှိသက်ဝင်ပြီး၊ ကင်္ခါဝိတရဏ- ဝိသုဒ္ဓိစခန်း–သက်ဝင်နိုင်သော ကြောင့်– စူဠသောတာပန်, ကေန်ရကြောင်း၊ ဟေတု– ပစ္စယအကြောင်းသို့ ရောက်ရှိနိုင်ပါသည်။

ထိုသို့- အကြောင်းမှန်, နှစ်ဖြာ, ပြည့်စုံပါလျှင်၊ မဂ်ဉာဏ်ရစရာ၊ အကြောင်းကောင်း၌ တည်လျက်၊ အစဉ်– သက်ဝင်လာပုံကို၊ ဤသို့–ပိုင်းခြား သိအပ်ရာပါသည်။ ။

(၁) မဂ်ဉာဏ်သည်= ဝိပဿနာဉာဏ်မှ လာ၏။

(၂) ဝိပဿနာမဂ်ဉာဏ်သည်= အဇ္ဈတ္တယောနိသော မနသိကာရမှ လာ၏။

(၃) အဇ္ဈတ္တ ယောနိသော- မနသိကာရသည်၊ "သာဝက" မှ လာ၏။
(၄) သာဝကသည်= ပရတောဃောသ သစ္စာနုသန္ဓိမှ လာ၏။
(၅) ပရတောဃောသ သစ္စာနုသန္ဓိသည်၊ "ဒေသက"မှလာ၏။
(၆) "ဒေသက"သည်၊ ဒေသကထွင့်တင် ဘုရားရှင်ထံမှ လာ၏။ ထို့ကြောင့်....

(၁) "ဒေသက"ထွင့်တင် ဘုရားရှင်ထံမှ။ (၂) သစ္စာ နုသန္ဓိ, ပရတောဃောသကို ရရှိသော "သာဝက"သည်၊ (၃) အဇ္ဈတ္တယောနိသောမနသိကာရ ကို၊ စွဲမြဲစွာ ထားရှိလျက်၊ (၄) ဝိပဿနာကို အားထုတ်ပါလျှင်၊ မဂ်ဉာဏ်ကို ရမည်ဟု၊ မဂ်ဉာဏ်ရကြောင်း- အစဉ်ကို၊ ပိုင်းခြားမှတ်သားအပ်၏။ မှတ်သားရန်ကား....

(၁) သူတော်သူမြတ်-မြဲဆည်းကပ်၍- သပ္ပုရိသ သံသေဝ။
(၂) မှတ်မှတ်သားသား- တရားကိုနာ- သဒ္ဓမ္မ သဝန။
(၃) ဖြူစွာနှလုံး- ဉာဏ်သင့်သုံး၍- ယောနိသောမနသိကာရ။
(၄) လောကုတ် ဓမ္မ- ပွားများမှန်- ဓမ္မာနု ဓမ္မပဋိပတ္တိ။
မဂ်ဉာဏ်ရရန် လေးချက်တည်း။ (သောတာပတ္တိမဂ္ဂ အင်္ဂါ)

အဆက်ပါ- သပ္ပုရိသ သံသေဝထံမှ- ပရတောဃောသ သစ္စာနုသန္ဓိ ဒေသနာ ဓမ္မက္ခန်ကို၊ သဒ္ဓမ္မသဝနအမှုဖြင့်၊ ကောင်းစွာ နာကြား မှတ်သားပြီးသူသည်၊ အဇ္ဈတ္တ ယောနိသော မနသိကာရ- စိန္တာမယဉာဏ်ကို အခြေခံပြု၍၊ ဓမ္မာနုဓမ္မပဋိပတ္တိ-ဖြစ်သော မဇ္ဈိမ ပဋိပဒါ၊ မဂ္ဂင်ရှစ်တန်-အကျင့်မှန်ကို အားထုတ်ပါလျှင်၊ မဂ်ဉာဏ်ရရန် အကြောင်းပြီး၍၊ အကျိုးရခြင်းနှင့် အကြောင်းကြီး-အဓိပတေယျသမ္ပတ္တိကို၊ မုချရရှိမည်ဟု ယုံကြည်စိတ်ချရပါတော့သည်။

ထို့ကြောင့်- ပရတောဃောသ သစ္စာနုသန္ဓိဟု ဆိုအပ်သော- သူတပါး ထံမှ- သစ္စာလေးရပ်နှင့်စပ်သည့် တရားသံကို၊နာကြားရခြင်းသည်၊ ပဌမအရေးကြီးဆုံးဖြစ်ပါသည်။ ဘယ်သူ့ထံမှလဲဆိုတော့၊ "ဒေသက" လို့ အမည်ရတဲ့၊ သပ္ပုရိသ- သံသေဝထံမှ ဖြစ်ပါတယ်။ ဒီတော့-သာဝကဘက်ကနေကြည့်ရင်၊ သပ္ပုရိသဆိုတဲ့၊ ဒေသက-အစစ်အမှန်ကို ရဘို့, ရှာဘို့, အရေးကြီးလာတယ်၊ ဒေသက-ဘက်ကလဲ၊ ဒေသကစစ်မှန်မယ်ဆိုရင်- သာဝက အစစ်အမှန်ကိုဘဲ၊ တရားပေးချင်မယ်လို့၊ အပြန်အလှန်သဘောကို တွေ့ရတယ်၊ဒီတော့-ဒေသက

အစစ်အမှန်နဲ့၊ ဒေသက တာဝန်တွေ- ဘာရှိသလဲ၊ သာဝက အစစ်အမှန်နဲ့၊ သာဝက တာဝန်တွေ–ဘာရှိသလဲလို့ ဆန်းစစ်ဘို့ လိုလာတယ်၊ ဒေသကမှာ- သာဝက အစစ်အမှန်ကို- မတွေ့ရသေးလဲ၊ နစ်နာမှုရယ်လို့ ပင်ပမ်းရကြိုးမနပ် တာကလေးဘဲရှိတယ်၊ သာဝက-က၊ဒေသက အစစ်အမှန်နဲ့ မတွေ့ဘဲ၊ဒေသက- မစစ်မမှန်တာနဲ့ တွေ့ရင်၊ တသံသရာလုံး–လမ်းမှားလို့ ဆုံးမှာ မဟုတ်တော့ဘူး။ ဥပမာအားဖြင့်တော့- လောကအတွင်းမှာ ဆေးဆရာမှားနဲ့တွေ့ရင်၊ ဒီတဘဝ တခါဘဲ သေရမယ်၊ ဒေသက ဆရာမှားနဲ့ တွေ့ရင်၊ တသံသရာလုံး–သေမဆုံးတဲ့၊ ဘဝချုပ်ဆုံးရာကို–မရနိုင်ဘဲ၊ ဒုက္ခတုံးအဖြစ်နဲ့သာ– ကြဉ်လည်နေရတတ်တယ်၊ ဒါကြောင့်– ယောဂီတို့၊ ဘယ်လိုဒေသက- သပ္ပုရိသမျိုးကို၊ မရ,ရအောင် ရှာဖွေ-ဆည်းပူးသင့်တယ်ဆိုတာကို၊ ရှေးဦးစွာ- ရှင်းပြပေးမယ်၊ ဒုတိယ- မိမိ တို့ကလဲ၊ သာဝက-ယောဂီအမည်တည်အောင်၊ ဘယ်လိုကျင့်ဆောင် လိုက်နာရ မယ်ဆိုတာကို ရှင်းပေးမယ်၊ အောက်ပါ- ဇယားအချက်အလက်ကို ကြည့်ပါ။

## ဒေသကနှင့် သာဝက ဆိုသည်မှာ–

| ဒေသက-တာဝန် | သာဝက–တာဝန် |
|---|---|
| ယထာဘူတ-နိဗ္ဗေဓိကပညာဖြင့် သုတမယဉာဏ်– ဒေသနာဉာဏ်,ပစ္စက္ခဉာဏ် အနုဗောဓဉာဏ် | စိန္တာမယပညာဉာဏ်ဖြင့် ဘာဝနာဘိသမယအားထုတ်၍ ဝိပဿနာဉာဏ်– ပဋိဝေဓဉာဏ် |
| ဒေသကကို–ဆန်းစစ်လျှင် | သာဝကကို-ဆန်းစစ်လျှင် |
| (၁) ကမ္မဋ္ဌာနာစရိယ | (၁) ယုံကြည်မှုသဒ္ဓါ (သြကပ္ပန) |
| (၂) ဓမ္မကထိက | (၂) ဆည်းပူးမှုပညာ (ဓမ္မဝိစယ) |
| (၃) သပ္ပုရိသ | (၃) ရှုမှု ဘာဝနာ(ဓမ္မာနုဓမ္မပဋိပတ္တိ) |
| (၄) ဗဟူပကာရဏ | (၄) ရည်ရွယ်မှု–နိဗ္ဗုတာ (ဒုက္ခက္ခယ) |

အထက်ပါ ဇယားအရ၊ ဒေသကမှာ– ယထာဘူတပညာဆိုတဲ့၊ ဟုတ် တိုင်းမှန်ရာ ပိုင်းခြားသိတဲ့ ပညာရယ်၊ နိဗ္ဗေဓိက ပညာဆိုတဲ့၊ ဒုက္ခခပ်သိမ်းချုပ် ငြိမ်းရာသို့ ရောက်စေသော၊ ဒုက္ခက္ခယဂါမိနီပညာကို ထိုးထွင်း၍ သိမြင်နိုင်တဲ့ ပညာရှိရမယ်၊ ပြီးတော့– ဒီပညာနှင့် သာဝကတို့ကို သုတမယဉာဏ်ရရှိ–ပြည့်

စုံအောင် ဟောညွှန်ပြသ ပေးရမယ်၊ သုတမယ ဉာဏ်ကနေ– စိန္တာမယဉာဏ်, ပွားဆင့်၍၊ နှလုံးသွင်းနိုင်အောင်လဲ– ဒေသနာဉာဏ်တို့ကို ပြသပေးစွမ်းနိုင်ရမယ်၊ ဘာဝနာဘိသမယရောက်၍ အားထုတ်နိုင်အောင်လဲ– သွန်သင်,ပြသပေးနိုင်ရမယ်၊ ဘာဝနာဘိသမယအတွင်း ရှုမြင်ခြင်း ရှိတတ်သော ဝိပဿနာမဂ်၊ ပစ္စက္ခဉာဏ်- အနုမောနဉာဏ်တို့ကိုလဲ၊ ဝေဘန်ပြသနိုင်စွမ်းရှိရမယ်။ အဲဒီအချက်(၅)ချက်ဟာ ဒေသကဘက်မှာ- စွမ်းဆောင်နိုင်ရမဲ့၊ တာဝန်ရပ်တွေဘဲဖြစ်တယ်၊ ဒီလို– မပေးစွမ်းနိုင်ဘဲ၊ ဒေသက– အမည်ခံယူပြုလုပ်ရင်၊ သာဝက(ဝါ) ဘုရားတပည့် မွေးထုတ်, သာသနာပြု အလုပ်မဟုတ်နိုင်ဘဲ၊ သာဝက၏ဆုတ်ယုတ်မှုကိုသာ ရောက်စေတတ်ပါတယ်။

ဒါကြောင့်– တရားတော်မြတ်ပိုင်ရှင်၊ ဒေသကထွဋ်တင်–ဘုရားသခင်၏ သာသနာ့ဝန်ကို ထမ်းရွက်သူတို့သည်- သာဝက, ယောဂီ– ဘုရား, တရား, သံဃာ, ဆိုသို့- ခန္ဓာပါလျှဒါန်း, တပည့်သာဝကပန်းကို, ဆွတ်လှမ်းလိုသူတို့မနစ်မွန်းကြစေရန်၊ ဤသို့– သာဝက- တာဝန် ကြေပြွန်စွာ, ဟောညွှန်ပြသနိုင်မည့်၊ သပ္ပုရိသကိုသာ, ရှာမှီးတတ်ကြဘို့– သတိချပ်ခါ၊ ပိုင်းခြား–သိအပ်ပါသည်။

အဲဒီတော့= မနစ်မနာ, သာသနာနဲ့တွေ့ထိပြီး၊ သာဝက,ယောဂီအဆင့်ကေန်ဖြစ်ချင်လျှင်၊ ဒေသကတာဝန် ငါးချက်ဝင်သည့် သပ္ပုရိသ–သူတော်စင်ပညာရှိကို ရှာဖွေမိအောင်–ဆန်းစစ်ကြည့်ကြပါဦးစို့....။

(၁) ကမ္မဋ္ဌာနာ စရိယမည်၍၊ ဓမ္မကထိက– မမည်သော ဒေသက။ (၂) ဓမ္မကထိကသာမည်၍၊ ကမ္မဋ္ဌာနာစရိယမမည်သော ဒေသက။ (၃) ကမ္မဋ္ဌာနာစရိယလည်းမည်၊ ဓမ္မကထိကလည်း မည်သော ဒေသက။ (၄) စရိယ, ကထိက– နှစ်ဖြာပြည့်စုံ၍၊ သပ္ပုရိသဂုဏ်နှင့် ပြည့်စုံသော ဒေသက။ (၅) အဗဟုပကာရဏ- အကြားအမြင် မများသော သေက္ခသပ္ပုရိသဒေသက။ (၆) ဗဟုပကာရဏ- အကြားအမြင်များသော– သေက္ခသပ္ပုရိသ ဒေသကဟူ၍ ခြောက်မျိုး၊ ခြောက်စားအားဖြင့်– ပိုင်းခြား, သိအပ်ရာပါသည်။

(၁) ကမ္မဋ္ဌာနာ စရိယဆိုသည်မှာ.... ကမ္မဋ္ဌာနာ= သမထကမ္မဋ္ဌာန်း၊ ဝိပဿနာ–ဘာဝနာ ကမ္မဋ္ဌာန်းတို့ကို၊ အာစရိယ= အာ,အရ– ရှေးဦးစွာ၊ စရိယ=ဒိမိကိုယ်တိုင်, ကျင့်အပ်သော- အကျင့်ဖြင့် (ဝါ) ရှေးဦးစွာ- မိမိကိုယ်တိုင် ကျင့်အပ်, ရအပ်ပြီးသော အကျင့်ဖြင့်၊ သွန်သင်ပို့ချ- နည်းပေး, လမ်းပြတော- ဆရာ၊ ထိုကမ္မဋ္ဌာနာစရိယတို့တွင် ဓမ္မကထိက– မမည်ရခြင်းသည်၊ ပရိ

ယတ်အခြေခံမရှိ၊ ဓမ္မကထိက- ခေါ်ဆိုထိုက်ခြင်း၌၊ မသက်ဝင်ပါက- ကမ္မဋ္ဌာနာစရိယ- ဓမ္မကထိက- မမည်နိုင်ကုန်၊ ထို့ကြောင့်- ဒေသနာဉာဏ်၊ ပစ္စက္ခဉာဏ်နှစ်စားကို အနုဗောဓဉာဏ်အားဖြင့်၊ သက်ဝင်ပိုင်းခြား ပြသနိုင်စွမ်း မရှိငြားတတ်ကြပေ။ မိမိကျင့်ဘူးသော တပုဒ်-တဂါထာ-တနည်းမျှကိုသာ၊ သာဝကအား ကျေနပ်တင်းတိမ်နေစေရန်မှ တပါး၊ သာဝက၏ အဇ္ဈာသယ၊ စရိယ- ဝါသနာတို့ကို ခန့်မှန်း၍၊ အခြားတပါး- သင့်လျော်ရာသို့- ပို့ပေးနိုင်ခြင်း- မရှိတတ်တော့ပေ။ (ဝါ) ဘုရားတပည့်သား- သာဝက၏ အဖြစ်ကို မရောက်စေဘဲ၊ မိမိတပည့်အဖြစ်၌ တန်းဆုံး၍ နေစေတတ်တော့သည်။ တန်းကုန်၍ ဆုံးရှုံးနေရတော့သည်။

ထိုကဲ့သို့= ဒေသကစာရင်းတွင်- တင်းပြည့်၊ ကျပ်ပြည့်အားဖြင့် မသက်ဝင်သော-ဒေသကတို့လည်း ပေါပေါက်လာတတ်ပါသည်။ တင်းပြည့်၊ ကျပ်ပြည့်၊ မရပ်တည်နိုင်ပုံ ယုတ္တိကို၊ ပေတကော ပဒေသပါဠိတော်၌ ဖွင့်ဆိုတော်မူသည်မှာ....

"သာဝကဿ သစ္စာနုသန္ဓိ ပရတော ဃောသော၊
ဒေသတီတိ ဒေသကော"ဟု လာရှိပါသည်။

ဃောသတ္တာ= ဓမ္မကထိက အစစ်၊ ကလျာဏမိတ္တ ဖြစ်သော- အကြင်ဆရာသည်၊ သာဝကဿ= ဘုရားတပည့်၏ (ဝါ) သံသာရ ဝဋ္ဋဒုက္ခတော- မောစနတ္ထာယ- ဟု၊ အပြောမဟုတ်၊ အပြောနှင့် အလုပ်ညီမျှသည့် သာဝကယောဂီအား၊ သစ္စာနုသန္ဓိ ပရတောဃောသံ= သစ္စာလေးရပ်နှင့် စပ်သော ဒေသနာ တရားသံကို၊ ဒေသေတိ- အမှန်အမှား ခွဲခြားပိုင်ပိုင်-ညွှန်ပြနိုင်၏။ ဣတိ- ထို့ကြောင့်၊ သောသတ္တာ- ထိုဆရာသည်၊ ဒေသကော- ဒေသက မည်၏။

အဲဒီလို= သစ္စာလေးပါး၊ မြတ်တရားကို၊ အမှန်အမှား ခွဲခြားပိုင်ပိုင် ညွှန်ပြနိုင်မှ၊ ဒေသကဖြစ်တယ်လို့ ဖွင့်ဆိုချက်ကို၊ အပေါ်ယံမှ ကြည့်ပြီးလျှင်၊ "စတုသစ္စဓမ္မေ ဓမ္မောနာမ နတ္ထိ" ဆိုတဲ့ ပုဒ်ကလေးနဲ့၊ တရားဆိုရင်- သစ္စာလေးပါးက- လွတ်တဲ့တရားမှ မရှိဘဲ၊ မိမိတို့ ဟောတာလဲ၊ သစ္စာလေးပါးက မလွတ်လို့ ဒေသကပါဘဲလို့၊ စောဒက တက်ကြည့်ကြအုံးစို့၊ ပရိယတ္တိ-ကခြေခံမရှိလျှင်၊ အဘိဓမ္မာ ဒေသနာတော်၌၊ မကျွမ်းကျင်နိုင်ခြင်းကြောင့်၊ ပညတ်ပေါ်တင်၊ ဟောရချက်တွေသာများရာ၊ လေးပါးသော- သစ္စာတရားသည်

တရားမှန်သမျှတို့က မလွတ်ဟု ဆိုရာ၌၊ သစ္စာစကားအရ မဖေါက်မပြန်မှန်ကန်သော၊ ပရမတ္ထ, သစ္စာ၌သာ ဖြစ်သည့်၊ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓါတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်, ပဋ္ဌာနနယ- စသော၊ တရားတို့မှာသာ မလွတ်ခြင်း ဖြစ်ပါသည်။ ပညတ်, ပညတ်နှင့် စပ်သော- တရားတို့အတွင်း၌ မပါပါ။ သို့သော်- ပညတ်, ပညတ်နှင့်စပ်သော တရားတို့သည်၊ ဥ ယျောမ္မ အနေအားဖြင့် သိအပ်သော- တရားအတွင်းဝယ် ပါရှိရပေသည်။ ဘာ့ကြောင့်ဆိုသော်- အမှန်, အမှား, ခွဲခြားပိုင်ပိုင်၊ ညွှန်ပြနိုင်ကြောင်း၌၊ အမှားအားဖြင့်- မစွဲယူ မသုံးသပ်စေရန်သာ ဖြစ်ပါသည်။ ထို့ကြောင့်- သစ္စာလေးရပ်နှင့် စပ်က၊ တရားမှန်သမျှ မလွတ်ကြဆိုရာ၌၊ မဖေါက်မပြန်- မှန်ကန်သော- မုချဒေသနာ၊ အဘိဓမ္မာကထာ- အပေါင်းကိုသာ- ဆိုလိုသည်ဟု- ခွဲခြားသိအပ်ပါသည်။ ပရိယတ်, အခြေခံချိတ်၊ ကမ္မဋ္ဌာနာစရိယ, သက်သက်ဆိုပါက၊ ဓမ္မကထိက- မမည်နိုင်၍ ဒေသကအစစ်မှ- တထစ်လျော့နေသည်ဟု- ဆိုအပ်ပါသည်။ ဒီတော့- ကမ္မဋ္ဌာနာစရိယတော့ မည်ပါပြီ၊ ဓမ္မကထိက မည်အောင်က၊ ဘာနဲ့- ညီရမှာလဲလို့ ဆန်းစစ်ရင်၊ အဋ္ဌသာလိနီ အဋ္ဌကထာ၌....

"အာဘိဓမ္မိကာ ဘိက္ခုယေဝ ကိရ ဓမ္မကထိကာနာမ၊
အဝသေသာသာ ဓမ္မကထံ ကထေန္တာပိ နဓမ္မကထိကာ။"
လို့....ဖွင့်ဆိုပါတယ်။

အာဘိဓမ္မိကာ- ရုပ်, နာမ်, သဘာဝ၊ ပရမတ္ထဓမ္မကို- ထွန်းပြဆိုသည့်၊ အဘိဓမ္မာ ဒေသနာကို၊ ဆောင်နိုင်သော၊ ဘိက္ခုယေဝ- ဘုရားသားကျော်- ရဟန်းတော်တို့ သည်သာလျှင်၊ ဓမ္မကထိကာ နာမ ကိရ- ဓမ္မကထိက ပုဂ္ဂိုလ်ဟု ခေါ်ဆိုခြင်းငှါ ထိုက်သတတ်၊ (ဝါ) မဂ္ဂကထာ, နိဗ္ဗာနကထာတိုင်, ဖွင့်ဆိုဟောနိုင်၊ အဘိဓမ္မာကို ပိုင်သည်ဖြစ်၍၊ ဓမ္မကထိက, အစစ်ဟု- ခေါ်ဆိုထိုက်၏။ အဝသေသာ- ထိုမှ ကြွင်းကျန်ကုန်သော၊ ဓမ္မကထံ- တရားစကားကို၊ ကထေန္တာပိ- ဟောပြောကြငြား၊ ပုဂ္ဂိုလ်များသည်လည်း၊ နဓမ္မကထိကာ- ဓမ္မကထိက စစ်စစ်၊ ကေန်- ဖြစ်သည်ဟူ၍၊ မဆိုထိုက်ကုန်။

အဲဒီလို- ဓမ္မကထိက, အစစ်၊ ကေန်အခေါ်ခံထိုက်ချင်ရင်တော့၊ အဘိဓမ္မာကို ဆောင်နိုင်မှ- မုချခေါ်ဆိုထိုက်ပါတယ်၊ ဒီတော့- ကမ္မဋ္ဌာနာစရိယလဲ မည်၊ ဓမ္မကထိကလဲ မည်ချင်ရင်၊ ရှေးဦးစွာ- ကျင့်အပ်, ရအပ်တဲ့၊ ဘာဝနာမယဉာဏ်, ဝိပဿနာဉာဏ်, ပစ္စက္ခဉာဏ်နဲ့လဲ- ပြည့်စုံရမယ်၊ ပရိယတ်-

အခြေခံရှိပြီး၊ အဘိဓမ္မာကိုလဲ– ဆောင်နိုင်ရမယ်၊ အဲဒီလို– နှစ်ချက်နဲ့ ပြည့်စုံရင်တော့၊ ကမ္မဋ္ဌာနာစရိယလဲ မည်၊ ဓမ္မကထိကလို့လဲ မည်တဲ့၊ နှစ်ဘက် ပြည့်စုံတဲ့၊ အမှတ်(၃)ကို ရမယ်၊ အကယ်၍– အဘိဓမ္မာကိုဆောင်နိုင်ပြီး၊ သစ္စာလေးရပ်နဲ့စပ်တဲ့– တရားမြတ်ကို၊ အမှန်၊ အမှား၊ ခွဲခြားပိုင်ပိုင်တော့ ဟောဆိုနိုင်ပါတယ်၊ ပစ္စက္ခဉာဏ်၊ တဆူဆူရအောင်၊ ကျင့်အပ်၊ ရအပ်ပြီးတဲ့၊ သမထ၊ ဝိပဿနာ၊ ဘာဝနာနှစ်ဖြာ– မရှိဘူးဆိုရင်၊ ဓမ္မကထိကသာ မည်ပြီး၊ ကမ္မဋ္ဌာနာစရိယလို့– မခေါ်ဆို ထိုက်တော့ဘူး၊ ဘာ့ကြောင့်လဲဆိုတော့၊ ဒေသကတာဝန်မှာရှိတဲ့၊ သုတမယဉာဏ်သာ ပေးစွမ်းနိုင်ပြီး၊ ပစ္စက္ခဉာဏ်၊ အနုဗောဓဉာဏ်ကို၊ မပေးစွမ်းနိုင်လို့ဘဲ ဖြစ်တယ်၊ အဘိဓမ္မာပါရင်၊ ဓမ္မကထိက ဖြစ်တယ်ဆိုပြီးတော့လဲ၊ ပေတဝတ္ထုတို့၊ သီဟဠဝတ္ထုတို့– ဇင်းမယ်ပဏ္ဏာသတို့ကို ဟောပြီး၊ နောက်ဆုံးကျမှ– အားနာပါးနာ– နှုံးသတိအနေနဲ့၊ ဤသည်ကား-အဘိဓမ္မာဟူ၍၊ သိမှတ်ကြကုန်ဆိုတာလေးနဲ့၊ အဆုံးသတ်နိုင်ရုံနဲ့တော့လဲ၊ ဓမ္မကထိကမည်ကာမျှဘဲ ဖြစ်တယ်၊ မခေါ်ဆိုထိုက်တဲ့ထဲဘဲ ပါသွားနိုင်ပါတယ်။

ဒီနေရာမှာ= ဘာဖြစ်လို့၊ အဘိဓမ္မာကို ဆောင်နိုင်မှ- ဓမ္မကထိကလို့ အခေါ်ခံထိုက်ရမယ်လို့ ဖွင့်ဆိုပါသလဲ ဆိုတော့၊ အကျဉ်းအားဖြင့် ကထာငါးမျိုးဆိုတဲ့၊ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ၊ နိဗ္ဗာနကထာတို့ အနေအားဖြင့်- ဟောကြားရာတွင်၊ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ– တို့ကို၊ ဟောကြားရာတွင်၊ ဝဋ္ဋပရိဗြူဒ– အတွင်းမှာသာ၊ ဟောပြောခြင်းကို အလိုမရှိလို့ဘဲ၊ အဘိဓမ္မာကို– မဆောင်နိုင်က- ဝဋ်မှ ထွက်မြောက်ကြောင်း၊ မဂ္ဂကထာနှင့် နိဗ္ဗာနကထာကို- အမှန်၊ အမှား၊ ခွဲခြားပိုင်ပိုင် ဟောနိုင်ဘွယ်ရာ မရှိရာ၊ အဘိဓမ္မာကို မဆောင်နိုင်သော ပုဂ္ဂိုလ်သည်၊ ဒါန၊ သီလ၊ သဂ္ဂကထာ– အတွင်းသို့၊ မဂ္ဂထယာ– နိဗ္ဗာနကထာတို့ကို ပေါင်းစပ်သက်ဝင်အောင်၊ မညွှန်ပြနိုင်ခြင်းကြောင့်၊ ဝဋ်မှ နစ်စေသော (၀၇) သံသရာကို တူးဖို့သော– ဂုဏ်သတ္တိရှိသည့် ဘုရားအဆုံးအမ၊ တရားမြတ်ကို- ဟောကြားလျက်၊ ဝဋ်မှ မလွတ်ဘဲ၊ သံသရာကို တူးဖို့နိုင်သော ဂုဏ်မှ ချို့တဲ့မည်စိုးသောကြောင့်၊ အဘိဓမ္မာကို ဆောင်နိုင်မှ ဓမ္မကထိက– ခေါ်ဆိုထိုက်တယ်လို့၊ ဖွင့်ဆိုသတ်မှတ်ပေးခြင်းဖြစ်ပါတယ်။ တနည်းအားဖြင့်၊ ဗျတိရိတ်ကို ဆိုရသော်= အဘိဓမ္မာကို- မဆောင်နိုင်လျှင် ဓမ္မကထိက– မပြုလုပ်ကြပါနှင့်ဟု- ပရိယာယ်အနေအားဖြင့် ဆိုထားတာဘဲ ဖြစ်ပါသည်။ ။

သို့သော်၊ အဘိဓမ္မာကို မဆောင်နိုင်ဘဲလဲ– တရားဟောကြားပါလိမ့်မယ်။ အဲဒီလို-ဟောရင်တော့၊ တရားဟောပုဂ္ဂိုလ်ဘဲဖြစ်မယ်၊ နဓမ္မကထိကာ–

အရ၊ ဓမ္မကထိကလို့တော့၊ အခေါ်မခံထိုက်ပေဘူးလို့- တိုက်ရိုက်ပင်ဆိုထား တော်မူပါတယ်၊ သတ္တဝါဝေနေယျတို့အား၊ ဝဋ်မှ-မထွက်မြောက်စေဘဲ၊သာသ နာတော်၏ သံသရာကို တူးဖြိုတတ်တဲ့ ဂုဏ်ပျောက်စေတဲ့၊ ဟောကြားမှုမျိုးကို၊ ဓမ္မသင်္ဂဏီပါဠိတော်အဖွင့် အဋ္ဌသာလိနီ-အဋ္ဌကထာဆရာ ဆိုတော်မူရုံတင်မက ပါဘူး၊ မြတ်စွာဘုရားသခင်ကိုယ်တော်တိုင်ပင်၊ အဘိဓမ္မာကို ဆောင်နိုင်ရုံတင် မက၊ ဝဋ်မှ- ထွက်မြောက်ကြောင်း ကျေနပ်ကို ညွှန်ပြသွန်သင်ဟောပြောနိုင်မှ- ငါ ဘုရား ဓမ္မကထိကလို့ သမုတ်တယ်ဆိုပြီး၊ ဒေဝတာ သံယုတ်ပါဠိတော် မှာ၊ ဇေတဝန်မြိုင်ဝှမ်း ကျောင်းသခ်န်း၌ ဝိသုဒ်နတ်သား မေးလျှောက်ကြား သဖြင့်၊ ပြတ်သားစွာ ဤသို့ဟောကြားတော်မူပါတယ်။

ဇရာမရဏာသစေ ဘိက္ခုတိ၊
နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓါယ၊
ဓမ္မံဒေသေတိ ဓမ္မကထိကော၊
ဘိက္ခုတိ အလံဝစနာယ။ ။

ဘိက္ခု-သံသရာရေးကို၊ ဘေးဟုရှုမျှော်-ရဟန်းတော်သည်။ ဇရာ မရ ဏာသနိဗ္ဗိဒါယ-အိုခြင်း, သေခြင်း, ဂုဏ်အခင်းသာရှိသည့်၊ ရုပ်နာမ်နှစ်သင်း၌၊ ပြင်းမုန်းငြီးငွေ့စေခြင်းငှါ၊ (ဝါ) ဇရာမရဏာတရား၌၊ ဝိပဿနာ အနုလောမ ဉာဏ် အကျိုးငှါ၊ ဇရာမရဏာသ ဝိရာဂါယ- အိုခြင်း,သေခြင်း,ဂုဏ်အခင်းသာ ရှိသည့် ရုပ်နာမ်နှစ်သင်း၌- တပ်မက်ကပ်ငြိမှု-ကင်းခြင်းငှါ၊ (ဝါ) ဇရာမရဏာ တရား၌၊ အကြောင်းတပါး ကင်းသောအကျိုးငှါ။ ဇရာမရဏာသနိရောဓါယ- အိုခြင်း, သေခြင်း, ဂုဏ်အခင်းသာရှိသည့်၊ ရုပ်နာမ်နှစ်သင်း၌၊ ကိလေသာတို့၏ ချုပ်ငြိမ်းစေခြင်းငှါ၊ (ဝါ) ဇရာမရဏာတရား၌၊ အကြောင်းလုံးစုံ ကင်းချုပ် ကုန်၍၊ အကျိုးဒုက္ခပါ ချုပ်ရသည့်၊ အသေသဝိရာဂ-အစ္စန္တ နိရောဓ- နိဗ္ဗာန အကျိုးငှါ။ ဓမ္မံဒေသေတိ-တကယ်ထင်ရှား၊ အကျိုးတရားရငြားအောင်၊ သွန် သင်ဟောကြားနိုင်ငြားအံ့။ ဓမ္မကထိကော ဘိက္ခုတိ-ဓမ္မကထိက ပုဂ္ဂိုလ်ဟူ၍၊ အလံဝစနာယ-ခေါ်ဆိုအပ်, ခေါ်ဆိုထိုက်ပေ၏။ ။

အဲဒီ, ဘုရားအလိုတော်ကျ၊ဗုဒ္ဓသာဝက- ဓမ္မကထိက-အခေါ်ခံထိုက်တဲ့၊ ပုဂ္ဂိုလ်ဒ႑ဖြစ်ကို သက်ဝင်ရှိနိုင်အောင်၊ စွမ်းဆောင်နိုင်ဘို့ကိုကြည့်ရင်၊ ဝဋ်မှ ထွက်မြောက်၊နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင်၊ ပေးစွမ်းနိုင်မှသာ-ဓမ္မကထိက မည်သတဲ့၊ အဆင့်ဆင့်အားဖြင့်ကြည့်ရင်၊ ဇရာမရဏာသ နိဗ္ဗိဒါယ- အိုခြင်း,

သေခြင်း, ဂုဏ်အခင်းသာရှိတဲ့၊ ရုပ်နာမ်နှစ်သင်းကို ငြိုးငွေ့စေရန်၊ ဟောညွှန်ရမယ်တဲ့၊ ဒီတော့-တသံသရာလုံးက၊ ရုပ်နာမ်ကိုမမြင်၊ ပုဂ္ဂိုလ် သတ္တဝါလို့သာ အထင်နဲ့စွဲလာတာကို ပျောက်ကွယ်သွားအောင်၊ ရုပ်နာမ်သဘာဝ– ပရမတ္ထ သဘောတွေကို၊ ပိုင်းခြားကုန်စင် ဉာဏ်အမြင်ရအောင်၊ ဟောညွှန် ပြသခြင်း၊ ရုပ်နာမ်ခန္ဓာ– ဒုက္ခသာဟု ကေန်ထင်လင်း ဆောင်နှင်းတတ်ခြင်း အခင်းကို၊ ရှင်းလင်းအောင် သိအပ်စေပြီးတဲ့၊ သာဝကယောဂီကို၊ အဲဒီ· ဒုက္ခသစ္စာ– ငါးခန္ဓာ ရုပ်နာမ်စုသည်၊ သင်္ခတပရမတ္ထတို့၏- ခဏတ္တယ သဘောသာဖြစ်ရာ၊အဲဒီ- ခဏတ္တယ- ရုပ်နာမ်က ဒြပ်၊ အဲဒီ–ဒြပ်မှာရှိတဲ့၊ ဂုဏ်သကပ်ကကော့–အိုခြင်းနဲ့ သေခြင်းဆိုတဲ့– ဂုဏ်ဘဲရှိပါတယ်၊ သူသူငါငါတွေကတော့၊ ဒုက္ခသစ္စာ- ငါးခန္ဓာရုပ်နာမ်-ခဏတ္တယမျှသာလို့ ပိုင်းခြားထင်ထင်– ဉာဏ်နှင့်မမြင်– မသိကြဘူး။ ပုဂ္ဂိုလ်,သတ္တဝါ-ယောကျ်ား,မိန်းမဆိုတာတွေ· တကယ်အရှိ ဒြပ်လုပ်ပြီး ရုပ်ချောတဲ့ဂုဏ်၊ ဥစ္စာပေါတဲ့ဂုဏ်၊ ပညာတတ်တဲ့ဂုဏ်၊ ဆွေဂုဏ်, မျိုးဂုဏ်၊ ရာထူးဂုဏ်, အာဏာဂုဏ်,တွေကိုသာ သိမြင်ပြီး၊ ငါဘဲ,ယောကျ်ား–မိန်းမဘဲ၊ ငါ့မှာ ဘာဂုဏ်တွေရှိတယ်ဆိုပြီး၊ ဒိဋ္ဌိ-အယူအမှတ် အသိမှားတွင် မာနဝင်တတ်ကြပါသည်။

အဲဒီ-ဒိဋ္ဌိမာနနဲ့ ရုပ်မလားဆိုတော့– မရုပ်မနားသေးဘဲ၊ အနှစ်မရှိတဲ့– လောကီဂုဏ်အရုပ်ရုပ်ကို မြင့်သထက်မြင့်အောင် ရဘိုလဲ လိုလား တောင့်တနှစ်သက်လျက်၊ မျှော်မှန်းချက်ကြီးတွေနဲ့ ဘဝခရီးတခုလုံး တဏှာကိုသာ– ဒိဋ္ဌိငါ,မာနငါတို့က အဖေါ်သဟဲလုပ်ပြီးလျှင်၊ ဒုက္ခဝန်ထုပ်ကြီးကို တဘဝ ကုန်ဆုံးလို့ ပစ်ချခံရပြန်တော့၊ အပယ်လေးပါးကိုဘဲ စုံးစုံးပြန်၍– မြုပ်ကြရတော့တယ်။ အဲဒီလို– အမှားစွဲ တဏှာ,မာန,ဒိဋ္ဌိနဲ့ မရှိတရားကို အရှိလုပ်ခါ ဒြပ်မှား၍ ဂုဏ်မှားတွေကိုဘဲ–အနှစ်သာရရှိလှပြီအဟုတ်ထင်၊ သမုဒ်ပြင် သံသရာကြောမှာ၊ မျောပါနစ်မြုပ်ခါ– နေခဲ့ကြရလေပြီ၊ မှရှိတရားကို မရှိကြောင်း ကေန်ပိုင်းခြား ဝေဘန်သိရန်နှင့် ရှိတရားဒုက္ခသစ္စာ– ဖြစ်ပြေးပုံကိုလဲ ပိုင်းခြား ဝေဘန် အသိဉာဏ်ရရှိစေရန် ပေးစွမ်းနိုင်သော သပ္ပုရိသကိုအမှီရသည့် သာဝကယောဂီသည်-ဒြပ်ဆိုတာ ပညတ်၊ပုဂ္ဂိုလ်,သတ္တဝါကပ်မရတဲ့- သင်္ခါရလောက၊ ဒုက္ခသစ္စာ, ငါးခန္ဓာ ရုပ်နာမ်နှစ်သင်းမျှ ပါကလားလို့ ပိုင်းခြားသိပြီးလျှင်၊ ဂုဏ်ဆိုတာ ကြည့်ပြန်တော့၊ ဒီရုပ်နာမ်နှစ်သင်းသည် မချွတ်မယွင်း–ဇရာဆိုတဲ့ အိုခြင်းဂုဏ်–မရဏဆိုတဲ့ သေရခြင်းဂုဏ် နှစ်ခုကလွဲပြီး၊ တခြားမချွတ်မယွင်းတဲ့ ဂုဏ်အစစ်လို့ လုံးဝမရှိတာအမှန်ပါတကား၊ အိုခြင်းဆိုတဲ့ ဂုဏ်ကလဲ ရုပ်နာမ်နှစ်သင်း၊ ပဋိသန္ဓေအခင်းနဲ့ သက်ဝင်လာရဆဲ၊ ခဏ တဲတဲကလေးမျှ အတွင်း၌

ခဏိကဇရာ, အဆက်ဆက်နှင့် သန္တတိဇရာ, အဆက်မပြတ် အိုလာရတာလဲ· မလွဲ ကေန် အမှန်ဘဲ၊ မရဏကျပြန်တော့လဲ ခဏယ်လေးအတွင်း ရင့်ရော်ခြင်းသို့ ဇရတာသဘော၏ အခြားမဲ့၌ ချုပ်ပျောက်ပြုန်းတီး ပျက်စီးကုန်ဆုံးတတ်သော ဝယဓမ္မာသခ်ါရာ အစစ်ပေမို့၊ လက်ပစ်တတွက် မျက်တောင်တချက် ခတ်လိုက်တိုင်း ကုဋေနှင့်ဆောင်, ငါးထောင်ကျော်မျှ၊ သေပျောက်ချုပ်ဆုံးနေရသော ခဏိက မရဏဆိုတဲ့ သေခြင်းဂုဏ်ကလဲ တခဲနက်ပြည့်လျှမ်း၊ အနုစ်သာရ- နှမ်းစေ့တခြမ်းမျှ–မရှိတာကလဲ အမှန်။ အဲဒီလို သိအပ်တဲ့ အိုခြင်း, သေခြင်း, ဂုဏ်အခင်းသာရှိတဲ့ရုပ်နာမ်နှစ်သင်းသည်၊ ဝတ္တမာန်ဆိုတဲ့ ပစ္စက္ခဘဝ ခဏတ္တယ တဲတဲကလေးနဲ့ နာရီဗီဇနာမလပ်၊အိုခြင်းဇရာကပ်ပြီး၊ ခဏိက မငုဏအထပ်ထပ် မရေတွက်နိုင်တဲ့ သခ်ါရဖြစ်ရပ် ဝယဓမ္မာကို မသိခဲ့လို့ ကံတည်းဟူသော အဘိုးအခကိုပေးပြီး၊ တဏှာယောကျ်ား လက်သမားသည် တည်ဆောက်၍ သက်ဝင်လာရသော, တဘဝတာ ရုပ်နာမ် နှစ်သင်းသည်၊ အိုခြင်း,သေခြင်း, ဂုဏ်စာရင်းကို ခံစား၍ ကံတည်းဟူသော အဘိုးအခနဲ့ညီမျှစွာ ကုန်သွားပြန် တော့၊ သမုတိမရဏလို့ ဆိုပြီး၊ စုတိသဘောနဲ့ ရွှေ့လျောကြရပြန်တယ်။အဲဒါ ကို ယောကျ်ားသေတယ်၊ မိန်းမသေတယ်၊ နတ်ရွာစံတယ်၊ ပြန်တော်မူတယ် လုပ်ပြီး၊ ဘယ်သူသေတ်ုးက၊ ဘယ်လောက်စည်တာပေါ့သို့၊ ဂုဏ်အစစ်ကို သိပြီး၊ သံဝေဂကလေးတောင် မဖြစ်နိုင်ကြဘဲ၊ အပုပ်ကောင်ကို အပြိုင်ချ၍၊ ဂုဏ် လျှိုင်လျှိုင်ရအောင်ပင် လုပ်တတ်ကြပါပေတယ်။ အဲဒီလို ခဏိကဇရာ၊ သန္တတိ ဇရာ၊ ဇရတာဇရာ–နဲ့ အနိစ္စတာ, မရဏ၊ ခဏိကမရဏ,သမုတိမရဏ သာလျှင်၊ ဒုက္ခသစ္စာ ငါးခန္ဓာ ရုပ်နာမ်နှစ်သင်း ဒြဂ်အခင်းသည်၊ အိုခြင်း,သေခြင်း,ဂုဏ် အခင်းသာရှိတဲ့ တရားပါလား၊ ရုပ်တလုံး, နာမ်တခုစီကို၊ ပိုင်းခြားထိုးထွင်း၊ သိအပ်ရာပါသည်၊ ရုပ်တလုံး, နာမ်တခုစီအထိ- ပိုင်းခြားထိုးတွင်း ပြနိုင်ပြီး လျှင်၊ ဇရာမရဏသာ နိဗ္ဗဒါယ= ဇရာမရဏ- တရားလို့ တကယ်အမှန်မြင်သိပြီး၊ နိဗ္ဗိဒါဉာဏ်အထိ ရအောင် ပြသနိုင်ရမည်ဟူ၍ ရင်း....။

ဘုရားရှင်က– ဒါတွင်လားဆိုတော့၊ မဟုတ်သေးပါဘူး၊ အဲဒီ- နိဗ္ဗိ ဒါဉာဏ်ကနေ၊ အနုလောမဉာဏ်, အကျိုးတိုင်အောင်၊ ရရှိနိုင်အောင်၊ သွန်သင် ပြသနိုင်ရမယ်တဲ့၊ ဒုတိယအချက်ကတော့၊ အဲဒီ– ဇရာ မရဏ, ဂုဏ်ဘဲရှိတဲ့၊ ဒုက္ခသစ္စာ- ရုပ်,နာမ်, နှစ်ဖြာကို ကာမရာဂ, ဘဝရာဂ,နဲ့– ကပ်ငြိတပ်မက် နှစ်သက်တဲ့ ရာဂကို၊ ခွါချနိုင်အောင်လဲ၊ ကာမရာဂ, တဏှာရဲ့ အပြစ်တွေ၊ ဘဝရာဂ, ဘဝတဏှာရဲ့- အပြစ်တွေ၊ ဝိဘဝတဏှာရဲ့– အပြစ်တွေကို၊ စိစစ်, ဝေဘန်ပြသ၍၊ ရာဂနဲ့ စွဲယူထားတဲ့၊ သမုဒယသစ္စာတည်းဟူသော- ဘဝသစ်

တဖန်ရစေသည့်၊ အကြောင်းတပါးမှ ကင်းလွတ်သွားအောင်လဲ– ပို့ဆောင် ပြသနိုင်စွမ်းရှိရမယ်တဲ့၊ တတိယအချက်ကတော့· ဒေသကခေါ် ဓမ္မကထိကနဲ့ သာဝကခေါ် ယောဂီ-နှစ်ဘက်ညီ ပြည့်စုံစွာ၊ အပေး,အယူ, အကျင့်, အသုံး လုံးလုံးမှန်ရင်၊ အသေသဝိရာဂ- အကြွင်းမရှိ၊ ရာဂ, ကုန်ရာဖြစ်သော၊ အစွန္တ– အဆုံးစွန်၊ နိရောဓ- ချုပ်ငြိမ်းရာမှန်သည့်၊ မြတ်နိဗ္ဗာန်ကို သက်ဝင်၍၊ အကျိုး တရား–ရငြားသွားအောင်ရင်း၊ ဒေသနာနဲ့၊ မိမိရရ,ထင်ထင်ရှားရှား- အကျိုး တရားရငြား သွန်သင်, ပြသနိုင်တဲ့ ပုဂ္ဂိုလ်ကိုမှ၊ ဓမ္မကတိက- အစစ်, ကေန်ခေါ် ထိုက်ရာ မှန်ပေသည်ဟု၊ သယမ္ဘူ- ဗုဒ္ဓ,ဘုရား၏ နှုတ်ဟစကား, မိန့်ခွန်းတော် များကို ကြည့်ပါက၊ အဘိဓမ္မာကို မဆောင်၊ တော်အောင်, လျှော်အောင်၊ ပရိယတ်အကြိုက်၊ တဏှာ, အလိုလိုက်တရား ဟောကြားနိုင်ကာမျှနှင့်တော့၊ ဘုရားရှင် ချီးမွမ်းသည့်၊ ဓမ္မကထိကပန်းကို ဆင်မြန်းနိုင်မည် မဟုတ်ပါပေ။

ဤကဲ့သို့= မြတ်စွာဘုရားသခင်သည်၊ ဓမ္မကထိက အခေါ်ခံထိုက်ခြင်း၌ သာဝကတို့အား၊ ဝဋ်မှ ထွက်မြောက်ခြင်း၊ အကျိုးတရားရအောင် သွန်သင် ဟောကြားနိုင်မှု ရှိသူကိုသာ၊ သမုတ်- ခေါ်ဆိုထိုက်၏ဟု– မိန့်ခွန်းတော် ချွေပါသည်။ အဋ္ဌသာလိနီအဋ္ဌကထာ- ဆရာအရှင်မြတ်သည်လည်း၊ ထို ဘုရား အလိုကျ၊ အကျိုးတရား ရစေခြင်း၌၊ အဘိဓမ္မာကို- ဆောင်နှင်းနိုင်ခြင်း ကင်းသဖြင့်၊ မရကောင်း, မရောက်ကောင်းသောကြောင့်၊ အကြောင်းပြကာ အဘိဓမ္မာကို ဆောင်နိုင်မှသာ၊ ဓမ္မကထိကခေါ်ထိုက်သည်ဟု– ဖွင့်ဆိုတော် မူပါသည်။ ထိုမှအပြန်– အဘိဓမ္မာကို မဆောင်နိုင်ဘဲ၊ တရားဟောငြားက၊ အခေါ်မခံထိုက်ကုန်ဟူ၍၊ ဝေဘန်ပြတော်မူခဲ့ပါသည်။ ဘာ့ကြောင့်ဆိုသော်– အကြောင်းကင်းသည်ဖြစ်၍၊ ဘုရားအလိုကျ၊ အကျိုးစာရင်း မြောက်အောင်၊ ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် ဖြစ်ပါတယ်။

ဒီတော့= သာဝကတို့သည်၊ (၁) ကမ္မဋ္ဌာနာ စရိယသာမည်၍၊ ဓမ္မ ကထိက– မမည်ပုံကို သိရသလို။ (၂) ဓမ္မကထိကသာမည်၍၊ ကမ္မဋ္ဌာနာစရိယ မမည်ပုံကိုလဲ သိရပြီဖြစ်ရာ၊ (၃) ကမ္မဋ္ဌာနာစရိယ လည်းမည်၊ ဓမ္မကထိကလဲ မည်သော ပုဂ္ဂိုလ်ကိုသာ ဆန်းစစ်ရွေးချယ်တတ်ကောင်း သွားပါပြီ။ ထိုထို ဒေသက ပုဂ္ဂိုလ်တို့ကလဲ- မိမိတို့ဘက်မှ လိုအပ်ချက်ကို၊ ဖြည့်ဆွမ်းနိုင်ကောင်းကြ ပါပေပြီ။ အဲဒီလို– ကမ္မဋ္ဌာနာ စရိယလည်းမည်၊ ဓမ္မကထိက လည်း မည်သော ပုဂ္ဂိုလ်မြတ်တို့ကို၊ မြတ်စွာဘုရားသခင်သည်၊ ဘယ်လိုတရားမြတ်၌- ရပ်တည်, သွန်သင်, ဟောညွှန်ရမည်ကိုလည်း လမ်းမမှားရအောင်၊ ညွှန်ပြ, ပေးသနား

တော် မူခဲ့ပါတယ်။ ပေးတော်မူခဲ့ရာ– ဒေသနာမှာတော့၊ မူလ– ပဏ္ဏာသ– စုလ္လဟတ္ထိပဒေါပမ- သုတ်တော်၌ ...

အာဒိမှိ သီလံဒဿေယျ- မဂ္ဂေမဂ္ဂံ ဝိဘာဝယေ၊
ပရိယောသာနမှိ နိဗ္ဗာနံ၊ သော ကထိက သဏ္ဍိတိ။ ။

အာဒိမှိ– တရားဟောညွှန်၊ ဒေသနာမွန်၏ အစ၌၊ သီလံ- ဖြူစင်စေအပ် မြတ်သီလကို၊ ဒဿေယျ– ပိုင်းခြားပြသရာ၏၊ မဇ္ဈေ- အလယ်၌၊ မဂ္ဂံ– မဂ္ဂင်ရှစ်ရပ်- သမ္မာပဋိပတ်၊ အကျင့်မြတ်ရကြောင်းကို၊ ဝိဘာဝယေ– ထင်ရှားမသေ့ ပြစေရာ၏၊ ပရိယောသာနမှိ- အဆုံး၏, ကောင်းခြင်းအဖြစ်ဖြင့်၊ နိဗ္ဗာနံ– ချမ်းသာရာမှန် မြတ်နိဗ္ဗာန်သို့- ကေန်မျက်မှောက် ပြုနိုင်ခြင်းကို၊ ဘာဝယေ– ထင်စွာပြရာ၏၊ သော– ဤသို့သော နည်းဖြင့် ညွှန်ပြသွန်သင်–ဟောပြောခြင်းသည်။ ကထိကသဏ္ဌိတိ– ဓမ္မကထိက ပုဂ္ဂိုလ်တို့၏ လိုက်နာဟောချေ- တည်နေသင့်, တည်နေအပ်သော– သဘောတို့ပေတည်း။ ။

အဲဒါက– နည်းပေးလမ်းပြ, ဓမ္မကထိကလို့ အခေါ်ခံထိုက်ပြီးရင်လဲ၊ သီလ, သမာဓိ, ပညာ, သိက္ခာ သုံးအင်တို့ကို အစဉ်မကွာ ရရှိအောင် ပြစေလိုသော– ဘုရားရှင်သည်၊ သီလသိက္ခာအတွက်၊ အာဂါရိလမ်းနှင့် အနာဂါရိ လမ်းနှစ်သွယ်မှာ၊ ဖြူစင်မြင့်မြတ်တဲ့ သီလ, အသွယ်သွယ်ကို၊ ထိုက်သင့်ရာ ဝေဘန်ပိုင်းခြား၍ ပြသပေးပါတဲ့၊ အလယ်၏ ကောင်းခြင်းနှင့် ပြည့်စုံအောင်လဲ– မဇ္ဈိမ ပဋိပဒါစစ်စစ်, မဂ္ဂင်ရှစ်ရပ်၊ သမ္မာပဋိပတ်, ဝိပဿနာ ဘာဝနာ မြတ်ကို၊ အနုလောမ ပဋိပဒါတိုင်၊ ကျင့်နိုင်, ပွားနိုင်, ရရောက်နိုင်အောင် ညွှန်ပြသွန်သင် ဟောကြားမှု၌ ရပ်တည်ပါတဲ့၊ အဆုံး၏ ကောင်းခြင်း အဖြစ်နဲ့လဲ၊ အနုဗောဓဉာဏ်တိုင်၊ သက်ဝင်ပိုင်နိုင်အောင်လဲ, ထင်စွာပြသ- ဟောညွှန်ကြခြင်း သုံးရပ်၌သာ၊ ဓမ္မကထိက ပုဂ္ဂိုလ်တို့သည် အစဉ်ရပ်တည်- သာသနာ့ဂုဏ်ရည်ကို အထုံရှည်စွာ- တည်တန့်အောင်၊ ထမ်းဆောင် ရပ်တည် သင့်ပါတယ်ဟူ၍၊ ဒေသကလဲ ဂုဏ်မညှိုး၊ သာဝကလဲ အကျိုးမယုတ်၊ သာသနာတော်မြတ်လဲ မဆုတ်ယုတ်စေလိုသော ဘုရားရှင်၏ အလိုတော်မြတ်သည်၊ ဒေသက သာဝက- နှစ်ရပ်၌၊ မ ဘာဂ ရုဏာကပ်၍ ဆုံးမ အပ်ခဲ့ပါတော့သည်။

ဤကဲ့သို့– ဒေသကလေးစား၊ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိကအပြားအားဖြင့် သက်ဝင်ပုံ ရပ်တည်ဆောင်နှင်း ဟောပြောခြင်းပြုရပုံတွေကို၊ ပိုင်းခြား သိသော– ယောဂီသည်၊ မိမိရှာဖွေဆည်းကပ်ရမည့်– ဒေသက အမြတ်စားကို မမှားအောင် ရွေးချယ်အပ်နိုင်သွားပါပြီ၊ ရှေ့ဆက်၍– အမှတ်(၅)နှင့် (၆)

ဖြစ်တဲ့ သပ္ပုရိသဘက်ကို ဆက်လက်ပြီး- အသိညာဏ်လင်းအောင်၊ ရှင်းလင်းကြည့်ကြဦးစို့။

အထက်ပါ- ကမ္မဋ္ဌာနာစရိယအဖြစ်လည်း ပြည့်စုံ၊ ဓမ္မကထိက အစစ်လို့လဲ-ကေန်ပြည့်ဝသော- ပုဂ္ဂိုလ်သည်သာ၊ သပ္ပုရိသ စာရင်းဝင် ဖြစ်နိုင်ပါသည်။ သပ္ပုရိသ စာရင်းဝင်နိုင်ရုံဟု- ဘာ့ကြောင့် ဆိုရသော်၊ အဗဟုပကာရ- အကြွားအမြင့်မများသော သပ္ပုရိသ ဖြစ်ပါက- တရားတော့ ပြနိုင်၍၊ တရားအတွက်၊ ဗဟုပကာရဏ- အကြွားအမြင်များသော- သပ္ပုရိသနှင့် စာလျှင်၊ အကြွားအမြင်များသော ပုဂ္ဂိုလ်သည်- ယောဂီတို့၏ အလိုစရိုက်နှင့် ကိုက်ညီသည်အထိ ပြုပြင်ပေးနိုင်စွမ်းရှိခြင်းကြောင့်- ဗဟုပကာရ- သပ္ပုရိသသည်သာ သပ္ပုရိသ, စစ်စစ်ကေန် သက်ဝင်အပ်ပါတယ်။

ဘာကြောင့်- အကြွားအမြင်များမှု,မများမှုနှင့် ပိုင်းခြားပြသရသနည်းဆိုသော်၊ သပ္ပုရိသဟူသော အဓိပ္ပါယ်မှာ- သောတာပန်ဖြစ်ကြောင်း၊ အင်္ဂါကောင်းလေးရပ်၌၊ ထိပ်ဘန်းမှ ရပ်တည်ပါဝင်အပ်သော- "သူတော်စင်ပညာရှိ"လို့ ခေါ်ဆိုပါတယ်။ (ဝါ) တနည်းအားဖြင့် အရိယာဓါတ် အစဉ်ကိန်းအပ်ပြီးသော ပဏ္ဍိတ, ဝိညူ-နှစ်ဆူသော ပညာရှိကို ခေါ်ဆိုပါတယ်၊ ဒီနေရာ၌ သူတော်ကောင်း ပညာရှိထက်၊ သူတော်စင်ပညာရှိကိုသာ အလိုရှိအပ်ပါတယ်။ ဘာ့ကြောင့်ဆိုသော်= သူတော်ကောင်းမျှဟုဆိုက၊ သူတော်တော့ ကောင်းပါသည်- ပညာရှိချင်မှ ရှိတတ်သည်၊ ပညာတော့ ရှိပါသည်၊ သူတော်ကောင်း ဟုတ်ချင်မှ ဟုတ်တတ်သော သဘောတို့သည်- အထင်အရှားတွေ့နေကြရခြင်းကြောင့် ဖြစ်ပါတယ်။ စရိယ, ကထိက,နှစ်ဖြာပြည့်စုံကာဖြင့် သပ္ပုရိသ စာရင်းဝင်ဖြစ်သော အဗဟုပကာရ- သပ္ပုရိသ သူတော်ကောင်း ပညာရှိနှင့်- စရိယ ကထိက နှစ်ဖြာပြည့်ဝပြီး၊ သပ္ပုရိသအစစ်, ဗဟုပကာရဏ- သပ္ပုရိသ- သူတော်စင်ပညာရှိဟူ၍၊ နှစ်စားခွဲခြားသိပါ။ သူတော်စင်သည် အရိယာဓါတ် အစဉ် ကိန်းအပ်ခြင်းဖြင့် ဖြူစင်မြင့်မြတ်သော အရိယာဓါတ်ကိန်းခြင်းကို ဆိုလိုပါတယ်၊ ပညာရှိအရ- ပဏ္ဍိတ, ဝိညူ နှစ်ဆူသောပညာနှင့် ပြည့်ဝခြင်းကို ဆိုလိုပါတယ်။ သို့မှသာ- သပ္ပုရိသ, အစစ်ဟု ဆိုအပ်သော- သောတာပတ္တိမဂ္ဂ အင်္ဂါလေးရပ်တွင် ထိပ်တန်းမှ- အရေးအကြီးဆုံး, ရပ်တည်ဆည်းကပ်ရမည့်၊ "သံသေဝ"အစစ်လည်း ဖြစ်နိုင်ပါတယ်။ ထိုသို့- သူတော်စင်ပညာရှိလို့- ခေါ်အပ်တဲ့- သပ္ပုရိသအစစ်- အဖြစ်မှာ နှစ်ဆူသော ပညာရပ်တို့နဲ့၊ ပြည့်အပ်ရမဲ့ သဘောကတော့- ကြောင်းကျိုး, လိမ္မာ- မြင်သိပါသော သဘောကို အနတ္တဝိဘာဝနီဋီကာ၌....

သုဂမ္ဘီရ မိဒံဌာနံ၊ သုဏိပုဏံ မိဒံ ပဒံ၊
သုဒုဒ္ဒသန မိဒံဌာနံ၊ သုဒုဗ္ဗောဓ မိဒံ ပဒံ၊
သုဒုဒ္ဒသမ္ပိ ပဿန္တိ၊ ပဏ္ဍိတ ဓမ္မကောဝိဒါ၊
သုဒုဗ္ဗောဓမ္ပိ ဗုဇ္ဈန္တိ၊ ဝိညူနော အတ္ထကောဝိဒါ။ ။

ဣဒံဌာနံ- ဤဝိပဿနာ အနတ္တအရာသည်၊ သုဂမ္ဘီရံ- အလွန်နက်နဲ၏၊ ဣဒံပဒံ- ဤဝိပဿနာအလုပ်, အနတ္တပုဒ်သည်၊ သုဏိပုဏံ- အလွန်သိမ်မွေ့၏၊ ဣဒံဌာနံ- ဤဝိပဿနာ, အနတ္တအရာသည်၊ သုဒုဒ္ဒသနံ- အလွန်သိနိုင်ခဲ၏၊ ဣဒံပဒံ- ဤဝိပဿနာအလုပ်, အလုပ်အနတ္တပုဒ်သည်၊ သုဒုဗ္ဗောဓံ- အလွန်ထိုးထွင်းနိုင်ခဲ၏။

ဓမ္မကောဝိဒါ- အကြောင်းတရား၌ လိမ္မာကြကုန်သော၊ ပဏ္ဍိတာ- ပညာရှိတို့သည်၊ သုဒုဒ္ဒသမ္ပိ- အလွန်သိမြင်နိုင်ခဲသော, တရားကိုလည်း (ဝါ) အလွန်နက်နဲ, အလွန်သိနိုင်ခဲသော တရားကိုလည်း၊ ပဿန္တိ- သိမြင်နိုင်ကြကုန်၏၊ အတ္ထကောဝိဒါ- တကျိုးတရား၌ လိမ္မာကြကုန်သော၊ ဝိညူနော- ပညာရှိတို့သည်၊ သုဒုဗ္ဗောဓမ္ပိ- အလွန်သိမ်မွေ့, အလွန် ဖေါက်ထွင်းနိုင် ခဲသော, တရားကိုလည်း၊ ဗုဇ္ဈန္တိ- ဖေါက်ထွင်း၍ သိကြကုန်၏။

သုဂမ္ဘီရံ- အလွန်နက်နဲတာရယ်၊ သုဒုဒ္ဒသနံ- အလွန်သိနိုင်ခဲတာရယ်ကို၊ ပဏ္ဍိတ, ပညာရှိတို့သည်သိကုန်၏၊ သုဏိပုဏံ- အလွန် သိမ်မွေ့တာရယ်၊ သုဒုဗ္ဗောဓံ- အလွန် ထိုးထွင်းနိုင်ခဲတာရယ်ကို၊ ဝိညူနော-ပညာရှိတို့သည် သိ၏။

အထက်ပါ- ဝိပဿနာအရာ, ခက်ခဲပါသော, သိမ်မွေ့ပါသော, ထိုးထွင်းနိုင်ခဲသော, ဖေါက်ထွင်းနိုင်ခဲသော၊ လောကုတ္တရာပေါက်- အနတ္တပညာကို အကြောင်းတရားတို့၌ လိမ္မာသော- ပဏ္ဍိတအဖြစ်ရှင်း၊ အကျိုးတရားတို့၌, လိမ္မာသော-ဝိညူနော- အဖြစ်ရှင်း၊ ကြောင်းကျိုးလိမ္မာ- နှစ်ဖြာသောပညာရှိဖုန်ပြီး၊ အရိယာဓါတ်ကိန်းအင်ပြီးသော သူတော်စင်တို့ကိုသာ- ယောဂီတို့အသို၊ အပိုဝဲထိုက်သုံး, သပ္ပုရိသ- သံသေဝ အမှန်ဖြစ်သည်ဟု ပိုင်းခြား သိရပါမည်။

ဤနေရာ၌- သည်သင်တန်း, သခ်ဏ်းစာကို၊ တောင်းဆိုသူတိုင်း ဆိုသကဲ့သို့၊ မိမိကိုယ်တိုင်လည်း အားထုတ်၍- သူတပါးတို့ အားလည်း ပို့ချလို သူတို့သာ များကြပါသည်။ သူတပါးကို ပို့ချလိုလျှင်၊ ကြောင်းကျိုးမြင်သိ၊ အရိယာဓါတ် ကိန်းသော သူတော်စင်,ပညာရှိဖြစ်ဘို့ လိုအပ်ပါသည်၊ အကြောင်း၌

လိမ္မာ, ကျွမ်းကျင်ခြင်းနှင့်၊ အကျိုး၌ လိမ္မာကျွမ်းကျင်ပြီးခြင်း နှစ်ဖြာတို့တွင် သူတပါးတို့အားပါ၊ ပို့ချလိုသူ- ပုဂ္ဂိုလ်တို့သည်၊ ရှေးဦးစွာ- အကြောင်း, တရား၌လိမ္မာကျွမ်းကျင်အောင် ဆည်းပူးရပါမည်။ ပြီးမှ- အကျိုးတရားတို့၌ လိမ္မာကျွမ်းကျင်အောင်၊ အားထုတ်ကြိုးစားရပါမည်၊ အမှန်အားဖြင့်- ဤသို့ ဆိုအပ်ပြောသော်လည်း၊ ယခု- ဤသင်တန်း၌၊ ရှေးဦးစွာ- ပို့ချပေးနေသော၊ မာတိကာအစဉ်သည်၊ အကျိုးတရားတို့၌၊ လိမ္မာ, ကျွမ်းကျင်ရုံအတွက် အား ထုတ်တတ်မှု၊ အစုစုပညာကစ၍၊ ပြပေးနေရပါသည်။ ဘာ့ကြောင့်ဆိုသော်- ရှင်းလင်းတင်ပြခဲ့ပြီးလဲ ဖြစ်ပါသည်။ ကြောင်းကျိုးနှစ်ဖြာ, လိမ္မာမှုအတွက်၊ အကျိုးလိမ္မာ, ရှေးဦးစွာပေးရင်း၊ အကြောင်းလိမ္မာမှု အခင်းများကိုလည်း၊ အကျိုးနှင့်စပ်သမျှ- ထည့်သွင်းပေးသွားလျက် ရှိပါသည်။ အဲ- ကိုယ်တိုင် အားထုတ်နိုင်ဆဲ-အတွင်းမှာဘဲ၊ကြောင်းကျိုးကုန်စင်– လိမ္မာကျွမ်းကျင်အောင် ထပ်ပေးပါမည်ဟု ဆိုခဲ့သည့်အတိုင်း၊ ဆက်လက်ပို့ချ ပေးသွားပါမည်။

ဒီတော့-မိမိတို့သည်၊ကြောင်းကျိုးမြင်သိ– အရိယာဓါတ် ကိန်းဘိသော သူတော်စင် ပညာရှိကို အလိုရှိအပ်သလို၊ မိမိတို့က- သူတပါးအား ပို့ချလိုပြား ကလည်း၊ ထိုကဲ့သို့– သူတော်စင်ပညာရှိဖြစ်အောင်၊ ကြိုးစားရပါလိမ့်မည်။

အထက်ပါ– ဆည်းပူးမှု, အားထုတ်ကြိုးကုတ်မှု, နှစ်ဖြာဖြင့်, လမ်းမှန် အစစ်၊ ဝိမုတ္တိရသဖြစ်မည့်၊ ဝိပဿနာပညာ-ဝိပဿနာ, ဘာဝနာတွေနဲ့ ထက် ဝန်းကျင် ခြံရံပြည့်စုံသော– ကျင့်ဆဲသေက္ခ- ဗဟုပကာရဏ– သပ္ပုရိသကိုသာ ယောဂီသူမြတ်တို့ အလိုရှိအပ်၊ အထိုရှိထိုက်သကဲ့သို့– မိမိကိုယ်တိုင်, သပ္ပုရိသ မဏ္ဍိုင်ကို စိုက်ထူမည်ဆိုပါက၊ အထက်ပါ– သူတော်စင်, ပညာရှိဖြစ်အောင် ကြိုးစားမယုတ်– ဆည်းပူး အားထုတ်ရမည်ဖြစ်ပါသည်။ ပါရမီမရှိသေးလို့ ထင်ခြေကန့်, ပုံမချပါနှင့်၊ ပါရမီဆိုသည်မှာ– မိုးပေါ်ကကျလာပြီး၊ မိမိခန္ဓာထဲ ဝင်လာ ကိန်းလာသည်မဟုတ်ပါ။ ပါရမီကို ရမှီနိုင်သော ယခုလိုအခါကောင်း တွင် ပုဂ္ဂိုလ်က လိုလိုချင်ချင် အားထုတ်စုစည်းက၊ ပါရမီက ဘယ်မှ ထွက်မပြေး တတ်ပါဘူး၊ မိမိခန္ဓာမှာ ကိန်းလာရမှာ မုချမို့– သန္နိဋ္ဌာန်ချပြီး ကြိုးစားသင့် လှပါတော့သည်။

အဲဒီလို= သပ္ပုရိသ- အစစ်ကို၊ သံသေဝအဖြစ် မှီဝဲဆည်းကပ်ထိုက်ပါ ပြီဆိုရင်၊ အဲဒီ– သပ္ပုရိသ သံသေဝက မှီဝဲဆည်းကပ်သူ ယောဂီကို၊ အမြိုက် တရား၌ တည်အောင်လဲ- ပြုပေးတတ်ရပါမယ်၊ ဒါမှလဲ– မှီဝဲရကျိုးနပ်တဲ့၊ သောတာပတ္တိမဂ္ဂ အင်္ဂါလေးရပ်မှာ ထိပ်တန်းကပါတဲ့ သပ္ပုရိသ–သံသေဝ

အဖြစ်လို့ ဆိုထိုက်ပါတယ်။ ဥပမာ= တရားပွဲသဘင်တခုမှာ (သို့မဟုတ်) တရားရိပ်သာတခုမှာ တရားလိုချင်လို့, တရားနာချင်လို့, တရားဆည်းပူး အားထုတ်ချင်လို့, လာရောက်ကြတယ်ဆိုတဲ့– ယောဂီတွေဟာ၊ တကဲ့-သူတော်ကောင်း, သူမြတ်လောင်းတွေသာ ဖြစ်ကြတယ်၊ တရားလိုလား– ဆည်းပူးနာကြား ပွားများ အားထုတ်ချင်တယ်ဆိုတဲ့ ဓမ္မစ္ဆန္ဒ-စိတ္တုပ္ပါဒ်အစဉ်နဲ့ ဝီရိယယှဉ်လာပြီး၊ တရားပွဲ ရိပ်သာထဲကို ဝင်လာနိုင်တာ၊ အဲဒီ– ယောဂီတွေမှာ အကြောင်းမဲ့–မဟုတ်ပါဘူး၊ အကြောင်းရှိခဲ့ပါတယ်၊ အဲဒီ– အကြောင်းကတော့ ဓမ္မစ္ဆန္ဒကိန်းစေတဲ့– နိဿယပစ္စည်း ပါရှိခဲ့လို့သာဘဲ ဖြစ်တယ်။

အဲဒီလို= တရားသိချင်, လိုချင်, အားထုတ်ချင်, ပါတယ်ဆိုတဲ့၊ နှလုံးသား-စိတ်ဆန္ဒဓါတ် ကလေးဟာ၊ အတိတ်အကြောင်းတရား, ဟေတုပစ္စယသတ္တိနဲ့- နိဿယ-တည်ရှိမှုရာ၏အဖြစ် ကျေးဇူးပြုခြင်းခံရလာတော့၊ တရားပွဲဟော့- ဝိပဿနာတရားလဲ အားထုတ်ဘို့ သင်ယူကျင့်သုံးနိုင်တယ်ဟော့လို့၊ သိရကြားရရင်၊ မသွားဘဲ, မနာဘဲ, အားမထုတ်ဘဲ, ရှောင်လွှဲလိုတဲ့၊ စိတ်ဆိုး, စိတ်ပျက်တွေ သူ့မှာ မရှိဘဲ၊ သွားမှ, နာယူမှ, ဆည်းပူးမှ, အားထုတ်မှ, ပါကလားလို့ ဆုံးဖြတ်ချက်ချနိုင်ပြီး၊ တရားပွဲ, ရိပ်သာထဲကို အဲဒီ-အတိတ်ကဓမ္မစ္ဆန္ဒ ကိန်းကြောင်း–ဟေတုဒ္ဓ နိဿယ မှီရှိတည်ပြီး ဆုံးဖြတ်ချက်ချနိုင်-တရားပွဲ ရိပ်သာထဲ ရောက်လာနိုင်တဲ့၊နိဿယပစ္စည်းကလေး မုချအကြောင်းခံကြောင့် ဖြစ်တယ်၊ လူက ဆုံးဖြတ်လို့ ပုဂ္ဂိုလ်က ဆုံးဖြတ်လို့၊ ယောကျ်ား, မိန်းမက– ဆုံးဖြတ်လို့ မဟုတ်ဘဲ၊ ရုပ်နာမ်ဓမ္မမှာ- အမှီရလာတဲ့၊ ဟေတုကြောင့်– နိဿယပစ္စည်းက တရားပွဲရိပ်သာထဲရောက်မှီ၍-တရားရမှု, တရားအားထုတ်ဆည်းပူးမှု, ထဲမှာ လာ၍တည်အောင်- သက်ဝင်အောင်, ကျေးဇူးပြု ထောက်ပံ့လိုက်ခြင်းကြောင့် ဖြစ်ပါတယ်။ ယခု– ဤသင်တန်းကို ကြည့်ရင်လဲ– သတင်းစာထဲမှာ အခမဲ့– ဓမ္မဒါန, ဝိပဿနာကို မိမိကိုယ်တိုင် အားထုတ်နိုင်၍၊ သူတပါးတို့အားလည်း ပို့ချနိုင်အောင် ရယူလိုပါက အမြန်စာရင်းသွင်းကြပါဟု ကြော်ငြာခဲ့ရာ၊ လူဦးရေ– သန်းပေါင်း(၃၀)ထဲမှာ အဲဒီကြော်ငြာကို တွေ့တဲ့ ပုဂ္ဂိုလ်ကတော့ ၃–ပုံ၊ ၂–ပုံတော့ ရှိပါလိမ့်မယ်၊ ဒါပေမဲ့– နိဿယပစ္စည်းအကြောင်းကင်းတော့ မြင်ပေမဲ့ ဓမ္မစ္ဆန္ဒစိတ်နဲ့ မတွေ့ကြဘူး၊ (၆၀၀)ကျော်ကျော် ပုဂ္ဂိုလ်တွေလောက်သာ မြင်လဲမြင်တယ်၊ ပကတိမျက်စိနဲ့ တွေ့လဲတွေ့တယ်၊ ဒါကြောင့် ဓမ္မစ္ဆန္ဒနဲ့ ဝီရိယဆောင်ပြီး၊ အကြောင်းကြား ကောင်းယူကြတယ်၊ အလကားရမယ်၊ အိမ်ထိုင်ယာရောက် လာဝေပေးမယ်ဆိုရင်၊ ခုံကိနပ်လေးတရံတောင် မယူဘူးလို့ ဘယ်သူမှ ငြင်းမှာ မဟုတ်ပေမဲ့- သံသရာမှ ထွက်မြောက်ကြောင်း

တရားကောင်း၊ တရားမှန်ကျတော့= အိမ်တိုင်ယာရောက် အလကား ရပေမဲ့ မယူနိုင်ကြဘူး၊ အဲဒါ- ဟေတုအကြောင်းနဲ့ နိဿယပစ္စည်းကင်းလို့ သက်ဝင်ရယူနိုင်ခြင်း မရှိတာဘဲ။

ယခု- သူတော်စင်, ယောဂီတော့၊ တရားဆည်းပူး ရယူအားထုတ်တော်မူမယ်လို့ ဆုံးဖြတ်ချက်ချနိုင်တာ၊ အဲဒီ- ဟေတုအကြောင်းနဲ့ နိဿယပစ္စည်းကြောင့် ဓမ္မစ္ဆန္ဒအစဉ်ရှိပြီး၊ ဝီရိယထား ဆက်သွယ်ကြိုးစား၍ လာကြခြင်းဖြစ်ပါတယ်၊ အဲဒီလို– ဓမ္မစ္ဆန္ဒကိန်းစိုလာတဲ့ သာဝကယောဂီတို့မှာပါတဲ့- နိဿယပစ္စည်းကလေးကို သပ္ပုရိသ သံသေဝက– ဘာလုပ်ပေးနိုင်ရမလဲဆိုတော့၊ ဥပနိဿယပစ္စည်းရောက်အောင်, ရအောင်, မြှင့်တင်ပေးစွမ်း– ပို့ဆောင်ထမ်းနိုင်ရမဲ့ တာဝန် သူ့မှာ ရှိလာတယ်၊ ဒါကြောင့်-ယောဂီတို့မှာ ရှိလာခဲ့တဲ့ နိဿယပစ္စည်းကလေးကို၊ ဥပနိဿယပစ္စည်းဖြစ်အောင် မြှင့်ဆောင်ပေးနိုင်ခြင်းသည်၊ သပ္ပုရိသမှာ ပြည့်ဝစွာရှိရမည့်အင်္ဂါတချက်ဘဲ ဖြစ်ပါတယ်။

ဒီနေရာမှာ– ဘယ်လိုမြှင့်ဆောင်ပေးရမလဲဆိုတာကို အကျဉ်းမျှကလေးပြပေးသွားပါအုံးမယ်၊ ယောဂီတို့မှာ ပါလာတဲ့ နိဿယပစ္စည်းကတော့ မှီ၍တည်ရာအဖြစ် ကျေးဇူးပြုခံရတဲ့ သဘောကလေးသာဖြစ်တယ်၊ သပ္ပုရိသက မြှင့်ပေးရမှာက စွဲ၍ တည်ရာရောက်သွားအောင် ထမ်းဆောင်ပေးရမှာ ဖြစ်ပါတယ်။ ဒီတော့- နိဿယနဲ့ ဥပနိဿယသဘောသွားလေးကို ခွဲခြားပြီး သိတို့ကတော့၊ နိဿယ- တည်၍ မှီရာ၏အဖြစ် ကျေးဇူးပြုခံရတဲ့ သဘောကတော့၊ (ဥပမာ) သစ်ပင်, တော, တောင်, အိမ်, ကျောင်း, ဇရပ်, အရပ်ရပ်သော ဝတ္ထုတို့သည် မဟာပထဝီမြေကြီး၌ မှီ၍, တည်၍ နေရသလို၊ မဟာပထဝီ မြေကြီးသည် ထိုထိုဝတ္ထုတို့ကို တည်၍ မှီရာ ၏အဖြစ်,ထောက်ပံ့သမှု ကျေးဇူးပြုခြင်းကြောင့်သာ- သစ်ပင်,တော, တောင်,အိမ်,ကျောင်း,ဇရပ်, အရပ်ရပ်သော ဝတ္ထုတို့သည် တည်ရှိနေနိုင်ဘိသကဲ့သို့၊ ယောဂီတို့အားလည်း ဟေတုအတိတ်အကြောင်းတရားတို့သည်၊ တရားလိုလား– ဓမ္မစ္ဆန္ဒအားဖြင့် ကိန်း၍လာနိုင်ငြားသော ဟေတုပစ္စယသတ္တိ၏ ဟိတ်တရားကလေးကို နိဿယပစ္စည်း ပစ္စုပ္ပန်ခန္ဓာ၌ ဓမ္မအာရုံတွေ့တိုင်း၊ မဆိုင်းမတွ လိုလားအောင် ထောက်ပံ့သမှု- ကျေးဇူးပြုသည်ဖြစ်၍ ဓမ္မစ္ဆန္ဒ ဓမ္မအာရုံတို့သည် ယောဂီစိတ္တုပ္ပါဒ်၌ တည်၍မှီ၍လာရတော့သည်။ ထိုတည်၍မှီရာ၏ အဖြစ်ကြောင့် တရားဓမ္မနှင့်တွေ့ဆုံရန် သပ္ပုရိသရှေ့မှောက်သို့ ရောက်ရှိနိုင်ခြင်းဖြစ်ရာ၊ သပ္ပုရိသသည် ဥပနိဿယ-စွဲ၍ မှီရာ၏အဖြစ် ရောက်အောင် ထောက်ပံ့သမှု- ကျေးဇူးပြုတတ်ရပေမည်။ဥပနိဿယ

စွဲ၍မှီရာ၏ အဖြစ်သဘောကိုဥပမာနှောကြည့်ရင်၊ ပန်းချီ ဆေးရေးသားရာ၌-ပိတ်ကားဖြူကို ဆီဆေးအကောင်းဆုံးနှင့် ရေးချယ်ထား ပါက၊ ဘယ်တော့မှ မပျက်၊ ပိတ်သားဆွေး၍ ကလာပ်မှုန်ကလေးတွေ ဖြစ်သွားသည်အထိ၊ ဆီဆေးနှင့်ပိတ်သား-အခြားမရှိဘဲ-စွဲဝင်၍ မြဲသွားဘိသကဲ့သို့ ယောဂီတို့မှာ ပါလာတဲ့ နိဿယပစ္စည်းဆိုတဲ့- တည်၍မှီရာ ကျေးဇူးပြုခံလာရတဲ့၊ ဓမ္မဓာတ္တကလေးသည် သပ္ပုရိသအစင်- မတွေ့ပါက ဥပနိဿယပစ္စည်းအဖြစ် မတိုးတက်ဘဲ၊ တဘ ဝတာကုန်ဆုံး၍၊ နိဿယပစ္စည်းလေးပင်- ကုန်ဆုံးခံရခြင်း ဖြစ်၍သွားတတ်ပါသည်၊ သစ်ပင်, တော, တောင်, အိမ်, ကျောင်း. ဇရပ်စသည်တို့လည်း မိမိတို့ သက်တန်းတလျှောက်- ကုန်ပျောက်- ပျက်စီးခြင်း၊ မဟာပထဝီတို့-ကမ္ဘာ အလီလီမချို-ပျက်စီးသည့်ကာလ၌လည်း ချုပ်ဆုံးကုန်ကြသကဲ့သို့ ယောဂီတို့ မှာ ပါလာတဲ့၊ နိဿယပစ္စည်းကို သပ္ပုရိအစစ်နဲ့ မတွေ့ခြင်းကြောင့် ဥပနိဿယ ပစ္စည်းအဖြစ် မရင့်ကျက်လာရင်- တဘဝတွင် ကုန်ဆုံး၍၊ နောင်- ဤလို- သာသနာစစ်, သာသနာမှန်နဲ့ ကြုံရမှု၊ မနုဿတ္တ- လူ့ဘဝရမှု၊ သဒ္ဓါပသန္န-ဓမ္မဓာတ္တဖြစ်နိုင်ရမှု၊ ပါရမီ အစုစုပါ- ကွယ်ပျောက်ခွါသဖြင့် နစ်နာကြရသည်။

ဒါကြောင့်- သပ္ပုရိသ သံသေဝသည်၊ မဂ်ညာဏ်,ဖိုလ်ညာဏ်အစကို ရ,ရ ခြင်းအကြောင်း၊ ရစေခြင်း,အကြောင်းတို့ကြောင့် လွန်စွာ အရေးကြီးသော ဒေသက-တာဝန်ကြီးတရပ်ဖြစ်ပေသည်။ ဤသို့-မဂ်ညာဏ်,ဖိုလ်ညာဏ်,လိုချင်စိတ် ပြင်းထန်သည့် ဓမ္မဓာတ္တရှင် သူတော်စင် ယောဂီတို့ကို မဆိုထားဘိ၊ ခုနစ်နှစ် အရွယ် သာမဏေငယ် ပြုကြမည့်သူတို့ကို သည်ပင်လျှင်၊ နိဿယပစ္စည်းပါမှီးပြီး ရှိချင်ရှိမည်၊ ထိုနိဿယပစ္စည်းကို- ဥပဇ္ဈာယ်တို့ တော်စွာရော်စွာ သက်နံး၍ နိုင်ရုံ ရှင်ပြုပေးခြင်းကို မပြုကြပါကုန်လင့်၊ ထိုသို့-ပြုပေးက၊ သာမဏေငယ်၏ နိဿယပစ္စည်းကို ဖျက်ဆီးသည်မည်သောကြောင့် မလိမ္မာ-ဥပဇ္ဈာယ်ဆရာဟူ၍ ဝိနည်းမဟာဝါ အဋ္ဌကထာ ပဗ္ဗဇ္ဇကထာ၌ အတိအလင်းဆိုခြင်းပြုခါ၊ သာမဏေငယ်အား၊ အနိယျာနိကတာ-ဝဋ်မှ ထွက်မြောက်မည် မဟုတ်၊ ကုသိုလ်ရရုံ လေးမျှလောက်နှင့် မပြုကြဘဲ၊ အနည်းဆုံး "တစပဥ္စက" ကမ္မဋ္ဌာန်းလေး လောက်ပင် ဖြစ်စေ၊ ပြပေးရမည်ဟု ညွှန်ကြားဖွင့်ဆိုတော်မူခဲ့ပါသည်။

ဤသည်ကိုထောက်၍၊ သပ္ပုရိသ သံသေဝအဖြစ်၊ ခံယူလိုသူတို့သည်၊ ငိုငိုတို့က မတောက်တခေါက်ဖြစ်နေပါက-တဘက်သား ယောဂီတွေမှာ နိဿယ ပစ္စည်းနဲ့၊ ဥပနိဿယပစ္စည်းတွဲ၍၊ စွဲမှီရာ ခိုင်မာအောင် မပေးနိုင်ပါက၊အဘယ် မျှနစ်နာကြမည်ကို ချင့်တွေးကြည့်က သိနိုင်ကြပါသည်။ ပုဂ္ဂိုလ်တယောက်မှာ

ငယ်ရွယ်စဉ်က စိတ်ကောင်းမရှိ၊ (ဝါ) ဓမ္မစ္ဆန္ဒ– မဖြစ်ပေါ်၊ အဲဒီတော့- မိတ်ကောင်းဆိုတဲ့-ကလျာဏမိတ္တ, သပ္ပုရိသကလဲမရှိ၊ အရွယ်၏ ဆုံးမခြင်းဖြင့်ရှင်း၊ သံဝေဂကြောင့်ရှင်း၊ နိဿယပစ္စည်း ကျေးဇူးပြုတာကို၊ ခံယူနိုင်တဲ့- အခိုက်အခါကျတော့၊ စိတ်ကောင်းဝင်လာပြီး၊ (ဝါ) ဓမ္မစ္ဆန္ဒရှိလာပြီး၊ မိတ်ကောင်းမရှိတော့၊ ရှာ၍ကြည့်ပါလေရော။ ဒီအခါကျတော့၊ စိတ်ကောင်းရှိပေမဲ့၊ မိတ်ကောင်းဟာ- ဘယ်လိုအမျိုးအစားမှ အဖိုးထား မှီဝဲထိုက်တယ်ဆိုတာ ကွဲကွဲပြားပြားကလဲ မသိ၊ နီးစပ်ရာ ပါးစပ်စကား, သတင်းကြားတွေနဲ့ မိတ်ကောင်းထင်ပြီး၊ ပေါင်းဖေါ်လိုက်ရာမှာ မိတ်ကောင်းမစစ်၊သပ္ပုရိသ–ဒေသကတာဝန် မကျေပြွန်သူတို့ကို မှီဝဲနေမိပလားဆိုမှုဖြင့်၊ ပေါ်လာတဲ့-ဓမ္မစ္ဆန္ဒနိဿယပစ္စည်းကလေး ဥပနိဿယပစ္စည်းအဖြစ်သို့ မရင့်ကျက်လာတော့ဘဲ၊ မခိုင်မာလာတော့ဘဲ၊ (ဝါ) တသံသရာလုံးက ဝဋ်မှ မထွက်မြောက်နိုင်တဲ့၊ သက္ကာယဒိဋ္ဌိ–အစွဲမပြုတ်သည့်အပြင်၊ ပစ္စုပ္ပန်ထပ်ခါစွဲစေဘို့ ပုံသွင်းဆွဲထားတဲ့ အတွင်းသို့ သက်ဆင်းရတတ်ပါပေတယ်။ ။

အဲဒီလို-အခင်းမျိုးနဲ့ ရင်ဆိုင်မတိုးမိအောင်၊ သပ္ပုရိသအစစ်က၊နိဿယပစ္စည်းကို, ဥပနိဿယ ပစ္စည်းဖြစ်အောင်၊ ဘယ်လို ပေးစွမ်းနိုင်ရမလဲဆိုတော့၊ ရှေးဦးစွာ- ကမ္မသကတာ– သမ္မာဒိဋ္ဌိသဘောသည်၊ တရားမရှာမှီ, မူလယောဂီမှာ ကမ္မသကတာ– သမ္မာဒိဋ္ဌိအနေအားဖြင့်၊ ကံ,ကံ၏အကျိုးကို ယုံကြည်တဲ့၊ သဒ္ဓါကတော့ ရှိပြီးသားပေါ့။ အဲ-ကမ္မသကတာ,သမ္မာဒိဋ္ဌိသဒ္ဓါကို၊ ကမ္မသကတာ, သမ္မာဒိဋ္ဌိဉာဏ်ဖြစ်လာအောင်၊ (ဝါ) သဒ္ဓါမှာ ဉာဏ်ကပ်ခါဖြစ်ပေါ်လာအောင်၊ ကံအကြောင်းတရားတွေမှာ တဏှာ,ဒိဋ္ဌိနဲ့ လောင်းခဲ့ပုံတွေကို ဉာဏ်ဟုန်နဲ့မြင်ပြီး၊ ကံအကြောင်းတရား, အကျိုးတရားတွေကို၊ သဒ္ဓါသမ္မာဒိဋ္ဌိဖြစ်စေပြီး၊ ကမ္မသကတာ– သမ္မာဒိဋ္ဌိ,အယူ,အမြင်, အသိနဲ့ ကျင့်သုံးနိုင်အောင် ပြပေးရမယ်။ ပြီးမှ ဝိပဿနာ- သမ္မာဒိဋ္ဌိဉာဏ်ခေါ်တဲ့–ရူပပရိစ္ဆေဒဉာဏ်၊ နာမ– ပရိစ္ဆေဒဉာဏ်၊ နာမ- ရူပ, ပရိဂ္ဂဟာဉာဏ်၊ ဟေတုပစ္စယပရိဂ္ဂဟာဉာဏ်တိုင်, အရပိုင်စေ၍၊ သောတာပန်အစစ်တို့ ပယ်အပ်သော ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာနှစ်ဖြာတွင်– ဒိဋ္ဌိကို– ဝိပလ္လာသ ခွါချနိုင်သမျှ– သိမ်းဆည်း၍၊ ဝိစိကိစ္ဆာကိုအပြီးတိုင် ပယ်နိုင်, သတ်နိုင်သည့်– ကင်္ခါဝိတရဏ ဝိသုဒ္ဓိတန်းဝင်– စူဠသောတာပန်အယာဉ်သို့ သက်ဝင်အောင် ပေးစွမ်းနိုင်ရပါမည်။ သို့မှသာ- အပါယ်တံခါးပိတ်နိုင်ငြားပြီး၊ ဘဝတိုတိုနှင့် မဂ်ဉာဏ်ကို ရစေမည့် ဥပနိဿယပစ္စည်းအဆင့်နှင့် ရင့်ကျက်တည်လာမှုကို ခိုင်မြဲစွာ ရရှိနိုင်မည် ကေန် ဖြစ်ပါသည်။

ဤသို့– စိတ်ကောင်းရှိသူ– ဓမ္မစ္ဆန္ဒရှင်, ယောဂီသူတော်စင်တွင် ပါလာ ယှဉ်ရှိ၊ နိဿယသတ္တိကို၊ ဥပနိဿယအဖြစ်သို့ မလွဲမသွေ ပို့ဆောင်နိုင်သော ပုဂ္ဂိုလ်တို့သည်သာ မိတ်ကောင်းခေါ်ရ ကလျာဏ သပ္ပုရိသ သံသေဝအဖြစ်၊ မှီဝဲထိုက်ကြောင်းကို ကောင်းစွာခွဲခြား သိအပ်ရာပါသည်။ အဲဒီလို- ဒေသက ကာဝန်ကျေပြွန်ကြညား, သပ္ပုရိသအား တွေ့ပါလျက်၊ မိမိတို့က ပေါ့ပျက် ၍မူ မရယူသည်ကိုတော့၊ ဒေသကတာဝန်ချစရာပင် မရှိကြောင်းကိုလဲ ထပ် လောင်းသိထား၍ ကြိုးစားကြသင့်ပါသည်။

ထိုသို့– စူဋ္ဌသောတာပန် ကေန်အခေါ်ခံထိုက်သည့်တန်းကို၊ ကလျာဏ မိတ္တ ဗဟူပကာရဏ– သပ္ပုရိသတို့ထံမှာ ရနိုင်ရအပ်ပြီးက၊ ဘုရားအစရှိသော- အရိယာအပေါင်း သူတော်ကောင်းတို့၏ သွားရာလမ်းကြောင်းကို၊ ဘဝါးခြေ ထပ်–လိုက်နိုင်အပ်ကြောင်း-သက်ဝင်နိုင်ပါပြီ။ ထို့ကြောင့်–သပ္ပုရိသ သံသေဝ ကို မှီဝဲဆည်းကပ်ရသူအား၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရကြောင်း၌ အဘယ်မျှလောက် သော အကျိုးကို ရစေနိုင်ပါသနည်းဟု အရှင်အာနန္ဒာ မထေရ်မြတ်အား၊ ဘုရားရှင်သည် မေးမြန်းငြားလျက် အဖြေမှန်ကို သံယုတ်ပါဠိတော်၌၊ ဤသို့- ထုတ်ဖော်မိန့်ကြားတော်မူခဲ့ပါသည်။

"ဥပစုံ ဗြဟ္မစရိယံ ကလျာဏ မိတ္တတာ၊
ကလျာဏမိတ္တ သဟာယကာ–ကလျာဏ သံပဝင်္ကတာ"

ဘန္တေ-အရှင်မြတ်ဘုရား၊ ယဒိဒံကလျာဏ မိတ္တတာ- အကြင်, ရုပ်နာမ် ဓမ္မကိုသိ၍-ကိလေသာ ငြိမ်းသော သူတော်ကောင်းနှင့် ပေါင်းဆုံရခြင်းသည် ၎င်း၊ ယဒိဒံကလျာဏသဟာယကာ၊အကြင် ဝိပဿနာတရား၌ လိမ္မာ၍–ကိလေ သာ ငြိမ်းအေးသော သူတော်ကောင်းနှင့်အတူတကွ နေရခြင်းသည်၎င်း၊ ယဒိဒံ ကလျာဏ သံပဝင်္ကတာ– အကြင်ဝိပဿနာတရားကို ပွားများ၍– ကိလေသာ ငြိမ်းအေးသော သူတော်ကောင်းနှင့် ချစ်ကျွမ်းဝင်ရခြင်းသည်၎င်း၊ ဣဒံဗြဟ္မ စရိယံ-ဤမြတ်သော ဝိဇ္ဇာဉာဏ်တည်းဟူသော သမ္မာပဋိပတ်အကျင့်မြတ်သည်။ ဥပစုံ– မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရဘို့ရန် ထက်ဝက်သော အဘို့ကို ပြည့်စုံနိုင်ပါသည် ဘုရား။

အဝါတပါး၌ မြတ်စွာဘုရားသခင်သည်၊ အရှင်အာနန္ဒာအား ကောင်း မြတ်မှန်ကန်တဲ့– အဖြေစကားတော်ကိုပေးလိုသည်ဖြစ်၍ ကလျာဏမိတ္တ သပ္ပုရိ သနှင့် ပေါင်းဆုံ တွေ့ကြုံရခြင်း, အတူတကွနေရခြင်း၊ ချစ်ကျွမ်းဝင်ရခြင်းဖြင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ်အဘို့ အဘယ်မျှသောအကျိုးကို ရစေပါသလဲလို့ အမေး

တော်ရှိရာ၊ အရှင်အာနန္ဒာသည် အထက်ကကဲ့သို့– ထက်ဝက်သော အကျိုးမျှသာ ပြီးပြည့်စုံ နိုင်ပါတယ် ဘုရားလို့၊ ဖြေကြား လျှောက်ထားတယ်၊ အရှင်အာနန္ဒာထံမှ ဤအမြင်, ဤအဖြေသာလာမည်ကို ဘုရားရှင်သည် သိမြင်တော်မူပြီးလျက်သာ အရှင်အာနန္ဒာ၏ အမြင်ချော်နေပုံကို ပြတော်မူလို၍ မေးမြန်းတော်မူသည့်အတိုင်း၊ မြတ်စွာဘုရားသခင်သည် ဝေသဒ္ဒါနှင့် တွေးဆကာ ကြံစီမနေဘဲ အလုံးစုံ ပြီးမြောက်ကြောင်းကို တည့်မတ်မစောင်း, အသိပြောင်းအောင် ထပ်ခေလာင်းဟောတော်မူတယ်။ ။

မာဟေဝံ အာနန္ဒ- မာဟေဝံအာနန္ဒ- သကလ မိဒံဟိ အာနန္ဒ

ဗြဟ္မစရိယံ ယဒိဒံ ကလျာဏမိတ္တတာ ယဒိဒံ ကလျာဏ

သဟာယကာ– ယဒိဒံ ကလျာဏ သံပဝင်္ကတာ။ ။

အာနန္ဒ– ချစ်သားအာနန္ဒာ၊ ဧဝံ–ဤဆိုခဲ့ပြီးသော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ရဟန္တာဂုဏ် ထက်ဝက်သောအဘို့သာ ပြည့်စုံနိုင်ပါသည်ဆိုသည့် စကားကို၊ မာအဝစ–မဆိုပါလင့်၊ နော မာအဝစ– တကယ့်ကို နောက်ထပ်၍ သင်မဆိုလိုက်ပါလင့်၊ အာနန္ဒ– ချစ်သား အာနန္ဒာ၊ ယဒိဒံကလျာဏမိတ္တတာ– အကြင်, ရုပ်နာမ်, ဓမ္မကိုသိ၍ ကိလေသာ ငြိမ်းအေးသော ဘူတော်ကောင်းနှင့် ပေါင်းဆိုရခြင်းသည်လည်းကောင်း၊ ယဒိဒံကလျာဏ သဟာယကာ- အကြင်, ဝိပဿနာတရား၌ လိမ္မာ၍၊ ကိလေသာငြိမ်းအေးသော သူတော်ကောင်းနှင့် အတူနေရခြင်းသည်လည်းကောင်း၊ ယဒိဒံ ကလျာဏ သံပဝင်္ကတာ– အကြင် ဝိပဿနာမြတ်ဓမ္မာကို ပွားများ၍ ကိလေသာငြိမ်းအေးသော သူတော်ကောင်းနှင့် ချစ်ကျွမ်းတဝင်– ခင်မင်ရခြင်းသည်ရင်း၊ ဗြဟ္မစရိယံ– ဤမြတ်သော အကျင့်ဖြင့် ဝိဇ္ဇာဉာဏ်တည်းဟူသော အလင်းသည်၊ သကလမိဒံဟိ, သကလမိဒံ ဧဝ– အလုံးစုံ အပိုင်အနိုင် ပြည့်စုံတော့သည်သာလျှင်တည်း။ ။

အဲဒီလို–မြတ်စွာဘုရားသခင်သည်၊အရှင်အာနန္ဒာ၏ အဖြေ၌ တားမြစ်ပုံကို မုချကေန် ဝေသဒ္ဒါစွဲ၍ မြဲမြဲကြီး မှတ်ပါလေ၊ ကိလေသာ ငြိမ်းအေးသော သူတော်စင် ပညာရှိ ဓမ္မ,အတ္တ, နှစ်ဖြာ လိမ္မာပါသော ကျင့်ဆဲသပ္ပုရိသကို အမှီရသော သာဝကတို့အား၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ရဟန္တာဂုဏ် အလုံးစုံအပိုင်အနိုင် ပြည့်စုံတယ်လို့ မိန့်ဆိုတော်မူချက်ကို ဉာဏ်၌ ထင်လင်း ယုံကြည်ခြင်းရှိကြသော ယောဂီသူတော်စင်တို့သည်၊ ထိုသို့သော–သပ္ပုရိသ ဒေသကကို မရ-ရအောင် ရှာမှီးမှု, မနှားစေဘဲ ကြိုးစားသင့်ပါသည်။

ဒေသသ့အစစ်အမှန်၊ သပ္ပုရိသကို ကေန်ရရှိသောအခါ၌လည်း၊ သာဝကဘက်မှ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ သဘောကို အပြောနှင့်မဟုတ် အပြောနှင့်အလုပ်ညီမျှအောင် ကြိုးစားဘို့ရာ လိုအပ်ပါသည်။ မိမိတို့သည် ဒေသကကို ဝေဘန်နေစရာ မလိုအောင်၊ အစစ်အမှန်ဆိုတာ ဘယ်လိုဟာလဲလို့ သိအောင် ပိုင်းခြား ပြခဲ့–သိခဲ့ပြီ၊ အသံကောင်း- ရုပ်ချော လိုက်လျှောအောင် သာ ကျင့်ဆောင်ခါမျှသည် ဒေသကတာဝန် မဟုတ်၊ ဒေသက တာဝန်အစစ်သည် ညစ်ထေးသော ကိလေသာတို့– ကင်းစင်လျက် ဝဋ္ဋဒုက္ခမှ ထွက်မြောက်ကြောင်းကို ပို့ဆောင်ပေးနိုင်စွမ်းနှင့်ပြည့်စုံခြင်းသည်သာ အဓိက ကေန်ဖြစ်ပါသည်။ ထိုသို့– ကမ္မဋ္ဌာနာ စရိယလည်းဖြစ်၊ ဓမ္မကထိကလည်းမှန်၊ သပ္ပုရိသလည်းကေန်၊ ဗဟုသုတအားဖြင့် ပြည့်ပြန်၊ ကျင့်ဆဲသေက္ခပုဂ္ဂိုလ်လဲ မှန်ပါက၊ အားကိုးထိုက်ကြောင်းကို မဟာဝဂ္ဂသံယုတ်၌ ဤသို့- ဖွင့်ထုတ်ဟောကြားတော်မူခဲ့သော သဘောသွား အဓိပ္ပါယ်မှာ– ဆရာစစ်, ဆရာမှန်ကို ရှာကြံမယ်ဆိုရင်၊ တထက်ပါ- သပ္ပုရိသအရာနှင့် ပြည့်စုံသော်လည်း ဗဟုသုတ ပုဂ္ဂိုလ်ကိုသာ မှီဝဲသင့်ကြောင်း ထပ်လောင်းဆိုပါသည်။

ဗဟုဿုတ = နိဗ္ဗေဓဘာဂိယ, ပညာရှိသော ပုဂ္ဂိုလ်သည် တရားလိုလား၊ ယောဂီများတို့အား၊ အရာဋ္ဌာနတိုင်း၌၊ ဟုတ်တိုင်းမှန်ရာသို့ ရောက်စေနိုင်သူ မည်၏။ ထို့ကြောင့်....

သုခေတ္တ = ကောင်းသော လယ်မြေနှင့်အတူ၏။ ထိုကောင်းသော လယ်မြေနှင့်တူသည့်၊ ဗဟုဿုတ သပ္ပုရိသကို အမှီသဟဲပြုရသော သူအား။

သုဗီဇ = ကောင်းမြတ်အောင်မြင်သော မဂ်မျိုးစေ့, ဖိုလ်မျိုးစေ့ကို ပေးနိုင် ရနိုင်၏။

အပ္ပဿုတ = နိဗ္ဗေဓဘာဂိယ ပညာရှိသည်ဟု ဆိုသော ပုဂ္ဂိုလ်သည် အရာဋ္ဌာနတိုင်းတို့၌၊ဟုတ်တိုင်းမှန်ရာသို့မရောက်စေနိုင်သောသူ မည်၏။ ထို့ကြောင့်....

ဒုခေတ္တ = မကောင်းသော လယ်မြေနှင့် တူ၏၊ ထိုမကောင်းသော လယ်မြေ၌ ကျရောက်ရဘိသကဲ့သို့– အပ္ပဿုတ သပ္ပုရိသကို အမှီပြုသော သူအား။

ဒုဗီဇ = အပွင့်အသီး, မအောင်မြင်သဖြင့် မဂ်မျိုးစေ့, ဖိုလ်မျိုးစေ့ အမှန်ကို မရနိုင်။

အဲဒီလို= ဗဟုဿုတ– သပ္ပုရိသ နှစ်စားတို့တွင် အရိယာနှင့် သေက္ခပုထုဇဉ်ဟု ပုဂ္ဂိုလ်နှစ်စားဖြင့် ဝေဘန်သော်– လေးစားသော ပုဂ္ဂိုလ်ကို ရ၏။ ၎င်းတို့မှာ....

(၁) အရိယာ ဗဟုဿုတ၊ (၂) အရိယာ အပ္ပသုတ၊ (၃) သေက္ခပုထုဇဉ် ဗဟုဿုတ၊ (၄) သေက္ခပုထုဇဉ် အပ္ပသုတ- ဟူ၍ဖြစ်ပါသည်။ ကောင်းသော လယ်မြေအဖြစ်၊ အရိယာ ဗဟုဿုတ, သပ္ပုရိသကို– အမှီရသော် ဆိုဘွယ်ရာမရှိ၊ ကောင်းမြတ်လှပါပေ၏။ ထိုအရိယာ ဗဟုဿုတကို မရအပ်ခဲ့သော်၊ ဒုတိယ, အရိယာ အပ္ပသုတဟု ရှိ၏၊ ဤနေရာ၌ အရိယာအပ္ပသုတထက် ပုထုဇဉ်သေက္ခ– ဗဟုဿုတ ပုဂ္ဂိုလ်ပင် ဖြစ်လင့်ကစား၊ အပ္ပသုတ- အကြားအမြင်နည်းသည်ဖြစ်၍၊ သုတ္တ, သုတ္တာနုလောမနှင့် ကရဏ– ပြုလုပ်ဆောင်နှင်းရမည့်သဘောတို့ကို အရာဋ္ဌာနတိုင်း၌ ခွဲခြားဝေဘန်ပိုင်းဖြတ်၍ ကေန် မပေးနိုင်ဘဲ မိမိထိုးထွင်းနိုင်မှု– နည်းတခုကိုသာ၊ အမှီပြုစရာ, ညွှန်ကြားစရာ ရှိခြင်းကြောင့် သာဝက ယောဂီတိုင်းနှင့် မသင့်လျော်နိုင်သောကြောင့် အရိယာပင် မဖြစ်စေကာမူ၊ ကျင့်ဆဲဒသေက္ခ– ဗဟုဿုတပုဂ္ဂိုလ်သည်၊ သုတ္တ, ကရဏနှင့် ပိုင်းခြားပေးစွမ်း, အရာဋ္ဌာနတိုင်း၌ ပြည့်လျှမ်းစေနိုင်သောကြောင့်၊ အရိယာ ဗဟုသုတ မရရှိပါက၊ ပုထုဇဉ်သေက္ခ– ဗဟုဿုတ ပုဂ္ဂိုလ်ကို မှီဝဲရမည်ဟု ညွှန်ပြတော်မူပါသည်။

မှန်ပေသည်၊ ကောဝိဒ, နှစ်စားတွင် ဓမ္မကောဝိဒသည်၊ အကြောင်းတရားတို့၌ လိမ္မာ၍ ဗဟုဿုတမရှိက အပ္ပသုတဖြစ်ခါ၊တမဂ်, တဖိုလ်ရငြားထားသော်လည်း၊ မိမိရထားသည့် မဂ်တရားမှတပါး၊ သုတ္တ, ဂေလည– ကရဏတို့၌ သာဝက ယောဂီအား၊ အရာဋ္ဌာနတိုင်း၌၊ သင့်မြတ်အောင် ညွှန်ပြပေးစွမ်းနိုင်မည် မဟုတ်ပေ။ ဤနေရာ၌– ပစ္စေကဗုဒ္ဓ အရှင်မြတ်တို့အား ကြည့်ပါက၊ အတ္ထကောဝိဒ– အကျိုးတရား၌၊ လေးမဂ်, လေးဖိုလ်ကို အသီးအခြားအားဖြင့် ထိုးထွင်းသိမြင် ရရှိငြားသော်လည်း၊ ဝေနေယျတို့အား- သစ္စာလေးရပ်, ပိုင်းခြားပြလတ်၍၊ ကျွတ်အပ်စေခြင်းကိုမူ, မတတ်စွမ်း နိုင်ကြပေ။ အတ္ထ– အကျိုးတရားကိုမူ၊ မိမိကိုယ်တိုင် ပန်ဆင်ရန်အတွက်–လွန်စွာ, ထက်မြက်တော်မူကြပေသည်။ ထိုနည်းတူစွာ– အရိယာပင် ဖြစ်သော်လည်း၊ ဓမ္မကောဝိဒ– အကြောင်းတရား၌ မလိမ္မာကုန်သော အပ္ပသုတ– ပုဂ္ဂိုလ်သည်၊ မိမိရသော မဂ်မှတပါး၊ တပါးသောနည်းတို့ဖြင့်- ပုထုဇဉ်သေက္ခ ဗဟုသုတ ဓမ္မကောဝိဒ– အကြားအမြင်များ၍၊ အကြောင်းတရား၌၊ လိမ္မာသော ပုဂ္ဂိုလ်တို့ကဲ့သို့ သုတ္တနှင့် ကရဏကို ပိုင်နိုင်စွာ- ခွဲခြားမဆို မညွှန်နိုင်ခြင်းကြောင့်၊ အရိယာသခင်

ဖြင်လျက်၊ သာဝကအကျိုး မျှော်ကိုးခါ- ဗဟုသုတပုဂ္ဂိုလ်ဘက်သို့ ဒုတိယအချက်အားဖြင့်၊ ရွေးချယ်ရမည်ဟု ညွှန်ပြပေးတော်မူခြင်းဖြစ်ပါတယ်။ ထို- အရိယာ ဗဟုသုတနှင့် ပုထုဇဉ်သေက္ခ- ဗဟုသုတပုဂ္ဂိုလ်, နှစ်စားကို မရငြားနိုင်မှသာ-လျှင်၊ အရိယာအပ္ပသုတ ပုဂ္ဂိုလ်ကို တတိယထား၍ ရွေးချယ်ဆည်းကပ်ကြရာပါသည်။ စတုတ္ထဖြစ်သော ပုထုဇဉ်သေက္ခ အပ္ပသုတ ပုဂ္ဂိုလ်မျိုးကိုမူ လုံးဝရွေးချယ် အားမကိုးထိုက်ပါပေ။

ဤနေရာ၌- ဗဟုသုတဆိုသည်မှာ နေရာတကာ၌၊ အစမထင်အဆုံးမရှိ၊ ပြောရုံသိရုံမျှရှိသော ပုဂ္ဂိုလ်ကို မဆိုလိုပါ (ဝါ) ခေတ်စကားနှင့်ပြောသော် ဟိုစပ်စပ်, ဒီစပ်စပ်နှင့် လူသိ, နတ်သိ၊ မဆိုလိုပါ (ဝါ) ဘဲတတ်–တတ်ခြင်းကို မဆိုလိုပါ၊ ဘဲတတ်ဆိုသည်မှာ ဟိုစပ်စပ်, ဒီစပ်စပ်နှင့် ရေထဲလဲ ကူးတတ်၏၊ ကုန်းပေါ်လဲ ပြေးတတ်၏၊ ကောင်းကင်လဲ ပျံတတ်၏၊ ပျံတတ်သော်လည်း ကျေးငှက်သိန်းစွန်တို့ကဲ့သို့ကား မဟုတ်။ ပြေးတတ်သော်လည်း မြင်း, နွား, ကျွဲတို့ကဲ့သို့ မဟုတ်၊ အစမထင်- အဆုံးမရှိ, လုံးစေ့ပတ်စေ့ မြည်အောင် မတီးတတ်သော ဆိုင်းထိုင်ပတ်တီးဆရာကဲ့သို့- ဝိုင်းတိုင်းရောက် နေရာတိုင်းပေါက်သော်လည်း၊သာဝကယောဂီ တယောက်ကိုမျှ မဂ်ဉာဏ်,မျိုးစေ့မရောက်စေနိုင်သော ဗဟုသုတမျိုးကို မဆိုလိုပါ၊ ဓမ္မကောဝိဒါအရ= ပရိယတ္တိ ဗဟူပကာရဏ, သင်ယူ- နာကြား, ဆောင်ထား,ခြင်ဆင်, မေးမြန်းသုခ်သင်အပ်ပြီးသော, ဓမ္မကောဝိဒါနှင့်အညီ၊ လိမ္မာလှသော- ပဏ္ဍိတမျိုးကိုသာ ဆိုလိုရင်းမှချဖြစ်သည်ဟု တင်းပြည့်, ကျပ်ပြည့်မှတ်၍ထားခါ- သပ္ပုရိသ ဒေသကအစစ်အမှန် အားကိုးရာ အတန်တန်ကို မြတ်ဘုရားဉာဏ်နှင့် ညွှန်ပြခဲ့သည့်အတိုင်း မဆိုင်းမတွ ရှာသင့်ကြပါပေသည်။ ထိုသို့- ရှာထိုက်ကြောင်းကိုလည်း သံယုတ်ပါဠိတော်မြတ်၌....

ဇရာမရဏံ ဘိက္ခဝေ အဇာနတာ၊
အပဿတာ ယထာဘူတံ ဇရာမရဏေ၊
ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိ တဗ္ဗာ။ ။

ဘိက္ခဝေ- ခန္ဓာ, အာယတန, ဓါတ်, အစဉ်မပြတ်သည့်- သံသာရ ပဝတ္တိအရေးကို ဘေးဟုရှုငြား- ချစ်သား,ချစ်သမီးများတို့၊ ဇရာမရဏ- ရုပ်နာမ် နှစ်သင်းတို့၏ အိုရခြင်း, သေရခြင်း, ဂုဏ်အခင်းကို၊ အဇာနတာ, အပဿတာ- ပညာဖြင့် ပိုင်းခြား ဝေဘန်၍လည်း မသိ၊ ဉာဏ်စက္ခုဖြင့်လည်း ကောင်းစွာ

ထိုးထွင်း၍ မမြင်သောသူသည်၊ ယထာဘူတံ ဇရာမရဏေ= ဟုတ်တိုင်းမှန်စွာ, အိုခါသေရ, အညတ္တာဘာဝ- ဝိပရိဏာမ- ဇရာ, မရဏအစစ်၌၊ ယထာဘူတံ ဉာဏာယ= တရေးစစ်, တရားမှန်- ကေန်မြင်သိ၊ သမ္မာဒိဋ္ဌိဉာဏ်ရရှိရန် အကျိုး ၄ါ၊ သတ္တာ- လှည်းမှူးပမာ- ညွှန်ကြားထားရာ ဖြစ်သော- သပ္ပုရိသကေန်, ဒေသကအစစ် ဆရာမှန်ကို၊ ပရိယေသိတဗ္ဗာ- မရ,ရအောင်၊ ကြံဆောင်ရှာမှီး အပ်၏။ (ဝ၁) ရှာမှီး ရမည်။

ကဲ- ဒီတော့၊ ယောဂီသူတော်စင်, အပေါင်းတို့၊ မဟာကရုဏာတော်ရှင်, မြတ်စွာဘုရားသခင်သည်၊ သတ္တဝါဝေနေယျကို ဘယ်လောက်များ ကြင်နာသနားတော်မူလိုက်သလဲလို့ ပရိနိဗ္ဗာန်စံခါနီးတိုင်အောင်လဲ မှာခဲ့သေးတယ်၊ သာသနာတော် ငါးထောင် ကာလရှည်ကြာရအောင်လဲ ဧတဒဂ္ဂပဏ္ဍိတ် အမိဋ္ဌာန်တော်နှင့်လဲ ထားပေးခဲ့တယ်၊ သံသရာထောက်ရာ, တည်ရာမျှမက မဂ်ဉာဏ် ဖိုလ်ဉာဏ်, အလုံးစုံသော အကျိုးရစေနိုင်တဲ့ သပ္ပုရိသသံသေဝ- အစစ်ကိုလဲ ညွှန်ပြပေးခဲ့သေးတယ်၊ မရ,ရအောင် ရှာကြံဘို့လဲ တိုက်တွန်းပေးခဲ့သေးတယ်၊ သာသနာခေတ်, သာသနာအစစ်ကို ထမ်းဆောင်တဲ့ သပ္ပုရိသအစစ်ရှိကြောင်း ကေန်မို့ - မရ,ရအောင် ကြံဆောင်ရှာမှီးပါလို့-မြတ်ဘုရားက တိုက်တွန်းခဲ့တာပေါ့၊ ဒါပေမဲ့- သာဝက ယောဂီတို့, ဘုရားစကားကို နားထောင်တဲ့ဘက်မှာ ဒေသကအစစ်နဲ့၊ သာဝကအစစ်တို့ဟာ ပြောင်းပြန်ဖြစ်နေရတယ်၊ မရရအောင် ရှာရမှာက- သာဝကဖြစ်ပေမဲ့၊ ခုတော့-ဒေသက,က သာဝကကို လိုက်ရှာနေရတယ်ဆိုတော့၊ ဘုရားစကားကို ငါတို့နဲ့-ဒေသကအစစ်၊ဘယ်သူက နားထောင်သလဲလို့ စစ်ကြည့်ကြပေတော့၊ မြတ်ဘုရားမိန့်မှာသလို၊ မရ,ရအောင် ရှာဘို့ မပြောနဲ့၊ ဒေသက,က အလကား ဝေငှပေးမယ်ဆိုတာတောင်, ယူမဲ့သူဘက်က အားတက်သရော စုံစုံညီညီမရှိဘူး၊ ဒါပေမဲ့ - ဒေသကကိုတွေ့ရင် မအပ်စပ်တာတွေနဲ့ ဝေဘန်ဘို့ကျတော့- မမေ့ကြဘူး၊အဲ ...ဘုရားစကားတော်နဲ့အညီ တရားရှာဘို့ ဝေးသီနေကြပေမဲ့ စိန်လက်စွပ်ကလေးတကွင်းလောက်၊နားကပ်ကလေး တဘက်လောက်, ပျောက်ကြည့်စမ်းပါ၊ မရ,ရဘို့ ဒေါင်းတောက်အောင် ရှာဖွေလိုက်မဲ့ အမျိုးကတော့၊ ရပ်တည်ဘွယ် မရလောက်အောင် ဖြစ်ကြမှာ အမှန်ဘဲ၊ ဘယ်သူက အဘိုးတန်သလဲလို့ ဆန်းစစ်ကြည့်ရင် ဆီနဲ့ရေထက် အဆ, ပေါင်းများစွာသာတဲ့ ဟိုမှာဘက်ကို၊ ဘူတာပေါင်းများစွာ သာလွန်ပါတယ်၊ တဘာဝ- တနပ်စာ, ဝေဒယိတသုခနဲ့ တသံသရာလုံး စားသုံးမကုန်တဲ့ တိဟိတ်ဘုံစဉ်စံနှင့်တကွ၊ သန္တိသုခ,ချမ်းသာရာ ရမှာကြီးဟာဖြင့် အကွာကြီး ကွာခြားလှပါတယ်၊ မိမိတို့ကိုယ်မှာ- အပေါ်ယံဝတ်ထားတဲ့- စိန်ရွှေကလေးပျောက်

တော့၊ မီးတောက်အောင်ရှာတတ်တယ်၊ မိမိကာယအစစ် အတွင်းကြောမှာ- ဒိဋ္ဌိဗျသန, အယူကြီး ပျက်စီးပျောက်ဆုံး နေတာကျတော့- ဘာမှ မပျောက် မပျက်စီးသလို၊ ပျော်ပျော်ကြီး နေ, နေကြပုံကို ကြည့်ရင် လွန်စွာမှ သံသရာ ဝန်လေးထုပ်ကြီးဟာ အပါယ်လေးပါးထဲ စုံးစုံးမြုပ်ရအုံးမှာကလားလို့ ဉာဏ် မြင်ကလေးနဲ့ သုံးသပ်ပြီး၊ မဟာကရုဏာတော်မြတ်နဲ့ အညီ၊ ဒီနေ့က စပြီး ဒေသကရှာနည်းကိုလဲ သိပြီးမို့၊ ရှာပါတော့မယ်လို့ ဆုံးဖြတ်သင့်ပါသည်။

ဤနေရာ၌၊ ဤ- သင်တန်းကိုဆက်လက်ကြိုးပမ်း, ရယူသွားရင်၊ ဤ- သင်တန်းကိုလဲ ဒေသကအစစ်အမှန်နဲ့ ဒေသကတာဝန်ကျေတဲ့၊ ဆောင်နှင်း ချက်ရှိရဲ့လား၊လို့လဲ၊ ဝေဘန်ပိုင်းခြားပြီး ယုံကြည်ကိုးစားထိုက်မှ ကိုးစားကြ ပါကုန်လို့လဲ သတိပေးပါတယ်၊ အဲဒါကြောင့် ...

ရတနာစိန်ကျောက်၊ ပျောက်တဲ့အခါ၊
မရ, အရ၊ ရှာကြပမာ၊
ယထာဘူတ၊ ဉာဏ်ရဘို့ရာ၊
ဒေသက၊ မရ, ရအောင်ရှာ၊ တဲ့ ...

အဲဒီလို- ဒေသကအစစ်နည်းနဲ့ ရှာဖွေဆည်းပူးဘို့ကို၊ဘာကြောင့်-တိုက် တွန်းရသလဲဆိုတော့၊ ဒေသက အစစ်ဖြစ်ရင်လဲ၊ ဘယ, လာဘ, ကုလ, စာဂ- လေး၌ာန ရှောင်ကြဉ်ခါ၊သပ္ပုရိသ သေက္ခပိပီ၊ မိမိရင်၌ တည်သော တရားအဆီ ကို၊ မေတ္တာကရုဏာ, အလီလီနှင့် ဖြည့်တင်းပေးတတ်ပါသည်။ အဲဒီလို-မေတ္တာ ကရုဏာနဲ့ မိမိကိုယ်ကျိုး-လာဘ်, လာဘမျိုးကိုရင်း၊ ဘေးကို ကြောက်ငြား၊ ထောက်ထားသဖြင့်ရင်း၊ ကုလမျိုးဂုဏ် စောင့်ရှောက်ပုံအားဖြင့်ရင်း၊ စာဂ- ကျေညာ ဂုဏ်ရောက် ထွန်းတောက်ခြင်းငှာရင်း၊ ရှောင်ရှားမသွေ၊ မြတ်ဘုရား ၏ တရားဓမ္မကို၊ သုရက္ခာတေ ဓမ္မဝိနယေနှင့် အမှန်မမှား၊ ကျွတ်လွတ်ခွင့် တရားကိုသာ ဟောညွှန်ကြားအောင်၊ ဘုရားစကား- အမိန့်သံနာခံသည့် သပ္ပု ရိသကို ကေန် တွေ့ပါလျှင်၊ သံသရာ, တကွေ့တွင် သောင်တင်ဝဲလယ်- မနေရတော့ဘဲ၊ ကျွတ်တန်းဝင်ရမည် သေချာလှုခြင်းကြောင့် ဖြစ်ပါသည်။ သပ္ပုရိသ- ဒေသကအစစ်, ကေန်ဖြစ်သူတို့၏၊ တရားစစ်, တရားမှန်ပြဖြစ်ရန်ကို လည်း- ဘုရားရှင်သည်၊ ထေရာအပါဒါန်၌၊ ဟောညွှန်လိုက်တော်မူပါသေး သည်။

ယေကေစိ ဘိက္ခဝေ အနုကမ္ပေယျာထ တေဝေါဘိက္ခဝေ၊
စတုန္နံ အရိယ သစ္စာနံ ယထာဘူတံ အဘိသမယာယ၊
သမာဒပေတဗ္ဗာ နိဝေသေတဗ္ဗာ ပတိဋ္ဌာပေတဗ္ဗာ။ ။

ဘိက္ခဝေ- ရဟန်းတော်များ၊ အိုး- ချစ်သား၊ ယေကေစိ- ကြွင်းမဲ့ ဥဿုံ, အလုံးစုံကုန်သော၊ သံသရာ့ဝဋ္ဋခပင်းဝယ်၊ ညွတ်ကွင်းမိပြေား, သတ္တဝါ များတို့ကို၊ အနုကမ္ပေယျာထ= အစဉ်မပြတ်၊ အလွန်ပင် သနားကြင်နာ ကြ ပါကုန်အံ့၊ တေ–ထိုဆင်းရဲအနန္တ၊ စံပြဖြစ်ငြား၊ ဝဋ်ရထားတည်း ဟူသော– သံသရာကြီးထဲမှာ, ဇာတိ– မရဏ, မွေးသေတွေ– မလွတ်ကြတဲ့၊ သတ္တဝါမှန် သမျှတို့ကို၊ ဝေါတုမှာကံ– သစ္စာလေးပါး, မြတ်တရားတွင် ပိုင်းခြားထင်ထင် တကယ်သိမြင်, ရိပ်စားမိကြကုန်သော– သပ္ပုရိသန္တယ်ဝင်, သူတော်စင်ပညာ ရှင်အပေါင်းတို့သည်၊ စတုန္နံ-အရိယသစ္စာနံ– အရိယာ သစ္စာလေးပါး၊ အထွဋ်ဒွိ မြတ်ဆုံးတရားတို့ကို၊ ယထာဘူတံ အဘိသမယာယ– ဟုတ်တိုင်းမှန်စွာ သိစေရန် ဝိပဿနာဉာဏ် အဖြာဖြာနှင့်၊ ဘာဝနာဘိ သမယတိုင်၊ ရရောက်နိုင်စေခြင်း အလို့ငှာ၊ သမာဒပေတဗ္ဗာ– မသိ,သိအောင် ဟောညွှန်ပြသရာ၏၊ နိဝေသေ တဗ္ဗာ- စိတ်ထဲမှာစွဲ၊ အမြဲယှဉ်စေ, ရစေအပ်ကုန်ရာ၏၊ (ဝါ) သစ္စာဉာဏ်, ကိန်းအောင်, ခိုင်းစေအပ်ကုန်ရာ၏။ ပတိဋ္ဌာပေတဗ္ဗာ– သစ္စာဉာဏ်မြင် အစဉ် ကိန်း၍ တည်တန့်ငြိမ်းချမ်းစွာ– ခိုင်မာသွားအောင်၊ မနေမနား– ကရုဏာ ထား၍ ကြိုးစားပြသကြကုန်ရာသတည်း။

အဲဒီလို– မြတ်စွာဘုရားသခင်သည်၊ သစ္စာလေးအင်္ဂါ ဖေါက်ထွင်း မြင်သည့် အရိယာဒေသကနှင့်– ရိပ်စားမိငြား– သေက္ခ သပ္ပုရိသတို့အား၊ သာနုဂ္ဂဟဏ်ရိပ်၊ မဆိတ်မည္ဆိုးစေရန်နှင့် ဝေနေယျအတန်တန်,အားကိုးရာအမှန် ၏အဖြစ်ဒွိ ရပ်တည်ကြရန်၊ ဆုံးမ တိုက်တွန်းတော် မူခဲ့ပါတယ်။ ဒါကြောင့်– သပ္ပုရိသ အစစ်အမှန်တို့သည် သာသနာ့ဂုဏ်ရောင်, ထွန်းပြောင်စေချင်မှု၊ ထမ်းဆောင်ပြုရမည်မှာ- ဘုရားရှင်၏ တာဝန်ပေးခြင်း၊ အထက်ဖေါ်ပြပါ၊ စည်းကမ်းထားခြင်းတို့နှင့် အညီသာ၊ ဒေသကတာဝန်ကို ကျေပြွန်စွာ- ထမ်း ဆောင်သင့်ပါသည်။ ဤကဲ့သို့– ဒေသက တာဝန်စည်းကမ်းစံနစ်ဝင်၊ သွန်သင် နိုင်သော သပ္ပုရိသ, ဒေသကကိုသာ၊ ဓမ္မာမက, သာဝက ယောဂီ သူတော် စင် အလီလီတို့သည်၊ ရတနာစိန်, ကျောက်, ပျောက်ဘိသကဲ့သို့၊ မရ, ရအောင် ရှာမှီး ဆည်းပူး, ကျင့်ကြံ, အားထုတ်မှုအထူး ပြုကြပါကုန်ဟု-တိုက်တွန်းအပ် ပါသည်။

# သာဝကတို့၏ - တာဝန်

အထက်က– ဝေဘန်ဆန်းစစ်၍ ပြသခဲ့သော သပ္ပုရိသ-ဒေသက အစစ်အမှန်ကို ရရှိပါက၊ သာဝက တို့မှာလဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ရရေးအတွက် တာဝန်ရှိပါတယ်။ တာဝန်ကျေဘို့လဲ–လိုပါတယ်။ သပ္ပုရိသ- ဒေသကအစစ်သည်၊ ယထာဘူတ နိဗ္ဗေဓိက ပညာဖြင့်- (၁) သုတမယဉာဏ်။ (၂) ဒေသနာဉာဏ်။ (၃) ပစ္စက္ခ အနုဗောဓဉာဏ်- တို့ကိုရရှိအောင်၊ ပေးစွမ်းပါလိမ့်မည်။ အဲဒီလို–ပေးစွမ်းသမျှ အပေါ်မှာ– သာဝကတို့က၊ စိန္တာမယဉာဏ်ဖြင့် အထပ်ထပ်ဆင်ခြင် သုံးသပ်ခြင်း, ဘာဝနာဘိသမယဖြင့် ဝိပဿနာမဂ်ဉာဏ်, ဝင်ရအောင်၊ ကြိုးစားအားထုတ်ခြင်းဆိုတဲ့–ကိစ္စနှစ်ရပ်ကို၊ မပြတ်မလပ် အားထုတ်ပေးရပါမယ်။

အဲဒီ–ကိစ္စနှစ်ချက်ကို၊ အလေးအနက်ထားပြီး၊ သာဝကတာဝန် ကျေပြွန်အောင် ထမ်းရွက်နိုင်ဘို့ရာ၊ သာဝကတို့မှာ- ဘာတွေ လိုအပ်လဲဆိုတော့- (၁) ယုံကြည်မှု-သဒ္ဓါ။ (၂)ဆည်းပူးမှု- ပညာ။ (၃) အားထုတ်မှု-ဘာဝနာ။ (၄) ရည်ရွယ်မှု–နိဗ္ဗုတာ–ဆိုတဲ့၊ အကြောင်းလေးပါးနဲ့ ပြည့်ဝဘို့ လိုအပ်ပါတယ်။

ယုံကြည်မှု ဘဒ္ဒါတရားအနေနဲ့ လေးမျိုးလေးစား ရှိပါတယ်။ (၁) အာဂမသဒ္ဓါ– ဘုရားအလောင်းတော်မြတ်၊ ဗောဓိသတ်တို့၌၊ နှုတ်မြွက်ဆုပန်၊ ဝေကန်ဖြင့်၊ ဆယ်တန်ပါရမီ၊ သုံးလီ–စရိယ၊ စွန့်ခြင်းကြီး ငါးရပ်တို့ကို၊ ဘယ်ခါကာလ, ဘယ်ဘဝမှ၊ မတွန့်မဆုတ်, အားထုတ်ဆည်းပူး- သဒ္ဓါထူးဖြင့် ဆုံးဖြတ်ယုံကြည်၊ တည်တည်တန့်တန့်- ရှိတော်မူသော သဒ္ဓါသည်၊ အာဂမသဒ္ဓါဟူ၍ ခေါ်ဆိုအပ်ပါသည်။

(၂) အဓိဂမသဒ္ဓါ။ ။သောတာပန်အစ,အရဟတ္တဖိုလ်ပုဂ္ဂိုလ်အဆုံး အရိယာအားလုံးတို့၏၊ ယုံကြည်လေးနက် လောကုတ္တရာ ဓမ္မစက်ကို၊ မပျက်မယွင်း၊ ဆုံးဖြတ်ခြင်းနှင့်၊ ထိုအားလျော်စွာ– လောကုတ္တရာ, မြတ်ပညာကို၊ ဝေနေယျာတို့၊ လိုလားကိုယ်တွေ့၊ ဖြစ်နိုင်စေ ငှါ၊ ရွှေဆောင်နမူ၊ အပူကိလေ–ငြိမ်းအေးစေဟု၊ သန္တိသုခ–စံပြနမူ စိုက်ခါထူလတ်–မပြတ်ယုံကြည် လွန်ကဲစွာ တည်သော သဒ္ဓါသည်၊ အဓိဂမသဒ္ဓါ မည်ပါပေသည်။

(၃) ဩကပ္ပန သဒ္ဓါ။ ။လောကီမဂ်, ဝိပဿနာ, သမ္မာဒိဋ္ဌိဉာဏ်ပညာကို ကောင်းစွာငိုင်ပိုင် ဆည်းပူးချိုင်၍၊ ကိုယ်တိုင်ကျင့်သုံး၊ တန္တုံးကပ်

ဆောင်၊ သုံးထောင်တဝက်၊ ဏိလေဗွက်မှ၊ ရှန်းထွက်ပြေးဝင်၊ မင်္ဂရေစင်ကို၊ အစဉ်သောက်လို၊ ဆန္ဒပို၍၊ အဟိုဝိရိယ၊ ထူထောင်ကြလျက်၊ သေက္ခမည်ကာ–ဝင်္နကြမ္မာကို၊ ရှောင်ခွါဝေးချင်၊ စိတ်အယာဉ်၌၊ အစဉ်ယုံကြည် ကြိုးစားတည်သော–သဒ္ဓါသည်၊ ဩကပ္ပနသဒ္ဓါ မည်ပါသည်။

(၄) ပသာဒသဒ္ဓါ။ ။ဘုရား,တရား, သံဃာများနှင့် မိဘ, ဆရာ၊ ဂုဏ်နန္တာဟု၊ သဒ္ဓါဝတ္ထု၊ အကြောင်းပြုမှ၊ ကောင်းမှုစိုက်ပျိုး၊ ကုသိုလ်မျိုးကို၊ ရှိန်းစွာဖြင့်၊ ခံစံခွင့်၌၊ မျှော်လင့်ပြုကြ၊ ကာမာဝစရခေါ်ရိုး၊ အကျိုးလိုလား၊ ရငြားသဒ္ဓါ၊ ပတိကပါသည့်အတိုင်းမျှ–ယုံကြည်ကြသော သဒ္ဓါသည်၊ ပသာဒ သဒ္ဓါ မည်ပါပေသည်။

သဒ္ဓါလေးမျိုးတွင်- သာဝကတာဝန်၊ ကျေပြွန်လိုတို့သူ၌ ရှိအပ်သော သဒ္ဓါသည် ဩကပ္ပနသဒ္ဓါခေါ်– သေက္ခပုဂ္ဂိုလ်တို့၌သာ သက်ဝင်ရရှိနိုင်သော သဒ္ဓါတရားကို အလိုရှိအပ်ပါသည်။ ဤသဒ္ဓါသည်၊ သူ့အလိုအလျောက်–သာဝက ယောဂီ၏ ကိုယ်စိတ်ဝယ် ပေါ်ပေါက်၍၊ တည်လာနိုင်သည် မဟုတ်၊ ၎င်း–ဩကပ္ပနသဒ္ဓါသည်၊ လောကုတ္တရာ–တရားကိုးပါး၌ အားထားကိုးကွယ်ယုံကြည်ပြီး၊ လောကုတ္တရာဘုံနန်းသို့– တက်လှမ်းနိုင်သော သမ္မာဒိဋ္ဌိပညာ, သမ္မာဒိဋ္ဌိဝိပဿနာဉာဏ်မဟာတွေကို၊ မိမိကိုယ်စိတ်ဝယ်၊ ကပ်၍ဆောင်ထားလွန်တိုးပွားလျက်၊ လောကုတ္တရာ မဂ်မြတ်ရတနာပန်း– ဆွတ်လှမ်းနေသော အသွင်၌ မပြတ်သက်ဝင်နေလို့မှု ယုံကြည်ခြင်း သဒ္ဓါမါတ်,ဖြစ်ပါသည်။ ၎င်းကဲ့သို့ ဖြစ်လာရန်မှာလည်း၊ အကြောင်းမဲ့မဟုတ်၊ နီးစွာသောအကြောင်းရင်းမှာ–သောတာပတ္တိမင်္ဂ, အင်္ဂါလေးပါးဖြစ်သည့်၊ သပ္ပုရိသ သံဝေသ–ကလျာဏမိတ္တာ, သပ္ပုရိသ- ဒေသကအစစ်၌ မှီဝဲခြင်း။ သဒ္ဓမ္မသုံးဖြာ- ဘုရားအဆုံးအမ, တရားတော်မြတ်များကို မှတ်မှတ်သားသား နာယူခြင်း၊ ယောနိသော မနသိကာရ–စိန္တာယဉာဏ်ရောက်အောင်– နှလုံးသွင်းကြံစီခြင်း၊ ဓမ္မာနု ဓမ္မပဋိပတ္တိ–လောကုတ္တရာတရားကိုးပါးအားလျော်သော-မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကို ကျင့်ကြံပွားများအားထုတ်ခြင်း၊ ဤအကြောင်းလေးပါးသည် ကျင့်ဆဲသေက္ခပုဂ္ဂိုလ်ခေါ်ဆိုထိုက်၍–ဩကပ္ပနသဒ္ဓါ တည်ဆိုက်စေရန်- နီးစွာသောအကြောင်း ဖြစ်ပါသည်။ ထိုသောတာပတ္တိ အင်္ဂါလေးပါး- မပြည့်စုံငြားဘဲ ကျင့်ဆဲသေက္ခ-ဩကပ္ပနသဒ္ဓါမြတ်နှင့် တည်အပ်သူဟူ၍ မဆိုထိုက်ပါ။

မှန်ပါသည်၊ ဩကပ္ပနသဒ္ဓါသည်- ဝိပဿနာ သမ္မာဒိဋ္ဌိ ပညာဉာဏ်ကို မိမိရင်ဝယ် အစဉ်ကပ်၍ ဆောင်ထားလိုခြင်း၊ ယုံကြည်မှုသဒ္ဓါ ဖြစ်ပါသည်။ ပက္ခန္ဒနရသာ အားဖြင့်လည်း–ငါးမိချောင်း ဘေးအပေါင်း ဝိုင်းရံခံနေရသော

ရေအယာဉ်သို့ ကျရောက်သောသူသည်၊ ဘေးရှိရေယာဉ်မှ တွင်တွင်လွှတ်အောင် မဆုတ်မနစ်-လုံ့လသစ်၍ ကူးရစ်ဘိသကဲ့သို့၊ သံသရာဝဋ္ဋဒုက္ခကို မြင်သော ယောဂီသည်၊ သံသရာဘေး လွတ်ဝေးရာသို့- ဤသောတာပတ္တိမဂ်အင်္ဂါကို မုချ ဆင်မြန်းလျက်- ကူးသန်းမည်မှာ အမှန်ဖြစ်ပါ၍၊ အဲဒီသဒ္ဓါမျိုးကို ဒေသက အစစ်ကို မှီ၍, သာဝကအစစ်ဖြစ်အောင်, တည်ရှိသက်ဝင်အောင်, ကြိုးစားရပ် တည်ပါရမည်။

ပကတိသဒ္ဓါခေါ်တဲ့-သဒ္ဒေယျဝတ္ထုမှာ မှီဖြစ်ရတဲ့-ပသာဒသဒ္ဓါကနေ၊ ဩကပ္ပနသဒ္ဓါဖြစ်လာရန်မှာလည်း၊ သာဝကယောဂီတို့-ကိုယ်တိုင်က သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ-သဘောကို အပြောသာမဟုတ်၊အပြောနှင့်အလုပ် ကျင့်သုံးပုံ အဟုတ်မှန်ကန်မှ ဖြစ်လာနိုင်ပါမည်။ အဲဒီလို- ဖြစ်လာနိုင်အောင် ဝဋ်မှ ထွက်မြောက်ခြင်းကို အစဉ်လိုလား-အာသီသထားတဲ့-“ဝိဝဋ္ဋဇ္ဈာသယ” ဓါတ်, ကိန်းမှဖြစ်လာနိုင်ပါတယ်၊ ဝိဝဋ္ဋဇ္ဈာသယ-ကိန်းအောင်လဲ သပ္ပုရိသ အစစ်ကိုအစဉ်လိုလား မပြတ်မှီဝဲဘို့ လိုအပ်ပါတယ်၊ ဒေသက သပ္ပုရိသက- တာဝန်ကျေလျက် မိမိတို့က–ဘာဝန်ကျေအောင် (ဝါ) ဩကပ္ပနသဒ္ဓါကိန်း အောင်- မကျင့်သုံးနိုင်ခြင်းကို တော့ မည်သူမျှ-တတ်နိုင်မည်မဟုတ်ပါ။ ဒီတော့ ဒေသကဘက်ကိုချည့်- လက်ညှိုးမထိုးဘဲ၊ မိမိအလို အဇ္ဈာသယသည် ဒေသက ပေးသမျှ တာဝန်၌ မသက်ဝင်သေးပါက၊ သက်ဝင်နိုင်ကြောင်း- ဦးစွာသော သောတာပတ္တိမဂ် အင်္ဂါအပေါင်းနှင့် စတင်ပျိုးထောင် ကြိုးစား ကြပါလေ။ သို့မှသာ- သာဝကတာဝန်အမှတ်(၁)ဖြစ်တဲ့- ယုံကြည်မှုသဒ္ဓါဆိုတဲ့ အရာမှာ နေရာမှန်ကို ရောက်ရှိပြီး၊ သာဝက တာဝန်ကျေပြွန်စွာ ရောက်မည်ဖြစ်၍၊ မိမိ ကိုယ်ကို စစ်ဆေးဆုံးမ-ဆုံးဖြတ်ကြရာပါသည်။

ဒုတိယအချက်ဖြစ်တဲ့- ဆည်းပူးမှုပညာအရာတွင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် အနေအားဖြင့် အလိုရှိအပ်ပါသည်။ ၎င်းဆည်းပူးမှု ပညာအနေသည် အာသဝ ပညာမဟုတ်၊ အနာသဝပညာကို ဆိုလိုပါသည်။ တနည်း:– လောကီပညာ မဟုတ်၊ လောကုတ္တရာပညာကို ဆိုလိုပါသည်။ ထိုကဲ့သို့သော– နိဗ္ဗေဓိကပညာ ဖြစ်သည့်- ဗောဓိဉာဏ်၏ အတောင်လက်သဖွယ်– ဓမ္မဝိစယသမ္ဗောဇ္ဈင် တွယ်မိ အောင် ဒေသကအစစ်တို့ထံမှ ဆည်းပူးရမည်မှာ- သာဝက တာဝန်တရပ်ဖြစ် ပါသည်။ ဗောဇ္ဈင် ၇-ပါးတွင် ဤဓမ္မဝိစယမည်သော ပညာသည်၊ ဆည်းပူး ရယူ သိရှိ ပိုင်းခြားဆုံးဖြတ်နိုင်သည့်တရား၊ အကြီးအမှူး ခေါင်းချုပ်ပင် ဖြစ်ပါ သည်။ မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိသည် ခေါင်းချုပ်ဖြစ်သကဲ့သို့ ဖြစ်ပါသည်။

ဥပမာအားဖြင့်- ကိလေသာအပေါင်းကို၊ သတ်တတ်,ဖြတ်တတ်, ဖျက်ဆီးတတ်သော, အကြင်-သံလျက်သည်ရှိ၏။ ထိုသံလျက်သည် သူ့ချည်းသက်သက်အားဖြင့် သတ်ဖြတ်ရန် အစဥ်ထက်မြက်အရောင်လက်လျက် မတည်နိုင်ပေ။ ကောင်းမွန်လုံခြုံ၍၊ သံလျက်ပုံပန်းသဏ္ဍာန်နှင့် ကိုက်ညီသော သံလျက်အိမ်ရှိမှသာ သတ်ဖြတ်ရန် ထက်မျက်ပြောင်လက်သော အသွင်ကို အစဥ်ဆောင်နိုင်ပါမည်။ ထိုသံလျက်အိမ်မရှိက သံချေးတက်၍- ဆွေးမြေ့သွားဘွယ်ရာသာဖြစ်ပါသည်။ ထိုနည်းတူစွာပင်– သတိသမ္ဗောဇ္ဈင်,ဝီရိယသမ္ဗောဇ္ဈင်,ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိ သမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်= ခြောက်မျိုးတို့သည် လေးဘက်အသွား၊ အရိုးဓါးမင်း တင်းရင်းပြည့်လတ်- ကိလေသာကို ဖြတ်တတ်သော သံလျက်နှင့်တူပါသည်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ထိုဗောဇ္ဈင် ခြောက်ပါးတို့ နေသားတကျ–မညှိုးမမှိန်– မပိန်မချိင့်၊သံချေးမတက် အရောင်ထွက်အောင် သိမ်းသွင်းထားရသည့် သံလျက်အိမ်နှင့် ဥပမာ တူပါသည်။ အကယ်၍– ယထာဘူတပညာ၊ နိဗ္ဗေဓိကပညာ၊ သမ္မာဒုက္ခက္ခယ ဂါမိနီပညာ အနာသဝပညာဟု ဆိုအပ်သော–လောကုတ္တရာပညာမျိုးတို့ကို မဆည်းပူးမရရှိထားပါက၊ သံလျက်ကိုင်ဆောင်ချင်လျက် သံလျက်တည်ရာ အိမ်မရှိခြင်းကြောင့် သံလျက်ကို သံချေးမတက်အောင်– မသိမ်းဆည်းနိုင်ခြင်းကြောင့်– ဝိပဿနာ, ဘာဝနာနယကို သောတာပတ္တိ အင်္ဂါတွယ်လျက်၊ အနယ်ထိုင်၍ ပိုင်နိုင်အောင် လိုက်စားကျင့်ကြံနိုင်တော့မည် မဟုတ်ဘဲ၊ ပျက်ပြယ် ဆုတ်ယုတ်သွားတတ်ပါသည်။ ထို့ကြောင့်– (၂) အချက်ဖြစ်တဲ့ သာဝကယောဂီတို့ ကျေပြွန်ရမဲ့ တာဝန်အနေနဲ့ ဆည်းပူးမှုပညာ- ဓမ္မဝိစယ သမ္ဗောဇ္ဈင် အရာကို ဖြည့်ကျင့် ဆည်းပူးရပါသည်။

တတိယအချက် အားထုတ်မှု ဘာဝနာ= ဓမ္မာနု, ဓမ္မပဋိပတ္တိကိုလည်း၊ သာဝက– ယောဂီတို့သည် အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံသော တာဝန်တရပ် အနေဖြင့် ကျေပြွန်အပ်သင့်ပါသည်။ အစ၏ ကောင်းခြင်းတာဝန်သည် ဩကပ္ပနသဒ္ဓါ၊ အလယ်၏ ကောင်းခြင်းပညာသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကသာ ဖြစ်ဘိသကဲ့သို့– အဆုံး၏ ကောင်းခြင်း အားထုတ်မှု ဘာဝနာ, ဓမ္မာနုဓမ္မ ပဋိပတ်သည် လောကုတ္တရာတရား ကိုးပါးအားလျှော်သည့် အနုလောမ, ပဋိပဒါတန်းကို မှီအောင် ကြိုးပမ်းကြဘို့ရာလည်း လွန်စွာအရေးကြီးပါသည်။ ဤအချက်သုံးချက်သည် ကလျာဏမည်- သာဝကယောဂီတို့အတွက် လိုအပ်ချက်အမှန်တာဝန်ကေန်ဖြစ်သလို၊ ညီညွတ်သက်ဝင် ပြည့်စုံအောင် တာဝန်ကျေပြွန်စွာ မလိုက်နိုင်သည်ကိုတော့ အပြစ်, မမြင်တတ်ကြဘဲ၊ ဒေသကတို့ကိုမူ ဝေဘန်

တတ်ကြပါသည်။ ဒေသက, အစစ်အမှန် တာဝန်ကေန်ကျေသည့် သပ္ပုရိသနှင့် တွေ့ပြန်တော့ သဒ္ဓါစစ်ဖြစ်အောင်ရင်း၊ ဆည်းပူးကြိုးကုတ်- သင်ထွေးအံရွတ် မချွတ်မယွင်းခြင်းကိုရင်း၊ ပေးအပ်,ဘာဝနာ- အဖြာဖြာကို၊ မကွာနေ့ည, အားထုတ်ရမှု၌ရင်း၊ တန်းမှီအောင် မလိုက်နိုင်ပါက၊ နိဗ္ဗာန်သောင်ကမ်းနှင့် ဝေးမြဲတိုင်းသာ ဝေးနေရဦးမည်ကို သတိချပ်သင့်ပါသည်။ ဤအားထုတ်မှု ဘာဝနာ၌ ဝိပဿနာ, ဘာဝနာမြတ်, အားတုတ်မှုကို မဇ္ဈိမပဋိပဒါ အခဏ်း၌ အမှန်လမ်း ညွှန်ပြခဲ့ပြီး ဖြစ်ပါသည်။

ထို့ကြောင့်= အားထုတ်မှုဘာဝနာနည်းပါးရခြင်းသည် သဒ္ဓါနည်းပါး အညံ့စား ဖြစ်ခြင်းကြောင့် ဖြစ်တတ်ပါသည်။ သဒ္ဓါနည်းပါး အညံ့စား ဖြစ် ရခြင်းသည်လည်း ဆည်းပူးခံယူရရှိထားမှု ပညာမြင်-အဟုတ်နည်းတို့ နည်းပါး လှ၍သာ ဖြစ်ပါသည်။ တာဝန်တရပ်နှင့်တရပ်၊ အကြောင်းတပါးနှင့်တပါး၊ မချိတ်ငြားမှသာလျှင် သာဝက,တာဝန်- တွင်တွင်ကျေပြွန်နိုင်မှာပါကလား ဟူ၍လည်း ပိုင်းခြားသိအပ်ပါသည်။ ဤတာဝန်သုံးရပ်- အစ,အလယ်,အဆုံး တို့ ကောင်းမွန်စွာ မပြည့်ရခြင်းမှာလည်း ရည်ရွယ်မှု နိဗ္ဗုတာဆိုတဲ့ နောက်ဆုံး အချက်တရပ်ကြောင့်လဲ ဖြစ်တတ်ကြပါသည်။

ဗုဒ္ဓဘာသာဝင်ဆိုလျှင် အရွယ်သုံးပါး တစားစားတွင် နိဗ္ဗာန်ကို ရည် ရွယ်လိုချင်ပါတယ်ဆိုတာတော့ ဖြစ်ပေါ်တတ်ကြပါသည်။ ဘာဖြစ်လို့ လိုချင် သလဲဆိုရင် နိဗ္ဗာန်ဟာ ချမ်းသာတယ်ဆိုလို့ လိုချင်သူတို့ကသာ များပါသည်။ တနည်းအားဖြင့်– လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတို့ထက် လွန် ကျူး, အထူးသဖြင့် ချမ်းသာလို့၊ လိုချင်တောင့်တကြခြင်းသာ များပါသည်။ အဲဒါ- ပြန်ကြည့်တော့ ချမ်းသာကျိုးကိုသာ–လိုချင်တာလို့ တွေ့ရတယ်၊ ဘယ် သူက လိုချင်သလဲမေးရင် ကျွန်တော်,ကျွန်မတို့အနေနဲ့ လိုချင်တယ်၊ တောင့် တတယ်၊ ရည်ရွယ်တတ်ကြတယ်၊ အဲဒီလို- အကျိုးမျှော်ရည်ရွယ်မှုမျိုး၊ လိုချင် သူက- ကျွန်တော်, ကျွန်မတို့ပါလို့ ရည်ရွယ်နေသမျှ နိဗ္ဗာန်ကို ဘယ်တော့မှ မျက်မှောက်ပြုနိုင်ရမှာ မှုတ်ဘူး၊ အကျိုးချမ်းသာ လိုလားတာက– တဏှာ, အာလယ, အာသဝတရား၊ လိုချင်တာ- ကျွန်တော်, ကျွန်မက ဒိဋ္ဌိအာသဝ တရား၊ အာသဝတရား-အယာဉ်နဲ့ နိဗ္ဗာန်ကိုမြင်ချင်, ရောက်ချင်၍ မရောက် နိုင်ပါ၊နိဗ္ဗာန်သည် အာသဝေါတရားတို့၏ အာရုံပြုခံ တရားမဟုတ်ခြင်းကြောင့် တကြောင်း၊ နိဗ္ဗာန်၌ ကျွန်တော်, ကျွန်မ- ပုဂ္ဂိုလ်တို့ မရှိမရောက်ကြခြင်း ကြောင့် တကြောင်းဖြစ်ပါတယ်၊ သတ္တလောက,နယ်ကနေ၊ သတ္တဝါအသွင်နှင့်

နိဗ္ဗာန်ဝင်၍ မရပါ။ သင်္ခါရလောကနယ်– သင်္ခါရတရားတွေ ချုပ်ဆုံးကင်း ပြတ်မှသာ နိဗ္ဗာနဓါတ်ကို မျက်မှောက်ပြုနိုင်ပါသည်။

အဲဒီလို– နိဗ္ဗာန်ကို၊ သတ္တ, ပုဂ္ဂလ, အတ္တ, နှင့် မျက်မှောက်မပြုနိုင်၊ မရောက်နိုင်ခြင်းကို မသိဘဲ၊ ငါအနေနှင့် နိဗ္ဗာန်လိုချင်ပါသည်ဟု၊ဘယ်လိုရှာရှာ ရနိုင်မည် မဟုတ်ပါ။ သင်္ခါရလောက, ချုပ်ဆုံးမှ ရောက်ရ ကေန်ဖြစ်ရာ၊ သတ္တ လောကကို ခွါထုတ်၍၊ သင်္ခါရလောက သရုပ်၌ ဒုက္ခသစ္စာကို ပရိညာသုံးပါး နှင့် သိပြြီး၊ (ဝါ) သတ္တဝါဒုက္ခသည် ဒုက္ခသစ္စာမဟုတ်။ သင်္ခါရလောက, သင်္ခါရဓမ္မ ဒုက္ခသည်သာ ဒုက္ခသစ္စာကေန်ဖြစ်ကြောင်း သိပြြီး၊ ဒုက္ခသစ္စာကို သိ၍၊ ဒုက္ခကုန်ဆုံးရာသို့သာ ရည်ရွယ်သည့် ဒုက္ခက္ခယဂါမိနီ သဘောကိုသာ ရည်ရွယ်ရပါမည်။

ထိုသို့– မရည်ရွယ်မူ၍၊ နိဗ္ဗာန်သည်– ချမ်းသာသည်၊ ချမ်းသာအကျိုး ခံစားလိုမှုဖြင့် နိဗ္ဗာန်ကို လိုချင်ပါသည်ဟု ရည်ရွယ်လျှင် အမှားကြီးမှားကြ မည်သာ ဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါတို့လည်း၊ နိဗ္ဗာန်ကိုမရောက်၊ နိဗ္ဗာန်သွား တတ်, ရောက်တတ်တဲ့၊ ပုဂ္ဂိုလ်သတ္တဝါဟူ၍လည်း မရှိပါ။ ဘာ့ကြောင့်ဆို သော်– မူလနဂိုရ်ကပင် ပုဂ္ဂိုလ်သတ္တဝါဆိုသည်မှာ လုံးဝမရှိသော တရားသာ ဖြစ်သည်။ ရှိသည့် တရားကား- သင်္ခါရလောက, ဒုက္ခသစ္စာတရားသာဖြစ်သည်။ အကျိုးဒုက္ခသစ္စာ၌– ရုပ်,နာမ်, ခန္ဓာ, သက်ဝင်လာသည်ကိုသာ ပုဂ္ဂိုလ် သတ္တ ဝါလို့ လုပ်ပြီးခေါ်ဝေါ်သမုတ်ရုံမျှ မတ္တသာ ဖြစ်သည်။ ဒီတော့- နိဗ္ဗာန်, တည်းဟူသော အကျိုးကို လိုချင်ရင်၊ ပုဂ္ဂိုလ်သတ္တဝါအယာဉ်သို့ ဝင်တတ်သည့် သင်္ခါရလောက, ရုပ်နာမ်ဓမ္မ-ဒုက္ခသစ္စာတွေ ချုပ်ဆုံးမှ မျက်မှောက်ပြုရ ရောက် ရပါသည်။ ထိုသို့– မျက်မှောက်ပြုရ, ရောက်ရ,ရာ၌ ရုပ်,နာမ်အယာဉ်သတ္တဝါ အထင်စွဲစရာ မပါဝင်သဖြင့် ခံစားရတဲ့ ဝေဒနာတရားလဲ မရှိပါ။ နိဗ္ဗာန်ချမ်း သာ ခံစားရလိုမှုနဲ့ရှာရင်၊ နိဗ္ဗာန်၌- ခံစားရသော တရားမရှိရာ၊ နိဗ္ဗာန်ရှာရာ လိုချင်ရာ မရောက်နိုင်တော့ပါ။ ဒါကြောင့်= အာရုံအားဖြင့် အကြောင်းဖြစ် သော နိဗ္ဗာန်ကို၊ အနုပါဒိသေသအားဖြင့်၊ အကျိုးဖြစ်သော နိဗ္ဗာန်ကို ရည်ရွယ် လိုချင်ပါလျှင်၊ အာရမ္မဏ ပဋိဝေဓအနေဖြင့် မျက်မှောက်ပြုရန် ရည်ရွယ်ရာမှာ- ဒုက္ခတို့၏ ကုန်ဆုံးရာမှန် အကြောင်းနိဗ္ဗာန်ကို မဂ်ဉာဏ်နှင့် မျက်မှောက်ပြုနိုင်မှု ကိုသာ ရည်ရွယ်ရပါမည်။ ချမ်းသာသည်ဆို၍၊ ချမ်းသာကို ခံစားလို၍၊လိုချင် တောင့်တ,ရည်ရွယ်မှုမျိုးသည် သတ္တဝါလောက ဒုက္ခကလေးဖြစ်လာမှ ချမ်းသာ တောင့်တ, လိုချင်ကြခြင်းမျှဖြစ်ရာ မခိုင်မြဲ–မလေးနက်သည်ဖြစ်၍၊ အထက်ပါ

သာဝကတာဝန် သုံးချက်ဖြစ်သော- သဒ္ဓါ, ပညာ, ဘာဝနာ, အရာတို့ ကုံလုံပြည့်စုံ တာဝန်ကျေနိုင်ကုန်မည် မဟုတ်ပါပေ။

အဲဒီတော့- သာဝက ယောဂီသည်၊ ရည်ရွယ်မှု နိဗ္ဗာန်တာ၌၊ ဒုက္ခက္ခယ ဂါမိနီ-သဘောပိုင်အောင်၊ ဒေသက သပ္ပုရိသထံတွင် ဒုက္ခသစ္စာ ပရိညာသုံးနည်း၊ အသိပြီးအောင် ကြိုးစားလျက်၊ ယုံကြည်မှုသဒ္ဓါကို ဩကပ္ပနအရာ၌ သက်ဝင်စေပြီး၊ ဆည်းပူးမှု ပညာ, ဓမ္မဝိစယ သမ္မောဇ္ဈင်အရာ၌- ဓမ္မ, အတ္ထ, နှစ်ဖြာ လိမ္မာကျွမ်းကျင်စွာဖြင့်၊ အားထုတ်မှုဘာဝနာ-သမ္မာပဋိပတ်,ဝိပဿနာ, ဘာဝနာမြတ်ကို မပြတ်မလတ်, အားထုတ်အပ်လျှင် သာဝကတာဝန် ကေန် ကျေပြွန်သည့် သံသရာဝဋ္ဋဒုက္ခတော မောစနတ္ထာယကို အပြောသာမဟုတ်။ အပြောနှင့်အလုပ် ညီမျှသည့် သာဝက ယောဂီအဖြစ် ကေန်ရပ်တည်နိုင်ပါလိမ့်မည်။

ထိုကဲ့သို့-ယောဂီသူမြတ်ကလဲ၊ သာဝကတာဝန် ကျေပြွန်ကြမယ်၊သပ္ပုရိသတို့ကလဲ၊ ဒေသကတာဝန် ကျေပြွန်ကြမယ်ဆိုရင်၊ ဤဘုရားသာသနာ- ရောင်ဝါပွင့်ဝင်း, ဝိမုတ္တိယုဂခေတ်တွင်း၌၊ တမဂ်, တဖိုလ်ကို ရက်တိုတိုဖြင့်ရင်း။ ရက်မတိုမရှည်ဖြင့်ရင်း။ ဝတ္တမာန်ကာလ-ရွှေ့ပြောင်း၊ သုဂတိဌာန ရောက်ကြောင်း,ရောက်ဆဲ၌ရင်း။ မုချမရနိုင်စရာ မရှိကောင်းသည်ကို၊ ယုံကြည်စိတ်ချစွာ ကြိုးပမ်းသင့်လှပါတော့သည်။ အဲဒီလို- ဒေသက, အစစ်အမှန်နဲ့တွေ့ပြီး၊ သာဝကဘက်က မချွတ်မယွင်းရအောင်၊ တစ, တစ, ကြိုးစားလာမယ်ဆိုရင်၊ အောက်ပါ အရည်အသွေးတို့ဖြင့် ယောဂီတို့ ကိုယ်စိတ်ဝယ် ပြည့်လျှမ်းလာစေနိုင်ပါသည်။

၎င်းတို့မှာ....

(၁) အပ္ပရဇက္ခ = ကိလေသာနည်းသော ပုဂ္ဂိုလ်။
(၂) တိက္ခိန္ဒြိယ = ဣန္ဒြေထက်သော ပုဂ္ဂိုလ်။
(၃) သွာကာရ = အချင်းအရာကောင်းသော ပုဂ္ဂိုလ်။
(၄) သုဝိညာပရ= ဆုံးမလွယ်, သိလွယ်သော ပုဂ္ဂိုလ်။
(၅) ပရလောက ဝဇ္ဇဘယဒဿာဝီ= တမလွန်လောက၏ အပြစ်ကို မြင်၍ ဘေးဟုရှုသောပုဂ္ဂိုလ်။

အဲဒီ- အကျိုးငါးပါးတို့သည်၊ သာဝကယောဂီစစ်စစ်မည်၍၊ အလိုလို ၎င်းသော တာဝန်တွေကို ကျေပြွန်ပါလျှင်၊ မုချရရှိနိုင်ပါသည်။ သဒ္ဓါ, ပညာ,

တာဝနာ, ဝီရိယာနှင့် ရည်ရွယ်ချက်မှန် မြဲမြဲကြိုးကုတ်၊ အားထုတ်လာလျှင်၊ ကိလေယှဉ်ကပ်၊ စိတ္တုပ္ပါဒ်သည်၊ ညစ်နွမ်းပူလောင်၊ အဖြစ်ဘောင်ကို၊ ပစ္စုပ္ပန် ဆတ်ဆတ်၊ သတိချုပ်၍၊ အသိဉာဏ်ရတိုင်း၊ ခေါင်းပါးကိလေ၊ နည်း၍နေမှု၊ ချမ်းစွာဟု၊ ဉာဏ်မြင်ရှေ့ရှု၊ ဂရုပြုခါ၊ များစွာကိလေ၊ မဝင်လေအောင်၊ ရှောင်သွေပယ်အပ်၊ မစပ်မယှဉ်၊ ဆိတ်ငြိမ်ခွင်သို့သာ၊ အာရုံကပ်လိုသည်အထိ ဖြစ်ထွန်းလာနိုင်ပါသည်။ ထိုသို့-ကိလေဖြစ်ခွင့်၊ နည်းပါးကျင့်ကို၊ မလင့်ရစေ၊ ရှာဖွေလေ၍၊ ဓမ္မေစ္ဆန္ဒ၊ အမြတ်ရလျက်၊ တရားအာရုံ၊ အဖုံဖုံကို၊ တထုံထုံလွှမ်း၊ လှေလာစွမ်းကြောင့်၊ ထက်မြက်ဉာဏ်ရောင်၊ ဝန္ဒေဘောင်၌၊ အခေါင်ချဉ်းနင်း၊ ရပ်တည်နိုင်ခြင်းကို ရစေနိုင်ပါသည်။

ထက်မျက်ဉာဏ်ယှဉ်၊ ဝန္ဒေအသွင်နှင့်၊ သက်ဝင်ပါငြား၊ ယောဂီအားကို၊ မြင့်,ကြား,နံ့,စား၊ တွေ့ထိ-တွေးကြံ၊ အမှန်အမှား၊ ကေန်အားဖြင့်၊ ဆောင်ထားပြီးမြောက်၊ အကျိုးရောက်က၊ လျှောင်း, ထိုင်, ရပ်, သွား၊ လေးပါး ဣရိယာနှင့်၊ စကားဆိုမည်၊ အလီလီတို့တွင်၊ ပင်္ဂိဃသမ္ပယုတ်၊ ကြမ်းတမ်းမှုတွေ ပြုတ်လျက်၊ ကောင်းမြတ်ချင်းရာ၊ အဖြာဖြာနှင့်လဲ ပြည့်စုံလာနိုင်ပါသည်။ ထိုသို့ ပြည့်လှိုင်၊ ဓမ္မကရိဏ်ကို၊ မြဲခိုင်ရရှိ၊ နူးညံ့ဘိသည့်၊ ကိုယ်စိတ်အယာဉ်၊ ရှိသော သွင်သည်၊ ဒိဋ္ဌိမာန၊ ပါးလုပ်လှ၍၊ ကြီးသူ့, ငယ်သူ၊ ဘယ်သူမဆို၊ မိမိကိုလျှင်၊ ပေးလာသတိ၊ ဆိုလာရှိသော်၊ မာနရှေ့ပြေး၊ ဒိဋ္ဌိခတ္တား၍၊ ဆိုရေးငါ့ကို၊ ထို ပုဂ္ဂိုလ်က၊ သူကပညာ၊ တစိစာမျှ၊ မရှိပါဘဲ၊ ထင်လွဲသတိ၊ ချွတ်ချော်မိကို၊ သူပင် မလိုက်နာ၊ ငါ့ကိုမူ-ဆိုလာ၏ဟု၊ ပြစ်တင်ခွန်းတုန့်၊ စိတ်မနုံ့ဘဲ၊ ပညာ ရှိလဲ- ဖြစ်ခဲ့သတိ၊ ဤသို့ရှိတတ်၊ ပေးအပ်သတိ၊ ထိုကဝိကို၊ ကျေးဇူးတင်ဆို၊ နှုတ်ခွန်းချိုဖြင့်၊ နောင်တွင်တွေ့လဲ၊ ပြောပါမြဲဟု၊ ဆင့်ကဲဘိတ်မံ၊ ပြုလေပြန် တတ်၊ သတိချုပ်ရန်၊ ပြောဆိုပြန်၍၊ သိလွယ်မြင်ရ၊ လိုက်နာနိုင်လှသော-ပုဂ္ဂိုလ် အဖြစ်၌လည်း၊ ပြည့်ဝလာနိုင်ပါသည်။

ဝိဝဋ္ဋ-အဇ္ဈာသယ ကိန်း၍၊ ချုပ်ငြိမ်းရာ အကျင့်မှန်တို့၌- အမြဲယှဉ်စပ်၊ အားထုတ်အပ်သော-သာဝက ယောဂီသူမြတ်ပီပီ၊ ဘဝကောင်းရာ၊ ငါကောင်း ရာဟု- မျှော်လင့်တောင့်တမှု မရှိဘဲ၊ ၃၁-ဘုံ အလုံးစုံသော- ဘေးဘယစုံ၊ ဘဝဘုံကို၊ အာရုံမသွင်း၊ စွန့်ပယ်ကာ မုန်းခြင်းရှိသည်ဖြစ်၍၊ တမလွန်လောက, ဘဝသစ်၌ ကျရမည်ကို၊ ဘေးနှင့်အပြစ်၊ ထွေးညစ်သောအဖြစ်ကို၊ အစဉ်မြင် နိုင်သည့်၊ အရိယမဂ်ကိန်းလျက်၊ အငြိမ်းဓါတ်နိဗ္ဗာန်မှ- စိတ်,ကလူ ကစားခါ၊ မငြိစွန်းသည်၏အဖြစ်သို့၊ ယောဂီသူမြတ်၌ ဖြစ်ရှိလာနိုင်အပ်ပါတော့သည်။

ဤကဲ့သို့– ဒေသက တာဝန်တွေကလဲ၊ များလှသိပ်သည်း၊ တထမ်းကြီး အပြင်၊ သာဝကတာဝန်ကလဲ– မနဲလှပါကလားလို့၊ ကြောချမ်းပြီး– နောက် တန်းကို ဆုတ်မသွားပါနှင့်၊ ဒေသက တာဝန်နဲ့ သာဝကတာဝန်ကိုဆန်းစစ်ရင်၊ သာဝကတို့မှာ အနာဂါရိလမ်း၊ အာဂါရိလမ်းဟု– အိမ်ထောင်သားမွေးစွန့်၍၊ ရဟန်း၊ ရှင်၊ ရသေ့–အဖြစ်နှင့်ငင်း၊ အိမ်ထောင်သားမွေး စီးပွားရေးလုပ်ကိုင် ရခြင်းဖြင့်ငင်း၊ ဤတာဝန်များကို အတတ်နိုင်ဆုံး၊ ယထာရဟ–ထိုက်သင့်သလို၊ မိမိတို့အခြေအနေနှင့် ကိုက်ညီစွာ– ဆောင်ရွက်နိုင်ကြပါသည်။ လျော့ပါက လည်း၊ မိမိတို့၌ အကျိုးတရား မပြည့်ဝနိုင်ငြားသည်ကလွဲ၍၊ အပြစ်တစုံတရာ မရရှိပါ။

ဒေသကတာဝန်၌မူ၊ ဤသို့–မရပါ။ တတ်သလောက် သွန်သင်ပြမည်။ ကျင့်သိ၊ သိသလောက်ကလေး ပြသမည်၊ မနိုင်တာတွေတော့– ဖျမ်းချမည်၊ သပ္ပုရိသလုပ်ရရင် ပြီးတန်းလို့ သဘောထားရင်၊ ဘုရားပေးတဲ့ ခိုင်းတဲ့ စည်း ကမ်းကို ချိုးဖေါက်သဖြင့် အပြစ်ရောက်တတ်သည်။ လာဘ်လာဘနှင့် မျက်နှာ ကြီးငယ်၊ အသွယ်သွယ်ထောက်၍၊ဟောညွှန်လိုက်ရင်လဲ အပါယ်ချောက်ထဲကို သွားရမယ်၊ ဓမ္မကွန်မဟုတ်၊ အဓမ္မကွန်ကို– ဓမ္မကွန်လုပ်ပြီး၊ ကျော်ဇောမှုနှင့် အကြိုက်ဆောင်လျှင်၊ အမိုက်မှောင်၊ ဘယ်တော့မှ မလင်းသည့်၊ အဝီစိတွင်း ထဲကို၊ ဆင်းဆွဲအချခံရမည်။ အဲဒီတော့–ဘယ်သူ့တာဝန်က ပိုမိုကြီးကျယ်ပြီး၊ လေးနက်သလဲဆိုတော့၊ သာဝကယောဂီတို့ စဉ်းစားနှိုင်းချိန်တတ်ပါပြီ။ ယခု အခါ ဓမ္မဒါနဌ်၊ ဘယ၊ လာဘ၊ ကုလ၊ စာဂ၊ ကိုကြောင့်ကြမစိုက်၊ လျစ်လျစ် ရှူ၍၊ ဖြန့်ဝေမှုပြုနေသည်မှာ တရားတော်မြတ်တွေကို အလကား ရနေကြပါ သည်။ အလကားရတဲ့ ပစ္စည်းကိုလောကမှာ– တန်ဘိုးမထားတတ်ကြပါ။ ယခု လောကုတ္တရာ တရားမြတ်ဖြစ်၍၊ အလကား–ရနေကြပေမဲ့– တန်ဘိုးမဖြတ်နိုင် ပါလား။ နေ့ညကြိုးကုတ်လျက်၊ မိမိတို့၏ သံသရာဇာတ်ရှုပ်ကြီးကို၊ အရင်း အငုပ် မကျန်အောင်၊ဘုရားရှင်အလိုကျ သုတ်သင်နည်းတွေကို ရရှိနေပါကလား လို့၊အမြတ်တနိုး ယုံကြည်ပြီး၊ ဒေသကတာဝန် အမှန်ကျေပြွန်စွာ ထမ်းဆောင် ရသည်မှာလဲ၊ အလွယ်တကူကလေးလဲ မဟုတ်ပါလားဟု ထောက်သား၍၊ မိမိ တို့ဘက်က၊ တာဝန်လေးရပ်မျှကိုတော့၊ အတတ်နိုင်ဆုံး ကြိုးစားကြမယ်လို့၊ သန္နိဋ္ဌာန်ချကြစေလိုပါသည်။

အဲဒီလို– သန္နိဋ္ဌာန်ချ၊ ကြိုးစားကြမှလဲ ဒေသက၊ တာဝန် ထမ်းရွက် ရတဲ့၊ သပ္ပုရိသတို့မှာ–ထမ်းဆောင်ရကျိုးနပ်မှာ အမှန်ဖြစ်ပါတယ်၊ **သာဝက**

တာဝန်ဘက်မှာ– လေးချက်ထဲသာ၊ အရေးတကြီး လိုအပ်ပေမဲ့၊ ဒေသက, တာဝန်ဘက်မှာ- ဖေါ်ပြခဲ့တဲ့အတိုင်း ကမ္မဋ္ဌာန်ာ, စရိယတာဝန်၊ ဓမ္မကထိက တာဝန်၊ သပ္ပုရိသတာဝန်၊ ဗာဟုသစ္စတာဝန်၊ ရပ်တည်ရမဲ့ တာဝန်၊ လိုက်နာရမဲ့ တာဝန်၊ လိမ္မာကျွမ်းကျင်ရမဲ့ တာဝန်- အစရှိသည်တို့နှင့် ပြည့်နှက်နေတာကို တွေ့ရပါမည်။ အဲဒီ-တာဝန်တွေအပြင်လဲ၊ ဓမ္မကောဝိဒါအကြောင်း တရား၌၊ လိမ္မာရုံမျှနှင့်လဲ၊ သပ္ပုရိသ သံသေဝ, မလုပ်နဲ့အုံးဆိုပြီး၊ ဓမ္မပဒပါဠိတော်မှာလဲ ထပ်မံညွှန်ကြားပါသေးတယ်။ အဲဒါကတော့– အတ္တကောဝိဒါ ဖြစ်တို့ဘဲ၊ ဘယ်လို– ညွှန်သလဲဆိုတော့....

အတ္တာန မေဝ ပဌမံ၊ ပဋိရူပေ နိဝေသယေ၊

အထည္ မနုသာ သေယျ၊ နကိလိသေယျ ပဏ္ဍိတော။ ။

ပဌမံ မေဝ- လက်မွန်မဆွ၊ ရှေးဦးစွာကသာလျှင်၊ အတ္တာနံ– မိမိ၏ ကိုယ်ကို၊ ပဋိရူပေ– သင့်လျော်လျောက်ပတ်သော အကျင့်မြတ်၌၊ နိဝေသယေ- တည်စေရာ၏၊အထည္–ထို့နောက်မှသာ–များဝေနေယျာ သူတပါကကို၊ အနုသာသေယျ- အစဉ်ဆုံးမရာ၏၊ ပဏ္ဍိတော– ပညာရှိသော သူသည်၊ နကိလိသေယျ– သူတပါးတို့၏ ကဲ့ရဲခြင်းဖြင့် မညစ်နွမ်းစေရာ။ ။

အဓိပ္ပါယ်ကတော့= သင်ယူ, နာကြား, ဆောင်ထား, ဆင်ခြင်, ယုံမှား ဝင်က၊ မေးမြန်းသုခ်သင်လျက်၊ အကြောင်းဓမ္မမှာ–လိမ္မာကြပြီး၊ ပညာရှိတဆူ လုပ်မည့်သူတို့သည်၊ သူတပါးတို့အား ဆုံးမ, သွန်သင်, ညွှန်ကြားတော့မယ် ဆိုရင်၊ မဆုံးမ, မညွှန်ကြားခင်၊ မိမိကိုယ်ကို သင့်လျော်လျောက်ပတ် ဆုံးမ, အပ်ပြီးသည့် အကျင့်မြတ်၌ တည်စေပြီးမှသာ– သူတပါးတို့အား အစဉ်ဆုံးမ, ပါတဲ့၊ အကယ်၍- ဤသို့မဟုတ်၊ မိမိကိုယ်ကို မဆုံးမမှို၊ သူတပါးကို ဆုံးမ မိက မိမိဘက်ကို လက်ညှိုးထိုး စွပ်စွဲ– ကဲ့ရဲ့ပွဲကြီးနဲ့ တွေ့၍သာ ညစ်နွမ်းဘွယ် ရာ ဖြစ်ပါလိမ့်မယ်တဲ့၊ အရပ်စကားနဲ့ ပြောရင်တော့၊ ငါပြောသလို လုပ်ကြ ငါလုပ်သလို မလုပ်ကြနဲ့လို့ ပြောရသလိုဖြစ်နေမယ်၊ ဥပမာနဲ့ဆိုရင်တော့ ပုဆိုး မရှိသူက– ပုဆိုးရှိသူကို လုံအောင်, ခြုံအောင်, ဒီလိုနေ၊ ဒီလိုထိုင်ရတယ်လို့ သွန်သင်သလို ဖြစ်နေတတ်ပါတယ်၊ ဒါကြောင့်– ပဏ္ဍိတအမည်ခံ၍ သူတပါး တို့၏ ကဲ့ရဲ့တွင်း၌ နစ်မွန်းခြင်း မရှိရအောင် ဘုရားရှင် ညွှန်ကြားတော်မူခဲ့ပါ သည်။ **နောက်- တနည်းအားဖြင့်လဲ....**

အတ္တာနမေ့ ပဌမံ ပတိရူပေ နိဝေသယေ၊ အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။

သုဒန္တော ဝတ ဒမ္မေထ၊ အတ္တာဟိ ကိရ ဒုဒ္ဒမော။ ။

အညှိ– သူတပါးကို၊ အနုသာသတိယထာ၊ အစဉ်သွန်သင်ညွှန်ပြဆုံးမ ဘိသကဲ့သို့၊ တထာ– ထိုနည်းတူစွာသာလျှင်၊ အတ္တာနမ္ဘေ– မိမိကိုယ်တိုင်သည် လည်း၊ ကယိရာ– လိုက်နာကျင့်သုံးရာ၏။ ဝတ– စင်စစ်၊ (ဝါ) ဝတ်အကျင့် တို့ဖြင့်၊ သုဒန္တော– မိမိကိုယ်ကို ကောင်းစွာ ယဉ်ကျေးအောင် ဆုံးမ အပ်ပြီး သော်မှ၊ ဒမ္မထ– သူတပါးကို ယဉ်ကျေးအောင် ဆုံးမရာ၏၊ ဟိ– အဘယ် ကြောင့်ဆိုသော်၊ အတ္တာနံ–မိမိကိုယ် ယဉ်ကျေးအောင် နှိပ်ကွပ်ဆုံးမရခြင်းသည် ဒုဒ္ဒမောကိရ– လွန်စွာ ခဲယဉ်းတတ်လေစွတကား။

အဲဒီလို–အထက် လေးပါဒက–အပြောတမျိုး၊ အလုပ်တသွယ်၊ အဟုတ် တကယ်၊ မိမိကိုယ်ကျင့်၊ ထိမိစွာ, မရှိပါဘဲ၊ ညွှန်ပြမယ်- ဆရာအသွင်နဲ့ ခံယူပြု လုပ် အားထုတ်ပါလျှင်၊ ကဲ့ရဲ့ခန်းတွင် နစ်မွန်းမြုပ်၍ ရှုံ့ချဘွယ်ရာသာ တွေ့ တတ်သလို၊ ဒုတိယလေးပါဒမှာတော့ သူတပါးကို ဆရာအသွင် အစဉ်ညွှန်ပြ– သွန်သင်ချင်ရင် မိမိကိုယ်ကို ယဉ်ကျေးလိမ္မာအောင် နှိပ်ကွပ်ဆုံးမဘို့ အရင် လိုအပ်ပါတယ်တဲ့။ ဘာ့ကြောင့်လဲဆိုတော့၊ အဲဒီလို- မိမိကိုယ်ကို ယဉ်ကျေး အောင်၊ (ဝါ) မိမိကိုယ်တိုင် ဝိပဿနာ, သမ္မာဒိဋ္ဌိဉာဏ်တွေရပြီး၊ တဏှာ, မာန, ဒိဋ္ဌိ, မငြိရအောင် နှိပ်ကွပ်ဆုံးမရခြင်းဟာဖြင့် လွန်စွာ, ခဲယဉ်းတတ်လို့ ပါဘဲတဲ့။

မှန်ပါပေတယ်၊ ဓမ္မကောဝိဒါအရ– အကြောင်းတို့၌ လိမ္မာလျက် သွန် သင်နိုင်စွမ်းရှိငြားသော်လည်း၊ အတ္တကောဝိဒါဆိုတဲ့၊ ကျင့်သိနဲ့ ဖေါက်ထွင်း ပြီး၊ မိမိကိုယ်ကို နှိပ်ကွပ်ဆုံးမပြီး မရှိပလားဆိုမှဖြင့်၊ ပရိယတ္တိ သုတမယပညာ ဉာဏ်နဲ့ ငါမှငါလို့ မာနတွေ ဝင်နေတတ်ပါတယ်၊ သူတပါးတို့၏ ကဲ့ရဲ့ခြင်း ကို ခံရအပ်, ခံရတတ်သောအခါ၌ သည်းမခံနိုင်မှုရှိ၊ အမှားအမှန်ပင် မစစ်ဆေး တော့ဘဲ၊ အမှား စောဒကတွေ– တင်ထုတ်ပြီး၊ မိမိမှ လုံးဝဟုတ်၊ လုံးဝအမှန်ဟု ဆုံးဖြတ်ချက်၊ ငြင်းချက်လဲ ပြုတတ်ပါတယ်။ ဒီလို- မဖြစ်ရအောင်လို့၊ ဘုရား ရှင်က– ဤလေးပါဒ နှစ်ဂါထာဖြင့်၊ ဓမ္မပဒပါဠိတော်မှာ ဆုံးမတော်မူခဲ့ခြင်း ဖြစ်ရာ၊ ဒေသကတို့– ကြပ်ကြပ်ကြီး သတိပြုဘွယ်ရာ ဖြစ်ပါပေတယ်။ ဒါတွင် မျှလဲ မက သေးပါဘူး။ အဲဒီလို– ပရိယတ္တိ ဒေသနာဉာဏ်မျှနှင့် မာန်ခံနေမှာ စိုး၍၊ အတ္တကောဝိဒါအရ– သွန်သင်, ညွှန်ပြတော် မူခဲ့ပါသေးသည်။

နတာဝတာ ဓမ္မဓရော၊ ယာဝတာ ဗဟုဘာသတိ၊
ယော အပ္ပံပိ သုတွာန၊ ဓမ္မံကာယေန ပဿတိ၊
သဝေဓမ္မဓရော ဟောတိ၊ ယောဓမ္မံ နပ္ပမဇ္ဇတိ။ ။

ယာဝတာ- အကြင်မျှလောက်ဖြင့်၊ (ဝါ) ပရိယတ္တိ ဒေသနာဉာဏ်, အခြေခံမျှလောက်ဖြင့်၊ ဗဟု-များစွာ၊ ဘာသတိ-ပြောဟောနိုင်၏၊ တာဝတာ- ထိုသို့များစွာ ပြောဟောနိုင်ခါမျှဖြင့်၊ ဓမ္မဓရော- တရားကို ဆောင်သည်မည် သည်၊ (ဝါ) တရားကို အကျိုးတရား၌ လိမ္မာစွာရရှိအောင်၊ ကျင့်သည်မယ် သည်၊ နဟောတိ- မဖြစ်၊ ယောဝ- အကြင်သူသည်လည်း၊ အပ္ပံ- အနည်းငည် သော၊ (ဝါ) တပုဒ်တဂါထာ- တနည်းမျှသော၊ ဓမ္မံ- တရားတော်မြတ်ကို၊ သုတွာန- ကြားနာမှတ်သားရ၍၊ ကာယေန- ကိုယ်စိတ်ဖြင့်၊ ပဿတိ- ပေါ် ခိုက်, ပေါ်ဆဲ- ပစ္စက္ခဉာဏ်တွဲလျက်၊ သမ္မာဒိဋ္ဌိ ဉာဏ်မြင်မိအောင်၊ ရှုကြည့် ပွားများ၏၊ ယော- အကြင်တရားကို ကျင့်ဆောင်ရှုပွား- အားထုတ်သော သူသည်၊ ဓမ္မံ- တရားတော်မြတ်ကို၊ နပ္ပမဇ္ဇတိ- မမေ့မလျော့တော့ပေ၊ သော- ထိုသူသည်သာ၊ ဝေ-စင်စစ်၊ ဓမ္မဓရော- တရားကို ဆောင်သော သူမည်၏။ (ဝါ) ပဋိပတ္တိကျင့်စဉ်ဘောင်ဖြင့်, ပဋိဝေဓတိုင်အောင် ဆောင်သူမည်၏။ ။

အဲဒီလို- ဒေသကစစ်၊ အပြစ်ကင်းချင်ရင်၊ ဘုရားရှင်က၊ ပဌမ- သူ တပါး ကဲ့ရဲ့ ခဏ်းဖြင့်၊ မညစ်နွမ်းစေပါနဲ့တဲ့၊ ဒုတိယနှိပ်ကွပ် ဆုံးမ, ခက်ခဲတဲ့ မိမိကိုယ်ကိုမိမိ အရင်ဆုံးမ,ပေးပါတဲ့၊ တတိယ- ဓမ္မကောဝိဒါအနေ ပဏ္ဍိတ, ပညာရှိ အနေနဲ့ ဒေသနာဉာဏ်တွေ ဘယ်လောက် ဟောနိုင်ပေမဲ့၊ တရားကို ဆောင်သည် ကျင့်သည်လို့ မမည်ပါဘူး၊ မိမိက အများကြီးဟောပြီး- တခုမှ မကျင့်ရင်၊ မိမိဟောသည့်ထဲမှ၊ သူတပါး ကျင့်သုံးနိုင်ရင်၊ အဲဒီ- သူတပါး ကသာ တရားကိုဆောင်သည်၊ ကျင့်သည်မည်နိုင်ပါတယ်တဲ့။ ဒါကြောင့်- ဓမ္မကောဝိဒါ- အကြောင်းတရား၌၊ လိမ္မာကျွမ်းကျင်ရုံမျှနှင့် မတင်းတိမ်ဘဲ၊ (ဝါ) ဓမ္မကထိကသာ မည်ပြီး၊ ကမ္မာဋ္ဌာနာစရိယ မမည်တဲ့၊ အဖြစ်မျိုးနဲ့ တင်း တိမ်မနေဘဲ၊ အတ္ထကောဝိဒါ- အကျိုးတရားဆိုတဲ့၊ ပစ္စက္ခအနုဗောဓဉာဏ်နဲ့ ဝိပဿနာမဂ်, အဆက်ဆက်၊ လောကုတ္တရာမဂ်, အဆင့်ဆင့်ရကြောင်းမသွေ- အားထုတ်အပ်ပြီးသော ဝိညူနော, ပညာရှိအဖြစ်နဲ့ပါ ပြည့်ဝအောင် ကြိုးစားမှ မိမိသူတပါး, နှစ်ဦးနှစ်ဘက်သားတို့ အကျိုးများမည် ကေန်ကို ရည်သန်၍၊ မဟာကရုဏာ သန်သန်ထားပြီး ဟောညွှန်ပေးသနားခဲ့တာကို၊ တသွေမတိမ်း, လိုက်နာကျင့်သုံးတော် မူကြပါ။ ။

ဘာ့ကြောင့်- ဒေသက,တာဝန်နဲ့ သာဝက, တာဝန်မှာ- ဒေသက တာဝန်တွေကို နိဂုံးအနေ ထပ်ဆင့် ပြရသလဲဆိုရင်၊ ဤ- သင်တန်းကြီးကို သင်ယူကြသူ- (၈၅၀)ကျော်တို့တွင် လေးပုံသုံးပုံခန့်က သူတပါးတို့အားလည်း ပို့ချလိုသော ဆန္ဒမှန်တွေ ရှိနေကြတာကို တွေ့ရတော့၊ မမှားမယွင်း- နှလုံးသွင်းရပ်တည်မှု၊ မှန်ကန်စေလိုလို့ဘဲ ဖြစ်ပါတယ်၊ ဒါကြောင့်- ဝိပဿနာပညာ ပေးထက်၊ အလုပ်ပေးအစဉ်ကို အရင်ပြပြီး၊ သက်ဝင်သမျှ အသိဉာဏ်စုံအောင် တင်ပြပေးနေခြင်း ဖြစ်ပါသည်။

ဤသင်ခန်းစာများကို ကြိုးစားကျက်မှတ်, အာရုံအရပ်ရပ်တွင်၊ မိမိ စကားလုံးလေးမျှ ညှပ်၍ အပိုမသွင်းဘဲ၊ ပြသနိုင်ရင်လဲ သာဝကတို့အတွက် အကျိုးများမှာ ကေန်ဖြစ်ပါတယ်၊ ထို့ထက်- မိမိကိုယ်တိုင်၊ ကိုယ်ပိုင်ဉာဏ်နဲ့တွေ့ရမဲ့ ရှုကွက်ကို ကျင့်ကြံပြီး၊ အောက်တန်းစားအနေအားဖြင့် ဘင်္ဂဉာဏ်တိုင် ပစ္စက္ခ အနုဗောဓဉာဏ် အရပိုင်ပြီးမှ- ရှေ့ဆက်ပြရမည့်၊ မူလ- မာတိကာ သဘော ဉာဏ်ကို တဆင့်ပို့ချ- ဟောမယ်ဆိုရင်၊ မိမိလဲ ပိုင်နိုင်စွာ ဟောပြောနိုင်၊ သိတ်လဲ မပင်ပမ်းလှဘဲ၊ သာဝကတို့လဲ အကျိုးကေန်များမြတ်မည် ဖြစ်ခြင်း ကြောင့်၊ ဘုရားရှင် အလိုကျနဲ့ ကိုက်ညီရမဲ့ သဘောတွေကို ထပ်ဆင့် ပြပေး နေခြင်းဖြစ်ပါတယ်။

ထို့ကြောင့်-ဒေသက, အစစ်ဖြစ်ချင်ရင်၊ သင်ယူ,ကျင့်ဆောင်,အမှား ရှောင်၍ လုံလောက်ရအောင်၊ ဤ-သင်တန်းမှ အဘိဓမ္မာ(၇)ကျမ်းကို ဝိပဿ နာ ဘာဝနာ ပညာအရာ၌၊ ဒေသနာဉာဏ်, ပစ္စက္ခဉာဏ်တို့ဖြင့် အန္တောဂဓ- အကျွမ်းဝင်အောင် ပြသပေးသွားမည်ဖြစ်၍၊ မဆုတ်မနစ်သော လုံ့လ,ဝီရိယ, ဆန္ဒမြတ်နှင့် ကြိုးစားပါလေ၊ သာဝက,တာဝန်ကိုလဲ စီစစ်ပြီးလျှင်၊ မိမိက, အရင်- သာဝက,တာဝန် ကျေပြွန်ပြီးမြောက်- ခရီးပေါက်မှ၊ တထောက် မနား၊ ဒေသက,တာဝန်များကို ထမ်းရွက်နိုင်မည်ဖြစ်၍၊ ယခု- ဖေါ်ပြသော ဒေသက,တာဝန်နှင့် သာဝက,တာဝန်တို့ကို ပိုင်းခြားထိုးထွင်းသိခါ၊ ဦးတည် ချက်, မှန်ကန်စွာဖြင့်၊ ကြိုးစားတော်မူကြပါဟု တိုက်တွန်းသမှု ပြုအပ်ပါ တော့ သတည်း။ ။

ဒေသကတာဝန်နှင့် သာဝက တာဝန်

မကျဉ်းမကျယ်ပြီး၏။

..........ဝ..........

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။"

## မဟာဥာဏ်အောင် ဝိပဿနာ

# သီလဝိသုဒ္ဓိ - တရားတော်

ရှေ့အခန်း၌- အလုပ်ပေးတရားတော်တွင် လိုအပ်သမျှ ဖြစ်သော- (၁) ရတနတ္တယ ပဏာမ၊ (၂) ပုဗ္ဗကိစ္စကိုးပါး၊ (၃) ပုဗ္ဗကရဏ သုံးပါး၊ (၄) မဇ္ဈိမ ပဋိပဒါ ရှင်းတမ်း၊ (၅) ဒေသကနှင့် သာဝကတာဝန် ရှင်းတမ်း တော်တို့ကို အချို့ အကျဉ်းအားဖြင့်၊ အချို့ မကျဉ်းမကျယ်အားဖြင့် ပြဆို အပ်ခဲ့ပြီ ဖြစ်ပါသည်။

ယခုအခါ- အလုပ်ပေးတရားတော်အတွက် လိုအပ်ချက် အနေအားဖြင့် ၎င်း၊ ထာဝစဉ်ကျင့်သုံး စောင့်ထိန်းလျက်၊ အစ၏ကောင်းခြင်းနှင့် ပြည့်စုံသော အာဒိကလျာဏတန်းကို ပြည့်ဝစေခြင်းငှါ၎င်း၊ သိက္ခာသုံးပါးတွင်၊ ပဌမ ရှေးဦးစွာ- လိုအပ်သော သိက္ခာအဖြစ်၎င်း၊ အထူးစင်ကြယ် စောင့်စည်းကြဉ် ရှောင်မှုကို လိုအပ်သည်ဖြစ်ပါ၍၊ သင့်မြတ်လျော်ကန်သော- ရှောင်ရန်နှင့် ဆောင်ရန်၊ သီလဝိသုဒ္ဓိစခန်းကို မကျဉ်းမကျယ်အားဖြင့် ဆက်လက်ပြဆိုရန် အရေးတကြီးလိုအပ်လာပြီဖြစ်ပါ၍၊ သတိချပ် လေ့လာဆည်းပူး ကျင့်သုံးတော် မူကြပါကုန်။

သီလသည်- အလုံးစုံသော အကုသိုလ်တရားတို့၏ စင်ကြယ်မြင့်မြတ်စေ ခြင်းငှါ၎င်း၊ နတ်ရွာသုဂတိ၏ တခုတည်းသော စောင်းတန်းလှေခါးသဖွယ် ၎င်း၊ ဝိပဿနာမဂ်၏ အခြေခံအဖြစ်၎င်း၊ သိက္ခာသုံးပါးတို့တွင် အစ၏ကောင်း ခြင်း- အာဒိကလျာဏအဖြစ်၎င်း၊ သမာဓိ ပညာတို့အား ဆေးကြောသုတ်သင် သည်၏ အဖြစ်ကို၎င်း၊ မဂ်ဖိုလ်နိဗ္ဗာန်၏ တံခါးသဖွယ်၎င်း- သက်ဝင်သည် ဖြစ်၍၊ အရေးတကြီး လိုအပ်လှသော- ဝိသုဒ္ဓိတရပ်ဖြစ်ပေသည်။ ထို- အရေး တကြီး လိုအပ်သောသီလကို၊ သာသနာတော်တွင်း သရဏဂုဏ်, သုံးပါး အစုံ, စာရင်းနှင့်တကွသော ဝိဝဋ္ဋသီလကိုသာ ရည်ရွယ် ဆိုလိုရင်း ဖြစ်ကြောင်းကို ပိုင်းခြားသိအပ်ပါသည်။ ထိုသို့သော- သီလ,အရေးကြီးလှသည်ဖြစ်၍၊ ဒေသက တာဝန်တွင် ဘုရားရှင် ညွှန်ပြပုံကို ဖွင့်ဆိုခဲ့စဉ်က သဘောကလေး- မှတ်မိ ကြ ပါလိမ့်ဦးမည်။

"အာဒိမှိ သီလံ ဒဿေယျ၊ မဇ္ဈေမဂ္ဂံ ဝိဘာဝယေ၊
ပရိယောသာနမှိ နိဗ္ဗာနံ၊ သော ကထိက သဏ္ဌိတိ" လို့-

ဓမ္မကထိက ပုဂ္ဂိုလ်တို့၊ လိုက်နာဟောချေရပ်တည်ရမည့် ညွှန်ကြားချက်ကိုကြည့်ပါက၊ ပဌမ- သီလ၊ ဒုတိယ– မဂ္ဂင်အကျင့်မြတ် သမ္မာပဋိပတ်၊ တတိယ နိဗ္ဗာနသစ္ဆိကိရိယ, သဘောသို့ တိုင်စေရမည်၊ ထိုသို့- တိုင်ရောက်စေရန်၊ ဆက်လက်ဖေါ်ပြမည့် သီလအမျိုးမျိုးတို့တွင်၊ ဝိနိစ္ဆယအလို– အကျယ်တွေကိုမဆိုမူ၍၊ မဂ္ဂင်အကျင့်မြတ်– နိဗ္ဗာန သစ္ဆိကိရိယနှင့် ကိုက်ညီသော– "နိဗ္ဗေဓဘာဂိယ ဥပနိဿယသီလ"မျိုးကိုသာ အခြေခံကလေးများကစ၍ ပြသ,သွားပါမည်။

တနည်းအားဖြင့်လဲ– အဓိ သီလ သိက္ခာ ဖြစ်ရေးအတွက်၊ ဓမ္မကထိကတို့ ရှေးဦးစွာ ပြသင့်သော အချက်ကိုလည်း မြတ်စွာဘုရားသခင်သည် သံယုတ်ပါဠိတော်၌၊ အမျိုးအမည် မထင်ရှားသော နတ်သားတပါး၏ ဆည်းကပ်လျှောက်ထားသော- "မင်ဖိုလ် နိဗ္ဗာန်ရရေး ကေန်ဖြစ်သည့် တဏှာ၏ ကုန်ရာကို ဘယ်လိုပုဂ္ဂိုလ်မျိုးတို့သည် ဖြေရှင်း ရယူနိုင်ပါသနည်း ဘုရား"ဟုလျှောက်ထားလေရာ၊ ထို နတ်သား၏ အမေးကိုလည်း၊ သီလကို ဦးစွာထား၍ ဖြေကြားတော်မူခဲ့ပါတယ်။ အဲဒီ- လျှောက်ထား, ဖြေကြားတော် မူချက်မှာ....

အန္တောဇဋာ ဗဟိဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ၊
တံတံ ဂေါတမ ပုစ္ဆာမိ၊ ကော ဣမံ ဝိဇဋယေ ဇဋံ။ ။

ဂေါတမ–ဂေါတမနွယ်ဘွား, ရှင်ပင်မြတ်ဘုရား၊ ယာတဏှာ–အကြင်တဏှာကို၊ (ဝါ) ဆာလောင်တောင့်တတတ်သော တဏှာကို၊ အန္တောဇဋာ– မိမိ၏ ကိုယ်ပရိက္ခရာ, အဇ္ဈတ္တိကာ ယတနတို့၌၊ ခါခါအောက်ထက်, အဖျဉ်ခက်အောင်- မှေးယှက်ချုပ်စပ်, တပ်စွန်းတတ်ခြင်းကြောင့်- အတွင်း အရှုပ်ဓါတ်ဟူ၍ရင်း၊ ဗဟိဇဋာ- သူတပါး၏ကိုယ်ပရိက္ခရာ, ဗာဟိရာ ယတနတို့၌၊ ခါခါ အောက်ထက်, အဖျဉ်ခက်အောင်၊ မှေးယှက်ချုပ်စပ်, တပ်စွန်းတတ်ရကား- ပြင်ပ အရှုပ်ဓါတ်ဟူ၍ရင်း၊ ဝုစ္စတိ– မုချမက္ခာ- ဆိုအပ်ပါ၏။ တာယဇဋာယ– ထက်အောက်ဝန်းကျင်, တွင်းပြင်မလပ်, ချုပ်စပ်တတ်စွာ, ထို– တဏှာသည်၊ ပဇာ– သတ္တဝါအပေါင်းကို၊ ဇဋိတာ- ယှက်မှေးချုပ်စက်, ရစ်ပတ်အပ်ပါ၏၊ တံတသ္မာ– ထိုသို့သောအကြောင်းကြောင့်၊ တံ-သျှင်ပင်မြတ်ဘုရားကို၊ ပုစ္ဆာမိ- ဖြေဖျဉ်ပိုင်းခြား သိလိုအားနှင့် လျှောက်ထားမေးမြန်းပါ၏ အရှင်ဘုရား၊ ကော– အဘယ်မည်သူ- နတ်နှင့်, လူသည်၊ ဣမံဇဋံ- ပွေလိမ်ယှက်မှေး,တဏှာဟူသော- ဤ မိစ္ဆာချည်ထွေးကို၊ ဝိဇဋယေ- ဖျဉ်စွမ်းအံ့ပါနည်း ဘုရား။ ။

အဲဒီလို–တဏှာ၏ ကုန်ရာ၊ တဏှာကွယ နိဗ္ဗာန်ကို မျက်မှောက်ပြုရေးတွင် ခန္ဓာကိုယ်၏ ပရိက္ခရာ, အတွင်းအာယတန ခြောက်ပါးဆိုတဲ့၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်, အတွင်းအရှုပ်ခါတ်မှာလဲ၊ ကိလေသာ ကာမဆိုတဲ့ တဏှာသည်၊ တောင့်တ, နှစ်သက်ချုပ်စပ်တတ်ပါသည် ဘုရား၊ ပြင်ပ,အာယ တနခြောက်ပါးဆိုတဲ့၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ, သဘော ဓမ္မ- အပြင်အရှုပ်ခါတ် ဝတ္ထုကာမတွေကိုလဲ၊ ကိလေသာ ကာမဆိုတဲ့ တဏှာ သည်၊ တောင့်တ, တပ်မက်လျက် ချုပ်စပ် နှစ်သက်တတ်ပါသည် ဘုရား၊ အဲဒီ လို- အတွင်း,အပြင် အရှုပ်ခါတ်နှစ်ရပ်တို့ဖြင့် သတ္တဝါအပေါင်းကို၊ ယှက်မှေး ချုပ်စပ်, ရစ်ပတ်လေတိုင်း၊ မြင်, ကြား, နံ, စား, တွေ့ထိ, သိ, တရားတွေ ဖြစ်ပေါ်လာရမှာ၊ တပ်စွန်းတတ်ငြား– တဏှာရာဂ တရားဟာဖြင့်၊ မြိစ္ဆာ ချည်ထွေးကြီးလို လွန်စွာမှ ရှုပ်ထွေးပြီး၊ အဖျဉ်ခက်လှပါသည် ဘုရား၊ ဘယ် ကဲ့သို့သော– လူ နတ် ဗြဟ္မာ ဝေနေယျာတို့ကသာ၊ ဤ- တွင်း, ပြင်မလပ်, ချုပ်စပ်တတ်တဲ့ တဏှာချည်ထွေးကို ဖြေရှင်းနိုင်ပါမလဲ ဘုရားလို့၊ နတ်သား၏ အမေးကို မြတ်စွာဘုရားသခင်သည်၊ ဤသို့– တိကျသော အဖြေကို ပေးတော် မူခဲ့ပါတယ်။ ။

သီလေ ပတိဋ္ဌာယနရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ၊
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ ။ ။

ဒေဝပုတ္တ= တဏှာချုပ်စပ်, အရှုပ်ခါတ်ကို၊ ဖြုတ်အပ်လိုရေး, အမေးရှိ ငြား, သင်နတ်သား၊ သပညော=တိဟိတ်ပဋိသန်– ကမ္မဇ ဉာဏ်ပညာရှိသော၊ အာတာပီ– ကိလေသာဟူ, ဘေးရန်ပူကို ခမ်းခြောက်စေသော- လုံ့လ ရှိသော၊ နိပကော– သစ္စာလေးဆူ, ကိစ္စမှုကို ဆောင်ယူတတ်သိ၊ ပါရိဟာရိက ပညာရှိ သော၊ ဘိက္ခု- သံသရာ၌၊ လွန်စွာမဟေး–ဇာတိဘေး စသည်ကို ရှုလေ့ရှိသော ယောနရော= အကြင်, လူ နတ် ဗြဟ္မာ, ဝေနေယျာသည်၊ သီလေ= စတုပါရိ သုဒ္ဓိသီလ၌၊ ပတိဋ္ဌာယ– မြဲမြံစွာတည်လျက်၊ စိတ္တဉ္စ– အဓိစိတ္တ အမည်ရသော၊ သိက္ခာပဒကိုရင်း၊ ပညဉ္စ– အဓိပညာအရာ၊ ဝိပဿနာဉာဏ် အဖြာဖြာကိုရင်း၊ ဘာဝယံ- ဘာဝယန္တော=ခါခါမလပ်, ပွားစေအပ်၏။ ဘိက္ခု–သံသရာရေးကို ဘေးဟုရှုတတ်သော၊ သောနရော– သီလ, သမာ, ဝိရိယာနှင့်၊ ပညာသုံးပါး တရားခြောက်ရပ်၊ ပြည့်စုံအပ်သော ထို ပုဂ္ဂိုလ်သည်၊ ဣမံဇဋံ– ပွေလိမ်ယှက် မှေး, တဏှာဟူသော ဤ မြိစ္ဆာချည်ထွေးကို၊ (ဝါ) ပွေလိမ်ယှက်တင် တဏှာ ဟူသော– ဤဝါးရုံပင်ကို၊ ဝိဇဋယေ- ဖျဉ်စွမ်းနိုင်ပေ၏။ ။

အဲဒီလို- မြတ်စွာဘုရားသခင်သည်၊ နတ်သား၏ အမေးကို တိကျပြတ်သားသော အဖြေတော်ဖြင့်၊ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၊ နှာ-၁၃၊ (၁၆၇)၌- ဟောတော်မူခဲ့ပါတယ်၊ တဏှာ၏ ကုန်ရာ, တဏှာက္ခယနိဗ္ဗာန်ကို၊ အဘယ်မည်သော နတ်နှင့် လူတို့သည်၊ တဏှာအရှုပ်ကို ဖြေရှင်း၍၊ ရယူနိုင်ပါသလဲ-ဘုရား ဆိုတဲ့ အမေးမှာ- ပစ္စုပ္ပန်ဘဝ, ခန္ဓာပဥ္စက သဘောတွေကို ရည်းစူးမေးခြင်းကြောင့်၊ ပစ္စုပ္ပန်ဘဝမှာပင် တဏှာ၏ ကုန်ရာကို ရောက်စေနိုင်သော အကြောင်း အဓိက ကတော့၊ (ပဌမ) "သပညော" ဆိုတဲ့ တိဟိတ်ပဋိသန္ဓေ ကမ္မဇပညာဉာဏ်ရှိသူလဲ ဖြစ်ရမယ်လို့၊ ပစ္စုပ္ပန်ဘဝ၌ ပါမီရကြောင်း အခြေခံ ပြည့်စုံမှုကို၊ ရှေးဦးစွာ- ပြတော်မူပါတယ်၊ (ဒုတိယ) "အာတာပီ" ဆိုတဲ့ ကိလေသာတွေကို ပူပန်ခမ်းခြောက်စေသော သမ္မပ္ပဓာန် လုလ္လဝီရိယ, လေးအင်နဲ့လဲပြည့်စုံစွာ သမ္မာပဋိပတ်, အကျင့်မြတ်၌၊ အားထုတ်ပေါင်းစည်းလေ့ရှိရမှုကိုလဲ ပြဆိုတော်မူပါတယ်၊ (တတိယ)အချက်အနေနဲ့ "နိပကော" ဆိုတဲ့ ပါရိဟာရိက ပညာခေါ်- သစ္စာလေးဆူတို့၏ ကိစ္စမှုဖြစ်တဲ့ "ဒုက္ခသစ္စာ-ပရိညာကိစ္စ၊ သမုဒယသစ္စာ- ပဟာနကိစ္စ၊ နိရောဓသစ္စာ- သစ္ဆိကိရိယကိစ္စ၊ မဂ္ဂသစ္စာ- ဘာဝေတဗ္ဗကိစ္စ၊" ထို- ကိစ္စ လေးရပ်ကို တတ်သိလိမ္မာတဲ့-ဝိပဿနာ အခြေခံ ပညာနဲ့ ပြည့်စုံရမယ်လို့ ပြတော်မူပါတယ်၊ အဲဒီလို-ပညာနှစ်ပါးနဲ့ ဝီရိယတရား ပြည့်စုံအောင် ရှေ့ရှုလျက်၊ ယုံကြည်ချက်, ခံယူချက်အပြည့်အဝရှိတဲ့ ပုဂ္ဂိုလ်သည် တဏှာ၏ ကုန်ရာ၊ တဏှာက္ခယနိဗ္ဗာန်ကို မျက်မှောက်ပြုရအောင် မဆုတ်မနစ် ကြိုးစားတော့မယ်ဆိုရင်.... (၁) "သီလေပတိဋ္ဌာယ" သဘောအရ၊ စတုပါရိသုဒ္ဓိသီလ၌ မြဲမြံစွာ ရပ်တည်ရမယ်လို့- အဓိသီလ, သိက္ခာဖြစ်ကြောင်းကို ကောင်းစွာ ညွှန်ပြတော် မူပါတယ်။ (ဝါ) သမ္မာဝါစာ- သမ္မာကမ္မန္တ- သမ္မာအာဇီဝ- သီလမဂ္ဂင် သိက္ခာပုဒ်ကို ဆင်ယင်ရပ်တည်နိုင်အောင်, ကြိုးစားရမယ်လို့ ဆိုလိုပါတယ်။ (၂) "စိတ္တဥ္စ"အရ၊ မဂ်ဖိုလ်၌ လွန်စွာကိုင်းရှိုင်းသော အဓိစိတ္တ သိက္ခာအဖြစ် ပညာသမာဓိ ဖြစ်ကြောင်းကိုလဲ ညွှန်ပြတော်မူပါတယ်။ (ဝါ) သမ္မာဝါယာမ- သမ္မာသတိ- သမ္မာသမာဓိဆိုတဲ့ စရဏမဂ္ဂင် သိက္ခာပုဒ်ဝင်အောင် ကျင့်ဆောင် အားထုတ်ဘို့ကိုလဲ၊ သစ္စာလေးဆူ ကိစ္စမှုနဲ့ အညီ၊ သက်ဝင်ဆင်မြန်းနိုင်ရပါမယ်။ (၃) "ပညဉ္စ"အရ၊ အဓိပညာအရာ၊ ဝိပဿနာဉာဏ်- အဖြာဖြာဆိုတဲ့- အနုလောမ ပဋိပဒါ ကိစ္စဉာဏ်အဖြာဖြာရအောင် ခါခါမလပ် ပွားစေအပ်သော ယောဂီသူမြတ်အဖြစ်နှင့် ရပ်တည်နိုင်အောင် ကြိုးစားအားထုတ်ရမယ်လို့လဲ ညွှန်ပြတော်မူပါတယ်။ (ဝါ) သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပနှင့် အဓိပညာ သိက္ခာပုဒ်ကို ကျင့်ဆောင်သူအဖြစ်, ပြည့်စုံနေတယ်

ဆိုတဲ့ ပုဂ္ဂိုလ်သာဆိုရင်၊ ဒီ– အလွန်တရာ ရှုပ်ထွေးတဲ့ တဏှာကွန်ယက် မြိတ်ခြာ ချည်ထွေး ဝါးရုံခက်လို ယှက်မွေးချုပ်စပ်နေတဲ့ တဏှာကို ခွါချဖြေဖျဉ် ရှင်းလင်းနိုင်ပေတယ်လို့ မြတ်စွာဘုရားသခင်သည် မုချဒေသနာအနေဖြင့် ဖြေထွင် ဟောကြားတော် မူပါတယ်။

ထိုကဲ့သို့- ပညာက,သုံးစား၊ သီလ– သမာဓိ-ဝီရိယ- သုံးရပ်၊ ပေါင်း– ၆ခြောက်ပါးသောတရားတို့နှင့် ပြည့်စုံသည့်–လူနတ်, ဗြဟ္မာ, ဝေနေယျာတို့သည် ပစ္စုပ္ပန်ဘဝ ဆတ်ဆတ်၌ပင် တဏှာအရှုပ်ခေါ်တ်ကို ဖြေရှင်းနိုင်ဘို့ သေချာပါပေသည်။ အဲဒီ– ပညာသုံးစား, တရားခြောက်ရပ်ဖြစ်တဲ့– သီလ, သမာဓိ, ဝီရိယ, တို့၏ သဘော အကျဉ်းကလေးကို တတောလင်းအောင် ပိုင်းခြားဝေဘန် ကြည့်သော်....

(ပဌမ) "သပညော" ဆိုတဲ့၊ တိဟိတ်ပဋိသန္ဓေ– ကမ္မဇပညာဆိုတာ ကတော့- ယောဂီတို့သည် မိမိတို့ကိုယ်ကို တိဟိတ်ပဋိသန္ဓေနဲ့ သက်ဝင်လာသူ ဟုတ်-မဟုတ်ဆိုတာ၊ သူတကာကို မေးမနေပါနှင့်၊ ဒီ–အလုပ်ပေးတရားတော် ပြည့်စုံအောင်ရရှိပြီးတဲ့အခါကျတော့၊ ပစ္စက္ခဉာဏ်ရအောင် အားထုတ်ကြည့်ပါ၊ ဥဒယဗ္ဗယဉာဏ်အပိုင်ရအောင် အားထုတ်နည်းကို ဆက်လက်ပြသတိုင်း, အား ထုတ်ကြည့်ရင် ဥဒယဗ္ဗယဉာဏ် ကေန်ရပြီဆိုရင်တော့၊ မုချမိမိသည် တိဟိတ် ပဋိသန္ဓေ, ကမ္မဇပညာ, ပါလာပြည့်စုံပြီလို့ မှတ်ပါ၊ တိက္ခ– မန္ဒအနေ၊ အထက် အနိမ့်ကတော့ ကွာချင်, ကွာတတ်ပါတယ်၊ တိဟိတ်ကတော့ ကေန်ပါဘဲ၊ အဲဒီ လို- ဥဒယဗ္ဗယဉာဏ်ရရာကနေ ဝိပဿနာမဂ် အဆက်ဆက်ရပြီး၊ အာသဝေန ပစ္စည်း ပြည့်မှီတာနဲ့ တပြိုင်နက် လောကုတ္တရာမဂ်ကို ရနိုင်ပြီလို့ ယုံကြည်လျက် မဆုတ်မနစ် ကြိုးစားရုံသာ ရှိပါတော့တယ်။

(ဒုတိယ)"အာတာပီ"ဆိုတဲ့၊ကိလေသာတို့ကို ပူပန်ခမ်းခြောက်စေတဲ့- သမ္မပ္ပဓါန် ဝီရိယကတော့၊ အထက်ပါ ကမ္မဇပညာရှိသူမှာ သဒ္ဓါနှင့် သံဝေဂ ဉာဏ်ကို ထက်သန်သည်ထက်၊ ထက်သန်အောင် ဆည်းပူးနှလုံးသွင်း ဆင်ခြင်မှု မပြတ်ရင်၊ တရားအားမထုတ်ဖြစ်တဲ့ ဝီရိယလျော့ပါးမှုတွေ၊ တစတစ လျော့ ပါးပြီး ထက်သန်လာပါလိမ့်မယ်၊ သဒ္ဓါကို မွေးမြူ၍၊ သံဝေဂဉာဏ်ကို ထူ ထောင်ပေးရာရောက်အောင်၊ ချီးမြှောက်ပေးရာရောက်အောင်၊ အဇ္ဈတ္တယောနိ သော မနသိကာရနှင့် သတိမပြတ် ချုပ်ပေးရပါမယ်။

(တတိယ) "နိပကော"ဆိုတဲ့၊ ဝိပဿနာအခြေခံပညာ ထက်ဝန်းကျင် နှင့် ပြည့်စုံခြင်း၊ ပါရိဟာရိက ပညာကိုတော့၊ သင်ယူ,နာကြား၊ ဆောင်ထား,

ဆင်ခြင်၊ ယုံမှားဝင်က မေးမြန်းသုံးသပ်ဆိုတဲ့၊ "ဥဂ္ဂါဟဏ" တတ်အားသမျှ သင်ကြားခြင်း၊ "သဝန" အတတ်နိုင်ဆုံး ဝိပဿနာတရားတော်များကို ကြိုးစားနာကြား ဘတ်ရှုလေ့လာခြင်း၊ "ဓါရဏ" တရားကျင့်သုံး နှလုံးသွင်း စွဲမြဲ ထိုက်သည့် သဘောအဓိပ္ပါယ်တို့ကို နှစ်နှစ်ကာကာ စိတ်ထဲ နှလုံးထဲ၌ဆောင်ထားခြင်း၊ "ပစ္စဝေက္ခဏာ" အထက်ပါ- သံဝေဂဉာဏ်အရာမှစ၍ အနုပဿနာသုံးပါး ဖြစ်ရာဖြစ်ကြောင်းနှင့် ဝိပဿနာရှုဘွယ်ရာများကို ဆင်ခြင်နှလုံးသွင်းပေးခြင်း၊ အဲဒီလို–စိန္တာမယဉာဏ် အထပ်ထပ်တိုင်ရောက်ပြီး– မရှင်းလင်း မပြတ်သား ဝိစိကိစ္ဆာများနဲ့ တွေ့ကြုံနေရမယ်ဆိုရင် "ပရိပုစ္ဆာ" တတ်သိလိမ္မာသော ပညာရှိသူတော်စင် သပ္ပုရိသထံ မေးမြန်း၍ စင်ကြယ်စေခြင်းဆိုတဲ့၊ အချက်ငါးချက်နဲ့ ဝိပဿနာအခြေခံပညာဖြစ်တဲ့ ပါရိဟာရိကပညာကို ဆည်းပူးပြည့်စုံနိုင်သမျှ ပြည့်ဝအောင် ကြိုးစားပေးရပါမယ်၊ ဤသို့- တတိယအချက် တိုင်အောင် ထိုက်သင့်သလို ကုံလုံပြည့်စုံလာဆဲမှာ....

(၁) သီလေပတိဋ္ဌာယ= ယခု ဆက်လက်ပြဆိုမည့် သီလတရားတို့ကို ပိုင်းခြားနားလည်ပြီး၊ "နိဗ္ဗေဓဘာဂိယ ဥပနိဿယ" မဂ်ဉာဏ် ဖိုလ်ဉာဏ်, နိဗ္ဗာန်အဘို့ စွဲ၍မှီရာဖြစ်သော သီလမျိုးကိုရအောင် ထူထောင်ကျင့်သုံး၊ ရှောင်ကြဉ်စောင့်စည်း ပေးရပါမယ်။

(၂) စိတ္တဥ္စ= သစ္စာလေးဆူ, ကိစ္စမူနှင့်အညီ၊ သမ္မာပဋိပတ် အကျင့်မြတ်ကို "အာတာပီ" အဖြစ်နဲ့ (ဝါ) ကိလေသာတို့ကို ပူပန်ခမ်းခြောက်စေသည့်တိုင် ပညာသမာဓိ အညီရအောင် ထက်သန်သော သမ္မပ္ပဓါန်ဝိရိယလေးတန်နှင့် ပွားများအားထုတ်ဘို့ကို အမြဲမပြတ် ကြိုးစားပေး ရပါမယ်။

(၃) ပညဥ္စ= ဝိပဿနာ ပညာဉာဏ် အဖြာဖြာတို့ဘွင် ရအပ်ပြီးတဲ့ သဘောကို မယုတ်လျော့စေဘဲ၊ တစတစ, တိုးတက်ခါ "အနုလောမပဋိပဒါ" အနုလောမဉာဏ်နှင့် လျော်ညီသော အခါခါ အဖန်ဖန် ဉာဏ်စဉ်ဖြစ်ပွား, ကျင့်သုံးအားထုတ်မှု အစဉ်မလျော့ပါးဘဲ တနေ့တခြား တရားဝင်ကပ်,မြတ်ထက်မြတ်၍၊ မဖေါက်မပြန်သော သဘောရှိသော၊ မိမိဝိပဿနာမဂ်၏ အခြားမဲ့၌ အကျိုးပေးမြဲလေ့ရှိတဲ့ လောကုတ္တရာမဂ်သို့ သက်ဝင်ရောက်ရှိတော့မည့် အဖြစ်၌၊ ယုံကြည်ကိုးစား၊ အားထားနိုင်သည်အထိ မြဲမြံစွာ ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါသည်။

(အကုသိုလ်ကံ) (ကာမာဝစရကုသိုလ်ကံ)

| ရှောင်-ဒုစရိုက် (၁၀) ပါး၊ | | ဆောင်-သုစရိုက် (၁၀) ပါး၊ | | ကံ |
|---|---|---|---|---|
| အမည် | တရားကိုယ် | အမည် | တရားကိုယ် | |
| ပါဏာတိပါတာ | ဒေါသ | ပါဏာတိပါတာ ဝေရမဏီ | သမ္မာအာဇီဝ | ကာယကံ ၃-ပါး |
| အဒိန္နာဒါနာ | လောဘ၊ ဒေါသ | အဒိန္နာဒါနာ ဝေရမဏီ | | |
| ကာမေသုမိစ္ဆာစာရာ | လောဘ | ကာမေသုမိစ္ဆာစာရာဝေရမဏီ | သမ္မာကမ္မန္တ | |
| မုသာဝါဒါ | လောဘ၊ ဒေါသ | မုသာဝါဒါ ဝေရမဏီ | သမ္မာအာဇီဝ | ဝစီကံ ၄-ပါး |
| ပိသုဏာဝါစာ | လောဘ၊ဒေါသ | ပိသုဏာဝါစာ ဝေရမဏီ | | |
| ဖရုသဝါစာ | ဒေါသ | ဖရုသဝါစာ ဝေရမဏီ | သမ္မာဝါစာ | |
| သမ္ဖပ္ပလာပဝါစာ | လောဘ၊ဒေါသ | သမ္ဖပ္ပလာပဝါစာ ဝေရမဏီ | | |
| အဘိဇ္ဈာ | လောဘ | အနဘိဇ္ဈာ | အလောဘ | မနောကံ ၃-ပါး |
| ဗျာပါဒ | ဒေါသ | အဗျာပါဒ | အဒေါသ | |
| မိစ္ဆာဒိဋ္ဌိ | လောဘ | သမ္မာဒိဋ္ဌိ | အမောဟ | |

ဤသို့သော-ပညာသုံးပါးနှင့် သီလ, သမာ, ဝီရိယာတို့ ခါခါမလပ်, ချိတ်ခြင်း မရှိအပ်တဲ့ ပုဂ္ဂိုလ်မြတ်သည်၊ မုချပင်, တဏှာတည်းဟူသော အရှုပ် အထွေးကို ဖြုတ်ဖျဉ်ရေး မခက်မခဲဘဲ၊ ကိလေသာတို့၏ ကုန်ရာ-နိဗ္ဗူတာကို မျက်မှောက်ကေန် ပြုနိုင်သည်ဟု- ဗုဒ္ဓဝစန နှင်ခွနှစ်မျိုးမဟုတ်သော အာလုပ် သံကို ယုံကြည်နာခံ, ကြိုးစားသင့်ကြပါတော့သည်။

ထို့ကြောင့်- (ပဌမ-ဒုတိယ-တတိယ) သဘောတွေကို စောကြောလေ့ လာ-လိုက်နာကျင့်သုံးပြီးလျှင် "သီလေ ပတိဋ္ဌာယ" စတုပါရိသုဒ္ဓိသီလ၌- ရပ် တည်ရပုံ အပိုင်းသည်လည်း၊ အမှတ် (၁) အနေဖြင့်-အရေးတကြီး ပိုင်းခြား သိရန် လိုအပ်သည်ဖြစ်ခြင်းအကြောင်း ထင်ရှားပါသဖြင့် ဆက်လက်ဆည်းပူး ကြပါစို့....။

သီလမှန်သမျှသည်- သုစရိုက်တရား (၁၀) ပါး၌ အကျုံးဝင်ပါသည်၊ သုစရိုက်တရား (၁၀) ပါးမှ အပြန်အားဖြင့်- ဒုစရိုက် (၁၀) ပါးသည်လည်း ဒုဿီလဖြစ်ပါသည်။ ထို့ကြောင့်- ရှောင်ရန်, ဒုစရိုက်နှင့်- ဆောင်ရန်, သုစရိုက် တရားတို့ကို အခြေခံအနေအားဖြင့် ခွဲခြားသိသင့်ပါသည်။ သုစရိုက်နှင့် ဒုစရိုက် လောက်မျှ- မရိပ်စားမိ,နားမလည်နိုင်က သီလနှင့်ပြည့်စုံသော အစ၏ကောင်း ခြင်း- အာဒိကလျာဏပါဟု ဆိုရန်သည်၊ ဆိုဖွယ်ရာအကြောင်း- မရှိကောင်း ပါပေ။ ထို သုစရိတ-ဒုစရိတ,တရားတို့မှာ....။

**မှတ်ရန်**။ ဒုစရိုက် (၁၀) ပါးနှင့် သုစရိုက် (၁၀) ပါးတို့သည်- (၁) ကိုယ်တိုင်ပြုလုပ်ခြင်း၊ (၂) သူတပါးကို စေခိုင်းခြင်း၊ (၃) ချီးမွမ်း ခြင်း၊ (၄) စိတ်ဆန္ဒတူခြင်းစသော လေးပါးနှင့် မြှောက်ပွားက (၄၀) စီ ဖြစ်သည်။

အထက်ပါ- ဇယားကိုကြည့်ပါက၊ အကုသိုလ် ဒုစရိုက်ကို ရှောင်ကြဉ် ရန်နှင့် ကုသိုလ်သုစရိုက်ဆောင်ရန်တရားများကိုပိုင်းခြား၍ သိနိုင်ပါသည်။ထို- ဒုစရိတ, သုစရိတတို့ ဆောင်နှင်းသက်ဝင်တတ်ပုံ အချင်းအရာလေးမျိုးကိုကြည့် ရင်လဲ၊ နေ့စဉ်နှင့်တကွ- သတ္တဝါမှန်သမျှ-သူငါတစေတို့ ဒုစရိုက်နှင့် သုစရိုက် နှင့်ဖြာ-ကော့မလပ်, ဖြစ်တတ်ကြပုံကို သိရှိနိုင်ပါသည်။

ယောဂီသူမြတ်သည်- တကယ်တန်း,နိဗ္ဗာန်ကို ခိုလှုံပါလိုက သတ္တဝါ အနန္တတို့တွင်၊ ညစ်ထေးကြောင်း ဇကန္တတရား သုံးပါးဖြင့်- ရစ်ပတ်ခံထားရ၍၊ သံသရာမှ လွှဲမထွက်နိုင်ခြင်း အမှန်ဖြစ်ရာ၊ ထို-ညစ်ထွေးကြောင်း ဇကန္တတရား

သုံးပါးဟု ဆိုအပ်သော (၁) တဏှာသံကိလေသ=တဏှာဟူသော-သမုဒယနှင့် သမုဒယသစ္စာထိုက်သော လောဘတရားကိုယ်ကြောင့် ညစ်ညူးခြင်း။ (၂)ဒိဋ္ဌိသံကိလေသ=အဝိဇ္ဇာဟူသော ဝဋ်မြစ်၏ ဦးခေါင်းသဖွယ်- မောဟ, တရားကိုယ် အနယ်ထိုင်နေခြင်းကြောင့်၊ မိစ္ဆာအယူတို့ဖြင့် ညစ်ညူးခြင်း။ (၃) ဒုစ္စရိတသံကိလေသ=မောဟ, အဝိဇ္ဇာ အနုသယမက္ခာ၊ ပရိယုဋ္ဌာန, ဝီတိက္ကမ နှစ်ဖြာနှင့် ဒေါသအပြစ်, တရားကိုယ်အဆင့်ဆင့်တို့ကြောင့်၊ ဒုစရိုက်တို့ဖြင့် ညစ်ညူးခြင်း ဆိုတဲ့၊ ညစ်ညူးကြောင်း တရားသုံးပါးတို့သည်၊ သတ္တဝါမှန်သမျှတို့အား ရစ်ပတ်၍ ထားပေသည်။

ထို-ပူလောင်, ညစ်ထေးကြောင်း ဖြစ်ကုန်သော တရားသုံးပါးတို့သည်၊ ပုထုဇဉ်တို့အား အစဉ်ရစ်ပတ်လျက်ရှိနေရာ၊ ယောဂီသူမြတ်,အခေါ်ခံအပ်မည့် အကြင်ပုဂ္ဂိုလ်သည်၊ ဒုစ္စရိတသံကိလေသဖြစ်သော- ပရိယုဋ္ဌာန်,ဝီတိအမံအားဖြင့် ဖြစ်ပွားလာမည့် ဒုစရိုက်တရား (၁၀) ပါးကို၊ ပါးလွှာကင်းပြတ်, ကုန်ခမ်းချုပ်ရပ်၍သွားအောင်၊ တတ်သိနားလည်စွာ ရှောင်ရှားသင့်ပါသည်။ ၎င်း ဒုစ္စရိတကို ဘာနဲ့ရှောင်ရမှာလဲဆိုတော့- သုစရိတ(၁၀)ပါးကို ကျင့်ဆောင်ပြီး ရှောင်မှသာ, ရှောင်လို့ရမှာပါတကားဟု- နားလည်ယုံကြည် အမြင်မှန် ရယူထားရပါမည်။ ထိုသို့-“ပဟာတဗ္ဗ” ပယ်အပ်သော ဒုစရိတ,တရားနှင့်၊ “ပဟာယက” ဒုစရိုက်ကို ပယ်တတ်သော-သုစရိတရားလို့ယုံကြည် ပိုင်းဖြတ်ထားပါမှ၊ အောက်တန်းစားဖြစ်တဲ့- အာဒိကလျာဏတန်းကို အစဉ်ချိပ်မိရန် ရပြုနိုင်မှာ ဖြစ်ပါသည်။ မှန်ပါပေသည်၊ ပုထုဇဉ်မှန်သမျှသည် ကြက်တက်, ကြက်ဆင်း, မိုးချုပ်-မိုးလင်း, မျက်စိနှစ်ကွင်း မမှိတ်ခင်တနေ့တာအတွင်း၌၊ နာရီ, စက္ကန့် ဗီဇနာမလပ်, ကုသိုလ်မဖြစ်လျှင်, အကုသိုလ်ဖြစ်သည်၊ အကုသိုလ်မဖြစ်လျှင်, ကုသိုလ်ဖြစ်သည်။ ဒီ,လောကီ, အကုသိုလ်, ကုသိုလ်ဆိုတဲ့- သမုဒယနဲ့ သမုဒယ သစ္စာထိုက်တဲ့ တရားကလွဲ၍ (ဝိပဿနာမဂ်ဆိုက်ခိုက်မှ တပါး) သံသရာ့ခရီး သွားရဘို့ချည်းသာဘဲ-သက်ဝင်နေကြရသည်။ ဒီတော့-တနေ့,တနာရီ,တမိနစ်, ဘစက္ကန့်-ဆိုတဲ့ အချိန်တိုင်းမှာ ကုသိုလ်မဟုတ်ရင်၊ အကုသိုလ်ဝင်နေတယ်လို့၊ သဒ္ဓါနဲ့ ယုံကြည်၊ သတိနဲ့ မမေ့သူသည်၊ သုစရိတကို ဆောင်နိုင်အောင်-သတိကပ်, ဝီရိယချပ်ထားပြီးလျှင်၊ သမာဓိတည်တည်နှင့်- ဒုစရိုက်တရားတွေကို ပါးလွှာအောင်, ကင်းပြတ်အောင်, မှ- တဆင့် ဝိပဿနာမဂ်နဲ့ ကုန်ခမ်းအောင် ပြုသည့်ဘက်ကို၊ အချက်ကျကျဝင်နိုင်အောင်၊ “နိဗ္ဗေဓဘာဝိယ-ဥပနိဿယ” သီလမျိုးအစဉ်ရှိအောင် အလျှဉ်တိုးပွားအောင် ကြိုးစားသင့်ရာပါသည်။

ထို့ကြောင့်= ဒုစရိုက်,သုစရိုက်တရားတို့၌၊ (၁) အစ,အလယ်,အဆုံး-သိမ်းကြုံးနားလည်ခြင်း၊ (၂) ထိုထို သိက္ခာပုဒ်တို့ကို ရိုသေလေးစားခြင်း၊ (၃) မကျိုး, မလွန်၊ မကျိုး,မပေါက်၊ မပြောက်, မကျားရအောင်၊ အထူး အလိုရှိ- စင်ကြယ်လိုသူအဖြစ်ရှိခြင်း- စသော, သူတော်စင်စိတ်ထားနှင့် လေးနက်ပြည့်စုံစွာ ရှောင်ရှားပြီး ဆောင်ထားရပါမည်။

ထိုသို့-ရှောင်ပြီး,ဆောင်နိုင်ကြောင်းဖြစ်သော အချင်းအရာ, ကောင်းမှုအလုပ်ကိုလဲ၊ ပုညကြိယာ (၁၀)ပါးအဖြစ် ပြဆိုတော်မူပါတယ်၊ သုစရိတနှင့် ပုညကြိယာသည် ကျင့်ဆောင်ခြင်း၊ ပြုလုပ်ခြင်းအားဖြင့် ဆက်စပ်လျက် ရှိပါသည်။ ဒါန-သီလ-ဘာဝနာကို ဦးတည်ပြုလုပ်အားထုတ်ခြင်းသည်။ (ဝါ) သာသနာတွင်း ဒိဋ္ဌိဇုကမ္မ-ဝိဝဋ္ဋအခင်းဖြင့် အားထုတ်ခြင်းသည် အလောဘ, အဒေါသ, အမောဟ, ပြဋ္ဌာန်းသော အချင်းအရာဖြင့်- ဖြစ်ပွားရရှိရာ၊ ဒုစရိုက် (၁၀) စား, ကံသုံးပါးကိုပယ်၍၊ သုစရိုက် (၁၀) စား, ကံသုံးပါးကို ကျင့်သုံးခြင်းနှင့် တူမျှပါသည်။ ထို ပုညကြိယာ (၁၀) ပါးတို့မှာ....။

အောက်ပါ-ဇယားအရ၊ သာသနာတွင်း ဒိဋ္ဌိဇုကမ္မအခင်း,ပုညကြိယာ စာရင်းမှစ၍ ၊ပုထုဇဉ်-ဝဋ္ဋနိဿိတ, ဒါန-သီလ-ဘာဝနာမျိုးထက်၊ ပုထုဇဉ်-ဝိဝဋ္ဋနိဿိတ,ဒါန-သီလ-ဘာဝနာမျိုးကို၊ သေက္ခပုဂ္ဂိုလ်တန်းဝင် ဝိဝဋ္ဋနိဿိတ နိဗ္ဗေဓဘာဂိယ- ဥပနိဿယ၊ ဒါန-သီလ- ဘာဝနာမျိုးတိုင်အောင် ကြိုးစားအားထုတ်သင့်ပါသည်။ ထိုသို့- ပုညကြိယာအထုပ်- ဒါန-သီလ-ဘာဝနာ-တမျိုးမျိုးကိုမျှ မပြုလုပ်လျှင်၊ သုစရိတ-ပုညကြိယာ၏ အခြားမဲ့၌၊ သတ္တဝါ၊ သူ,ငါ,တစတို့- ဒုစရိတနှင့်သာ ဝိုင်းဝိုင်းလည်နေကြရသည်ကို သိသာလှပါသည်။ ထို့ကြောင့်- ပုထုဇဉ်တို့အနေ၊ စေတနာကံပိုင်း အသိုင်းအဝိုင်းကလေးပြည့် လျှမ်းအောင် ကြိုးစားပြီး၊ မဂ္ဂင်ကံပိုင်းကို ကောင်းစွာ ဆိုက်အောင် စိုက်ထူ တက်လှမ်းသင့်ပါသည်။ (ဤနေရာ၌၊ ဇယားကွက်ပါ တရားတော်များသည်၊ ကြားဘူးနားဝ ရှိပြီးဖြစ်၍ အကျယ်ရှင်းမပြတော့ပါ။ မူလနိဒါန်း-ပြစွမ်းသည်အထိ ရောက်လျှင်မူ အားလုံးတရားကိုယ်များနှင့် သဘောသွားအသေးစိပ်ကို ထပ်မံပြပေးပါမည်၊ ယခု- ရိုပ်စားမှတ်သားမိနိုင်ရုံမျှသာ ပြဆိုလိုက်ပါသည်။)

ဤ- ဒါန,သီလ,ဘာဝနာနှင့် သုစရိုက်(၁၀)ပါး ကျင့်ဆောင်ရမည့် တရားများကို၊ သူသူငါငါတို့သည် အောက်ပါ- ခြောက်မျိုးသော အပြားအားဖြင့် ပြုတတ်ကြပုံကို အဋ္ဌသာလိနီ အဋ္ဌကထာ၌ ပြဆိုပါသည်။

‘‘ကျင့်ဆောင်ကြိုးကုတ်–တည်အောင်လုပ်–ပုညကြိယာအထုပ်’’

| ပုညကြိယာအမည် | သွင်းယူပုံ | တရားကိုယ် | ဆန့်ကျင်ဘက်တရား | ဥပမာတူပုံ |
|---|---|---|---|---|
| ၁။ ဒါန | ၄။ ပတ္တိဒါန<br>၅။ ပတ္တာနုမောဒန | အလောဘ | ဣဿာ<br>မစ္ဆရိယ | ခြေနှင့်တူ၏ |
| ၂။ သီလ | ၆။ အပစာယန<br>၇။ ဝေယျာဝစ္စ | အဒေါသ | လောဘ<br>ဒေါသ | ကိုယ်နှင့်တူ၏ |
| ၃။ ဘာဝနာ | ၈။ ဓမ္မသဝန<br>၉။ ဓမ္မဒေသနာ<br>၁၀။ ဒိဋ္ဌိဇုကမ္မ | အမောဟ | မောဟ | ဦးခေါင်းနှင့်တူ၏ |

မှတ်ချက်။ ။ဒိဋ္ဌိဇုကမ္မတရားကို ပုညကြိယာ (၉) ပါးစလုံး၌ အစဉ်ယှဉ်၍သာလျှင်အားထုတ်အပ်၏။ အဘယ်ကြောင့်ဆိုသော် အယူမဖြောင့်မမှန်သောသဘောဖြင့် ပြုလုပ်အားထုတ်ပါက– အဘယ် ပုညကြိယာမျှ သာသနာတွင်း ပုညကြိယာ မမည်နိုင်။

(၁) သဃံကာရ = မိမိသဘော အလိုအတိုင်း ပြုတတ်သော– ကုသိုလ်။
(၂) ပရံကာရ = သူတပါးအလို၊ သူ့အတုလိုက်၍ပြုသော– ကုသိုလ်။
(၃) သာဟတ္ထိက = ကိုယ်တိုင်, ကိုယ်ထိလက်ရောက် ပြုသော– ကုသိုလ်။
(၄) အာဏတ္တိက = သူတပါးကို စေခိုင်း၍ ပြုသော– ကုသိုလ်။
(၅) အသမ္ပဇာနကတ = အကျိုးကို မသိဘဲ ပြုသော– ကုသိုလ်။
(၆) သမ္ပဇာနကတ = အကျိုးကိုသိ၍ ပြုသောကုသိုလ်- ဟူ၍....

ခြောက်မျိုးပြရာတွင်(၁=၃=၆)တို့နှင့် လျော်ညီစွာ ပြုတတ်,ပြုနိုင်စွမ်း ရှိဘို့ အရေးတကြီး လိုအပ်ပါသည်။

( ၁ ) မိမိသဘောအလိုဆန္ဒအတိုင်း ပြုသော ပညာကြီယာ သုစရိတ, အဖြာဖြာသည်၊ သူတပါးတို့ တိုက်တွန်း၍ရင်း၊ အတုယူ၍ရင်း– ပြုခြင်းမျိုး မဟုတ်ပါသဖြင့် သဒ္ဓါထက်သော အသင်္ခါရိက ကုသိုလ်မျိုး ဖြစ်ပါသည်။

( ၃ ) ကိုယ်ထိ,လက်ရောက်ပြုသော– ပညာကြိယာ, သုစရိတ အဖြာဖြာသည် စိတ္တိကတ– အလေးအမြတ်, ရှိခြင်း၊ ဂရုဂါဝရ– လေးနက်သော ရိုသေမှုရှိခြင်း၊ သက္ကစ္စ–နှိမ်ချမာန်ကင်း လေးစားမှုရှိခြင်းကြောင့်–မြတ်သော ကုသိုလ်အဘို့ အစုကို သက်ဝင်စေပါသည်။

( ၆ ) အကျိုးကိုသိ၍ပြုသော– ပညာကြိယာ– သုစရိတ, အဖြာဖြာ သည်၊ သမ္ပဇာနကာရီ အရ– ပညာနှင့်ယှဉ်သော ကြီးမြတ် မှန်ကန်ဆုံးသော အကျိုး ဖြစ်ထွန်းမှုကိုသာ၊ (ဝါ) ဝိဝဋ္ဋစေတနာအရာ မဂ္ဂင်ကံအဖြာဖြာနှင့် နိဗ္ဗာနအကျိုးကိုသာ ရှေ့ရှုအရလု၍၊ ပြုနိုင်စွမ်း နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

ဤကဲ့သို့သော= ပုည–အပုည၊ သုစရိတ- ဒုစ္စရိတ, သဘောသွားများ ကို ရိပ်စားမိပြီးလျှင်၊ သီလ, သမာ, အဓိပညာဟု ဆိုအပ်သော သိက္ခာသုံးလီ ကို ဆင်မြန်းရာ၌၊ သီလအစ- သရဏဂုဏ်က ဆိုသကဲ့သို့၊ သရဏဂုဏ်အစ- ပစ္စယဒါနနှင့် တကွသာလျှင်၊ ပုညကြိယာ– သုစရိတ အဖြာဖြာကို ဆည်းပူး အားထုတ်သင့်ပါသည်။ ဤနေရာ၌= ဒါန - သံသရာရှည်သည်ဟု မရေမရာ မဟုတ်မဟတ်ဘိုကို ပယ်ဖြတ်ကြပါ။ ဤကဲ့သို့– သုစရိတ, ပုညကြိယာ အထုပ် ကလေးကြောင့်သာ မနုဿတ္တဘာဝေါ ဒုလ္လဘောနှင့်တကွ သာသနာတော်နှင့်

တွေ့ကြုံရခြင်းက လက်ငင်းသက်သေခံထားပြီး ဖြစ်နေပါသည်။ ပုညကြိယာ-ဒါနမဟာကိုသံသရာရှည်သည်ဟု ယခုအနေတွင် ရှောင်ကြဉ်ပေက၊ နောင်တွင် မသေချ၊ သာသနာနှင့် ကြုံခွင့်အရေး၊ စရဏမျိုးစေ့လေး မရှိခြင်းကြောင့်၊ အောက်သံသရာမှာသာ ဖန်ခါခါ လယ်ရမည့်အရေးကို ပြေးမြင်ပြီးလျှင်၊ အပ္ပ ဟာတဗ္ဗ- ကုသလဓမ္မာကို မပြုသာအောင် မတွေးတော, မကြံစီသင့်သည် အမှန်ဖြစ်ပါသည်။ ဒီတော့- ပုညကြိယာ, စဉ်လာမချို့၊ ထိုမြို့တူစွာ- သိက္ခာ ယဉ်သာ- အဖြာဖြာတွင်၊ အမှတ်စဉ်တစ်, အရေးကြီးကြောင်းဖြစ်သော သုစတ (၁၀)ပါး သီလတရားဘက်သို့ ဆက်လက်ကြပါဦးစို့....။

## သီလနာမံ - ကေန်ခေါ်ရပုံ။

> သိရဋ္ဌ သီတလဋ္ဌေဟိ၊ သလနဿ ပနဋ္ဌတော၊
> သာလာယ သဒိသတ္တာစ၊ သီလန္တိ ဝုစ္စတေ အထဝါ၊
> သမာစာတိ ခာရေတိစ။ (ပရမတ္ထသရူပ)

သိရဋ္ဌ သီတလဋ္ဌေဟိ– ဦးခေါင်းနှင့်တူသော အနက်၊ မြေငြိမ်းချမ်းခြင်း အနက်တို့ကြောင့်၎င်း၊ သလနဿ ပနဋ္ဌတော– အကုသိုလ်တို့ကို မဝင်ရအောင် ပိတ်ပင် တားမြစ်ခြင်းအနက်၊ ဒုစရိုက်, အကျင့်ပျက်၏ အိပ်စက်ခြင်းအနက်တို့ ကြောင့်၎င်း၊ သာလာယ သဒိသတ္တာစ– ကုသိုလ်တရားတို့၏ ဝင်ရောက်ခိုနား အပ်သည်ဖြစ်၍၊ စရပ်နှင့်တူသည်၏ အဖြစ်ကြောင့်၎င်း၊ သီလန္တိ– သီလဟူ၍၊ ဝုစ္စတေ– ဆိုအပ်၏၊ အထဝါ– တနည်းကား၊ သမာစာတိ– ကာယကံ စသည် တို့ကို ကောင်းစွာ ထားတတ်၏၊ ခာရေတိ ဥပခာရေတိ- ကုသိုလ်တရားကို လွန်မင်းစွာ ဆောင်တတ်၏၊ ဣတိ– ထို့ကြောင့်၊ သီလန္တိ–သီလဟူ၍၊ ဝုစ္စတေ– ဆိုအပ်၏။ ။

ကလျာဏဝင် သူတော်စင်တို့၊ ခုံမင် နှစ်သက်ထိုက်သော၊ (ဝါ)နှစ်သက် အပ်သော၊ (ဝါ) မွှေ့လျော်ကိန်းဝပ်မှုဖြင့် အစဉ်လိမ်းကျံခြင်းငှါထိုက်သော (ဝါ) နှစ်သက်မွှေ့လျော် အဖေါ်မကွဲ- အမြဲမှီဝဲအပ်သော သီလတရားသည်၊ (၁) တရားတို့တွင် ဦးခေါင်းနှင့်တူခြင်း၊ (၂) ကိုယ်စိတ်နှစ်ပါးကို မြေငြိမ်း ချမ်းစေခြင်း၊ (၃) အကုသိုလ်တရားတို့ကို ပယ်ရှားပိတ်ပင်ခြင်း၊ (၄) ဒုစရိုက် အကျင့်ပျက်တို့ကို မနိုးမကြွ အိပ်စက်ရစေခြင်း၊ (၅) ကုသိုလ်တရားတို့၏ ခိုနား ရာ စရပ်နှင့်တူခြင်း၊ (၆) ကာယ,ဝစီ သုံးလီသော ကံအမှုကို ကောင်းစွာထား တတ်ခြင်း၊ (၇) ကုသိုလ်တရားတို့ကို စင်ကြယ် မြင့်မြတ်စေ၍၊ လွန်စွာ တိုးပွား

ဓအောင် ဆောင်တတ်ခြင်းသည် စသည့် အကြောင်းအချက် ဂုဏ်သကပ်အနက် တို့ကြောင့်၊ သီလတရားဟူသော အမည်၊ သီလသိက္ခာဟူသော အကျင့်မြတ် သည်၊ (ဝါ) အဓိ သီလ သိက္ခာဟူသော– မဂ္ဂင်ကံနှင့်ညီသည့် အကျင့်မြတ် သည်၊ အရိယာဓါတ်ကိန်းသူတို့- သုံးဆောင်ရာ, မှီဝဲရာ- မလွန်ကျူးရာ, စောင့် ရှောက်ရာ, ကြဉ်ရှောင်ရာ, စောင့်စည်းရာ, ဖြူစင်ရာ အဖြစ်ဖြင့်– သီလတရား ထင်ရှားနာမံ- ကေန်ဆောင်တတ်သော တရားဖြစ်ပါသည်။ ထို- သီလတရား၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကိုလည်း၊ ဤသို့- မှတ်သားပိုင်းခြား- သိသင့်ရာပါသည်။

တဥ္စ သီလန လက္ခဏံ၊ ဒုဿီလျဓံသန ကိစ္စံ၊
နာဝဇ္ဇ ဂုဏသမ္ပဒံ၊ သောစေယျ ပစ္စုပဋ္ဌာနံ၊
ဟိရောတ္တပ္ပ သမုဋ္ဌိတံ။ ။

တဥ္စသီလံ- ထို သီလသည်၊ သီလနလက္ခဏံ – ကိုယ်နှုတ်ဟန်ကို မဖေါက် ပြန်စေရ၊ကုသိုလ်ဓမ္မတို့၏ တည်ရာ၏လက္ခဏာရှိ၏၊ ဒုဿီလျဓံသနကိစ္စံ–သီလ မဲ့သော အဖြစ်မျိုးကို ချိုးဖဲ့ဖျက်ဆီးခြင်း ကိစ္စရသရှိ၏၊ နာဝဇ္ဇ ဂုဏသမ္ပဒံ– အပြစ်မရှိခြင်း, အနဝဇ္ဇဂုဏ်နှင့် ပြည့်စုံခြင်း သမ္ပတ္တိရသရှိ၏၊ သောစေယျ ပစ္စု ပဋ္ဌာနံ- ကိုယ်- နှုတ်- နှလုံး၏ စင်ကြယ်ခြင်းလျှင်၊ ရှေးရှုထင်သော အချင်း အရာရှိ၏၊ ဟိရောတ္တပ္ပ သမုဋ္ဌိတံ– ဟိရီ, ဩတပ္ပဟူသော ရှက်ကြောက်တတ်ခြင်း လျှင်၊ နီးစွာသော အကြောင်းရင်း ပဒဋ္ဌာန် ရှိ၏။

ဤသို့= သီလတရားသည် ကိုယ်နှုတ်လုံခြုံ သီလဂုဏ်ကို မဖေါက်မပြန် ကုသလအတန်တန်တို့၏ တည်ရာအဖြစ်၊ မိမိလက္ခဏာကို ဆောင်နှင်းတတ်သော မှတ်ကြောင်းရှိပေသည်။ ထိုသီလလုံခြုံလက္ခဏာဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ သီလ မဲ့သောအဖြစ်ကို ဖျက်ဆီးလိုက်သကဲ့သို့ ယှဉ်စပ်သည့် ကိစ္စရသပေါ်မူရှိခြင်းနှင့် ထို သီလလက္ခဏာနှင့် ပြည့်စုံစွာ ပေါ်မူ ရသကြောင့် အပြစ်ကင်းစင်သော၊ (ဝါ) "၅–ပါး၊ ၈-ပါး၊ ၁၀–ပါး၊ သုစရိတ (၁၀)ပါးနှင့် ပါတိမောက္ခ သံဝရသီလများ" အလျောက်၊ သမ္ပတ္တိ-ယှဉ်ဘက် စိတ်စေတနာအရ၊ အနဝဇ္ဇ ဂုဏ်နှင့်ပြည့်စုံရခြင်း ဖြစ်ပေါ်မူ ရသဟု ဆိုအပ်သော၊ ကိစ္စရသ- သမ္ပတ္တိရသ နှစ်ဖြာကို ခံစားရ၏၊ ထိုသို့– စောင့်စည်းကြဉ် ရှောင်မှုအလျောက်၊ အပြစ် မရှိ စင်ကြယ်ခြင်းကို ပြည့်စုံသော သီလတရားပါတကားဟု သီလရှိသူ ပုဂ္ဂိုလ်၌ ရှေးရှုထင်ပြင် အနဝဇ္ဇသုခ ပါမောဇ္ဇဂုဏ်အင်နှင့် ပီတိဝင်ရခြင်း အချင်းအရာ ရှိပေသည်။ ဤသီလဂုဏ် ထုံလွှမ်းနိုင်ပူ၏ နီးစွာသော အကြောင်းမှာ၊ ဒုစရိတ-

ဒုရာဇီဝတို့၌ ရှက်တတ်ခြင်း၊ ကြောက်တတ်ခြင်းလျှင် နီးစွာသော အကြောင်းရင်းရှိမှ- ပြည့်စုံအောင် ဆောက်တည်နိုင်သော သီလတရားဖြစ်ပေသည်။

အဲဒီလို= သီလမည်ပုံနှင့် သီလ၏. လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို ပိုင်းခြားသိသောအားဖြင့် ဆောက်တည်သော ယောဂီပုဂ္ဂိုလ်သည်၊ သီလ၏ ကျေးဇူးဂုဏ် ပေါ်ထွန်းရာ၌ ကောင်းစွာယုံကြည်၍၊ စောင့်စည်း, ကြဉ်ရှောင်နိုင်မှု သက်ဝင်နိုင်ပါသည်၊ (ဝါ) သက်ဝင်စေရာပါသည်။ ထိုမှတတန် သီလအပြားမြောက်များစွာ ရှိငြားသော်လည်း စာရိတ္တနှင့် ဝါရိတ္တသဘောမျှကိုပင် ပြပါတော့မည်။

## စာရိတ္တသီလ

"စရန္တိ ဥပဂစ္ဆန္တိ တေန သီလပါရိပူရိံ ပဝတ္တန္တိဝါ
တ္တောတိ စရိတံ တမေဝ စာရိတ္တံ" ဟူသော ဝစနတ္ထအရ။ ။

တေန– ထိုသီလဖြင့်၊ (ဝါ) ထိုသီလကြောင့်၊ သီလပါရိပူရိံ–သီလနှင့်ပြည့်စုံသည်၏ အဖြစ်သို့၊ စရန္တိ ဥပဂစ္ဆန္တိ– ရောက်ကုန်၏၊ (ဝါ) တနည်းကား၊ တ္တေ- ဤအကျင့်သီလ၌၊ (ဝါ) အာဘိသမာ စာရိကသီလ၌၊ ပဝတ္တန္တိ– ဖြစ်ကုန်၏၊ ဣတိ– ထိုကြောင့်၊ စရိတံ– စရိတမည်၏၊ တမေဝ– ထိုစရိတသည်ပင်၊ စာရိတ္တံ- စာရိတ္တမည်၏။ ။

တရားကိုယ်အားဖြင့် သဒ္ဓါ- ဝီရိယဖြင့် ပြီးစေအပ်သော ပကတိသီလအကျင့် "ကတ္တဗ္ဗ သိက္ခာပဒ ပူရဏ" အရ၊ စောင့်စည်းကျင့်ဆောင်မှု ပြည့်စုံနေသော သီလကို ဆိုလိုသည်။ တနည်းအားဖြင့်– ဘုရားအစရှိသော အရိယာအပေါင်းနှင့် သူတော်ကောင်းတို့က ကျင့်ကောင်း, ကျင့်ထိုက်သည့်သည်ဟု-ဆိုဆုံးမတိုင်း– အတတ်နိုင်ဆုံး တပါးနှစ်ပါးကစ၍- မြဲမြံစွာ– ကြဉ်ရှောင်စောင့်စည်း လုံခြုံနေသော အကျင့်သီလသည် စာရိတ္တသီလဖြစ်သည်။

## ဝါရိတ္တသီလ

"ဝါရိတံ ဝါရိတတော၊ ဝါယာယန္တိ
ရက္ခန္တိ တေနာတိ ဝါရိတ္တံ" ဟူသော ဝစနတ္ထအရ။ ။

တေန– ထိုသီလဖြင့်၊ ဝါရိတံ– တားမြစ်အပ်သော အမှုကို၊ (ဝါ) တနည်းကား၊ ဝါရိတတော–တားမြစ်အပ်သော အမှုမှ၊ တာယန္တိ ရက္ခန္တိ–မပြုမကျင့်, မလွန်, မကျူးမူ၍၊ စောင့်ရှောက်တတ်ကုန်၏၊ ဣတိ– ထိုကြောင့်၊ ဝါရိတ္တံ– ဝါရိတ္တမည်၏။ ။

တရားကိုယ်အားဖြင့်၊ သဒ္ဓါ- သတိဖြင့် ပြီးစေအပ်သော- "အကတ္တဗ္ဗ ဒုစ္စရိတ အကရဏ" ရှောင်ကြဉ်မှုနှင့် ပြည့်စုံသော သီလကိုဆိုလိုသည်။ တနည်းအားဖြင့်– ဘုရားအစရှိသော အရိယာအပေါင်းနှင့် သူတော်ကောင်းတို့က မကျင့်ကောင်း– မကျင့်ထိုက်ဟု ဆုံးမတိုင်း– လိုက်နာကြဉ်ရှောင် ဆောက်တည် ပြည့်စုံသော အကျင့်သီလသည် ဝါရိတ္တသီလ ဖြစ်သည်။

အထက်ပါ= စာရိတ္တသီလ–စောင့်စည်း ကျင့်ဆောင်မှု၊ ဝါရိတ္တသီလ- စောင့်ရှောက်, ရှောင်ကြဉ်မှုတို့တွင်၊ ပင်ကိုယ်ပကတိ စောင့်စည်းကျင့်ဆောင်မှုသည် လူပုဂ္ဂိုလ်တို့၌၊ စရိတ- ဝါသနာ- ကုလအာစာရ- အာစရိယ နိဿယ, အရ၊ အနည်းနှင့်အများ ပြည့်စုံတတ်ကြပေသည်။ ထိုစာရိတ္တသီလကို ခိုင်မြဲသည်ထက် ခိုင်မြဲစေ၍၊ ဝါရိတ္တသီလအားဖြင့် တိုးတက်ဆောက်တည် စောင့်စည်းမှုကို လူတို့အနေအားဖြင့် ၅–ပါး၊ ၈–ပါး၊ ၁၀–ပါးနှင့် သုစရိုက်တရား (၁၀)ပါးတို့ကို ၅–ပါး၌ နိစ္စဂရုဓမ္မ, အနေအားဖြင့် အစဉ် စောင့်ရှောက်, ဆောက်တည်နိုင်အောင် ကြိုးစားသင့်ပါသည်။ ရံခါအားဖြင့် ၈–ပါး၊ ၁၀–ပါး၊ ဥပေါသထ သီလကိုလည်း ကျင့်သုံးမပြတ်, ဝါတွင်း, ဝါပ, ဥပုသ်နေ့တိုင်း ရနိုင်လျှင် ပိုမိုကောင်းမွန်ပါသည်။

ယခုအခါ၊ သီလေပတိဋ္ဌာယသဘောကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဆရာရှင်မြတ်အလိုအရ မဂ်ဖိုလ်ကို အလိုရှိသော– မဂ်၏ ရှေ့အဘို့၌ ဝိသုဒ္ဓိဝင်အောင် စောင့်စည်းလိုသော သီလမှာမူ၊ စတုပါရိသုဒ္ဓိသီလကို ပြဋ္ဌာန်းတော် မူပါသည်။ ထိုလေးပါးသော သီလဖြင့် မဂ္ဂဗြဟ္မစရိယသီလအဖြစ် ဝိသုဒ္ဓိမြောက်ခြင်းကို(ဝါ) အထူးစင်ကြယ်ခြင်းကို ကျင့်ဆဲသေက္ခပုဂ္ဂိုလ်အတွက် အလိုရှိအပ်ပါသည်။ ထိုလေးပါးသော အထူးစင်ကြယ်ကြောင်း စတုပါရိသုဒ္ဓိ, သီလတို့မှာ....

(၁) ပါတိမောက္ခ သံဝရသီလ။
(၂) ဣန္ဒြိယ သံဝရသီလ။
(၃) အာဇီဝ ပါရိသုဒ္ဓိသီလ။
(၄) ပစ္စယ သန္နိဿိတသီလ- တို့ဖြစ်ပါသည်။

ဤလေးပါးသော စတုပါရိသုဒ္ဓိသီလတို့တွင်၊ ပါတိမောက္ခ သံဝရသီလကို ရှေးဦးစွာ ပြတော်မူခြင်းအတွက် လေးပါးစလုံးသည်ပင် ရဟန်းတော်တို့အတွက်သာဟု မှတ်ထင်တတ်ကြပါသည်။ ပါတိမောက္ခအနေအားဖြင့် ရဟန်း

ပရိသာတ်ကို အဦးထား၍ ဟောတော်မူခြင်းဖြစ်ပါသည်။ ယင်း, ပါတိမောက္ခ သံဝရသီလသည် ၅-ပါး၊ ၈-ပါး၊ ၁၀-ပါးနှင့် သုစရိတ (၁၀) ပါးတို့က စ၍ အကျုံးဝင်သော သီလဖြစ်ပါသည်။ လူ့ပုဂ္ဂိုလ့်ယောဂီတို့ အနေအား ဖြင့် ၂၂၇-သွယ်သော သိက္ခာပုဒ်နှင့် ပါတိမောက်လာ ရဟန်းတို့ သီလမှန်သမျှ နှင့် မယှဉ်စပ်သော်လည်း အထက်ပါ- ပါတိမောက္ခ သံဝရသီလဝင် ၅-ပါး၊ ၈-ပါး၊ ၁၀-ပါးနှင့် သုစရိတ(၁၀)ပါးတို့ကို အဖျင်းဆုံး ၅-ပါးကစ၍ စောင့်ထိန်းလျှင်ပင် ပါတိမောက္ခသံဝရသီလအတွင်းဝင် ဖြစ်ပါတော့သည်။

ထိုသို့- အနာဂါရိလမ်း, ရဟန်းတို့၏ သီလဟု ပညတ်ပြုခဲ့သော စတု ပါရိသုဒ္ဓိလသည် ပါတိမောက္ခသံဝရသီကို အစချီလိုက်သည်နှင့် လူတို့အနေ, အာဂါရိလမ်းနှင့် မဆိုင်ဟု ယူပိုင်ခြင်းမရှိအပ်ပါပေ။ လူပုဂ္ဂိုလ် ကလျာဏ, သေက္ခ, သောတာပန်, သကဒါဂါမိ့တို့သည်၊ ဤစတုပါရိ သုဒ္ဓိသီလကို ကျင့် သုံးလာကြသည့်နည်းတူ၊ အနာဂါရိလမ်း, အာဂါရိလမ်း နှစ်ဖြာစသုံး၌ ကျင့် သုံးထိုက်ကြောင်းဖြစ်၍သာ- စတုပါရိသုဒ္ဓိသီလ၌ တည်၍ဟု ပြဆိုတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ထို့ပြင်လည်း- စတုပါရိ သုဒ္ဓိသီလကို လူတို့ ကျင့်ထိုက်, ရထိုက် ကြောင်းဖြင့် သာသနာ့အကျော် လုံးထော်ဆရာတော်ဘုရားကြီး ပြုစုခဲ့သော ပကိဏ္ဏက ဝိနိစ္ဆယဋီကာ၌- အခိုင်အမာ, ဖွင့်ဆိုထားပေသည်။ ၎င်းအချုပ် သဘောမှာ....

လူဝတ်ကြောင်တို့၌၊ ဂရုဓမ္မနိစ္စ- ပဥ္စသီလသည်ပင်, ပါတိမောက္ခ သံဝရ သီလဝင်, ဖြစ်တော့သည်။ ဣန္ဒြိယ သံဝရသီလကိုလည်း၊ မနောကံပါ-လုံခြုံမှု အတွက်၎င်း၊ ဝိပဿနာ အခြေခံအားဖြင့်၎င်း၊နှလုံးသွင်းပွားများ ရှုမှတ်စောင့် ရှောက်နိုင်သည်။ ကာယဒုစရိုက် (၃) ပါး၊ ဝစီဒုစရိုက် (၄)ပါးတို့ကို ရှောင် ကြဉ်၍ အသက်မွေးမှုလျှင် အာဇီဝပါရိသုဒ္ဓိသီလ- ဖြစ်ရှိရတော့သည်။ ဓါတု မနသိကာရ- ပဋိကူလသညာတို့ဖြင့် ဆင်ခြင်ပုံကို သင်ကြားမှတ်သား၍၊ စားရာ ဝတ်ရာ, နေထိုင်ရာ, ဆေးဝါးမှီဝဲရာတို့၌ ဆင်ခြင် သိမ်းဆည်းလျှင် ပစ္စယ သန္နိဿိတ သီလရနိုင်တော့သည်ဟု ပါဠိတော်, အဋ္ဌကထာတို့နှင့်ညှိ၍၊ ပကိဏ္ဏက ဝိနိစ္ဆယဋီကာ၌ ဆုံးဖြတ်တော် မူခဲ့ပါသည်။

ထိုဆုံးဖြတ်ချက်- မှန်ကန်ကြောင်း၊ အနေအားဖြင့် လူဝတ်ကြောင်, အာဂါရိလမ်း၌ မဂ်ပန်း, ဖိုလ်ပန်း, စင်ကြယ်ခန်းဖြစ်သော စတုပါရိသုဒ္ဓိသီလ, ရကြဘိုရာ အချုပ်အညွှာ သဘောကိုလည်း ဒဿအင်္ဂုတ္တရ အဋ္ဌကထာ၌ ဤသို့ ဖွင့်ဆိုတော်မူပါသည်။

"တိသုဒွါရေသု သံဝရော၊ စတုပါရိသုဒ္ဓိသီလံ သာဓေတိ၊"

တိသုဒွေါရေသု–ကိုယ်, နှုတ်, စိတ်ထား–သုံးပါးသော ဒွါရတရားတို့၌၊ သံဝရော– လှုလှုပိုင်ပိုင်, နိုင်နိုင်နင်းနင်း, ဉာဏ်ဖြင့် သွင်းလျက်၊ ကွင်းကွင်း ကွက်ကွက်, အချက်ကျကျ၊ စောင့်ထိန်းနိုင်သော သူသည်၊ စတုပါရိသုဒ္ဓိသီလံ– ဝိနည်းတော်ကျမ်းဂန်တို့၌၊ ရဟန်းတို့၏ သီလသာဟု မြတ်စွာသုံးလူ့, ပညတ် ပြုအပ်သည့် စတုပါရိသုဒ္ဓိ သီလကြီး လေးပါးကို၊ သာဓေတိ-အချုပ်အညှာကို သိက မိမိရရကြီး, ပြီးမြောက်စေနိုင်၏၊ ။

အခိပ္ပါယ်ကတော့ စတုပါရိသုဒ္ဓိ သီလလေးပါးကို ပြည့်စုံလိုပါလျှင်၊ ကာယကံ ၃–ပါး၊ ဝစီကံ ၄–ပါး၊ မနောကံ ၃–ပါး၊ ဒုစရိုက်တရား(၁၀) ပါးတို့ကို ကြဉ်ရှောင်၍၊ သုစရိုက်တရားကို ကာယ, ဝစီ, မနော–တိုင်အောင်၊ ကျင့်ဆောင်ပိုင်နိုင်ပါလျှင်၊ စတုပါရိသုဒ္ဓိ သီလလေးပါးကို အချုပ် အညှာ သဖွယ်, အထုပ်အထယ်နှင့် ပြီးပြည့်စုံနိုင်ကြောင်းကို၊ အဋ္ဌကထာ ဆရာမြတ်က သတ်မှတ်တော်မူလိုက်ပါတယ်၊ အဋ္ဌကထာ ဆရာမြတ်ဆိုသည်မှာ–ဗုဒ္ဓမတညှ, ဘုရားအလိုတော်မြတ်ကို သိစွမ်းတော်မူသည်ဖြစ်၍၊ ဘုရားရှင် အလိုတော်ကျ– လုဝတ်ကြောင်းတို့– စတုပါရိသုဒ္ဓိသီလ, ပြည့်ဝအောင် ရစေခြင်းသည်၊ သုစရိတ သီလ (၁၀) ပါးကို လုံခြုံလျှင်၊ ပြည့်စုံသွားနိုင်သည်ဟု ဖွင့်ဆိုတော်မူလိုက် ပေသည်။ ထိုဖွင့်ဆိုတော်မူချက် ခိုင်လုံကြောင်းမှာလဲ၊ ဘုရားရှင်အလိုနဲ့ ကိုက်ညီ ကြောင်းကို၊ မဟာဝဂ္ဂဗောဇ္ဈင်္ဂ, သံယုတ်ပါဠိတော်တွင်– သာကေတမြို့သား ထင်ပေါ်ကျော်ကြားသော ဂုဏ်ရှိသူ "ကုဏ္ဍလိယ" ပုရဗိုဇ်ရဟန်းက၊ မြတ်စွာ ဘုရားသခင်ကို လျှောက်ထားသဖြင့် ဖြေကြားဟောဖော်တော်မူပုံနှင့် တကွ နက်တူပုံလဲ ကိုက်ညီပါပေတယ်၊ ယင်း-ကုဏ္ဍလိယ၏ လျှောက်ထားချက်မှာ....။

"ကတမေ ပန ဘော ဂေါတမ ဘာဝိတာ ဗဟုလီကတာ
တီဏိ သုစရိတာနိ ပရိ ပူရေန္တိ၊"

ဘောဂေါတမ– လောကတလွှား, လွှင့်ထင်ရှားသည့်၊ အို–ဂေါတမ ရှင်တော် မြတ်ဘုရား။ ကတမေပန– လူတွင်ထင်ရှား, အဘယ်တရားကိုလျှင်၊ ဘာဝိတာ–စိတ်မှာသွင်းထား, ပွားများအပ်သည်ရှိသော်၊ဗဟုလီကတာ–မပွား, ပွားအောင်၊ ထင်ရှားရွယ်ချိန်– အကြိမ်များစွာ ပြုအပ်သည်ရှိသော်။ တီဏိ သုစရိတာနိ– ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်, သုံးပါးတို့ကို၊ ပရိပူရေန္တိ–ကိုယ်ဝယ်ပြည့်ပွား၊ ရငြားလာစေနိုင်ပါသနည်း ဘုရား။ ။

အထက်ပါ-ဒသင်္ဂုတ္တရအဋ္ဌကထာ ဆရာမြတ်ဖွင့်ဆိုတော်မူခဲ့တဲ့၊သုစရိတ (၁၀)ပါးနှင့် ပြည့်စုံရင်၊ စတုပါရိသုဒ္ဓိသီလရဲ့၊ အချုပ်အည္ဟာပါဘဲလို့ ဆိုခဲ့တယ်။ ယခု ကုဏ္ဍလိယ ပုရဗိုဇ်က၊ အဲဒီ-သုစရိတသီလသုံးပါးကို လုံခြုံပြည့်စုံအောင်, ဘယ်တရားကို အကြိမ်များစွာ ခြင်ဆင်လေ့လာရပါမလဲ ဘုရားလို့-လျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားသခင် ဆုံးဖြတ်သွန်သင်တော်မူလိုက်ပုံကတော့....။

"ဣန္ဒြိယ သံဝရော ခေါ ကုဏ္ဍလိယ ဘာဝိတော
ဗဟုလီကတော တီဏိ သုစရိတာနိ ပရိပူရေန္တိ၊"

ကုဏ္ဍလိယ– ကြီးကြီးကျယ်ကျယ်၊ ဥဏ္ဏဝယ်စစ်လျှောက်၊ ·စုံထောက်မေးမြန်း၊ အို....ကုဏ္ဍလိယ ပုရဗိုဇ်ရဟန်း၊ ဣန္ဒြိယ သံဝရောခေါ– စက်, သော, ဃာ, ဇိ, ကာ, မနီ, ဟု- ခြောက်လီပြားထွေ၊ ခြောက်ဣန္ဒြေနှင့် ခြောက်တံခါးပေါက်, စောင့်ရှောက်ထိန်းသိမ်းမှုတည်းသော ဣန္ဒြိယ သံဝရသီလကိုသာလျှင်၊ ဘာဝိတော– အကျိုးသိမြင်,စိတ်တွင်ထင်ရှား, ပွားများအပ်သည်ရှိသော်၊ ဗဟုလီကတော– အကျိုးလိုလား၊ မပွား,ပွားအောင်၊ ထင်ရှားရှယ်ချိန်, အကြိမ်များစွာ ပြုအပ်သည်ရှိသော်၊ တီဏိ သုစရိတာနိ– စတုပါရိသုဒ္ဓိသီလနှင့် ညီမျှချိန်ကိုက်သော သုစရိုက် ကံသုံးပါး,သုစရိတ (၁၀)ပါး တို့သည်၊ ပရိပူရေန္တိ– ကိုယ်ဝယ်ပြည့်ငြား- ထင်ရှားတည်လာနိုင်ကြပေကုန်၏။ ။

ဤသို့- သုစရိုက်(၁၀)ပါး လုံခြုံအောင်၊ အဘယ်တရားကို ပွားများဆောင်ရွက်ရပါမည်နည်း ဘုရားဟု- ကုဏ္ဍလိယပုရဗိုဇ်၏ အမေးကို၊ မြတ်စွာဘုရားသခင်သည် "ဣန္ဒြိယသံဝရသီလ"ကိုလုံခြုံအောင်ပွားများလေ့လာလျှင်၊ စတုပါရိသုဒ္ဓိသီလနှင့် ညီမျှချိန်ကိုက်သည့်– သုစရိုက်သုံးပါးနှင့် ပြည့်စုံခြင်းကို ပြီးမြောက်စေနိုင်သည်ဟု ဟောဆိုတော်မူခဲ့ပါပေသည်။

ထိုကဲ့သို့– မြတ်စွာဘုရားသခင်- ဖြေကြားမိန့်ထားတော်မူတဲ့၊ ဣန္ဒြေခြောက်စုံ လုံခြုံငြားက၊ စတုပါရိသုဒ္ဓိသီလတရားကို ဘာကြောင့် ပြည့်စုံနိုင်သည်ကိုလည်း၊ သံယုတ်အဋ္ဌကထာ ဆရာအရှင်မြတ်က–တဖန် ထပ်၍ ဖွင့်ဆိုထားပါတယ်။

"ဣန္ဒြိယ သံဝရ သမ္ပဒါနဝသေန တိဏ္ဏံသုစရိတာနံ သိဒ္ဓနတော၊"လို့ အဖြေထုတ်ထားပါတယ်....။

တသ္မာ-ဣန္ဒြေခြောက်ပါးကို မပေါက်ကြားအောင်,စောင့်ရှောက်ထားရှိမှုနှင့် သုစရိုက် သီလကြီးတို့သည်၊ အပြီးကိုယ်တွင်, အလိုလိုပင်– အဘယ်

ကြောင့် ခိုဝင်၍ ပြည့်စုံလာပါရ သနည်းဆိုသော်၊ ဣန္ဒြိယ သမ္ပဒါနဝသေန- ဣန္ဒြေခြောက်စုံကို လုံအောင်ထိန်းချက်၏- အကွက်ကျကျ ပြည့်စုံသည့်အစွမ်း အားဖြင့်၊တိဏ္ဏံသုစရိတာနံ-စတုပါရိသုဒ္ဓိသီလနှင့် ညီမျှချိန်ကိုက်သော သုစရိုက် သီလသုံးပါး၏၊ သိဇ္ဈနတော- ကျွကူးရေပါ ပုံအလာဖြင့် ဘာသာလျှောက် လျား ပြီးမြောက်၍ သွားခြင်းကြောင့်ပေတည်း။

အဲဒီလို-စတုပါရိသုဒ္ဓိ သီလကြီး လေးပါးကို ပဌမ, အဋ္ဌကထာ ဆရာ မြတ်က သုစရိုက်သုံးပါးလုံးခြုံငြားက အချုပ်အညွှာအားဖြင့် ပြည့်စုံနိုင်ပေ တယ်လို့ ဖွင့်ဆိုချက်ကို မြတ်စွာဘုရားသခင်က သုစရိုက်သုံးပါးလုံးခြုံချင်က၊ ဣန္ဒြိယသံဝရသီလကို လုံခြုံလျှင်- ပြည့်စုံ ပြီးမြောက်တယ်လို့- ထပ်ဆင့်ဟော ဆိုတော်မူပါတယ်။ယင်းသို့- ဘုရားရှင်ဟောတော်မူချက်ကို သံယုတ်အဋ္ဌကထာ ဆရာရှင်ကလဲ၊ ကျွကူးရေပါ-ပုံအလာဖြင့် စတုပါရိသုဒ္ဓိ သီလလေးပါးကိုပါ ပြည့်စုံငြားတဲ့-အချုပ်အညွှာဟာဖြင့် ဣန္ဒြိယသံဝရသီလပါဘဲရယ်လို့ ထောက် ခံဆုံးဖြတ်တော်မူလိုက်ပါတယ်။

အဲဒီအချက်တွေ မှန်မမှန်ကို- အနည်းငယ် ပြန်လှန်ဝေဘန်ပြရသော်၊ စတုပါရိသုဒ္ဓိသီလကြီး လေးပါးတို့တွင် ပါတိမောက္ခအရာ၌ ၅-ပါး၊ ၈-ပါး၊ ၁၀-ပါး, သီလတို့သည်၊ လူတို့စောင့်ထိန်းနိုင်၍- အကျွမ်းဝင်သွားကြောင်း တင်ရှားကုံလုံပါသည်။ အာဇီဝပါရိသုဒ္ဓိသီလမှာ၊ ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ ရှောင်ကြဉ်၍- အသက်မွေးလျှင်လည်း လူတို့အနေ ပြည့်စုံနိုင်ပါပေ တယ်။ ပစ္စယသန္နိဿိတ သီလကိုလဲ၊ စား, ဝတ်,နေရေး,ကျန်းမာရေးအတွက် သုံးဆောင်တိုင်း၊ ဓါတ်အနေနှင့် ဆင်ခြင်မှု- ပဋိကူလသညာ-ဆက်ဆုတ်ဖွယ်ရာ အနေ ဆင်ခြင်မှုကို ဆင်ခြင်နိုင်လျှင် ရရှိပြည့်စုံနိုင်ပါတယ်။ ဒီတော့ ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ ကိုယ်,နှုတ် လုံခြုံခြင်းနှင့် ဓါတုမနသိကာရ-ပဋိကူလ မနသိကာရ- ဆင်ခြင်နိုင်ဘို့ဆိုတာက၊ တကယ် သမ္မာသတိရှိသူ ယောဂီတိုင်း ပြည့်စုံနိုင်သောအချက်ပင် ဖြစ်ပါပေတယ်။

၎င်း-ပါတိမောက္ခသီလအနေ၊ အာဇီဝသီလအနေ၊ ပစ္စယသန္နိဿိတ သီလအနေတို့ဟာဖြင့်၊ ယောဂီတို့တွင် တကယ်တန်း,တတ်နိုင်သမျှ ထိန်းသိမ်း လိုလားပါမူ၊ သဒ္ဓါ, သတိနှင့် မမေ့မလျော့- ယုံကြည်လေးစားစွာ အလွယ် တကူ ကျင့်သုံးနိုင်သော သီလများဖြစ်ပါသည်။ဘာကြောင့်ဆိုသော်-ကာယကံ, ဝစီကံ လုံခြုံမှုနှင့် သာမညပစ္စဝေက္ခဏာ- သဘောမျှသာဖြစ်ခြင်းကြောင့် ဖြစ် ပါသည်။

ဣန္ဒြိယ သံဝရသီလမှာမူ၊ သုစရိုက် (၁၀)ပါးလုံခြုံမှုအတွက် မနောကံ ဖြစ်သော "အဘိဇ္ဈာ- ဗျာပါဒ- မိစ္ဆာဒိဋ္ဌိ" တရားများကို သုတ်သင်အပ်သော ဆင်ခြင်နှလုံးသွင်း, စောင့်ထိမ်းရခြင်းဖြစ်၍၊ မဟာပစ္စဝေက္ခဏာသဘောဖြစ် ပါသည်။ ဒုစရိုက် (၁၀)ပါးတို့တွင် မနောကံသည် အချုပ်တရားဖြစ်ရာ၊ ထို မနောကံ ဖြစ်ပေါ်လာမှု- မိစ္ဆာဒိဋ္ဌိကိုသုတ်သင်၍၊ သမ္မာဒိဋ္ဌိဉာဏ်နှင့်ယှဉ်ကာ ဣန္ဒြေခြောက်စုံ လုံအောင် စောင့်ရှောက်နိုင်သည်နှင့်အမျှ ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါးတို့သည် အလိုလိုပင် ပြီးစီးနိုင်ပါတော့သည်။

ကာယကံ ၃-ပါးဖြစ်သော၊ ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသု မိစ္ဆာစာရ တို့သည်၎င်း၊ မုသာဝါဒါ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာဝါစာတို့သည်၎င်း၊ အမှန်မယူ မမြင်, မသိခြင်းကြောင့်သာ ဖြစ်ပွား လာတတ်ရကား၊ ဣန္ဒြေခြောက်စုံ၌ လုံခြုံအောင် စောင့်ရှောက်သောအားဖြင့် ပြီးမြောက် ပြည့်စုံသွားနိုင်ပါသည်။

ခန္ဓာငါးပါး, ရုပ်နာမ်, တရားတို့၏၊ ရုပ်, အနေအားဖြင့် ဖြစ်ပွားရမှု၊ ကာယကံ, ဝစီကံနှင့်၊ နာမ်, အနေအားဖြင့် ဖြစ်ပွားရမှု၊ ခံစား, မှတ်သား, စေ့ဆော်, တွေးကြံသိတရားမှ၊ မနောကံများသည်၊ ဤ- ဣန္ဒြေခြောက်ပါး ခေါ်၊ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေ- ဆိုတဲ့ အစိုးတရအားဖြင့် ခန္ဓာငါးပါးဖြစ်တိုင်း၊ ကံသုံးပါးအတွင်းသို့၊ အကုသလာ ဓမ္မာ, ကုသလာဓမ္မာ, နှစ်ဖြာအနေဖြင့် မရပ်မနား သက်ဝင်နေကြရပါသည်။

ထိုသို့= သက်ဝင်ခြင်း၌၊ ကာယကံ, ၃-ပါး၊ ဝစီကံ, ၄-ပါး ဖြစ်ပွား ရေးများသည် စက္ခုဆိုတဲ့ မျက်စိနဲ့မြင်မှုနှင့် တိုက်ဆိုင်၍ ဖြစ်ပွားခြင်း၊ သောတ ဆိုတဲ့ နားက ကြားမှုနှင့် တိုက်ဆိုင်၍ ဖြစ်ပွားခြင်း၊ ဃာန- ဆိုတဲ့ နှာခေါင်းက နံမှုနှင့် တိုက်ဆိုင်၍ ဖြစ်ပွားခြင်း၊ ဇိဝှါ- ဆိုတဲ့ လျှာက၊ အရသာနဲ့ တိုက်ဆိုင်၍ ဖြစ်ပွားခြင်း၊ ကာယ- ဆိုတဲ့ ကိုယ်က၊ တွေ့ထိမှုနဲ့ တိုက်ဆိုင်၍ ဖြစ်ပွားခြင်း၊ မန-ဆိုတဲ့ ဝိပါက်မနောဓါတ်က- မနောဝိညာဏ်အနေနဲ့ တွေးကြံသိမှုနှင့် တိုက် ဆိုင်၍ ဖြစ်ပွားခြင်း၊ ဒီ- တံခါးခြောက်ပေါက် အာရုံခြောက်ပါး, တိုက်ဆိုင် မှုနဲ့ ဖြစ်ပွားရင်းမှ ကာယကံ, ဝစီကံ, မနောကံ, ဆိုပြီး၊ ကုသိုလ်, အကုသိုလ် တွေ ဖြစ်ကြရပါတယ်။

ဒီတော့= စက္ခုဆိုတဲ့ မျက်စေ့မှာ ဣန္ဒြေမရှိရင်၊ (ဝါ) အစိုးတရ ဖြစ်အောင်၊ အသိဉာဏ်, ပညာနဲ့ စောင့်ရှောက်မထားရင်၊ သောတ- နား၊ ဃာန- နှာခေါင်း၊ ဇိဝှါ- လျှာ၊ ကာယ- ကိုယ်၊ မန- ဝိပါက်မနောဓါတ်

တို့မှာလဲ ဣန္ဒြေမရှိရင်၊ (ဝါ) အစိုးမရရင်၊ (ဝါ) အစိုးတရ ဖြစ်အောင် အသိဉာဏ်ပညာနဲ့ စောင့်ရှောက်မထားရင်၊ ကာယ– ဒုစရိုက်တွေ မနားတန်း ဖြစ်ပွားမယ်၊ ဝစီဒုစရိုက်တွေ မနားတန်း ဖြစ်ပွားမယ်၊ မနောဒုစရိုက်တွေလဲ မနားတန်းဖြစ်ပွားမယ်ဆိုတာ ထင်ရှားစွာ့သေချာလှပါတော့တယ်၊ ဒါ့ကြောင့် မြတ်စွာဘုရားသခင်က - ဣန္ဒြေခြောက်စုံ၊လုံခြုံအောင် စောင့်ထိမ်းလျှင် သုစရိတသီလ(၁၀)ပါး၊ ပြည့်စုံပြားပေတယ်လို့ ဟောတော်မူခဲ့ပါတယ်၊ ဒါကို အဋ္ဌကထာ ဆရာရှင်ကလဲ ကျွဲကူးရေပါ ပုံပမာလိုပါဘဲ၊ မနောကံကို ထိမ်းသိမ်းကာဖြင့် စတုပါရိသုဒ္ဓိသီလနဲ့ ညီမျှချိန်ကိုက်တယ်လို့ ဆုံးဖြတ်ပေးတော် မူခဲ့ခြင်းဖြစ်ပါတယ်။

မချွတ်မယွင်း, မှန်ကန်လှပါသည်။ ဣန္ဒြေခြောက်စုံကိုသာ လုံအောင်ထိမ်းလိုက်မယ်ဆိုရင်၊ မနောကံဖြစ်မဲ့- မြင်, ကြား, နံ့, စား, တွေ့ထိ, သိ, တရားတွေနဲ့ တိုက်ဆိုင်လာတိုင်း၊ အဘိဇ္ဈာ, အစရှိတဲ့ လောဘတွေ၊ ဗျာပါဒ အစရှိတဲ့ ဒေါသတွေသည် မိစ္ဆာဒိဋ္ဌိဆိုတဲ့ မောဟကို၊ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်နဲ့ မြင်မှု, ကြားမှု, နံ့မှု, စားမှု, တွေ့ထိမှု, တွေးကြံသိမှု, အပေါ်တွေမှာ၊ အမှားမယှဉ်- အမှန်ဝင်၍ ဆင်ခြင်လိုက်တိုင်း၊ မောဟ့ကို သတ်ပိုင်းလိုက်နိုင်သဖြင့်၊ လောဘ, နှင့် ဒေါသ, ဆက်ဖြစ်စရာအကြောင်း မရကောင်းတော့သည်ဖြစ်၍၊ (ဝါ) မြင်မှု၌– စက္ခုန္ဒြေ၊ ကြားမှု၌–သောတိန္ဒြေ၊ နံ့မှု၌– ဃာနိန္ဒြေ၊ စားမှု၌ ဇိဝှိန္ဒြေ၊ တွေ့ထိမှု၌ ကာယိန္ဒြေ၊ တွေးကြံသိမှု၌ မနိန္ဒြေအဖြစ်နဲ့, အစိုးတရ စောင့်ရှောက်လိုက်သည်ဖြစ်၍၊ ကောင်းတယ်, မကောင်းဘူး၊ ကြိုက်တယ်, မကြိုက်ဘူး၊ နှစ်သက်ဘယ်, မနှစ်သက်ဘူး– ဆိုတဲ့၊ ကောင်း, ကြိုက်, နှစ်သက်တတ်တဲ့ လောဘတရားနဲ့၊ မကောင်း, မကြိုက်, မနှစ်သက်တတ်တဲ့– ဒေါသတရားတို့ ဆက်လက်ဖြစ်ပေါ်လာရန် အကြောင်းအခွင့် မရရှိသည့် မနောကံအချုပ်ကို၊ ဣန္ဒြေနှင့် သုမ်သင်လိုက်သောကြောင့်၊ ကာယကံ, ဝစီကံတွေ- မခြံရံမသက်ဝင်တော့ဘဲ၊ ဒုစရိုက်(၁၀)ပါး လုံခြုံသွားသည်ဖြစ်၍၊ အလုံးစုံ, စတုပါရိသုဒ္ဓိသီလကြီး လေးပါးတို့သည်၊ ကျွဲကူးရေပါ ပုံအလာဖြင့် ဘာသာလျှောက်လျှား ပြည့်စုံသွားကြောင်း ထင်ရှားလှပါပေတော့သည်။

အဲဒီ– ဣန္ဒြေခြောက်စုံကို၊ ဘာနဲ့ လုံခြုံအောင် ထိမ်းသိမ်းရမှာလဲဆိုတော့၊ အဓိကတော့- မိစ္ဆာဒိဋ္ဌိကို သမ္မာဒိဋ္ဌိဖြစ်အောင်၊ ယထာဘူတပညာ- သမ္မာဒဿန– ဝိပဿနာတို့ကို ဆည်းပူးကြိုးကုတ် သင်ယူ, ကြားနာ, ဆောင်ထားပြီးလျှင်၊ ''သဒ္ဓိန္ဒြေ–ဝီရိယိန္ဒြေ–သမာဓိန္ဒြေ- ပညိန္ဒြေ'' ဆိုတဲ့ ဣန္ဒြေငါးပါး နိဗ္ဗေဓဘာဂိယ, ဗောဓိပက္ခိယဝင် တရားနဲ့အညီ၊ စောင့်စည်း, ပိတ်ဆို့ ထိမ်း

သိမ်းလျက် လုံခြုံစေရမှာ ဖြစ်ပါတယ်။ အဲဒီလို– ဝဋ္ဋကြောက်ပါးကို သတိသံဝရအနေ– သမ္ပဇဉ်ညာတွေနဲ့ စောင့်စည်းလုံခြုံနိုင်သော ယောဂီသူမြတ်သည် စတုပါရိသုဒ္ဓိ သီလကြီးလေးပါးကို အထူးအခြားအားဖြင့် ထိန်းစရာ မလိုဘဲ၊ အချုပ်အားဖြင့်– ပြည့်စုံရရှိ နိုင်ပြီးလျှင်၊ ဝိပဿနာဉာဏ် အဆက်ဆက် ဖြစ်ရှိရေးကိုလဲ အလေးအနက်, အထောက်အကူပေးသော သီလနှင့် ဆေး၍၊ ပညာဉာဏ်နှင့် စင်ကျယ်စေသော သီလဝိသုဒ္ဓိကို၊ တင်းပြည့်, ကျပ်ပြည့် ရရှိစေသော တရား ဖြစ်ပါတယ်။ ။

ထိုကြောင့်- ဘုရားရှင်မိန့်မှာ အဋ္ဌကထာ ဆရာအလိုကျနှင့်အညီ၊ ဋီကာဆရာ ဆုံးဖြတ်ချက်တွေနှင့် အကိုက်ဖြစ်သော– ဝဋ္ဋကြောက်စုံ လုံအောင် ထိန်းချက်၊ ဒေသနက္ကမနည်းကျ စတုပါရိသုဒ္ဓိသီလကို ရလိုသော ယောဂီသူမြတ်သည်၊ ရှေ့ဆက်၍ပြမည့် ဣန္ဒြိယသံဝရ သီလတရားနှင့်ဝိပဿနာဉာဏ်အထောက်အကူပြုမည့် တရားမြတ်များကို လေးနက်စွာ ဘတ်ကြား, မှတ်သား၍၊ လိုက်နာကျင့်ဆောင်ရန် ကြိုးစားတော်မူကြပါဟု ကြိုတင် တိုက်တွန်းလိုက်ပါသည်။

ယခုအခါ–အာယုကပ် ကမ္ဘာအနေအားဖြင့် သက်တန်းတွေ ယုတ်သဖြင့် ဆုတ်ကပ်လို့ ဆိုရသော်လည်း၊ လောက, လောကီရေးရာမှာ သိပ္ပံပညာတွေ တိုးတက် ထွန်းကားနေသလို၊ လောကုတ္တရာရေးရာမှာလဲ ဝိမုတ္တိယုဂခေတ်, မဟာဝိပဿနာပညာတွေ တိုးတက်ထွန်းကားလျက်ရှိရာမှာ၊ ဆုတ်ကပ်ရောက်မှု အလျောက်, ကိုယ်ကျင့်တရား ပျက်ပြားမှုတွေက၊ များပြားလျက် ရှိကြပေသည်။ ဝိမုတ္တိယုဂခေတ်အနေကတော့ တက်ကပ်လိုကောင်းလာပေမဲ့၊ အာယုကပ် ဆုတ်ကပ်အတွင်းမှာ ချဉ်းနင်းဖြစ်လာ သတ္တဝါ, သူငါ, တို့မှာ၊ ကိုယ်ကျင့်တရား ပျက်ပြား, သီလတရားဆိုလျှင် စောင့်ရမှန်းသိသူက တစ, တစ, အလွန်တရာ ရှားပါး၍ နေတော့သည်။ လွန်ခဲ့သော- နှစ်ပေါင်း ၁၅၀-ကျော်ဆီကဆိုလျှင် သီတင်းဥပုသ်နေ့တိုင်း, ဘုရားကျောင်းကန်တွေမှာ စည်စည်, ကားကားနှင့် ဒါန, သီလတရားကို ကြိုးကုတ်စောင့်ထိန်းမှုတွေ များခဲ့ကြပေမဲ့ ယခု– မျက်မှောက်ခေတ်တွင် သီလစောင့်၍ စိတ်ပုတီးမျက်စိုင်ရမည်ကိုပင် ရှက်စရာအသွင်ကဲ့သို့ ဒုစရိုက်ကို ရှက်ကြောက်ရမည့်အစား, သုစရိုက်ကိုပင် ရှက်ကြောက်ဘွယ် ထင်နေသော ခါသမယ၌၊ သီလတရားကို အလေးထား၍ ဟောကြားရမည်ပင်၊ အခက်ကြီး, ခက်၍ နေသလိုဖြစ်နေရပေသည်။

ထို့ကြောင့်= မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို လိုလားသူတို့အတွက် ခေတ်ကောင်းကြီးတဆက်၊ တက်ကပ်လိုကောင်းတဲ့ ဝိမုတ္တိယုဂခေတ်ကို အလွတ်မခံနိုင်လျှင် အခြေခံ အမိသီလသိက္ခာမြောက်မည့် သီလတရား, သုစရိတနှင့် ညီမျှသော-

ဣန္ဒြိယသံဝရ သီလကို အရေးတကြီး ဦးစွာ စောင့်စည်းသင့်ပေသည်။ ထိုကဲ့သို့ သီလတရား စောင့်စည်းနိုင်ကြောင်း၏ နီးစွာသော အကြောင်းတရားတို့မှာ၊ အပါယ်လေးပါးမှ ရှေးဦးစွာ– ကင်းဝေးလိုသော သူတော်ကောင်းတို့သည် ဒုစရိုက်, ဒုရာဇီဝတရားတို့အပေါ်၌ ကျူးလွန်ပြုကျင့်ရသည်ကို၊ ဟီရိ– ရှက်မှု၊ ဩတ္တပ္ပ- ကြောက်မှုဆိုတဲ့ လောကပါလ တရားနှစ်ပါး, ရင်ဝယ်ထားနိုင်ငြား ပါမှ၊ သီလတရား စောင့်စည်း,အားထုတ်နိုင်ကြမှာ ဖြစ်ပါတယ်၊ ထိုသို့–သီလ အလုပ်, အားထုတ်နိုင်မှု၏ အချုပ်အညွှာကိုလဲ- ပဋိသမ္ဘိဒါမဂ်နှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌၊ ဤသို့-ဖွင့်ဆိုတော် မူခဲ့ပါတယ်။

## သီလအလုပ်၏ အညွှာအချုပ်

"ဟိရောတ္တပ္ပေဟိ သတိသီလံ ဥပ္ပဇ္ဇတိစေဝ တိဋ္ဌတိစ
အသတိ နေဝ ဥပ္ပဇ္ဇတိ နတိဋ္ဌတိ။"

ဟဲ– သီလအလုပ်, အားထုတ်မှု၏ အချုပ်အညွှာကို ပြမှာလိုက်ပေအံ့။ ဟိရောတ္တပ္ပေ- အရှက်အိုးကွဲ၊ အကျိုးနဲ့စရာနှင့် လောကသံသရာ နှစ်ဖြာဘေး ဆိုး၊ ကြောက်ခြင်းမျိုးသည်၊ သတိ- ရှေးရေး, နောက်ရေး, ထောက်တွေး ဆင်ခြင်၊ လူတွင်ထင်ရှား ရှိခဲ့ငြားသော်၊ သီလံ– ရဟန်း, ရှင်လူ, ခံမင်တောင့်တ ဝင့်ကို ချသည့် သီလအမျိုးမျိုးသည်၊ ဥပ္ပဇ္ဇတိစေဝ– စင်စစ်လိုလား၊ ဆောက် တည်ငြားလျက်၊ ထင်ရှားမသွေ, ဖြစ်ပေါ်၍ လာတတ်ပေ၏၊ တိဋ္ဌတိစ–မလွန် မကျူး သီလာဒိ ဝိမောက္ခထူးသူအား၊ ထင်ရှားစွာ တည်တတ်၏၊ အသတိ– အရှက်ကွဲရမှာကို မညှာမထောက်, မထိတ်ကြောက်ခဲ့သော်၊ နေဝဥပ္ပဇ္ဇတိ–သီလ တရား, ထင်ရှားအသစ်, ဖြစ်လည်းမဖြစ်ပြီ၊ နတိဋ္ဌတိ- မဖြစ်သောအား, ထင် အရှားလည်း မတည်ငြားနိုင်တော့ပြီ။ ။

ကဲ– ဒီတော့၊ သီလပင်မ, ဟီရိနဲ့ ဩတ္တပ္ပလို့ဆိုတာ၊ အပါယဒုက္ခဘေး သံသရာ့ဒုက္ခ, ဘေးနှစ်ဖြာကို၊ ခြံရံခါ, ဖြစ်ပေါ်စေတတ်တဲ့၊ မိမိတို့ခန္ဓာမှာ– အမြင်, အယူ, အသိ, အမှန်တရားချိတ်တဲ့ သဖြင့်၊ ရစ်ပတ်ခံထားရသော– အဟိ ရိက, အနောတ္တပ္ပဆိုတဲ့ ဒုစရိုက်အလုပ်၌ မရှက်,မကြောက်,တတ်မှု တရားတို့ကို အပါယဘေး- အမြင်မှန်နဲ့တွေး၍ လေးလေး,နက်နက် ရှက်ကြောက်တတ်သော သမ္မာဒိဋ္ဌိပညာနဲ့ ကြည့်မြင်ပြီးလျှင် ပယ်နှုတ်ဘို့ အရေးကြီးဆုံး ဖြစ်ပါတယ်။ ဒီနေရာမှာ- ဘာဖြစ်၍ သမ္မာဒိဋ္ဌိပညာနဲ့ ပယ်နှုတ်ရမယ်ဆိုတာကတော့၊ ၎င်း–

ရှက်, ကြောက်, နှစ်ဖြာတို့၏ အညွှာအချုပ်,ခေါင်ချုပ်ပြု၍ တားဆည်းပိတ်ပင် မမြင်ကန်းအောင် ပြုစွမ်းထားသော တရားခံတရားကိုယ်သည်၊ မောဟမူလ-အဝိဇ္ဇာကြောင့်ပင် ဖြစ်ပါတယ်။ ထိုသို့- ဟိရီ, ဩတပ္ပ, ကင်းကွာအောင်၊ မောဟ, အဝိဇ္ဇာက မှောင်ချပေးထားကြောင်းကိုလဲ အဋ္ဌကထာဆရာ နှစ်ဆူက ပင်၊ ဤသို့- ယှဉ်ပြဖွင့်ဆိုတော် မူပါတယ်။

## ဟိရီ-ဩတပ္ပတရားတို့၏ အညွှာအချုပ်

"ယောဟိ ကောစိ ပါဏာတိပါတာဒီသု ပဋိပဇ္ဇတိ၊
သောသဗ္ဗောပိ မောဟေန အနာဒီနဝ ဒဿာဝီ၊
အဟိရိကေန အဇိဂုစ္ဆန္တော အနောတ္တပ္ပေန အနောတ္တပ္ပန္တော။"

ဟိ- ရှက်,ကြောက် နှစ်ဖြာတို့၏ အညွှာအချုပ်ကို ဖေါ်ထုတ်၍ ပြမှာ ပေအံ့၊ ယောကောစိ- အကြင်, အမှတ်မထင်၊ ရဟန်း,ရှင် လူအားလုံးသူသည်၊ ပါဏာတိပါတာဒီသု- အသက်သတ်မှု အစပြုသော ဒုစရိုက် (၁၀)ပါး တို့၌၊ ပဋိပဇ္ဇတိ- မရှောင်မကွင်း, ကျော်နင်းသမှု, ကျူးလွန်၍ ပြုကျင့်၏၊ သော သဗ္ဗောပိ- ထိုဒုစရိုက် (၁၀) ပါးကို ကျူးလွန်မိငြား, ရှင်လူများသည်ကား၊ မောဟေန- အကြောင်းအကျိုးနှစ်ပါးကို မျက်ဝါးထင်ထင်, မမြင်မသိအောင် ဖုံးကွယ်ထားသော မောဟဆိုတဲ့ အဝိဇ္ဇာတရားကြောင့်သာလျှင်၊ အနာဒီနဝ ဒဿာဝီ- တမလွန်, ပစ္စုပ္ပန် နှစ်တန်သောဘဝတို့၌ ရရှိ တွေ့ဆုံ, ကြိုက်ကြုံ-ခံစားရမည့် အပြစ်များကို လားလားမှ မမြင်ငြားတော့သည်ဖြစ်၍၊ အဟိရိကေန- အပြစ်ကို မမြင်ချက်, မောဟနှင့် ဆက်သွယ်လျက်ရှိသည့် မရှက်မှုတည်းဟူသော ဒုတိယ,အချက်ကြောင့်၊ အဇိဂုစ္ဆန္တော- ဒုစရိုက်အလုပ်မှ အဟုတ်ကို မစက်ဆုတ် နိုင်တော့ဘဲ၊ အနောတ္တပ္ပေန- မယှက်မှုနှင့် ပေါင်းယှဉ်စပ်သည့် မကြောက်မှုဟူသော တတိယ, အဆင့်ကြောင့်၊ အနောတ္တပ္ပန္တော- ဒုစရိုက် အလုပ်၌ အဟုတ်ကို မကြောက်မရွံ့တော့ဘဲ၊ ပဋိပဇ္ဇတိ- ဒုစရိုက် (၁၀)သင်း မှောက်မှားခြင်းတို့ကို ကျော်နင်းထန်သဲ, ရဲရဲကြီး, ပြုကျင့်ကြ လေကုန်တော့ သတည်း။ ။

အထက်ပါ- သီလအလုပ် အားတုတ်နိုင်မှု အကြောင်းချင်းရာတွေကို ကြည့်ပါက၊ ဒုစရိုက်, ဒုရာဇီဝ တရားတို့ကို ရှက်တတ်, ကြောက်တတ်၊ ရှက်နိုင် ကြောက်နိုင်မှသာ၊ သီလတရားကို သံဝရဖြစ်အောင် စောင့်စည်းခြင်း၊ ဝိရတီ-ဖြစ်အောင် ရှောင်ကြဉ်နိုင်ခြင်း ဖြစ်မြောက်ပေတော့မည်။ ဤ- လောကကို

စောင့်ရှောက်သော ဟိရိ, ဩတပ္ပ–လောကပါလ တရားနှစ်ပါးသည်၊ လူသား တို့၌ ခေါင်းပါးလာပြီဆိုပါလျှင် မကြာခဏပင် ကပ်သုံးပါးဟု ဆိုသော အစာ ငတ်မွတ်ခြင်းဘေး၊ ရောဂါဘယထူပြောသော ဘေး၊ ဒါး,လှံ, လက်နက်မျိုးစုံ ဘေးတို့သည်၊ သတ္တဝါတို့၌ ထူထပ်စွာ, ကျရောက်ခြင်းကို ဖြစ်စေတတ်တော့ သည်၊ နောင်တမလွန်၌လည်း ဤသီလအလုပ်, ချို့ယွင်းငုပ်သဖြင့် အပါယ ဒုက္ခကြီးကိုလည်း လှလှကြီး ရစေနိုင်တော့သည်။

ဤအစ၏ ကောင်းခြင်းဖြစ်သော, အာဒိကလျာဏအဖြစ် မိမိတို့ဆိုင်ရာ သီလ,လုံခြုံနိုင်မှုသည်၊ လွန်စွာ,အရေးကြီးတော့သည်။ အထက်ပါ–အကြောင်း ဆိုး, အကျိုးဆိုးတို့ကိုလည်း မသိမမြင်, အစဉ်မအောက်မေ့နိုင်၊ အပါယ်ဘေးမှ လွတ်မြောက်ပြီး၊ သက်ရှည်, ဆင်းလှ, ချမ်းသာရ၍ ဗလအင်အား, ပြည့်ဖြိုး ငြားပြီးလျှင် ဉာဏပဋိဘာန်, ထက်သန်မှုတို့ကို ရရှိလျက်၊အပါယ်ဘေးမှ လွတ် မြောက်မှုကြောင့်၊အာဝမွန်,ကောင်းကျိုး ချမ်းသာ မိုဃ်းတည်းဟူသော အကျိုး ၌လည်း ပိုင်ငြားသက်ဝင်, မသိမမြင်နိုင်ကြသည်ဖြစ်၍သာ၊ ဤ သီလအလုပ်, အားထုတ်မှု၌, လျစ်လျူရှု၍ နေရဲကြတော့သည်။ ။

ထိုထက်သာလွန်၊ ယခုလို ကလိယုတ်အခါမှန်၌၊ သီလစောင့်ရသည်ကို ပင်,-သီလနှင့် နေရသည်ကိုပင်၊ လူနုံ, လူအ, ခေတ်မမှီ- အရှက်ရစရာဟု စိတ် ဝယ်တွေးထင်လျက်၊ ပြောင်းပြန်ပင် ဖြစ်၍ နေကြသည်ကို ကြည့်က၊ မောဟ အဝိဇ္ဇာ အမြစ်တွယ်ခါ အဘယ်မျှ အနယ်ထိုင်- အမှောင်ဖုံး၍ အမိုက်တုံး ဖြစ် နေရသည်ကို တွေးမိက ကြက်သီးတဖြန်းဖြန်း, ကြောက်ခမန်းလိလိ ထိတ်လန့် ဘွယ်ရာတွေ ဖြစ်ရှိနေသည်ကို ရိပ်စားမိနိုင်ပါသည်။ ။

အထက်ပါ- အကျဉ်းမျှဖြစ်သော ကြောင်းကျိုးနှစ်ဖြာတို့၌၊ လိမ္မာ ပါသည်၊ သိပါသည်၊ ဗုဒ္ဓဘာသာတယောက်ဘဲ၊ ဒီလောက်တော့လဲ သိပါ သေးသည်ဟု ဆိုသော်ငြားလည်း, တကယ်တန်း– လက်တွေ့၌မူ၊ မထိမ်းနိုင်, မသိမ်းနိုင်သာဖြစ်၍ နေကြရသည်။ ထိုသဘောကို ကြည့်ပါက၊အဝိဇ္ဇာကို တရံ တဆစ်မျှ, တွန်းလှန် မပယ်ပစ်နိုင်၊ မပယ်ပစ်ခဲ့ကြသည်မှာ ထင်ရှားနေပါ တော့သည်။

ဒါကြောင့်– ကြောင်းကျိုးနှစ်ပါး လိမ္မာငြားလည်း ထိမ်းသိမ်းကြဉ် ရှောင်, စောင့်စည်း လုံခြုံသောဘောင်သို့ ရောက်ရှိစေရန်မှာ (၁) သဒ္ဓါ- ကြောင်းကျိုးနှစ်ဖြာ၌ လိမ္မာစွာ, ယုံကြည် ဆုံးဖြတ်နိုင်မှုရှိခြင်း၊ (၂) ဟိရီ, ဩတပ္ပ– ဒုစရိုက်, ဒုဋ္ဌာဇီဝတို့၌ အဟုတ်ကို ရှက်ကြောက်အစဉ် အာရုံဝင်နေ နိုင်ခြင်း၊ (၃) အပိစ္ဆတာ –အလိုနည်းမှုနှင့် ပြည့်စုံအောင်- မိမိကိုယ်စိတ်ကို

အစဉ်ဆုံးမခြင်း၊ (၄) သန္တုဋ္ဌိ–အရာရာ၌ ရောင့်ရဲလွယ်သူ၏အဖြစ်၊ ကျင့်ဆောင်ခြင်း၊ (၅) ခန္တီ– အထက်ပါ, ရှက်ခြင်း, ကြောက်ခြင်း, အလိုနည်းခြင်း, ရောင့်ရဲလွယ်ခြင်းတို့နှင့် ပြည့်စုံအောင် သည်းခံနိုင်ခြင်းနှင့် မေတ္တာနှင့်ယှဉ်သော ခန္တီတိုင်အောင် ကျင့်ဆောင်ခြင်း၊ (၆)သလ္လေခ–ဤသီလတို့ဖြင့် ဟိရီ,သြတပ္ပ- အပိစ္ဆတာ- သန္တုဋ္ဌိ– ခန္တီ, တို့ဖြင့် မိမိခန္ဓာ၌ ကိလေသာ ခေါင်းပါးစေခြင်း၊ (၇) ခေါင်းပါးအောင် ရေးရှုနိုင်ခြင်းဟု ဆိုအပ်သော အကြောင်းမှန်, အကျိုးရ အဘိုးအနဂ္ဃဖြစ်သည့် ဝိဝဋ္ဋသီလအပေါင်းကိုသာ ကျင့်သုံးလာနိုင်ပါပြီဆိုက၊ ဤသီလမျိုးမှသာလျှင် သီလဖြင့် ပညာကို ဆေးကြော၍ ဝဋ်ရေယာဉ်ကြောမှ ထွက်မြောက်ရာကို ရှေးရှုသော သူတော်ကောင်းစစ်စစ်အဖြစ်သို့ သက်ဝင်နိုင်ရာပါတော့သည်။

အထက်၌- ပြဆိုခဲ့သော ဒုစရိုက်တရား၊ သုစရိုက်တရားမှစ၍၊ သီလ အဖုံဖုံ စတုပါရိသုဒ္ဓိသီလပါ ကုံလုံအောင် စောင့်စည်းသော ယောဂီသူမြတ်သည်၊ သီလကို အရင်းတည်၍ မဂ်ဖိုလ်သို့ သက်ဝင်နိုင်ပုံကို ဒေသကထွင့်တင် ဘုရားရှင်သည်၊ အင်္ဂုတ္တိုရ် ပါဠိတော်၌– ဟောကြား ပေးသနားတော် မူခဲ့ပါသည်။ ယင်း,ဒေသနာတော်မြတ်၏ အဓိပ္ပါယ်အခင်း- အကျဉ်းသွားမှာ....

အခါတပါးဝယ်၊ အရှင်အာနန္ဒာ- မထေရ်သည်၊ မြတ်စွာဘုရားသခင်အား၊ ဘန္တေ- ရွှေဘုန်းတော်နေဝန်း၊ ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား၊ သံဝရော– ကိုယ်တော်မြတ်သည် ပညတ်တော်မူအပ်ပါသော၊ သီလသိက္ခာပုဒ်တော်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရခြင်းသည်၊ ကိမတ္ထိယော– ဘယ်သို့သော အကျိုးရင်း၊ အကျိုးဖျား ရှိပါသနည်းဘုရားဟု လျှောက်ထားလေရာ မဟာကရုဏာတော်ရှင် မြတ်စွာဘုရားသခင်သည်၊ ဤ– ကိမတ္တိယ သုတ်တော် အမည်ရှိသော ဒေသနာတော်ကို ဟောကြားတော် မူခဲ့ပါပေသည်။

(၁) ချစ်သား အာနန္ဒာ၊ ငါဘုရား ပညတ်တော်မူသော- သီလသိက္ခာပုဒ်တော်တို့ကို ကောင်းစွာ လုံခြုံ ကုံလုံပြည့်စုံအောင် ထိမ်းသိမ်းစောင့်ရှောင့်ခြင်းသည်၊ အဝိပ္ပဋိသာရတ္တော– နှလုံးကြည်လင်, ရွှင်လန်းခြင်း၊ အကျိုးရင်း,အကျိုးဖျားရှိ၏။ ။

(၂) ချစ်သား အာနန္ဒာ၊ နှလုံးကြည်လင်, ရွှင်လန်းခြင်း အကျိုးကြောင့်၊ ပါမောဇ္ဇတ္ထော– ရွှေးဦးစွာ, ဝမ်းမြောက်ရခြင်း၊ အကျိုးရင်း, အကျိုးဖျားရှိ၏။ ။

(၃) အဖန်ဖန်တလဲလဲ, ဝမ်းမြောက်ရခြင်း အကျိုးကြောင့်၊ ပီတတ္တံ ပီတာဝနိသံသံ– နှစ်သက်ခြင်း, အကျိုးရင်း, အကျိုးဖျားတို့သည် ရှိ၏။ ။

(၄) နှစ်သက်ခြင်း အကျိုးရင်း, အကျိုးဖျားကြောင့်၊ ပဿဒ္ဓတ္ထာ– ပဿဒ္ဓါနိသံသာ-ကိုယ်စိတ်ငြိမ်းအေးခြင်း အကျိုးရင်း, အကျိုးဖျားရှိ၏။

(၅) ကိုယ်စိတ် ငြိမ်းအေးခြင်း- အကျိုးရင်း, အကျိုးဖျားကြောင့်၊ သုခတ္ထာ– သုခတ္ထာနိသံသာ- ကိုယ်စိတ်နှစ်ဖြာ- ချမ်းသာခြင်း အကျိုးရင်း, အကျိုးဖျားရှိ၏။

(၆) ကိုယ်စိတ်နှစ်ဖြာ- ချမ်းသာခြင်း- အကျိုးရင်း, အကျိုးဖျား ကြောင့်၊ သမာဓတ္ထံ-သမာဓါနိသံသံ– သမထလမ်း, ဝိပဿနာ လမ်းတို့၌၊ ဖြောင့်တန်းစွာ တည်ကြည်နိုင်ခြင်း အကျိုးရင်း, အကျိုးဖျားရှိ၏။

(၇) သမာဓိဖြင့် တည်ကြည်ခြင်း အကျိုးရင်း, အကျိုးဖျားကြောင့်၊ ယထာဘူတ ဉာဏဒဿနတ္တော– ယထာဘူတ ဉာဏဒဿနာနိသံ သော– ဟုတ်တိုင်းမှန်ရာကိုမြင်သော သမထဉာဏ်, ဝိပဿနာ ဉာဏ်တို့ကိုရခြင်း အကျိုးရင်း, အကျိုးဖျားသည်ရှိ၏။

(၈) ဟုတ်တိုင်းမှန်ရာကိုမြင်သော သမထ,ဝိပဿနာဉာဏ်တို့ကြောင့်၊ နိဗ္ဗိဒါနိသံသာ– ရုပ်နာမ် ခန္ဓာတို့၌ ငြီးငွေ့ခြင်း အကျိုးရင်း, အကျိုးဖျားသည်ရှိ၏။

(၉) ရုပ်နာမ်ခန္ဓာတို့၌ ငြီးငွေ့ခြင်း အကျိုးရင်း, အကျိုးဖျားတို့ ကြောင့်၊ ဝိရာဂတ္ထာ– ဝိရာဂါနိသံသာ– အရဟတ္တမဂ်ကိုရခြင်း အကျိုးရင်း, အကျိုးဖျားသည်ရှိ၏။

(၁၀) ရာဂကင်းသော အရဟတ္တမဂ်ကိုရခြင်း အကျိုးရင်း,အကျိုးဖျား ကြောင့်၊ ဝိမုတ္တော– ဝိမုတ္တာနိသံသော– အရဟတ္တဖိုလ်ကိုရခြင်း အကျိုးရင်း, အကျိုးဖျားရှိ၏။

(၁၁) အရဟတ္တ ဖိုလ်ကိုရခြင်း အကျိုးရင်း, အကျိုးဖျားတို့ကြောင့်၊ ဝိမုတ္တာ ဉာဏဒဿနတ္တာ– ဝိမုတ္တာဉာဏ ဒဿနာနိ သံသာ– အရဟတ္တဖိုလ်ကို ဆင်ခြင်နိုင်သော ပစ္စဝေက္ခဏာဉာဏ်ကိုရခြင်း အကျိုးရင်း, အကျိုးဖျားသည်ရှိ၏။

ဤကဲ့သို့- မြတ်ဘုရားမိန့်ကြား-သီလတရားဖြင့် ပညာကိုဆေးကြော၍၊ မဂ်သဘောဖိုလ်စဉ် နိဗ္ဗာန်ဝင်သည့်တိုင်အောင်- ဆောင်နိုင်သော သီလမျိုးကို၊ ဒုစရိုက- ဆယ်ပါး ရှောင်ကြဉ်ခြား၍၊ သုစရိုက တရားဆယ်ပါး ရင်ဝယ်ပိုက်ထားပြီးလျှင်၊ ဣန္ဒြေခြောက်စုံ လုံခြုံအောင် ထိန်းသိမ်းလျက် မတိမ်းမစောင်းသော စတုပါရိသုဒ္ဓိသီလနှင့်ညီမျှသည့် အကျင့်အာစာရကို ဝိဝဋ္ဋနိဿိတ,နိဗ္ဗေဓဘာဂိယ, ဥပနိဿယဖြစ်အောင်- စောင့်စည်းကြဉ်ရှောင်နိုင်သော ယောဂီသူမြတ်အား၊ ဝိပ္ပဋိသာရိနေ-ပူပန်နှလုံး, ကြိမ်မီးအုံးဖြင့်၊ မရှင်မလန်း, ပင်ပမ်းသောစိတ်သည်၊ အဘယ်မှာလျှင် ဖြစ်နိုင်ပါတော့အံ့နည်း၊ မြတ်ဘုရားမိန့်မှာသော အဝိပ္ပဋိသာရတွေ-နှလုံးကြည်လင်-ရွှင်လန်းခြင်း အကျိုးရင်း, အကျိုးဖျားကို ကေန်မုချရမည်သာ ဖြစ်ပါတော့သည်။ ။

ဤသို့အစ၊ ရွှင်လန်းခြင်းမှ ပါမောဇ္ဇ တလီ၊ ပီတိ တဖြာ၊ သုခတဖုံ-သမာဓိဟုနှ် တိုင်အောင်၊ ယောဂီ၏ သီလစွမ်းအားသည်၊ မြင့်တင်ကျေးဇူး-သတ္တိထူးတွေနှင့် ပြည့်စုံလာရမည်မှာလည်း၊ ဘုရားရှင်အလိုကျ မလွဲနိုင်တော့ပါပေ။ အဲဒီလို-သီလစွမ်းအားဖြင့်၊ ခြောက်ဆင့် မြောက်အောင်, ပေါက်ပွားသတ္တိ ကျေးဇူးပြုဘိခြင်းကြောင့်၊ မူလရည်ရွယ်,ဝိဝဋ္ဋနိဗ္ဗေဓဘာဂိယ-ဥပနိဿယတွယ်လာခြင်းဖြင့်၊ ယထာဘူတ ဉာဏဒဿနတွေ- သဘောကို မိမိတို့ မူလ-ဝိပဿနာပညာတွေအရ၊ ဘာဝနာဘိသမယ,ကပင် မထချင်အောင် ထင်မြင်လာသော ဝိပဿနာဉာဏ်သဘောတွေကိုလဲ အကျိုးရင်း,အကျိုးဖျား တွေ့ရှိရခြား၍၊ သီလစွမ်းအားဖြင့်- ပညာယှဉ်ဆေးကြောသော မဂ်ရေယာဉ်ကြောကို စတင်သက်ဝင် ရရှိလာနိုင်တော့မည် ဖြစ်ပါသည်။

ထိုမှတဆင့်-သခ်ါရ အစုအပုံကို ငြီးငွေ့ကုန်လျက်၊ တပ်မက်ရာဂ ခွါခါချပြီးလျှင် ဝိမုတ္တိနှင့် ဉာဏဒဿန-အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်၊ အကျိုးရင်း, အကျိုးဖျား, အဆက်ဆက်အားဖြင့် ရငြားရပုံကို၊ ဘုရားရှင်သည် အရှင်အာနန္ဒာအစ, သာဝက အားလုံးနှင့် ဝေနေယျအကုန်တို့၏ အကျိုးစီးပွား, တိုးပွားရာ, တိုးပွားကြောင်း၊ သီလတည်းဟူသော ဝိသုဒ္ဓိအစကို မူလထား၍ ဟောကြားပေးသနားတော်မူခဲ့ပါပေသည်။

ဒီတော့ ယောဂီသူမြတ်တို့သည်၊သီလဆိုလျှင်၊လူကောင်း,နတ်ကောင်း, ဗြဟ္မာကောင်း, ဘဝကောင်းရတို့ဘက်ကို မငဲ့ကွက်ဘဲ၊ ဘဝအပေါင်း- ဇာတိဒုက္ခနှင့် စ၍ထောင်းမည့်၊ သံသရာ့ဦးခေါင်းဘက်ကို၊ မျက်နှာမလွှဲ၊မျက်နှာမမူ၊ မရှေ့ရှုမူ၍၊ ဝိဝဋ္ဋကိုအစပြု, စင်ကြယ်မှုကို အလယ်ထား, နိဗ္ဗေဓဘာဂိယအဘို့ကို၊ အဆုံးပန်းတိုင်အဖြစ် လှမ်းကိုင်ဘို့ ကြိုးစားသောအားဖြင့်သာ၊ ဆောက်

တည်, ကျင့်သုံး, စောင့်စည်း, ကြဉ်ရှောင်ခြင်းကို ဘုရားအစရှိသော အရိယာသခင်အပေါင်းတို့၏အလိုကျ ဖြစ်သင့်အပ်လှသည့်အလျောက်၊ ကျင့်သုံးသင့်ပါတော့သည်....ကျင့်သုံးနိုင်အောင် ကြိုးစားတော်မူပါလေ....။

ဤနေရာ၌၊ နှလုံးသွင်းမမှား, အယူမချော်, အစွဲမလန် စေလိုသောသဘောသွားနှစ်ခုလို့တွင်၊ နှလုံးသွင်းမှား,အယူချော်,အစွဲအလန်း ဖြစ်နေတတ်ကြ၍၊ အနည်းငယ် သတိပေးပါရသော်–

(၁) ဤ–သီလသုဒ္ဓိစခန်းဖြင့်၊ အစ၏ကောင်းခြင်း၊ အာဒိကလျာဏတန်း၌၊ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင်၊ ရပ်တည်စေလိုသော အလိုတော်မှာလမ်းကြောင်းမှန် ဖြစ်ပေသည်။ သို့သော်-ပဋိပတ္တိက္ကမ နည်းအားဖြင့်၊ သီလဝိသုဒ္ဓိပြီးမှ ပြည့်စုံမှ၊ စိတ္တဝိသုဒ္ဓိဖြစ်အောင် ရှာမှီးရမည်၊ ကျင့်ဆောင်ရမည်၊ စိတ္တဝိသုဒ္ဓိပြီးမှ– ဒိဋ္ဌိဝိသုဒ္ဓိဖြစ်အောင် ရှာမှီးရမည်၊ ကျင့်ဆောင်ရမည်- စသည်ဖြင့် ဝိသုဒ္ဓိ (၇) ပါးတို့တွင်၊ ရပ်တန့်-ရပ်နားနေ၍၊ ဆန်းစစ်ပြီးမှ တက်လှမ်းရန် တင်ပေးရန် မဟုတ်ပါချေ။ ဒေသနက္ကမနည်းအရ၊ ကျင့်ဆောင်ကြိုးကုတ်တည်အောင်လုပ်ဆည့် ပုညကြိယာအထုပ်နှင့်- သုတ, စိန္တာ, ဘာဝနာ- ဉာဏ်အလုပ်ကို၊ ပရိညာသုံးနည်း ပဟာန်သုံးဖြာပြီးသည်အထိ၊ တတ်စွမ်းသမျှ တခဲနက်ပြည့်စုံစေလိုသော သီလဝိသုဒ္ဓိရှိမှုကို မချိုမတဲ့ လိုအပ်လျက်ရှိကြောင်းကိုသာ ကောင်းစွာပိုင်းခြား သိထားဆုံးဖြတ်ရန် ဖြစ်ပါသည်။

(၂) ထို့ကြောင့်– ပဋိပတ္တိက္ကမနည်းအရ၊ တခုပြီးမှတခု၊ သီလဝိသုဒ္ဓိပြီးမှ စိတ္တဝိသုဒ္ဓိဟု၊ ဘယ်သူက စစ်ဆေးပေး၍၊ ဘယ်လောက်အခါလင့်မှ ပြည့်စုံမည်ကို မပိုင်းခြား မဆုံးဖြတ်နိုင်ဘဲ၊ကာလဖင့်နွဲ့ အချိန်ဆွဲသဖြင့်၊ မဂ်ပန်းဖိုလ်ခွင် အောင်ပွဲဝင်နိုင်မည်ကို အကြောင်းခံပြုပြီးတော့လဲ၊ သီလက အရေးမကြီးပါဘူး၊ ဘာဝနာအားထုတ်ရင်၊ သီလပါ လုံခြုံပြီးသားပါဟု သမာဒါနဝိရတိကို ရှော့ရိရှော့ရဲ ပြုလုပ်ပြီးလျှင်၊ သမ္ပတ္တ ဝိရတိကျတော့လဲ၊ ကိုယ်အင်္ဂါနှင့် အသက်စည်းစိမ် ဆွေမျိုးဂုဏ်သိမ်ကို ငဲ့ကွက်မှုမျိုးဖြင့် မရှောင်တိမ်းနိုင်၊ သမုစ္ဆေဒဝိရတိကိုလဲ ပိုင်နိုင်ကြောင်းအမှု၊ အဋ္ဌင်္ဂိက မဂ်ဉာဏ်စုကိုလည်း မပြတ်မလပ်ရနေအောင် အားမထုတ်ဘဲလျက်၊ ပဋိပတ္တိက္ကမနည်း မသင့်ပုံကို၊ အခြေခံအကြောင်းပြု ရိုးမယ်ဖွဲ့ ရှုံမျှမက၊ ကြည့်ပါလား… သန္တတိ အမတ်ကြီးဟာ၊ ပါးစပ်က အရက်နံ့ မပျောက်ခင်၊ လေးပါဒတဂါထာ အဆုံးတွင် အရဟတ္တမဂ်ဖိုလ်နှင့် စတုပဋိသမ္ဘိဒါဉာဏ်ကိုတောင် ကောင်းစွာ ရသေးတာဘဲ၊ ခုဇ္ဇုတ္တရာ အထိမ်းတော်ကိုလဲ ကြည့်.... အသွားသူခိုး- အပြန်သောတာပန်၊ စတုသမ္ဘိဒါဉာဏ်တောင် ရလာသေးတာဘဲ၊ သီလဆိုတာ– ပညာနဲ့ ဆေးကြောလိုက်ရင်၊

ခဏကလေး ပြည့်စုံသွားတာမို့၊ ဒီတော့- အာဒိကလျာဏ သီလဝိသုဒ္ဓိကို အမြဲ တန်း အမှန်းတင်နေစရာ မလိုပါဘူး၊ ဘယ်ဉာဏ်စဉ်တွေတောင် ရောက်ပြီး မှဘဲဟု အယူ့ချော်ကာ- အလွဲ့အမှား့ဆုံးဖြတ်၍၊ အစွဲသန်ကြခြင်းငှါ မထိုက် ပါ။ ဘာ့ကြောင့်ဆိုသော်.... ဤသို့- နိယတဘွဲ့ချွန်, ဥဋ္ဋာဃဋိတညူ, ပုဂ္ဂိုလ် မွန်တို့၊ မဂ်ခဏ၌, သမုစ္ဆေဒဝိရတီပါ, ပြည့်စုံပုံကို ပဓါနနည်းအားဖြင့် သာဓက တင်ပြဆို၍၊ ဝိပဉ္စိတညူ, နေယျ ပုဂ္ဂိုလ်တို့ကဲ့သို့ နိ ပ တဘွဲ့လည်း မရှိ၊ ဥဋ္ဋာဃဋိတညူ ပုဂ္ဂိုလ်လည်း ဖြစ်သူမဟုတ်ပါဘဲ၊ ကာယကံ, ပေါ့ပျက်၊ ဝစီကံ့သော့သွမ်း၊ မနောကံ့သောင်းကြမ်းနေရင်းမှ၊ တရား အားထုတ်ရင် အကုန်ပြည့်တာဘဲဟု အမူမဲ့, အမှတ်မဲ့, ဆုံးဖြတ်မှု ပြုလျက်၊ အာရတီမရှိ၊ ဝိရတီ, မမီဘဲနှင့်သာ ၁၀-ရက်, ၁၅-ရက်, တလစသည် တရား အားထုတ်ပြီး ပြန်လာတော့လဲ၊ အိမ်မကွာ, ကျောင်းမကွာ, သဘောမဟုတ် တော့ဘဲ၊ အိမ်ကျတော့ ခွါခါချ၍ ကွာရကာ၊ မူလ-နေမြဲ့ကာယကံ့ပေါ့ပျက် မဲ့နှင့်၊ ဝစီကံ့သော့သွမ်းလျက်ဘဲ အဖြစ်နှင့်ရင်း၊ မနောကံ- သောင်းကြမ်းမြဲ အဖြစ်နှင့်ရင်း ဖြစ်ရှိနေတတ်ကြပါ၍၊ သမာဒါနသီလ, အခြေခံဝိရတီကိုလည်း နိစ္စဂရုမမေ့- ငါးပါးတော့ ရှိစေမှ, ယောဂီ ပီသ, ပါမည်။

ထိုသို့- ကာယ, ဝစီ- နှစ်လီထိမ်းသိမ်း့ သမုစ္ဆေဒ ဝိရတီအဖြစ် ယိမ်း စေသော- ဒုစ္စရိတနှင့် ဒုရာဇီဝပါ ငြိမ်းပြီးလျှင်၊ စတုပါရိသုဒ္ဓိသီလပါကိန်းပါ က၊ ဝိပဿက, သေက္ခပုဂ္ဂိုလ်, ခေါ်ဆိုမြဲမြံ- အမှန်ဝိသုဒ္ဓိတို့, ဘာဝနာဘိသ မယတိုင် မဂ်မရသေးငြားလည်း ခြောက်ပါးဝိသုဒ္ဓိ့ဖြစ်ငှိုလွန်ကဲ၊ မဂ်မျိုးစေ့နှင့် တပါထဲတွဲသည့် သံဝရ, သမာဒါန- အာရတီ၊ သမ္ပတ္တ- ဝိရတီ၊ တဒင်- သမုစ္ဆေဒ့တို့ကို၊ ဆိုင်ရာဌာန-ကာလတို့၌ ကုံလုံပြည့်ဝအောင် မိမိနှင့်မဆိုင်သော သန္တတိအမတ်, ခုဇ္ဇုတ္တရာတို့နှင့်ပြိုင်၍, သီလတရား လျှော့ပါးမှုမျိုးကိုလဲ အတု မခိုးသင့်ပါကြောင်း၊ ကောင်းစွာ့သိ၍၊ စင်ကြယ်သည့် ကိုယ်, နှုတ်, နှလုံးဖြင့် သေက္ခပုဂ္ဂိုလ်, ယောဂီသူမြတ့်ဟု ခေါ်သုံးခြင်းခံရအောင်, ကေန် ရောက်ရှိ အောင်၊ နှလုံးသွင်း၍ ကျင့်သုံး, ဆုံးဖြတ်, သန္နိဋ္ဌာန်, ချအပ်ခြင်း ပြုသင့်ရာ ပါသည်။ ။

ယောဂီ, သူမြတ်အပေါင်းတို့ ...၊ ဤမျှလောက် ဆိုပါလျှင်၊ သီလ၏ အကျိုးသွား၊ သီလ့ဆောက်တည်နိုင်ကြောင်း၊ အကြောင်းတရားတို့၌၊ သိသင့်, သိထိုက်သည်တို့ကို သိရှိအပ်ပြီ ဖြစ်ပါ၍၊ သီလဝိသုဒ္ဓိတန်းမှီအောင်၊ ဖြစ်ရှိမှုကို

မတိမ်း, မစောင်း, ကြိုးစား, စောင့်စည်း,ကြဉ်ရှောင်သမှု- ရကောင်းပြီ, ဖြစ်ပါသဖြင့်၊ ရန့်တကာတို့ထက် ထိပ်သီး, မွေးကြိုင်ပျံ့လှိုင်, ဘဝဂ်တိုင်သော-အစင်ကြယ်ဆုံး သီလတရားကို ကြိုးစားလုံ့ခြုံအောင်၊ စောင့်စည်း အားထုတ်တော် မူကြပါကုန်။

ဤသို့- သီလစွမ်းအား, ရပ်တည်ထား၍၊ ဝိပဿနာ, ဘာဝနာခွင်, ဝင်နိုင်မှု၊ အကြောင်း အဆောက်အဦကောင်းအဖြစ်၊ မကျဉ်းမကျယ်,နားလည်သိရှိပြီးလျှင်၊ ရှေ့ဆက်လက်မည့် ဒိဋ္ဌိဝိသုဒ္ဓိစခန်း၌လည်း-လုပ်ငန်းခွင်ဝင်နိုင်ရုံ အကျဉ်းမျှကိုသာ ပြသပေးနိုင်ပါဦးမည်။ အကျယ်ကိုမူ၊ ပညာပေးမူလ သင်တန်း,သင်္ခန်းစာ, မာတိကာတွေအရ ပြသမှုသာ ရယူတော်မူကြပါရန်, မေတ္တာရပ်ခံရင်း၊ သီလဝိသုဒ္ဓိစခန်းကို နိဂုံးချုပ် လိုက်ရပါသည်။ ။

(လသီဝိသုဒ္ဓိတရားတော် - အကျဉ်းပြီး၏။)

............o............

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။"

မဟာဥာဏ်အောင် ဝိပဿနာ

# အာယတန,ဓါတ်-ဣန္ဒြိယသံဝရသီလနှင့်စပ်သော

# တရားတော်များ

## ဣန္ဒြေစောင့်ရှောက် — သီလမြောက်

## တထောက် ဝိပဿနာ — သိမှတ်စရာ၊

အထက်၌- ဖေါ်ပြအပ်ပြီးသော- သီလဝိသုဒ္ဓိတရားတော်တွင်၊ ဣန္ဒြိယသံဝရသီလသည်၊ စတုပါရိသုဒ္ဓိသီလတို့၏ အချုပ်အညွှာဖြစ်ကြောင်း၊ မြတ်စွာဘုရားသခင်နှင့်, အဋ္ဌကထာ, အရှင်များက ဟောကြားဖွင့်ဆိုတော်မူခဲ့သည့်အတိုင်း၊ ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံပုံကိုရင်း၊ ထိုဣန္ဒြိယသံဝရသီလမှ- ဝိပဿနာဘာဝနာအဖြစ် သက်ဝင်လျက်၊ ကိလေကင်းစင်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဝင်ပုံကို မည်သို့သိရှိကျင့်သုံး, စောင့်စည်း ကြဉ်ရှောင်ပွားများအပ်သည်ကို ဆက်လက်ပြဆိုပေးသွားပါမည်။

သို့သော်....အထက်က, ဆိုခဲ့သည့်အတိုင်း၊ ဣန္ဒြိယသံဝရသီလ အကျယ်နှင့်ဝိပဿနာဘာဝနာနယ်, ပွားများနိုင်မှုသည်၊ ရုပ်နယ်, နာမ်နယ်, ခန္ဓာနယ်, အာယတနနယ်, ဓါတ်တဆယ့်ရှစ်သွယ်တို့၌၊ ကျွမ်းကျင်သဘောပေါက်အပ်ပြီးသော ယောဂီသူမြတ်ဖြစ်ပါက၊ အလွယ်နှင့်သဘောက်ပေါက် ခံယူတတ်မြောက်နိုင်ပါသည်။ ထိုသို့သော- အခြေခံစံနစ်တို့တွင် မပိုင်နိုင်ပါက၊ ဣန္ဒြေနယ်ကို ကိုင်တွယ်စောင့်စည်း, ကြဉ်ရှောင်, ပွားများရေးသည် လွယ်ကူလှမည်မဟုတ်ပါပေ။ ထို့ကြောင့်– ဤသဘောတွေကို မူလ,မာတိကာအရ ပြသလေ့ရှိသော သင်တန်းစဉ် သင်္ချာစာမျိုးအနေဖြင့်သာ ပေးအပ်လိုပါ၍ ရပ်ဆိုင်းထားခဲ့ပါသည်။

ယခုအခါ= လုပ်ငန်းခွင်ဝင်-ကျင့်စဉ်, ဒုတိယပိုင်းတွင်၊ ရုပ်နယ်, နာမ်နယ်, ခန္ဓာနယ်ကို- မကျဉ်းမကျယ်, ပြသခဲ့ပြီး၍၊ အာယတနနှင့် ဓါတ်နယ်ကိုလည်း အစဖေါ်ပေးအပ်ခဲ့ပြီးဖြစ်ရာ၊ အနည်းငယ်, ထပ်မံ ဖြည့်စွက်ပေးပြီးလျှင် ဤ- ဣန္ဒြိယသံဝရသီလ, ဣန္ဒြိယသစ္စ နိဒ္ဒေသကို ပြသပေးလျှင်၊ နားလည်နိုင်

ကောင်းပြီဟု ယုံကြည်ပါသဖြင့် ထည့်သွင်းရေးသားပေးရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပါသည်။

ဤသို့= ဆုံးဖြတ်အပ်သော်လည်း, အလုံးစုံအကျယ်အားဖြင့်မူ၊ ပြသ, နိုင်မည် မဟုတ်ပါပေ၊ ထိုက်သင့် လိုအပ်သလို, အကျဉ်းမျှကိုသာ နားလည်, အလွယ်ဆုံးရရှိအောင် ပြဆိုပေးသွားမည်ဖြစ်ပါသည်။ ဣန္ဒြိယသံဝရသီလ,ရိုးရိုး သည် ဣန္ဒြေခြောက်ပါးဟု ဆိုအပ်သော– စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေတို့၌၊ စောင့်ရှောက်, သိမ်းဆည်းမှုသာ ဖြစ်ပါ သည်။ ထို့ကြောင့်– စာရိတ္တ, ဝါရိတ္တ, သီလနှစ်မျိုးတွင်၊ စာရိတ္တအရ= သဒ္ဓါ, ဝိရိယ, ပြဋ္ဌာန်းမှု၊ ဝါရိတ္တအရ= သဒ္ဓါ, သတိ, ပြဋ္ဌာန်းမှု နှစ်မျိုးစလုံးဖြင့် စောင့်စည်းရသော သီလဖြစ်ပါသည်။ ထိုသို့– စောင့်စည်းရာတွင် သဒ္ဓါ,သတိ, ဝိရိယ, တို့နောက်၌၊ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်သည် ယှဉ်၍ ပါဝင်ခြင်းကို အလို ရှိအပ်ပါသည်၊ ယှဉ်၍ ပါဝင်စေရပါမည်။

ထို–ဣန္ဒြေခြောက်စုံ, လုံအောင်ထိမ်းချက်ကို လွယ်ကူပြည့်ဝစွာ ရရှိခဲ့ ပါမူ၊ သဒ္ဓါထက်မြက်သလောက်,သဒ္ဓါနှင့်အညီ ပညာကို ပါဝင်နိုင်ပါလျှင်မူ၊ သတိ, ဝိရိယတို့သည် တည်ကြည်ခိုင်မြဲစွာ, သမာဓိနှင့် ပြည့်စုံလာရေးသည်၊ မခဲမယဉ်း, ရရှိလာနိုင်ခြင်းကို ဖြစ်စေနိုင်ပါသည်။ ပညာနဲလျှင် သဒ္ဓါမွဲတတ် သည်၊ သဒ္ဓါမွဲလျှင်– ပညာခွဲကွာခါ, မပါဘဲဖြစ်တတ်သည်။ ထို့ကြောင့်– သတိလဲမမြဲမြံတတ်, ဝိရိယလဲ မပြင်းပြအပ်ဘဲ တည်ကြည်ကြံ့ခိုင်သော စောင့် စည်းမှုနှင့် မထုံလွှမ်းခိုင်ဘဲ ဖြစ်ရှိရတတ်ပါသည်။

ထို့ကြောင့်= အာယတန ၁၂-ပါး၊ ဓါတ် ၁၈–ပါးတို့၌၊ ပိုင်းခြား မသိ၊ လိမ္မာသော ဉာဏ်မရှိသူတို့သည်၊ ဣန္ဒြေခြောက်စုံ– လုံအောင်ထိန်းဘို့ကို မဆိုထားနှင့် ဣန္ဒြေခြောက်စုံ လုံအောင်စောင့်ထိန်းသော သဘောသည် သီလ ဟုရင်း၊ သံဝရသုဒ္ဓိ– အစဉ်ရှိက စင်ကြယ်နိုင်သည်ဟုရင်း၊ စတုပါရိသုဒ္ဓိသီလ၏ အချုပ်အည္ဘာဟူ၍ရင်း၊ ဒုစ္စရိုက်ဆယ်ပါး,ဝေးကွာကင်းပြတ်သွားနိုင်သည်ဟူ၍ ရင်း မသိရှိဘဲ၊ စောင့်စည်းကြဉ်ရှောင် သီလအခေါင်အမြတ်ကို ရအပ်သော တရားဟုပင် မသိငြားအောင် ဖြစ်ရှိနေကြသည်က များပြားလှပါပေသည်။

ဘာ့ကြောင့်ဆိုသော်၊ ရဟန်းတို့၏ သီလသာဟု အထင်ရှိကြခါ၊ မလေ့ လာ, မဆည်းပူး, စောင့်စည်းမှု, မပြုဘူးခြင်းနှင့်၊ ရဟန်းတော်တို့မှလည်း– ဤသီလနှင့်ပတ်သက်၍ အာယတန,ဓါတ်,ဣန္ဒြေတရားတို့ကို ပိုင်းခြားသိအောင် ညွှန်ပြပေးရန် ကျယ်ဝန်းရကား၊ယူသူကလည်း မယူနိုင်–ပေးသူကလည်းပေးရန်

မဝံ့သဖြင့်၊ အစပေါ်လွှင်-ကျင့်သုံးမှု အစဉ်အလာသည်ပင် မဝင်လာနိုင်ခဲ့ခြင်း ကြောင့် ဖြစ်ပါသည်။ သို့သော်-ယောဂါဝစရပုဂ္ဂိုလ်-သေက္ခတန်းဝင်သူတော်စင်တို့အတွက်ဘွင်မှုကား၊ လွန်စွာ အလိုရှိအပ်-စောင့်စည်းကျင့်ဆောင်ခြင်းငှါ ထိုက်အပ်သော သီလတရားဖြစ်ပါသည်။ ဘာကြောင့်ဆိုသော်-ထိုဣန္ဒြိယသံဝရ သီလသည် သမ္မာဒိဋ္ဌိပညာခံနှင့်တကွ စောင့်စည်းမှု ရင့်ကျက်လာပြီဆိုပါက၊ ဝိပဿနာဉာဏ်၊ဝိပဿနာမဂ်သို့ ဆိုက်ရောက်နိုင်ရုံမျှမက- မဂ်ဉာဏ်၊ဖိုလ်ဉာဏ်သို့တိုင် သက်ဝင်ရရှိစေနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ယောဂီသူမြတ် အပေါင်းတို့သည်၊ ဝါရိတ္တ သီလအနေ၊ (၅) ပါး၊ (၈) ပါး၊ (၁၀) ပါးအခြေကို၊ အာမဘန္တေခံ- ယူထားပြီးစေကာမူ၊ ထိုသီလတို့ကို ထက်ဝန်းကျင် ပြည့်စုံစေလိုပါလျှင်၊ စာရိတ္တ-ဝါရိတ္တ နှစ်ပါး ပြည့်ဖြိုးသည့် ဣန္ဒြိယသံဝရသီလမျိုးကို အားကိုးတကြီး သဒ္ဓါ၊သတိ ဝီရိယ၊ ပညာနှင့်တကွ-တည်ကြည်ခိုင်မြဲစွာ ပြည့်စုံအောင် စောင့်စည်းထိမ်းသိမ်းပေးပါလျှင်၊ ဒုစရိုက်ဆယ်သင်း၊ လုံခြုံခြင်းနှင့် သုစရိုက်ဆယ်ပါး ပြည့်စုံငြားရမည်မှာ၊ ကျွဲကူးရေပါ-ကဲ့ပမာသို့ သေချာစွာ ထင်ရှားလှပါသဖြင့် ယောဂီတိုင်း လေ့ကျက်အားကိုး တိုးသည်ထက်တိုးအောင်- ရှက်ဆောင်ထိုက်သော သီလဖြစ်ပါတော့သည်။

ထိုသို့အမွန်အမြတ်- စောင့်စည်းထိုက်အပ်သော သီလမှန်ကန်သည်ကတော့ ဟုတ်ပါ၏၊ မည်ကဲ့သို့စောင့်စည်းရမည်၊ စောင့်စည်းရမည့်ဌာန- စောင့်စည်းရမည့်ကာလ-စောင့်စည်းရမည့်ဝတ္ထု-စောင့်စည်းမှုသက်ဝင်ပုံအချင်းအရာ စောင့်စည်းမှု ပြည့်စုံသောသဘော၊ စောင့်စည်းမှု ကျိုးပေါက်ပျက်ပြားခြင်း၊ တဖန်-ပြန်လည် ပြည့်စုံခြင်း အစရှိသည်တို့ကိုလည်း ပိုင်းခြားဝေဘန်- အသိပညာ မြဲမြဲဘို့ လိုအပ်ပါသည်။သို့မှသာ၊ ယောဂီသို့ အခေါ်ခံထားရတဲ့အတိုင်း သမ္မာပယောဂလုလ္လနဲ့ အမြဲယှဉ်ပြီး ယောဂလေးပါးတို့မှ ကင်းစင်ကာ၊ယောဂလေးပါးတို့၏ ကုန်ရာကင်းရာကို သွားနေခြင်းအခင်းဖြင့် ယောဂ- ဩဃ- အာသဝတရားတို့မှ ကင်းရာ-ကုန်ရာကို သက်ဝင်နိုင်မည်ဖြစ်ပါသည်။

ဒီတော့-မြတ်စွာဘုရားသခင်၏ ဣန္ဒြေတရားရဲ- အကြောင်း၊ အကျိုး-အကောင်း၊ အဆိုးနှင့် သာယာဘွယ်အချစ်-မသာယာဘွယ်၊ အပြစ်အညစ်နှင့်တကွ- ငြီးငွေ့မှုဖြစ်ခါ၊ ထွက်မြောက်တို့ကို ဘုရားအလိုတော်ကျ- ဣန္ဒြေလို့ခေါ်ရပုံကလေးကစပြီး၊ တစ၊တစ၊ရှင်းလင်းပေးသွားပါမည်။ ထိုက်သင့်သော၊ ပါဠိတော် အကိုးအကားတို့နှင့် တကွ၊ သဠာယတန သံယုတ်ပါဠိတော်တွင်-

ဟောတော်မူသော၊ အနိစ္စဝဂ်, ယမကဝဂ်, သဗ္ဗဝဂ်တို့မှ၊ အနိစ္စဝဂ်အရ= အဇ္ဈတ္တာနိစ္စသုတ်၊ အဇ္ဈတ္တဒုက္ခသုတ်၊ အဇ္ဈတ္တာနတ္တသုတ်၊ ဗာဟိရာနိစ္စသုတ်၊ ဗာဟိရဒုက္ခသုတ်၊ ဗာဟိရာနတ္တသုတ်၊ အဇ္ဈတ္တာနိစ္စာတီတာနာဂတသုတ်၊ အဇ္ဈတ္တဒုက္ခာတီတာနာဂတသုတ်၊ အဇ္ဈတ္တာနတ္တာတီတာနာဂတသုတ်နှင့် ဗာဟိရာ သုံးသုတ်။ ယမကဝဂ်အရ=ပုဗ္ဗေသမ္ဗောဓသုတ်= ပ,ဒု၊အဿာဒပရိယေသနသုတ်– ပ,ဒု၊ နောစေ အဿာဒသုတ်=ပ,ဒု၊ ပဌမာဘိနန္ဒသုတ်၊ ဒုတိယာဘိနန္ဒသုတ်၊ ပဌမာဒုက္ခုပ္ပါဒသုတ်၊ ဒုတိယာဒုက္ခုပ္ပါဒသုတ်။ သဗ္ဗဝဂ်မှ= သဗ္ဗသုတ်၊ ပဟာနသုတ်၊ အဘိညာ-ပရိညာ ပဟာနသုတ်၊ အပရိဇာနသုတ်– ပ,ဒု၊ အာဒိတ္တသုတ်၊ အဒ္ဓဘူတသုတ်၊ သမုဂ္ဃာတသာရုပ္ပသုတ်၊ သမုဂ္ဃာတ သပ္ပါယသုတ်–ပ,ဒု= အစရှိသည်တို့နှင့်၊ ပဋိသမ္ဘိဒါမဂ်– ဝိသုဒ္ဓိမဂ်, ဥပရိပဏ္ဏာသ– ပါဠိတော်တို့ကိုပါ-မကျော်မလွန် ညှိနှိုင်း၍၊ ဣန္ဒြိယသံဝရသီလပိုင်းနှင့် ဣန္ဒြိယသစ္စနိဒ္ဒေ့, သဘောတို့ကို၊ သဘာဝယုတ္တိနှင့်တကွ-တရားတွေ့ဉာဏ်မြင်-သီလတွင်မက၊ ဝိပဿနာ–ဘာဝနာ နယ်အမြတ်သို့ပါ၊ ချဉ်းကပ်ရရှိအောင်,အကျဉ်းနည်းအားဖြင့်၊ ပိုင်းခြားသိရှိခါ၊ စောင့်စည်းပွားများနိုင်ရေးကို ဦးစားပေးလျက်၊ ဖေါ်ပြပေးသွားမည်ဖြစ်ပါ၍၊ အတွေ့အကြုံအားဖြင့်- ကြားရခဲ, နာရခဲ, တရားမျိုးဖြစ်နေတတ်ရာ၊ စိတ်မပျက်ဘဲ အားသစ်, အင်သစ်, ဉာဏ်သစ်စိုက်၍၊ ရယူလိုက်နိုင်အောင် ကြိုးစားဆည်းပူးတော်မူကြပါဟု မေတ္တာဖြင့် တိုက်တွန်းသမှု ပြုလိုက်ရပါသည်။ ။

# ပညာမြင်အဟုတ်နည်းဖြင့် နာမ်ရုပ်ပိုင်းခြားသိရန်

ကဲ....ယောဂီလို့ သမုတ်ခံရတဲ့– ရုပ်နာမ် နှစ်ရပ်သည်၊ အမှန်ထင်ရှား ဆောင်ရှိတာကတော့၊ (၁) စိတ်,စေတသိက်,ရုပ်,ဆိုတဲ့၊ သခ်တပရမတ္ထသဘော တရားကနေ၊ သခ်ါရဖြစ်နေတာတွေဘဲ၊. (ဝါ) ဖြစ်ပျက်နေရတာတွေရှိတယ်။ အဲဒီ– စိတ်,စေတသိက်,ရုပ်, တရားတွေက- ဘယ်လိုအကြောင်းတွေ စုံညီပြီး၊ အစုအပေါင်းအနေနဲ့၊ ဖြစ်ပျက်နေရသလဲဆိုတော့၊ ခန္ဓာငါးပါးဆိုတဲ့- ရုပ်, ဝေဒနာ,သညာ, သခ်ါရ,ဝိညာဏ, ဆိုပြီး၊ ဖြစ်ပျက်အစုအပေါင်း ဥပါဒ်, ဌီ, ဘင်,မျှက မပြောင်းတဲ့၊ အကျိုးပစ္စုပ္ပန်–ဝိပါကဝဋ္ဋအတန်တန်အဖြစ်-သက်ဝင် ခံနေရပါတယ်။ ဒီတော့– အဲဒီ, ရုပ်, နာမ်နှစ်ရပ် ခန္ဓာငါးပါးဆိုတဲ့– စိတ်, စေတသိက်, ရုပ်တရားဟာ၊ ရူပက္ခန္ဓာ–ရုပ်ဓါတ် (၂၈) ပါး အစုအပေါင်း၊ ဝေဒနက္ခန္ဓာ, ခံစားမှု အစုအပေါင်း၊ သညက္ခန္ဓာ= မှတ်သားမှု အစုအပေါင်း၊ သခ်ါရက္ခန္ဓာ=စေ့ဆော်တိုက်တွန်း ပြုပြင်စီရင်မှု အစုအပေါင်းအနေနဲ့ စေတ သိက်တရား (၅၂) ပါးတို့ကဆောင်တယ်၊ ဝိညာဏက္ခန္ဓာ— သိမှုအစုအပေါင်း အနေနဲ့– သိဝိညာဏ်လို့ ခေါ်ရတဲ့–အကျဉ်း(၈၉)ပါး၊ အကျယ် (၁၂၁) ပါး အဖြစ်ဖြင့်၊ စိတ်, စေတသိက်, ရုပ် တရားတွေသည်၊ ဝိညာဏ်,နာမ်,ရုပ်, လို့လဲ အမည်ရရှိပြီး၊ (ဝါ) ဝိညာဏ်=ဝိညာဏက္ခန္ဓာတပါး၊ နာမ်=စေတသိက် နာမ် ခန္ဓာသုံးပါး၊ ရုပ်=ရူပက္ခန္ဓာ ၂၈-စားတို့ကို၊ ဝိညာဏ်, နာမ်, ရုပ်လို့ တမျိုး အခေါ်ခံရအပ်ပါတယ်။

အဲဒီလို=စိတ်,စေတသိက်,ရုပ်ကနေ၊ ဝိညာဏ်,နာမ်,ရုပ်ဖြစ်တော့၊ ခန္ဓာ ငါးပါးအစုအပေါင်း ငါးမျိုးအနေနဲ့ ဖြစ်ကြရတယ်။ဖြစ်တော့လဲ ဥပါဒ်ခဏ, ဇာတိ၊ ဌီခဏ,ဇရာ၊ ဘင်ခဏ, မရဏ သဘောကလဲ့ပြီး၊ သဿတ–တည်သည်၏ အဖြစ်လဲမရှိလို့, သဿတဒိဋ္ဌိ, အယူ,အမှတ်,အသိနဲ့ စွဲဝင်ယူမြင်လို့,လဲမရဘူး။ အကြောင်းမကင်းရင်လဲ ဖြစ်,တည်,ပျက်,ခြင်း အလျဉ်မပြတ်တဲ့-သံသရာ့ဇာတ် မို့၊ ဥစ္ဆေဒဒိဋ္ဌိနဲ့– ဘင်,ရယ်လို့, ချုပ်ကင်းပြီးတော့ ပြတ်သွားပြီလို့,လဲ စွဲယူ မှတ်သား မြင်သိလို့,မရဘူး။ အဲဒီလို– သဿတ, ဥစ္ဆေဒမှလွတ်ပြီး- အဘာဝ, သဘာဝနဲ့တကွဖြစ်တဲ့ သခ်တ,သခ်ါရတရားတို့ စိတ်,စေတသိက်,ရုပ်၊ဝိညာဏ်,

နာမ်,ရုပ်၊ ဥပါဒ်,ဌီ,ဘင်နဲ့ ဖြစ်တည်ချုပ်နေတဲ့တရားဟာ၊ ဘယ်အနေနဲ့ ဖြစ်, တည်, ပျက်ထဲ သက်ဝင်စွဲနေရသလဲဆိုတော့၊ ရုပ်အစု, ဝေဒနာအစု, သညာအစု, သင်္ခါရအစု, ဝိညာဏအစု,အပေါင်း အနေနဲ့၊ ခန္ဓာငါးပါး ဒလစပ်ထဲ-မရပ်မနား, ဖြစ်ပျက်နဲ့သွားနေရတဲ့ ကိလေသဝဋ်,ကမ္မဝဋ်,ဝိပါကဝဋ်,အမည်ရပြီး ကြင်လည်ပြနေတဲ့- သသရာ့ဝဋ်ဒုက္ခတရားဘဲ ဖြစ်ပါတယ်။

အဲဒီ= စိတ်, စေတသိက်, ရုပ်- သင်္ခတပရမတ်တရားတို့သည်သာ၊ ရုပ်, နာမ်အနေ, ခန္ဓာငါးထွေနဲ့ ဖြစ်ပျက်မရပ်, သံသရာ့ဝဋ်ဒုက္ခဇာတ်ကို၊ ယောဂီတို့ တရားတွေ့ ဉာဏ်မြင်နဲ့သိရမှာက သဃတအယူနဲ့၊ ယူမှတ်သိမြင်လို့ မရအောင် လျှင်မြန်တဲ့ ဖြစ်ပျက်နဲ့ အနှစ်သာရမဲ့တဲ့တရားကို တည်အောင်, ခိုင်မာအောင် လုပ်လို့မရတာ မသေချာဘူးလား ?၊ သေချာလွန်းလှလို့ တည်သည်၏အဖြစ်မဲ့ပြီး၊ အနှစ်သာရလဲ မရှိ၊ လိုရာလိုရပ်မလိုက်သည်၏ အဖြစ်ကလဲ ထင်ရှားတဲ့ တရားမို့၊ အတ္တ- သက္ကာယဒိဋ္ဌိအနေ၊ စွဲဝင်စရာတွေ မရှိတဲ့ အနတ္တဘရားဆိုတာလဲ သေသေချာချာဘဲ မြင်သိနိုင်ပါတယ်၊ တခါ- ပြတ်ပါစေ၊ ပြန်မဖြစ်နဲ့တော့လို့လဲ ဥစ္ဆေဒသဘောဝင်အောင်၊ ဘင်,ခဏရဲ့ ဟိုမှာဘက်၌ ဥပါဒ်ခဏ ပြန်မရပါရစေနဲ့လို့လဲ အနှစ်သာရမရှိ၊ လိုရာမလိုက်တဲ့ ခန္ဓာပဥ္စကကို အစိုးတရစေခိုင်းပြုပြင်လို့ မရတာကလဲ သေချာပါတယ်၊ ဒါ့ကြောင့်- အနှစ်သာရမရှိ လိုရာလိုရပ်, မလိုက်တတ်ရုံမျှမက၊ ဥစ္ဆေဒအသွင်, ပြတ်စေချင်, ပြတ်တဲ့ဘရား ဖြစ်ပါစေတော့လို့, အစိုးတရလဲ မရှိပြေးပြန်ပါသောကြောင့်၊ ပိုင်သအရှင်, အတ္တငါရှိနေတယ်လို့ ဝင်စွဲငြိစရာ ရှာမရပါသော- အနတ္တတရားပါကလားဟု ငဲ့ကွက်ခြင်းကင်း, ရှင်းရှင်းကြီး ဆုံးဖြတ်ယုံကြည်တဲ့ ပညာဓိမောက္ခအနေနဲ့၊ အတ္တငါကို သုညတဝိမောက္ခမက္ခာအောင် အမြဲဆောင် ယုံကြည်ရမဲ့ သင်္ခတ, သင်္ခါရတရားစုတွေလို့, သန္နိဋ္ဌာန်ခိုင်ခိုင်ချပြီးလျှင်၊ ရှေ့ဆက်- ဆည်းပူးချက်တရားတလုံး တိုးတက်၍ တွေ့တိုင်း, တွေ့တိုင်း၊ အတ္တငါ, အသိုင်းအဝိုင်းမပါဘဲ အနတ္တဂိုဏ်းထဲမှာ- ဒုက္ခသစ္စာသာ ဝိုင်းဝိုင်းလည်နေတာပါတကားဟု တထစ်တိုးပြီး သိမ်းဆည်းကြည့်ရှုတော် မူပါလေ။

ယခုပြခဲ့သော- အကျဉ်းအမြွက် သဘောသွားနှင့် ဒုယတိ ပိုင်းမှာ ရုပ်နယ်, နာမ်နယ်, ခန္ဓာနယ်အထိအောင်၊ မကျဉ်းမကျယ် ပြဆိုထားခဲ့ပြီ ဖြစ်ခြင်းကြောင့်၊ တထင်ထိုးပြီး သိမ်းဆည်း- ကြည့်, ရှု, နိုင်ကြပါလိမ့်လို့ ယုံကြည်ပါတယ်၊ အဲဒီ= စိတ်, စေတသိက်, ရုပ်, ဆိုတဲ့- သင်္ခတ, ပရမတ်တရားသည်၊ ဝိညာဏ်, နာမ်, ရုပ်အနေ- ခန္ဓာငါးထွေနဲ့ သက်ဝင်ဖြစ်ရှိ-

ဆင်းရဲတွင်း အငြိခံနေရတာဟာ၊ အတ္တဗလာ, အနတ္တသာမို့- အနှစ်မဲ့ကင်းလျက်၊ လိုရာလိုရပ်မပါအပ်အောင်၊ အစိုးမရနိုင်ခြင်းအမှန်၊ အနတ္တကေန်ဖြစ်ပေမဲ့၊ ကံသစ်, ကံဟောင်း- အနုသယသစ်, အနုသယဟောင်း၊ အတိတ်, ပစ္စုပ္ပန် အကြောင်းတွေနဲ့ ပေါင်းဆုံခံရပြန်တော့၊ မိမိဆိုင်ရာ အသီးသီး, အစိုးတရရှိခြင်းဆိုတဲ့ ဣန္ဒြေမီးနဲ့ ဆက်လောင်တတ်တဲ့ သခ်ါရဖြစ်ပျက် အရပ်ရပ်တို့ သက်ဝင်နေရပါတယ်၊ အတ္တကတော့- လုံးဝမရှိ, လုံးဝမဟုတ်လို့ အစိုးမရပေမဲ့ သဟဇာတ်ဖြစ်တဲ့ရုပ်ဓါတ်, နာမ်ဓါတ်,ခန္ဓာအရပ်ရပ်တွေမှာတော့ အောက်ပါ အစိုးရပုံမျိုးတွေနဲ့ သခ်ါရဟုန်အတွင်း ချဉ်းနင်းဝင်ရောက်, ဒုက္ခသစ္စာမြောက် နေရခြင်း ဖြစ်ပါတယ်။ ထိုထို ရုပ်, နာမ်,၌ အစိုးရမှု ခြံရံခံရခြင်း သဘော, တွေမှာ....

(၁) အဓိပတိ = လွန်ကဲစွာ, အချုပ်အားဖြင့် အစိုးရခြင်း၊ထိုအစိုး ရခြင်းတွင် တကွ ဖြစ်ဘက်,တရား တို့၌၊ ဆန္ဒဖြင့်၊ စိတ္တဖြင့်၊ ဝိရိယဖြင့်၊ ဝီမံသပညာဖြင့်၊ အစိုးရခြင်း လေးမျိုးကို သဟဇာတတာ ဓိပတိ ခေါ်ပါသည်။ ထိုလေးပါးသော သဟဇာတ, အဓိပတိတို့တွင်၊ အကုသိုလ်အဘို့၌ ဝီမံသာ ဓိပတိမရအပ်၊အကုသိုလ် အဘို့၌ တပါးသည်– ပစ္စည်းဖြစ်ခိုက်၊ ကျန်သုံးပါး သည် ပစ္စယုပ္ပန်– ပစ္စနိက်, ထိုက်သည့် အားလျော် စွာဖြစ်၏။ အာရုံအားဖြင့် အဓိပတိထိုက်သော- ဣဋ္ဌာရုံဖြစ်သည့် နိပ္ဖန္နရုပ် (၁၈) ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ်, ကြဉ် သော စိတ်– ၈၄၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ–ဝိစိကိစ္ဆာ, စေတသိက်ငါးပါး ကြဉ်သော စေတသိက် ၄၇–နှင့် နိဗ္ဗာန်သည်- အာရမ္မဏာ အဓိ ပတိမည်၏။

(၂) ဣန္ဒြိယ, ဣန္ဒြေ = မိမိဆိုင်ရာ တရားတို့၌၊ အစိပ်အားဖြင့် လွှမ်းမိုးအစိုး ရခြင်း၊ ထိုအစိုးရခြင်းတရားတို့မှာ၊ ဣန္ဒြေ(၂၂) ပါးတို့တွင်၊ ဣတ္ထိန္ဒြေ- ပုရိသိန္ဒြေ- နှစ်ပါးမှ ကြဉ်း သော ဣန္ဒြေအပါး(၂၀)သည် မိမိဆိုင်ရာ အသီး သီး, အစိုးတရရှိသော တရားဖြစ်ပါသည်။

(၃) ကိစ္စရသ.... = ယှဉ်စပ်ဖြစ်ပေါ်တတ်မှု၌၊ မိမိဆိုင်ရာ, နီးစွာသော အကြောင်းကို အရင်းခံပြု၍ အစိုးတရ ဖြစ်ပေါ်တတ်ခြင်းတရားများ။

(၄) သမ္ပတ္တိရသ = ပြည့်စုံ ဖြစ် ပေါ် မှု၌၊ မိမိ ဆိုင်ရာ- နီးစွာသော, အကြောင်းတို့၏ အယုတ်,အလတ်,အမြတ်,အလိုက် အစိုးတရ ဖြစ်ပေါ်ခြင်း တရားများ။

ထိုသို့= အကြောင်းကြီး, အကြောင်းငယ်, အကြောင်းထူး,အကြောင်းဦး၊ အကြောင်းနီး- အကြောင်းဝေး တို့ကြောင့်သာ၊ (ဝါ) အကြောင်း, အသွယ်သွယ်တို့နှင့်သာ၊ (ဝါ) အကြောင်းအသွယ်သွယ်တို့ကသာ၊ အစိုးတရမှု အမျိုးမျိုးဖြင့်၊ စိတ်, စေတသိက်, ရုပ်, မှ= ဝိညာဏ်, နာမ်, ရုပ်,၊ တနည်း= ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ-ဟု- ခန္ဓာငါးပါးဖြစ်ပွားလျက်၊ကြဉ် လည်ရခြင်းတို့ ဖြစ်ပွားသွားကြရပါသည်။ သို့သော်- မူလ အားဖြင့်ကား- ကံ သည်ပင် အစိုးတရအရှိဆုံး ဖြစ်ခြင်းနှင့် ဖြစ်ရာဌာန- အာယတန (၁၂) ပါး အတွင်း၌၊ဓါတ်(၁၈)ပါးအခင်းနှင့်ဇရာ,မရဏဇာတ်ခုံပေါ်တွင်အဆက်မပြတ် ဒုက္ခသစ္စာဇာတ်ကို ကပြနေကြရခြင်းသာ ဖြစ်ပါသည်။

ဤကဲ့သို့= အတ္တဗလာ, ငါကနတ္ထိ၊ မရှိပညတ္တိ- အနိဿရဏ, သဘော ပကတိမို့၊ အဓိပတိလဲ မည်၊ ဣန္ဒြေလဲ မထိုက်၊ ကိစ္စလဲမဆိုက်၊ သမ္ပတ္တိနောက် ကိုလဲ မလိုက်နိုင်ဘဲ၊ သက်သက်- အမှားစွဲဖြင့်သာ၊ ယူမှတ်, သိမြင်, ငါ- ငါ့ ဥစ္စာ, ငါမှငါ အသွင်,ပြုလုပ်ချင်၍ မရသော၊ ဤ-ရုပ်, နာမ်, ခန္ဓာတွင် ကံ, သည်ပင် ဣန္ဒ-အစိုးတရအရှင်၊ အမိ, အဘအသွင် တခွင်အောက်၌၊ အဓိပတိ အစ- သဟာဇာတ, အာရမ္မဏ အလယ်- ကိစ္စရသ, သမ္ပတ္တိရသ, တွယ်ခါ၊ စိုးမိုးချယ်လှယ်ဖြစ်ပွားသည့် သံသရာ့စက်ရဟတ်တရား၌၊ ဖြစ်ရာဌာန အာယ တနတရားသဘောကိုလဲ သိပါမှ၊ ဖြစ်၍ပေါ်အပ် ဓါတ်(၁၈)ရပ်ကိုလဲ ရိပ်စား မိပါမှ၊ ဣန္ဒြေ ဆိုးတွေကို ချိုးဖဲ့ ချွေနုတ်ခါ၊ တကဲ့အမှန်, ဣန္ဒြေကောန်ကို ခြံရံ ဝံရစေနိုင်မှာ ဖြစ်ခြင်းကြောင့်၊ စိတ်, စေတသိက်, ရုပ်မှ ဆင်းသက်လာတဲ့- သင်္ခတ, သင်္ခါရတရားစုကို ဖြစ်ရာဌာန- အာယတနတရားနှင့် ဖြစ်ပွားတတ်ပုံ ဓါတ်ဟာဆယ့်ရှစ်ဖုံကို လုံးခြုံငုံ သိရအောင်၊ ဝေဘန်, စီစစ်၍- ကြည့်ကြပါ အုံးစို့....။ ။

# ခန္ဓာတာခွင် - ဖြစ်ပျက် ယှဉ်စပ်
# အာယတန နှင့် ဓါတ်

* (စိတ်=၁) စေတသိက်(၅၂)၊ ရုပ်(၂၈)၊ တခ်တ, ပရမတ္ထတရား အစစ်။
* (ဝိညာဏ်) ကျဉ်း-၈၉၊ ကျယ်-၁၂၁။ (နာမ်) ဝေဒနာ-၁၊ သညာ-၁၊ သင်္ခါရ-၅၀၊ (ရုပ်) ၂၈။
* (ရုပ်-၂၈)စေတသိက်=(ဝေဒနာ-၁)(သညာ-၁)(သင်္ခါရ-၅၀) စိတ်= (ဝိညာဏ- ၁၂၁) ခန္ဓာပဉ္စက စံနစ်။

## ''ခန္ဓာငါးပါး - ဖြစ်ရင္ဒာန, အာယတနအားဖြင့်''

ခန္ဓာငါးပါးသည်၊ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ဖြစ်ပါသည်။

အာယတန(၁၂)ပါးသည်၊ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတနတို့သည် အဇ္ဈတ္တိကာယတန ၆-ပါး ဖြစ်ပါသည်။ ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖေါဋ္ဌဗ္ဗာယတန- ဓမ္မာယတနတို့သည် ဗဟိဒ္ဓါယတန ၆-ပါး ဖြစ်ပါသည်။

| | |
|---|---|
| အဇ္ဈတ္တိက- အာယတန ၆-ပါးတို့တွင်= စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန၏ တစိပ်ဖြစ်သော- ဟဒယဝတ္ထုရုပ်နှင့် .................. ဗဟိဒ္ဓါယတန ၆-ပါးတို့တွင်- ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖေါဋ္ဌဗ္ဗာယတန၊ ဓမ္မာယတနတစိပ်မှ- သုခုမရုပ်(၁၆) ပါးတို့သည် .............................................. | ရူပက္ခန္ဓာ။ |

| | | |
|---|---|---|
| ဓမ္မာယတနမှ | = | စေတသိက်(၅၂)ပါးတွင်- ဝေဒနာ စေတသိက်သည်..................ဝေဒနက္ခန္ဓာ။ |
| ဓမ္မာယတနမှ | = | စေတသိက်(၅၂)ပါးတွင်- သညာ,စေတသိက်သည်......................သညက္ခန္ဓာ။ |
| ဓမ္မာယတနမှ | = | ဝေဒနာ, သညာမှ ကြွင်းသော- စေတသိက် (၅၀) သည်.................. သင်္ခါရက္ခန္ဓာ။ |

မနာယတနတဒိပ်မှ= မနောဓါတ်, သုံးပါးသည်... ...........ဝိညာဏက္ခန္ဓာ။

ဓမ္မာယတနမှ = နိဗ္ဗာန်နှင့် ပညတ်တို့သည်၊ ခန္ဓာမှလွတ်သော ဓမ္မာရုံ တရားဖြစ်ပါသည်။

ဤသို– အားဖြင့်၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်,ဟု ဆိုအပ်သော၊ သခ်ံတ, အသခ်ံတ,အားဖြင့် နှစ်ပါးပြားသည့် ပရမတ္ထတရားတို့သည်၊ ဝိညာဏ် နာမ်, ရုပ်,အားဖြင့် သက်ဝင်ပုံကိုငင်း၊ ရုပ်,ဝေဒနာ,သညာ,သခ်ံါရ, ဝိညာဏ, အားဖြင့် ခန္ဓာငါး၂ါး သက်ဝင်ပုံကိုငင်း၊ ထိုခန္ဓာငါးပါးတို့သည် ဖြစ်ပွားရာ ဌာနအားဖြင့် အာယတန ၁၂–ပါး ပြားရာတွင် အသခ်ံတပရမတ်ပါ၊ ပါဝင် လျက် ခွဲခြားပြဆိုခြင်းကိုငင်း၊ ပုဂ္ဂိုလ်, သတ္တဝါ, အသက်လိပ်ပျာ, အတ္တငါ မဖက်, သက်သက်သော သခ်ံါရလောက၏ ဒုက္ခစံနက်ကို ပိုင်းခြား၍ သိအပ်ရာ ပါသည်။ ထိုတွင်မျှ မက၊ ဤပရမတ္ထတရားတို့၏ ဆောင်နှင်းခြင်းသဘောသည် ကုန်ဆုံးပြီလောဟု ဆိုတော့– မဟုတ်သေးပါ။ ထိုတည်ရာဌာန– အာယတန, အနေအားဖြင့်- ဖြစ်ပွားပေါ်ပေါက်ပြန်တော့၊ ဓါတ်(၁၈)ပါးမြောက်သည့် အခင်း ဖြစ်ပွားခြင်းတရား ထင်ရှားလာပြန်ပါတော့သည်။ ထိုဓါတ်(၁၈)ပါး အကျဉ်းသဘောမှာ....

အထက်ပါ– ခန္ဓာငါးပါး, အစဉ်ဖြစ်ပွားရာတခွင်ဟု ဆိုအပ်သော တဆယ့်နှစ်ပါးသော အာယတနတရားတို့ကိုပင် အဇ္ဈတ္တိက, အာယတန(၆) ပါးကို အခံဓါတ်ဟူ၍ငင်း၊ ဗဟိဒ္ဓ, အာယတန(၆)ပါးကို အတိုက်ဓါတ်ဟူ၍ ငင်း၊ (ဝါ) အခံဓါတ်ကိုဒွါရဟူ၍ငင်း၊ အတိုက်ဓါတ်ကို အာရုံဟူ၍ငင်း၊(ဝါ) အခံဓါတ်ကို- ဝိသယီ,(ဂ္ဂါဟက)ဟူ၍ငင်း၊ အတိုက်ဓါတ်ကို- ဝိသယ,(ဂေါစရ) ဟူ၍ငင်း၊ အာယတန(၁၂)ပါးတို့ ပေါင်းဆုံတိုက်ခိုက်၍ ရှေ့ရှုတိုက်ဆိုင်၍ သိစိတ်ပေါ်နိုင်ခြင်းကို....

| | | | |
|---|---|---|---|
| (၁) | စက္ခုဓါတ်၊ | ရူပဓါတ်၊ | စက္ခုဝိညာဏဓါတ်၊ |
| (၂) | သောတဓါတ်၊ | သဒ္ဒဓါတ်၊ | သောတဝိညာဏဓါတ်၊ |
| (၃) | ဃာနဓါတ်၊ | ဂန္ဓဓါတ်၊ | ဃာနဝိညာဏဓါတ်၊ |
| (၄) | ဇိဝှါဓါတ်၊ | ရသဓါတ်၊ | ဇိဝှါဝိညာဏဓါတ်၊ |
| (၅) | ကာယဓါတ်၊ | ဖေါဋ္ဌဗ္ဗဓါတ်၊ | ကာယဝိညာဓါတ်၊ |
| (၆) | မနဓါတ်၊ | ဓမ္မဓါတ်၊ | မနောဝိညာဏဓါတ်၊ |

ဤသို့၊ အခံဓါတ်(၆)ပါး၊ အတိုက်ဓါတ် (၆) ပါး၊ အပေါ်ဓါတ် (၆)ပါး၊ ပေါင်း(၁၈)ပါးသော–ဓါတ်တရားတို့သည်၊ အာယတန၊ အာယ= စိတ်, စေတသိက်တရားတို့ ခိုအောင်း၍၊ တန= ဖြစ်ပွားရာဌာနဟု ဆိုအပ်သည်နှင့်အညီ၊ အဇ္ဈတ္တ, ဗဟိဒ္ဓ, တရားတို့ကို အစုံပြု၍– သိဝိညာဏ်ပေါ်မှုအဖြစ်သို့ သက်ဝင်ဖြစ်တတ်ခြင်း တရားစုကို၊ ဓါတ် (၁၈) ပါးဟု ခေါ်ပါသည်။ စိတ်, စေတသိက်မှ= ဝိညာဏ်, နာမ်, ရုပ်ပေါ်အပ်သော- ခန္ဓာငါးပါး= ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်အားဖြင့်– ဖြစ်ပွားရာတွင် ဖြစ်ရာဌာန, အာယတနနှစ်စား- ဒွါရ, အာရုံတို့ပေါင်းဆုံကြွားပြီးလျှင်၊ (၁၈)ပါးသော ဓါတ်အခင်းသို့ စိုးပိုင်သူ ကင်းလျက် သက်ဆင်းရပါတော့သည်။

ထို– (၁၈)ပါး, ဓါတ်တရားတို့ကို အစိုးတရ ဖြစ်ပေါ်စေအပ်ကုန်သည်မှာလည်း၊ အဓိပတိ- ဣန္ဒြိယစသော- အစိုးတရရှိခြင်း ပစ္စယသတ္တိအခင်းတို့ကြောင့်သာ၊ မပျက်မယွင်း, ဆောင်နှင်းတတ်ခြင်းဖြစ်သောကြောင့်၊ ဣန္ဒြေ- ၂၂-ပါးကို ဆက်လက်ပြဆိုတော်မူထားပါသည်။ ထိုဣန္ဒြေတရား (၂၂)ပါးတို့ အတွင်း၌ပင် လောကီဣန္ဒြေ, လောကုတ္တရာဣန္ဒြေနှင့်– လောကီ, လောကုတ်ဆက်သွယ်မှု သရုပ်ဖြင့်၊ ထွက်မြောက်ရာအလုပ်, ဗောဓိပက္ခိယဝင် ဣန္ဒြေတို့ကိုဖွင့်ဆိုတော်မူပြီးလျှင် လောကီဣန္ဒြေတို့တွင်လည်း ဣန္ဒြိယသံဝရသီလ, ဆိုက်အောင်ငှာ၊ ဗောဓိပက္ခိယဝင်- ဝိပဿနာဘာဝနာနှင့် ထိုက်စေသော ဣန္ဒြေတို့ကိုငှာ၊ ခွဲခြားပြဆိုပေးသနားတော်မူခဲ့ပါသည်။

အထက်ပါ– စိတ်, စေတသိက်, ရုပ်,မှ စ၍၊ သဗ္ဗညုတဉာဏ်တော်, မြတ်အရှင်၊ မဟာကရုဏာရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်၊ ကျွတ်ထိုက်အပ်သူ– ဝေနေယျဟူသမျှတို့အတွက်၊ ရုပ်နည်း, နာမ်နည်း, ခန္ဓာနည်း- အာယတနနည်း, ဓါတ်နည်း, ဣန္ဒြေနည်းတို့တိုင်၊ သက်ဝင်ပိုင်နိုင်ကြပါက၊ မကျွတ်ထိုက်အပ်သေးသူကို- ကျွတ်အပ်ထိုက်သူအဖြစ်ငှာ၊ ကျွတ်အပ်ထိုက်သူကို မြတ်ဘုရား,သာသနာအတွင်း၌ပင်၊ ကျွတ်တန်းဝင်စေနိုင်ရန်ငှာ၊ သတ္တဝါများ- အကျိုးများသွားအောင်၊ သတ္တဝါများ– အကျိုး တိုးပွား, ကောင်းစားသွားအောင်၊ သဗ္ဗညုတဉာဏ်တော်မြတ်၏ အစွမ်းသုံးအင်ဖြစ်သော ဒေသနာ- ကျနကုန်စင်, သိမြင်တော်မူသော ဇာနိတဗ္ဗအစွမ်းတော်မှ၊ ဒေသနက္ကမ, တရားအဖုံဖုံ, နည်းမျိုးစုံကို- ကုံလုံပိုင်းခြား, သိမြင်နိုင်ကြအောင် ပြတော်မူသော ဒေသိတဗ္ဗ အစွမ်းတော်အပြင်၊ အဇ္ဈာသယ, အနုအရင့်ကို သိလင်းတော်မူသော ပဇာနာတိ အစွမ်းတော်ဖြင့် တရားတော်မြတ်များကို ချက်

ခြင်းခဏ ကျွတ်တန်းဝင်ရအောင်၊ ဟောဖော်ပေးသနားတော် မူခဲ့ပါသည်။ ထိုအစဉ်တွင်- ယောဂီခေါ်တွင် သူတော်စင်တို့အား၊ မြတ်ဘုရားရှင်, အလိုရှိတော်မူသော (ဝါ) ဉာဏ်မြင်ဖြစ်စေလိုတော်မူသော အဘောအချုပ်မှာ....

(၁) စိတ်, စေတသိက်, ရုပ်လို့၊ သင်္ခတပရမတ်ကို ထုတ်ပြတော်မူသည်မှာ၊ သတ္တဝါ, အစားစားတို့သည် သမုတိသစ္စာနယ်၌သာ မရှိပညတ်တွေကို တွယ်ကပ်၍ အရှိလုပ်နေကြခြင်းကို ဖြုတ်ချနိုင်စေခြင်းငှါ၊ ထင်ရှားရှိသော သင်္ခတ, ပရမတ္ထသစ္စာကို ထင်လင်းစွာ သဘောပေါက်၍၊ သင်္ခါရလောက၌၊ ဉာဏ်ရောက်စေရန် ပြဆိုတော်မူခြင်းဖြစ်ပါသည်။ အသင်္ခတ- ပရမတ္ထသစ္စာကိုမူ သင်္ခတ ပရမတ္ထသစ္စာ- သင်္ခါရအဖြာဖြာ၌ ဉာဏ်ရောက်၍ မမြဲ, ဆင်းရဲ, အနှစ်သာရမတွဲသည့် အချည်းနှီးသောတရားဟု ဆုံးဖြတ်ခါ- ငြီးငွေ့ထွက်မြောက်လိုလာသည်ဖြစ်အပ်ပါက၊ သန္တိသုခ- ငြိမ်း၍ချမ်းသာ,အသင်္ခတသစ္စာ, မြတ်နိဗ္ဗာန်သည် မျက်မှောက်ပြုခါ ထွက်မြောက်ရာအစစ်, ကေန်ထင်ရှားဖြစ်ပါပေသည်ဟု ဉာဏ်ဖြင့်သိစေခြင်းငှါ ပြဆိုတော်မူခြင်း ဖြစ်ပါသည်။

(၂) ဝိညာဏ်, နာမ်, ရုပ်,လို့- သင်္ခတပရမတ်တရားမှ သက်ဝင်လာသော သင်္ခါရတရားသည်၊ ဇာတိ,အားဖြင့်- (ဝါ) ဥပစယအားဖြင့် ဝိညာဏ်ကြောင့်- နာမ်, ရုပ်သဘောတို့သည်သာ ပဋိသန္ဓေအခါမှစ၍ ဇာတိသန္တတိ, ပဝတ္တိအားဖြင့် အဆက်မပြတ်, သက်ဝင်ဆောင်နှင်း နှိပ်စက်ခံနေရခြင်း၊ ဒုက္ခသစ္စာအခင်းမှတပါး၊ ပုဂ္ဂိုလ်, သတ္တဝါ, အသက် လိပ်ပြာ, အတုံး, အလုံး, အခဲ- အထည်ဒြပ်, သဏ္ဌာန် မရှိအပ်ပုံကို ဉာဏ်နှင့် ပိုင်းခြား ထိုးထွင်း သိသွားစေလိုတော်မူလိုပါ၍- ပြဆိုခြင်း ဖြစ်ပါသည်။

(၃) ထို- ဝိညာဏ်,နာမ်,ရုပ်, သုံးပိုင်းတို့တွင် ရုပ်တရားကို ရှေ့ဦးစွာ- ပိုင်းပိုင်းခြားခြား သိမြင်စေအပ်သော ရူပ ပရိစ္ဆေဒဉာဏ်ဖြင့်၊ သတ္တဝါ, သူ, ငါ,ပို့, ရုပ်တရားပေါ်တွင်- နစ်မြုပ် စူးဝင်၍နေသော တဏှာ ငါ, မာနငါ ဒိဋ္ဌိငါ,ကို ချိုးဖေါက်ဖျက်ဆီး,ပယ်နုတ်သုတ်သင်ပြီး စေနိုင်ခြင်း အကျိုးငှါရင်း၊ ဝိညာဏ်, စိတ်နာမ်, စေတသိက်နာမ်တို့ကို တပေါင်းတည်းပြု၍၊ နာမပရိစ္ဆေဒ ဉာဏ်အားဖြင့် ပြဆိုတော်မူသည်မှာ၊ သတ္တဝါမှန်သမျှတို့ ပရံပရအဆက်ဆက်က နာမ်ပေါ်မှာတကွနက်, ဘဝအသစ်အသစ်ဆက်၍ ဆောင်တတ်သည်ကို အထင်အမြင်မှားကြခါ၊ တဏှာ အားဖြင့်- ငါ၊ မာန အားဖြင့်- ငါ၊ ဒိဋ္ဌိ အားဖြင့်- ငါ့နာမ်လို့ စွဲခဲ့တဲ့- အတ္တသက္ကာယဒိဋ္ဌိကို ချိုးဖေါက်ဖျက်ဆီး ပယ်နုတ် သုတ်သင်စေနိုင်ခြင်းငှါ၊ အလိုတော်ရှိ၍ ပြဆိုတော်မူခြင်း ဖြစ်ပါသည်။

(၄) ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူ၍၊ ခန္ဓာအမှု ငါးစုပြုခါ၊ ရုပ်နှင့်နာမ်, နှစ်စားတို့ တပြိုင်နက်, ဖြစ်ပွားကြပုံကို ပြဆိုပေးတော်မူသည်မှာလည်း၊ နာမရူပ ပရိစ္ဆေဒဉာဏ်, နာမရူပ ပရိဂ္ဂဟဉာဏ်, ဖြစ်ရှိကြပြီး၊ ရုပ်,နာမ်, နှစ်ပါးစလုံးတွင် စူးဝင်နစ်မြုပ်နေသော တဏှာ ငါ, မာန ငါ, ဒိဋ္ဌိ ငါကို၊ ပယ်နုတ်နိုင်စေခြင်း ဒိဋ္ဌိဝိသုဒ္ဓိစာရင်းမြောက်အောင် ပြဆိုတော်မူခြင်း ဖြစ်ပါသည်။ ထိုမှတတန်- သံသရာမပြတ်, အချည်းနှီးသော ရုပ်,နာမ်, နှစ်ရပ်၊ ခန္ဓာဇာတ်တို့ ကာလရှည်ကြာ, ကြဉ်လည်နေရသည်မှာလည်း၊ ပြုသူစီမံ, ဝေကန်အနေ၊ တဏှာငါတွေ, မာနငါတွေ, ဒိဋ္ဌိငါတွေ အမှန်ရှိနေ၍ မဟုတ်၊ ဟေတုနဲ့ ပစ္စယ,အကြောင်းနှစ်ဝကြောင့်သာ ထင်ရှားလာသော တရားဟုလည်း ဟေဟုပစ္စယပရိဂ္ဂဟဉာဏ်ကို ဖြစ်စေလျက်၊ စိတ်, စေတသိက်, ရုပ်မှ= ဝိညာဏ်, နာမ်, ရုပ်၊ ဝိညာဏ်, နာမ်, ရုပ်မှ= ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ,တွေ ဖြစ်ပျက်နဲ့ အမွေခံနေရသော-ဒုက္ခသစ္စာဗွေမှလွဲ၍၊ တခြားတပါးမရှိ၊ အကြောင်းအကျိုး,အစဉ်ငြိနေသည်ကို ယုံမှားကင်းအောင်၊ (ဝါ) ကင်္ခါဝိတရဏ, ဝိသုဒ္ဓိဉာဏ်ဖြစ်ရှိအောင်၊ သိစေလိုသောကြောင့် ပြဆိုတော်မူခြင်း ဖြစ်ပါသည်။

(၅) အဲဒီလို= သက္ကာယနဲ့ အတ္တဒိဋ္ဌိကို၊ ခန္ဓာငါးစား,, ရုပ်နာမ် နှစ်ပါးအတွင်းမှာ၊ ဒိဋ္ဌိဝိသုဒ္ဓိ, စာရင်းမြောက်အောင်ငင်း၊ အကြောင်း,အကျိုးအခင်း- သိမ်းဆည်းခြင်းဖြင့်၊ ယုံမှားကင်းသည့် ကင်္ခါဝိတရဏ, ဝိသုဒ္ဓိစာရင်းမြောက်အောင်ငင်း၊ ပြဆိုတော် မူပေးသော်လည်း၊ အယူမျှ အပေါ်မှာသာ, ယုံမှားကင်းပြီး၊ တဏှာငါ, မာနငါတို့နှင့်၊ ငါ့ဥစ္စာ, ငါမှငါဆိုတာကို မဖြေရှင်းနိုင်ကြသေးသည်ဖြစ်၍၊ ဖြစ်ရာဌာန, အာယတနတို့သည်သာ ကမ္မဇရုပ်ပိုင်ဆောင်နှင်းတတ်ခြင်း ဖြစ်ပါသည်။ မြင်တာဟာ, မျက်စိမဟုတ်၊ ငါ့မျက်စိလဲ မဟုတ်၊ ငါက မြင်တာလဲ မဟုတ်။ ကြားတာဟာ နားမဟုတ်၊ ငါ့နားလဲ မဟုတ်၊ငါကြားတာလဲ မဟုတ်။ နံတာဟာ နှာခေါင်းမဟုတ်၊ ငါ့နှာခေါင်းလဲ မဟုတ်၊ ငါက နံတာလဲ မဟုတ်။ အရသာပေါ်တာလဲ လျှာမဟုတ်၊ ငါ့လျှာလဲ မဟုတ်၊ ငါ့အရသာလဲ မဟုတ်။ ထိသိတာဟာ ကိုယ်မဟုတ်၊ ငါ့ကိုယ်လဲ မဟုတ်၊ ထိတွေ့တာလဲ ငါမဟုတ်။ ကြံစီတာ ငါမဟုတ်၊ ငါက ကြံစီတာလဲ မဟုတ်၊ ကြံသိတာဟာလဲ ငါမဟုတ်တာ- အမှန်ကေန်ကို၊ တဏှာ- ငါက, ငါ့ဥစ္စာလို့ ထင်မှတ် သိခြင်း၊ မာနာငါက, ငါမှငါလို့ ထင်မှတ်သိခြင်းဖြင့် ရုပ်အခင်းတွင် နစ်မြုပ်စူးဝင်နေတဲ့ မိစ္ဆာဘိနိဝေသကို ခွါချနိုင်အောင်၊ အတွင်း, အပြင်နှစ်ဌာန- ကမ္မဇကလာပ, ရုပ်အာယတန (၁၂)ပါးတို့ ခန္ဓာငါးပါးအားဖြင့်–

ခိုအောင်း ဖြစ်ပွားရာ ဌာနအဖြစ်၊ ဒွါရ, အာရုံ သဘောတွေကို ထပ်ဆင့်၍ စောကြောပြသပေးတော်မူခြင်း ဖြစ်ပါသည်။ ထို့ကြောင့်- ရုပ်၌ စိုက်အပ်, ငါနှစ်ရပ်ကို မပြတ်တွင်တွင် ခွါချနိုင်မှုအာယာဉ်ဖြစ်သော ဣန္ဒြိယသံဝရသီလကို တွင်တွင် စောင့်စည်း၍ ဘာဝနာခွင် အစဉ်မှီးနိုင်အောင် ဘုရားရှင်အလိုကျ ရှေ့ရှုသင့်လှပါသည်။

(၆) ထိုမှတသီး- အာယတန (၁၂)ပါးကိုလည်း ဓါတ်ဟု ခေါ်တွင်၍၊ တသွင်ဝိညာဏ်, ပေါ်ထွက်ပြန်ရပုံ, ဖြစ်ပျက်ဟုန်ကို ဆက်လက်ပြဆိုတော်မူသည်မှာလည်း၊ (အတ္တာနေ သဘာဝံ ဓါရေတီတိ ဓမ္မော)အရ၊ ပင်ကိုယ်ကပင် အတ္တမယှဉ်, ငါမဟုတ်၊ စိတ်,စေတသိက်, ရုပ်မှ- သက်ဝင်ခဲ့ရသည့် ခန္ဓာအစဉ်ဖြစ်ပွားမှု- အာယတနတွေကို ဌာနပြုရာမှာ၊ ရုပ်အာယတန၌ ခိုအောင်းဖြစ်ပွားရာဌာနကိုမှ တဏှာငါ, မာနငါ, ဒိဋ္ဌိငါ- ယှဉ်၍မရနိုင်ပါလျှင်၊ နာမ်ဓါတ်ပေါ်မှု ခြောက်ပါးသော ဝိညာဏဓါတ်အစုမျှ သဘော၌လည်း၊ တဏှာလဲ မစိုက်ပါနှင့် မာနနဲ့လဲ မသိမ်းပိုက်ပါနဲ့၊ ဒိဋ္ဌိငါ, အယူအမြင်,အသိနဲ့လဲ မလိုက်ပါနဲ့တော့၊ လိုက်၍- စိုက်၍- ပိုက်၍- ယူစရာ, မြင်စရာ, သိစရာတွေဟာဖြင့်၊ အာယတန တဆယ့်နှစ်နှင့် ဓါတ်တဆယ့်ရှစ်ထဲမှာ မပါ, မရှိပါဘဲ၊ ဓါတ်ဆောင်၍ ဖြစ်, အနိစ္စအစစ်မို့ ပျက်၊ သဿတလဲ မဖက်၊ လိုရာလိုရပ်လဲ မပါ၊ ဆက်ခါ, ဆက်ခါ- သမုဒယအကြောင်း ဆင့်ပါသဖြင့် ဥစ္ဆေဒအရာ အပြတ်အစဲ အဘာဝတရားလဲ မဟုတ်၊ စိတ်, စေတသိက်, ရုပ်တို့သာ သဘာဝအချက်နှင့် ဖြစ်ပျက်, မစဲတဲ့ ဒုက္ခဝဲထဲတွင်- လဲ၍ မထူနိုင်, နစ်၍ ဆယ်မရ၊ အစိုးတရရှိမှုနဲ့ အတ္တဟု ဆွဲကိုင်ပြစရာကင်းပါသော လက္ခဏာသုံးပါးစာရင်းနှင့် အညှဉ်းဆဲခံ, တေဘူမကံ- ဝဋ္ဋံအဖြစ်, ဆင်းရဲတွင်းနစ်ခါ လည်ပတ်နေရခြင်း ဓါတ်အခင်းပါတကားဟု မဂ်ညာဏ်အားလျော်သည့် အနုပဿနာသုံးဖော်ကို ဖော်ထုတ်ရှုမှတ်၊ မဂ္ဂါမဂ္ဂညာဏဒဿနညာဏ်,ဝိသုဒ္ဓိအတန်တန်,ဖြစ်ရှိစေအပ်ရေးကို လိုလားပါသဖြင့် မြတ်ဘုရားရှင်သည်၊ နာမ်ပဝတ္တ ဓါတ်အစုမျှ, ဆယ့်ရှစ်ဝ,အစဉ်ကို ခွဲထွင် ဟောကြားတော် မူခဲ့ခြင်း ဖြစ်ပါသည်။

(၇) ထိုတွင်မျှမက၊ ဓါတ်(၁၈)ရှစ်ဖော်တွင် မဂ်ညာဏ်နှင့် လျော်သည့် လက္ခဏာသုံးခွင်, အနုပဿနာသုံးရပ်၊ ညာဏ်အမြင်နှင့် သုံးသပ်ပါက၊ ဤ- စိတ်, စေတသိက်, ရုပ်မှ- ဝိညာဏ်, နာမ်, ရုပ်၊ ဝိညာဏ်, နာမ်, ရုပ်မှ- ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏမှ- အာယတန ဒွါဒသ။ အာယတန- ဒွါဒသမှ- ဓါတုအဋ္ဌာဒသတိုင်၊

ဒုက္ခသစ္စာကို မဏ္ဍိုင်ပြု၍ လည်ပတ်ဖြစ်ပွား, ဖြစ်ပျက်သင်္ခါရတရားသည်၊(ဝါ) ဝယဓမ္မာ- သင်္ခါရာ, ပျက်အစဉ်သင်္ခါရတရားသည်၊ စိုးပိုင်သူမရှိ၊ ဆင်းရဲဘိ၍ တစိကလေးမှ မမြဲသည့် တရား အမှန်ဖြစ်ငြားသော်လည်း၊ ဒုက္ခကြံ့ခိုင်, ထို- မဏ္ဍိုင်ကို မယိုင်မလဲ စိုးပိုင်သူ အမြဲရှိဘိသကဲ့သို့၊ ရုပ်ဣန္ဒြေ၊ နာမ်ဣန္ဒြေ၊ ဝေဒနာဣန္ဒြေ၊ သဒ္ဓါဣန္ဒြေ- အစရှိသော အထွေထွေတို့သည်၊ အဓိပတိအစ- ဣန္ဒြိယဌာအလယ်– ကိစ္စရသ, သမ္ပတ္တိရသဝယ်, အဆုံးတွယ်၍၊ အသာမိက– အနိဿရဏ, အနတ္တအမှန်, ငါမခြံရံနိုင်ဘဲ၊ ဣန္ဒမည်သော- ကံ၏ စိုးပိုင်မှုကို အခြေခံပြု၍ အတွင်းဝင်အစုစုနှင့် ဆိုင်ရာအကြောင်း, ပြီးစေကောင်းသော- ပစ္စယအသီးသီး, ဟေတုဇနက သတ္တိကို မှီး၍၊ ဖြစ်နည်း, ပျက်မှု- အစုစုကို၊ ဤသို့နှင့်နှင် ပြုပြင်သူ မရှိ၊ ကမ္မနဝရ,အကြောင်း၊ ပစ္စယနှင့် ဥပထမ္ဘကအလီလီ, သတ္တိညီညီ သီကုံး၍ ဝဋ်သုံးဘုံလုံးဝယ် အမြစ်တွယ်နေရပေသည်ဟု ပိုင်းခြားသိစေရန်၊ ဣန္ဒြေ (၂၂)တန် တရားတော်မြတ်ကိုလဲ ဟောကြား, ပေးသနားတော်မူခဲ့ပါသည်။ မြတ်ဘုရားရှင်သည် ဣန္ဒြေတရားအပေါ်တွင် လိုရင်းအချုပ်, သတ္တဝါတွေကို ကယ်ထုတ်လိုတော်မူသည်မှာတော့၊ အထက်ဖော်ပြပြီး= ရုပ်ဣန္ဒြေ- နာမ်ဣန္ဒြေ- ဝေဒနိန္ဒြေ- သဒ္ဓိန္ဒြေ- အစရှိသည်တို့တွင် လောကီ, ဣန္ဒြေတွေကနေ ထွက်မြောက်လျက်၊ (ဝါ) သင်္ခါရလောကတခွင်က မထွက်မြောက်နိုင်အောင် ကံနှင့် တကွ၊ လောကီ, ဣန္ဒြေတွေက- အစိုးတရချယ်လှယ်- ပစ္စယ, အတွယ်ခံ, နေကြရသည်မှ– ထွက်မြောက်လျက်၊ လောကုတ္တရာ– ဣန္ဒြေမြောက်အောင်, လောကုတ္တရာ, ဣန္ဒြေတည်အောင်, လောကီဣန္ဒြေ မှန်သမျှ အပေါ် လွှမ်းမိုး အစိုးရ သွားစေလျက်- လောကီဣန္ဒြေတွေကို- ချိုးဖေါက်, ဖျက်ဆီး- လွတ်မြောက်, ပြီးသွားရအောင်၊ ရစေလိုသော မဟာကရုဏာတော်, ဆန္ဒမြတ်ဖြင့်၊ ဤ– စိတ်, စေတသိက်, ရုပ်,မှ ဣန္ဒြေ- ၂၂–ပါးသို့ တိုင်အောင်သော– ဒေသနက္ကမ နည်းကို၊ ဇာနိတဗ္ဗ= သိအပ်, ဘွယ်ရာ တရားတော်အစဉ်မဟာကို၊ ဒေသိတဗ္ဗအားဖြင့်–မသိ,သိအောင်,နည်းမျိုးအဖုံဖုံ ဆောင်တော်မူ၍၊ အဇ္ဈာသယ, အနေအစားစားတို့နှင့် မလွဲမသွေ ကိုက်ညီသွားလေအောင်၊ ပဇာနာတိ–ပညာဉာဏ်သိရရှိပြီး၊ ပပဥ္စတရားသုံးပါး– သံသရာရှည်အောင် အစဉ်ချီးမြှောက်ထားသော၊ တဏှာငါ, မာနငါ, ဒိဋ္ဌိငါ, သုံးစားကို ချိုးဖေါက်ခါဖျက်ဆီးလျက်၊ လောကုတ္တရာ ဣန္ဒြေတို့ သက်ဝင်အစိုးရစေပြီး- ဝဋ်ဆင်းရဲမှ အပြီးတိုင် ထွက်မြောက်စေလိုလှသည်နှင့် အညီ၊ ညည်းဥ္မအိပ်, နွေ့မအား, အတုအတူမရှိသော ဝိရိယဗလတော်ဖြင့် ပေးသနားတော်မူခဲ့သည်မှာ....၊ မိမိအတွက်ပါကလားဟု– သာဝက အသက်ဝင်ငြား–

အဘဘုရားကျေးဇူးတော်ကို၊ အားကိုးပြုလိုသော–ယောဂီအစစ်- ဘိက္ခုအဖြစ် ဝင်–သေက္ခသူတော်စင်တို့သည်၊ ဤ–ဒေသနက္ကမ အစဉ်တော်အရ၊ အမြင် မချော်ကြဘဲ၊ မိမိတို့တွင် ဉာဏ်အမြင်မှန်ရအောင်၊ ဤ– မဟာဉာဏ်အောင် ဝိပဿနာ လုပ်ငန်းခွင်ဝင်– ကျင့်စဉ်သုံးပိုင်းတွင် မဆုတ်မဆိုင်း ဆည်းပူးကြ လျက်၊ မိမိအပူ ဆယ် တမီးငြိမ်း၍၊ မြတ်ဘုရားကျေးဇူး ဆပ်ကိန်းကျအောင် စောင့်ထိမ်းကြိုးစားတော်မူကြပါလေ။ ။

...........о ...........

# မြတ်တရားအဆီကို– မြတ်ဘုရားရှင်, သိစေလိုသည့်နှင့် အညီ

## အာယတန–ဓါတ်–ဣန္ဒြေမြတ်–တရားသားတွေကို ရှာဖွေကြည့်ကြပါစို့။

ယောဂီသူမြတ်တို့သည်၊ ဒုတိယပိုင်းထဲမှာ–ရုပ်,နာမ်,ခန္ဓာ– အကြောင်း အပေါင်းတို့၌၊ ဝိပဿနာ ဉာဏ်တိုင်အောင်၊ ဖြစ်ကြောင်းကို ကောင်းစွာသိခဲ့ ရပြီးဖြစ်ပါ၍၊ ၎င်း– ရုပ်နာမ်ခန္ဓာကိုပင် အာယတန ၁၂–ပါး ဝင်ပုံကို၊ အထက်က အကျဉ်းမျှပြဆိုခဲ့ပြီးသည့်အတိုင်း၊ ယခုအခါ အာယတနပိုင်းမှစ၍ မကျဉ်းမကျယ် အသိဉာဏ်ကြွယ်ရုံမျှ–ဖေါ်ထုတ်ကြည့်ကြပါအုံးစို့.....။ ယင်း, အာယတန (၁၂) ပါးတို့သည်....

* အဇ္ဈတ္တိက=အတွင်း၊ အာယတန–ဖြစ်ရာဌာနအားဖြင့်၊(ဝါ) မိမိဟု ဆိုအပ်သော– အတ္တဘောအရင်း အတွင်းကျကျ–ဖြစ်ရာဌာနအား ဖြင့်၊ စက္ခာယတန– သောတာယတန– ဃာနာယတန– ဇိဝှါယ တန–ကာယာယတန–မနာယတန ဟူ၍ (၆) ပါး။
* ဗဟိဒ္ဓ=အပြင်၊ အာယတန–ဖြစ်ရာဌာန အာရုံမည်သောအားဖြင့်၊ (ဝါ) မိမိဟုဆိုအပ်သောအတ္တဘောနှင့်စပ်၍ ဆွဲဆောင်တတ်သော ဖြစ်ရာ အာ ရုံဌာနီအားဖြင့်၊ ရူပါယတန–သဒ္ဒါယတန– ဂန္ဓာယ တန–ရသာယတန–ဓမ္မာယတန ဟူ၍ (၆) ပါး ဖြစ်ပါသည်။

ဤကဲ့သို့–အတွင်း, အဇ္ဈတ္တ– အပြင်, ဗဟိဒ္ဓအားဖြင့်၊ စိတ်,စေတသိက်, အာရုံတရားတို့၏ ဖြစ်ရာဌာနမည်ခြင်းကြောင့်၊ အာယတနဟူ၍ အမည်ရသော စက္ခု,ရူပ စသော အာယတနများတို့တွင်၊ အတွင်း, အာယတနကို-ဒွါရဟူ၍ ၎င်း၊ ပသာဒဟူ၍၎င်း၊ မနာယတန၏ တည်ရာအဖြစ် ဟဒယဝတ္ထုကိုအစွဲပြု၍၊ ဝတ္ထုရုပ်ဟူ၍၎င်း၊ အပြင်,အာယတနကို အာရမ္မဏအာရုံဟူ၍၎င်း၊ ကျက်စား အပ်ခြင်းကြောင့်၊ ဂေါစရရုပ်တို့ဟူ၍၎င်း၊ အမည်အသီးသီး အခေါ်အဝေါ် များလည်း ရှိပါ၏။ ဗဟိဒ္ဓ– ဓမ္မာယတနကိုမူ အာရုံရုပ်– အာရုံစေတသိက်၊ နိဗ္ဗာန်,ပညတ်တို့ဟူ၍ မနာယတန သဘောကိုစွဲကာ– အခေါ်အဝေါ် အမည် များလည်း ရှိပါသည်။

## ''အာယတနခေါ်ပုံ – သဘောဟုန်''

တတ္ထ အာယန္တိ အာယေဝါ၊ တနောန္တိ အာယတမ္ပိဝါ၊
နေန္တီတိ ဝစနတ္ထေန၊ ဝုတ္တာ အာယတနာနိ မေ၊
အပိစေ တေ နိဝါသတ္တာ၊ အာရကတ္တာ သမောသရာ၊
သဉ္ဇာတိ ဒေသ အတ္ထေန၊ ကာရဏတ္တာစ ဝုစ္စရေ။ ။(ပရမတ္ထသရူပ)

တတ္ထ–ဤစက္ခုပသာဒ, ရူပ စသည်တို့၌၊ အာယန္တိ–စိတ်, စေတသိက်, တရားတို့သည်၊ မိမိတို့၏ကိစ္စအားဖြင့်၊ ပေါင်းစည်းအားထုတ်ကြကုန်၏။ (ဝါ) တနည်းကား၊ အာယေ–လွန်ယုတ်မသွေ-ဖြစ်လာပေကုန်သော စိတ်,စေတသိက် တရားတို့ကို၊ တနောန္တိ–ချဲ့ထွင်တတ်ကုန်၏။ ဝါ–တနည်းကား၊ အာယတံ-ကြာ ရှည်မြဲမြံ–သံသရာ့ဝဋ်ဒုက္ခအယာမ်ကို၊ နေန္တိ- ချဲ့ထွင်ဆောင်လတ် ဖြစ်စေတတ် ကုန်၏။ ဣတိဝစနတ္ထေန– ဤသို့သော ဝစနတ္ထသဘောကြောင့်၊ ဣမေဓမ္မ– ဤတဆယ့်နှစ်ပါးသောတရားတို့ကို၊ အာယာတနာနိ–အာယတနဟူ၍၊ဝုတ္တာ– ဆိုအပ်ကုန်၏။

အပိစ–ဝစနတ္ထမှတပါး၊ ပဒတ္ထတနည်းကား၊ တေ– ဤစက္ခု– ရူပ စသည်တို့ကို၊ နိဝါသတ္တာ–စိတ်,စေတသိက်တို့၏ နေရာဖြစ်သောကြောင့်၎င်း၊ (ဝါ) စိတ်,စေတသိက်တို့၏ ခိုအောင်း ဖြစ်ပွားရာနေရာဖြစ်သောကြောင့်၎င်း၊ အာရကတ္တာ–ရောပြွမ်းမှီလှုံအာရုံပြုကုန်သည်၏အဖြစ်ကြောင့်၎င်း၊သမောသရာ- အကြောင်းစုံခ, ပေါင်းဆုံ- စုဝေးကြရာဖြစ်သောကြောင့်၎င်း၊ သဉ္ဇာတိဒေသ

အတွေ့ခံ–ကောင်းစွာလည်းလျှောင်း- ဖြစ်ပွားကြောင်းအရပ်ဟူသော အနက် ကြောင့်ရင်း၊ ကရဏတ္တာဝစ–စိတ္တုပ္ပါဒ်တို့–တိုးပွားဖြစ်ပွားရာအကြောင်း၏အဖြစ် ကြောင့်ရင်း၊ အာယတနာနိ–အာယတန (၁၂) ပါးတို့ဟူ၍၊ ဝုစ္စရေ–ဆိုအပ် ကုန်၏။

ဤကဲ့သို့ အချုပ်အားဖြင့်၊ ရုပ်နာမ်နှစ်ပါးတို့သည်၊ ခန္ဓာငါးပါးအနေ ဖြင့် သံသရာမချုပ်မဆုံးနိုင်သမျှ အဖြစ်လဲမရပ်–အပျက်လဲမနား၊ တဖွားဖွား ဖြစ်ပျက်အားဖြင့်, ကြဉ်လည်ပြေးသွားနေရခြင်းသည်၊ ဒွါရ– အာရုံ မပေါင်း ဆုံဘဲ၊ (ဝါ) ဒွါရ– အာရုံ ပေါင်းဆုံစရာ ဖြစ်ရာဌာန, အာယတနတို့ မထင် ရှားဘဲ၊ (ဝါ) အထက်ပါ– ဝစနတ္ထ– ပဒတ္ထအခင်းသွားကဲ့သို့ ထင်ရှား, မဆောင်ဘဲ၊ ဖြစ်ပွားကြရသည် မဟုတ်ပါ၊ ထိုသို့- ဖြစ်ပွား, အာယတနလို့ ခေါ်ရတဲ့ အတွင်း,အပြင်- အာရုံ, အာရမ္မဏိက တရားတို့ကသာ ဆောင်နှင်း သည်ကို သတ္တဝါ, သူငါ, တစတို့က ငါ၌ ဖြစ်သည်၊ မိမိ၌ ဖြစ်သည်၊ ငါ့- မျက်စေ့နှင့် ရူပါရုံကို မြင်သည်၊ ငါမြင်တဲ့ ငါ့ရူပါရုံသာဖြစ်သည်။ ငါ့နား နှင့် အသံကို ကြားသည်၊ ငါကြားတဲ့ ငါ့အသံသာ ဖြစ်သည်။ ငါ့နှာခေါင်းနှင့် နံသည်၊ ငါနံတဲ့ အနံ့သာဖြစ်သည်၊ ငါ့လျှာနှင့် အရသာကို ခံစားသည်၊ ငါ စားရတဲ့ အရသာဖြစ်သည်၊ ငါ့ကိုယ်တိုင် တွေ့ထိသည်၊ ငါတွေ့ထိတဲ့အတွေ့ ဖြစ်သည်၊ ငါ့စိတ်က ကြံစည်သည်၊ ငါကြံစီလို့ သိရသည် စသည်ဖြင့်၊ ထိုအတွင်း အပြင်, အာယတနတို့ကို (ဝါ) ဒွါရ- အာရုံတို့ကို (ဝါ) ဝိသယီ– ဝိသယ သဘောတို့ကို၊ (ဝါ) အာရုံ– အာရမ္မဏိက သဘောတို့ကို အာယတနအနေဖြင့် စိတ်, စေတသိက်,တို့ သက်ဝင်၍၊ သံသရာကို ချဲ့ထွင်ဖြစ်ပွားပြီး ဝဋ်ရထားကို မရပ်မနား မောင်းနှင်ပေးနေရသည့် ဌာနဌာနီ, အလီလီအယုတ်, စက်နှိုးခုတ် မောင်းဘိသကဲ့သို့ လည်ပတ်ပြေးသွားကြောင်း၊ ဝဋ်ဆင်းရဲအကြောင်းအပေါင်း မျှပါတကားဟု မရိပ်စားမိနိုင်ကြငြားပါပေ။

အဲဒီလို= အဝိဇ္ဇာက, အမှောင်ကြီးချလျက် အညာဏအတိ, အမှန်ကို မသိမမြင်ရှိမျှမက၊ တဏှာငါက အာယတနနှစ်ဖြာကို– ငါ့ဥစ္စာလို့ စွဲယူကာ ငါ့မျက်စေ့, ငါ့နား, ငါ့နှာခေါင်း, ငါ့လျှာ, ငါ့ကိုယ်, ငါ့စိတ်,လို့ အတွင်း အာယတနကို သိမ်းပိုက်ထားတယ်၊အပြင်–အာယတနဖြစ်တဲ့=ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ, တွေကိုလဲ ငါ့ဥစ္စာလို့ဘဲ သိမ်းပိုက်ပြန် တယ်၊ အဲဒီလို– ငါ့မျက်စေ့, ငါ့နား, အစရှိတာတွေနဲ့ ငါ့ရူပါရုံ, ငါ့အသံ– အစရှိတာတွေနဲ့ ပေါင်းဆုံပြန်တော့၊ ဣဋ္ဌာရုံဆိုပါလျှင်၊ ငါမှငါ, နှစ်သက်စရာ ကို ရပေတယ်လို့ မာနငါနဲ့လဲ, အထင်ကြီးပြီး, ဝင်ရွှဲပြန်တယ်၊ အဲလိုဒီ=

တဏှာငါ, မာနငါ, မဆိတ်နိုင်အောင်၊ ဘာဖြစ်လို့ ချိပ်နေရသလဲ ဆိုတော့၊ အတ္တငါဆိုတဲ့- ဒိဋ္ဌိဟိတ်-အယူအမြင်က အစွဲလွန်ကဲ-ဘိနိဝေသအားဖြင့် နှလုံးသွင်း မြဲမြံနေတာအမှန်မို့ဘဲ ဖြစ်ပါပေတယ်။ ကဲ- ဒီတော့=ဘယ်အာယတနမှာ ငါသုံးငါပါသလဲ ဝင်စွဲခိုနား, ယူထားနိုင်စရာရှိသလဲဆိုတာ သဲကွဲအောင်ရှာကြည့်ကြပါဦးစို့....။

## "စက္ခာယတန သဘော"

စက္ခာယတန–စက္ခုပသာဒဆိုတာ၊ ရူပါယတန– ရူပါရုံဝဏ္ဏအဆင်းရုပ်ကို မြင်စိတ်ဖြစ်ခြင်းငှါ၊ ဆောင်တတ်သော- စက္ခုပသာဒ, ဒသက, ကလာပရုပ်ကို ခေါ်ပါသည်။ မူလ= ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဆိုတဲ့- အဋ္ဌကလာပရုပ်တို့ကို၊ ကံကြောင့်- ကြည်လင်စေတဲ့ သဘော ပသာဒရုပ်ရယ်၊ ထိုရုပ်အပေါင်းကို စောင့်ရှောက်တဲ့သဘော ဇီဝိတရုပ်ရယ်၊ နှစ်ပါးဝင်စပ်, ပေါင်းယှဉ်အပ်သောကြောင့် (၁၀)ပါးသော ရုပ်ကို စက္ခုလို့အမည်သမုတ်ရတဲ့- ဒသက, ကလာပ်စီး ရုပ်တရားသာ ဖြစ်ပါသည်။ ဒါကြောင့်, သူ့ကို- စက္ခုပသာဒ, ဒသက, ကလာပ်, ရုပ်တရားလို့ သိရပါမယ်၊ ဘာဖြစ်လို့- စက္ခုလို့၊ (ဝါ) မျက်စေ့, မျက်လုံးလို့ ခေါ်ရသလဲ၊ အခေါ်ခံထိုက်၊ အမည်သမိုက်ရသလဲဆိုတော့....။

(၁) စိတ်ဝိညာဏ်၏ တည်ရာအဖြစ်ကိုပြု၍၊ မြင်စိတ်ဝိညာဏ်ဖြစ်ရန်၊ ညီညွတ်သည်၊ မညီညွတ်သည်ကို ပြောကြားဘိသကဲ့သို့ဖြစ်တတ်ခြင်းကြောင့်ရင်း....

(၂) ဝဏ္ဏ အဆင်းရုပ်ဖြစ်တဲ့ ရူပါရုံကို ပြတတ်သော အနက်သဘောကြောင့်ရင်း....

(၃) မြင်စိတ်ဝိညာဏ်၏ တည်ရာဖြစ်၍၊ (ဝါ)စက္ခုနှင့် ရူပါရုံ ဖဿဖြစ်ခြင်း၏တည်ရာ=မနနှင့် ဓမ္မာရုံ ဖဿဖြစ်ခြင်း၏မှီရာ၊ ရူပါရုံ၌ သာယာသကဲ့သို့ ဖြစ်တတ်သောကြောင့်ရင်း=

စက္ခုဟူ၍- ထင်ရှားဆောင်ရှိတတ်သော ပသာဒ, ဒသက, ကလာပ, ရုပ်စုကို၊ ဝိဇ္ဇမာန- နာမပညတ်အားဖြင့် သမုတ်, သိစေအပ်ပါသည်။

အဲဒီ= စက္ခာယတန- စက္ခုပသာဒရုပ်သည်၊ ပညာစက္ခု- မံသစက္ခု ဟူ၍ နှစ်ပါးအပြားရှိပါသည်။ ပညာစက္ခုဆိုတာကတော့၊ ပသာဒရုပ်သက် သက်မျှကို စွဲခေါ်တာ မဟုတ်ပါဘူး၊ စက္ခုပသာဒကိုမှီ၍ မနောဝိညာဏ် စိတ်၏ ပညာဖြင့် အစဉ်မြင်သိခြင်း အပေါ်တွင် တင်စား၍၊ ခေါ်ဆိုခြင်းဖြစ် ပါသည်။ မံသစက္ခု-သဘောကတော့၊ ပသာဒရုပ်ကလာပ်တို့၏ ပကတိသော အကြောင်း အဆောက်အဦနှင့်တကွ၊ ဌာနတည်ရာ, ဒဿက, ကောဋ္ဌာသတို့ကို စွဲခေါ်ခြင်း ပသာဒရုပ်အခင်းသာ ဖြစ်ပါသည်၊ အဲဒီ–ပဌမ,အမျိုးအစား ပညာ စက္ခုတို့ကိုလည်း၊ ဤသို့- ခွဲခြား သိအပ်ပါသည်။

## ''ပညာစက္ခု ငါးပါး''

(၁) ဗုဒ္ဓစက္ခု= မြတ်စွာဘုရားရှင်၏ သတ္တဝါတို့အပေါ်၌, အဇ္ဈာ သယအလိုကို သိတော်မူသော အာသယာနုသယဉာဏ်တော်အမြင်နှင့် ဣန္ဒြေ, အနု, အရင့်ကို သိမြင်တော်မူသော ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်နှစ်ဆူသည် လူတို့၏ ကြည်လင်သော မျက်စိနှင့် ရူပါရုံကို မြင်လွယ်ဘိသကဲ့သို့၊ မြင်တော် မူတတ်သောကြောင့် ထိုဉာဏ်နှစ်ဆူဖြင့် သိမြင်တော်မူခြင်းကို ဗုဒ္ဓစက္ခုဟူ၍ ဆိုအပ်ပါသည်။

(၂) ဓမ္မစက္ခု= လောကုတ္တရာတရား, ကိုးပါးကိုအလွန်သန့်စင် အမြင် အစဉ်ရှိတော်မူသော အောက်မဂ်သုံးပါးတို့၏ အပေါင်း၌၊ ဖြစ်သော ဉာဏ်ကို ဓမ္မစက္ခုဟူ၍ ခေါ်ဆိုအပ်ပါသည်။

(၃) သမန္တစက္ခု= အချုပ်ဆိုရ- ဥေယျဓမ္မ, ငါးဌာနနှင့် စပ်သော တရားဥဿုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော် မြတ်ကို သမန္တစက္ခုဟူ၍ ခေါ်ဆိုပါသည်။

(၄) ဉာဏစက္ခု= ဝိပဿနာမဂ်ဉာဏ်အစ, အောက်မဂ်ရပြီး ပစ္စဝေက္ခ ဏာဉာဏ် အလယ်၊ အရဟတ္တမဂ်ဉာဏ်ဝယ် အဆုံးရှိသော ဉာဏ်များကို ဉာဏ စက္ခုဟူ၍ ဆိုအပ်ပါသည်။

(၅) ဒိဗ္ဗစက္ခု= အဘိညာဉ် စိတ်နှင့်ယှဉ်သော ပညာကို ဒိဗ္ဗစက္ခုဟု ခေါ်ဆိုပါသည်၊ ဤနေရာ၌– စျာနအဘိညာဉ်ပညာမြင်, ဉာဏ်အယာဉ်ကိုသာ ဒိဗ္ဗစက္ခုဟု ဆိုလိုရင်းဖြစ်သည်။ ထိုပညာစက္ခုငါးပါးတို့တွင် ဗုဒ္ဓစက္ခု- သမန္တ စက္ခု- ဉာဏစက္ခုတို့သည် ကာမဉာဏသမ္ပယုတ် ဝိတ်နှင့်ယှဉ်သော ကာမဝစရ

ဉာဏ်တို့သာ ဖြစ်ပါသည်။ ဓမ္မစက္ခုသည် အောက်မဂ်သုံးပါး, လောကုတ္တရာစိတ်ဉာဏ်များသာ ဖြစ်သည်။ ဉာဏစက္ခုသည် ဝိပဿနာမဂ်ဉာဏ်, ပစ္စဝေက္ခဉာဏ်အရ- ကာမာဝစရဉာဏ်ဖြစ်သည်၊ အရဟတ္တမဂ်ဉာဏ်အရ- လောကုတ္တရာစိတ်ဉာဏ်ဖြစ်သည်၊ ဒိဗ္ဗစက္ခုသည် အဘိညာဉ်စိတ်၌ ယှဉ်သော ပညာဉာဏ်ဖြစ်ရာ အဘိညာဉ်ရရာ ဘုံနှင့် ဆက်ဆန်တတ်သည်ဟု သိမှတ်ရာပါသည်။

## ''မံသစက္ခု, နှစ်ပါး''

(၁) သသမ္ဘာရစက္ခု= ထိုစက္ခု၏ တည်ရှိရာမှာ၊ အောက်၌ မျက်တွင်းရိုး၊ အပေါ်၌ မျက်ခွံနှ်, မျက်တောင်မွေး၊ မျက်ကွင်း၏ အတွင်း၌ ဦးနှောက် ထိုဦးနှောက်နှင့် ကောင်းစွာဖွဲ့အပ်သော မျက်ကြောတို့ဖြင့် တစပ်တည်းသော အသားဆိုင်တွင်၊ မျက်ဖြူအိမ်- မျက်ဖြူအိမ် အလယ်၌၊ မျက်နက်ဝန်း၊ မျက်နက်ဝင်း၏ ဗဟိုရ်၌ ခုနစ်လွှာသော အမြေးတို့ဖြင့် ဖုံးလွှမ်းယှက်သန်းခါ၊ ကံကြောင့်ဖြစ်သော အကြည်ဓါတ်, ပသာဒသဘောတို့ ပျံ့နှံ့စိမ့်ဝင်ရာ အဆောက်အဦနှင့်တကွသော- အသား, အသွေး, အကြော, အမြေး, အဆီ, စသည်တို့နှင့် ပြီးသည့် ပကတိမျက်စိကို သသမ္ဘာရစက္ခုဟု ခေါ်ပါသည်။ ၎င်း- သသမ္ဘာရစက္ခုသဘောသည် ဒုတိယပိုင်းစာအုပ်၌ ရှင်းပြထားသော ပရမတ်, ဓါတ်, ရုပ်, ဒြဗ်, သဘောတို့တွင် ရုပ်မှလွှန်မြောက်၊ (ဝါ) ရုပ်မှလွှန်ကဲ ဆက်စပ်တွဲခါ မပြတ်မစဲအားဖြင့် ပေါ်ပေါက်အပ်သော ဒြဗ်ဝတ္ထုအဖြစ်ရောက်၍၊ ပကတိ, အသိ၌ သမူဟ, သဏ္ဍာန, ပညတ်ချိပ်ခါ၊ သတ္တဝါဟု သမုတ်ခံရခြင်း၊ သမုတိသစ္စာအတွင်းဝင်သွားသော-ပညတ္တိအတ္ထမျှနှင့် သိကောင်းသည့် ဥပါဒါပညတ်တရားသာ ဖြစ်ပါသည်။ (ဝါ)ရုပ်နာမ်ဓမ္မသခ်ါရတွင် ပရမတ္ထဉာဏ်မြင်အောင် ပိုင်းခြားမထွင်နိုင်၊ မသိပိုင်ကြသော အန္ဓပုထုဇဉ်တို့၏ တကယ်စက္ခုမျက်စိဟု အယူရှိ, အမြင်ရှိကြပြီး။ ဒိဋ္ဌသဝယိုစီးခါ သိကြသည့် မရှိပညတ္တိမျက်စိသာ ဖြစ်ပါသည်။

## ''စက္ခု ပသာဒ သဘော''

(၂) ပသာဒစက္ခု= သသမ္ဘာရစက္ခု၌ ဆိုအပ်ပြီးသော အသားစိုင် အစရှိသည်တို့သည်၊ စင်စစ်, စက္ခု-စက္ခာယတနဟူ၍ မုချမမည်အပ်ပါ။ အကြင်ဉာဏ်ဖြင့် ပိုင်းခြားသိခြင်းငှါ၊ အလိုရှိအပ်သော ပရမတ္ထစက္ခုအား သိကြောင်းဖြစ်သည့် ပသာဒစက္ခု၏ တည်ရာဝတ္ထုအဖြစ် အကြောင်းအဆောက်အဦမျှသာ

ဖြစ်ပေသည်။ (ဥပမာ=ဥပမေယျ-ဥပမာနအားဖြင့် ဒုတိယပိုင်း ပထဝီရုပ်ခေါင်
ပြစဉ်က စိန်နှင့် ရတီကိုမှီး၍ သိပါ။) ထို့ကြောင့်- မျက်နက်ဝန်းတို့၏ဗဟိုရ်-
သန်းဦးခေါင်းမျှ ပမာဏမျှဝယ်၊ ခုနစ်ဖြာသော မျက်လွှာတို့၌၊ လောင်းအပ်
သော ဆီကြည်ပမာသို- ပျံ့နှံ့စိမ့်ဝင်တတ်သော ကံကြောင့်- ကြည်လင်စေသည့်
မှီရာမဟာဘုတ် အဋ္ဌကလာပတို့နှင့်တကွနက်, ကြည်သော ပသာဒသဘော-
ဒသက, ကလာပ်နှော၍ ပြည့်စုံအပ်သော ကလာပအခိုက်၌သည်သာ- စက္ခု
လည်းမည်၊ ပသာဒလည်းဟုတ်၊ ဇီဝိတရုပ်လည်း စောင့်ရှောက်ခြင်းအတွင်း၊
ဥပါဒ်, ဌီ,ဘင်, အခင်းမြောက်နေသော စက္ခုဒသက ပသာဒရုပ်ကလာပ်သည်
သာ- ပသာဒစက္ခုဟု အမည်ရ၍၊ ပရမတ္ထသဘောဓမ္မ၏- ခေါ်အနေဆောင်နှင်း
သဖြင့်၊ ရူပါရုံထင်နိုင်ခြင်းစာရင်းသို့မြောက်ခါ- အာယတနဟု ရေတွက်ပြုလာ
ရသော- သခိတ,သခါရ ရုပ်တရားမျှသာ ဖြစ်ပါတော့သည်။ ထိုစက္ခု ပသာဒ
ရုပ်သည်- ဥပါဒါရုပ်သာလျှင် ဖြစ်ရာ၊ မိမိမှီရာ မဟာဘုတ်လေးဖြာတို့သည်
မင်းသားငယ်ခလေးကို စောင့်ရှောက်ရသော အထိန်းတော်လေးယောက်တို့၏
ချီပွေ့-ရေချိုး- တန်ဆာဆင်-ယပ်ခတ်အားဖြင့်၊ ထိမ်းသိမ်းသမှု- ကျေးဇူးပြု
ပေးရသကဲ့သို့၊ တည်ရာအဖြစ်ခံခြင်း ဖွဲ့စည်းယိုဆင်းပေးခြင်း၊ ရင့်ကျက်နူးညံ့
တင့်တယ်စေခြင်း၊ ထောက်ကန်တွန်းမှု ရွေ့ရှားပြုခြင်းကိစ္စတို့ဖြင့်၊ ခေါ်ကြီး
လေးပါးတို့သည် ကျေးဇူးပြုအပ်၏၊ ဥတု- စိတ်- အာဟာရဇ ကလဇပ်တို့သည်
ထောက်ပံ့၏၊ ဝဏ္ဏ- ဂန္ဓ- ရသ- ဩဇာတို့သည် ခြံရံအပ်၏၊ ရုပ်ဇီဝိတိန္ဒြေသည်
စောင့်ရှောက်အပ်၏၊ ဤသို့အားဖြင့် စက္ခုဝိညာဏ်စသည်တို့၏ ထိုက်သည့်အား
လျော်စွာ အယတန- ဒွါရအဖြစ်ကို ကမ္မဇ ဒသက, ကလာပ- စက္ခုပသာဒရုပ်
သည် ပြီးစေတော့သည်။

ထိုထို-စက္ခာယတနဟု ဆိုအပ်သော စက္ခုပသာဒ အကြည်ရုပ်သဘောကို
ပိုင်းခြားသိသော ယောဂီသူမြတ်သည်၊ အဋ္ဌကလာပရုပ်တို့ကို ပုဂ္ဂိုလ်, သတ္တဝါ,
အတုံး,အလုံး,အခဲ= အထည်,ဒြပ်,သဏ္ဌာန်တို့မှ သုဉ်းဆိတ်လျက် ပရမတ္ထဉာဏ်
မြင်-သုညတအနတ္တတခွင်ကို ဒုတိယပိုင်းတွင် တရားတလုံးချင်းစီ-ရှင်းလင်းပြသ
ခဲ့သည့်အတိုင်း ပိုင်းခြားကုန်စင် သိအပ်ပြီးသည်ဖြစ်ရာ၊ ယခုအခါ ဥပါဒါရုပ်
တခု-ပသာဒအမည်စုဖြင့် ကြည်လင်စေအပ် ရူပါရုံအရိပ်ထင်ခြင်းသို့ ရောက်
တတ်သော ကံကြောင့်ဖြစ်သည့်- ကြည်လင်သည့် သဘောဓမ္မတခု- ပေါင်းပြု
ဝင်ရ- ရုပ်ဇီဝိတနှင့်တကွ၊ ဒသက,ကလာပ်အနေ- ဖြစ်ခြင်းကို ဆောင်ပေသည့်
ဒွါရအခြေ အာယတနဗွေဝယ်၊ အဘယ်သို့လျှင် တဏှာငါ, မာနငါ, ဒိဋ္ဌိငါ
တွေ ဝင်မွေ့မှီယူ-မြင်သိနိုင်စရာအနေ ရှိနိုင်ပါအံ့နည်း။ စင်စစ်အားဖြင့် စက္ခု

ပသာဒရုပ်အမှန်– အခေါ်ခံမျက်စိက– ရုပ်ရိပ်သာ ထိစပ်၍၊ ထင်အပ်ခါမျှ သဘောတွင် စက္ခုကို အမှီပြုသည့် ဝိညာဏ်ကသာ မြင်သိမှုခဏတ္တယ–ဖြစ်ပေါ် လာသည်ကို၊ မြင်ဆဲခဏ, ဥပါဒ်ထဲမှာလဲ– ငါ့,င့ါဥစ္စာ– ငါမှငါဆိုတာ မပါ မရှိပါ။ တည်ဆဲခဏဌီကာလမှာလဲ– ငါ့,င့ါဥစ္စာ,ငါမှငါဆိုတာ ထားသိုစရာမရှိ ပါ။ ချုပ်ခြင်းခဏ–ဘင်မရဏမှာလဲ– ငါသုံးဖြာ–မှုန်းချယ် ပါဝင်စရာ မရနိုင်– မရှိနိုင်ပါကြောင်းကို၊ ပရမတ္ထဉာဏ်အမြင်နဲ့ ပိုင်းပိုင်း၊ ခဏတ္တယ– ဖြစ်,တည်, ပျက်နဲ့–နိုင်းနိုင်း၊ အနိစ္စအသိုင်းအဝိုင်း– ဒုက္ခလှိုင်းနှင့် အနတ္တဂိုဏ်းသာ ဧကန် ဖြစ်ပါ၍၊ မဆိုင်းမတွ–သမ္မာဒိဋ္ဌိဉာဏ်အမြင်ရလျက်၊ သံသရာချဲ့ရာမကျအောင်၊ ပပဉ္စတရား=တဏှာ–မာန–ဒိဋ္ဌိများ မကပ်မငြိအောင် သိမ်းဆည်းဆင်ခြင် ရှုမြင် ကာ စောင့်စည်းသောအလား, နှလုံးသွင်း ပွားများပါလေ....

## ''သောတ ပသာဒ သဘော''

သောတာယတန–သောတပသာဒဆိုတာ၊ သဒ္ဒါယတန–သဒ္ဒါရုံအသံကို ကြားတတ်,နာတတ်,နားထောင်တတ်တဲ့သဘောတို့တည်ရာကိုသောတာယတန– သောတပသာဒရုပ်လို့ခေါ်ပါသည်။ ဒီသောတပသာဒရုပ်ဟာလဲ စက္ခုပသာဒ, ဒသကရုပ်လိုဘဲ၊ အဋ္ဌကလာပရုပ်မှာ သောတပသာဒ အမည်ရတဲ့– ပသာဒရုပ် ရယ်၊ ဇီဝိတရုပ်ရယ်၊ ဝင်စပ်ပေါင်းယှဉ်အပ်သောကြောင့်၊ သောတပသာဒလို့ အမည်သမုတ်ရတဲ့– ခဏတ္တယ, ကြည်ပြတတ်သော ဒသက, ကလာပ် ရုပ်ခါတ် တရားသာ ဖြစ်ပါတယ်။ ဘာကြောင့်သောတာယတနလို့ ခေါ်ရသလဲဆိုတော့၊ (၁) ကြားစိတ်ဝိညာဏ်၏ တည်ရာအဖြစ်ကိုပြု၍၊ဝိညာဏ်စိတ်ဖြစ်ရန် အာဝဇ္ဇန်း စိတ်အား၊ ညီညွတ်သည်– မညီညွတ်သည်ကို၊ ပြောကြားဘိသကဲ့သို့– ဖြစ်တတ် ခြင်းကြောင့်ရင်း၊ (၂) သဒ္ဒရုပ်ဖြစ်တဲ့–သဒ္ဒ, အသံကို ပြတတ်သော အနက် သဘောကြောင့်ရင်း၊ (၃)ကြားစိတ် ဝိညာဏ်၏တည်ရာဖြစ်၍၊ (ဝါ)သောတ နှင့်သဒ္ဒ ဖဿဖြစ်ခြင်း၏ တည်ရာဖြစ်၍၊ (ဝါ) မနနှင့် သဒ္ဒ ဖဿဖြစ်ခြင်း၏မှီရာ ဖြစ်၍၊ သဒ္ဒါရုံကို သာယာသကဲ့သို့ ဖြစ်တတ်သောကြောင့်၊ သောတ ဟူ၍ ထင်ရှားဆောင်ရှိတတ်သော ပသာဒ,ဒသက,ကလာပရုပ်စုကို၊ ဝိဇ္ဇမာန– နာမ ပညတ်အားဖြင့်၊ (ဝါ) ထင်ရှားရှိတရားကို ခေါ်ဆိုသိမှတ်စေလိုသောအားဖြင့် သောတာယတန–သောတပသာဒသရုပ်ဟူ၍ သမုတ်အပ်ပါသည်။

ထို သောတာယတနခေါ်–သောတပသာဒ, ဒသကရုပ်သည်၊ သသမ္ဘာ ရကာယ–အကြောင်း, အဆောက်အဦနှင့်တကွသော နားအကြည်ဟုခေါ်သည့်

အပေါက်ငယ်အတွင်း၌၊ သိမ်မွေ့သော ကြေးနီလက်စွပ်ကွင်းငယ်ပမာဏရှိသည့် အသားနုဆိုင်တို့တွင် နီထွေးသော, မွေးညှင်းနုကလေးတို့၏ ပေါက်ရာအရပ် ဝယ်၊ မဟာဘုတ်ရုပ်တို့သည် မိမိတို့၏ ကိစ္စအားဖြင့် ကျေးဇူးပြုကုန်လျက်၊ ဥတု, စိတ်, အာဟာရတို့သည် ထောက်ပံ့ပြီးလျှင်၊ ဇီဝိတရုပ်သည် အစဉ်စောင့် ရှောက်ခြင်းကို ပြု၍၊ ဝဏ္ဏ– ဂန္ဓ- ရသတို့သည် ခြံရံခါ၊ ကံကြောင့်ဖြစ်သော ပသာဒရုပ်သည် ကြည်လင်ခြင်းကို ပြီးစေလျက်– ကြားအပ်, ကြားနိုင်ခြင်း အဖြစ်ဖြင့် ပသာဒရုပ်အခင်းသို့ သက်ဝင်ဖြစ်ရှိသော ကလာပ်ကို သောတာယ တန, သောတပသာဒရုပ်ဟူ၍ ပိုင်းခြားသိအပ်ရပါသည်။

ဤသောတာယတန– သောတပသာဒရုပ်သဘောကိုလည်း အထက်က ပြဆိုခဲ့သော စက္ခာယတန– စက္ခုပသာဒရုပ်နည်းတူ၊ ပိုင်းခြားသိရှိ ဉာဏ်ဝင် စားမိကြလျက်၊ သိမ်းဆည်း, ဆင်ခြင်, နှလုံးသွင်း မြဲမြံမှုအယာဉ်ဖြင့် စောင့် စည်းခြင်း သံဝရ, ဉာဏ်မြင်ရရှိခြင်း ဝိပဿနာသမ္မာဒိဋ္ဌိအခင်းနှင့် အနုပဿနာ စာရင်းမြောက်အောင်, ပွားများခြင်းအထိ ပြုအပ်ရပါသည်၊ ပြုတော်မူကြ ပါလေ....။

သို့သော်....ဤနေရာ၌ ထူးခြားချက် နှစ်ရပ်ကိုမူ၊ သိအပ်သည်ဖြစ်၍၊ အကျဉ်းမျှ ဆက်လက်, ပြဆိုပေးပါမည်။ ဤစက္ခာယတန- စက္ခုပသာဒစသော ရုပ်အာယတန, ငါးပါးဖြစ်သည့် စက္ခု– သောတ– ဃာန– ဇိဝှါ- ကာယဟု ဆိုအပ်သော ပသာဒရုပ်တို့သည်၊ မှန်အကြည်, ရေအကြည်ကဲ့သို့ မိမိဆိုင်ရာ, အာရုံရိပ်တို့ကို ထင်လာစေသည်အထိ၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကို အမှီခံကာ ညွတ် ဝိုင်းကိုင်းရှိုင်း၍ အာရုံကို ယူနိုင်သည်အထိ၊ ကြည်လင်သော ပသာဒ, ဒသက, ကလာပ်ရုပ်များဖြစ်ကြပါသည်။ ထိုပသာဒရုပ်တို့သည် အတိတ်ကံကြောင့်သာ မုချရရှိပါသည်။ မိမိမှီရာ မဟာဘုတ်နှင့် ဥပါဒါရုပ်လေးပါး, အဋ္ဌကလာပ ရုပ်တရားတို့မှာမူ၊ ကံ,စိတ်,ဥတု,အာဟာရ, အကြောင်းလေးပါးစလုံးကြောင့် သာ ဖြစ်ကြရပါသည်။ ထို– ဥပါဒါရုပ်လေးပါးနှင့် မကင်းမကွာသော မဟာ ဘုတ် လေးပါး, အဝိနိဗ္ဘောဂရုပ်ရှစ်ပါးတို့၌ ကံကြောင့်ဖြစ်သော ပသာဒရုပ် သဘောကလည်း ဥပါဒါရုပ်အဖြစ်မှီ၍ ကြည်လင်ခြင်း, ပသာဒအဖြစ်ကို မိမိ, သဘောသာ မိမိယှဉ်စပ်၍ သက်ဝင်ဆောင်နှင်းအပ်ပါသည်။ အဋ္ဌကလာပရုပ် တို့တွင်- ကံ, စိတ်, ဥတု, အာဟာရ,အရ၊ ကံအကြောင်း ပါဝင်ပြီးဖြစ်သော် လည်း၊ ထိုအကြောင်းလေးပါးကြောင့်ဖြစ်သော (၁၁) ပါးလုံးတွင် ပါဝင် သော ကံသည် အများဆိုင်ကံအနေအားဖြင့် သာမညအကြောင်းကံများ ဖြစ်

ပါသည်။ ပသာဒရုပ်ငါးပါးမှာမူ ကံတည်းဟူသော အကြောင်းတခုထည်းဖြင့်သာ စိတ်ကိုလည်း မှီစေရန် အာရုံကိုလည်း ထင်စေရန်အထိ၊ ကြည်လင်သည့်သဘောကို ဆောင်နိုင်းဖြစ်ပါသည်။ ထိုပသာဒရုပ်သဘောက ကံကြောင့် ကြည်လင်ခြင်းမှာလည်း မိမိမှီရာ မဟာဘုတ်တို့ကို ကြည်လင်စေခြင်း မဟုတ်ပါ။ မဟာဘုတ်တို့ကလည်း မကြည်လင်နိုင်ကြပါ၊ မဟာဘုတ်တို့မှာ မိမိတို့၏ ဓါတ်အနေ မကွေမကွာ, ဆောင်နိုင်းသော မာမှု ပျော့ခြင်း၊ ယိုစီး ဖွဲ့ခြင်း၊ ပူခြင်း, ချေခြင်း၊ ထောက်ကန်တွန်းမှု ရွေ့လျားပြုခြင်း၊ ဓါတ်အခင်းလက္ခဏာအသီးသီး ဆောင်ရှိသည်မှတပါး၊ ကြည်မှုကို မဆောင်နိုင်းကြပါ။ ကံသည်ထူး၍ ထူးသော ကံကြောင့်သာ ပသာဒရုပ်ဟု အမည်ပြုရသော ကြည်လင်မှု သဘောတခုသည် ကံကြောင့်ဆိုင်ရာ သန္တာနရကာယမှာ စွဲဝင်သက်ရောက်သဖြင့်သာ မဟာဘုတ်တို့ကိုမှီ၍ ကြည်လင်ခြင်း, တသီးတခြား, ဆောင်နိုင်းထားသော ပသာဒရုပ်တရားသာ ဖြစ်ပါသည်။ ထိုပသာဒရုပ်အခင်း သက်ဝင်ခြင်းဖြင့် ကြည်လင်စေမှု ထူးသော, ကံကြောင့် စီရင်ပြုသကဲ့သို့ ဖြစ်ရသည်ဟု ဆိုရာဝယ်၊ ဤကံသည် ကဋတ္တာရုပ်, စတုသမုဋ္ဌာနိကတွင် ပါဝင်သည့် ကံတို့ထက် ထူးသည်မှာ၊ တဏှာ သဟဇာတ, စေတနာနှင့်တကွသော ပုရိမတဏှာလျှင် အကြောင်းရင်းရှိသော ကမ္မဘဝမှ အကြောင်းရင်း ရခဲ့သည်၊ ဇနကသတ္တိ အပြည့်ရှိသည် ကမ္မပစ္စည်းဖြစ်၍ ဖြစ်ပါသည်။ ဘာကြောင့်ဆိုသော်- ဤပသာဒရုပ်ငါးပါး ကံကြောင့်ဖြစ်ငြားသည့် လက္ခဏာမှတ်ကြောင်းတရားမှာ၊ မြင်လိုသူ၏ အဖြစ်၊ ကြားလိုသူ၏အဖြစ်၊ နမ်းရှုလိုသူ၏ အဖြစ်၊ အရသာခံစားလိုသူ၏ အဖြစ်၊ တွေ့ထိ, သာယာလိုသူ၏ အဖြစ်တည်းဟူသော= အတိတ်, တဏှာလျှင် အကြောင်းရင်းနိဒါန်းရှိသည့် ဆိုင်ရာတဏှာ-ဥပနိဿယပါသော,ကမ္မသမုဋ္ဌာန်ကြောင့်ဖြစ်သည့် မဟာဘုတ်တို့နှင့်တကွ ကြည်သည်၏အဖြစ် မှတ်ကြောင်းလက္ခဏာကို ဆောင်နိုင်းတတ်သော ဓါတ်သဘာဝ, ပသာဒရုပ် ဖြစ်ပါသည်။

ဤသို့ "ကမ္မဝိပါကော အစိန္တိယျော" အရ၊ ကံတို့၏-မကြံစီနိုင်အောင်ဆန်းကျယ်သော သဘောကြောင့်ဆိုင်ရာ ဒွါရ-အာရုံ-ဖန်တည်းသက်ဝင်လာပုံ အာယတန နှစ်စုံတို့တွင်- ပသာဒဂုဏ်မြောက်ပုံကို ထူးသောကံ၏ အကြောင်းအဖြစ်- ပိုင်းခြားသိအပ်ရာပါသည်။ ထိုတွင်မျှမက၊ ဤ-အဇ္ဈတ္တိက, ရုပ်အာယတန-ငါးပါးသော ဘဘောတို့တွင်၊ စက္ခုနှင့် သောတသည်၊ အသမ္ပတ္တဂဟ-ရုပ်ဝတ္ထုတို့ ဒွါရသို့ မရောက်လာသည်၏ အစွမ်းအားဖြင့်၊ အာရုံထင်ရှားစွဲဝင်ငြားပြီး အာရမ္မဏိက-စိတ်ဝိညာဏ်တရားများ ဖြစ်ပွားကြရပါသည်။ ဃာန-ဇိဝှါ- ကာယ- အာယတနတို့၌မူ၊ သမ္ပတ္တဂဟ-ရုပ်ဝတ္ထုတို့ ဒွါရဆီသို့-ရောက်

သည်၏ အစွမ်းဖြင့်သာ၊ အာရုံထင်ရှားစွဲဝင်ငြားနိုင်ပြီး၊ အာရမ္မဏိက,စိတ္တုပ္ပါဒ် များ ဖြစ်ပွားကြရပါသည်။ ထို့ကြောင့် ဒိဋ္ဌေဒိဋ္ဌမတ္တံနှင့် သုတေသုတမတ္တံဟု သီးခြားဆိုအပ်ပြီး၊ ကြွင်းသုံးပါးကိုမူ= မုတေမုတမတ္တံဟု- ဝတ္ထုနှင့်တကွသော အာရုံပါ တွေ့ထိရောက်ရှိမှ သိကာ႔ တ္တာကစ၍– စိတ်ဝိညာဏ်များဖြစ်ပုံကို ပြဆို ပါသည်။ ထိုအဋ္ဌကထာ၌တိက, ယတန-ပသာဒရုပ်ငါးပါးတို့တွင် စက္ခု ပသာဒသည် ဒဿနာနုတ္တရိယ=ဘုရားရဟန္တာ-အနန္တငါးဖြာတို့ကို ဖူးမြင်ရခြင်း-အမြတ်တရား ရရှိတတ်သော ပသာဒတို့ဖြစ်ပြီး၊ ဆိုးဆိုး,ကောင်းကောင်း– ခန္ဓာအတ္တဘော၌၊ အသုံးအဝင့်ဆုံးသော ပသာဒနှစ်ပါး ဖြစ်ပါသည်။ ယောနိသော ယှဉ်– အစဉ် အောက်မေ့နိုင်မှု– ကုသိုလ်စုအတွက် ဤပသာဒနှစ်ခုကို ဝေါဟာရပြုကြသည့် မှာလည်း 'မျက်စေ့တွင်အရှုံး-နားဝယ်အဆုံး' ဟု-ဆိုထုံးပြုကြပါသည်။မှန်ကန် ပါပေသည်၊ မျက်စိချို့တဲ့လျှင် မမြင်နိုင်မှုတခု ရှုံးရုံသာရှုံးပေမည်၊ နားချို့တဲ့ လျှင်မူ သဒ္ဓမ္မသဝနံ အတိဒုလ္လဘံနှင့် လွဲသွေကင်းလွတ်ရခြင်းကြောင့်၊ ရှုံးရုံတွင် မက လူဖြစ်ဆုံးခြင်း–တသာသနာဆုံးရှုံးခြင်းဖြစ်ကြရမည်သာဖြစ်ပါတော့သည်။ ထိုသို့–ဤစက္ခာယတန– စက္ခုပသာဒနှင့် သောတာယတန–သောတပသာဒတို့ တွင်၊ ပသာဒဖြစ်ခြင်းအားဖြင့် ထူးခြားပုံ၊ အာရုံရသည်၏အဖြစ်၌ ထူးခြားပုံ အရှုံး–အဆုံးအား ဖြင့်ခြားနားပုံတို့ကိုသိ၍၊အစဉ်ယှဉ်စပ်-ခန္ဓာငါးပါး-ဒလစပ် အားဖြင့် ဖြစ်ပွားရာတွင်၊ ဤတံခါးနှစ်ပေါက်-အာရုံရောက်ပုံများ၌ အမြတ် ဆုံးဖြစ်သော ဒဿနာနုတ္တရိယနှင့် သာနာနုတ္တရိယ– ဖြစ်ရှိအောင်– ငါးသုံးဝ တည်းဟူသော ပပဉ္စတရားကို ဖယ်ရှား၍၊ စောင့်စည်းပွားများနိုင်အောင် ကြိုး စားတော်မူကြပါလေ။ ။

## ''ဃာနာယတန သဘော''

ဃာနာယတန–ဃာနပသာဒဆိုသည်မှာ၊ ဂန္ဓာယတန–ဂန္ဓာရုံအနံ့ဓါတ် ကို နံ့ခြင်း, နမ်းရှုခြင်းကို ဖြစ်စေတတ်သောကြောင့်– ဃာနာယတန– ဃာန ပသာဒရုပ်ဟု ခေါ်ပါသည်။ ဃာနပသာဒရုပ်ဟု ခေါ်ဆို အပ်ပုံမှာလည်း၊ အထက်က စက္ခာယတန–စက္ခုပသာဒရုပ်သဘော၌၊ ပြဆိုအပ်သကဲ့သို့၊ စက္ခာယ ယနအနေအားဖြင့် လေးဝိကပ်၊ စက္ခုပသာဒအနေအားဖြင့် အကြောင်းသုံး ရပ်တို့ကို ဖေါ်ပြအပ်ခဲ့ပြီးသည့်အတိုင်း၊ ဤဃာနာယတန-သဘောကိုလည်း၊ ဆက်စပ်,စပ်ဟတ်၍ ဉာဏ်အမြင်ဓါတ်ရအောင် ပြန်လှန်ဖတ်ရှု– စိန္တာမယဉာဏ် ဖြင့်ကြည့်တော်မူကြပါလေ။ ဆိုအပ်ပြီးကို ထပ်၍ဆိုသဖြင့် အပိုဖြစ်နေမည်တ

ကြောင်း၊ယောဂီတို့ ကိုယ်တိုင် ဝါစုဂ္ဂတ ပြုကြည့်ပါက၊ မိမိရ-ပညာဉာဏ်သို့ ရရှိမည်ကြောင့်တကြောင်း၊ အကျယ်ကို မဆိုတော့ပါပြီ။ အာယတနတဆယ့်နှစ်ပါး, တပါးချင်း ယခုကဲ့သို့ အကျဉ်းအားဖြင့် ပြပြီးမှသာ- ပညာသွင်း၍၊ ဉာဏ်စာရင်းမြောက်အောင် တပေါင်းတည်း သိမ်းဆည်း ပြဆိုပေးပါဦးမည် ဖြစ်၍ ချန်လှပ်ခဲ့အပ်ပါသည်။

## ''ဇိဝှါယတန သဘော''

ဇိဝှါယတန- ဇိဝှါပသာဒဆိုသည်မှာ၊ ရသာရုံကို ပေါ်စေတတ်သောကြောင့် ဇိဝှါပသာရုပ်ဟု ခေါ်ဆိုပါသည်၊ တနည်းအားဖြင့်- ရုပ်ဇီဝိတိန္ဒြေ၏ အကြောင်းဖြစ်သော ဝါးမျိုအပ်သော အာဟာရမှ အရသာတည်းဟူသော ဇီဝိတကို ခေါ်ယူဘိသကဲ့သို့- ဆောင်တတ်' ဖြစ်တတ်သောကြောင့်လည်း၊ ဇိဝှါယတန ဇိဝှါပသာဒဟူ၍ ခေါ်ဆိုအပ်ပါသည်။ ၎င်းသည်လည်း သသမ္ဘာရကာယဟု ဆိုအပ်သော လျှာ၏အလယ်ထက်၌ ကြာပွင့်ဖတ်ကို ခွါချကြည့်က အလယ်မှပြတ်သော အဖျားသဏ္ဍာန်ပမာဏရှိရာ အရပ်၌၊ အထက်က ပြဆိုအပ်ပြီး၊ ပသာဒကလာပ်မှီး၍ ဇိဝှါပသာဒ,ဒသက, ကလာပ်စီးတို့ ပျံ့နှံ့ဖြစ်ပွားလျက်ရှိခြင်းကို ဇိဝှါပသာဒရုပ်, ဇိဝှါယတနဟူ၍ ခေါ်ဆိုအပ်ပါသည်။ ဤဇိဝှါယတန- ပသာဒမှ ရသာယတန, ရသာရုံကို အာရုံ-ဒွါရအနေ ပေါင်းဆုံမှု၍ သံသရာဗွေချွံထွင်တတ်ပုံတွေကို ဒုတိယပိုင်း ရသရုပ်ဓါတ် ပရမတ်ဖေါ်ပြချက်း၌ ထိုက်သင့်သမျှ, ပြဆိုထားပြီဖြစ်ရာ၊ အထူးမဆိုတော့ဘဲ၊ မိမိတို့ကိုယ်တိုင်ပင် တိုက်ဆိုင်ကြည့်ရှု,ဉာဏ်သွင်းပြုတော်မူကြပါလေ။ အာယတနနှင့်ဓါတ်တဆယ့်ရှစ်ရပ် အဆုံးမသတ်ခင်၌၊ ဘုရားအဆုံးအမ, ဘယ်လိုဝင်၍ စင်ကြယ်စေရမည်ကို ပြဆိုမည်ဖြစ်ရာ၊ ဤနေရာ၌ အထူးမဆိုတော့ပါပေ။ ။

## ''ကာယာယတန သဘော''

ကာယာယနတ-ကာယပသာဒသဘော၌လည်း၊ကာယ ဒသကရုပ်ကလာပ်တို့သည်၊ အစာသစ်အိမ်အောက်၌ တည်သော ဝမ်းမီးခေါ် ကမ္မဇတေဇောကလာပ်နှင့် ဆံပင်ဖျား, အမွေးဖျား, လက်သည်းခြေသည်းဖျား ချောက်သွေ့သော အသားမာများကို ချန်လှပ်၍ တကိုယ်လုံးမှာ တွဲယှဉ်ဘက်ရုပ်များနှင့် အတူ ပျံ့နှံ့တည်၍ ကြည်လင်စေတတ်ပါသည်။ စက္ခု- သောတ- ဃာန- ဇိဝှါ

ဒသက, ကလာပ်များမှာ ဆိုင်ရာ သသမ္ဘာရ၍သာ ကြည်လင်စေတတ်ရကား။ ပဒေသဝုတ္တိ= တစိပ်တဒေသ၌သာ, ဖြစ်သော၊ ပသာဒ,ရုပ်များ ဖြစ်ကြပါသည်။ ကာယ, ဒသက, ကလာပ်တို့မှာ- တကိုယ်လုံး ပျံ့နှံ့ရကား၊ သဗ္ဗတ္ထကဝုတ္တိ- အလုံးစုံသော, အရပ်၌ဖြစ်သော ပသာဒရုပ်ဟု ခေါ်ဆိုအပ်ပါသည်။ ဤ၌-ပဒေသဝုတ္တိကို- ဧကဋ္ဌာနိက ပသာဒကလာပ်ဟူ၍ရင်း၊ သဗ္ဗတ္ထကဝုတ္တိကို သဗ္ဗဋ္ဌာနိက ပသာဒကလာပ်ဟူ၍ရင်း ခေါ်ဝေါ်သုံးစွဲကြပါသည်။

ဤကာယာယတန-ကာယပသာဒသည်၊ကု,အာယ-အရ၊စက်ဆုတ်အပ်ကုန်သော ကိလေသာ, အညစ်အကြေးကို အာရုံပြု၍ ဖြစ်ကုန်သော သာသဝဓမ္မတို့၏ ဖြစ်ရာဋ္ဌာနမည်၏။ တနည်းအားဖြင့် ကာယိန္ဒြေလျှင် မှီရာရှိကုန်သော နာမက္ခန္ဓာလေးပါးတို့၏ဖြစ်ကြောင်း,ဖြစ်သောကြောင့်၊ ကာယာယတနလည်း ဟုတ်၏။ ကာယပသာဒလည်း မည်ပေ၏။

တနည်း, တဖုံအားဖြင့်လည်း= ဤ ကာယာယတန- ပသာဒသည် ရူပက္ခန္ဓာတခုလုံးဟု ဆိုအပ်သော ရုပ်ဓါတ်(၂၈)ပါးနှင့်ရင်း၊ ကံ, စိတ်, ဥတု, အာဟာရ, သမုဋ္ဌာန, လေးစား, ကလာပ်စီးများနှင့်ရင်း၊ သုံးဆဲ့နှစ်ပါးသော ကောဋ္ဌာသဖြစ်သည့် အကြောင်း,အဆောက်အဦနှင့်ရင်း၊ သတ္တဝါသ, ပဉ္စဝေါကာရဘုံတခွင်, အတ္တဘောအသွင်တို့၌ ရုပ်အစုအပေါင်း, ရူပကာယနှင့်ရင်း-ယှဉ်စပ်ရကား၊ ရုပ်နယ်, သရုပ်တွယ်သမျှ- စက်ဆုတ်ဘွယ်တကွ ဖြစ်သော်လည်း ရုပ်သန္တတိ- သမူဟ-သဏ္ဌာန ငြိပြီးလျှင်၊ အတုံး,အလုံး, အခဲအဖြစ်၊ အဟုတ်ရှိ ငါ့ကိုယ်ဟု စွဲမှားနေကြရပါသည်။ဤသို့-စွဲယူမှားအောင်-ရူပကာယ,သသမ္ဘာရကာယ၊ပသာဒကာတို့က၊ အလဲအလှယ်နှင့် ငါ့ကိုယ်လို့ ဖြစ်အောင် ပြဆောင်လှည့်ပတ်နေရုံမျှမက၊ ကာယဒွါရ- ဝစီဒွါရလို့ အမည်ရတဲ့ စေပနာကာယကလဲ-ကာယဝိညတ်, ဝစီဝိညတ်တွေနဲ့ တုပ်ပြီး လှည့်ပတ်လိုက်ပြန်ခြင်းကြောင့်၊ ငါ့ရုပ်, ငါ့သဏ္ဌာန်,ငါ့ထံတွေထိ၊ ငါရွေ့,ငါပြောင်း, အမူကမ္မအလုပ်အပေါင်းကိုပင် ငါ့ကိုယ်က ပြုလုပ်သည်ဟုကိုင်စွဲယူကြသည်အထိ၊ ကာယာယတနမှာ-ဝင်စွဲဖြစ်ပွားသည့် စိတ်, စေတသိက်အပေါင်းတို့နှင့် အာသဝလေးထွေကို မြစ်ချောင်းရေလို တထွေထွေစီးနိုင်အောင် ကာယငါးမျိုးတို့က ဝိညတ်ကို အားကိုးလျက် အာသဝမိုးရွာလာရာတွင် မြောင်းထိုးပေးနေပုံ ပမာယှဉ်၍ ဉာဏ်မြင်အောင် ကြည့်၊ သိသင့်ထိုက်ပါပေ၏။ ထိုသို့- ဉာဏ်နှင့်, ကြည့်၍ အသိ, ဆိုက်ခါ အာသဝတွေ မလိုက်နိုင်ပုံကို အာယတနယ်စုံအောင်ပြပြီးက ဆက်လက်ရှင်းလင်းပေးပါဦးမည်။

## “မနာယတန သဘော”

မနာယတနဆိုသည်မှာ၊ အာဝဇ္ဇနသိကမ္မ= အိမ်ပိုင်ရှင်သည် မိမိအိမ်၌ အမြဲနေထိုင်ဘိသကဲ့သို့ ပမာတူသော၊ ဟဒယဝတ္ထုရုပ်၌– အမြဲမှီသည့် ဝိပါက်မနောဓါတ်ခေါ် အိမ့်ရှင်ဘဝင်စိတ်ကိုခေါ်ပါသည်။ သို့သော်– ဤခန္ဓာငါးပါးရအပ်သော ဘဝ၌၊ အရူပ မနောဝိညာဏ်ဓါတ်ကို ချန်လှပ်၍ ကြွင်းသော, မနောဓါတ် နှစ်ပါးတို့သည်လည်း၊ ဟဒယဝတ္ထု၌ပင် မှီ၍ဖြစ်ရကား၊ အာယတန အရ၊ မုချအိမ့်ရှင်ဘဝင် ဝိပါက်မနောဓါတ်နှင့် အာဂန္တုက– ဧည့်သည်မနော ဝိညာဏဓါတ်တို့ကို ခေါ်ဆိုအပ်ပါသေးသည်။ မနောဒွါရအားဖြင့်မူ– ဘဝင်္ဂ ပစ္စေဒ ၁၉–ခုနှင့်တကွ၊ (ဝါ) ဘဝင်္ဂပစ္စေဒ– ၁၉, ခုနှင့်ဧပ်သော မနော, ဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေးဟူသော– ဓါတ်သုံးပါးကို ဆိုအပ်ပါသည်။ မနာယတနသည် တည်၍မှီရာအားဖြင့်၊ ဟဒယဝတ္ထုရုပ်၏ ဖြစ်ရာဋ္ဌာနအားဖြင့် ဝိပါက်မနောဓါတ်ဖြစ်ရာ၊ ရုပ်နှင့်နာမ်, နှစ်တန်ဆက်နွယ်သော နာမ်, အာယတန တစိပ်သာ ဖြစ်ပါသည်။ အကယ်၍ကား– မြတ်ဘုရားရှင်, ဟောကြားခဲ့သော ဟဒယဝတ္ထုရုပ်ကို ဖြုတ်၍ ပြဆိုပါက၊ မနာယတနဆိုသည်မှာ ဝိပါက်မနောဓါတ် နာမ်အာယတန သက်သက်ဖြစ်ကောင်းပြီး၊ မိမိကိုယ်တိုင်လည်း မနောဝိညာဏ ဓါတ်အားဖြင့်– မနောဒွါရ ဝီထိစိတ်အစဉ် ဖြစ်စွမ်းနိုင်လျက်၊ ပဉ္စာရုံတို့နှင့်– ဆက်သွယ်၍လည်း၊ ပဉ္စဝိညာဏ်စိတ်မှ ပဉ္စဒွါရဝီထိစိတ်အစဉ်ကို ဖြစ်ပွားစေနိုင် ရုံမျှမက၊ မနာယတန, မနောဒွါရအားဖြင့် ကာလသုံးတန်နှင့်– ရုပ်, နာမ်, ပညတ်,နိဗ္ဗာနဓါတ်တို့တိုင် အာရုံယူနိုင်သော မနာယတန– မနောဒွါရတရား ဖြစ်ပါသည်။ ဟဒယဝတ္ထုရုပ်သည်ကား၊ ထိုမနောဓါတ်, မနောဝိညာဏဓါတ် တို့၏တည်၍မှီရာအဖြစ်၊ ဒွါရ–အာရုံ၊ (ဝါ) ဝတ္ထုတည်ရာနှင့် အရမ္မဏ,အာရုံ နှစ်ဖုံစုံညီမှု မပျက်စေဘဲ၊ အသိလွယ်၍ ရှင်းအောင်၊ မှီခြင်းအမှန်လည်း ဖြစ် သောကြောင့်၊ ဘုရားအလိုတော်ကို သိစွမ်းသော အဋ္ဌကထာ, ဆရာအရှင်မြတ် တို့က ထည့်သွင်းပြအပ်ခဲ့ပါသည်။ အဇ္ဈတ္တ ရုပ်အာယတနသည် မူလ, ပသာဒ, ရုပ်ငါးပါးကို မူတည်ရခြားသော်လည်း၊ ကာယနှင့်ဝစီဝိညတ်နှစ်ပါး, ဒွါရ တရားနှင့် ပေါင်းယှဉ်၍ ပေါ်အပ်ရပါက၊ စက္ခုဒွါရ, သောတဒွါရ, ဃာန ဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, မနောဒွါရဟု– ကာယဝိညတ်ဒွါရတရားကို ငဲ့၍ အားလုံးဒွါရအမည် ရကြပါသည်။ တဖန်လည်း- ရုပ်အာယတနသက်သက် မျှကို ဆိုလိုပါက၊ ဟဒယဝတ္ထုရုပ်ကိုငဲ့၍၊ စက္ခုဝတ္ထု– သောတဝတ္ထု–ဃာန ဝတ္ထု–ဇိဝှါဝတ္ထု–ကာယဝတ္ထု–ဟဒယဝတ္ထုဟူ၍၊ ဝတ္ထုခြောက်ပါးဟုလည်း

ခေါ်ဆိုရခြင်းဖြစ်ပါသည်။ သို့သော်–ခေါ်ဆိုရတိုင်း သူ့နာမနှင့်သူ့အာကာရ၊ သူ့တရားကိုယ်တို့သည် ဝီထိစဉ်အလိုက်၊ အာရုံအလိုက်၊ ရုပ် အစွမ်း အလိုက် နာမ်အစွမ်းအလိုက်၊ ဌာန၊ အနိဋ္ဌ၊ တတြမဇ္ဈတ္တအလိုက်၊ ထိုက်သင့်သလို ကွဲပြား ကြသော တရားတို့ဖြစ်ပါသည်။ ဤဣန္ဒြိယသံဝရသီလနှင့် ဝိပဿနာဉာဏ်မြင် အတွက်၊ အဇ္ဈတ္တိကခန္ဓာ-အတ္တဘောအတွင်းမှ၊ အာယတန= စိတ်၊ စေတသိက် တို့၏ ခိုအောင်းဖြာပွား၊ သံသရာချဲ့ပွားရာဌာနနှင့်၊ ပဿာဒ= မူလ၊ ကြည်ပြတဲ့ ကမ္မဇကလာပ၊ သဘောတို့တွင်၊ ဒွါရ= အာရုံ၊ ဝင်ထွက်ဆက်ဆန်လျက်သော၊ ဝတ္ထု= ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ၊ တို့၏ တည်ရာဖြစ် သော သဘောတို့ကို၊ ဤမျှပိုင်းခြား သိမြင်နိုင်လျှင်ပင် သင့်တော်လောက်ပြီ ဖြစ်ပါသည်။ လွန်စွာချဲ့သဖြင့်လည်း အကျိုးရှိတန်သလောက်၊ ရှုပြားနိုင်သော် လည်း၊ တကဲ့အကျိုး၊ ဝိပဿနာဉာဏ်မိုး ရွာသွန်းဖြိုးနိုင်အောင်၊ အသိဉာဏ် ပိုင်နိုင်ကြမည် မဟုတ်၍၊ ချုံးလိုက်သင့်ပြီဟု ယူဆ လိုက်ရပါတော့သည်။

(မှတ်ရန်) ဤ–အာယတန၊ ပဿာဒ၊ ဒွါရ–ကို၊ ဝတ္ထုရုပ်အနေအားဖြင့် အမြဲမှီ– ရံခါမှီ– အမြဲမမှီသော- စိတ်၊ (ဝါ) စေတသိက်နှင့်တကွသော စိတ်တို့ မှီခြင်းကို ဤသို့ သိမှတ်ရာပါသည်။ စက္ခုဝတ္ထု– သောတဝတ္ထု၊ ဃာနဝတ္ထု– ဇိဝှါဝတ္ထု– ကာယဝတ္ထု– တို့၌၊ ပဉ္စဝိညာဏ်စိတ်၊ မနောဝိညာဏ်စိတ်တို့သည် အမြဲမှီကုန်၏။ ဟဒယဝတ္ထုရုပ်၌= ဒေါသစိတ်နှစ်ပါး၊ မနဓါတ်၊ ပဉ္စဝိညာဏ ဓါတ်၊ မနောဝိညာဏဓါတ်၊ သန္တီရဏ၊ သုံးဟုဆိုအပ်သော= သောမနဿသန္တီ ရဏနှင့် ဥပေက္ခာသန္တီရဏ နှစ်၊ ဟသိတုပ္ပါဒ်- ဘုရား၊ ရဟန္တာတို့၏ ပြုံးရယ် စိတ်၊ မဟာဝိပါက်စိတ်– ၈၊ ရူပဝိပါက်စိတ်– ၁၅၊ သောတာပတ္တိမဂ်စိတ်တို့ သည် အမြဲမှီကုန်၏။ ဟဒယဝတ္ထုရုပ်၌–ရံခါမှီသော စိတ်များမှာ၊ လောဘမူ–၈၊ မောဟမူ–၂၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်–၈၊ မဟာကြိယာ–၈၊ အရူပကုသိုလ်– ၄၊ အရူပကြိယာ– ၄၊ သောတာပတ္တိမဂ်၊ စိတ်ကြဉ်– လော ကုတ္တရာစိတ်(၇)တို့ ရံခါ မှီကုန်၏။ အမြဲမမှီ– ရူပဘုံရောက်မှ မှီခြင်းဖြစ်သော အရူပဝိပါက်–၄ တို့ ဟူ၍ သိအပ်ပါသည်။

ယောဂီသူမြတ်= ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ မဟုတ်တဲ့- ရူပကာယမှာ၊ အထက်ပါ- ကုသလာဓမ္မာ၊ အကုသလာဓမ္မာတွေ ပေါ်ပြာအောင် မှီအပ်တဲ့ သဘောတွေကို သိပြီးရင်၊ ယောဂီရဲ့ ရုပ်နာမ်ကို သိမ်းဆည်းရအောင် အနည်း ငယ် ဝေဖန်ပြလိုက်ပါရစေ။....

ရုပ်ကာယ, နာမ်ကာယ, သတ္တဝါသလို့ခေါ်တဲ့ သခါရတခု· ဟဒယ ဝတ္ထုမှာ၊ သောတာပတ္တိမဂ်စိတ်က အမြဲမှီနေပါတယ်၊ မုချကတော့ တိဟိတ် ပဋိသန္ဓေ-ကမ္မဇပညာ ပါလာသူဖြစ်ရင် သေချာပါတယ်၊ ထိုသို့-တိဟိတ် ဖြစ်လျက်၊ သောတာပတ္တိမဂ်စိတ်ပေါ်အောင် ဖေါ်မထုတ်နိုင်ခြင်း၊ တိဟိတ် မဖြစ်သော်လည်း တိဟိတ်ဖြစ်ကြောင်းနှင့်တကွ သောတာပတ္တိမဂ်ပါ ပေါ်ထွက် လာအောင် ဖေါ်မထုတ်နိုင်ခြင်းတို့ကို၊ ဘယ်သူက အမြဲမှီ ပြီး ပိတ်ဆီးကာ နေသလဲဆိုတော့။ ဒေါသမူဒွေးဘဲ ဖြစ်တယ်၊ သူက အမြဲမှီတဲ့ အထဲမှာ ထိပ်ဆုံး ကဘဲ၊ ဒီရုပ်နာမ်မှာ (ဝါ) ယောဂီရဲ့ ရုပ်နာမ်မှာ ဒိဋ္ဌိနဲ့ယှဉ်ခြင်း၊ မယှဉ်ခြင်း ဆိုတဲ့ လောဘမူစိတ်(၈)ခုက အမြဲမမှီပါဘူး၊ မောဟမူ(၂)ကလဲ အမြဲ မမှီ ပါဘူး၊ ဒါပေမဲ့- ဒေါသမူဒွေးက အမြဲမှီထားတော့၊ မကြိုက်နိုင်, မကျေနပ် နိုင်, လက်မခံနိုင်တဲ့ သဘောက အမြဲယှဉ်နေပါတယ်၊ စိတ်အစဉ်တွေ အာရုံ အလိုက် ဖြစ်လာကြပြီဆိုတော့လဲ၊ ရထားတဲ့ဘုံက ကာမဘုံ, ကာမာဝစရ စိတ်တွေသာဖြစ်လာတော့၊ သူ့ကျတော့- တဏှာရှေ့အစွန်းက အမြဲယှဉ်တဲ့ သဘောဖြစ်နေရတယ်။ ဒီတော့- စေတနာမှုနဲ့ တဏှာရှေ့ရှုပြီး ဖြစ်တဲ့စိတ်မှန် သမျှကို လောဘမူ(၈)ခုထဲက တခုခုနဲ့ဘဲ ဖြစ်နေရတယ်၊ ဒါပေမဲ့-အမြဲမှီထား တဲ့ ဒေါသမူဒွေးက၊ အဲဒီလို- တဏှာစေတနာရှာပေးတဲ့ စိတ်ဖြစ်လာတဲ့ ဝတ္ထု အာရုံ, ကာမဂုဏ်တွေအပေါ်မှာ မကြိုက်နိုင်, မကျေနပ်နိုင်, လက်မခံနိုင်ဘဲ, ဆန့်ကျင်ဘက် အဖြိုင်ဖြိုင်ကို အမြဲရှေ့ရှုနေတယ်၊ ဒါကြောင့်- ဘယ်လောက် ရှာရှာ, ဘယ်လောက်ရရ, ဘယ်လောက်ကောင်းကောင်း ကျေနပ်နိုင်သည်ကို မရှိ၊ အမြဲထပ်ထပ်ပြီး၊ များသထက်များ၊ ကောင်းသထက် ကောင်းတာတွေ ကို အလိုရှိသလို- တဏှာရှေ့အစွန်း, အငြိခံနေရတာ တဏှာကြောင့်ချည်း သက်သက်မဟုတ်ပါဘူး၊ အမြဲမှီထားတဲ့ ဒေါသမူဒွေးရဲ့ မကြိုက်နိုင်, မကျေနပ် နိုင်တဲ့အချက်က-အမြဲစွက်ဖက်နေလို့ဆိုတာ၊ မရိပ်စားမိကြပါဘူး၊ သူက အမြဲ မှီပြီး တဏှာလောဘကို အတောမသတ်နိုင်အောင်ရှာဘို့ ဖြစ်စေနိုင်ရုံတွင်မျှ မက၊မရမပြည့်- ကြိုက်နှစ်သက်တဲ့ဆီ မရောက်သရွေ့ ဝိဟိံသဝိတက်နှင့် ဗျာပါ ဒဝိတက်တို့ကိုလဲ အစဉ် မွေးပေးနေပါသဖြင့်၊ အတွင်း,ဒေါသ၊ အပြင်,လောဘ နှစ်ဘက် အညှပ်ခံထားရတဲ့ ယောဂီရဲ့ ရုပ်နာမ်ဟာ, မလှုပ်သာ, မလှဲသာဘဲ၊ ဒေါသနှင့် လောဘ, အပေးအယူမတဲ့ကြဘဲသာ၊ တဏှာလောဘက, ကာမ ဝိတက်တွေဖြာပြီး၊ တရှာထဲရှာ၊ ဘယ်သူနဲ့ ရှာသလဲဆိုတော့- အာယူဟနဋ္ဌ, အနက်, တဏှာစေတနာနဲ့ပေါ့၊ ဒေါသက ဝိဟိံသ, ဗျာပါဒဝိတက်နဲ့ မကြိုက် မကျေနပ်နိုင် တဖြိုင်ဖြိုင် ဖြစ်နေရ၏၊ မှန်ပါတယ် ယောဂီ, သတ္တဝါမှန်သမျှ

မိမိရရှိနေတဲ့ ဘဝ၊ မိမိရောက်ရှိနေတဲ့အဆင့်အတန်းကို- ကျေနပ်, ကြိုက်နှစ်သက်နေပါတယ်လို့ မရှိကြတာ အမှန်ပါဘဲ၊ အဲဒီလို= မကြိုက်, မကျေနပ်နိုင်သမျှ၊ ကာမတဏှာထဲမှာဘဲ၊ တဝဲလယ်လယ် အမြစ်တွယ်လျက် ဆက်ဆန်နေကြပြီး၊ ဘယ်မှာလဲ?၊ သောတာပတ္တိမဂ်စိတ်, အမြဲမှီချိပ်နေတာကို ဖေါ်ထုတ်ခွင့်မရရှိအောင် တဏှာ, ဗျာပါဒနဲ့ဖိ အစဉ်ငြိကာ တသွင်သွင်ပြုမိနေကြတယ်မဟုတ်လား။ ဒီလို- အစဉ်အငြိခံပြီး သမုဒယသစ္စာအချက် အာယူဟနဋ္ဌအနက်သဘောကိုပင် မသိအောင်၊ (ဝါ) သောတာပတ္တိမဂ်စိတ် ဖြစ်ခွင့်၊ ဟဒယ, ဝတ္ထုမှာ အမြဲမှီနေတယ် ဆိုတာကလေးတောင် မသိအောင်၊ မောဟမှုဒွေးကလဲ၊ အမြဲမှီဒေါသနဲ့ ရံခါမှီလောဘတို့ အတောမသတ် ဘက်ပြိုင်ဖြစ်ပေါ်နေတာကိုဘဲ၊ ဖြစ်ချင်ရာဖြစ်ကြဆိုပြီး၊ လုံးဝမသိအောင်-တွေဝေစေလျက် ဖုံးဖိပေးထားပါတယ်၊ အဲဒါကို-သိအောင်ဖြစ်နိုင်တဲ့တရားက၊(ဝါ)သိတဲ့တရားက သမ္မာဒိဋ္ဌိပညာ၊ မသိအောင် ဖုံးလွှမ်းထားပြီး မသိစေတာက အဝိဇ္ဇာ၊ မသိဘဲဖြစ်နေကြတာက၊ မကြိုက်,မကျေနပ်, ဆန့်ကျင်ဘက်ပြုတတ်တဲ့ ဒေါသနဲ့ ကြိုက်နိုင်, နှစ်သက် တောင့်တမက်မော, လိုက်လျောတတ်တဲ့ တဏှာလောဘတို့သည် အပေးအယူ, အလေးတမူ လုပ်နေကြ၍၊ တေးဘူမက· ဒုက္ခကို ဖြုတ်မရအောင် ဖြစ်နေကြရတော့သည်။

ဒီတော့- မြတ်သောယောဂီ= ခန္ဓာ,အာယတန-ဓါတ်အလီလီ, မပြတ်သိကိုးလျက်၊ လောဘတုံး,ဒေါသတုံး, မောဟတုံးကို အပြီးတိုင် ချေမှုန်းပစ်နိုင်အောင်၊ သောတာပတ္တိမဂ် စိတ်ကို ပေါ်ထွက်စေမည့် သောတာပတ္တိမဂ် အင်္ဂါလေးပါးကို ပြည့်စုံငြားအောင် ဆင်ယင်သုံးစားဘို့ ဆက်လက်ဆည်းပူးပါ။ ဒုရှယ်သုံးစား, တပါးပါးတွင်၊ ခလုတ်ထိမှ အမိတ, ရမှန်းသိကြပြီး၊ ခလုတ်ထိလို့ အမိတ, ကြပေမဲ့၊ မိမိရရအားဖြင့် အဘဘုရား၏ တရားမိခင်, ဓမ္မစစ်တခွင်ကို စင်စင်ကြယ်ကြယ်- အမှန်တကယ်ရဘို့ မလွယ်လှပါသဖြင့် ရပါစေလို မေတ္တာခိုလျက်၊ မညိုမငြင်၊ သဒ္ဒါယှဉ်ခါ၊ တသွင်ကိုယ်ကျိုး၊ ပယ်ဖျက်ချိုး၍၊ အဘိုးနဂ္ဂ၊ မြတ်ဓမ္မကို၊ ဒါနလည်းပြု၊ ဝေငှမှုဖြင့်၊ ပြုစုမသွေ- ပေါ်ထွက်တည်တွန်း၍ လာပေသော၊ ဤမဟာဉာဏ်အောင်, ဝိပဿနာအခေါင်မှ လုပ်ငန်းခွင်ဝင် ကျင့်စဉ်နည်းဖြင့်၊ အပြီးဆွတ်ခူးမည်ဟု သန္နိဋ္ဌာန် အထူးပြုပါလေ၊ မြတ်ယောဂီတို့ တတွေ..။ ကဲ= မနာယတန ပြသရင်းဖြင့်- ဗဟုသုတလဲရ- သံဝေဂဉာဏ်လဲ ခ,သွားအောင် ပြဆိုပြီးလျှင် အာယတနတခွင် ပြန်ဆက်ကြပါစို့...။

## ''အချုပ်အားဖြင့်– အာယတနသဘောအရ''

* စက္ခာယတန - သောတာယတန– ဃာနာယတန – ဇိဝှါယတန- ကာယာယတန– မနာယတနတို့၌....

(၁) စိတ်,စေတသိက်တရားတို့သည်၊ မိမိတို့၏ ကိစ္စအားဖြင့် ပေါင်းစည်း, အားထုတ်ကြကုန်၏။

(၂) လွန်ယုတ်မသွေ့, ဖြစ်လာပေကုန်သော- စိတ်, စေတသိက်တို့ကို ချဲ့ထွင်တတ်ကြကုန်၏။

(၃) မြဲမြဲကြာရှည်– သံသရာ့ဝဋ်ဆင်းရဲ၌ ကြဉ်လည်ရခြင်းကို ချဲ့ထွင်ဆောင်လတ် ဖြစ်စေတတ်ကုန်၏။

(၄) စိတ်, စေတသိက်တို့၏ အာရုံယူမှု, စုဝေးပြု၍ ရောပြွမ်းခိုလှုံအာရုံ, အာရမ္မဏိက စိတ္တုပ္ပါဒ်ဖြစ်ရာ ဌာနဖြစ်ကုန်၏။

## ''အချုပ်အားဖြင့်- ပသာဒ သဘောအရ''

* စက္ခုပသာဒ–သောတပသာဒ– ဃာနပသာဒ–ဇိဝှါပသာဒ–ကာယပသာဒ,တို့သည်....

(၁) စိတ်ဝိညာဏ်တို့၏တည်ရာဖြစ်၍၊မိမိဆိုင်ရာအာရုံနှင့် စိတ်ဝိညာဏ်ဖြစ်ရန် ညီညွတ်သည်- မညီညွတ်သည်ကို ပြောကြားဘိသကဲ့သို့ဖြစ်တတ်၏။

(၂) မိမိဆိုင်ရာ- ရုပ်အာရုံကို ပဥ္စဒွါရာဝဇ္ဇန်းစိတ်သို့ ပြတတ်သောအနက်သဘောအားဖြင့် ဖြစ်တတ်၏။

(၃) ပဥ္စဝိညာဏ်တို့၏ တည်ရာဖြစ်၍၊ (ဝါ) ပဥ္စာရုံတို့နှင့် ဖဿဖြစ်ခြင်းတည်ရာဖြစ်၍၊ (ဝါ) မနဝေါတ်နှင့် ဓမ္မာရုံ ဖဿဖြစ်ခြင်း၏မှီရာဖြစ်၍၊ ထိုထိုအာရုံတို့၌ သာယာသကဲ့သို့ဖြစ်တတ်၏။(ဤ၌- ပသာဒရုပ်တို့က သာယာတတ်သည် မဟုတ်၊ မှီ၍ဖြစ်ရာ စိတ်ဝိညာဏ်တို့ ကသာ- သာယာသည်ကို ဌာန်ျပစာရအားဖြင့် တင်စား၍ ဆိုခြင်းဖြစ်သည်။)

* အထူးအားဖြင့်- ဟဒယရုပ်လျှင် မှီရာရှိသော မနာယတနခေါ် ဝိပါက်မနဓါတ်သည်၊ အမြဲယှဉ်စေတသိက်(၇)ပါးနှင့်တကွ၊ ဆိုင်ရာစေတသိက်တရားတို့နှင့်- ဆိုင်ရာ, အာယတနနှင့် ပသာဒရုပ်တို့ကို အတူမှီလျက်၊ အာရုံသို့- ညွတ်ဝိုင်း, ကိုင်းရှိုင်းစေကာ၊ အတူဖြစ်, အတူချုပ်အားဖြင့် ရောပြွမ်းခိုလှုံ-သံသရာဟုန်ကို ခွဲထွင်ကုန်သည်၏ အဖြစ်သို့- ခန္ဓာအစု- အာယတနပြုရှဲ၊ ဓါတ်အမှုဖြင့် ဖြစ်ပွားတတ်ကြပါသည်။

ဤသို့- အဇ္ဈတ္တိက, အာယတနခြောက်ပါးတို့သည်၊ ခန္ဓာငါးပါး ဖြစ်ပျက်မဆိတ်အောင်- ဓါတ်သွားအခင်းဖြင့်- ဖြစ်ပွားခြင်းသည်၊ ဝိပါက်မမည်-ကံကြောင့်ဖြစ်တည်သော ပသာဒရုပ်ကလာပ်ဝယ် တည်မှီလျက်၊ ဝိပါက်မည်ငြား- အာဝဇ္ဇနသိက, အိမ့်ရှင်ဘဝင် ရပ်နား၍၊ ဝိပက္ကဘာဝံ- ဝိပါက်ဖြစ်ရန်-အကြောင်းခံကို ဆက်ဆန်ပွားစေသော၊ အာဂန္တုက-စိတ်ဝိညာဏ်အရပ်ရပ်ဖြင့်၊ ကုသလာ, အကုသလာ, အဗျာကတာမချို့- ကံ့သင်္ခါရလို့ အမည်တို့ရရှိပြီး၊ ပုည-အပုည-အာနဥ္ဇ-သုံးသင်းဖြင့်၊ ကာယ, ဝစီ, မနောဒွါရဝယ်၊ နဝကမ္မသမုဋ္ဌာန- အကြောင်းသစ်တွေကို စုဆောင်းပေးနေသည်သို့၊ ခန္ဓာအားဖြင့် ငါးစုအနေ-အဖြစ်တွေလဲမရပ်၊ အပျက်လဲမဆိတ်၊ “ဖြစ်ပျက်” နိမိတ်- သင်္ခါရအကြောင်းဟိတ်ဖြင့် သံသရာကို ခွဲထွင်နေခြင်းသာ ဖြစ်ပါကြောင်း။ နိဿတ္တ-နိဇ္ဇီဝါ=ပုဂ္ဂိုလ်-သတ္တဝါ- အသက်လိပ်ပျာမပါဘဲ၊ အတ္တငါဆိုတာ, ဝေလာဝေး၊ ပြုလုပ်သူလဲမရှိ-ခံစားသူလဲမဟုတ်၊ သမုဒယစမုခ်မှ- ဒုက္ခသရုပ်, အဆက်မပြတ်ဆောင်နေရသည့်- ဆင်းရဲခြင်းကေန် အမှန်တရား=ဒုက္ခသစ္စာ-နာမ်,ရုပ်, နှစ်ပါးပါတကားဟု ပိုင်းခြင်းခါကြည့်-ဉာဏ်နှင့်သိပြီးလျှင်....

စိုးမိုးမနိုင်,ပိုင်ရှင်မရှိ၊ အသာမိက-အနိဿရဏအစစ်- အနတ္တကေန်ဖြစ်လျက်လည်း၊ အဇ္ဈတ္တိက, အာယတန-ခြောက်ပါးတို့သည်၊ ကံကမ္မုလ-ဇနကနှင့် ကိစ္စရသ,သမ္ပတ္တတဖုံ-အကြောင်းစုံ ညီကြပါကုန်က၊ စက္ခုသည်ပင်- ဆိုင်ရာဓါတ်နှင့် ဤသို့ယှဉ်သွယ်- အစိုးတရချယ်လှယ်သကဲ့သို့ ဖြစ်တတ်ခြင်းကြောင့်၊ ပသာဒလည်းမည်- အာယတနလည်းဟုတ်၊ ဣန္ဒြေခြောက်ပါးရယ်လို့- တဖန်, သမုတ်ခံပြီးလျှင်၊ မိမိပိုင်စံ-အာယတနနိုင်ငံ-ပစ္စုပ္ပန်ကို ဝေဘန်ပိုင်သ- အစိုးရကုန်ကြသဖြင့်၊ ဣန္ဒြိယမည်ငြား- ခြောက်ပါးသောတရားဟူ၍ ခေါ်ဆိုအပ်ပါသည်။ထိုအစိုးရပုံ ကိစ္စစုံမှာ၊ စက္ခုန္ဒြေသည်- ဒဿနကိစ္စ, မြင်မှုနှင့်ယှဉ်စပ်သော အားဖြင့်၊ သောတိန္ဒြေသည်-သဝနကိစ္စ, ကြားနာမှုနှင့် ယှဉ်စပ်သောအားဖြင့်၊

ဃာနိန္ဒြေသည်– ဃာယနကိစ္စ, နံမှုနှင့် ယှဉ်စပ်သောအားဖြင့်၊ ဇိဝှိန္ဒြေသည်– သာယနကိစ္စ,ရသပေါ်ပြူ သာယာမှုနှင့်ယှဉ်စပ်သောအားဖြင့်၊ ကာယိန္ဒြေသည်– ဖုသနကိစ္စ, တွေ့ထိမှုနှင့် ယှဉ်စပ်သောအားဖြင့်၊ မနိန္ဒြေသည်– ဝိဇာနနကိစ္စ, သိမှုအစားစားယှဉ်စပ်သောအားဖြင့်၊အစိုးရကြကုန်သည်ဖြစ်၍ စိတ်,စေတသိက်တို့ ခိုအောင်းဖြစ်ပွား–သံသရာချဲ့ထွင်ခြင်းများ ဖြစ်ကြရပါတော့သည်။

"ထိုသို့ဖြစ်ဘိ၊ ကံ၏သတ္တိ၊ စိတ်၏အလို၊ လွှမ်းမိုးခိုလျက်။ ထိုထိုဣန္ဒြေ၊ ဖြစ်ကြောင်းတွေ့၍၊ ရှာဖွေစီစစ်၊ ဉာဏ်မြင်ဖြစ်က၊ အနုစ်ဗလာ၊ အတ္တငါနှင့်၊ တဏှာမာန၊ ရှာမရရှင့်၊ ရုပ်တွင်ခိုလှို၊ ဝိညာဏ်ဟုန်တို့၊ အကြောင်းစုံလတ်၊ ပေါင်းဆုံအပ်သဖြင့်၊သိတတ်ခဏ၊ ပျက်ကြရပြီး၊ အချည်းနှီးတည်း၊မြင်မှီးရူပါ၊ ကြား,သဒ္ဒါနှင့်၊ နံလာ ဂန္ဓ၊ သာယနခေါ်၊ ရသပေါ်လျက်၊ ထိသော်တွေ့မိ၊ ကြံစီသိဟု၊ မိမိအာရုံ၊ မဟုတ်တုံလည်း၊ ပေါင်းဆုံမှီးက၊ စောင့်စည်းသံဝရ၊ မပြုထလျှင်၊ သမုဒယဝင်၍၊ ငါမြင်,ငါကြား၊ ငါနား,ငါအသံ၊ နံရပြန်က၊ ငါလျှင်ကြိုပ်မွှေး၊ ဝါးမျိုပေးခါ၊ ထိရေးဖေါ်ဋ္ဌဗ္ဗ၊ ငါနှင့်စပ်ဟု၊ မပြတ်ကြံစီ၊ သိစိတ်တည်က၊ ငါသည်သိတတ်၊ သိမ်းပိုက်လတ်၍၊ တထပ်တဏှာ၊ မာနဖြာသည်၊ ဗလာသတိ၊ ဉာဏ်မမိဘဲ၊ မရှိပညာ၊မဲ့လျှင်းစွာလျှင်၊ သံသာချဲ့ကြောင်း= ဣန္ဒြေအပေါင်းတည်း။"

ထိုကြောင့်၊ ခြောက်ပါးဣန္ဒြေ–မစောင့်ထိန်းလေဘဲ၊ အလွှတ်မဲ့အား– သတိပညာကင်းငြားလျက် နေခြင်းထက်၊ မရှိလုံးလုံး– ပျက်စီးဆုံးရှုံးစေခြင်းက ပင်လျှင်၊ မြတ်ပေသေးသည်ဟု သဠာယတနဝဂ္ဂသံယုတ် အာဒိတ္တပရိယာယသုတ် သဘောအရ–ပြဆိုရသော်....။

အာဒိတ္တာယ စက္ခာဒီနံ၊ ဝရံသမ္ပလိ မဋ္ဌနံ၊
န တု စက္ခာဒိ ဥေ ယျေသု၊ နိမိတ္တ ဂဟဏံ ဝရံ။ ။

အာဒိတ္တာယ–အားလုံးလောင်မြိ–ရဲရဲငြိသော သံပူချောင်းဖြင့်၊ စက္ခာဒီနံ–သံဝရအခင်း–စောင့်စည်းခြင်းနှင့် ကွေ့ကွင်းနေလေ့– မျက်စေ့အစရှိသော အဇ္ဈတ္တိန္ဒြေ– ခြောက်ဌာနေကို၊ သမ္ပလိမဋ္ဌနံ– ပတ်ချာဝန်းကျင်– ဆွဲငင်ထိုးစိုက်– ဖျက်ဆီးပစ်လိုက်ခြင်းသည်။ ဝရံ– တနည်းတဖုံ– မြတ်ကုန်ပါသေး၏။ စက္ခာဒိ ဥေ ယျေသု– မြင်အပ်ရူပါ– ကြားလတ် သဒ္ဒါ၊ နံတတ် ဂန္ဓာ– စားအပ်ရသာ၊ ထိလတ်ဖေါ်ဋ္ဌဗ္ဗာ–သိတတ်အဖြာဖြာတို့၌၊ နိမိတ္တဂဟနံ– သုဘတင့်တယ်– သာ

ယာဘဂ္ဂယ်တောင်း–နိမိတ်ကောင်း စသည်ကို ယူခြင်းသည်။ နတ္ထုဝရဲ– ဘယ်ပုံ ဘယ်နည်းနှင့်မျှ မမြတ်သည်သာတည်း။

ဤသို့– ဣန္ဒြိယသံဝရသီလ– မစောင့်စည်းနိုင်ငြားက၊ အမြတ်တရားနှင့် ကင်းဝေးပုံ အတိုင်းအတာကို သိရှိတော်မူလျက်၊ ကိုယ်အင်္ဂါတို့ကိုပင် မငဲ့ မကွက်–ရက်စက်စွာ ဖျက်ဆီး၊ စောင့်စည်းနိုင်သည်ကပင် မြတ်ပေသေးသည်ဟု အညစ်အကြေးဝင်လတ်ကာ– အယုတ်ဇာတ်၊ ဒုက္ခဂိုဏ်း– သံသရာသို့င်းမိပါက၊ မမြတ်ပုံအခင်းကို ကွင်းကွင်းကွက်ကွက်မြင်လျက်၊ ဣန္ဒြိယ သံဝရသီလသည်– အရိယာအပေါင်း– သူတော်ကောင်းတို့၏ အထက်မြက်ဆုံး လက်နက်– ကိလေသာ အညစ်အကြေးကို စတင်ဖျက်ဆီးသည့်– သံဝရ တရားကြီးပါတကားဟု အားထားပြီးလျှင် ကျင့်မှီးစောင့်ရှောက်သင့်ကြရပါတော့သည်။ ထိုမျှမက– မစောင့်ထိန်းနိုင်ကြပါက....

ပါတိမောက္ခံပျ စိရင္ဇ၊ အသံဝု တန္တု ဣန္ဒြိယံ၊
စောရဂေါဏောဟိ ဟည္တို၊ ဂါမသဿာဝ ဝေဝင္ဓာ။

(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ ပ၊နှာ ၃၅–လာ၊ စုဏ္ဏိယများကို သင်္ဂဟဂါထာစီထားသည်)

ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌီ သမတိ ဝိဇ္ဈတိ၊
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ။ ။(ဓမ္မပဒ)

ဣန္ဒြိယံ–ဣန္ဒြေခြောက်ပါးကို၊ အသံဝုတန္တု– မစောင့်ရှောက်ပါမူကား၊ ပါတိမောက္ခမ္ပိ– ပါတိမောက္ခသည်လည်း၊ (ဝါ) ပါတိမောက္ခဝင်သီလတို့သည် လည်း၊ အစိရင္ဓ–စွမ်းအင်ပြည့်မှီကာ–ကြာရှည်စွာမတည်တန့်နိုင်၊ ဝေဝင္ဓာ– အကာမဲ့ကင်း–ဟင်းလင်းပွင့်ကုန်သော၊ ဂါမသဿာ–ရွာနီးလယ်ပြင်–ကောက် သီးပင်တို့ကို၊ စောရဂေါဏောဟိ–ခိုးသူတမျိုး–နွားဆိုးတို့သည်၊ ဟည္တိဏ္ဏဝ– လုယက်ဖျက်ဆီးအပ်ကုန်သကဲ့သို့တည်း။

ဒုစ္ဆန္နံ– ရှုမြင်မကောင်း– ဟောင်းနွမ်းညစ်ထု– အမိုး မလုံသော၊ အဂါရံ–အိမ်ကို၊ ဝုဋ္ဌီ–မိုးရေ မိုးပေါက်သည်၊ ဝိဇ္ဈတိယထာ–စွတ်စိုထိုးဖောက်– ဝိမ့်ဝင်ကျရောက်ဘိသကဲ့သို့၊ ဧဝံတထာ–ဤသို့ပမာ–ထိုအတူသာလျှင်၊ အဘာ ဝိတံ–လောကုတ္တရာ ဘာဝနာကင်းသော၊ (ဝါ) ဝိပဿနာမဂ်မှန်– ဘာဝနာ

မယဉာဏ်နှင့်ကင်းသော၊ စိတ္တံ-စိတ်ကို၊ ရာဂေါ-ကာမ, ဘဝ,မည်ပြား- ကပ်ငြိတတ်သော ရာဂတရားသည်၊ ဝိဇ္ဈတိ-အလွယ်နှင့် ကပ်ရောက်၍ ထိုးဖေါက်တတ်တော့၏။

ဤကဲ့သို့ ဣန္ဒြေခြောက်ပါးကို မစောင့်ရှောက်နိုင်ငြားလျှင် ကြီးစွာသော အတိုင်းအရှည် ပမာဏ ပြစရာရှာမရသော- သံသရာ့ချောက်ကမ္ဘားသို့ တောက်လျှောက်ကျသွားစေသော ရာဂရန်သူ၏ တွန်းချခြင်းကို ကြည်ဖြူစွာ လက်ခံနေသည်နှင့်သာတူတော့သည်။ ထို့ကြောင့်-အရိယာအလောင်း-သူတော်ကောင်းဟု သေက္ခခေါ်တင် သူတော်စင်အဖြစ်၌- အစဉ်ရပ်တည်လိုသော ယောဂီသူမြတ်တို့သည်၊ ဤဣန္ဒြေခြောက်စုံ-လုံခြုံစေမှု ဣန္ဒြိယသံဝရ သီလစုကို မြတ်မြတ်နိုးနိုးပြု၍ စောင့်စည်းသင့်ပါတော့သည်။

အဘယ်ဥပမာတိုင်၊ အလိုရှိအပ်, စောင့်စည်းတတ်ခြင်းကို၊ မြတ်ဘုရားရှင်, အလိုတော်ရှိပါသနည်းဆိုသော်။ ကုရဏ္ဍက, မဟာလေနဝါသီနေ စိတ္တဂုတ်မဟာထေရ်သည်၊ ၎င်းနေရာ လှိုဏ်ဂူထက်၌ ဘုရားခုနစ်ဆူတို့၏ တောထွက်ခဏ်း အဆန်းတကြယ်, ရေးချယ်ထားသည်ကို အနှစ်ခြောက်ဆယ်တိုင်တိုင်, နေ၍မှ၊ မကြည့်မမြင်ဘူးခြင်းစသော ဣန္ဒြိယသံဝရ, ဂုဏသမ္ပတ္တိကို ကြားသိရသောကြောင့်၊ မြတ်နိုးပူဇော်ဖူးမြော်လို၍၊ သုံးကြိမ်တိုင်တိုင်, မင်းက ပင့်ဘိတ်ပါသော်လည်း မကြွမလာရှိနေပါသဖြင့်၊ သားငယ်ရှိ၍ နို့စို့ခံရသော မိခင်တို့၏ သားမြတ်ကို စိတ္တဂုတ်မထေရ် မကြွမလာက မဖွင့်ရဟု ဖွဲ့စည်းတံဆိပ်, ခပ်နှိပ်ထားခါမှ၊ မင်းနေရာ မဟာဂါမသို့ ကြွလာခါ၊ မင်း,မိဖုရား,ယောကျ်ား, မိန်းမအားဖြင့် နှလုံးမသွင်းမူ၍၊ ရှိခိုးဖူးမြော်လာတိုင်း၊ "သုခိတာဟောတု-မဟာရာဇ"ဟုသာ မကြည့်မရှု မေတ္တာပို့ ဆုပေးလျက်၊ ခုနစ်ရက်ကြာသဖြင့် ကုရဏ္ဍကမဟာလေနသို့ ပြန်ကြွ၍ ညဥ့်ယံအခါ စင်္ကြံသို့တက်၏၊ ထိုအခါ-ကန့်ဂေါ်ပင်နေ ရုက္ခစိုးသည်လည်း ဆီမီးတိုင်ကိုင်၍ ရပ်လျက်ပူဇော်၏၊ ထိုနေ့ကား သပ္ပါယတို့ကို ရသဖြင့် ဘာဝနာမယဉာဏ်များ အလုန်စင်ကြယ် ထင်ရှားပြီး ဓမ္မုပသံဟိတပါမောဇ္ဇ- ဓမ္မရတိကို ရသဖြင့် မဇ္ဈိမယာမ်၏ အခြားမဲ့၌ မြေကြီးလျှင် ဝေ-ာင်အပြင်ကို၊ ပဲ့တင်သံ ထပ်စေလျက် အရဟတ္တမဂ်သို့ ရောက်တော်မူလေသည်။

ဤသို့= စက္ခုန္ဒြေ၌ လုံခြုံအောင် စောင့်စည်းဘိသကဲ့သို့၊ ခြောက်ပါးလုံးသော ဣန္ဒြေတရားတို့၌ သမ္မာဒိဋ္ဌိပညာဉာဏ် အဟုတ်နည်းဖြင့်၊ သဒ္ဓါ-သတိဝိရိယကို- မယုတ်မလျော့သောအားဖြင့် ပြီးစီးအောင်၊ စောင့်ရှောက်ကျင့်သုံး

ခြင်းကို အလိုရှိအပ်ပါသည်။ ထိုသို့- နိုင်နင်းစွာ, စောင့်စည်းကြဉ်ရှောင်မှု၌ ဣန္ဒြေအားဖြင့် အဇ္ဈတ္တိက အာယတနဟု ခေါ်ရသည့် ခြောက်ပါးသော တရားတို့၌သာ တဘက်သက်စောင့်စည်း၍ မရကောင်း, အကြောင်းမပြည့်စုံနိုင်ပါပေ။ ထိုဣန္ဒြေခြောက်ပါး အတွင်းအာယတနတရားတို့ကို ဣန္ဒြိယသံဝရသီလ, မဖြစ်ရှိနိုင်အောင် ထိုးနှက်ဖျက်ဆီးတတ်သော အပြင်အာယတန ခြောက်ပါးတို့၌လည်း၊ ထိုးနှက်၍ မဖျက်ဆီးနိုင်အောင် အသိပညာပိုင်နိုင်စွာဖြင့် တွန်းလှန်ပစ်နိုင်ရမည်သာ ဖြစ်ပါသည်။ ထို့ကြောင့်- ဗဟိဒ္ဓကို သုံးသပ်သဖြင့် အဇ္ဈတ္တကို စောင့်စည်းလုံခြုံစေခြင်း၊ အဇ္ဈတ္တကို သုံးသပ်သဖြင့် ဗဟိဒ္ဓကိုပါ စောင့်စည်းလုံခြုံစေခြင်း၊ အဇ္ဈတ္တရော, ဗဟိဒ္ဓပါ, သုံးသပ်စောင့်စည်း လုံခြုံစေခြင်းဟု ဆိုအပ်သော သုံးစားသော သံဝရမှုဖြင့် အစဉ်ပြု၍ ကျင့်သုံးမြဲမြံအောင်၊ ယခုအခါ ဣန္ဒြေထိုက်ငြား၊ အဇ္ဈတ္တိက အာယတနတရားတို့အား ပိုင်းခြားသိရှိခဲ့ရပြီးလျှင် ဣန္ဒြေမဲ့အောင် ထိုးနှက်တတ်ငြား- ဗဟိဒ္ဓ, အာယတန တရားတို့ကိုလည်း၊ (၀၁) အာရုံခြောက်ပါးတို့ကိုလည်း ပိုင်းခြားဝေဘန် သုံးသပ် စောင့်စည်းနိုင်မှု ကေန်ဝင်ရန်အထိ သိရှိရန် လိုအပ်လာပါသည်။

ထို- အပြင်, အာယတန- ရုပ်အာရုံသဘောတို့ကို၊ ဒုတိယပိုင်းထဲတွင် ဝဏ္ဏ- ဂန္ဓ- ရသ, ရုပ်ဓါတ် သဘောတို့နှင့် ဖေါဋ္ဌဗ္ဗမည်ငြား၊ ပထဝီ,အာပေါ တေဇော, ဓါတ်သဘောတို့၌၊ သဘော, သဘာဝအမှန်၊ ပရမတ္ထ, သုညတ, အနတ္တဉာဏ်နှင့် အနိစ္စကေန်, ဒုက္ခသာ ဖန်တည်းပုံကို တလုံးချင်းစီ ပြသအပ်ခဲ့ပြီး၊ ပြသထားပြီး ဖြစ်ပါသည်။ ဓမ္မာယတနအနေ- စေတသိက်တွေကိုလဲ ပြခဲ့ပြီးပါပြီဖြစ်၍ ပြန်လှန်တိုက်ဆိုင် ကြည့်ရှုနိုင်ပါသည်။

သဒ္ဒါယတန- သဒ္ဒါရုံ, သဒ္ဒရုပ်ဓါတ်သဘောကိုသာ မပြခဲ့ရသေးပါ၍ အကျဉ်းမျှ ဆက်လက် ပြသပေးပါမည်။ သဒ္ဒ- အသံရုပ်သည်၊ ဩဠာရိက= ကြမ်းထမ်းသော ရုပ်, ရုပ်ချင်း တိုက်ခိုက်မိသောအခါ ဖြစ်ပေါ်အပ်သော ဓါတ်ဖြစ်ပါသည်။ ဗဟိဒ္ဓ=အပြင်၊ အဝိညာဏက= သက်မဲ့၊ (၀၁)ရုပ်ဇီဝိတိန္ဒြေနှင့် နာမ်ဟူ၍ လုံးဝမရှိသော ဥတုတပါးတည်းကြောင့် ဖြစ်သည့်၊ ရုပ်,ရုပ်ချင်း တိုက်ခိုက်သော စည်သံ, မောင်းသံ, စက်သံ, သစ်ရွက်သံ- လေတိုက်သံစသော သဒ္ဒဓါတ်တို့သည်၊ အာကာသပရိစ္ဆေဒ ဓါတ်ပါထည့်၍ သဒ္ဒဋ္ဌနဝကလာပ် အသံဓါက်များ ဖြစ်ပါသည်။ အဇ္ဈတ္တ- အတွင်း၊ သဝိညာဏက= သက်ရှိ၊(၀၁) ကံ, စိတ်, ဥတု, အာဟာရ- အကြောင်းလေးပါးကြောင့် ဖြစ်သည့်- ရုပ်ဇီဝိတ နာမ်ဇီဝိတနှင့်တကွဖြစ်သော ခန္ဓာအတ္တဘောမှ လက်ခုပ်သံ, နှုတ်ဝစီထွက်, မြွက်ဆိုသံများသည် စိတ်, ဥတုနှစ်ပါးကြောင့်ဖြစ်သော သဒ္ဒရုပ်, အသံဓါတ်

ဖြစ်သည်။ ဩဠာရိက– ရုပ်ချင်းတိုက်ခတ်မှ အသံထွက်နိုင်ရကား၊ စိတ္တဇ,ပထဝီနှင့် ဥတုဇ,ပထဝီတို့ တိုက်ခတ်မိခြင်းကြောင့်ဟု ဩဠာရိက ရုပ်ကို အမှူးပြု၍၊ သိမှတ်ရာပါသည်၊ ယင်း– သဝိညာဏကဉ္စပင်, ဝစီနှုတ် ထွက်အားဖြင့် စိတ် ဥတုနှစ်ပါးကြောင့် ဖြစ်သော်လည်း၊ ဝမ်းတွင်းရင်ခေါင်းဝယ် အောင်း၍၊ မြည်ဟီးသော သဒ္ဒရုပ်တို့မှာ ဥတုကြောင့်သာလျှင် ဖြစ်သော၊ သဒ္ဒအသံ,ဓါတ်များဖြစ်ပါသည်။ 'အသံကောင်း မကောင်းမှာမူ၊ ဝစီနှုတ်မှ အသံထွက်လို- တခုခုပြောဆိုသောအခါ၌၊ စိတ်ကြောင့်ဖြစ်သော ပထဝီဓါတ်စုသည် တွန်းကန်ပြုမှုကြောင့်၊ ဥတုဇပထဝီ, အမှူးရှိသော ကမ္မဇပထဝီ, အာဟာရဇပထဝီ ထက်မြက်လျှင် အသံကောင်း, မကောင်းနှင့် အတိုးအကျယ်တို့ ဖြစ်ကြရသည်။

ဤ- သဒ္ဒ အသံဓါတ်သည်၊ မူလက, ရှိနေသည်မဟုတ်၊ ဩဠာရိက, ရုပ်ကလာပ်ချင်း- တိုက်ခတ်မိခြင်း၊ ခဏတ္တယ, အခင်းဖြင့်သာ, ဖြစ်ပေါ်ချုပ်ပျောက်ကြရသော သင်္ခါရတရား ဖြစ်ပါသည်။ စိတ္တဇပထဝီကလာပ်စု၌လည်း အသံမရှိ၊ ဥတုဇပထဝီကလာပ်စု၌လည်း အသံမရှိပါ။ စိတ္တဇ ပထဝီက- မိမိတိုက်ခတ်လျှင် ဥတုဇပထဝီက, အသံထွက်ပါစေဟု မပြောဆိုထားပါ။ ဥတုဇပထဝီကလည်း စိတ္တဇပထဝီကို တိုက်ခတ်လှည့်ပါ၊ အသံထွက်ကြရအောင်ဟု- မပြောဆိုထားပါ။ စိတ္တဇပထဝီ, ဥတုဇပထဝီတို့ကလည်း ပြောဆိုလိုစိတ်လာ၍ ချုပ်ပါစေဟုလည်း ပြောဆိုငံ့လင့်ခြင်း မရှိကြပါ။ သို့သော်– ဒွါရ, အာရုံ, ဝိညာဏ်စုံအောင် ဆန္ဒ, မနသိ, ဝီရိယစသည်တို့ဖြင့် ပေါင်းဆုံကြုံကြိုက် ဖြစ်လာခိုက်၌မူ၊ သဒ္ဒအသံသည် စီမံသူမရှိ၊ နာခံသူမပါ၊ သင်္ခတပရမတ်, ဓါတ်တို့အလိုအရဖြင့်သာ အခွင့်သာလျှက် ဖြစ်ပေါ်ထွက်၍ လာပါပေ၏။ ဖြစ်ပေါ်အသံ- ရုပ်ကေန်မို့, ဖေါက်ပြန်မဆိတ်, မျက်စိတမှိတ်တွင်၊ ကုဋေနှင့်ဆောင်၊ ငါးထောင်ကျော်မျှ၊ ဖြစ်ပျက်ကြခြင်း၊ ထိုအတွင်း၌၊ ကြားခြင်းအမှု၊ အသံစုကို၊ ဣဋ္ဌ- အနိဋ္ဌ- အမိပ္ပါယ်အတ္တနှင့်၊ သာယာ, ညိုငြင်၊ ကြားချင်, မကြားချင်၊ လောဘ, ဒေါသ, တခွင်ကို- စီစဉ်သူမရှိ သက်ဝင်၍ ဖြစ်မိလျှက်၊ သောတိန္ဒြေ အလိုကျ- တဏှာမွေ့သမျှနှင့် ရာဂစရိုက် နှစ်ချိုက်ပျော်ရန်သာ အဖြစ်တွင်၊ အနိဋ္ဌသဒ္ဒ, ကြားလာရက၊ ဒေါသအညစ်, တဖန်ထပ်ဆင့်၍ ဖြစ်တတ်ရပြန်ပါသည်။

ထိုသို့= မစောင့်မစည်း၊ အာရုံမီး၏ ပူကြီး, ပူငယ်, လောင်စွဲတွယ်သည်ကိုသာ၊ တသံသရာလုံးက, တဟုန်းဟုန်း, အတောက် ခံခဲ့ရလေပြီကိုရင်း၊ ယခု– ပစ္စုပ္ပန်- သဒ္ဒ အသံကြောင့်, အလောင်ခံအပ်ပြီး မစောင့်စည်း ခဲ့မိပုံကိုရင်း၊

ကောင်းစွာပိုင်းခြားသိသော အားဖြင့်၊ အာယတနဓါတ်, ဣန္ဒြေလို့သမုတ်အပ်တဲ့- ဒွါရနှင့် ပေါင်းဆုံကြပုံတွင်၊ အနှစ်မဲ့ကင်း၊ မမြဲခြင်းနှင့် ဆင်းရဲအမှန်, အနတ္တကေန်တရားကို ပိုင်းခြားသိအပ်, ပညာရပ်တွင် သတိယှဉ်၍ အစဉ်သံဝရ စောင့်ရှောက်ကြလျက်၊ ရာဂ, ဒေါသာ, ဖြစ်မလာရေး- မောဟတည်းဟူသော အဝိဇ္ဇာ ပိတ်ခါဆို့ထွေးနေသည်ကို ယထာဘူတ- သမ္မာဒဿနဉာဏ်အမြင်နှင့် သောတိန္ဒြေ စိုးမိုးနေသည်ကို၊ သဒ္ဓိန္ဒြေ, သတိန္ဒြေ, ပညိန္ဒြေတို့နှင့် မပြတ်စောင့် စည်း ဝိရိယိန္ဒြေမှီးလျက်၊ အပြီးတည်ကြည်, ကြဉ်ရှောင်မည်ဟု သမာဓိန္ဒြေဖြင့် ဆောက်တည်တော်မူနိုင်အောင်၊ တစ,တစ, ကြိုးစားတော်မူကြပါကုန်။

ယောဂီသူမြတ်= ယခု ဆိုအပ်ခဲ့ပြီး အသီးသီးနှင့်- ဒုတိယပိုင်း, ဖေါ်ပြနိုင်းဆိုထားသော တရားအစဉ် ဉာဏ်အမြင်တို့ကို- ပေါင်းစပ် ဆင်ယင်လျက်၊ ဣန္ဒြေခြောက်စုံ, စောင့်ရှောက် ကုန်လုံနိုင်ဘို့အရေး အသိဉာဏ်မဟေးနှင့်ပြည့်ဝလောက်ပါပြီ။ ထို့ကြောင့်တလီ- မြတ်သော ယောဂီရယ်၊ ထပ်သဘောမှီကာ ဣန္ဒြေမည်သည့် အာယတန, နှစ်လီတို့ဝယ်၊ ဘယ်သို့လျှင်, ဝိပဿနာနယ်တိုင်, နှလုံးသွင်းပိုင်၊ ပွားများနိုင်မည်ကို- ဆက်လက်ကိုင်စွဲ- မယိုင်မလဲ ကြိုးစားရရှိနိုင်အောင်၊ မူလပဏ္ဏာသ, ပရိယာယသုတ်တော်၌ မြတ်ဘုရားဟောကြားတော်မူသော- ကိလေသာနှင့် ယှဉ်စပ်ပုံ- မယှဉ်စပ်နိုင်ပုံများကို၊ ဤသို့- ပိုင်းဖြတ်သိအပ်သင့်ပါသေးသည်။

ဣဓဘိက္ခဝေ အသုတဝါ ပုထုဇ္ဇနော, အရိယာနံ အဒဿာဝီ,
အရိယာဓမ္မဿ အကောဝိဒေါ, အရိယာဓမ္မေ အဝိနီတော,
သပ္ပုရိသာနံ အဒဿာဝီ, သပ္ပုရိသ ဓမ္မဿ အကောဝိဒေါ,
သပ္ပုရိသဓမ္မေ အဝိနီတော, ဒိဋ္ဌံ ဒိဋ္ဌတော သဉ္ဇာနာတိ,
ဒိဋ္ဌံ ဒိဋ္ဌတော သညတွာ, ဒိဋ္ဌံ မညတိ, ဒိဋ္ဌသ္မိံ မညတိ,
ဒိဋ္ဌံ မေတိ မညတိ, ဒိဋ္ဌံ အဘိနန္ဒတိ, တံ ကိဿဟေတု
အပရိညာတံ တဿာတိ ဝဒါမိ။"

ဘိက္ခဝေ- အသုတ်မဟာ, ကိလေသာနှင့်၊ ရစ်ခါပတ်ထွေး၊ သံသာဘေးကို၊ လွတ်ရေးမျှော်မြင်၊ မဂ်ရေစင်နှင့်၊ သုတ်သင်လိုငြား- ဒို့, ချစ်သားတို့၊ ဣဓ- ဤ,ငါဘုရား၏ သာသနာတော်သုံးရပ်၌၊ အသုတဝါ- တရားဓမ္မစစ်တွင်

အကြားအမြင်, အနှစ်မရှိသော၊ သာဝကမမည်- ယောဂီမတွင် ပုထုဇဉ်သည်၊ အရိယာနံ အဒဿာဝီ- အရိယာတို့၏ ဝိပဿနာမှုနှင့် ဒုက္ခသစ္စာကို ရှုလေ့မရှိသည်ဖြစ်၍၊ အရိယာဓမ္မဿ အကောဝိဒါ- အရိယသစ္စာလေးပါး, မြတ်တရား၌ လိမ္မာသော ဉာဏ်မရှိသည်ဖြစ်၍၊ အရိယာဓမ္မေ, အဝိနိတော- အရိယာတို့၏ မဂ္ဂသစ္စာ, အကျင့်မြတ်မဟာဖြင့်၊ သမုဒယသစ္စာ ကိလေသာကို ပယ်ရှားနိုင်သော- ဉာဏ်မရှိသည်ဖြစ်၍၊ သပ္ပုရိသာနံ အဒဿာဝီ- ကိလေသာငြိမ်းအေးသော သူတော်ကောင်းတို့၏ ဝိပဿနာမှုနှင့် ရုပ်,နာမ်,ခန္ဓာကို ရှုလေ့မရှိသည်ဖြစ်၍၊ သပ္ပုရိသဓမ္မဿ အကောဝိဒါ-ကိလေသာ ငြိမ်းအေးသော သူတော်ကောင်းတို့၏ဝိပဿနာတရား၌ လိမ္မာသော ပညာဉာဏ်မရှိသည်ဖြစ်၍၊သပ္ပုရိသဓမ္မေ အဝိနိတော- ကိလေသာမကိန်း ငြိမ်းအေးသော သူတော်ကောင်းတို့၏ ဝိပဿနာ- အကျင့်တရားဖြင့်၊ ကိလေသာကို ဖယ်ရှားနိုင်သော- ဉာဏ်မရှိသည်ဖြစ်၍၊ ဒိဋ္ဌံ ဒိဋ္ဌတော သဉ္ဇာနာတိ- မြင်ခြင်းကို ငါမြင်သည်ဟု သညာဝိပလ္လာသဖြင့်- မှတ်၏၊ ဒိဋ္ဌံ ဒိဋ္ဌတော သညတွာ- မြင်ခြင်းကို ငါမြင်သည်ဟု- အထင်၌ သညာ ဝိပလ္လာသဖြင့် မှတ်၍၊ ဒိဋ္ဌံ မညတိ- မြင်ခြင်းကို သိမှတ်၏၊ ကိံ မညတိ- အဘယ်သို့ သိမှတ် သနည်း၊ ဒိဋ္ဌသ္မိံ- မြင်ခြင်းအပေါင်း၌၊ ဒိဋ္ဌံ- ဝိပါက်ကာလတစိပ် မြင်ခြင်းကို၊ မေတိ- ဇောကာလတစိပ် မြင်ခြင်းက- ငါမြင်, ငါထင်,ငါ့ဥစ္စာပင်ဟု၊ မညတိ-ထင်မှတ်၏၊ ဒိဋ္ဌတော-မြင်ခြင်းအပေါင်းမှ၊ ဒိဋ္ဌံ-ဝိပါက်ကာလတစိပ်မြင်ခြင်းကို၊ မေတိ-ဇောကာလတစိပ်မြင်ခြင်းက- ငါမြင်,ငါထင်, ငါ့ဥစ္စာပင်ဟု၊ မညတိ-ထင်မှတ်၏၊ ဣတိ- ဤသို့၊ ဒိဋ္ဌံ-မြင်ခြင်းအပေါင်းတို့ကို၊ မညတိ- ထင်မှတ်၏၊ အဘိနန္ဒတိ- လွန်စွာနှစ်သက်၏၊ တံကိဿဟေတု- ဘယ်အကြောင်းကြောင့်၊ အဘိနန္ဒတိ- လွန်စွာ နှစ်သက်သနည်း၊ တဿ-ထိုသာဝကမမည်- ယောဂီမတွင် ပုထုဇဉ်အား၊ ဒိဋ္ဌံ-သညာဝိပလ္လာသနှင့်မှတ်သဖြင့် ကိလေသာနှင့်ရောစပ်သောမြင်ခြင်းကို၊ အပရိညာတံ- အသိဉာဏ်ပညာဖြင့် မပိုင်းခြားနိုင်, မပိုင်းခြားအပ်၊ တေန-ထိုကိလေသာနှင့် ရောစပ်၍၊ အသိဉာဏ်ပညာဖြင့် မပိုင်းခြား အပ်သော အကြောင်းကြောင့်၊ အဘိနန္ဒတိ-လွန်စွာနှစ်သက်၏။ ဣတိ- ဤသို့၊ အဟံ-သင်တို့ဆရာ, ငါဘုရား မြတ်စွာသည်၊ ဝဒါမိ-သမန္တစက္ခု-သဗ္ဗညုဖြင့် ကြည့်ရှုဟောတော်မူ၏။

အဲဒီ-မူလပဏ္ဏာသပါဠိတော်အရ၊ မြတ်စွာဘုရားရှင်က- ဘယ်သို့ ဟောဆိုဆုံးမ-သိစေတော်မူလိုလှပါသလဲဆိုတော့၊ သံသရာ့ဘေးကိုဖြစ်စေတဲ့-ကိလေသာအညစ်အကြေးတွေကို မဂ်ရေစင်နဲ့ ဆေးကြော သုတ်သင်ဘို့ လိုလားပြီး၊ ကျွတ်တန်းဝင်လိုတဲ့ သာဝကများတို့ဟာ၊ ငါဘုရား အဆုံးအမ- သာသနာ

သုံးရပ်- မြတ်ဓမ္မတို့မှာ၊ ဗဟုသုတ အကြားအမြင်မရှိတဲ့ ပုထုဇဉ်ဆိုရင်၊ (ဝါ) မြတ်ဘုရားအဆုံးအမ-သဒ္ဓမ္မတို့၌ အကြားအမြင်မရှိတဲ့- ပုထုဇဉ်ဖြစ်နေရင်....

အဲဒီလို-ပုထုဇဉ်ဖြစ်နေရင်တော့- အန္ဓဗာလပုထုဇဉ်သာဖြစ်ရင်၊ အန္ဓမို့ ကန်းတဲ့အတွက်၊ ပုထုဇန့်အရ= ကိလေသာတွေ အများကြီး ဖြစ်ခွင့်အကြုံခံနေရပြီး။ ကလျာဏ,တစားစားမှ မဖြစ်ရင်တော့၊ ဗာလအနေနဲ့- ဒုစရိုက်,ဒုရာဇိဝတွေထဲမှာ- နစ်နေကြရတတ်တယ်၊ ကလျာဏ ပုထုဇဉ်ဆိုတာကလဲ သုံးစားရှိတယ်၊ အစ၏ကောင်းခြင်းမျှဖြစ်တဲ့ ပုထုဇဉ်ကျတော့၊ သီလနဲ့ပြည့်ဝပြီး-ကိလေသာတွေ အများကြီး ဖြစ်ခွင့်ရှိနေတတ်ပေမဲ့- တဒင် ပဟာန်လောက်တော့- မကြာ,မကြာ- ငြိမ်းခွင့် ရတတ်ပါတယ်တဲ့၊ အလယ်၏ ကောင်းခြင်း ဖြစ်တဲ့- ကလျာဏပုထုဇဉ်ကျတော့-သမာဓိနဲ့ ပြည့်စုံရင်- ကိလေသာတွေ အများကြီး ဖြစ်ခွင့်ရှိနေသေးပေမဲ့၊ တခါတရံ-ဝိက္ခမ္ဘန ပဟာန်နဲ့- အတော်ကြာကြာ-လွတ်ငြိမ်းခွင့်ရတတ်ပါတယ်၊ အဆုံး၏ ကောင်းခြင်းဖြစ်တဲ့- ကလျာဏ ပုထုဇဉ်ကျတော့၊ ဝိပဿနာ-ဘာဝနာမဂ်တွေနဲ့ ပြည့်စုံရင်-ကိလေသာ အများကြီးဖြစ်ခွင့်ရှိနေသေးပေမဲ့၊ သမုစ္ဆေဒ,အနွယ်အားဖြင့်၊ ကိလေသာတွေ ကုန်ပျောက်ငြိမ်းသွားအောင် ပယ်သတ်ခွင့်ရနေပြီး၊ (ဝါ) ပယ်တာရော-သတ်တာရော ဖြတ်ခွင့်ရနေပြီး၊ သံသရာဆိုတဲ့- ဒုက္ခသစ္စာ-ဥပါဒါနက္ခန္ဓာတရားကြီးကို ကြုံ့စေ,ရုံ့စေ, ရပ်စေ,ပြတ်စေတတ်ပါတယ်။

ဒီတော့- မြတ်ဘုရားရှင် သာသနာတော်အတွင်းမှာ၊ သံသရာရေးကို ဘေးလို့ရှုပြီး လွတ်မြောက်ချင်လို့ ကြောက်ပါတယ် ဆိုပေမဲ့၊ မိရိုးဖလာ- ဗုဒ္ဓဘာသာ အန္ဓဗာလပုထုဇဉ်သာဆိုရင်တော့ သူများကြောက်လို့ကြောက်- ထွက်မြောက်ဘို့ကို မရောက်တဲ့အပြင်၊ အပါယဒုက္ခနဲ့-သံသာရဒုက္ခနှစ်ဖြာမှာ၊အပါယဒုက္ခကပင်,မလွတ်နိုင်, မထွက်နိုင်ကြတော့ပါဘူး၊ ကလျာဏ ပုထုဇဉ်သုံးစားထဲမှာလဲ- အချို့က, အပါယဒုက္ခလောက်သာ ကြောက်တတ်ကြပြီး၊ လွတ်ချင်တတ်ကြပါတယ်၊ အချို့ကတော့- အပါယဒုက္ခက- လွတ်အောင်, ကွာဝေးအောင် ကြိုးစားကြပြီး၊ သံသရာ့ဒုက္ခကိုပါ ကြောက်လျက်၊ ဖြုတ်ချနိုင်အောင် ကြိုးစားတဲ့အထိ ကြောက်ကြပါတယ်။အကြောက်တတ်ဆုံး,အကြောက်မှန်ဆုံး- အဆုံး၏ကောင်းခြင်းနဲ့ ပြည့်စုံတဲ့ ကလျာဏကျတော့၊ အပါယဒုက္ခ-သံသရဒုက္ခဆိုတာ ခန္ဓာပါဘဲရယ်လို့ တကယ်သိပြီးတော့၊ ခန္ဓာသံသရာမှာ ခန္ဓာ့ဒုက္ခတွေ တဝေဝေဆူနေတဲ့၊ ကာမုပဓိ- ခန္ဓုပဓိ -ကိလေသုပဓိ- အဘိသင်္ခါရုပဓိ- ဆိုတဲ့ ဥပဓိလေးပါးနဲ့၊ ကာမဘဝ သံသရာမှာ သက်ဝင်ရမဲ့ခန္ဓာကိုလဲ မလိုမလား၊ ကြောက်အားကြွယ်တယ်၊ရူပဘဝ သံသရာမှာဖြစ်ရမဲ့ ဥပဓိလေးပါးကိုလဲ-မဖြစ်,

မလိုချင်,ကြောက်အားဝင်တယ်။ အရူပဘဝ သံသရာမှာ ကျရောက်ရမဲ့- နာမ်ခန္ဓာလေးပါးကိုလဲ မရောက်မသွားချင်-ကြောက်အားတွင်တွင်နဲ့၊ မလိုချင်,စက်ဆုတ်တယ်။ အသညသ–ရုပ်ခန္ဓာတပါးနဲ့ ဖြစ်ပွားရမဲ့ သံသရာကိုလဲ အထူးမလိုချင်,ကြောက်အားဝင်လှသမို့၊ ဝိပဿနာမဂ် ခလုတ်နဲ့၊ ပုထုဇဉ်အဆက်ပြုတ်အောင် အဟုတ်ကြိုးစားတဲ့- ပရိယောသာနကလျာဏေန်- စူဠသောတာပန်–သေက္ခအမှန်ကနေ–ပုထုဇဉ်ဆိုတဲ့ အသံကိုပင်, ကြောက်ရွံ့–ရှံမုန်းသူတွေ ဖြစ်တယ်။

အဲဒီလို-ပုထုဇဉ်အစားစား–သံသရာ့ဘေး ကြောက်ကြပုံ တလွှားတွင်၊ သာသနာသုံးစား, ဘုရားအဆုံးအမတရား၌၊ သိအားမကြွယ်သူ- အသုတဝါဆိုတဲ့- အကြားအမြင်လဲမရှိ၊ သာဝကလဲမမည်- ယောဂီလို့လဲမတွင်၊ အန္ဓပုထုဇဉ်တခွင်တို့သည်၊ အရိယာ,အရိယသေက္ခတို့ရဲ့ ဝိပဿနာမှုနဲ့ ဒုက္ခသစ္စာကိုရှုလေ့ရှုနိုင်စွမ်းလဲ မရှိတော့ပါဘူး၊ အရိယသစ္စာလေးပါး မြတ်တရားမှာလဲ၊ လိမ္မာသောဉာဏ်ဆိုတဲ့-သမ္မာဒိဋ္ဌိဉာဏ်လဲ မရှိနိုင်တော့ဘူး၊ အရိယမဂ္ဂသစ္စာနဲ့-သမုဒယသစ္စာ ကိလေသာကို ပယ်ခွါသတ်တတ်သော ဉာဏ်အမြတ်လဲ မဖြစ်အပ်တော့ဘူး၊ ထိုပွားများနိုင်မှု ဝိပဿနာပညာစုမှာ လိမ္မာသော ဉာဏ်လဲမရှိဘူး၊ ဝိပဿနာမဂ်ဉာဏ်များနဲ့လဲ ကိလေသာကို ဖယ်ရှားသုတ်သင်နိုင်တဲ့ ဉာဏ်လဲမဖြစ်မရှိနိုင်တော့ဘူး၊ အဲဒီလို–အန္ဓပုထုဇဉ်တွေဟာဖြင့် မြင်,ကြား,နံ့,စား, တွေ့ထိ, သိ,အာယတနတရားတွေမှာ၊ (ဝါ) စက္ခု–သောတ–ဃာန-ဇိဝှါ-ကာယ-မန, ဆိုတဲ့၊ ဣန္ဒြေတရားတွေမှာ၊ ရူပ-သဒ္ဒ–ဂန္ဓ–ရသ-ဖောဋ္ဌဗ္ဗ- ဓမ္မဆိုတဲ့၊ အာရုံခြောက်သင်းနှင့် မကင်းမကွာ၊ တခင်းခင်းနဲ့ အဆက်မပြတ်ကြုံဆုံ၍နေကြရရာ၊ မြင်တာကိုဘဲဖြစ်ဖြစ်၊ ကြားတာကိုဘဲဖြစ်ဖြစ်၊ နံတာကိုဘဲဖြစ်ဖြစ်၊ စားတာကိုဘဲဖြစ်ဖြစ်၊ တွေ့ထိတာကိုဘဲဖြစ်ဖြစ်....။

ဒိဋ္ဌိ ဒိဋ္ဌိတောသညာနာတိအရ၊ မြင်ခြင်းကို အထင်၌ သညာဝိပလ္လာသနှင့်ဘဲမှတ်ကြတယ်၊ ကြား,နံ့,စား,တွေ့ထိ, သိတရားတွေမှာလဲ၊ ဒီလိုဘဲ သညာဝိပလ္လာသနဲ့ဘဲ မှတ်ကြတယ်။ သညာဝိပလ္လသအားဖြင့် မှတ်တယ်ဆိုတာ၊အမှားမှတ်တာလား?၊ အမှန်မှတ်တာလားဆိုတော့၊ ဝိပလ္လာသဆိုတာ=ဖောက်ဖောက်ပြန်ပြန်–မမှန်မကန်-မဟုတ်တာကိုအဟုတ်၊ မရှိတာကိုအရှိလို့ မှားယွင်းတာကိုဆိုတယ်။ အဲဒါကို သညာနဲ့တွဲတော့ အမှတ်မှားတယ်၊ စိတ္တနဲ့လွဲတော့ အသိမှားတယ်၊ ဒိဋ္ဌိနဲ့တွဲတော့ အယူမှားတယ်ဆိုပြီး ဖြစ်ကုန်တတ်ကြတယ်။ သညာကစံမှားရင် ကျန်တဲ့-စိတ္တနဲ့ဒိဋ္ဌိပါ တခါတည်း ဆက်မှားကြရတော့တယ်။ ဒီလို

ဘာကြောင့် မှားယွင်းမိနေကြသလဲဆိုတော့၊ အထက်ကပြောခဲ့သလို–အရိယာ သေက္ခာသူတော်စွာတို့လို သဒ္ဓမ္မသုံးဖြာ ဘုရားဆုံးမတာတွေမှာ၊ အသုတဝါ ဆိုတဲ့- အကြားအမြင်မရှိကြလို့ဘဲ၊ မရှိပုံက ဘယ်တရားမှာ ဘယ်လိုမရှိပုံမျိုးလဲ ဆိုတော့၊ ဒုက္ခသစ္စာဆိုတဲ့ ရုပ်,နာမ်,ခန္ဓာ, အာယတန– ဓါတ်, ဣန္ဒြေတရား တွေမှာ၊ ဉာတပရိညာနဲ့ ပိုင်းခြားမသိခြင်း၊ တီရဏပရိညာနဲ့ ကိစ္စလေးဖြာ၊ အရိယသစ္စာမှာ ဆောင်ယူတတ်သိ, ပွားများရရှိလျက် ဆုံးဖြတ်နိုင်မှုမရှိခြင်း၊ ပဟာန ပရိညာနဲ့–သမုဒယသစ္စာကိလေသာကို မဖယ်ရှားနိုင်ခြင်းတို့ကို ဆိုလို တယ်။ ဒီတော့-ခန္ဓာမှာ အာယတနအခြေတည်ပြီး၊ ဓါတ်မွေခါ ဣန္ဒြေအလီလီ နဲ့ ကြုံဆိုတွေ့လာတော့၊ သညာဝိပလ္လာသနဲ့ဘဲ အမှတ်မှားကြတယ်၊ အဲဒီလို= အမှတ်မှားပြီးတော့ မြင်ခြင်း,ကြားခြင်း,နံခြင်း,စားခြင်း,တွေ့ထိခြင်း, ကြံသိ ခြင်း, စသည်တို့ကိုလဲ သိမှတ်တယ်၊ ဘယ်လိုသိမှတ်သလဲဆိုတော့....။

ဒိဋ္ဌသ္မိံ– မြင်ခြင်းအပေါင်း၌၊ ဒိဋ္ဌံ–ဝိပါက်ကာလတစိပ် မြင်ခြင်းကို၊ မေတိ–ဇောကာလတစိပ် မြင်ခြင်းက၊ ငါမြင်, ငါထင်,ငါ့ဥစ္စာလို့ ထင်မှတ် တယ်တဲ့၊ ခြောက်အာယတန-ခြောက်ဣန္ဒြေလုံးမှာ၊ ဒီလိုဘဲ အမှတ်မှားနဲ့ မြင်သိ စွဲယူတယ်၊ဘာဖြစ်လို့ ဒီလို မြင်သိစွဲယူသလဲဆိုတော့၊ မြင်ခြင်းအပေါင်း၌ဆိုတဲ့၊ စက္ခာယတန-စက္ခုပသာဒ–စက္ခုန္ဒြေအစရှိတဲ့၊ အဇ္ဈတ္တိက အာယတန– ဣန္ဒြေ အကြောင်းတွေကို သမ္မာဒိဋ္ဌိပညာဉာဏ်နဲ့ ဉာတပရိညာဆိုက်အောင် ပိုင်းပိုင်း ခြားခြားမသိလို့ဘဲ ဖြစ်တယ်၊ ဘယ်ကစပြီး အမှားဖြစ်သလဲဆိုတော့၊ ဝိပါက် အဗျာကတ သိစိတ်မျှဖြစ်တဲ့၊ စက္ခုဝိညာဏ်စိတ်အစရှိတဲ့၊ မြင်သိစိတ်, ကြား သိစိတ် ဖြစ်ခါမျှ ဝိပါက်ကာလကစပြီး အမှားဖြစ်တယ်၊ ဘယ်ရောက်အောင် မှားသလဲဆိုတော့၊ ဇောစိတ်-ခုနစ်တန်ကျအောင်-စမှားကနေ- ဆက်မှားကြီး အထိ မှားကြတယ်၊ ဘာလို့ ဆက်မှားတဲ့အမှားကြီးလို့ ဆိုရသလဲဆိုတော့၊ အဲဒီ မနောဝိညာဏ်ဇောမှားကျတော့၊ အကျိုးစိတ်ဖြစ်ရုံ ကုသိုလ်, အကုသိုလ်, မဟုတ်တဲ့၊အဗျာကတ,တရားမဟုတ်တော့ဘူး၊ ဝိပါက်အဗျာကတ, ပဥ္စဝိညာဏ် တုံးက မြင်သိ,ကြားသိရတဲ့ ဣဋ္ဌ,အနိဋ္ဌနဲ့ယှဉ်ပြီး၊ကုသလဝိပါက်စိတ်ဘဲဖြစ်ဖြစ်၊ အကုသလဝိပါက်စိတ်ဘဲဖြစ်ဖြစ်၊ အမှတ်မှားနဲ့ သိမ်းပိုက်ပြီး-ဇောစိတ်ဖြစ်သွား ပလားဆိုတော့၊ ငါမြင်, ငါထင်, ငါ့ဥစ္စာလို့ အောက်ထစ်ဆုံးဖြစ်တဲ့၊ တဏှာ ငါ, မာနငါ, ဒိဋ္ဌိငါနဲ့ စွဲယူမြင်သိခါ၊ အာရုံ၏အရသာကို သုံးစားလိုက်တာ ဟာ၊ ရာဂ–ဒေါသ-မောဟဆိုတဲ့- ပင်မ အနုသယဟောင်းကနေ၊ အနုသယ သစ်တွေ ဆက်ဖြစ်ပြီး၊ ဥပါဒါန်-ကမ္မဘဝဆိုတဲ့၊ နောင်တဖန်, ခန္ဓာသံသရာရ ကြောင်းနဲ့ မကောင်းကျိုးခံ အကုသိုလ်ကံကို၊ ဇောကာလအတန်တန်မှာ၊(ဝါ)

မျက်စေ့တမှိတ်– လျှပ်တပြက် အတွင်းမှာ– ကုဋေတသိန်းမက, ဖြစ်ပွားပြီး၊ အမြစ်အတွယ်ခံ သွားရပြန်တော့တယ်။

ယောဂီသူမြတ်=စဉ်းစားဉာဏ်နဲ့ ဟတ်၍ ကြည့်ပါ။ အန္တပုထုဇဉ်ဇာတ်နဲ့ ဆိုရင်တော့၊ သတ္တဝါတွေ- ဒီအတိုင်းဘဲ ဖြစ်နေကြပါတယ်။ အဲဒါ- လိုလား, နှစ်သက်အပ်တဲ့ ချမ်းသာတရားလား။ စက်ဆုတ်, ကြောက်မက်ဘွယ် ဆင်းရဲတရားလား၊ တစက်,တကွက်ကလေးမှာမှ၊ လိုလားနှစ်သက်အပ်တဲ့ ချမ်းသာတရား မဟုတ်ပါဘူး၊ စက်ဆုတ်ကြောက်မက်ဘွယ် ဆင်းရဲတရားသာ ကေန္တ, အမှန်ဖြစ်ပါတယ်၊ အဲဒီ– မျက်စေ့တမှိတ်, လျှပ်တပြက်အတွင်းမှာ၊ ကုဋေတသိန်းမက ဖြစ်ပွားပြီး၊ အမြစ်အတွယ်ခံသွားရတဲ့ ဒုက္ခသစ္စာတရားမှာ၊ ဒုက္ခဖြစ်ကြောင်း၊ သမုဒယ, အကိန်းခံရတာဟာ၊ ဒါတွင်ဘဲလားဆိုတော့ မဟုတ်သေးပါဘူး၊ မကသေးပါဘူး။

ဒိဋ္ဌ–မြင်ခြင်းအပေါင်းမှ၊ (၀၁)မြင်ခြင်း, ကြားခြင်း, စသည်အပေါင်းတို့မှဆိုတဲ့၊ အပြင်, အာယတန– ဂေါစရဂ္ဂါဟိက ငါးဖြာအာရုံ, ကာမဂုဏ်တွေ ဘက်ကျပြန်တော့လဲ၊ ကာမဘုံမှာ– ကာမာဝစရစိတ်နဲ့ ကိလေသာကာမနဲ့ အမှတ်စမှားပြီး မြင်သိရာကနေ၊ အဲဒီ- ဝတ္ထုကာမတွေအပေါ်မှာလဲ၊ ဇောကာလတိုင်အောင် ဆက်မှားပြီး၊ မနောဝိညာဏ, မနာယတန-မနိန္ဒြေအတွင်းမှာ၊ ဓမ္မာရုံတွေပါ စုပေါင်းလျက် ဝတ္ထုကာမတွေဘက်ကိုလဲ ကိလေသာ, ကာမစွက်ပြီး၊ ငါမြင်, ငါထင်, ငါ့ဥစ္စာလို့၊ မဟုတ်မမှန် အမှတ်မှားကစခဲ့တဲ့ အတိုင်း၊ မဟပ်တာတွေဖြစ်ပြီး၊ မဟပ်သင့်တာတွေကို ဟပ်လျက်၊ ဂါဟ,ကပ်လိုက်ထာ၊ ရာဂ, ဒေါသ, မောဟ,ဆိုတဲ့ အနုသယသစ်တွေ ထပ်ပြီး အမြစ်အတွယ်ခံရပြန်ပေါ့၊ ကဲ-ဒီတော့·ဝိပါက်ကာလကနေ– ဇောကာလအတွင်းမှာ၊ အပြင်ကချဉ်းကပ်လာတော့ အတွင်းက ဆွဲ၊ အတွင်းက ဆွဲတော့၊ အပြင်ကတွယ်၊ မငြင်းမဆန်နိုင်ဘွယ် အခင်းနဲ့သာ ဇွတ်ဆင်းကျရောက် အပင်ပေါက် အမြစ်တွယ်ခံနေရတာ၊ ငါလား,ငါ့ဥစ္စာလား, ငါမှငါလားလို့ ရှာကြည့်တော့၊ မူလ- ငါကိုက မရှိ၊ မူလ,ငါကိုကမှ မရှိတော့၊ ငါ့ဥစ္စာလို့လဲ လုပ်လို့မရ။ ငါလဲမရှိ၊ ငါ့ဥစ္စာလဲ မဟုတ်မှတော့၊ ငါမှငါလို့ အထင်ကြီးစရာကော ရှိပါအုံးမလား–မရှိပါဘူး၊ ဒါပေမဲ့- ဒုက္ခသစ္စာ, ငါးခန္ဓာအဆက်မပြတ်၊ ဖြစ်ပျက်မပြတ်တော့ မရှိတာကို အရှိထင်မှတ်မှားပြီး၊ သညာဝိပလ္လာသကလေးက,စပေးလိုက်တာ၊ ဝိပါက်ကာလကနေ– ဇောကာလတိုင်၊ တဟုန်းဟုန်းနဲ့ ကိလေသာမီးတွေ အလောင်ခံနေရခြင်းဟာ၊ အသုတဝါဆိုတဲ့၊ အရိယသေက္ခာ–သူတော်စွာတို့လို ဘုရားအဆုံးအမ, တရားတွေကို ခံယူပြီး၊ ဒိဋ္ဌ– အပရိညာတ–မြင်

ခြင်းကအစ, ခြောက်ဣန္ဒြေ အဝဝမှာ၊ အသိဉာဏ်ပညာနဲ့ ဝိပဿနာမဂ်ဉာဏ် တိုင်အောင်, ဝေဘန်ပိုင်းခြား, သိအားမကြွယ်, နှလုံးသွင်းပွားများမှု မတွယ် နိုင်လို့သာ၊ အဘိနန္ဒတိ– လွန်စွာနှစ်သက်, ရာဂဖက်ပြီး၊ ဒုက္ခစက်ကြီးအလယ် ခံနေကြရတယ်လို့, မြတ်ဘုရားရှင်, ဆိုလိုတော်မူရင်းဖြစ်ပါတယ်။

ဒါပေမဲ့= ချစ်သား, ချစ်သမီးတို့၊ အဲဒီလို-ရာဂမဖက်, ဒေါသမတက် မောဟမစွက်ဘဲ၊ ဝိပါက်ကာလကထဲက တဏှာငါ, မာနငါ, ဒိဋ္ဌိငါ-ပါမလာ အောင်၊ အရိယာနှင့် သေက္ခနှစ်တန်, ပုထုဇဉ်အယာမ်ထဲမှာဘဲ၊ သက်ဝင်နေ သေးတဲ့, ငါဘုရားအဆုံးအမ စကားကို သိနားလည်ပြီး၊ ဗာဟုသစ္စ ပြီးလျက်၊ ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်မှီးခါ၊ မမေ့မလျော့ဘဲ သာဝကအစစ်, ဘိက္ခုအဖြစ် ဝင် ယောဂီသူတော်စင်တွေကျတော့၊ အန္ဓပုထုဇဉ်တွေလို ရာဂဖက်ပြီး နှစ်သက် လေ့မရှိတော့ဘူးလို့, ဆက်လက်ပြီး ဟောကြားတော်မူပါတယ်။ ။

"ယောပိသော ဘိက္ခဝေ ဘိက္ခုသေခေါ အပတ္တမာနသော
အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ၊ သောပိ။
ဒိဋ္ဌံ ဒိဋ္ဌတော အဘိဇာနာတိ, ဒိဋ္ဌံ ဒိဋ္ဌတော အဘိညာယ
ဒိဋ္ဌံ မာမညိ, ဒိဋ္ဌသ္မိံ မာမညိ, ဒိဋ္ဌတော မာမညိ,
ဒိဋ္ဌံ မေတိ မာမညိ, ဒိဋ္ဌံ မာဘိ နန္ဒတိ,
တံ ကိဿဟေတု ပရိညေယျံ တဿာတိ ဝဒါမိ။"

ဘိက္ခဝေ– နှစ်တုံပေါ်တုံ၊ ဖြစ်ပြန်ကုန်ကြ၊ စုံဆန်ရသည့်– ဒုက္ခမဟေး သံသာဘေးကို မျှော်တွေးရှုငြား= အို,ချစ်သားတို့ ...၊ ဘိက္ခု– ဒုက္ခစုကို ဘေး ဟုအစဉ်, ရှုမြင်ယှဉ်စပ်– ယောဂီသူမြတ်ဖြစ်သော၊ ယောပိသော သေခေါ– ပုထုဇဉ်ခေါ်ရ– အကြင်,သေက္ခပုဂ္ဂိုလ် သည်လည်း၊ အနုတ္တရံ– တုနှိုင်းမရှိ၊ သာလွန်ဘိသည့် သုခိသစ္စာ, အမတာမှန်- လောကုတ္တရာသို့၊ အပတ္တမာနသာ– မရောက်လေသေး၊ ပုထုဇဉ်ဟိတ် အစေးရှိသည်ဖြစ်၍၊ ယောဂက္ခေမံ- ယောဂ ကင်းကွာ၊ အသခ်တာမှန်– မြတ်နိဗ္ဗာန်ကို၊ ပတ္ထယမာနော– ရောက်ရန်လိုလား၊ တောင့်တငြားသည် ဖြစ်၍၊ ဝိဟရတိ– မမေ့မလျော့ပါး၊ ဝိပဿနာမဂ်ဉာဏ် များကို ပွားများ၍ နေ၏။ သောပိသေခေါ= ယောဂီအစစ်, ဘိက္ခုအဖြစ်ဝင် ပုထုဇဉ်ခေါ်ရ ထိုသေက္ခပုဂ္ဂိုလ်သည်လည်း၊ ဒိဋ္ဌံ ဒိဋ္ဌတော အဘိဇာနာတိ– မြင် ခြင်းကိုမြင်ကာမျှ မတ္တသာဟု သတိပညာဖြင့် ပိုင်းခြား၍ သိ၏။ ဒိဋ္ဌံ ဒိဋ္ဌတော

အဘိညာယ= မြင်ခြင်းကို မြင်ကောင်းကာမျှ အကြောင်း အပေါင်းစုသည့် ခဏတ္တယမှုသာဟု- ပရိညာအစ အဘိညာမျှထိအောင်၊ ထူးခြားစွာ ထိုးထွင်း ဉာဏ်ဖြင့်သိ၏။ ဒိဋ္ဌံမာမညိ- မြင်ခြင်းကိုမြင်သည်ဟု အထင်၌ သညာဝိပလ္လာသ အားဖြင့် မမှတ်၊ ကိံမာမညိ- အဘယ်သို့ မထင်မှတ်သနည်း၊ ဒိဋ္ဌသ္မိံ- မြင် ခြင်းအပေါင်း၌၊ ဒိဋ္ဌံ-ဝိပါက်ကာလတစိပ် မြင်ခြင်းကို၊ မေတိ- ဇောကာလ တစိပ်မြင်ခြင်းက၊ ငါမြင်,ငါထင်,ငါ့ဥစ္စာပင်ဟု မထင်မှတ်၊ ဒိဋ္ဌတော- မြင် ခြင်းအပေါင်းမှ၊ ဒိဋ္ဌံ-ဝိပါက်ကာလတစိပ် မြင်ခြင်းကို၊ မေတိ- ဇောကာလ တစိပ်မြင်ခြင်းက၊ ငါမြင်,ငါထင်, ငါ့ဥစ္စာပင်ဟု မထင်မှတ်၊ ဣတိ- ဤသို့၊ ဒိဋ္ဌံ-မြင်ခြင်းအပေါင်းတို့ကို၊ မာမညိ-မထင်မှတ်၊ မာဘိနန္ဒိ- မနှစ်သက်၊ တံကိဿဟေတု- အဘယ်ကြောင်းကြောင့်၊ မာဘိနန္ဒိ- မနှစ်သက်သနည်း။ တဿ- ထိုယောဂီအစစ်- ဘိက္ခုအဖြစ်ဝင် ပုထုဇဉ်ခေါ်ရ- ထိုသေက္ခအား၊ ဒိဋ္ဌံ- ပရိညာ,အဘိညာ, သတိပညာဖြင့် ရှုကြည့်၍ ကိလေသာနှင့် မငြိသော မြင်ခြင်းကို၊ ပရိညာတံ-သမ္မာဒိဋ္ဌိပညာ- ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြားအပ်၏။ တေန-ထိုကိလေသာနှင့် မငြိမစပ်- သတိပညာနှင့် ပိုင်းခြားရှုကြည့်အပ်သော အကြောင်းကြောင့်၊ မာဘိနန္ဒိတိ-မနှစ်သက်၊ ဣတိ-ဤသို့၊ အဟံ- သင်တို့ ဆရာ,ငါဘုရားမြတ်စွာသည်၊ ဝဒါမိ-သမန္တစက္ခု- သဗ္ဗညုဖြင့် ကြည့်ရှုဟော တော်မူ၏။

အထက်ပါ- မြတ်ဘုရားရှင် ဟောတော်မူခြင်းအရ၊ ပဌမ အပိုဒ်အနေနဲ့ အသုတဝါဆိုတဲ့ မြတ်ဘုရားတရားမှာ၊ အကြားအမြင်မရှိတဲ့ အန္ဓပုထုဇဉ်တို့ရဲ့ သဘောတွေဟာဖြင့်၊အရိယသေက္ခာ, သူတော်စွာတို့ ဆည်းပူးကျင့်သုံးအပ်တဲ့ တရားတွေကို၊ မသိမကျွမ်းကျင်-မရှုမြင် မသုံးသပ်နိုင်တဲ့အတွက် ဣန္ဒြေခြောက် ပါးကို မစောင့်စည်းနိုင်ဘဲ၊ ရာဂတည်းဟူသော ချောက်ထဲကျပြီး ကိလေသာ တွေ ညစ်ပေလိမ်းကျံခံရလျက်၊ အပါယဒုက္ခ- သံသရာဒုက္ခကို မဖြုတ်ချနိုင် တဲ့အပြင်၊ အမျှင်မပြတ် အထပ်ထပ်ဖြစ်စေ- ရယူနေတာနဲ့တူတယ်လို့ ဟော မြွက်တော်မူခဲ့ပါပြီ။ ။

ယခု= ဒုတိယ အပိုဒ်မှာတော့၊ ဘိက္ခဝေ, ဘိက္ခု, သေက္ခအမည်စုကို ရတဲ့ပုဂ္ဂိုလ်ဆိုတော့၊ အသုတကိုအ,ဖြုတ်လိုက်နိုင်ပြီး၊အရိယ,သေက္ခာသူတော် စွာတို့ ဆည်းပူးကျင့်သုံးရမည့် မြတ်ဘုရားတရားတွေမှာ၊ အကြားအမြင်ရှိတဲ့- ဗဟုသုတပုဂ္ဂိုလ်လို့ ဆိုအပ်ပါတယ်၊ ဘိက္ခဝေ- ရဟန်းတို့၊ ဘိက္ခု-ရဟန်းလို့ မြွန်ဆိုကြရတာကတော့၊ မြတ်ဘုရားရှင်ရဲ့ တရားနာပရိသတ်တွေထဲမှာ၊ ရဟန်း

ယောကျ်ား၊ ရဟန်းမိမ္မ၊ ဥပသကာ–ဥပသိကာမ ဆိုတဲ့ ပရိသာတ်လေးပါးအပြင် ပြဟ္မာနတ်တွေပါ– ပါမြဲဖြစ်ပေမဲ့၊ ရဟန်းသံဃာတော်တို့ထက် အမြတ်မရှိလို့၊ ဘိက္ခု–ဘိက္ခဝေ ကို၊ ရဟန်း– ရဟန်းတို့လို၊ အကြီးအမှူးပြုခါ၊ ပြန်ဆိုကြတာပါ။ အမှန်ကတော့= ဘိက္ခုဆိုတာ၊ "သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု" အရ၊ သံသရေ– ရုပ်,နာမ်, နှစ်ဖြာ၊ ငါးခန္ဓာ တည်းဟူသော သံသရာကို၊ ဘယံ– ဘေးဟူ၍၊ ဣက္ခတိ– ရှုတတ်၏၊ ဣတိတသ္မာ–ထိုကြောင့်၊ ဘိက္ခု=ဘယ ဣက္ခု– ဘေးကို ရှုလေ့ရှိသူ ဘိက္ခုမည်၏၊ ဒါကြောင့်– အိမ်ယာတည်ထောင် ဝတ် ကြောင်တွေနဲ့ နေပေမဲ့– အခေါင်ကလျာဏ– သေက္ခပုဂ္ဂိုလ်ဆိုပါလျှင်၊ ဘိက္ခု တော့မည်ပါသတဲ့၊ ဥပသမ္ပဒမည်တွင် သမဏရဟန်း အရိယာနွယ်ဝင် ပန်းကို ဆင်မြန်းတဲ့ ရှင်ရဟန်းတို့ကတော့– သံဃာရတနာမို့ အလွန်တရာ ပမာမပြ နိုင်အောင် ကွာခြားလှပါတယ်။

အဲဒီလို– ယောဂီအစစ် ဘိက္ခုအဖြစ်ဝင်ပြီး၊ ပုထုဇဉ်အမည်ရှိနေသေး တဲ့ ပုဂ္ဂိုလ်ဆိုရင်တော့၊ ဗဟုသုတ ဗာဟုသစ္စ– မြတ်ဓမ္မတို့ ပြည့်ဝပြီး၊ ကျင့်ဆဲ ပုဂ္ဂိုလ်ဖြစ်ခြင်းကြောင့်၊ အထက်က= ပြောခဲ့တဲ့ မြင် ကြား နံ စား တွေ့ထိ သိဆိုတဲ့ ဣန္ဒြေခြောက်ပါးမှာ၊ မြင်တတ်လို့ မြင်အပ်တဲ့ တရားနဲ့ ပေါင်းဆို မိယင်....။

ဒိဋ္ဌံ ဒိဋ္ဌတော– သဋ္ဌာနာတိလို့– မြင်တာကို သညာဝိပလ္လာသနှင့် မမှတ် တော့ပါဘူး၊ ဒိဋ္ဌံ ဒိဋ္ဌတော– အဘိဇာနာတိနဲ့ မြင်ခြင်းကို မြင်ကာမျှ မတ္တလို သာ၊ သတိပညာနဲ့ ပိုင်းခြားသိလိုက်နိုင်ပါတယ်၊ သေက္ခပုဂ္ဂိုလ်တို့မှာ ဒါတွင်လဲ မကသေးပါဘူးတဲ့၊ အဘိညာယ အရ= အဲဒီ– မြင် ကြား နံ စား စသည်တွေ အပေါ်မှာ အကြောင်းအပေါင်းတွေ စုစည်းဖြစ်ပေါ်တဲ့ ခဏတ္တယ– ဥပါဒ် ဌီ ဘင် အမှုမျှသာလို့လဲ၊ ဉာတပရိညာ= ဉာဏ်နဲ့ ဝေဘန်ပိုင်းခြား သိခြင်းကို အစပြုပြီး၊ အဘိညာယ= ထူးမြတ်သော ဝိပဿနာဉာဏ်နဲ့လဲ ဖေါက်ထွင်း မြင်စွမ်းနိုင်ပါတယ်၊ အသုတ အန္ဓသမားလို သညာဝိပလ္လာသနဲ့ မမှတ်မသိ တော့ပါဘူး၊ သညာဝိပလ္လာသကို ဖြစ်ခွင့် မပေးတဲ့ ယောနိသော မနသိကာရနဲ့ သမ္မာသတိက ရှေ့ပြေးအဖြစ် အစဉ်သက်ဝင်နိုင်နေလို့ဘဲ ဖြစ်ပါတယ်။

ဒီလို= ဘာဖြစ်လို့ သညာဝိလ္လာသကို ခွါချပစ်နိုင်ရလဲဆိုတော့၊ ယောဂီ ကလဲ အစစ် ဘိက္ခုအဖြစ်ကလဲဝင် စူဠသောတာပန်ကလဲယှဉ်၊ အာရဒ္ဓဝိပဿက သေက္ခပုဂ္ဂိုလ်အနေနဲ့ ဝိပဿနာမဂ် ကျင့်စဉ်ထက်မှာလဲ ကျွမ်းကျင်လိမ္မာ အဝါးဝနေလို့ဘဲ ဖြစ်ပါတယ်၊ ဒီလို= လိမ္မာကျွမ်းကျင်ပြီး အကျင့်မြတ်နဲ့ ပြည့်စုံအောင်လဲ၊ ခန္ဓာ အာယတန ဓါတ်တရားတွေကို သုတမယဉာဏ်ပညာ–

စိန္တာမယဉာဏ်ပညာနဲ့ ဉာတပရိညာဆိုက်ပြီး အဘိဇာနာတိရှိခဲ့လို့ဘဲ။ ထိုမှတဆင့် သေက္ခအကျင့်ဖြင့်လဲ ဝိပဿနာ ဘာဝနာမယဉာဏ်ကို အဘိညာယနဲ့ ကိလေသာတို့ကို ဖေါက်ခွဲဖြိုပျက်နိုင်တဲ့- ရုပ်, နာမ်, ခန္ဓာ "ဖြစ်ပျက်"နှစ်ပြာကို၊ မဂ္ဂသစ္စာ, အင်္ဂါက မဂ်မဟာနဲ့ အနုလောမ- ပဋိပဒါရအောင် ပွားများနိုင်စွမ်းရှိလို့ဘဲ ဖြစ်ပါတယ်၊ ဒီသုံးဆင့်ပိုင်နိုင်ပါလျှင်၊ ဣန္ဒြိယသံဝရသီလစောင့်စည်းတဲ့ နေရာမှာ၊ သီလတွင်မက၊ သီလကိုဆေးကြောတဲ့ ပညာစွမ်းကြောင်ကိလေသာတို့ကိုပင်, ဘာဝနာဘိသမယလို- စင်ကြယ်, လွတ်မြောက် စေနိုင်ပါတယ်။

ဒီသဘောကို ဘယ်က စရမှာလဲဆိုတော့၊ ခန္ဓာ, အာယတန, ဓါတ်, တရားတွေကို ပိုင်နိုင်မှလို့ ပြောခဲ့ပါပြီ။ ခန္ဓာ, အာယတနသဘောကို ဒုတိယပိုင်းမှာရော၊ ယခု- ရှေ့နားက, ထိုက်သင့်သမျှ ပိုင်နိုင်အောင် ပြခဲ့ပါပြီ။ ဓါတ်တို့သဘောကိုလဲ= ရုပ်ဓါတ်, နာမ်ဓါတ်တွေကို ဒိဋ္ဌိဝိသုဒ္ဓိပိုင်းမှာ အစကစ၍ဖေါ်ပြပေးခဲ့ပါပြီ၊ ဒီတော့- ခန္ဓာမှာ, အာယတနနဲ့ ဓါတ်ဖြစ်ပုံပိုင်နိုင်ရင်၊ ဣန္ဒြေကို မယိုင်မလဲ စောင့်ရှောက်နိုင်ဘိရှာ သေချာပါတယ်။ ဒါကြောင့်- ခန္ဓာနဲ့ အာယတနကို ထိုက်သင့်သမျှ ရရှိကြပြီမို့၊ ဓါတ်တရားဘက်ကို အနည်းငယ် ဆက်လက်ပြပြီးမှ၊ သညာဝိပလ္လာသကစ၍ ခွာချပြီးလျှင်၊ တဏှာ, မာန, ဒိဋ္ဌိ, စင်ကြယ်ပုံကို ဆက်လက် ပြပေးပါဦးမည်။

## "ဓါတ် ၁၈-ပါး - အကျဉ်းအားဖြင့်"

| (အခံဓါတ်) | (အတိုက်ဓါတ်) | (အပေါ်ဓါတ်) |
|---|---|---|
| ၁။ စက္ခုဓါတ် | ပဋ္ဌဓါတ် | စက္ခုဝိညာဏဓါတ် |
| ၂။ သောတဓါတ် | သဒ္ဒဓါတ် | သောတဝိညာဏဓါတ် |
| ၃။ ဃာနဓါတ် | ဂန္ဓဓါတ် | ဃာနဝိညာဏဓါတ် |
| ၄။ ဇိဝှါဓါတ် | ရသဓါတ် | ဇိဝှါဝိညာဏဓါတ် |
| ၅။ ကာယဓါတ် | ဖေါဋ္ဌဗ္ဗဓါတ် | ကာယဝိညာဏဓါတ် |
| ၆။ မနဓါတ် | ဓမ္မဓါတ် | မနောဝိညာဏဓါတ် |

အဲဒီ- ခြောက်စား, သုံးမျိုး- မြှောက်တိုးပွားအပ်- တဆယ့်ရှစ်ရပ် သောတရားတို့၏ အတိုက်နဲ့, အခံဓါတ်, အကျိုးဝိပါက် ဝိညာဏ် ဆိုတာကိုဘဲ၊

"အတ္တနော သဘာဝံ ဓါရေတီတိ ဓါတု"အရ၊ မိမိသဘောကိုမိမိ,မဖေါက်မပြန် ဆောင်တတ်လို့- ဓါတ်လို့ ခေါ်အပ်ပါသည်၊ အခံဓါတ်ထဲမှာရော- အတိုက် ဓါတ်ထဲမှာရော၊ စက္ခုအစရှိသော ဓါတ်ခြောက်ပါးတို့သည် အတုံး, အလုံး, အခဲ, အထည်ဒြပ် သဏ္ဍာန်လဲ မဟုတ်၊ သရီရအတ္တ- ဇီဝအတ္တ- အတည်တကျ ရှိတာလဲမဟုတ်၊ အကြောင်းစုံလို့ ဖြစ်ပုံပျက်ပုံ, သခ်ါရဟုန်ကလဲ့ပြီး၊ သဿတ, မတည်- ဥစ္ဆေဒမမည်သော သခ်တ, သခ်ါရ- အတ္တမှ သုဉ်းဆိတ်တဲ့ သုဒ္ဓဓမ္မ သခ်တဓါတ်မျှ မုချဖြစ်ပါတယ်၊ ထိုနည်းမက္ခ, ဗဟိဒ္ဓါယတန အမည်ရတဲ့- ရူပ, သဒ္ဒအစရှိသော- ဓါတ်ခြောက်ပါးတို့သည်လည်း သခ်တပရမတ်တရားတို့ သခ်ါရနဲ့ ယှဉ်စပ်သွားပြီး၊ ဓါတ်အားဖြင့် ဆောင်ခြင်းမျှ သဘောဓမ္မ သက် သက်ဖြစ်ရာ၊ အဇ္ဈတ္တ- ဗဟိဒ္ဓ, အာယတနနှစ်ဖြာ, အခံနှင့်အတိုက်ပမာ- ရှေ့ ရှုတော့ခါ၊ အာပါထံ, ထင်ခြင်းဖြင့် အာဝဇ္ဇန်း စိတ်အခင်းကနေ- အာရုံကို သိကာမျှ စက္ခုဝိညာဏ်အစရှိတဲ့- မြင်, ကြား, နံ, စား, ထိ, သိတရား, အကျိုး ဝိပါက် အလိုက်ခံနေရတဲ့- အပေါ်ဓါတ်ခြောက်ပါးသည်၊ အဘယ်မှာလျှင် ငါမြင်, ငါထင်, ငါဉစ္စာတခွင်ရယ်လို့ ပီပီပြင်ပြင် စွဲယူသက်ဝင်စရာ ရှိနိုင်ပါ မည်နည်း။

ထိုသို့- ဓါတ်(၁၈)ပါးဖြင့်၊ ပေါ်မှု သခ်ါရတရားမျှ သက်သက်သည် ဒုက္ခသစ္စာကေန်,ဆင်းရဲမှန်တရားအဖြစ် စီရင်တတ်ပေသောကြောင့် ဓါတ်ပေါ် ပေါက်၍ အခေါ်ပြောက်ရပုံကို ဤသို့လည်း သိအပ်ရာပါသည်။

ဝိဒဟန္တိ ဝိဓါနံ ဝါ၊ တောဟိ ဝါ ဝိမိယတိ၊
ဓါရီယန္တိ ထပီယတိ၊ တောသု ဝါတိ ဓါတုယော။ (ပရမတ္ထသရူပ)

ယာဓမ္မဇာတိယော-အကြင်, အတိုက်,အခံ- ဖြစ်ပေါ်ပြန်ငြား- ဓါတ် သဘောဘရား တို့သည်၊ ဝိဒဟန္တိ- သယံဇာတ, ရှေ့ဖြစ်ရအောင် ကျောက်က ဆောင်သို့ အခေါင်များဖျင်-ဆင်းရဲအင်ကို စီရင်တတ်ကုန်၏။ (ဝါ) တနည်း ကား၊ ဝိဓါနံ-ဆင်းရဲကို စီရင်ခြင်းသဘောမျှသာတည်း။ (ဝါ) တနည်းကား၊ တောဟိ- ထိုရုပ်နာမ်,ခန္ဓာဇာတ်မှ စက္ခုသောတ စသည်တို့ဖြင့်၊ ဝိဓိယတိ- သတ္တဝါအသွင် ဘု တခွင်ဝယ်၊ ကြဉ်လည်မမြဲ၊ ဝဋ္ဋဆင်းရဲကို စီရင်တတ်၏။ (ဝါ) တနည်းကား၊ ဓရီယန္တိ-သဋ္ဌန္တိတိသတ္တော- သိတတ်,မှတ်တတ်,သတ္တဝါ ဓါတ်တို့သည် ဆောင်အပ်ကုန်၏။ (ဝါ)တနည်းကား၊တောသု-ထိုစက္ခုစသည်

တို့၌၊ ထပိယတိ– သံသာရဒုက္ခ-အပါယဒုက္ခကို ထားတတ်ကုန်၏။ ဣတိ- ဤ ငါးပါးသော ပစ္စယသတ္တိကြောင့်၊တာဝမ္မဇာတိယော-ထိုထိုပေါ်အပ်ခြားသည့် တဆယ့်ရှစ်ပါးသော တရားသဘောတို့သည်၊ ဓါတုယော– ဓါတ်မည်ကုန်၏။

မှန်ပါတယ်-မြတ်သောယောဂီတို့၊ ခန္ဓာငါး၀,အာယတန ဌာနတွေမှာ၊ အာရုံတွေကျလာပြီး- ဓါတ်လှိုင်းခေါ်ရအောင် ပေါ်ထွက်လာတာဟာ၊ သူငါ တပါး,အတုံး,အလုံး,အခဲ- အထည်, ဒြပ်, သဏ္ဌာန်တွေ အစဉ်ရှိပြီး၊ ပြုသူစီမံ- ခံစားသူကေန်အနေမှာ၊ ဖြစ်ပေါ်ကြတာတွေ မဟုတ်ပါဘူး၊ စက္ခုဓါတ်ဆိုတာ ရူပါရုံရိပ် ဝင်ချိပ်ခိုအောင်း, ထင်ကြောင်းဖြစ်အောင်၊ အစဉ်ထာဝရ-ပသာဒ, ဒသက,ကလာပ်ဆိုတဲ့ ရုပ်ဓါတ်က- အမြဲမပြတ် ရှိမနေပါဘူး၊ ခဏတ္တယ သမင်္ဂီ ဆိုတဲ့-ခဏငယ်ကလေးမျှသာ-အကြောင်းစုံညီခိုက်- ကြည်ပြနိုင်လိုက်တဲ့ ဓါတ် တရားသာ၊ (ဝါ) မိမိသဘော မိမိဆောင်ခိုက် သ,ဘာဝ တရားသာ ဖြစ်ပါ တယ်။ ပါဝင်ပေါင်းဆုံကြတဲ့- ပထဝီ,အာပေါ,တေဇော, ဝါယော၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, အဋ္ဌကလာပကို ပထဝီဓါတ်က, ဘယ်လိုဖြစ်၊ အာပေါ ဓါတ်က, ဘယ်လိုနေ၊ တေဇောဓါတ်က, ဘယ်လိုပူ၊ ဝါယောဓါတ်က, ဘယ် လိုရွေ့၊ ဝဏ္ဏဓါတ်က, ဘာအဆင်းဖြစ်၊ ဂန္ဓဓါတ်က,ဘယ်လိုနံ၊ ရသဓါတ်က, ဘယ်လိုပေါ်၊ ဩဇာဓါတ်က, ဘယ်လိုဆောင်လို့၊ ဘယ်အကောင် သတ္တဝါ- နတ်,ဗြဟ္မာနဲ့ သုံးလူ့ထွဋ်တင်-မြတ်ဘုရားရှင်တွေကပင်၊ အာဏာပေးခါ-စီစဉ် ညွှန်ပြ-စေခိုင်းလို့လဲ မရကြပါဘူး၊ မရှိတဲ့အတ္တငါ၊ မရှိတဲ့- ဇီဝသာဖြစ်ပြီး၊ မျက်စိအကြည်ကလေး- ခဏတ္တယပေါ်ထွန်းဘို့- ဖေါ်ညွှန်းတဲ့- ကံရဲ့ အစွမ်း ကြောင့်၊ ပသာဒဆိုတဲ့ ဥပါဒ်ရုပ်ကလေးက- အဋ္ဌကလာပမှာ ရုပ်သက်ကလေး ဥပါဒ်,ဋ္ဌီ,ဘင်ကို ပီပြင်စွာဖြစ်ရေး စောင့်ရှောက်ပေးသလို ကျေးဇူးပြုတတ်တဲ့- ရုပ်ဇီဝိတကလေးနဲ့ ပေါင်းဆုံပြီး၊ ကံကြောင့်ဖြစ်တဲ့- (ဝါ) ကမ္မပစ္စယ– ဇနက သတ္တိကြောင့်၊ ဇီဝိတရုပ်ဓါတ်နှင့် ပသာဒရုပ်ဓါတ်–အဋ္ဌကလာပမှာပင် ကပ်နိုင် ခိုက်၊ ရူပါရုံ-အရိပ်ထင်အပ်အောင် ကြည်ပြတတ်တဲ့- စက္ခုသဘောကို၊ အဲဒီလို စစ်ကြောကြည့်ရင်၊ ဘယ်ဓါတ်ကို ငါကပ်၍ စွဲယူမလဲ၊ ဘယ်ဓါတ်ကို အထည် ဒြပ်လို့ ကိုင်ပြနိုင်ပါ့မလဲ၊ ဘယ်ဓါတ်ကို နယ်ဖတ်လို့ အမှုန်အမွှား အခဲ့အပြား ခွဲခြားပြနိုင်ပါ့မလဲ၊ ဘယ်ဓါတ်ကို ဘယ်သူစီရင်လို့ ဇီဝထင်ဘွယ်ရာရှိပါ့မလဲ၊ ဘယ်ဓါတ်ကို ဘယ်သူပိုင်လို့- လိုရာကို လိုက်နိုင်စေသလဲ၊ ဘယ်ဓါတ်မှာ- အနှစ်သာရပါရှိလို့ လာကြည့်ပါလို့ ပြစရာရှိပါ့မလဲ၊ ဘယ်ဓါတ်ကို- အစိုး တရရှိပြီး ငါ့ဥစ္စာပစ္စည်းလို့ ညွှန်ပြနိုင်ပါသေးသလဲ....။

အဲဒီလို- အဌကလာပ်အကြောင်းတွေကိုရော၊ ပသာဒနဲ့ ဇီဝိတကနေ၊ ကမ္မဇဒသကစက္ခုစေါ်လို့ ကြည့်ပြနိုင်ပုံတွေကို၊ ဓါတ်တပါးချင်း ရှင်းလင်းဝေဘန်-ဖေါက်ထွင်းကြည့်နိုင်ဘို့ ယောဂီတို့ကို ပြခဲ့ပြီးပါပြီ။ ဉာတပရိညာနဲ့ ပိုင်းခြားပြီးလဲ သိနေပါပြီ။ပဇာနာတိ-ပညာသိကို ဓါတ်ပေါ်ခိုက်မှာ-အဘိဇာနာတိနဲ့ သိအောင်၊ မနသိကာရဝိဓိ-နှလုံးသွင်းမြဲမြံ- သတိရှေ့ရှုံလျက်- သညာ ဝိပလ္လာသကို ခွါချနိုင်အောင်ကြည့်မြင်ပြီး၊ အဘိညာယ= ထူးမြတ်သော ဉာဏ်ဖြစ်အောင်၊ အဲဒီလို-စမ်းတမ်းထုတ်ပြီး ဝေဘန်ရှုပေးရပါမယ်၊ ပိုင်းခြားပေးရပါမယ်၊ ပိုင်းဖြတ်ရှုတတ်-အကျင့်ဓါတ်ရအောင် လုပ်ဆောင်ပေးရပါမယ်။

ဒါကတော့၊ ဒိဋ္ဌိ-မြင်ခြင်းအပေါင်းတို့ကိုဆိုတဲ့-အတွင်းသဘောဓါတ်ရဲ့ အကြောကို ထိုးထွင်းသိဘို့ အကျဉ်းနမူနာပြပေးတာပါဘဲ။ သောတဓါတ်ဆိုတာလဲ ဒီလိုပါဘဲ၊ လောဘတဏှာ-ဒိဋ္ဌိ-မာနတို့က၊ ငါ့, ငါ့ဉစ္စာ, ငါမှငါလို့ ထင်မှတ်ပြုလုပ်ကြပေမဲ့၊ ပုဂ္ဂိုလ်,သတ္တဝါ,အတ္တ,ဇီဝ,သရီရ, မပါတာအမှန်မို့၊ မနဓါတ်, မနောဒွါရာဝဇ္ဇန်းက (ဝါ) ပဉ္စဒွါရာဝဇ္ဇန်းက လာမမှီသမျှ၊ အဌကလာပကနေ၊ ပသာဒ, ဇီဝိတရုပ်တို့နဲ့ ကြည့်ပြနိုင်ကြပေမဲ့ ကြားသိစိတ်စသည်တို့ မပေါ်လာနိုင်ပါဘူး။ ကဗျာကသိလာမှီပေမဲ့လဲ- သဒ္ဒအသံက၊ ဝိဝရ= အပေါက်အကြား အာကာသသဘောသွားနဲ့ မပေါင်းဆုံရရင်လဲ ကြားကောင်းတဲ့၊ (ဝါ) ကြားသိတဲ့ သောတဝိညာဏဓါတ်,ဖြစ်မလာနိုင်ပါဘူး၊ ဒီလို-အခိုင်အမာ,အကုံး,အလုံး, အခဲဆိုတာ၊ ဘယ်ဓါတ်ထဲမှာမှလဲမရှိ၊ အချင်းချင်းလဲ ကြည်ပြမယ်လို့ တိုင်ပင်ပြီး၊ အာဝဇ္ဇန်းကို လာမှီပါဗျလို့လဲ မခေါ်နိုင်၊ သဒ္ဒါရုံကိုလဲ လာစုံစမ်းပါလို့ မကမ်းလှမ်းနိုင်ဘဲ၊ ကံအသိုင်းအဝိုင်း,စိတ်နာမ်,ဉတ် ကိုင်းလျက်၊ ဉတုတိုင်းပြည်မှာ၊ အာဟာရထောက်ပံ့ စုံညီပါသဖြင့်၊ ကလာပ်စီး လေးစား-ရုပ်တရားများတို့နှင့် စိတ်နာမ်မှာ စေတသိက် နာမ်အဆိုး- တဏှာ, မာန,ဒိဋ္ဌိ,စိုးမိုးခံရလို့သာ၊ ငါ-ငါ့ဉစ္စာ- ငါမှငါလို့၊ အလွဲတမူ စွဲယူကာ-မြင်,ကြား,နံ,စား, တွေ့ထိ,သိမှု ဓါတ်အစုအထိ ဖြစ်ရှိကြရတာပါ။

ဤသို့နှင့်နှင့်၊ ဓါတ်တဆယ့်ရှစ်အင်၊ပေါ်သမျှသဘောတွေမှာ၊အတွင်းအာယာကန- ဒွါရ- ဣန္ဒြေဘက်ကို ကြည့်ကြည့်၊ အပြင်, အာယတန-အာရုံ-ဂေါစရအဖုံဖုံကိုဘဲကြည့်ကြည့်၊ ပုဂ္ဂိုလ်,သတ္တဝါ,အသက်, ဇီဝ, အကုံး, အလုံး, အခဲ- အထည်,ဒြပ်,သဏ္ဌာန်ရှာမရ၊ စက္ခုဓါတ်ဘက်မှာ ရုပ်ဖြစ်ပျက်နှင့် နာမ်မှီချက်ဘွင်၊ ရုပ်သက်က ဥပါဒ်ခဏ-၁၊ ဌီခဏ-၄၉၊ ဘင်ခဏ-၁,နှင့်၊ နာမ်သက်က ဥပါဒ်-၁၊ ဌီ-၁၊ ဘင်-၁,အားဖြင့်၊ ခဏငယ် ၅၁-ချက်၊ စိတ္တုပ္ပါဒ်

၁၇-ချက်ဝယ်၊ ရုပ်ဥပါဒ်-၁,ဋ္ဌ၊ နာမ်ဥပါဒ်-၁၊ ရုပ်ဋ္ဌီ-၄၉,ဋ္ဌ၊ နာမ်ဋ္ဌီ-ဘင်-
၂,ချက်နဲ့၊ ဥပါဒ်,ဋ္ဌီ,ဘင်,ပေါင်းက- ၄၅-အပြင်၊ ဥပါဒ်,ဋ္ဌီ-ချက်အထိ၊ ရုပ်ဋ္ဌီ
၄၉,ချက်မှာ ယှဉ်ပြုပြီး၊ ပျက်ကြတော့-ဘင်ခဏ ၁,ချက်စီတူမျှ၍၊ ဖြစ်ချုပ်
ကြပုံကိုကြည့်ပါက၊ အခံဓါတ်ဘက်ကလဲမမြဲ၊ အတိုက်ဓါတ်ကလဲ- မတည်၊
အပေါ်ဓါတ် အကျိုးဝိညာဏ်,အလီလီကလဲ တခဲနက်ချုပ်ပျက်မို့၊ အဲဒီ- ခဏ
အယာမ်တွေကို သာဝကဉာဏ်နဲ့ပင် ဘမ်းလို့ မရနိုင်ဘဲ၊ သဗ္ဗညုတဉာဏ်တော်မှ
ဖေါ်ပြခဲ့သည့်အတိုင်း၊မှတ်ပိုင်းယုံကြည်စရာ, ဓါတ်တိုင်းစုံညီလာပြီဆိုရင်တော့၊
ကုန်သည်-ပျောက်သည်-ကျန်သည်- ချုန်သည်- သွားသည် ရောက်သည်လို့၊
ဖြစ်လို့- ပျက်ပြီးနောက်မှာလဲ ရှာစရာ ကာလဌာန မရှိ၊ မဖြစ်ခင်ကလည်း-
လာစရာ, ဌာန ကာလ, အစုအပုံကရယ်လို့လဲ ပြစရာမရှိ။ မရှိဥစ္ဆေဒလို ပြတ်
သွားပြီလို့လဲ ဆိုလို့မရ၊ အရှိသဿတလို-တည်နေကြပါတယ်လို့လဲ မရ၊ မရှိ
ဘူးပြတ်ပြီဆိုရင်မှား=ရှိတယ်အတည်ဆိုရင်မှား၊ မရှိဘူးဆိုရင်မှန်-ရှိတယ်ဆိုရင်
လဲမှန်၊ သဿတ-ဥစ္ဆေဒ,နှစ်တန်မှလွတ်လျက်၊ပုဂ္ဂိုလ်,သတ္တဝါမကပ်=အဘာဝ
ပညတ်မှလဲလွတ်ကင်းခါ၊ ဇွတ်ဆင်း၍ ဖြစ်ပျက်နေရတယ်ဆိုတဲ့-သဘာဝထဲမှာ၊
သင်္ခတပရမတ္ထတရားတို့သာ-သင်္ခါရအခင်းထဲဝင်လျက်၊ကံ၏သတ္တိ စိတ်၏အလို၊
ပင်ကိုယ်,ဥတု၊ ပြုစုအာဟာရ၊ ကြောင်းလေးဝကြောင့်၊ နဒီရေယာဉ်- ဆီမီး
အသွင်လို၊ သဿတလည်း မမည်၊ ဥစ္ဆေဒလည်းမဟုတ်၊ သဘာဝသရုပ်- ဓါတ်
ဆောင်လို့ အမည်သမုတ်ရတဲ့၊ ဤဒုက္ခသစ္စာသက်သက်- ဆင်းရဲခြင်းအမှန်၊
"သုဒ္ဓသင်္ခါရ ပုဉ္ဇော ဧဝ" ကေန္တကို၊(ဝါ) သုဒ္ဓ=တစုံတရာ ပုဂ္ဂိုလ်,သတ္တဝါ,
ချမ်းသာမဘက်၊ သဿတ, ဥစ္ဆေဒါ- သက္ကာယာ-အတ္တဒိဋ္ဌိငါတို့မှ စင်ကြယ်
လျက်၊ သင်္ခါရပုဉ္ဇော ဧဝ= အကြောင်းလေးရပ် ပြုပြင်အပ်သည့်- ရုပ်ဓါတ်,
နာမ်ဓါတ်,ဖြစ်ပျက်မရပ်တဲ့-သင်္ခါရ ဧကန္တကို၊ ပရိဇာနာတိ=အဖန်ဖန် ပညာ
ဉာဏ်နဲ့သိပြီး၊ အဘိညာယ= ထူးမြတ်သောဖေါက်ထွင်းမှုနဲ့ ဉာဏ်ဖြစ်အောင်
ကြည့်ရှုကြရပါသည်။

ထိုသို့ အာယတန,တွင်း,ပြင်-ဓါတ်အခင်းဝင်ရာဝယ်၊သညာဝိပလ္လာသ
တွယ်ပုံကို ခွါချနိုင်ပြီးလျှင်၊ ဘယ်က,စရမှာလဲဆိုတော့၊ ဒိဋ္ဌံ-မြင်ခြင်းအပေါင်း
ကိုဆိုတဲ့- အတွင်း အာယတနဓါတ်တွေမှာရော၊ မြင်ခြင်းအပေါင်းမှ ဆိုတဲ့-
အပြင်,အာယတန-ဓါတ်တွေမှာရော၊ ဝိပါက်ကာလတစိပ်ဆိုတဲ့၊ မြင်,ကြား,
အစရှိသည့် ပဉ္စဝိညာဏ်စိတ်ကစပြီး၊ (ဝါ) အာရုံကို အာရုံအတိုင်းသိတဲ့၊ စက္ခု
သမ္ဖဿ-ဝိပါက်ကာလတစိပ် မြင်သိစိတ်ကလေးကစပြီး၊ ပရိညာတဗ္ဗ- ဉာဏ်နဲ့
ဝေဘန်ပိုင်းခြားမိအောင်, သတိ- ပညာရှေ့ဆောင်ခါ၊ ရှုမှတ်ပေးရပါမည်။

သို့မှသာလျှင်၊ မေတိ– ဇောကာလ– မြင်ကြားခြင်းအစရှိတဲ့၊ မနောသမ္ဗဿ– မနောဝိညာဏ်စိတ်အတွင်းမှာ၊အဘိဇာနာတိနဲ့ ရှေးဦးစွာမြင်ခြင်းကိုအကြောင်း စုံ၍ ပေါင်းဆုံပေါ်မှု မြင်ကာမျှမတ္တသာဟု ပိုင်းခြားသိပြီးလျှင်၊အဘိညာယ– မြင်ကောင်းကာမျှ အကြောင်းအပေါင်းစုအနေ ဖြစ်ပေါ်ပေမဲ့၊ မသေ့အနိစ္စ– ခဏတ္တယဟု သိရင်ပျက်ဆဲ၊ ရှုစိတ်မမြဲ– ရုပ်မမြဲပုံကို ထိုးထွင်းဉာဏ်ဟုန် သက်ဝင် လျက်၊ မာဘိနန္ဒတိ–မနှစ်သက်မိသည်ဖြစ်၍၊ ရာဂဂိုမီး-စွဲလောင်ပြီး မခံရတော့ ဘဲ၊ တက္ကနက်ပါမဲ့–ကိလေသာတွေကိုပါ၊ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ရောင်မီးနှင့် ဖုတ်မြိုက် ပူလောင်– ခမ်းခြောက်သွားအောင် သက်ဝင်ရောက်နိုင်မှာ ဖြစ်ပါ တော့သည်။

အဲဒီလို= မြတ်စွာဘုရားသခင် ဟောကြားတော်မူတဲ့အတိုင်း၊ ရာဂ, မကပ်မငြိ– မနှစ်သက်မိအောင် ဖြစ်ရှိဘို့ရန်မှာ၊ အဘိဇာနာတိနဲ့ အဘိညာယ ဉာဏ်နှစ်ဖြာရှိမှသာ ပြည့်စုံနိုင်မှာ ဖြစ်ပါတယ်၊ အထက်ပါ–ပြဆိုခဲ့သည့်အတိုင်း ဓါတ် (၁၈)ပါးမှာ ဉာဏ်လှိုင်းမိဘို့ဆိုတာ၊ တပည့်တော်တို့မှာ ခဲယဉ်းပါ တယ်၊ ဣန္ဒြိယသံဝရသီလထက်ကဲပြီး၊ ပညာဉာဏ်နဲ့ မပြတ်မစဲရှုဘို့ရာ သိပ်မလွယ် ပါကလားလို့၊ အဲဒီလိုလဲ– အထင်လွဲပြီး ခက်ခဲမနေကြပါနှင့် ယောဂီအစစ်, ဘိက္ခုအဖြစ်ဝင် သေက္ခပုဂ္ဂိုလ်တန်းကို ဝင်ရောက်ရပ်တည်နိုင်ရင်တော့၊ လွယ် လွယ်နဲ့ ရာဂဟုန်က ထွက်မြောက်နိုင်ကုန်မှာ အမှန်ပါ။ ယခု- ပြသပေးနေ တာ– အစ, အလယ်, အဆုံး, သုံးပိုင်းလုံးမှာ၊ အစပြီးခဲ့လို့- အလယ်မှာဘဲ ရှိပါသေးတယ်၊ တချို့– အခက်ကလေးတွေကို လွယ်သွားအောင်လဲ၊ ဆက်ပြ ပေးပါအုံးမယ်၊ ဦးဇင်းတို့– ဒီတရားတွေကို သင်တန်းမှာဆိုရင် အတော်ကလေး စိပ်ပြတော့၊ တချို့ယောဂီတွေက ပြောကြတယ်၊ အရှင်ဘုရားတရားက မြင့် လွန်းပါတယ်၊ အနာဂါမ်သွားဟောဘို့ ကောင်းပါတယ်လို့တောင် မှတ်ချက် အပေးခံရဘူးခဲ့ပါတယ်၊ ဒီတော့– ပဌမပိုင်းအစကနေ ဒုတိယပိုင်းထဲအထိမှာ အစရိုးစေပြီး၊ ထစ,တစ, တိုးပေးလာခဲ့ပါတယ်၊ ကြိုးစားပြီး ဆည်းပူးရယူပါ၊ မသိလို့ သင်ရတာပါ၊ မသိသေးလို့ ခက်တယ်ထင်နေတာပါ၊ သိအောင်, အထပ်ထပ် စိတ်ပါ, လက်ပါ, ဆည်းပူးပေးပါ။

အထက်က= ပြောခဲ့တဲ့ ဝိပါက်ကာလ- မြင်ဆဲ,ကြားဆဲ,ခဏစသည်မှာ လေ့ကျင့်နှလုံးသွင်း ပွားစကတော့၊ တခါထဲ– လွယ်လွယ်ကူကူနဲ့တော့ ရမသွား နိုင်ဘူးပေါ့၊ မနောဒွါရာဝဇ္ဇန်း, ဆင်ခြင်ခဏ်းထဲမှာ၊ ယောနိသော မနသီကာ ရနဲ့ သတိကို ရှေ့တန်းတင်ပြီး၊ မချိပ်နိုင်သေးခင်မှာ၊ မြင်တာနဲ့, ကြားတာနဲ့,

ငါမြင်, ငါကြားဖြစ်နေတတ်သေးတာပေါ့၊ ဒါပေမဲ့- ကြာကြာ,အလွန်မခံဘဲ သိမ်းဆည်း နိုင်အောင်ဆိုတဲ့ သဘောကတော့၊ ယခု- စာပေကို မျက်စေ့နဲ့ ကြည့်၊ ဉာတပရိညာနဲ့ ပိုင်းခြားသိတဲ့ အပေါ်မှာ- အဇ္ဈတ္တယောနိသော မနသိကာရနဲ့ တီရဏပရိညာဖြစ်အောင် စိန္တာမယဉာဏ်နဲ့ လေ့ကျင့်ပေးရပါမယ်။ အဲဒီလို- တစ,တစ, လေ့ကျင့်ပေးလာရင်၊ ကျွမ်းကျင်လိမ္မာလာမှာပါဘဲ၊ အခံဓါတ်, အတိုက်ဓါတ်တွေ ပေါင်းဆုံပြီး အပေါ်ဓါတ် သိဝိညာဏ်တွေ ဖြစ်ပေါ်လာတတ်တာကို၊ သတိ, ပညာကပ်ပါတဲ့- မနသိကာရဝိစိ- နှလုံးသွင်းမှု အစီအစဉ်ကို တမင်ကြံတွေးဖေါ်ပေးနေစရာ မလိုတော့ဘဲ၊ ရှေ့ပြေးအဖြစ်နဲ့- အခံဓါတ်, အတိုက်ဓါတ်တွေပေါ်မှာ ဦးစီးမိသွားပါလိမ့်မယ်၊ ဘယ်လို ဦးစီးမိသွားရ မှာဘဲဆိုတော့၊ (၁) ပုဂ္ဂိုလ်, သတ္တဝါ, ငါမြင်ကို စွန့်လွှတ်ခြင်း၊ (၂) အရောင်အသွေး, သဏ္ဍာန်ဃနထွေးကို စွန့်လွှတ်ခြင်း၊ (၃) ဆုံရပ်, ပေါ်နာမ်, သဏ္ဍာန်- သန္တတိ- နိစ္စနိမိတ်မရှိဟု စွန့်လွှတ်ခြင်း၊ အဲဒီ- ဉာဏ်သုံးချက်ဖြစ်ပြီး၊ သမ္မာဒိဋ္ဌိပညာဉာဏ်က ဦးစီးမိသွားစေရပါမယ်၊ အဲဒီလို- ဖြစ်ရှိလာရေး၊ သတိ,ပညာ အစဉ်ပါဘို့ရာကို မနသိကရောန္တဿလဲ လုပ်မထား၊ ဗဟုလီကတဿလဲ မရှိခြားဘူးဆိုရင်တော့၊ ဘာဝေန္တဿ= သမ္မာဒိဋ္ဌိဉာဏ်နဲ့ အဘိဇာနာတိ- အဘိညာယတို့ ဘယ်လိုမှ လျှင်မြန်စွာ ပေါ်ထွက်လာနိုင်မှာ မဟုတ်ပါဘူး၊ သေက္ခပုဂ္ဂိုလ်တန်းကို မဝင်သေးရင် အတော်ကလေး စိမ်းနေမှာမို့၊ ခက်သေးတယ်, ခက်လှတယ်လို့ ထင်တတ်ပါတယ်၊ အဲဒီ- အထင် ပျောက်အောင် အထက်ကကဲ့သို့၊ ဘာဝေန္တဿ သဘော မဆောင်နိုင်ခင်မှာ၊ ဒွါရနှင့် အာရုံစုံညီစွာ မသက်ဝင်ခင်ကပင် သာမည ပစ္စဝေက္ခဏာ အယာဉ်သဘောနဲ့ မနသိကရောန္တဿ- ဗဟုလီကတဿ အားဖြင့်၊ အလွှတ်မဲ့မှာကို တင်ကြိုလေ့ကျင့်ပေးရပါမယ်၊ နောက်မှ- မိမိအခံဓါတ်ဘက်၌ ပို၍ ကျွမ်းကျင်လိမ္မာသလား?၊ အတိုက်ဘက်၌ ပို၍ ကျွမ်းကျင်လိမ္မာသလား?၊ စမ်းသပ်သော်အားဖြင့်၊ ဒွါရ- အာရုံတွေဆုံကြည့်ပြီးလျှင်၊ မနသိကရောန္တဿမှ- ဘာဝေန္တဿအထိ ရရှိအောင် တစ, တစ, လေ့ကျင့်ပေးပါက၊ တဘက်ဘက်ကို အလေးသာလျှင် ဆက်မလိုက်ဘဲ၊ ကျန်တဘက်ကို ညီမျှအောင် ပိုမို ရှေ့ရှုလေ့ကျင့်ပေးပါ၊ ဥပမာ= စက္ခုနှင့် ရူပါရုံတွင် ရူပါရုံဘက်၌ အလေးသာပြီး၊ သောတနှင့် သဒ္ဒကျတော့ သောတဘက်ကို အလေးသာနေမှုမျိုး စသည်ဖြင့် ပြောင်းပြန် တလှည့်စီလဲ ဖြစ်၍ နေတတ်ပါသည်။ အပြင်- အာရုံတို့၌သာ ခြောက်ဒွါရစလုံး အလေးသာနေတတ်လျှင် ဓါတ်ကို သိမ်းဆည်းရာ မကျဘဲ၊ ရုပ်ကိုသာ သိမ်းဆည်းရာ ကျနေတတ်ပါသည်။ (ဝါ) နာမ်ကို သိမ်းဆည်းရာ မကျဘဲ၊ ရုပ်ကို သိမ်းဆည်း

ရာသာ ဖြစ်နေတတ်ပါသည်။ အတွင်းဘက်ကို အလုံးစုံအလေးသာနေပြန်ရင်လဲ
ပသာဒဘက် သက်သက်ကိုသာ သိမ်းဆည်းရာ ကျပါသည်။ ထိုအတွင်းဘက်ကို
အလေးသာခြင်းသည်၊ ရုပ်ကို သိမ်းဆည်းရာမှ နာမ်ကိုပါ သိမ်းဆည်းရာ ကျ
အောင် လျှင်မြန်သော အထောက်အပံ့ကို ရစေနိုင်ပါသည်။ အပြင်အာရုံ၌သာ
လွန်ကဲစွာ အလေးသာနေပါက၊ ကျိုးပေါက်လွယ်ခြင်းနှင့် နာမ်ကို သိမ်းဆည်း
နိုင်ခြင်းမှလည်း ကွာဝေးနေတတ်ပါသည်။ ဒီတော့- အလေးသာတတ်ချင်း
တူပါလျှင်၊ အပြင်အာရုံ၌ ကျွမ်းကျင်လိမ္မာမှုနှင့် ပြုရလွယ်ရုံမျှမက၊ အတွင်း
အာယတန ဓါတ်၌ ပိုမိုအလေးသာအောင် စူးစိုက်လေ့ကျင့်ပေးသင့်ပါသည်။
ဤသို့-တစ တစ ဖြင့် အပြင်အာရုံတို့၌ ကျွမ်းကျင်လိမ္မာပြီး၊အတွင်း ရုပ်ဓါတ်
နာမ်ဓါတ်၌သာ စူးစိုက်လေ့ကျင့်လျက်၊ အဆက်မပြတ် ဦးစားပေး ရှေ့ရှု
လေ့ကျင့်ပေးပါ။ တဖြေးဖြေး–ရင့်ကျက်တဲ့ သတိန္ဒြေနဲ့–ပညိန္ဒြေကို ရရှိပါလိမ့်
မယ်။ ရရှိမယ်လို့လဲ ယုံကြည်ပြီး ဆုံးဖြတ်တဲ့–သဒ္ဓိန္ဒြေရှိပါမှလဲ ပြည့်စုံနိုင်ပါ
တယ်၊ မြတ်ဘုရားတရားတော်အပေါ်မှာ မယုံတဝက်– ယုံတဝက်အဖြစ်မျိုးနဲ့
ဆိုရင်၊ စတင်ဘို့လဲ အလှမ်းဝေးနေတတ်ပါတယ်။ဒါကြောင့် ယုံယုံကြည်ကြည်
နဲ့–ဝီရိယိန္ဒြေဖြစ်အောင်, ရှိအောင်- ကြိုးစားပေးရပါမယ်။ယောနိသော မနသိ
ကာရနဲ့ သတိကို ရှေ့တန်းတင်ပြီး ဖြစ်စေရအောင်လဲ သဒ္ဓါနဲ့ ပညာသည်-
ကပ်လျက်ပါရှိဘို့လဲအရေးကြီးပါတယ်၊ အဲဒီ–အရေးကြီးတဲ့ သဒ္ဓါ,ပညာရယ်၊
ရှေ့တန်းကရပ်ရမဲ့ သတိရယ်။ မိမိပညာကို သိရုံတွင်မက အတတ်ပညာ- အရှိ
ပညာ–အရပညာအထိဖြစ်ဘို့ ကြိုးစားတဲ့ ဝီရိယကိုလဲ တည်တည်ကြည်ကြည်-
ခိုင်ခံ့မြဲမြံစွာ–သမာဓိန္ဒြေနဲ့ အညီ၊ ကြိုးစားမယုတ်– လေ့ကျင့်ခြင်း, ပွားများ
ခြင်း, အစဉ်အားထုတ်ပေးပါလျှင်၊ အခက်ထင်တဲ့ (ဝါ) ခက်ခဲမယ်လို့မူလက
အထင်အစွဲဖြစ်ခဲ့တဲ့–အယောနိသော မနသိကာရနဲ့တကွ၊ သဒ္ဓါကို နှိပ်စက်တတ်
သည့် တဏှာ၊ သတိကို နှိပ်စက်တတ်သည့် မုဋ္ဌသစ္စ၊ ဝီရိယကို နှိပ်စက်တတ်
သည့် ကောသဇ္ဇ–သမာဓိကို နှိပ်စက်တတ်သည့် ဝိက္ခေပ၊ ပညာကို နှိပ်စက်တတ်
သည့် သမ္မောဟတို့ကိုပါ၊ အစိုးတရအောင်မြင်စွာရရှိဘို့သေချာပါတယ်။ဒီတော့
မြတ်သောယောဂီ=ရာဂမကုန်တဲ့–ကာမဘုံမယ်၊ ရာဂကုန်အောင်–ကာမဘုံက
ထဲနေပြီး၊ ဘုရားသာသနာနဲ့တွေ့တုံး-တရားဂုဏ်နဲ့အညီ၊ ရာဂကုန်သည်အထိ
လုပ်ပယ်ရပါမယ်၊ ရာဂကုန်တဲ့ ဘုံထဲရောက်မှ လုပ်ရ, ပွားရမှာ မဟုတ်ပါဘူး။
ဒါကြောင့်- အနာဂါမ်ကို သွားဟောပြရမဲ့တရားမဟုတ်ဘဲ၊ ကာမဘုံထဲက
သေက္ခပုထုဇဉ်တွေကစပြီး၊ ရာဂပြတ်ငြားရအောင်, စောစောပိုင်းက ပညာသိ
အနေ ဖြတ်ချေရမဲ့ တရားတွေကို ပြခဲ့ပြီ၊ ယခု မနသိကရောန္တဿ- နှလုံးသွင်း

အပ်ပုံ၊ ဗဟုလီ ကတသာ– ကြိမ်ဖန်များစွာ လေ့ကျင့်ရပုံ၊ ဘာဝနာ္တသာ– ဌာန္တြ အမြတ်တွင်မက– ဗိုလ်နှင့်ယှဉ်တဲ့–ဉာဏ်အမြတ်ရရှိရေးကို မပွား, ပွားအောင်– ကျင့်ဆောင်ပုံတို့ကို ပြဆိုပေးနေခြင်း ဖြစ်ပါသည်။

ထိုမှတဆင့်–ရှေ့ကိုမြင့်၍၊ အသိပညာမှ အတတ်ပညာအထိ ရင့်ပြီးလျှင်၊ အရှိပညာ–အရိယာသေက္ခ သူတော်စွာတို့၏တည်ရာ၌၊ မြင်လေ့,ရှုလေ့ရှိခြင်းနှင့် လိမ္မာခြင်း, ပယ်သတ်နိုင်ခြင်း အခင်းသို့ ရောက်စေခြင်းငှါ၊ သိသင့်,လေ့ကျင့်, ပွားများသင့်၍၊ ပယ်ခွင့်ရအောင် ထပ်ဆင့် ပြဆိုပေးပါဦးမည်။

ဒီတော့= ဓါတ်ဆိုတာ ဘာခေါ်လို့ ဘယ်လိုပေါ်တတ်ဆိုတာ သိခဲ့ ရပါပြီ။ ဌာန္တြတွယ်၍ ဗိုလ်နယ်ဝင်အောင်၊ ဘယ်လိုစင်ကြယ်စွာ လေ့ကျင့် ပွားရှုရမယ်ဆိုတာလဲ ရခဲ့ပါပြီ။ ဒါပေမဲ့– အာယတနမှ ပေါ်ထွက်သည့် ဓါတ် ဌာန္တြအချက်ကလေးကို နက်လေးစွာ သိရှိစေရန်မှာ၊ စက္ခုအစရှိသော(၁၈) ရပ်သော ဓါတ်တို့သည် ကိုယ်ပိုင်စွမ်းအင်, တပါးချင်းလျှင်မှု၊ သခ်ါရစာရင်း, ထူနိုင်ခြင်း မရှိကြပါပေ။ ကိုယ်ပိုင်ရေတွက် ဓါတ်သတ္တိအချက်မှ သဟဝုတ္တိက, တကွဖြစ်ဘက် ပေါင်းစုချက်တွင် ဖြည့်စွက်ပစ္စယ၊ ဥပတ္ထမ္ဘကနှင့် ပရိက္ခရာခြံရံ ပြုလာသည့်၊ အကြောင်းကြီး, အကြောင်းနီး၊ အကြောင်းသေး, အကြောင်း ဝေး၊ မူလ, မူလီ– စုံညီကြမှသာ၊ ဓါတ်တဆယ့်ရှစ်ဖုံ အစုံစုံတို့သည်၊ သခ်ါရ လောကဟုန်အဖြစ်သို့ သက်ဝင်နိုင်ကြခြင်း ဖြစ်ပါသည်။ ဒီသဘောကို အသိ စော, လွယ်ကူစေရန် ဇယားကလေးနှင့် တဖန် ရှင်းပြထားပါတယ်၊

"ထိုသို့– သက်ဆင်း၊ ဝိပါက်ခင်းနှင့်၊ မလွင်းဒုက္ခ၊ ကြုံနေရသည့်၊ ရှစ်ဝတဆယ်၊ ဓါတ်သွယ်သွယ်ကို၊ ခင်တွယ်နှစ်သက်၊ မစွန့်ရက်က၊ အခက်သံ သာ၊ ဝဋ္ဋကြမ္မာသည်၊ ဘယ်ခါမဆုံး၊ ဒုက္ခ ဖုံး၍၊ ချယ်မှုန်း အပါယ်၊ ဆင်းရဲ နယ်ဝယ်၊ တသွယ်ကာမ၊ အရူပနှင့်၊ ရူပမကြွင်း၊ သက်ဝင်ဆင်းခါ၊ အညှဉ်း ခံရ၊ ငြင်းမရသည့်၊ ဒုက္ခတံထွာ၊ လွန်ရှည်ကြာကို၊ ဉာဏ်မှာဖွေစစ်၊ ရှာဖွေ လစ်က၊ ပျက်,ဖြစ် မျိုးစုံ၊ ရုပ်, နာမ်ဘုံငယ်၊ ခိုလှုံသော်အား၊ မရငြားသည်၊ ဓါတ်သားစင်စစ်– အနိစ္စအဖြစ်၊ ဒုက္ခစိန်စစ်–အနတ္တ, အညစ်သာပါတကား။"

"အနိစ္စအဖြစ်၊ ကံအညစ်နှင့်၊ အသစ်တဖန်၊ ဆက်လေပြန်ကြောင့်၊ တရံမလပ်၊ လဒစပ်ပွား၊ မရပ်နားသည့်၊ ဖြစ်ပွားပျက်ဆင့်၊ ဒုက္ခဝင့်လည်း၊ စိုးခွင့်မပိုင်၊ မပယ်နိုင်ဘဲ၊ မဆိုင်အတ္တာ၊ နှစ်ဗလာမို့၊ လိုရာမလိုက်၊ ဓါတ် အခိုက်သာ၊ မကြိုက်လဲဖြစ်၊ ကြိုက်လဲဖြစ်နှင့်၊ မပျက်ချင်ပျက်၊ ပျက်ချင်ပျက်ခါ၊

မလွှဲသာဘဲ၊ ဒုက္ခာ ဆင်းရဲ၊ ဝဋ်လျှင် မြဲသည်၊ မစဲ ကြမ္မာ– ငြီးငွေ့ စရာပါတကား....။"

ဤသို့– ရုပ်ဓါတ်, နာမ်ဓါတ်, ဝိညာဏ်ဓါတ်တို့ကို၊ ဇယားနှင့်တကွ၊ အကြောင်းပစ္စယတို့ကြောင့်သာ၊ ပေါင်းဆုံခဏ– ဝိပါက်ကာလနှင့်၊ ဇောကာလ,နှစ်လီကို၊ သတိ, ပညာနှင့် တည်ကြည်စွာ, သုံးသပ်ကြည့်ပါက၊ အဒ္ဓုဝ– အသဿတ– အသာရ– အနိဿရဏ– အစစ်၊ နိစ္စ, သုခ, သုဘ, အတ္တလည်း မဖြစ်ပါသဖြင့်၊ နှစ်သက်စရာတစ်, အဘိနန္ဒတိ– အဘယ်မှာလျှင် ရှိနိုင်ပါတော့အံ့နည်း။ စင်စစ်ဝတ– အဝိဇ္ဇာ, တဏှာ, ဒွေးမူလနှင့် မွေးမြူလာကြသည့်၊ သမုဒယစွမ်းအင်ကြောင့်သာ၊ ဝိညာဏ်မူနှင့် နာမ်တွေကို စု= ရုပ်တွေကို ပြုစုလျက်၊ သခ်တပရမတ်, သဘောမျှ ဆတ်ဆတ်ကို– သခ်ါရဇာတ် အတောမသတ်အောင်၊ ကံနှင့် ကိလေသာ တိခ္ခေကာ ဝဋ်ကိုပြီးစေပါသဖြင့်၊ ဆယ့်တမီး လောင်စရာ၊ (ဝါ) လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီးတို့ လောင်စရာ, အကောင်သတ္တဝါမပါ၊ ရုပ်ဓါတ်, နာမ်ဓါတ်, ဒုက္ခသစ္စာရုပ် အမှန်– ခုဝတ္တမာန်တွင်၊ တဆယ့်ရှစ်တန်– ဓါတ်တို့ ဖြစ်ပျက်ဟန်ကို ဉာဏ်နှင့်သတိ, မြင်အောင်ကြည့်က၊ မငြီးငွေ့စရာ, မရှိအပ်ရာတော့ပါ၊ အဲဒီ– ဓါတ်အစု– ဘဝတခု လောင်စာစုတို့၊ (ဝါ) အဖြစ်တခု, လောင်စာစုတို့ ကံမှုကုန်ဆုံးပျက်ခါပြုန်းရသည် ရှိသော်....

"အာယု ဥသ္မာစ ဝိညာဏံ၊ ယဒါကာယံ ဇဟန္တိမံ၊
အပဝိဒ္ဓေါ တံဒါသေတိ၊ နိရတ္ထံဝ ကလိင်္ဂရံ။" ။ (ပရမတ္ထသရူပ)

အာယုစ– ဇီဝိတိန္ဒြေ, ဓါတ်အခြေအနေသည်ငှင်း၊ ဥသ္မာစ–ကမ္မဇ တေဇော, ကိုယ်ငွေ့လို့ ပြောဆိုကြတဲ့၊ ပူသဘောသည်ငှင်း၊ ဝိညာဏံ– ဝိပါက်ဘဝင်, မနဓါတ်, ပဉ္စဝိညာဏဓါတ်နှင့် စေတသိက်နာမ်ဓါတ်, အရပ်ရပ်သည်ငှင်း၊ ယဒါ–အာယုက္ခယ, ဥဘယက္ခယ, ဥပစ္ဆေဒက, စသည်သေလေ့– တရွေ့ရွေ့မှာ၊ သေနေ့စေ့ရာ–အကြင်အခါ၌၊ ဣမံကာယံ– ရူပကာယ စုပေါင်းပြဆိုဤသည့်ကိုယ်ကို၊ဇဟန္တိ– စွန့်ခွါပယ်လတ်, အကြောင်းပြတ်သဖြင့် အရှင်းမကပ်, ချုပ်ဆုံးအပ်ကုန်၏၊တဒါ=ဇီဝိတိန္ဒြိယာ–ဥသ္မာနှင့်ဝိညာဏ်ကင်းကွာ–ထိုအခါ၌၊ နိရတ္ထံ– အကျိုးမရှိ, အသုံးမဝင်, စွန့်ပစ်ခြင်းလျှင် ထိုက်အပ်သည့် သဘောရှိသော၊ ကလိင်္ဂရံ– ထင်းနုပ်, ထင်းဖွဲ့ မှုန့်မှုန့်ကြဲသည်၊ အပဝိဒ္ဓ ဆိ္ဓိုတိ– မယူမလိုချင်၊ တောတွင်စွန့်လတ်, ပစ်ခဲ့အပ်သည်ဖြစ်၍၊ သေတိဣဝ– မြေမှာစင်း၍–

ဆွေးမြေ့ခြင်းသို့ ရောက်ရဘိသကဲ့သို့၊ အယံကာယော- ဤကိုယ်ခန္ဓာ, ပုပ်ပေါင်လာသည့် ကရဇကာယာသည်၊ အပဝိဒ္ဓေါဆိန္နတော- လူသူကင်းပြတ်, မြို့ရွာစွန်အရပ်၌ စွန့်ပစ်အပ်လိုက်ရသည်ဖြစ်၍၊ သုသာနဘူမိယံ- လွင်တီးခေါင်အောက်, တွင်းကို ဖေါက်၍၊ သွန်မှောက်မြှုပ်နှံ- မြေသုသာန်၌၊ သေတိ- ဆွေးမြေ့ကုန်ဆုံး- ဓါတ်အလုံးသည် သုဉ်းဆိတ်မသေ့, အိပ်ရချေတော့၏။

ဤသို့နှင့်နှင်- ဝိညာဏ်အစားစား, ဓါတ်ဖြစ်ပွား၍၊ ကံအားလျော်စွာ၊ ကင်းကွာပြန်သောအခါ၌၊ စုတိစိတ်၏ ဘင်ခဏတွင် ဝတ္တမာန်ကာလ သဝိညာဏကမှ- အဝိညာဏကအဖြစ်သို့၊ အဓိနာယက- အာရမ္မဏနှင့် ဇီဝိတရုပ်, မဟာဘုတ်တို့ပါ တလက်စသိမ်း, အကြောင်းသုံးပါးတိမ်းသဖြင့် ချုပ်ငြိမ်းကြရပြန်တော့သည်။ ထိုမှတလီ- ဝိညာဏ်ဓါတ်သည်ကား၊ စုတိဘင်အဆုံး၊ အကြောင်းလုံးလုံးမကင်းသဖြင့်၊ ပဋိသန္ဓိဝိညာဏ်, ဓါတ် တဖန်ဖြစ်၍၊ အသစ်ဆက်ခါ၊ ရုပ်ဓါတ်,နာမ်ဓါတ်,ပြန်မကွာရအောင်၊ ကံသာမူလ,ဖန်ဆင်းပြဘို့ ဘဝဝဋ်တွင်း သက်ခါ ဆင်းလျက်၊ တဆယ့်ရှစ်သင်း၊ ဓါတ်အခင်းကို စာရင်းပြန်ဖေါ်, ဝိပါက်ပေါ်၍၊ ဇောခေါ်ကာလ, ထိုခဏတွင်- ငါးအင်ခန္ဓာ, အာယတနာနှင့် တဖြာဓါတ်ချော- ဣန္ဒြေတို့ကို၊ တဏှာရေသွန်းလောင်းလျက်၊ စိုပြေကြောင်း ဖြစ်ရပြန်ပါတော့သည်။ ဤသို့ခိုမှီး- သံသရာခရီးကို ငြီးငွေ့သင့်ကြောင်း ထပ်လောင်း၍ ဆုံးမကြောင်းပြုတော်မူသည်မှာ....

ဝေံမေ အဓုဝါ အနိစ္စာ၊ သင်္ခါရာ ဗာလလာပနာ၊
နကာသစိ ဝသောဝတ္တာ၊ ဣဒ္ဓိမယာပိ ဝတ္တတိ၊
တေံဥတ္တာ ယထာဘူတံ၊ နိဗ္ဗေဒ သဗ္ဗ သင်္ခတံ။

ဝေံ- ဤသို့ အသီးသီး, ဆိုအပ်ခဲ့ပြီးသည့်အတိုင်း၊ ဣမေသင်္ခါရာ- ဤရုပ်ဓါတ်,နာမ်ဓါတ်,သင်္ခါရအရပ်ရပ်တို့သည်၊ အဓုဝါ- အကျိတ်အခဲ,အတည်, အစွဲမရှိကုန်၊ အနိစ္စာ- ရုပ်ကဖေါက်သွေ့, ကုဋေငါးထောင် အပျက်ဘောင်နှင့် နာမ်ကမငြိမ်း, ဖြစ်ပျက်ကိန်းသည့် တသိန်းကုဋေ, ဖြစ်ချုပ်ကွေကွဲ, နေဆဲမငြိ, အမြဲမရှိကြကုန်၊ ဗာလလာပနာ၊ အကျိတ်အခဲ, မြဲယောင်အလား၊ လူမိုက်များကို ဖျားယောင်းလှည့်ပတ်- ခိုင်မြဲအပ်၏ဟု ဆိုစေတတ်ကုန်၏၊ တတ္ထ- ထို ရုပ်ဓါတ်,နာမ်ဓါတ်,သင်္ခါရ အရပ်ရပ်တို့၌၊ ကဿစိ- ပုဂ္ဂလပညတ်, သမုတ်ရသည့် တစုံတယောက်မျှ၊ ဣဒ္ဓိမယာပိ- ကြံတိုင်းအောင်၊ ဆောင်တိုင်းလည်းမြောက်,

အဘိညာဉ်ပေါက်သည့် တန်ခိုးကြီးမား, ပုဂ္ဂိုလ်များသော်လည်း၊ ဝသော– အလိုအစွမ်း လိုက်စေခဏ်းသည်၊ နဝတ္တတိ– ဘယ်နည်းနှင့်မျှ– မရှိ, မဖြစ်နိုင်။ တော်– ဤသို့မမြဲ- ဆင်းရဲစွာလှ, စိုးမရသော- ရုပ်,နာမ်နှစ်ဝ– သင်္ခတ,သင်္ခါရ သဘောကို၊ ယထာဘူတံ– မဖေါက်မပြန် ဟုတ်မှန်သည့်အတိုင်း၊ ဉတွာ– သဉ္ဇာနာတိ– အစဉ်မိလျက်၊ ပဇာနာတိ– ပညာဉာဏ်နှင့်သိ၍၊ သဗ္ဗသင်္ခတံ-အကြောင်း ပြုမှ-'ပေါင်းစုရသည့် ဇီဝအတ္တာ, သုဉ်းဆိတ်ပါသော- အလုံးစုံသဗ္ဗ, ရုပ်နာမ် ဓမ္မ, သင်္ခါရမှန်သမျှကို၊ (၀ါ) ပြုပြင်စီရင်, အကြောင်းငင်မှ ပေါင်းယှဉ်ပေါ အပ်,အလုံးစုံသော- သင်္ခါအရပ်ရပ်ကို၊ နိဗ္ဗိန္ဒေ– စက်ဆုတ်ဘွယ်တွေ့,မြတ်ဓလေ့ ဖြင့်၊ အလွန်ပင် ငြီးငွေ့ သင့်လှပါပေတော့၏။

ဤသို့၊ အဘိနန္ဒတိ– နှစ်သက်ဘွယ်ရာ,တစုံတရာမရှိသည်ကို၊ ဇယားနှင့် တကွ- ဉာဏ်မြင်ရအောင်ကြည့်ကြ၍၊ စက်ဆုတ်ဘွယ်တွေ့, မြတ်ဓလေ့ဖြင့် ငြီး ငွေ့ခြင်းကို ရှုလေ့ရှိသော ယောဂီသူမြတ်အား၊ ဣန္ဒြိယ သံဝရသီလမျှမက၊ ဝိပဿနာဒသမ္မာဒိဋ္ဌိဉာဏ်ကို ရစေလျက်၊ မိမိရှုပွား–ပစ္စက္ခဉာဏ်အားဖြင့် ပွားများ ရရှိအပ်သောဉာဏ်ဘို့တွင် နိဗ္ဗိဒါဉာဏ်အမြင်ကို လွယ်ကူစွာ ပေါက်ရောက်နိုင် လျက်၊ သံဝေဂအရာ, မဆုတ်မနစ်ပါသော လုလ္လကို ချီးမြှောက်မှုအစဉ်ရရှိကာ ကျွတ်တန်းဝင်နိုင်သည်အထိ၊ (၀ါ)ဒုက္ခတို့၏ အဆုံးကိုပြုနိုင်သည်အထိ ကောင်း စွာ သက်ဝင် ရရှိနိုင်ပါသည်။

ဤ–အာယတန,ဓါတ်, ဣန္ဒြေတို့သည်၊ ရုပ်,နာမ် နှစ်စား ခန္ဓာငါးပါး အားဖြင့် ဖြစ်ရပ်မစဲ,ပျက်ရပ်မမြဲ၊ ဒလစပ်ထဲ ဖြစ်ပွားကြရာတွင် သက်ဝင်သော တရားစုဖြစ်ပါသည်၊ အာယတနကိုမူ= ရုပ်ကို အမှူးပြု၍ ပြဆိုပါသည်၊ ဓါတ် ကိုမူ၊ နာမ်ကို အမှူးပြု၍ ပြဆိုပါသည်။ ပါသည်။ ဣန္ဒြေကိုမူ–ရုပ်နာမ်နှစ်ပါး၊ အစိုးတရအားဖြင့် သက်ဝင်တတ်ပုံနှင့် လောကီဣန္ဒြေမှ–လောကုတ္တရာ, ဣန္ဒြေသို့ ကူးမြောက်ရန်ပြဆိုခြင်းဖြစ်ပါသည်၊သို့ပါ၍-အာယတနအမည်နှင့်ပြလျှင်လည်း ဓါတ်,ဣန္ဒြေအထိ ထိုက်သင့်သမျှ နားလည်စေသင့်ပါသည်။ ဓါတ်အနေနှင့် ပြလျှင်လည်း အာယတန, ဣန္ဒြေတို့ကိုပါ ပိုင်းခြားသိစရာ၊ သိနိုင်လာစေရပါ မည်၊ ဣန္ဒြေကို ပြပါမူလည်း အာယတနဓါတ်မှဆက်စပ်၍၊ လောကုတ္တရာဣန္ဒြေ အမြတ်ကို သက်ဝင်စေလိုပါသည်။ သက်ဝင်ရရှိကြောင်းထိုက်အောင် သိနား လည်သင့်၊ သိနားလည်စေရပါမည်။

ယခုအခါ၊ ဣန္ဒြိယ သံဝရသီလ,စောင့်စည်းပုံများကို အခြေခံ၍၊ ဣန္ဒြေ **အကျဉ်း သဘောအခင်းနှင့်** အာယတနဓါတ်, စာရင်းတို့ကို အသိဉာဏ်လင်း

ရအောင် ရှင်းလင်း၍ ပြဆိုပေးခဲ့ပါပြီ။ အာယတန, ဓါတ်, ဣန္ဒြေတရားတို့၌၊ အသုတ, အန္တပုထုဇဉ်တို့ကဲ့သို့၊ အဘိနန္ဒတိ– အစဉ်ငြိစရာမရှိသော သမ္မာဒိဋ္ဌိဉာဏ်ကို၊ ယခုလောက် ဆိုပါလျှင်၊ အစဉ်မငြိအောင် အတော်အသင့် ခွါနိုင်ခွင့်ကို ရရှိနိုင်လောက်ပါပြီ။ ထို့ကြောင့်၊ မာဘိနန္ဒတိ– မနှစ်သက်, မစွဲယူ- မစွဲလန်းနိုင်သော မနသိကရောန္တဿနှင့် ဗဟုလီကတဿ သဘောများကို အစဉ်မပြတ်, လေ့ကျက် စောင့်စည်းတော် မူပေးပါ- စောင့်စည်းတော် မူကြပါဟု၊ တိုက်တွန်းအပ်ပါသည်။ ထိုသို့- စောင့်စည်းရင်းမှ, ဉာဏ်တွေနှင့် ငြီးငွေ့လျက်၊ ဝိပဿနာ, ဘာဝနာ ဆက်နိုင်အောင်၊ သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်မှ အာယတန သဘောကိုမှီ၍၊ ဟောတော်မူချက်ကို ဆက်လက်, ဖေါ်ပြပေးပါမည်။ အာယတနဟု- ဆိုရသော်လည်း၊ အာယတနဝယ်- ဓါတ်ပေါ်ချက်ဝင်သည်အထိ ဉာဏ်ချက်မိအောင် သုံးသပ်ကြည့်ရှုတော်မူပါလေ။ ။

"စက္ခုံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံဒုက္ခံ တဒနတ္တာ၊ ယဒနတ္တာ တံ နေတံ မမ, နေသောဟမသ္မိ, နမေသော အတ္တာတိ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗန္တိ။"

ဘိက္ခဝေ–သံသရာရေးကို၊ ဘေးဟုရှုတတ်- ယောဂီသူမြတ်တို့၊ စက္ခုံ–စက္ခုသည်၊ (ဝါ) စက္ခုအစရှိသော စက္ခာယတန- သောတာယတန- ဇိဝှါယတန- ကာယာယတန- မနာယတနတို့နှင့်၊ ဗာဟိရာ,ယတနဖြစ်သော ရူပါယတန–သဒ္ဒါယတန–ဂန္ဓာယတန–ရသာယတန–ဖောဋ္ဌဗ္ဗာယတန–ဓမ္မာယတန တည်းဟူသော အတွင်း,အပြင်-အခံ,အတိုက်-လောင်မြိုက်တတ်ကုန်သည့် အာယတနတရားစုတို့သည်၊ အနိစ္စံ–အတည်အစွဲ-မြဲခြင်းကေန်၊ မဖြစ်မှန်သော-အနိစ္စမျိုးတို့သာတည်း၊ ယဒနိစ္စံ–အကြင်,ကေန်မမြဲ- ဖြစ်ခြင်းပျက်ခြင်းမှ မလွဲသော သဘောကြောင့်၊ တံ–ထိုဖြစ်ပျက်နှစ်တန်-အဖန်ဖန် ကြုံငြား၊ အာယတနတရားတို့သည်၊ ဒုက္ခံ–ဖြစ်လျှင်ပျက်မြဲ-ထပ်တလဲလဲနှင့် ဒွန်တွဲမပြတ် နှိပ်စက်အပ်သော ဆင်းရဲအမှု-ဒုက္ခအစုတို့သာတည်း။ ယံဒုက္ခံ–အကြင်, ဖြစ်ပျက်နှစ်တန်- နှိပ်စက်မှန်သည့် ကေန် ဆင်းရဲသောတရားသည်၊ တံ–ထိုဖြစ်ပျက်မဆုံး နှိပ်စက်လုံးကို အသုံးမချ- တားမြစ်၍ မရနိုင်သည်၏အဖြစ်ကြောင့်၊ အနတ္တာ–အနှစ်မပါ-လိုရာ မထင်, ငါလျှင်မဟုတ်၊ တမုဟုတ်,တခဏမျှ- အစိုးမရသည့်- အနတ္တတရားသာတည်း၊ ယဒိဒံ–ယင်းသို့ထင်ရှား- အနိစ္စ,ဒုက္ခ, အနတ္တတရားသာလျှင်- ကေန်ဖြစ်ငြားသော၊ တွင်း,ပ နှစ်ဌာန-အာယတန-တဆယ့်,နှစ်ပါးတို့ကို၊ တုမှေ–ယောဂီ

အစစ်,ဘိက္ခုအဖြစ်ဝင်- သင့်,သူတော်စင်တို့သည်၊ နေတံမမ-ငါ၏ဥစ္စာမဟုတ်ပါတကားဟု၊ (ဝါ) ငါဟုသမုတ်- အတ္တလုပ်၍ မရကောင်းသောကြောင့်၊ ငါပိုင်ဥစ္စာ မဟုတ်ပါသော အာယတနတရားတို့ပါတကားဟု၊နေသောဟမသို့-ငါမှငါလုပ်၊ ငါမဟုတ်ပါတကားဟု၊ (ဝါ) ငါဟုထောင်လွှား- ယောကျ်ား, မိန်းမအားဖြင့် စွဲဝင်တည်နေမရချေသော အာယတန တရားမျှပါတကားဟု၊ နမေသောအတ္တ-ငါ၏အတ္တ,မဟုတ်ပါတကားဟု၊ (ဝါ) သရီရကိုယ်ထည် ဇီဝ အသက်ရှိသည်ဟု ကိုယ်နှင့်အသက်- အရှိဘက်သို့၊ ငဲ့ကွက် စွဲဝင်စရာ ရှာမရပါသော အာယတနတရားမျှသာပါတကားဟု၊ ဝေမေတံ-ဤသို့ မှန်ကန်-နိစ္စံ, သုခံ,အတ္တံ,မဟုတ်၊သ,ကာယမျှဟု သမုတ်အပ်သည့်-အာယတနခေါ်ညောင်း-ရုပ်နာမ်အပေါင်း၌၊ ယထာဘူတံ- ဒေသကမှန်- သဗ္ဗညုတဉာဏ်မှ ကေန်ဖေါ်ညွှန်း- ဖြစ်ပျက်စွန်းကို၊ လွန်ခြင်းမရှိ- အတိဒုက္ခ- မုချအနတ္တ သဘောမျှသာ ဟုတ်မှန်သည့်အတိုင်း၊(ဝါ) ဟုတ်မှန်သည့်အတိုင်း ဆုတ်မဆိုင်းဘဲ၊ ဉာဏ်လှိုင်းဖြစ်ပေါ်၍ လာရအောင်၊ သမ္မပ္ပညာယ- ကောင်းစွာသတိ, ရှေ့သွားရှိသော သမ္မာဒိဋ္ဌိပညာဖြင့်၊ ဒဋ္ဌဗ္ဗန္တိ-အနိစ္စဉာဏ်-ဒုက္ခဉာဏ်- အနတ္တဉာဏ်နှင့် တဏှာ-မာန-ဒိဋ္ဌိကင်းကွာစွာ၊ ခန္ဓာအစဉ် အာယတနတရားတို့တွင် ဉာဏ်တွေ့နှင့်ငြီးငွေ့သွားအောင် ရှုမှတ်ပွားများကြကုန်ရာသတည်း။

ဤပါဠိတော်၏ အဓိပ္ပါယ်နက် ပြန်ဆိုချက်မျှနှင့်ပင် ဉာဏ်ချက်ထောက်မိနိုင်လောက်ပါပြီ။ အဲဒီလို-ခန္ဓာငါးခု၌-အာယတနအစုစုတို့ဖြင့်၊ ခြောက်ဒွါရ ခြောက်အာရုံ-တထုံထုံ မရပ်မနား-စိတ်ဝိဉာဏ်အစားစားဖြစ်ပွားနေရတာက၊ ဝိပါက်ဋ္ဌာနမှ ဝဋ်ရှိလိုက်နေတာသာ ဖြစ်ပါသည်။ အဲဒီ-အာယတန,ဓါတ်တွေ၊ မပြတ်မလပ်-ဖြစ်အပ်သည့်အထဲမှ၊မနောဒွါရ-ကာယဒွါရ-ဝစီဒွါရမှာ စေတနာသင်္ခါရတွေဖြစ်တော့၊ ကံလို့အမည်ရပြီး၊ အဲဒီ- ဒွါရသုံးခုက, ကံရှဲဋ္ဌာန၊ ကံရှဲဋ္ဌာနမှာ ကံတွေဘာလို့ဖြစ်ရသလဲဆိုတော့၊ ဝိပါက်ဋ္ဌာနမှာ ဝဋ်တွေအလိုက်ခံနေရလို့ဘဲ ဖြစ်တယ်။ ဘယ်လိုလိုက်သလဲ- ပုဂ္ဂိုလ်,သတ္တဝါမှာလိုက်တာလား?၊ ပုဂ္ဂိုလ်, သတ္တဝါက- လိုက်အောင် လုပ်တာလားလို့ ဆန်းစစ်ကြည့်ရင်၊ ပုဂ္ဂိုလ်, သတ္တဝါက လုံးဝမရှိလို့-ပုဂ္ဂိုလ်, သတ္တဝါ မှာလိုက်တာလဲ မဟုတ်၊ ပုဂ္ဂိုလ်, သတ္တဝါက လိုက်အောင်လုပ်နေတာလဲ မဟုတ်ပါဘဲ၊ ခန္ဓာအစု-ဝိပါကအကျိုးစုမှာ၊အာယတနစွဲသဖြင့် ဓါတ်အမြဲပေါ်ကာ၊ ဝိပါက်ဋ္ဌာနမှာ ကိလေသာဝဋ်နဲ့ ကမ္မဝဋ်အလိုက်ခံနေရတဲ့- ဒုက္ခသစ္စာသက်သက်မျှပါဘဲ၊ ဒီဝဋ်နှစ်ပါး- မရပ်မပြတ်တော့၊ ကံရဲ့ဋ္ဌာန-ဒွါရသုံးလီမှာ၊ အကုသိုလ်,ကုသိုလ်ကံတွေဟာ၊သိကုံး

သလို အစီအရီနဲ့ ဖြစ်ပြန်တော့၊ သမုဒယနဲ့ သမုဒယသစ္စာထိုက်တဲ့-ကမ္မဝဋ်ကိုလဲ မတားမြစ်နိုင်ဘဲ၊ ဇွတ်ဝင်ဖြစ်လိုက်ရသလို– အညှဉ်းဆဲခံရသဖြင့်၊ ဆင်းရဲအမှန် တရား ပြန်ရဘို့ မုချဖြစ်သလို၊ ဒုက္ခနဲ့ ဒုက္ခသမုဒယတွေကိုသာ ဆောင်နှင်းချေ နေတဲ့- အာယတန- ဓါတ်, တရားတွေ ပါကလားလို့- မှတ်မှတ်, သားသားနဲ့ ပိုင်းခြားဝေဘန်သိရင်....

မနှစ်သက်နိုင်, စက်ဆုတ်အပ်တဲ့-ကြောက်မက်ဘွယ်ဆင်းရဲပါကလားဟု တထစ်ချယုံကြည်ပြီး၊ သူဖြစ်ပုံ အလီလီကို ဆန်းစစ်လိုက်ရင်၊ "ဝေမေတံ ယထာ ဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗန္တိ၊" အနိစ္စအစစ်မို့ ငါတည်းဟူသော မာန်မာနရဲ့ ထားသိုရာ လုလင်ပျို, လုံမ မယ်ရယ်လို့ အနှစ်ကိုက တကယ်မရှိ၊ ငါ့ဥစ္စာလို့ ဆွဲကိုင်ဆုပ်ပြီး၊ တယုတယ,သိမ်းပိုက်ရအောင်ကလဲ၊ သုခစင်စစ်မဟုတ်၊ အစ ကလဲ,ဆင်းရဲ၊ ခုလဲ,ဆင်းရဲ၊ နောင်လဲဘဲ ဆင်းရဲရမှာမို့၊ တဏှာငါနဲ့-ငါ့ဥစ္စာ ထုပ်လိုလုပ်ပြီး၊ ဒီ,ခန္ဓာနာမ်ရုပ်- အပုပ်အသိုးကို သိမ်းပိုက်မိစရာ မရှိရိုးကလဲ အမှန်ပါဘဲ၊ သိမ်းလို့ပိုက်ချင်ရအောင်ကလဲ အထုပ်အထယ်, တကယ်တွယ်မရ၊ ရုပ်နာမ်ဟူသမျှ-ဝယဓမ္မ သခ်ါရာမို့၊ မမြဲရင်း မမြဲ-ဆင်းရဲရင်း ဆင်းရဲ၊ ဖြစ်ရင်း ကပျက်, သူညတအနက်သဘောကို၊ အတ္တဘောဇီဝ-သက္ကာဒိဋ္ဌိနဲ့ စွဲယူစရာ အတ္တ ကလဲမရှိ- အနတ္တအတိမို့၊ ဒိဋ္ဌိငါကလေးကလဲ ဥပါဒ်, နှင့် ဘင်, ဘယ်အသွင် ကိုမျှ စိုးပိုင်၍မရပါသဖြင့်၊ အနိစ္စဉာဏ်မြင်နဲ့ မာနငါကို ခွါထွင်ပြီးလျှင်၊ ဒုက္ခ ဉာဏ်နဲ့ တဏှာငါကိုခွါခါချ၍၊ အနတ္တဉာဏ်နဲ့ အတ္တငါကို မပါရစေဘဲ၊ ခန္ဓာ အစဉ်–ဝယဓမ္မသခ်ါရတခွင်တွင်၊ လက္ခဏာသုံးတန်– ဉာဏ်သုံးဉာဏ်အတွေ့ဖြင့်၊ နိဗ္ဗိန္ဒတိ-ငြီးငွေ့မှုအပြည့် ဉာဏ်အမြင်ရဘိလျှက်၊ ငြီးငွေ့စက်ဆုတ်–ဉာဏ်ခလုတ် ဖြင့်၊ ဖွင့်ထုတ်ခါတွေ့- ပကတေ့ချမ်းသာ၊ သန္တိပဒ ဉာဏ်မဟာကို ထောက်ဆ ကာ ပေါ်လာစေနိုင်ပြီးလျှင်၊ လွတ်ရာလွတ်ကြောင်း ရှိကောင်းအမှန် မြတ် နိဗ္ဗာန်ကြောင့် လွတ်လိုသမှု အားထုတ်ပြုလျှက်၊ သမုဒယစက်ကို ချိုးဖျက်နိုင် ခြင်း၊ ဘာဝန္တသာ အခင်းကို- သက်နှင်းရှက်ဆောင် ဉာဏ်အခေါင်နှင့် မဂ် သောင်ထက်သို့ မပျက်မကွက် ဆက်လက်တက်လှမ်း ကြိုးပမ်းကြရပါသည်၊ ကြိုးပမ်းတော်မူနိုင်ကြပါစေ။

ထိုမှတခင်း,ထွက်မြောက်ခြင်းကို မယှဉ်းမကွေ့ အာယတနအခြေမှ၊ မသွေ ဆောင်လှစ်၊ ဓါတ်စံနစ်ကို၊ အဖြစ်, အပျက် ခွဲခြားတွက်၍၊ အချစ်,အပြစ်–ဝေ ဘန်စစ်ခါ၊ ထွက်မြောက်ရာကို၊ ဤသို့ခါခါ၊ ကြိုးစားရာဖြစ်သည့် အကြောင်း ကိုလည်း၊ ထပ်လောင်း သွန်သင်,ဆုံးမတော်မူခဲ့ပါသည်။

"ယောဟိကောစိ ဘိက္ခဝေ ဘိက္ခု ဆန္နံ ဖဿာ ယတနာနံ
သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ဒဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ
ယထာဘူတံ ပဇာနာတိ- ဗမ္ဗဝိနယ သာသနေ တိဋ္ဌတိ၊
နပ္ပဇာနာတိ- ဗမ္ဗဝိနယ သာသနေ ဒူရေ တိဋ္ဌတိ။ ။"
(သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်)

ဘိက္ခဝေ–ဒုက္ခမဟေး, သံသာရေးကို၊ ဘေးဟုသိမြင်, ရှုပွားဆင်အပ် ယောဂီသူမြတ်တို့၊ယောဟိကောစိ–အကြင်, အမှတ်မရှိ၊ သုကဝိဟု၊ထုတိဝေဖြာ, ကလျာဏနွယ်ဝင် ယောဂီသူတော်စင်သည်၊ ဆန္နံဖဿာယတနာနံ– အတွင်း, အာယတနခြောက်ပါး၊ အပြင်,အာယတနခြောက်စုံ၊ တွေ့ဆုံငြားသည့် ဖဿ တရားခြောက်ပါးတို့၌၊ သမုဒယဉ္စ–သင်္ခါရလောက၏၊ အကြောင်းစုံညီ ဖြစ်ပုံ အလီလီကိုရင်း၊ အတ္ထင်္ဂမဉ္စ–ပျက်ပုံအခင်း,ချုပ်ဆုံးခြင်း သဘောကိုရင်း၊ ဒဿာ ဒဉ္စ– နိကန္တိကအစ- သပ္ပီတိကအလယ်၊ နန္ဒီရာဂဝယ်တဖုံ၊ သာယာဘွယ်ကြုံ ဖြစ်တတ်ပုံကိုရင်း၊ အာဒီနဝဉ္စ-အနိစ္စ,ဒုက္ခ,အနတ္တမို့၊ ငါ,ငါ့ဥစ္စာ, ငါ့အတ္တဟု မရှိလုံးလုံး၊ အဒ္ဒုဝ–အသဿတတုံးအစစ်– ဧကန်ဖြစ်သော၊ ဥပါဒ်, နှင့် ဘင်, ဖြစ်ပျက်နှစ်သွင်သာ ထင်ရှားသည့် အပြစ်တရားကိုရင်း၊ (ဝါ) နိစ္စ-သုခ-အတ္တ မဖက် ဇာတိ,ဇရာ,မရဏနှင့် နှိပ်စက်သော တခဲနက်ဘေး, အပြစ်မဟေးကိုရင်း၊ နိဿရဏဉ္စ–မမြဲ,ဆင်းရဲ ကိုယ်လဲမဟုတ်၊ ဖြစ်ပျက်ခန္ဓာ ဒုက္ခသစ္စာ ချုပ်ဆုံးမှ သာလျှင်၊ ထွက်မြောက်ရာ နိရောဓါသို့- သစ္စိကရဏာမှုဖြင့်၊ မျက်မှောက်ပြု နိုင်မည်ကိုရင်း၊ ယထာဘူတံ–ဟုတ်တိုင်းမှန်စွာ၊ ထိုးထွင်းခါ သိမြင်ရအောင်၊ ပဇာနာတိ–ပညာဉာဏ်နှင့် ရှုမှတ်ပွားသဖြင့် ပိုင်းခြား၍သိ၏။ တံ– ထိုသို့ကြိုး စား–အမြင်မှန်ရငြားသော ယောဂီအစစ်, ဘိက္ခုအဖြစ်ဝင်–သေက္ခပုဂ္ဂိုလ်မည် တွင်သူသည်၊ ဗမ္ဗဝိနယသာသနေ– ငါဘုရားအဆုံးအမ,သာသနာတော်မြတ်၌၊ တိဋ္ဌတိ= သာသနာဂုဏ်မြောက်အောင်၊ သံသရာကို တူးဖြိုလျက်၊ ကိလေသာ တို့မှ ထွက်မြောက်တည်နေသူဟူ၍၊ ဝုစ္စတိ–မှချပုံသေ ဆိုရပေ၏။ ယထာဘူတံ နပ္ပဇာနာတိ– အထက်ပေါ်ပြပါ, ငါးဌာနဖြစ်သော အာယတနနှင့် ဖဿတဖုံ- ခြောက်ပေါ်ပုံ သုံးစုံသောတရားတို့၌၊ ဖြစ်ခြင်း,ပျက်မှုသာယာစုနှင့် အပြစ်အာဒီ နဝတို့မှ ထွက်မြောက်ရာကို- ဟုတ်တိုင်းမှန်စွာ မသိမမြင်ပါသော၊ ယောဂီ မမည်, ဘိက္ခုမတွင်, ပုထုဇဉ်သည်၊ ဗမ္ဗဝိနယသာသနေ– ငါဘုရားအဆုံးအမ, သာသနာတော်အတွင်း၌ပင် ဖြစ်သော်လည်း၊ ဒူရေတိဋ္ဌတိ–သံသရာတွင် ကြည့်

လည်ကျန်ရစ် အဝေး၌သာလျှင် တည်သူဖြစ်တော့သည်ဟူ၍၊ ၏၊ ဝုစ္စတိ– မုချ ပုံသေ ဆိုရပေ၏။

အထက်ပါ- ပါဠိတော်မြွက်အရ၊ သင်္ခါရလောကရဲ့၊ (ဝါ) ဥပါဒါ နက္ခန္ဓာလောကရဲ့ ဖြစ်ကြောင်းကိုလဲ ကောင်းစွာ သိရပါမယ်တဲ့၊ အဲဒီ= သင်္ခါရ လောကဆိုတာ၊ တကယ်ထင်ရှားရှိတဲ့ သစ်တပရမတ်တရားတို့ကို၊ ကံ,စိတ်,ဥတု အာဟာရ,တည်းဟူသော အကြောင်းလေးရပ်နဲ့ ပြုပြင်စီရင်အပ်လို့ ဖြစ်ပေါ် ခံရတဲ့၊ ရုပ်, နာမ်, ခန္ဓာကိုဘဲ သင်္ခါရလောကလို့ခေါ်တယ်၊ တနည်း=ဥပါဒါန် တရားတို့ရဲ့ (ဝါ) ကာမုပါဒါန်– ဒိဋ္ဌုပါဒါန်– သီလဗ္ဗတုပါဒါန်– အတ္တဝါဒု ပါဒါန် တရားတို့ရဲ့ အာရုံဖြစ်တဲ့- ရုပ်စု, နာမ်စု, ခန္ဓာမှုကိုဘဲ၊ (ဝါ) ဥပါဒါ နက္ခန္ဓာကိုဘဲ၊ သင်္ခါရလောကလို့ ခေါ်တယ်၊ သတ္တဝါ= သူ,ငါလို့သမုတ်ရတဲ့ အန္ဓပုထုဇဉ်– နာမ်,ရုပ်တို့ကတော့၊ ဩကာသလောကနဲ့ သတ္တလောကမှာသာ ယဉ်ပါးကျက်စား, ဝင်ဆန့်လှည့်လည် သွားလာနေကြပါတယ်၊ အဲဒီ= လှည့် ပတ်နေရတဲ့ သိကျွမ်းလွယ်သော လောကနှစ်စားထဲမှာဘဲ သုံးစွဲနေကြပါတယ်၊ ဒါကြောင့်– သင်္ခါရလောကရဲ့ ဖြစ်ကြောင်း, ဖြစ်ပုံကို စုံလင်အောင် မသိကြ ပါဘူး၊ သိတဲ့ ပုဂ္ဂိုလ်, လွန်စွာ ရှားပါးလှပါတယ်၊ သင်္ခါရလောကတွေဆိုတာ ရုပ်လောက, နာမ်လောက, ဝိညာဏ်လောက, ခန္ဓာလောက, အာယတန လောက, ဓါတ်လောကလို့လဲ ခေါ်ဝေါ်ရပြီး၊ ဒီသဘောတွေသာ အကြောင်း အပေါင်းနဲ့ စုဆောင်းပြီး ဖြစ်ပျက်နေတာကို၊ အတိုချုံးပြီး သင်္ခါရလောကလို့ လဲ ခေါ်ပါတယ်၊ ဒီတော့- သင်္ခါရလောကရဲ့ ဖြစ်ကြောင်း, ဖြစ်ပုံကို သိဘို့ ဆိုတာ၊ သစ်တပရမတ်တရားတို့ရဲ့ ဓါတ်အနေဆောင်နှင်းချက်ကြောင့် ပေါ် ထွက်လာရသဖြင့်လဲ သစ်တ, သင်္ခါရလို့ အပြည့်အစုံ ခေါ်ဝေါ်အပ်ပါတယ်။ ဒီတော့- သစ်တ ပရမတ်တရားတို့၏ ရုပ်ဓါတ်အနေ, နာမ်ဓါတ်အနေ, ဝိညာဏ် ဓါတ်အနေ၊ သက်ဝင်အဆောင်ခံနေရတဲ့ တရားစုကို သင်္ခါရလောကလို့ ခေါ် ပြီး၊ ဒီသင်္ခါရလောကရဲ့ ကြဉ်လည်တည်နေ၊ ကံသတ္တိ အထွေထွေကြောင့်၊ ဩကာသလောကလို့ ခေါ်ပြန်ရပြီး၊ သက်ဝင်ကျရောက်, ခန္ဓာပင် ဆောက် တည်လို့ ရပြန်တော့၊ သဋ္ဌန္တိတိ သတ္တော, အရ= သတ္တလောကလို့ သိမှတ် တတ်ခြင်း မရှိတာမဟုတ်ဘဲ၊ ရှိလာတဲ့ ရုပ်နာမ်, ခန္ဓာအဖြစ်မှာ– သိတတ်,မှတ် တတ်လို့ သတ္တလောကရယ်လို့ ရုပ်နာမ်, ခန္ဓာကိုဘဲစွဲပြီး၊ ကောင်းဆိုးနှစ်တန် ကုသလံ,အကုသလံတွေကြောင့်၊ ဗြဟ္မာ, နတ်, လူ၊ တိရစ္ဆာန်, ပြိတ္တာ, အသူ ရကာယ်,ငရဲ၊ သုံးဆဲ့တဘုံဝဲကြီးထဲဝယ်၊ ထယ်လဲနှင့်သာ- သင်္ခါရလောကကို မှီတည်၍ ကြဉ်လည်နေကြရတာပါ၊ အဲဒီလို– အဖြစ်အချုပ်- အမြစ်မပြုတ်

အောင်၊ မရှိတရား, သတ္တဝါအစားစားမှာ အာရုံထား၍၊ သာယာနှစ်သက် အပြစ်ချက်ပါ-လေးဖြာအခင်း- သမုဒယဠ္ဌ, အတ္ထင်္ဂမ, အဿာဒ, အာဒီနဝ အတွင်း၌သာ-အမှန်ဉာဏ်,အမြင်မရောက်သမျှ-ထွက်ပေါက်မရနိုင်အောင် ဖြစ်ရှိ နေကြရပါတယ်။

ယခုအခါ၌မူ၊ လောကသုံးစား၊ ထင်ရှားနားလည်၊ အမြစ်တွယ်သည့်၊ နှစ်သွယ်မူလ၊ မောဟအဝိဇ္ဇာ- လောဘတဏှာကြောင့်၊ ဖြစ်, ချုပ်, သာယာ၊ အပြစ်အစုအပုံမျှသာဟု- ရုပ်နှင့်နာမ်, ဝယမ္မသင်္ခါရကို ဉာဏ်မြင်ပိုင်အောင် ပိုင်းပိုင်းခြားခြား သိအပ်ပြီ ဖြစ်ပါ၍၊ (ဝ၁) ငြိမ်းငွေ့မှုအထိ ဖြစ်ရန်လည်းဟုတ် တိုင်းမှန်ရာ သိခဲ့ပြီ ဖြစ်ပါ၍၊ နိဿရဏဥ္စဆိုတဲ့ ထွက်မြောက်ရာကို လျှင်မြန်စွာ ရောက်ရှိရန် ဒုက္ခသစ္စာတွင် သမုဒယအဝင်မခံဘဲ၊ သမုဒယအစား, မဂ္ဂသစ္စာ တရားနှင့်ပယ်ရှားခါ နေရာယူပြီးလျှင်၊ ဝိ၂ဿနာ, ဘာဝနာထူထောင်လျက် လောကီမဂ်မှ လောကုတ္တရာမဂ်သို့ သက်ဝင်သည့်တိုင် ကြိုးစားမယုတ်, အား ထုတ်တော့မည်ဟု သန္နိဋ္ဌာန်ပြုရင်း၊ ဣန္ဒြိယသံဝရသီလစောင့်စည်းခြင်း ရှေ့ပြေး နှင့် နှောင့်နှေးခြင်းမရှိအောင်၊လေ့ကျင့်ဆည်းပူး, ပွားများမှုအထူး-ဝိပဿနာ မဂ်ဦးကို ဆင်မြန်းလျက်၊ ထွက်မြောတ်ရာစခန်းသို့ မုချ ရောက်ကြပါစေဟု- ဆုတောင်းတိုက်တွန်းရင်း၊ အာယတန, ဓါတ်အခင်းကို ဤမျှနှင့် စာရင်းပိတ်၍ ဣန္ဒြေတစိပ်မျှ ပြအပ်ခဲ့သည်ကို၊ ထပ်မံ၍ နှစ်ဆယ့်နှစ်ပါးအထိ၊ လောကီမှ လောကုတ်, အစိုးတရ အားထုတ်နိုင်ပုံ ဣန္ဒြေအစုံကို တဖုံဆက်လက် မေတ္တာ ဘက်၍၊ လေးနက်စွာ, ပြဆိုပေးရန် နိဋ္ဌိတံအပ်,ရပ်ရပါတော့သတည်း။

............★............

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။"

## မဟာဉာဏ်ကျော် ဝိပဿနာ

# "ဣန္ဒြေ ၂၂-ပါး တရားတော်"

စိတ်တဆယ့်ရှစ်ပါး တရားတို့တိုင်၊ ပိုင်းခြားသိအပ်ပြီးတဲ့- ပရိယောသာန ကလျာဏ ပုဂ္ဂိုလ်တို့သည်၊ ဣန္ဒြေ ၂၂-ပါး တရားတော်မြတ်များတို့ကို ပိုင်းခြားသိဘို့ရာ လိုအပ်လာပါတယ်၊ ဘာ့ကြောင့် လိုအပ်လာသလဲဆိုရင်- "ရုပ်,နာမ်,ခန္ဓာ, အာယတန,စိတ်"ဆိုတဲ့တရားတွေကို ပိုင်းခြားသိအပ်ပြီးတဲ့- ကလျာဏ, ယောဂီ- သာဓကမည်သူဟာ၊ ဒီ- ရုပ်, နာမ်, ခန္ဓာ, အာယတန စိတ်ဆိုတဲ့- ဒုက္ခသစ္စာသဘောမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကို၊ ပုဗ္ဗယောဂအနေနဲ့ ရှေးဦးစွာ, ထွက်မြောက်နိုင်မှုကို ဣန္ဒြေအားဖြင့် ပိုင်းခြားသိရှိပြီး ကြိုးပမ်း အားထုတ်- ဝဋ်မြစ်ကို ပြုတ်စေလိုလို့ဘဲ ဖြစ်ပါတယ်၊ မြတ်ဘုရားရှင်သည် သတ္တဝါအစားစား ဝေနေယျများတို့အား၊ ဝဋ်မှ ထုတ်ဆောင်ကယ်တင်တော်မူရာမှာ၊ ရုပ်နည်း, နာမ်နည်း, ခန္ဓာနည်း, အာယတနနည်း, စိတ်နည်းတို့ဖြင့် အသီးသီး ပြဆိုတော်မူခဲ့ရာဝယ်၊ ရူပပရိစ္ဆေဒဉာဏ်ကိုရင်း၊ နာမပရိစ္ဆေဒဉာဏ်ကိုရင်း၊ နာမ,ရူပ,ပရိစ္ဆေဒဉာဏ်ကိုရင်း၊ ပစ္စယပရိဂ္ဂဟဉာဏ်ကိုရင်း၊ ယထာဘူတဉာဏ်ကိုရင်း၊ သမ္မာဒဿနဉာဏ်ကိုရင်း၊ ဓမ္မဋ္ဌိတိဉာဏ်ကိုရင်း၊ သက်ဝင်စေခဲ့ပြီးဖြစ်ရာ၊ ဒီလို- သက်ဝင်ရရှိပြီးသော- သုတ, စိန္တာ, ဘာဝနာဉာဏ်တို့မှ ရုပ်ပေါ်တွင် စိုက်နေသော တဏှာရာဂကိုရင်း၊ နာမ်ပေါ်တွင် စိုက်နေသော တဏှာရာဂကိုရင်း၊ ရုပ်, နာမ်, နှစ်ပါး စုံပေါ်တွင် စိုက်နေသော တဏှာရာဂကိုရင်း၊ အပြီးတိုင်, ပယ်ရာသတ်ရာတွင်၊ ရှေးဦးစွာ- ဣန္ဒြိယဋ္ဌ, သဘောအားဖြင့်၊ အရိယာဖြစ်စေကြောင်းကို ကောင်းစွာ, ဆုံးမ, ညွှန်ပြတော်မူခဲ့သော ဣန္ဒြိယသစ္စနိဒ္ဒေသ တရားတော်မြတ် ဖြစ်ပါတယ်။

ဣန္ဒြိယ= အစိုးရခြင်းဖြင့်၊ သစ္စာ= မှန်ကန်သော အရိယာသစ္စာသို့ ရောက်ကြောင်း, ရကြောင်းကို၊ ဥဒ္ဒေသ= အကျဉ်းမျှ ဖွင့်ဆိုတော်မူခြင်းဟူ၍၊ ရှိရာမှာ၊ ယခု- ပြဆိုအံ့သော ဣန္ဒြေတရားတော်များကို၊ ဥဒ္ဒေသ= အကျဉ်းမျှ ထက်မက၊ ပဋိနိဒ္ဒေသ= မကျဉ်းမကျယ်အားဖြင့်ရင်း၊ အချို့ ကဏ္ဍများ၌၊ နိဒ္ဒေသ= အကျယ်အားဖြင့်ရင်း၊ ဝိတ္ထာရ= ထက်ဝန်းကျင်, အကျယ်အားဖြင့်ရင်း၊ ဘုရားအလိုတော်ကျနှင့်အညီ ပြဆိုပေးပါမည်။

ဒီလို= ဓါတ် ၁၈-ပါးကို ပြဆိုခဲ့ပြီးနောက်၊ ဘုရားရှင်- ဘာကို အလို ရှိ၍၊ ဣန္ဒြေတရားကို ပြဆိုတော်မူသည်ကို သိလောက်ပါပြီ၊ ဤတရား= ဤအစဉ်ကို "ဣန္ဒြေ"လို့ ဘာ့ကြောင့်- ခေါ်သလဲဆိုရင် သူသူငါငါ, ဝေါ ဟာရ, နားလည်ထားကြပုံကတော့၊ ဣန္ဒြေဆိုတာ တည်ကြည်ငြိမ်သက်မှုလို့ နားလည်ထားကြတယ်၊ ဒါကြောင့်- ဒီသူငယ် တယ်- ဣန္ဒြေမဲ့တာကိုး၊ ဣန္ဒြေ မရှိဘူး၊ တည်လဲမတည်ဘူး၊ ငြိမ်လဲ မငြိမ်ဘူးလို့၊ တည်ကြည်ငြိမ်သက်မှု မရှိ သူကို ဣန္ဒြေမဲ့သူလို့ခေါ်ပြီး၊ တည်ကြည်ငြိမ်သက်မှု ရှိသူကို ဣန္ဒြေရှိသူလို့ ခေါ်ကြတယ်၊ ဒါကတော့- လောကဝေါဟာရရဲ့ သဘောသွားဘဲ ဖြစ်တယ်၊ ဒီသဘောတရားအရ အစဉ်အဆက်အားဖြင့် စွဲယူထားကြပုံဟာ- သမုတိသစ္စာ အလျောက်တော့ မှန်ကန်ပါတယ်၊ ဘယ်လိုမှန်ကန်ပုံလဲဆိုတော့၊ ပရမတ္ထသစ္စာ သဘောကို အဖျားဆွတ်ပြီး၊ မှန်ကန်ရုံသဘောလောက် မှန်ကန်တဲ့ သဘောဘဲ ဖြစ်တယ်၊ အမှန်ကတော့၊ "ဣန္ဒြေ"ဆိုတဲ့ ပါဠိကို မြန်မာလို ပြန်ဆန်းစစ်ရင် "ဣန္ဒ" သဒ္ဒါမှ လာခြင်းကြောင့်၊ "အစိုးရခြင်း"ဆိုတဲ့၊ အနက်အဓိပ္ပါယ်ကို တိုက်ရိုက်ရပါတယ်၊ အဲဒီလို- အစိုးရခြင်း၊ "ဣန္ဒြေ" သဘောဟာလဲ၊ တည် ကြည် ငြိမ်သက်စွာ သက်ဝင်မှု အထက်, အနှံ့သဘော ပေါ်မှာ တည်၍၊ စွဲမြဲမှု အစွန်းကို ရည်သန်ရခြင်း ဖြစ်ရာ၊ တည်ကြည်ငြိမ်သက်မှုသဘောဟာ၊ "ဣန္ဒြေ" ဆိုတဲ့ အစိုးရခြင်း အနက်အဓိပ္ပါယ်ရဲ့ တစိပ်တဒေသမျှ မှန်ကန်သော သဘော ဖြစ်ပါတယ်၊ ဒါကတော့- လောက ဝေါဟာရ, စကားအရ၊ ဣန္ဒြေဆိုတဲ့- ပါဠိပျက်စကားသည်၊ ပါဠိသဒ္ဒါနယ်မှ တခြားစီဖြစ်ကြောင်းနှင့် ဣန္ဒ-သဒ္ဒါမှ- ဣန္ဒြေ၏ အနက်အဓိပ္ပါယ်ကို ရှင်းလင်းပြဆိုခြင်း ဖြစ်ပါတယ်။

ဣန္ဒြေကို အစိုးရခြင်းအနက်အဓိပ္ပါယ်မို့၊ အစိုးရသူ ပုဂ္ဂိုလ်, သတ္တဝါ သဘောမဟုတ်ပါ၊နှစ်ဆယ့် နှစ်ပါးသော- ဣန္ဒြေတရားတို့ရဲ့ မိမိဆိုင်ရာ အစိုး ရခြင်း သဘောကိုသာ ပြဆိုလိုခြင်း ဖြစ်ပါတယ်။ ဒါကြောင့်- အစိုးရခြင်း အနက်သဘောတရားသည်၊ "ဣန္ဒြေ"မည်တယ်လို့ တနည်းသိပြီးလျှင်၊ တဖန်- ဘာ့ကြောင့်-ဣန္ဒြေတရားလို့ ခေါ်ပြန်သလဲဆိုတော့၊ "ဣန္ဒ"မည်သော သဒ္ဒါ သည်၊ အစိုးရခြင်းဟူ၍ အနက်ရှိရာ၊ မုနိငါးပါးတို့ကို အစိုးရတော်မူသော မြတ်စွာဘုရားသခင်သည်၊ တနည်း=တရားအလုံးစုံကို- သဗ္ဗညုတ ညာဏ်ဟုန်ဖြင့် လွှမ်းကဲစွာ, အစိုးရတော်မူသော- မြတ်စွာဘုရားသခင်သည်၊ "ဣန္ဒ"မည်တော် မူပါတယ်၊ ထိုသို့- ဣန္ဒမည်သော မြတ်စွာဘုရားသခင်သည် ဟောတော်မူအပ် သော နှစ်ဆယ့်နှစ်ပါးသော တရားအနက် သဘောတို့သည်၊ "ဣန္ဒြိယဋ္ဌ" မည်ပါတော့တယ်။ ဒါကြောင့်-တရားအပေါင်းကို အစိုးရတော်မူသော မြတ်စွာ

ဘုရားသခင်၏ "အစိုးရခြင်း" နှစ်ဆယ့်နှစ်ပါး, မြတ်တရားတို့ကို ဟုတ်တိုင်း မှန်သော သဘောအားဖြင့် သိစေ, ရစေ, တည်စေခြင်းကြောင့်၊ "ဣန္ဒြေ"ဟူ၍ လည်းခေါ်ပါတယ်။ (တနည်း) မြတ်စွာဘုရားသခင်သည်ပင်လျှင် ဣန္ဒြေတရား နှစ်ဆယ့်နှစ်ပါးတို့ကို မှီဝဲခြင်းအားဖြင့်ရင်း၊ ပွားစေသောအားဖြင့်ရင်း၊ ထုံ လွှမ်းတော်မူအပ်ပါပေသည်၊ အဲဒီလို= ဣန္ဒမည်သော မြတ်စွာဘုရားသခင်သည် ဂေါစရဝသေန- ဘာဝနာဝသေနအားဖြင့်၊ မှီဝဲထုံလွှမ်းအပ်သည်၏ အဖြစ် ကြောင့်လည်း ဣန္ဒြေမည်ပါပေသည်။

တဖန်အားဖြင့်လည်း၊ သစ္စာဥေယျ- မြတ်ဓမ္မကို၊ တစမကျန် မဖေါက် မပြန်သာလျှင်၊ ကိုယ်တော်တိုင် သိတော်မူတဲ့- သဗ္ဗညုမြတ်စွာဘုရားသခင်သည် လွန်ကဲစွာသော အစိုးရခြင်း ရှိတော်မူသည့်အတွက် ဣန္ဒမည်တော် မူပါပေတယ်၊ ကုသိုလ်, အကုသိုလ်ကံတရားတို့ဟာလဲ၊ အဲဒီကံတို့၌ တစုံတယောက်သောသူ၏ အစိုးရခြင်းအဖြစ် မရှိသည်၏ အဖြစ်ကြောင့် ဣန္ဒမည်ပါပေတယ်။ အဲဒီလို= မြတ်စွာဘုရားသည်ရင်း၊ ကံတရားတို့သည်ရင်း၊ ဣန္ဒမည်သည်၏ အဖြစ်ကြောင့် ထို- ကံကိုဖြစ်စေအပ်ကုန်သော နှစ်ဆယ့်နှစ်ပါးသော တရားတို့သည်လည်း၊ ဣန္ဒ= ဣန္ဒြေမည်ပါကုန်တော့သည်၊ ထိုသို့= ကံကိုစိုးပိုင်သူမရှိ၊ စိုးပိုင်သူ မရှိ သော ကံ၏ဖြစ်ကြောင်း- နှစ်ဆယ့်နှစ်ပါးသော တရားတို့ဟာလဲ၊ ကံသည် စီရင်အပ်, ဖြစ်စေအပ်ရုံမျှမက၊ ဣန္ဒမည်သော သဘောကို ပြတတ်သောအနက် စီရင်တတ်သော အနက်အားဖြင့် နှစ်ဆယ့်နှစ်ပါးသော ဣန္ဒြေတရားတို့သည် ကံ၏ အကြောင်းနှင့်တကွ၊ ကံကို ပြတတ်, ဖြစ်စေတတ်သောကြောင့်လဲ၊ ဣန္ဒ= ဣန္ဒြေ= အစိုးရခြင်းအနက် သဘောအားဖြင့် ကျေးဇူး ပြုတတ်ခြင်းတို့ကို ပိုင်း ခြား သိအပ်ရပါသည်။

တနည်း, တဖုံ= ဆိုရပြန်ပါကုန်လျှင်လည်း၊ အဲဒီ- အစိုးရခြင်းအဖြစ်ဟု ဆိုအပ်သော နှစ်ဆယ့်နှစ်ပါးသောတရားတို့ ဣန္ဒြေမည်ပုံမှာ၊ ဣန္ဒ မည်သော, ကံအကြောင်း, အထောက်အပံ့များကြောင့်၊ စက္ခုဝိညာဏ်စသည်တို့ဖြစ်ခြင်း၌ စက္ခုသည်-ထက်သည်, နုံ့သည်ရှိသော်၊ ထက်သည်အဖြစ်ကြောင့်ရင်း၊ နုံ့သည် ၏ အဖြစ်ကြောင့်ရင်း၊ စက္ခုစသည်တို့၏ အစိုးရခြင်းသဘောသည် သက်ဝင် ကုန်၏၊ ထိုသို့- အစိုးရသည်ဖြစ်၍ ကျေးဇူးပြုမှုသဘောကို ပြတတ်သောကြောင့် ဣန္ဒ= ဣန္ဒြေ- ဘာကြောင့်ခေါ်သလဲဆိုတဲ့သဘောကို ကုန်စင်အောင် သိရှိပြီး လျှင် နှစ်ဆယ့်နှစ်ပါးသော ဣန္ဒြေတရားတို့ကို ဆက်လက်ပိုင်းခြား ပြဆိုပါ မယ်။ နှစ်ဆယ့်နှစ်ပါးသော- ဣန္ဒြေတရားတို့ကတော့...,

* စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတိန္ဒြေ– ကိုးပါးကို၊ တသန့်အားဖြင့် မှတ်ထား၍....

* သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ ငါးပါးတို့ကိုလဲ တကန့်အားဖြင့် သိမှတ်ထားပြီးလျှင်....

* သဒ္ဓိန္ဒြေ၊ ဝိရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ- ငါးပါးတို့ကိုလဲ တသီးတခြား အားဖြင့် သိမှတ်ထားခါ....

* အနည တညဿာမိတိန္ဒြေ၊ အညိန္ဒြေ၊ အညာဝိန္ဒြေ- သုံးပါးတို့နှင့်တကွ၊ (၉+၅+၅+၃) ပေါင်းရုံး ရေတွက်က၊ ဣန္ဒြေ= (၂၂)ပါး၊ အစိုးတရရှိခြင်း တရားများဟူ၍ ပိုင်းခြား သိအပ်ပါသည်။

အဲဒီ– ဣန္ဒြေ= နှစ်ဆယ့်နှစ်ပါးတို့ကို၊ ကိုးပါးသော အဘို့၊ ငါးပါးသောအဘို့ စသည်ဖြင့် ဒေသနက္ကမနည်းအရ၊ မြတ်ဘုရားရှင် ပြတော်မူလိုရင်းသဘောမှာ၊ အဇ္ဈတ္တဓမ္မကို ပိုင်းခြား သိခြင်းဖြင့်သာ၊ အကြင်သူသည်– အရိယာဘုံနန်းသို့– သက်ဝင်ကျရောက်ခြင်းကို ဖြစ်စေနိုင်ပါတယ်၊ ဒါကြောင့်– စက္ခုစသော ဣန္ဒြေကိုးပါး၊ အဇ္ဈတ္တိက တရားတို့ကို ရှေးဦးထား၍ ပြဆိုတော်မူပါတယ်၊ အဲဒီ– အဇ္ဈတ္တိက တရားစုကို သုံးသပ်ကြည့်မယ်ဆိုရင်၊ အကျဉ်းအားဖြင့်– ရုပ်, နာမ်, နှစ်ပါးရပါတယ်၊ စက္ခု- သောတ– ဃာန– ဇိဝှါ– ကာယ–ဣတ္ထိ–ပုရိသတို့မှာ ရုပ်သက်သက်ဖြစ်၍၊ မနမှာ–နာမ်ဣန္ဒြေဖြစ်ပါတယ်။ ဇီဝိတမှာမူ= ရုပ်ဇီဝိတသဘော– နာမ်ဇီဝိတသဘောဟူ၍ နှစ်မျိုးပြားပါတယ်။ ရုပ်ခါတ်,နာမ်ခါတ်,အနေအားဖြင့် ၂၈-ပါး၊(၀၁)၇၉-ပါးလို့လဲသိရပါမယ်၊ ဒီသဘော, ဒီဣန္ဒြေတရားတွေကို၊ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျာ်း, မိန်းမလို့– သမုတိသစ္စာအားဖြင့် ကျရောက်သက်ဝင်ခံရပုံကို သိ၍၊ ပရမတ္ထသစ္စာအားဖြင့် သုံးသပ်ပါက၊ အလုံး,အရပ်- အထည်, ဒြပ်–သဏ္ဌာန်, မကပ်ပုံကို သိရပါမယ်။ ဒီနေရာမှာ- အဇ္ဈတ္တိက, ဓမ္မလို့– ဣန္ဒြေကိုးပါးလုံးကို သိမ်းကြုံး ရေတွက်ရသော်လဲ၊ အမှန်ပြန်၍ ခွဲခြားပြန်ပါလျှင်၊ စက္ခု–သောတ–ဃာန-ဇိဝှါ– ကာယိန္ဒြေတို့သည်သာ ရုပ်အဇ္ဈတ္တိကဓမ္မဖြစ်၍၊ မနိန္ဒြေမှာ– နာမ်အဇ္ဈတ္တိက ဓမ္မဖြစ်ပါတယ်၊ ဣတ္ထိန္ဒြေ- ပုရိသိန္ဒြေနှစ်ပါးမှာ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားမဟုတ်ပါ။ ထိုသို့–ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားမဟုတ်သော်လည်း ကမ္မာ

နဝရအကြောင်းအားဖြင့် သစ်တပရမတ်တရားတို့၏ သစ်ါရအားဖြင့် စုံညီသက်ဝင်ရာတွင် ကမ္မဇရုပ်အနေနှင့် ရေတွက်အပ်ခြင်းကြောင့်၊ ဣန္ဒြေအတွင်းသို့ ထည့်သွင်း ပြဆိုအပ်ပါတယ်၊ အထက်ပါ= အဇ္ဈတ္တိကတရား– ရုပ်,နာမ်, ခြောက်ပါး ဣန္ဒြေများတို့ ပရမတ္ထအားဖြင့် စုံညီရာဝယ်၊ ကမ္မာနဝရအကြောင်းအားဖြင့်၊ ဣတ္ထိ- ပုရိသ,သဘောသည် ဆောင်တတ်ကြောင်းကို ကံသည် ပြအပ်,စီရင်အပ်ပုံဟုသာ ပိုင်းခြားသိရပါမည်။ ထိုနောက်–ဇီဝိတိန္ဒြေ,နှစ်စားတို့ဟာလဲ၊ ဇနက= ဖြစ်စေမှု၊ဥပတ္ထမ္ဘက=ထောက်ပံ့မှုတို့နှင့်တကွ အဇ္ဈတ္တိကဓမ္မအနေနှင့် ဣတ္ထိ–ပုရိသ သဘောတို့အား- ဝတ္တမာန်ကာလအနွယ်ကို၊ မှီတွယ်မပြတ်–ဒုက္ခဇာတ်ဖြစ်စေရန် ထောက်ပံ့မှုဖြင့် ဒုက္ခဝိပါက, လက္ခဏာသဘောကို ဆောင်တတ်, ပြတတ်, စီရင်တတ်သော၊ (ဝါ) စိုးပိုင်သူ– ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်သော၊ (ဝါ)ကံသည်လျှင် အစိုးရခြင်း အကြောင်းဖြစ်သော၊ (ဝါ) ကံသည်ပင်လျှင် ဖြစ်စေတတ်, ထင်ရှားပြတတ်သော အကြောင်းကြောင့်၊ အကျိုးဝိပါက တရားမျှဟု ထိုဣန္ဒြေကိုးပါး- အဇ္ဈတ္တိကတရား အနွယ်များကို ပိုင်းခြား သိအပ်ပါသည်။

ဤ– ဣန္ဒြေ နှစ်ဆယ့်နှစ်ပါး– အပိုင်းအခြားလေးရပ်မှာ၊ အထက်ပါ- အဇ္ဈတ္တိက, အနွယ်ကိုးပါးကို၊ သူသူ,ငါငါ, အနွပုထုဇနာတို့က၊ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမဟု ခေါ်ဝေါ်သမုတ်နေကြသော ပညတ်သဘောတွင် ဓါတ်သက်နှော၍ * **"ဝိပါကော ခန္ဓာနံ- ဒုက္ခသမုဒယော"** သဘောကို စစ်ကြော၍ သိသာရပါတယ်၊ ဓါတ်တဆယ့်ရှစ်ပါးရဲ့ အခြားမဲ့၌ ပြအပ်သော ဣန္ဒြေတရားများဖြစ်ရာ၊ ထိုစက္ခုန္ဒြေစသော သဘောများသည် စက္ခုဓါတ်အစ ရှိသည်တို့၏ လက္ခဏာစသော သဘောစသည်တို့ကို သိပြီးအပ်သော ကလျာဏတို့အဘို့၊ အဇ္ဈတ္တိကဓမ္မ ဣန္ဒြေများတွင် ပုဂ္ဂိုလ်, သတ္တဝါဝင်စရာ မရှိတော့ပါ။ အဲဒီလို– ဓါတ်သား, ပရမတ်သဘောသွားတို့ကို ပညတ်မှ တသီးတခြား သိထားပြီးသော ကလျာဏတို့သည် ထိုအဇ္ဈတ္တိကဓမ္မတို့နှင့်တကွ၊ နှစ်ဆယ့်နှစ်ပါးသော ဣန္ဒြေတရားတို့သည်၊ ဣန္ဒမည်သော ဘုရားရှင်၏ ဂေါစရဝသေန– ဘာဝနာဝသေန, အစွမ်းနှစ်ပါးအားဖြင့်၊ ဣန္ဒြိယ– ပစ္စည်း 'သဘောတိုင်အောင် ပြဆို

* ဝိပါကော= ကံနှင့် ကိလေသာတို့၏ အကျိုးတရားမျှဖြစ်သော၊ ခန္ဓာနံ= အဇ္ဈတ္တိက, ဣန္ဒြိယပစ္စည်းသဘောတရား, ခန္ဓာငါးပါးသည်၊ ဒုက္ခ=ဆင်းရဲစုအမျိုး, အကျိုးအဖြစ်သဘောနှင့်၊ ဒုက္ခသမုဒယော=ဆင်းရဲဖြစ်ကြောင်း ပစ္စည်းတရားအပေါင်းမျှ ဖြစ်သည်၊ ဟောတိ= ဖြစ်၏။ ॥

လိုရင်းဖြစ်ပါတယ်၊ ဒါကြောင့်- ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့ကို ဣန္ဒြိယပစ္စည်း အားဖြင့် ခွဲခြားသိရန် အကျဉ်းမျှ ပြဆိုပေးပါမယ်။

ဣန္ဒြေ- နှစ်ဆယ့်နှစ်ပါးတရားတို့သည်၊ ဣန္ဒြိယပစ္စည်း သဘောမျှဖြစ်ကြပါတယ်၊ ဣန္ဒြိယ- ပစ္စည်းသဘောမှာ၊ အစိုးရခြင်းအားဖြင့် ကျေးဇူးပြုတတ်တဲ့ သဘောလို့ အဓိပ္ပါယ်ရပါတယ်၊ အဓိပတိ ပစ္စည်းသဘောနဲ့လဲ သဘောချင်း တူသယောင်ယောင် ရှိပါတယ်၊ အဓိပတိပစ္စည်းရဲ့ သဘောမှာ၊ အကြီးအမှူး လွှမ်းမိုးအစိုးရခြင်းဖြင့် ကျေးဇူးပြုတတ်တဲ့ သဘောဖြစ်ပါတယ်၊ ခြားနားပုံကတော့-အဓိပတိ ပစ္စည်းသဘောမှာ၊ စကြာဝတေး မန္ဓတ်မင်းတို့ရဲ့- ကြီးမှူး အစိုးရပုံနဲ့တူပါတယ်၊ ဣန္ဒြိယပစ္စည်းသဘောမှာ၊ ကေရာဇ်မင်းများရဲ့ မိမိဆိုင်ရာ နယ်ပယ်ကိုသာ အစိုးရခြင်း ရှိသကဲ့သို့နဲ့ တူပါတယ်၊ အစိုးရခြင်းသဘောတွင် တူညီသော်လည်း၊ အလုံးစုံလွှမ်းမိုး အစိုးရသော အကြီးအမှူးသဘောနဲ့-တစိပ်တဒေသ- မိမိဆိုင်ရာကိစ္စကိုသာ အစိုးရမှုဟူ၍၊ သဘောတရားချင်း ကွာခြားပုံမျိုး ဖြစ်ပါတယ်။ အဓိပတိပစ္စည်းမှာ= အာရမ္မဏာဓိပတိ ပစ္စည်း- သဟဇာတာဓိပတိပစ္စည်းနှစ်မျိုး ကွဲပြားသလို၊ ယခုဣန္ဒြိယပစ္စည်းမှာလဲ သဟဇာတိန္ဒြိယ ပစ္စည်း= ပုရေဇာတိန္ဒြိယပစ္စည်း- ဇီဝိတိန္ဒြိယပစ္စည်းဆိုပြီး၊ သုံးမျိုးသုံးစား ကွဲပြားပါတယ်။ အဲဒီ- သုံးမျိုး သုံးစားပစ္စည်းတရားများကို အသိအမြင် ရှင်းနိုင်သမျှ ရှင်းအောင် ပြဆိုပေးပါမယ်။

## ''သဟဇာတ ိန္ဒြိယ ပစ္စည်းသဘော''

သဟဇာတိန္ဒြိယပစ္စည်းဆိုတဲ့ သဘောအနက် အဓိပ္ပါယ်မှာ၊ အတူတကွဖြစ်ဘက်တရားတို့တွင် အစိုးရခြင်းအားဖြင့်၊ ကျေးဇူးပြုတတ်သော အကြောင်းတရားစုကို ခေါ်ပါသည်။ ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့တွင် မိမိဆိုင်ရာအစိုးရခြင်း အားဖြင့်၊ ကျေးဇူးပြုတတ်သော (၀၁) အားပေးတတ်သော အကြောင်းရှိစွမ်းရည်သတ္တိတရားကို ခေါ်ပါသည်။ ဣန္ဒြေ-နှစ်ဆယ့်နှစ်ပါးတို့တွင် အတူတကွ ဘက်ကနေ- အစိုးတရ ကျေးဇူးပြုတတ်တဲ့- အကြောင်းတရားဖြစ်သော ဣန္ဒြေမှာ ရှစ်ပါး ဖြစ်ပါတယ်။ အဲဒီ- ရှစ်ပါးကတော့- မနိန္ဒြေ- ဇီဝိတိန္ဒြေ၊ (သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊) နှင့်- သဒ္ဓိန္ဒြေ၊ သတိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေတို့ ဖြစ်ကြပါတယ်။ ဒီလို- ပြလိုက်တော့ ရှစ်ပါးလို့ဆိုပြီး၊ (၁၂) ပါးလို့ ရေတွက်ပြသလိုဖြစ်နေပါတယ်၊ ဒီ-၁၂-ပါးအနက်က၊ သုခိန္ဒြေမှ-ဥပေက္ခိန္ဒြေအတွင်း ဝေဒနာသဘောတွေသာ

ဖြစ်လို့ ဝေဒနိန္ဒြေလို့ အကျဉ်းချုံးပြီး ရေတွက်ရင်(၇)ပါးလို့သာ ရပါတယ်။ ဒီ(၇)ပါးဆိုသော (၁၂) ပါးသော ဣန္ဒြေတရားတို့ဟာ သဟဇာတိန္ဒြိယ-ပစ္စည်းတရားများ ဖြစ်ကြပါတယ်။

အတူတကွ ဖြစ်ဘက်တရားတို့တွင် အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြု တတ်သော (၁၂) ပါးသော သဟဇာတိန္ဒြိယပစ္စည်းတရား- ဣန္ဒြေသဘောတို့ ဟာ၊ နာမ်ဣန္ဒြေတရားများ ဖြစ်ကြတယ်လို့ သိမှတ်ထားရပါမယ်။ဒီနာမ်တရား များဖြစ်တဲ့-ဣန္ဒြေတရားတို့ဟာ၊ သဟဇာတိန္ဒြိယသဘောအားဖြင့် ကျေးဇူးပြု တတ်တဲ့ ပစ္စည်းသရုပ်-တရားကိုယ်များ ဖြစ်ကြပါတယ်။ ထိုနာမ်ဣန္ဒြေတရား များက မိမိဆိုင်ရာ အတူတကွဖြစ်ဘက် သဟဇာတိန္ဒြိယဋ္ဌ- အနက်သဘောကို၊ အကြောင်းအပေါင်းတို့နှင့် အညီအညွတ် တိုက်ဆိုင်၍၊ အစိုးတရ ကျေးဇူးပြုမှု မြောက်လျှင် ပစ္စည်း, ပစ္စယဆိုတဲ့- အကြောင်းသဘောမှ ပစ္စယုပ္ပန်= ပစ္စုပ္ပန် သဘောသို့ ရောက်ကြရပါတယ်။ အဲဒီလို- ခဏတ္တယ- ပစ္စယုပ္ပန်-ပစ္စုပ္ပန်အဖြစ် ပေါ်တတ်တဲ့ တရားတွေကတော့၊ စိတ်-၇၉၊ စေတသိက်-၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်ကြပါတယ်။

အဲဒီလို-သဟဇာတိန္ဒြိယ၊ဣန္ဒြေ ၁၂-ပါး နာမ်တရားတို့ဟာ၊မိမိပစ္စည်း, ပစ္စယ-သဘောသတ္တိနဲ့ အစိုးတရ ကျေးဇူးပြုခြင်းဖြင့်၊ ဆိုင်ရာ တကွဖြစ်ဘက်-ရုပ်,နာမ်တရားတို့ကို ပစ္စယုပ္ပန် (ပစ္စုပ္ပန် ခဏတ္တယ) သို့ အကြောင်းအပေါင်း ကြောင့်၊ အကြောင်းအပေါင်းနှင့်တကွ သက်ဝင်- ဖြစ်ကြ, ပျက်ပြနေသည်ကို၊ ပုဂ္ဂိုလ်, သတ္တဝါ- ငါဟုစွဲယူနေမိကြခြင်းသာ ဖြစ်ပါသည်။ ပစ္စယဆိုတာက- အကြောင်းလို့ အဓိပ္ပါယ်ရတယ်၊ ယခုပြနေတာ- ဘာပစ္စယလဲ၊ ဣန္ဒြိယပစ္စယ- အစိုးရသည်၏ အဖြစ်နဲ့ ကျေးဇူးပြုတတ်တဲ့ အကြောင်း ဖြစ်ပါတယ်၊ အဲဒီ- အကြောင်း-ဘာ့ကြောင့် ရလာ,ခံလာရသလဲဆိုတော့၊ ဇနက-ကံရဲ့အကျိုးပေး သတ္တိကြောင့် ရလာ,ခံလာရတဲ့ အကြောင်းဘဲ၊ ဇနကသတ္တိ= ဖြစ်စေတတ်သော အစွမ်းကြောင့် ရလာ,ခံလာရတဲ့၊ ဣန္ဒြိယပစ္စယဆိုတော့၊ ဇနကကံ, ဇနကသတ္တိ ဆိုတာ- အတိတ်ကံကြောင့်၊ ပဋိသန္ဓေ အကျိုးကိုကော- ပဝတ္တိ= တဘဝတာ အဆက်မပြတ်-ခန္ဓာငါးရုပ် ဖြစ်ပျက်ဇာတ် အကျိုးကိုရောဖြစ်စေတဲ့- အတိတ်, ဇနကကံရဲ့ သတ္တိလို့ သိပါ။ အဲဒီ-အတိတ်ဇနကသတ္တိအစွမ်းကြောင့် ပစ္စက္ခ-အဇ္ဈတ္တိက-ဣန္ဒြေကိုးပါးအကျိုးတရားကို ရရှိလာ,ရရှိထားနေရလျက်၊ ပဝတ္တိ အကျိုး အဆက်မပြတ်ဖြစ်ပွားရအောင်ရင်း၊ နောင်တဖန်- အကြောင်းသစ်ခံ ရအောင်ရင်း၊ သဟဇာတိန္ဒြိယ ပစ္စည်း ၁၂-ပါးတို့သည်၊ အကျိုး အဇ္ဈတ္တိက-

ဠာန္တြေကိုးပါးတို့နှင့် တကွအတူဖြစ်ဘက်အားဖြင့်၊ (ဝါ) ပဝတ္တိအကျိုးဆက်ကို ဇနက ကံသတ္တိအားလျော်စွာ အတူဖြစ်ကြရရာတွင်၊ ဥပတ္ထမ္ဘက ပစ္စယသတ္တိ-အားဖြင့်၊ (ဝါ) ထောက်ပံ့သည်၏အဖြစ်အားဖြင့်၊ အစိုးတရ ကျေးဇူးပြုတတ်သော သဟဇာတိန္ဒြိယပစ္စည်းဖြစ်တယ်လို့ ပိုင်းခြားပြီး သိရပါမယ်၊ ဒီတော့-ဠာန္တြေ ၁၂-ပါး၊ သဟဇာတိန္ဒြိယပစ္စည်းတရားသည်၊ အဇ္ဈတ္တိက-ဠာန္တြေကိုးပါးကို အဆက်မပြတ်ဖြစ်ပွားစေသည့် နဇကသတ္တိနှင့် မိမိတည်းဟူသော ဥပတ္ထမ္ဘက သတ္တိတို့ကို၊ ပဋိစ္စ-စွဲမှီပြီးတော့-အကျိုးပစ္စယုပ္ပန်ဖြစ်တဲ့-ရုပ်,နာမ်,ခန္ဓာ,ဥပါဒ်,ဋ္ဌီ, ဘင်, အစဉ်ဝင်ခံရတဲ့- ခဏတ္တယပစ္စုပ္ပန်သဘောကို သက်ဝင်ကျရောက်ပါတော့တယ်၊ ဒီလို-အတိတ်အကြောင်း, ပစ္စုပ္ပန်အကြောင်း ဇနက,ဥပတ္ထမ္ဘက-ပစ္စယနှစ်ဖြာ- သတ္တိမကွာဘဲ၊ ဣန္ဒြိယ သဟဇာတာ- အစိုးရစွာ ကျေးဇူးပြုမှုကြောင့်- နာမ်,ရုပ်,တရား-ခန္ဓာငါးပါးလို့ ပေါင်းစုသက်ဝင်တဲ့ သင်္ခါရ ဓမ္မသဘောကို၊ ဤသဘောကား-စိတ်အမည်ရရုံမျှ၊ ဤသဘောကား-စေတသိက်နာမ်အမည်ခံမျှ၊ ဤသဘောကား- စတုသမုဋ္ဌာန်ရုပ်- ဖေါက်ပြန်ပုံ သရုပ်မျှဟုပိုင်းခြားဝေဘန်သောအားဖြင့် သမ္မာဒိဋ္ဌိဉာဏ်-ယထာဘူတဉာဏ်,ဓမ္မဒိဋ္ဌိတိဉာဏ်တို့ကို ရင့်သန်စေလျက်၊ သတိ,ပညာရှေ့သွားပြုခါဖြင့်၊ ပုဗ္ဗဘာဂ- မဂ်မဟာကို မရအရ ရှာမည်ဟု သန္နိဋ္ဌာန်ပြုသင့်ပါတော့သည်။

ဤနာမ်ဠာန္တြေ- ပစ္စယတရားတို့ရဲ့ ကျေးဇူးပြုမှုသဘောကြောင့်၊ ပစ္စုပ္ပန်စိတ်-၈၉၊စေတသိက်-၅၂၊စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့၊ ဇနက,ဥပတ္ထမ္ဘက ပစ္စယနှင့်အညီ၊ ခဏတ္တယပစ္စုပ္ပန်ဆီသို့ သက်ဝင်သည်ကို၊ ရုပ်,ရုပ်အတိုင်းထားစရာ၊ စိတ်, စိတ်အတိုင်းထားစရာ၊ ပဋိသန္ဓေ နေရအုံးမှာပါလို့ စွဲစရာ မရှိပါ။ စွဲနေရင်-ဒီဠာန္တြေ ၁၂-ပါးရဲ့ ဣန္ဒြိယပစ္စယသဘောကို မသိလို့ဘဲ၊ (တနည်း) သန္တတိပညတ်ကို တခါမျှ မခွါမိဘူးလို့ဘဲ ဖြစ်ရပါမယ်၊ဒီ-ပစ္စယသတ္တိသဘောတွေကြောင့်၊ ဒီ,ပစ္စုပ္ပန်-ခဏတ္တယသို့၊ ဒီ,ရူပသမုဋ္ဌာန်အရ-ရုပ်သဘောတွေက ဤမျှ၊ စိတ်,စေတသိက်သဘောတွေက ဤမျှ၊ဇနကအကြောင်းက ဤသဘော၊ ဥပတ္ထမ္ဘကအကြောင်းက ဤသို့၊ သမ္ပယုတ္တ- ပစ္စယသာမဂ္ဂီ- အလီလီသော အကြောင်းအစုတို့ ပေါင်းပြုမှု-ခဏတ္တယ-ရုပ်နာမ်ဓမ္မသည်၊ "သုညတအနတ္တ" မျှဟု- မြတ်ဘုရားက, ဤသဘောတွေကို နက်နဲသောဉာဏ်ဖြင့် အလင်းပေါက်စေလို၍၊ ပစ္စည်း-ပစ္စယုပ္ပန်-ခဏတ္တယ,ပစ္စုပ္ပန်တို့ကို ပိုင်းခြားဝေဘန်-ရေတွက်ခွဲခြမ်း၊ ဒိဋ္ဌိတဏှာ-ငန်းမဘမ်းနိုင်အောင် ပြဆိုတော်မူခဲ့သည်ကို၊ စိတ်တွေက ဒီလောက်ရှိနေတယ်၊ စေတသိက်တွေက ဒီလောက်ရှိတယ်၊ရုပ်တွေက ဒီလောက်

ရှိနေတယ်လို့ ယူရင်, သဿတဒိဋ္ဌိဘဲ၊ ဒီ–နာမ်ရုပ်တွေကို ရှိနေတယ်လို့ ယူတာနဲ့ ရှိနေတာ– ငါ့ရုပ်, ငါ့နာမ်လို့ ယူရင် သက္ကာယဒိဋ္ဌိဘဲ၊ ဒါကြောင့်- ရုပ်,ရုပ် အတိုင်းလဲ ထားလို့ မရကောင်းတာကို ထားမနေနဲ့၊ စိတ်,စိတ်အတိုင်းလဲ ထား လို့ မရကောင်းတာကို ထားမနေနဲ့၊ ပဋိသန္ဓေနေရဦးမယ်လို့ လဲ စွဲမနေနဲ့၊ စိတ် နာမ်တွေ ဒီလောက်ရှိတယ်ဆိုတာ၊ စေတသိက်နာမ်တွေ ဒီလောက်ရှိတယ်ဆို တာ၊ ပဋိသန္ဓေနေရအုံးမယ်ဆိုတဲ့–ဘဝရှိတယ်ဆိုတာတွေဟာ၊ သဿတ, တည် သည်၏အဖြစ်မဟုတ်၊ မရွေ့မရှားသည်၏အဖြစ် မဟုတ်၊ မပေါက်မပြန့်သည်၏ အဖြစ်မဟုတ်၊ အဘာဝပညတ်အားဖြင့် မဟုတ်၊ သခ်တပရမတ် တရားတို့၏ သဘာဝအားဖြင့် ရုပ်,နာမ်ဓမ္မ-သင်္ခါရလောက၏အဖြစ်သို့ ကံအစသည်တို့နှင့် အတူ၊ အတိတ်,ပစ္စုပ္ပန်–နှစ်တန်သော ပစ္စယသတ္တိသဘောကြောင့်၊ ပစ္စယုပ္ပန်– ခဏတ္တယ=ဖြစ်ပျက်ဓမ္မ-ဝယဓမ္မာ သင်္ခါရဟူ၍သာ၊ ဣန္ဒြိယ ပစ္စည်းသဘောတို့ ဖြင့်၊ စောကြောဝေဘန်–ဟုတ်တိုင်းမှန်ရာကို ထိုးထွင်း၍၊ သိအပ်,ယူအပ်,ပိုင်း ဖြတ် ယုံကြည်အပ်ရာပါသည်။ သို့မှ–သမ္မာဒိဋ္ဌိပညာဉာဏ် အခြေခံ ရင့်သန်လျက်၊ ဝိပဿနာ ဘာဝနာထက်သို့ ထောက်ကူရောက်ရှိခါ၊ ပုဗ္ဗဘာဂမဂ်ပန်းကို ဆင် မြန်းနိုင်မည့် ယောဂီအဖြစ်သို့ သက်ဝင်ရရှိနိုင်မည် ဖြစ်ပါသည်။

ဒီတော့–အထက်ပါသဟဇာတိန္ဒြိယ ပစ္စည်းထိုက်တဲ့ နာမ်ဣန္ဒြေ ၁၂– ပါးရဲ့ သဘောသွားအကျဉ်းကို အသိဉာဏ်လင်းရအောင် တပါးချင်း ထပ်မံ ပြဆိုပေးပါမယ်။

(၁) မနိန္ဒြေဆိုသော သဟဇာတိန္ဒြိယပစ္စည်းသည်၊ ရှေ့သွားကိစ္စ၊ "ပဓါန–ပုဗ္ဗင်္ဂမ"သဘောဖြင့်၊ "သမ္ပယုတ်–ယှဉ်ဘက်" စိတ်,စေတသိက်နာမ် တို့အား အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော၊ (ဝါ) ပါဝင်ဖြစ် စေရေးကို ပိုင်စိုးအားပေးတတ်သော အကြောင်းရှိ စွမ်းရည်သတ္တိနှင့် ပြည့်စုံ သည့် ပစ္စည်းသဘောမျှ ဖြစ်ပါတယ်။

(၂) နာမ်ဇီဝိတိန္ဒြေ=သဟဇာတိန္ဒြိယ ပစ္စည်းသည်၊နာမက္ခန္ဓာလေး ပါးတို့၏၊ မပြတ်မစဲ ဖြစ်ပေါ်ခြင်း၌၊စောင့်ရှောက်တတ်သော အစွမ်းအားဖြင့်၊ ယှဉ်ဘက်နာမ်တရားတို့ကို အစိုးရသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်း သဘောမျှ ဖြစ်ပါသည်။

(၃) သုခိန္ဒြေ= သဟဇာတိန္ဒြိယ ပစ္စည်းသည်၊ သုခသဟဂုတ်- ကာယ ဝိညာဏ်စိတ်၌ ယှဉ်သော၊ (ဝါ) ချမ်းသာသည်၏ အဖြစ်နှင့်တကွ၊ ရုပ်ကာယ

ကိုမှီ၍ ဖြစ်သည့်စိတ်၌ ယှဉ်သော၊ ဝေဒနာတရားတို့ကို၊ (ဝါ) ခံစားမှုသဘော တို့ကို၊ အစိုးရသည်အဖြစ်ဖြင့်၊ ကျေးဇူးပြုတတ်သော ပစ္စည်းတရားသဘောမျှ ဖြစ်ပါသည်။

(၄) ဒုက္ခိန္ဒြေ= သဟဇာတိန္ဒြိယပစ္စည်းသည်၊ ဒုက္ခသဟဂုတ်– ကာယ ဝိညာဏ်စိတ်၌ ယှဉ်သော၊ (ဝါ) ဆင်းရဲသည်၏ အဖြစ်နှင့်တကွ၊ ရူပကာယကို မှီ၍ ဖြစ်သည့် စိတ်၌ယှဉ်သော၊ ဝေဒနာတရားတို့ကို၊ (ဝါ) ခံစားမှုသဘော တို့ကို၊ အစိုးရသည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းသဘောမျှ ဖြစ် ပါသည်။

(၅) သောမနဿိန္ဒြေ= သဟဇာတိန္ဒြိယ ပစ္စည်းသည်၊ သောမနဿ သဟဂုတ်စိတ် ၆၂–ပါး၌ယှဉ်သော၊ (ဝါ) သဘောကျနှစ်သက်သည်၏ အဖြစ် နှင့်တကွ၊ နာမကာယကို မှီ၍ ဖြစ်သည့် စိတ် ၆၂-ပါး၌ ယှဉ်သော၊ ဝေဒနာ တရားတို့ကို၊ (ဝါ) ခံစားမှုသဘောတို့ကို၊ အစိုးရသည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော ပစ္စည်းသဘောမျှ ဖြစ်ပါသည်။

(၆) ဒေါမနဿိန္ဒြေ= သဟဇာတိန္ဒြိယ ပစ္စည်းသည်၊ ဒေါမနဿ သဟဂုတ်စိတ် ၂-ပါး၌ယှဉ်သော၊ (ဝါ)သဘောမကျ၊ မနှစ်သက်သည်၏ အဖြစ် နှင့်တကွ နာမကာယကိုမှီ၍ စိတ် ၂–ပါး၌ ယှဉ်သော၊ ဝေဒနာတရားတို့ကို၊ (ဝါ) ခံစားမှုသဘောတို့ကို၊ အစိုးရသည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းသဘောမျှ ဖြစ်ပါသည်။

(၇) ဥပေက္ခိန္ဒြေ= သဟဇာတိန္ဒြိယပစ္စည်းသည်၊ ဥပေက္ခာ သဟဂုတ် စိတ် ၅၅–ပါး၌ ယှဉ်သော၊ (ဝါ) သဘောကျသည်လည်း မဟုတ်၊ သဘော မကျသည်လည်း မမည်၊ နှစ်သက်သည်လည်း မမည်သည်၏ အဖြစ်နှင့်တကွ၊ နာမကာယကိုမှီ၍ ဖြစ်သည့် စိတ် ၅၅–ပါး၌ ယှဉ်သော ဝေဒနာတရားတို့ကို၊ (ဝါ) ခံစားမှုသဘောတို့ကို၊ အစိုးရသည်၏ အဖြစ်ဖြင့်၊ ကျေးဇူးပြုတတ်သော ပစ္စည်းသဘောမျှ ဖြစ်ပါသည်။

(၈) သဒ္ဓိန္ဒြေ= သဟဇာတိန္ဒြိယ ပစ္စည်းသည်၊ ယုံကြည်၊ ကြည်ညို ခြင်းတို့၌ သက်ဝင်ဆုံးဖြတ်ခြင်း ကိစ္စဖြင့်၊ သမ္ပယုတ်တရားတို့၌၊ (ဝါ) ပြည့်စုံ ရမည့် တရားတို့၌၊ ပသာဒသဒ္ဓါ- ဩကပ္ပနသဒ္ဓါ- အာဂမသဒ္ဓါ– အဓိဂမသဒ္ဓါ တပါးပါး၊ သက်ဝင်အောင် အစိုးရသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းသဘောမျှ ဖြစ်ပါသည်။

(၉) သတိန္ဒြေ= သဟဇာတိန္ဒြိယ ပစ္စည်းသည်၊ မမေ့မလျော့ အောက်မေ့စေခြင်း ကိစ္စဖြင့်၊ သမ္ပယုတ်တရားတို့၌၊ (ဝါ) ပြည့်စုံရမည့် တရားတို့၌၊ မမေ့မလျော့ထိုက်သော= ဒါန, သီလ, ဘာဝနာ၊ သီလ- သမာဓိ- ပညာတို့ကို သက်ဝင်အောင် အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းသဘောမျှ ဖြစ်ပါသည်။

(၁၀) ဝီရိယိန္ဒြေ=သဟဇာတိန္ဒြိယပစ္စည်းသည်၊ရဲရင့်စွာအားထုတ်ခြင်း ကိစ္စဖြင့်၊ သမ္ပယုတ်တရားတို့၌၊ (ဝါ) ပြည့်စုံရမည့် တရားတို့ကို၊ ပြည့်စုံထိုက်သော သမ္မပ္ပဓာန် ဝီရိယလေးပါးတို့ သက်ဝင်အောင် အစိုးရသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းသဘောမျှ ဖြစ်ပါသည်။

(၁၁) သမာဓိန္ဒြေ= သဟဇာတိန္ဒြိယ ပစ္စည်းသည်၊ မပျံ့မလွင့် တည်ကြည်ခြင်း ကိစ္စဖြင့်၊ သမ္ပယုတ်တရားတို့၌၊ (ဝါ) ပြည့်စုံရမည့် တရားတို့ကို၊ ပြည့်စုံထိုက်သော ဥပစာသမာဓိ- ဈာနအပ္ပနာသမာဓိ၊ ခဏိကသမာဓိ- မဂ္ဂအပ္ပနာသမာဓိတို့ကို သက်ဆိုင်ရာတို့၌ အစိုးရသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းသဘောမျှ ဖြစ်ပါသည်။

(၁၂) ပညိန္ဒြေ= သဟဇာတိန္ဒြိယ ပစ္စည်းသည်၊ ပိုင်းခြားသိမြင်ခြင်း ပညာ၊ ဖေါက်ထွင်းသိမြင်ခြင်း- ဉာဏ်တည်းဟူသော သိမြင်ခြင်း ကိစ္စဖြင့်၊ သမ္ပယုတ်တရားတို့၌၊ (ဝါ) ပြည့်စုံရမည့်တရားတို့၌၊ ပြည့်စုံထိုက်သော ကမ္မသကတာ- သမ္မာဒိဋ္ဌိဉာဏ်မှစ၍ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် အလယ်, မဂ်ဖိုလ်ဉာဏ်တို့ဝယ် အဆုံးရှိသော တရားတို့၌ အစိုးရသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းသဘောမျှ ဖြစ်ပါသည်။

အထက်ပါ ၁၂-ပါးသော နာမ်ဣန္ဒြေတရားတို့ကို၊ ကံသည် ပြုတတ်, စီရင်တတ်, ဖြစ်စေတတ်သော အကြောင်းအပေါင်းတို့ စုံညီသည်နှင့် တပြိုင်နက် ဣန္ဒြိယပစ္စည်းသဘောအားဖြင့် ကျေးဇူးပြုတတ်သော သဘောမှ လွဲ၍ ငါမရှိ၊ ငါ့စိတ်မရှိ၊ ငါ့အသိမရှိ၊ ငါခံစားသည် မရှိ၊ ငါသိအောင် ပြုသည် မရှိပုံမှာ- သိသာ ထင်ရှားလှပါတော့သည်။ တစုံတခုသော ဣန္ဒြေတရားကိုမျှ၊ ဖြစ်တတ်, ဖြစ်စေတတ်, စီရင်တတ်သော ပုဂ္ဂိုလ်,သတ္တဝါ မရှိပါ၊ ဟေတုတည်းဟူသော အကြောင်းကံတို့၏ ပစ္စည်း, ပစ္စယုပ္ပန်သဘောအားဖြင့်၊ အကြောင်းမကောင်းသမျှ အကျိုးတွင်း ဝတ္တမာန်သဘောမျှကို ယုံမှားမရှိ သိအပ်ပါတော့သည်။

## ''ပုရေဇာတိန္ဒြိယ ပစ္စည်း''

ပုရေဇာတိန္ဒြိယ ပစ္စည်းဆိုတဲ့ သဘောအနက် အဓိပ္ပါယ်မှာ၊ မဖြစ်သေးသည်မှ ဖြစ်စေခြင်းကို၊ အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စယသတ္တိသဘောကို ဆိုလိုပါသည်။ ပုရေဇာတ–သဘောက၊ ပုရေ– ရှေးဦးစွာ၊ ဇာတ-ဖြစ်ခြင်း၌၊ ဣန္ဒြိယ–အစိုးရသည်၏အဖြစ်ဖြင့်၊ ပစ္စယော– အကြောင်းခံမှု ကျေးဇူးပြုတတ်သောတရားဟူ၍ သိမှတ်ရပါသည်။ ထိုသို့– မဖြစ်သေးသော တရားကို ရှေးဦးစွာ ဖြစ်အောင် အစိုးတရကျေးဇူးပြုတတ်တဲ့ ပစ္စယသတ္တိဆိုသည်မှာ၊ အခြားတပါးသော အဘာဝသဘောမှ ပေါ်လာ ကျေးဇူးပြုသော တရားမဟုတ်ပါ၊ အကြင့်သတ္တဝါဟု ခေါ်ဝေါ်ခြင်းငှါထိုက်သော ဝင့်သားသတ္တဝါဟူသော အတ္တဘောကို ရကြောင်း သမုဒယအပေါင်းဖြင့် စုတိ–ရှေ့လျောကျသော ရုပ်နာမ်ခန္ဓာသည်၊ ထို-သမုဒယအကြောင်းအပေါင်းတို့ကြောင့် စုတိစိတ်၏ ဤမှာဘက်၌ ပဋိသန္ဓေဝိညာဏ်စိတ်ဟူ၍၊ ကံ၏ပစ်ချရာ– ဂဗ္ဘသေယျက–သတ္တဝါအားဖြင့် သက်ဝင်ငြားအံ့၊ အမိဝမ်းရင်– သားအိမ်အပြင်၌၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်နှင့်အတူ–ကမ္မရုပ်တည်းဟူသော ကလလရေကြည် အမည်ရသည့် ကမ္မဇရုပ်တို့သည် သက်ဝင်ရဟော့၏။ ဤသို့- ရှေးဦးစွာ ကမ္မဇရုပ်စတင်ဖြစ်ရခြင်းသည် ပုရေဇာတိန္ဒြိယပစ္စယသတ္တိကြောင့် ဖြစ်ပါသည်။ ဤပစ္စယသတ္တိ ဖြစ်သော ကမ္မဇရုပ်တို့ မဖြစ်သေးသည်ကို ဖြစ်အောင် အစိုးတရကျေးဇူးပြုနိုင်သည့်အကြောင်းရှိ စွမ်းရည်သည် အဘာဝမဟုတ်၊ သတ္တဝါလဲ မဟုတ်ပါ၊ စုတိစိတ်၏ ချုပ်ပြီးခဏ၌၊ နောက်တဥပါဒ်, ပဋိသန္ဓေစိတ်သည်၊ ဆက်စပ်စရာ(ဝါ) ဖြစ်အပ်စရာ၊ သမုဒယသစ္စာ ထိုက်လာသည့် ကံကြောင့်သာ ပဋိသန္ဓေစိတ်ဖြစ်ခဲ့ရခြင်း ဖြစ်ပါသည်။ တို့ကြောင့်– အဘာဝမဟုတ်၊ အကြောင်းမကင်းသည်ဖြင့် ပဋိသန္ဓေစိတ်ဟူသော ဝိညာဏ်နှင့် ရုပ်, တဖန်- ဆက်စပ်၍ ပြန်ပေါင်းထုတ်ရမည့်သဘောသို့ သက်ဝင်ရပါတော့သည်၊အကယ်၍=သမုဒယသစ္စာထိုက်ကောင်းသည့် အကြောင်းကင်းသော ဘုရားရဟန္တာတို့၏ စုတိစိတ်သာ ဖြစ်ရှိချုပ်ငြိမ်းခဲ့ရပါက၊ ပဋိသန္ဓိစိတ်ဟူ၍– ဆက်စရာမသော့– ဆက်ရန်မရှိသော အကြောင်းကင်းသော အပစ္စယဝိညာဏ်သာပေါ်၍ ပရိနိဗ္ဗာန် စံတော်မူရန်သာ ဖြစ်ပါသည်။ ထိုသို့–သမုဒယသစ္စာထိုက်သော ကံအကြောင်း အပေါင်းကြောင့် စုတိ၏ ဤမှာဘက်၌ ပဋိသန္ဓိ ဝိညာဏ် အဆက်ခံရလျှင်မူ၊ ပဋိသန္ဓေစိတ်– ဥဒါဒ်ခဏနှင့် တပြိုင်နက်၊ ဆိုင်ရာ ကမ္မပစ္စယ ဘုံဌာနအလျောက် ကမ္မဇရုပ်တို့သည် မဖြစ်သေးသည်မှ–ရှေးဦးစွာ, သက်ဝင်ဖြစ်ရှိမည်မှာ၊ဣန္ဒ–မည်၍ အစိုးရသော

က်၏အကျိုးကို လွှဲဖယ်နိုင်မှုမျိုးမရှိနိုင်အောင် မဖြစ်သေးသည်ကို၊ ရှေးဦးစွာ ဖြစ်အောင် အစိုးတရကျေးဇူးပြုတတ်သော ဇနကသတ္တိ အထောက်အပံ့ရှိသည် ဖြစ်၍၊ ပုရေဇာတိန္ဒြိယ ပစ္စယသတ္တိသည် အဘာဝမဟုတ်၊ သဘာဝ အကြောင်း နှင့်တကွ သက်ဝင်ရအောင် အစိုးတရ ကျေးဇူးပြုတတ်သော အကြောင်းရှိစွမ်း ရည်သတ္တိ-အမှန်ရှိသောတရား ဖြစ်ပါသည်။

ထိုကြောင့်- ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်ခဏ၌ သက်ဝင်အပ်သော ကလလရေကြည်ခေါ် ကလာပ်စီးသုံးသွယ်- ရုပ်သုံးဆယ်တို့သည်၊ ဖြစ်-ခဏ ငယ်-၁၊ ဌီ-ခဏငယ်-၄၉၊ ပျက်-ခဏငယ်-၁, အားဖြင့်- စိတ္တုပ္ပါဒ်သင်္ခါတ် နှင့်ပြုစီရင်ခံရရာ၊ တည့်ခဏငယ်-၄၉-ချက်မှာ၊ထိုပဋိသန္ဓေအဖြစ် ရုပ်ကလာပ် ၃-စီး အရှိပြီးလာတော့၊ အဲဒီ-ရုပ်ကလာပ်ထဲမှာပါတဲ့- ဥတုသဘောကနေပြီး၊ ခဏငယ် ၄၅-ချက်အတွင်းမှာ၊ ထိုက်သင့်သမျှ ဥတုဇ ရုပ်ကလာပ်တို့သည်လဲ- ပုရေဇာတိန္ဒြိယ ပစ္စယသတ္တိကြောင့်၊ ဥတုဇရုပ်ကလာပ်ရယ်လို့ သီးခြားမဖြစ်ရှိ မှီမှ- ပဋိသန္ဓေစိတ်၏-ရုပ်ခဏငယ်၊ ဌီ-၄၉-ချက်အတွင်းမှာ၊ ကမ္မဇ ဥတုကို အမှီရပြီး၊ပုရေဇာတ ပစ္စယသတ္တိဖြင့် ကံသည်ပင် ဣန္ဒြိယအစိုးရသည်အဖြစ်ဖြင့် ဖြစ်စေရန် ကျေးဇူးပြုသော အကြောင်းရှိစွမ်းရည်၊ (ဝါ) ကမ္မဇကလာပ်မှာ ဥတုကိုအမှီပြုသော အကြောင်းရှိစွမ်းရည်ဖြင့်၊ မူလကမ္မဇရုပ်ကလာပ်မျှကနေ- ဥတုဇရုပ်ကလာပ်တွေကို ဖြစ်စေ-ရစေလာပါတော့သည်။ ဒါတွင် မကသေး ပါဘူး၊အဲဒီ-ပဋိသန္ဓေစိတ်က ဥပါဒ်-ဌီ-ဘင်- ခဏငယ်သုံးချက်သာ ခံပြီးနောက် တဥပါဒ်ဆိုတဲ့-ပဝတ္တိဝိညာဏ်ဆိုပြီး ဆက်ဖြစ်ရပြန်တော့၊ အဲဒီ-နောက်တဥပါဒ် အစကနေပြီး စိတ်ကြောင့်ဖြစ်တဲ့- ကမ္မပစ္စယ, စိတ္တဇ ရုပ်ကလာပ်တို့သည်လဲ- ပုရေဇာတိန္ဒြိယ ပစ္စယသတ္တိကြောင့်၊(ဝါ) ရှေးဦးစွာဖြစ်ခြင်း၌ အစိုးတရ ကျေး ဇူးပြုခြင်းကြောင့်၊ စိတ္တဇရုပ်ကလာပ်တွေလဲ အဆက်မပြတ် ဖြစ်ပွားရပါတော့ တယ်။ နောင်မှာလဲ ကလလရေကြည်-အမြှုပ်-အသွေး-အသား-လေးသတ္တဟ (၇) ရက် ၄-ပတ်၊ ၅-ပတ်အတွင်းမှာလဲ အမိရဲ့ဝါးမျိုအပ်သော အာဟာရကို အကြောင်းခံရသည်ဖြစ်၍၊ အာဟာရဇ ရုပ်တွေကိုလဲ- ပုရေဇာတိန္ဒြိယ- ပစ္စယ သတ္တိကြောင့် ဖြစ်ရှိရတော့က၊ သမုဋ္ဌာန်လေးခု- အကြောင်းစု၍၊ အဆက် မပြတ်- ရုပ်ကလာပ်တို့ ဖြစ်ပေါ်နေရမှုကြောင့်၊ ပုရေဇာတိန္ဒြိယ ပစ္စည်းထိုက် သော တရားကိုယ်တို့၏အဖြစ်ကို အသီးသီးသက်ဝင်ရပါတော့သည်။

ထို့ကြောင့်-ပုရေဇာတိန္ဒြိယ ပစ္စည်း၏ တရားကိုယ်မှာ၊ စက္ခုန္ဒြေ၊ သော တိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေငါးပါး- ရုပ်တရားများဖြစ်ကြပါတယ်။

တနည်းအားဖြင့်လဲ၊ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ-ရုပ်တရားတို့ဖြစ်ကြပါသည်။ အဲဒီ-ပုရေဇာတိန္ဒြိယပစ္စည်းဖြစ်တဲ့-ရုပ်တရားကိုယ်တို့မှ၊ အစိုးရသည်၏အဖြစ် ကျေးဇူးပြုသောကြောင့်- ဖြစ်ပေါ်တတ်သော ပစ္စယုပ္ပန်တရားတို့မှာ၊ ဒွေပဉ္စဝိညာဏ်စိတ်- တဆယ်နှင့် သဗ္ဗစိတ္တသာဓာရဏ-စေတသိက် (၇) ပါးတို့ ဖြစ်ကြပါသည်။ ၎င်းကို သိသာရန်မှာ၊ (၁) ရူပါရုံနှင့်တိုက်ဆိုင်၍ ပေါ်အပ်သော စက္ခုဝိညာဏ်-မြင်သိစိတ်၊ (၂) ရူပါရုံလျှင် အကြောင်းခံရှိသော မနောဝိညာဏ် မြင်သိစိတ်၊ (၃) သဒ္ဒါရုံနှင့် တိုက်ဆိုင်၍ ပေါ်အပ်သော သောတဝိညာဏ်- ကြားသိစိတ်၊ (၄) သဒ္ဒါရုံလျှင် အကြောင်းရှိသော- မနောဝိညာဏ်-မြင်သိစိတ်၊ (၅) ဂန္ဓာရုံနှင့် တိုက်ဆိုင်၍ ပေါ်အပ်သော ဃာနဝိညာဏ်-နံသိစိတ်၊ (၆) ဂန္ဓာရုံလျှင် အကြောင်းရှိသော မနောဝိညာဏ် နံသိစိတ်၊ (၇) ရသာရုံနှင့် တိုက်ဆိုင်၍ ပေါ်အပ်သော ဇိဝှါဝိညာဏ် စားသိစိတ်၊ (၈) ရသာရုံလျှင် အကြောင်းရှိသော- မနောဝိညာဏ် စားသိစိတ်၊ (၉) ဖောဋ္ဌဗ္ဗာရုံနှင့် တိုက်ဆိုင်၍ပေါ်အပ်သော- ကာယဝိညာဏ် ထိသိစိတ်၊ (၁၀) ဖောဋ္ဌဗ္ဗာရုံလျှင် အကြောင်းရှိသော- မနောဝိညာဏ် ထိသိစိတ်-တို့ကို၊ ဒွေပဉ္စဝိညာဏ်စိတ် (၁၀)လို့ ရေတွက်ရပါသည်။ စိတ်တိုင်းနှင့် အမြဲယှဉ်သော စေတသိက် (၇) ပါးဆိုသည်မှာ၊ ဖဿ- ဝေဒနာ- သညာ- စေတနာ-ဧကဂ္ဂတာ-ဇီဝိတိန္ဒြေ-မနသိကာရ-စေတသိက်တို့ ဖြစ်ပါသည်။ဤသို့ ပုရေဇာတိန္ဒြိယပစ္စည်းဖြစ်သော အဇ္ဈတ္တပသာဒရုပ်ငါးပါးတို့မှ ရှေးဦးစွာ ဖြစ်ခြင်း၌၊ (ဝါ) မဖြစ်သေးမှီ-ဖြစ်စေရန်အကြောင်းအဖြစ်၊အစိုးတရကျေးဇူးပြုသောကြောင့် ဖြစ်ပေါ်အပ်သော ပစ္စုပ္ပန်တရားတို့ကိုလည်း ပိုင်းခြား၍ သိအပ်ရပါသည်။ ကျေးဇူးပြုပုံသဘောသွားတို့မှာ....၊

(၁) စက္ခုန္ဒြေ- ပုရေဇာတိန္ဒြိယ ပစ္စည်းသည်၊ စက္ခုသမ္ဖဿအားဖြင့်- စက္ခုဝိညာဏ်မြင်သိစိတ်ဖြစ်ရန်၎င်း၊မနောသမ္ဖဿအားဖြင့် မနောဝိညာဏ် မြင်သိစိတ်ဖြစ်ရန်၎င်း၊ အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောပစ္စည်းတရားဖြစ်ပါသည်။

(၂) သောတိန္ဒြေ-ပုရေဇာတိန္ဒြိယပစ္စည်းသည်၊ သောတသမ္ဖဿအားဖြင့်၊ သောတဝိညာဏ် ကြားသိစိတ်ဖြစ်ရန်၎င်း၊ မနောသမ္ဖဿအားဖြင့် မနောဝိညာဏ်ကြားသိစိတ်ဖြစ်ရန်၎င်း၊ အစိုးရသည်၏အဖြစ်ဖြင့်ကျေးဇူးပြုတတ်သော ပစ္စည်းဖြစ်ပါသည်။

(၃) ဃာနိန္ဒြေ-ပုရေဇာတိန္ဒြိယ ပစ္စည်းသည်၊ ဃာနသမ္ဖဿအားဖြင့်- ဃာနဝိညာဏ်နံသိစိတ်ဖြစ်ရန်၎င်း၊ မနောသမ္ဖဿအားဖြင့် မနောဝိညာဏ် နံသိ

စိတ်ဖြစ်ရန်၎င်း၊ အစိုးရသည့်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းတရားဖြစ်ပါသည်။

(၄) ဇိဝှိန္ဒြေ-ပုရေဇာတိန္ဒြိယပစ္စည်းသည်၊ ဇိဝှါသမ္ဘာသအားဖြင့် ဇိဝှါဝိညာဏ် စားသိစိတ်,ရသဓါတ်ပေါ်မှုဖြစ်ရန်၎င်း၊မနောသမ္ဘာသအားဖြင့် မနောဝိညာဏ် စားသိစိတ်- ရသဓါတ်ပေါ်မှုဖြစ်ရန်၎င်း၊ အစိုးရသည့်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းတရား ဖြစ်ပါသည်။

(၅) ကာယိန္ဒြေ-ပုရေဇာတိန္ဒြိယပစ္စည်းသည်၊ ကာယသမ္ဘာသအားဖြင့် ကာယဝိညာဏ် ထိသိစိတ်ဖြစ်ရန်၎င်း၊ မနောသမ္ဘာသအားဖြင့် မနောဝိညာဏ် ထိသိစိတ်ဖြစ်ရန်၎င်း၊ အစိုးရသည့်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းတရားဖြစ်ပါသည်။

အဲဒီလို-ရုပ်အဇ္ဈတ္တိကဓမ္မ- ဣန္ဒြေသဘောမှာရော၊ ပြဆိုပြီးခဲ့တဲ့- နာမ်အဇ္ဈတ္တိကဓမ္မ- ဣန္ဒြေသဘောမှာရော၊ ဓါတ်ကြီးလေးပါးမျှဖြစ်သော (ဓါတ် ၆-ပါးမျှဖြစ်သော) (ဓါတ် ၁၈-ပါးမျှဖြစ်သော)စိတ်-၁၊ စေတသိက်-၅၂၊ ရုပ်-၂၈-အားဖြင့် (ဓါတ်-၈၁-ပါးမျှဖြစ်သော)အဇ္ဈတ္တ-ဗဟိဒ္ဓတရားတို့ဟာ၊ မိမိဆိုင်ရာ ဓါတ်, ပရမတ်သဘော,ပစ္စည်းတရားအရ၊ကျေးဇူးပြုသည်၏ အစွမ်းဖြင့်–ခဏတ္တယပစ္စုပ္ပန်=ကမ္မ,စိတ္တ,ဓမ္မ-နိယာမ, သစ်တသဘောမှလွဲ၍၊ ပုဂ္ဂိုလ်, သတ္တဝါ, တွဲယှဉ်ပါဝင်စရာ မရှိကြောင်းကို၊ ညက်စွာထောင်းပြီးသော ပြေပ်သီးတွင် အစေ့, အခွံ, အညှာဟူ၍ ရှာမရဘိသကဲ့သို့၊ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ, ငါမရှိ– ငါမဟုတ်၊ ရှာဖွေထုတ်၍ မရသောသဘောကို၊ "ဣန္ဒြိယဌ"သဘောသို့တိုင်အောင် ကျေညက်စွာ ချေဖျက်အပ်သည်ရှိသော်၊ အကြင်, သဿတဒိဋ္ဌိသည်၎င်း၊ သက္ကာယဒိဋ္ဌိသည်၎င်း၊ အမြင်အသိမရှိ၊ စွဲစရာမငြိတော့ပါတကားဟု ပိုင်းခြားထိုးထွင်း၍ အသိရှင်းရပါတော့သည်။

အဲဒီ= အဇ္ဈတ္တိက ရုပ်ဣန္ဒြေငါးပါးသည်၊ အဇ္ဈတ္တိက ရုပ်အနေအားဖြင့်၎င်း၊ ဣန္ဒြေအနေအားဖြင့်၎င်း-သက်ဝင်ပါတယ်။ ဟဒယဝတ္ထုရုပ်မှာ မနိန္ဒြေ၏မှီရာသာဖြစ်၍၊ မနိန္ဒြေသည်သာ ဣန္ဒြေအရာမှာ သက်ဝင်ပြီး၊ဟဒယဝတ္ထုရုပ်မှာ မပါဝင်ကြောင်းသိပါ။ နာမ်ဣန္ဒြေ ၁၂–ပါးနှင့်ရုပ်ဣန္ဒြေငါးပါးတို့ကို ဣန္ဒြိယပစ္စည်းသဘောအဖြစ် ခွဲခြားပြဆိုပြီးပါပြီ။ ပေါင်း(၁၇)ပါးရှိသွားပြီဖြစ်ပါသည်။ ဣတ္ထိန္ဒြေနဲ့ ပုရိသိန္ဒြေနှစ်ပါးသည်၊ ဣန္ဒြေဟူသော အမည်ကိုရရှိသော်လည်း၊ ဣန္ဒြိယပစ္စည်းအနေအားဖြင့်မှု မပါဝင်နိုင်ပါ၊ ဘာ့ကြောင့်ဆိုသော်=

ထို-ဣန္ဒြေနှစ်ပါးသည်၊ကျား, မ, အသွင် အမူအရာမျှကို အစိုးရသည် မှန်သော်လည်း၊ ပရမတ်ဆတ်ဆတ်မှ ဓါတ်သဘောမဟုတ်၊ ကံအရ ဇာတ်သဘောသာဖြစ်ပြီး၊ သမုတိသစ္စာမှီး၍ သမုတ်ထားသော ပညတ်တရားသာ ဖြစ်ပါသည်။ ပညတ်တရားတို့သည် မိမိတို့ကိုယ်ပိုင်, ကိုယ်တိုင်, ဖြစ်ပေါ်ဥပါဒ်ခြင်းသဘော မရှိ၍၊ ပစ္စယုပ္ပန်တရားစုတွင် မပါဝင်နိုင်ပါ။ ဒါ့ကြောင့်– ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေနှစ်ပါးသည် ကျေးဇူးပြုရန်၊ ပစ္စုပ္ပန် မရှိသောကြောင့်- ဣန္ဒြိယပစ္စည်းတွင်လည်း မပါဝင်နိုင်ကြခြင်း ဖြစ်ပါသည်။ ကံအစရှိသည်တို့ကြောင့် ပြီးခြင်း၊ ပရမတ္ထတရားတို့နှင့် သဟဇာတ, ဥပနိဿယထိုက်ခြင်းတို့ကြောင့်သာ ဣန္ဒြေဟူသော အမူအရာ ဗျာပါရနှင့် သဘာဝ, မနသိကာရအစဉ်ကို အစိုးရခြင်းသဘောကြောင့်သာ ဣန္ဒြေဟူ၍ အမည်ရခြင်းမျှ ဖြစ်ကြရပါသည်။

သဟဇာတိန္ဒြိယပစ္စည်း နာမ်ဣန္ဒြေ ၁၂၊ ပုရေဇာတိန္ဒြိယ ပစ္စည်း ရုပ်ဣန္ဒြေ-၅၊ ဣန္ဒြိယပစ္စည်းမထိုက်သော ဘာဝိန္ဒြေ-၂၊ ပေါင်း (၁၉) ပါးသော ဣန္ဒြေတရားတို့၏ သဘောသွားကို ပြပြီးသွားပါပြီ။ ကျန် ဣန္ဒြေ(၃)ပါးမှာ....

(၁) အနညာ တညဿာမိတိန္ဒြေ၊ (၂) အညိန္ဒြေ၊ (၃) အညာတာဝိန္ဒြေတို့ဖြစ်ကြပါတယ်။ အဲဒီ– ဣန္ဒြေ သုံးပါးကို၊ အကျိုး,ပညာ,ဣန္ဒြေသုံးပါးလို့ ခေါ်ပါတယ်၊ နာမ်ဣန္ဒြေ ၁၂–ပါးတွင် ပါဝင်ခဲ့သော ပညိန္ဒြေကို တပါတည်း တွဲယှဉ်ပြရင် ပညာဣန္ဒြေလေးပါးလို့လဲ ကောက်ယူလို့ ရပါတယ်၊ ပညိန္ဒြေရိုးရိုးကတော့ အကြောင်းပညိန္ဒြေလို့ သိမှတ်ရပါမယ်၊ ဒီတော့– အကြောင်းပညိန္ဒြေက စပြီး– အကျိုး ပညိန္ဒြေအထိ သဘောတခုစီကို ရှင်း၍ ကြည့်ကြပါဦးစို့....

(၁) လောကီတိဟိတ်စိတ်(၃၉)ပါး၌ယှဉ်သော ပညာကို (ပညိန္ဒြေ) ဟု ခေါ်ပါသည်။

(၂) သောတာပတ္တိမဂ်၌ ယှဉ်သော ပညာကို (အနညာ တညဿာမိတိန္ဒြေ)ဟု ခေါ်ပါသည်။

(၃) လောကုတ္တရာ- အလယ်စိတ် ၆–ခု တို့၌ ယှဉ်သော ပညာကို (အညိန္ဒြေ)ဟု ခေါ်ပါသည်။

(၄) အရဟတ္တဖိုလ်စိတ်၌ ယှဉ်သော ပညာကို (အညာတာဝိန္ဒြေ)ဟု ခေါ်ပါသည်။

(အရကောက်အားဖြင့် မှတ်သားရန်)

(၁) ပညိန္ဒြေ = တိဟိတ် ပဋိသန္ဓေ ကမ္မဇပညာနှင့် ဝိပဿနာ သမ္မာဒိဋ္ဌိပညာတို့ကို ယူရပါမည်။

(၂) အနညတညဿာမိတိန္ဒြေ= သောတာပတ္တိ မဂ်စိတ်ကို ကောက်ယူ ရပါမည်။

(၃) အညိန္ဒြေ = သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်, ဖိုလ်၊ အရဟတ္တမဂ်စိတ် ၆-ပါးကို ယူရပါမည်။

(၄) အညာတာဝိန္ဒြေ = အရဟတ္တဖိုလ်စိတ်ကို ကောက်ယူရပါမည်။

အဲဒီလို- ပညာအားဖြင့် ပညိန္ဒြေ,လေးပါး=လောကုတ္တရာ ဣန္ဒြေအားဖြင့် သုံးပါးတို့ကို ခွဲခြားသိ၍၊ ပြဆိုခဲ့ပြီး(၁၉)ပါးနှင့် ပေါင်းသော်၊ ဣန္ဒြေ (၂၂)ပါးပြည့်ပြီးသွားပါပြီ။ ဒါပေမဲ့ - ဇီဝိတိန္ဒြေမှာ- ရုပ်, နာမ်, နှစ်စားအားဖြင့် ကွဲပြားခဲ့ရာ၊ နာမ်ဇီဝိတိန္ဒြေကိုသာ ပြခဲ့ရပါသေးသည်။ ရုပ်ဇီဝိတိန္ဒြေ သဘော ကျန်နေသေးရာ၊ ထို- ရူပဇီဝိတိန္ဒြိယသဘောကို အနည်းငယ် ပြပါဦးမည်။

ရူပဇီဝိတိန္ဒြိယရဲ့ ပစ္စည်းသရုပ်မှာ၊အလုံးစုံသော ရုပ်ဇီဝိတသဘောသည်၊ ရူပဇီဝိတိန္ဒြိယရဲ့ ပစ္စည်းသရုပ်ဖြစ်ပါသည်။ ပစ္စယုပ္ပန်သဘောသရုပ်မှာ၊ ရူပဇီဝိတိန္ဒြေကြည်တဲ့ ကလာပ်တူ ကမ္မဇ ရုပ်ဟူသမျှသည်၊ ရူပဇီဝိတိန္ဒြိယ ပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ဖြစ်ပါသည်။ ဒီရူပဇီဝိတိန္ဒြိယပစ္စည်းသရုပ်က ပစ္စယုပ္ပန် ကမ္မဇရုပ်တို့ကို၊ ဘယ်လို အစိုးရသည်အဖြစ်နဲ့ ကျေးဇူးပြုတတ်သလဲဆိုတော့၊ (ဥပမာ) စက္ခုဒသကကလာပ်မှာ ကမ္မဇရုပ်ပေါင်း (၁၀)ခုရှိရာ၊ ဇီဝိတရုပ်ဟာ- မိမိနဲ့ အတူတကွဖြစ်ပေါ်တဲ့ ကမ္မဇရုပ် ၉-ခုတို့အပေါ်မှာ၊ ရှင်စေခြင်းသတ္တိနဲ့ အုပ်စိုး ကျေးဇူးပြုတတ်တဲ့ သဘောမျှ ဖြစ်ပါသည်။ ရူပဇီဝိတိန္ဒြိယရဲ့ ကျေးဇူးပြုမှု သဘောကြောင့်သာ၊ ပစ္စယုပ္ပန်ဖြစ်တဲ့-ကမ္မဇရုပ် ၉-ခုတို့ဟာ အသက်ရှိသော ပမာသို့၊ ဥပါဒ်,ဌီ,ဘင်္ဂ အဖြစ်ကို ဓမ္မနိယာမနှင့်အညီ၊ မြဲသောအစဉ်အလာအားဖြင့် ဖြစ်ပွားနေကြရခြင်းဖြစ်ပါသည်။ ဇီဝိတိန္ဒြိယရုပ်သဘောဟာ ကလာပ်တူ ကမ္မဇရုပ်အချင်းချင်းအပေါ်မှာ၊ အစိုးတရကျေးဇူးပြုမှုသဘောမျှ သက်သက် ဖြစ်ပါတယ်၊ နာမ်ဇီဝိတိန္ဒြိယသဘောမှာလဲ ထိုသဘောမှာကဲ့သို့ ယှဉ်ဘက် ပစ္စယုပ္ပန် နာမ်တရားစုကို ကျေးဇူးပြုတတ်တဲ့သဘောလို့သိရင်၊ဒီကမ္မဇရုပ်,နာမ် ဥပါဒါနက္ခန္ဓာ-နိပ္ဖန္နရုပ်နှင့် နာမ်သဘောတို့ဟာ ကံတည်းဟူသော စိုးပိုင်သူ

ပုဂ္ဂိုလ်,သတ္တဝါမဟုတ်သောအကြောင်းတရားတို့၏ ပစ္စည်း,ပစ္စယုပ္ပန်-ဓာတ္တယ ဖြစ်ပျက်ဟန်တို့ကို ဉာဏ်ဖြင့် ပိုင်းခြားသိထားအပ်သင့်ပါသည်။ တချက်အားဖြင့် သိရှိရန်မှာ....

(၁) ပစ္စယုပ္ပန်ဆိုသည်မှာ။ ။ပစ္စည်း တရားတပါး၏ ကျေးဇူးပြုမှုကြောင့် ဖြစ်ပေါ်တတ်သော (ဝါ) ကျေးဇူးပြုခံရသော တရားကိုယ် တရားစုကို ခေါ်ပါသည်။

(၂) ပစ္စုပ္ပန်ဆိုသည်မှာ။ ။ပစ္စည်း တရားများတို့၏ အကြောင်းအပေါင်းတို့နှင့် ထိုက်သင့်သည့် အားလျော်စွာ ဖြစ်ပေါ်လာသော ခဏယ်အတွင်းဝင်သည့် ပစ္စက္ခ ဥပ္ပါဒက္ခဏ သဘောတို့ကို ခေါ်ဆိုပါသည်။

ယခုအခါ ဣန္ဒြေ ၂၂-ပါးတို့ကို ဣန္ဒြိယပစ္စည်းအနေအားဖြင့် ပိုင်းခြားဝေဘန်ပြဆိုပြီး၍၊ မူလပြဆိုခဲ့သော ဒေသနက္ကမ အစဉ်သဘောကို ပြန်၍ဆက်ပြပါဦးမည်။

(၁) ဣန္ဒြေ(၂၂)ပါးတို့ကို၊(၉+၅+၅+၃)အကန့်လေးကန့်သဘောကိုကြည့်ပါလျှင်၊စက္ခုန္ဒြေ၊သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊မနိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတိန္ဒြေလို့ အဇ္ဈတ္တိကဓမ္မသဘောကို တွေ့ရပါမယ်။

(၂) သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ဥပေက္ခိန္ဒြေဆိုပြီး ခံစားမှုဝေဒနာ ဣန္ဒြေငါးပါးသဘောကိုလဲ တွေ့ရပါမယ်။

(၃) သဒ္ဓိန္ဒြေ၊ သတိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ-ဆိုပြီး၊ ယုံကြည်အောက်မေ့, အားထုတ်,တည်ကြည်,ပညာသိမည်သော- ဗောဓိပက္ခိယဝင် ဣန္ဒြေငါးအင်ကိုလဲ တွေ့ရပါမယ်။

(၄) အနညတညဿာမိတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေဆိုပြီး၊မဂ်, ဖိုလ်, ဆိုတဲ့- သုံးပါးသော လောကုတ္တရာ ဣန္ဒြေသဘောကိုလဲ တွေ့ရပါမယ်။

ဒီတော့–ပဌမအကန့်ဖြစ်တဲ့- အဇ္ဈတ္တိကဓမ္မ-ကိုးပါးသော ဣန္ဒြေတရားများကိုကြည့်လျှင်၊ စက္ခု-သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန၊ ဣတ္ထိ၊ ပုရိသ၊ ဇီဝိတ–ဆိုတဲ့ ဣန္ဒြိယပစ္စည်းမျှဖြစ်တဲ့တရားတွေဟာ ပုဂ္ဂိုလ်, သတ္တဝါ- မဟုတ်ပါဘူး၊ ရုပ်ပစ္စယ–နာမ်ပစ္စယ–နှစ်ပါးသာ ဖြစ်ပါသည်။ ဣန္ဒြမည်သော (ဝါ) အစိုးရခြင်းသဘောရှိသော ကံသည် ဝိပါက်၏သဘောဖြင့်၊ ပြတတ်,စီရင်တတ်,

သိစေတတ်သောကြောင့်၊ မျက်လှည့်အပြခံရသည့်ပမာ= ယောကျ်ား, မိန်းမ, အသက်လိပ်ပျာလို့ ထင်မှတ်စွဲယူနေကြရတယ်ဆိုတာ ထင်ရှားပါတယ်။ အဲဒီ- အဇ္ဈတ္တိကဓမ္မ-ဣန္ဒြိယဋ္ဌသဘောကို၊ အာယတန,နည်းနဲ့ကြည့်ကြည့်၊ဓါတ်နည်းနဲ့ ကြည့်ကြည့်၊ ဣန္ဒြေနည်းနဲ့ဆန်းစစ်,ဆန်းစစ်၊ ပစ္စည်း- ပစ္စယသဘောကလွဲ၍၊ အတုံး, အလုံး, အခဲ, အထည်, ဒြပ်, သဏ္ဌာန်မရှိပါ၊ အဲဒီ-အဇ္ဈတ္တိက ဣန္ဒြေ ကိုးပါး-ရုပ်နာမ်, နှစ်ပါးကို ဣန္ဒြေထိုက်သင့်ရာကိုသာ ပြဆိုပါသော်လည်း၊ ရုပ် သဘောမှာ ဇီဝိတသဘောကိုသာ ကမ္မဇရုပ်ကို အစိုးရခြင်းနှင့်တကွ ပြဆို သော်လည်း၊ စိတ္တဇရုပ်-ဥတုဇရုပ်- အာဟာရဇရုပ်တို့သည်လည်း၊ သဟဇာတ- အာဟာရပစ္စည်းအားဖြင့် ပါဝင်ပြီးဖြစ်ကြောင်း သိပါ။ စိတ္တဇရုပ်- ဥတုဇရုပ်- အာဟာရဇရုပ်တို့မှာ၊ ဣန္ဒြိယပစ္စည်းတော့ မဟုတ်ပါ။ မိမိဆိုင်ရာ ပစ္စည်းသဘော နှင့်တကွ၊ ဇီဝိတိန္ဒြိယကမ္မဇရုပ်တို့ကို ဥပတ္ထမ္ဘက သဘောဖြင့် သက်ဝင်ဆောင် ကြကုန်သည်ဟု သိရာပါသည်။ မနိန္ဒြေနှင့် နာမ်ဇီဝိတသဘောမှာလည်း သမ္ပ ယုတ်- စိတ်, စေတသိက်, ရုပ်တို့ဘွင် မိမိဆိုင်ရာ ပစ္စည်းများနှင့်တကွဖြစ်ဘက်၌ အစိုးတရ ကျေးဇူးပြုတတ်သော သဘောဟူ၍ သိပါ။ ထိုသို့- ရုပ်,နာမ်, နှစ်ပါး ဣန္ဒြေကိုးစား ပစ္စည်းတရားများသည် မိမိသဘောမိမိ- ဣန္ဒြေ၏ အဖြစ်သို့ ကံ တည်းဟူသော အကြောင်းတရားတို့ကြောင့် သက်ဝင်ကြကုန်သည် ရှိသော်၊ ဒုတိယအကန့်ဖြစ်သော ဝေဒနိန္ဒြေငါးပါးတို့သည် ပစ္စုပ္ပန် ခဏတ္တယ အားဖြင့်၊ စက္ခု- သောတစသော ဣန္ဒြေတို့၏ အထက်, အနံ့ သဘောအရ၊ ခံစားကာမျှ- အနုဘဝနလက္ခဏာသဘောသည် ပေါ်ရပေတော့သည်။ ဒီသဘောကို မိမိသိ သည်၊ ပုဂ္ဂိုလ်ခံစားသည် ယောကျ်ားခံစားသည်၊ မိန်းမခံစားသည် စသည်ဖြင့် ၎င်း၊ ချမ်းသာသည် ဆင်းရဲသည်၊ နှစ်သက်သည်၊ မနှစ်သက်သည်၊ နှစ်သက် သည်မဟုတ်- မနှစ်သက်သည်လည်း မဟုတ် စသည်ဖြင့်၎င်း၊ ကွဲပြား ခြားနား လျက် ငါးပါးသော အပြားအားဖြင့် ခံစားလျက်၊ အမှတ်မှားကြကုန်သည်။ ဒီလို- အမှတ်မှားကြပြန်ရင်လဲ ထိုအမှတ်မှားသည့်အတိုင်းပင်လျှင်၊ တတိယ- ဣန္ဒြေငါးပါးအရ= ကံအစရှိသည်တို့နှင့် ကံ,ကိလေသာတို့နှင့် တကွ၊ သမုဒယ အကြောင်းကို ပြီးစေရောက်ပြန်တော့သည်။ မှားတာကို မှားမှန်းမသိ၊ မရှိ- မဟုတ်တာကို၊ မရှိ-မဟုတ်မှန်းမသိ။ မှားပြီးရှိတယ်- ဟုတ်တယ်လို့ ယုံကြည် တယ်၊ အဲဒီလို-ယုံကြည်ပိုင်းဖြတ်တော့ သဒ္ဓိန္ဒြေဖြစ်ပေါ့၊ တဖန်- ယုံကြည် ပိုင်းဖြတ်တဲ့အတိုင်း၊ ကျိုးစားမယုတ်, အားထုတ်တယ်၊ အားထုတ်တော့ ဝီရိ ယိန္ဒြေ ဖြစ်ပြန်ပေါ့၊ အဲဒီလို- ယုံကြည်အားထုတ်တဲ့ အတိုင်းလဲ စွဲမြဲမှတ်သား တယ်- သတိန္ဒြေဖြစ်ပေါ့၊ ယုံကြည်အောက်မေ့ အားထုတ်လာတဲ့အတိုင်း၊

တည်ကြည်ပြန်တယ်- သမာဓိန္ဒြေဖြစ်ပေါ်၊ အဲဒီ- ယုံကြည်အောက်မေ့ တည်ကြည်တဲ့အတိုင်း၊ ပိုင်းခြားသိမြင်ထားပြန်တယ်၊ ပညိန္ဒြေအစား= မိစ္ဆာဣန္ဒြေတွေ ဖြစ်ကုန်ပေါ့၊ လောကမျက်မြင်– သမ္မာဒိဋ္ဌိပညာ ဉာဏ်မယှဉ်သူတွေသည် နိယတ, မိစ္ဆာဒိဋ္ဌိသမားတွေ–အတ္တ,သက္ကာယဒိဋ္ဌိ မိစ္ဆာသမားတွေကို ကြည့်ရင် ဣန္ဒြေတွေ ဘယ်ပုံဝင်နေတယ်ဆိုတာကို တွေ့ရပါလိမ့်မယ်။

ဤကဲ့သို့– အန္ဓပုထုဇဉ် သူငါတွေရဲ့ သဘောမှာ၊ ဣန္ဒြေတရားများကို မသိလဲ မသိ၊ မစောကြော, မစစ်ဆေး, မသုံးသပ်နိုင်သဖြင့်၊ အမှားတွေကို၊ ယူချင်ရာယူ, ယုံချင်ရာယုံ, ပိုင်းဖြတ်ချင်ရာကို ပိုင်းဖြတ်ရာကစပြီး၊ ဒီသံသရာထဲက မထွက်နိုင်ကြတော့ဘူး၊ သံသရာမှ ထွက်မြောက်ကြောင်းဖြစ်တဲ့ လောကုတ္တရာ, ဣန္ဒြေကို၊ ဘယ်လိုမှ– မရောက်, မထောက်တည်မိဘဲ၊ အန္ဓဘဝက မလွတ်နိုင်အောင် ဖြစ်နေကြတော့သည်။ အန္ဓပုထုဇဉ် သူငါတို့ရဲ့ ဣန္ဒြေတရားနဲ့ ကျက်စားလှည့်လည်ရပုံမှာ၊ အကန့်လေးကန့်နဲ့, သတ်မှတ်ကြည့်ရင်၊ အဝိဇ္ဇာ, သင်္ခါရ အတိတ်အကြောင်းရှိတဲ့ ဝိညာဏ်မှ ဝေဒနာအထိ သဘောသွားသည်၊ အကျိုးဝိပါက သဘောဖြစ်၍၊ စက္ခုန္ဒြေကနေ– ဝေဒနိန္ဒြေ ငါးပါးအထိ၊ (၁၄)ပါးသော ဣန္ဒြေတရား၊ ဣန္ဒြိယ ပစ္စယသဘောများဖြစ်ကြောင်း သိရပါမည်။ ဝေဒနာကနေ– ဘဝအထိသဘောမှာ၊ သဒ္ဓိန္ဒြေကနေ– ပညိန္ဒြေအထိ ဖြစ်သော နာမ်ဣန္ဒြိယပစ္စည်းအတွင်းသဘော ဝင်ကြောင်း သိမှတ်ရပါမည်။ (ဤနေရာ၌– ဤဣန္ဒြေငါးပါးမှာ ဗောဓိပက္ခိယဝင်ဖြစ်ငြားသော်လည်း အန္ဓများအတွက် ဆန့်ကျင်ဘက် မိစ္ဆာဣန္ဒြေများသာ ဖြစ်တတ်ကြပါသည်။) ဝေဒနာပစ္စယာကနေ ဘဝအထိမှာ-တဏှာ,ဥပါဒါန်ဘဝဟူ၍ ဖြစ်ရာ၊ ဝေဒနာငါးပါးအစားစားကို အမှားဣန္ဒြေနှင့် မြင်သိစွဲယူမိခြင်းကြောင့်၊ တဏှာ, ဥပါဒါန်ယှဉ်လျက် ဘဝတည်းဟူသော ကမ္မဘဝကိုရအောင်၊ စေတနာ,ကံ,သင်္ခါရတို့ဖြစ်ပွားကြရမှာ၊ ဒီ= ယုံကြည်, အောက်မေ့, အားထုတ်, တည်ကြည်, သိမြင်မှုတို့ ကျေးဇူးပြုခြင်းကြောင့်– မိစ္ဆာဒိဋ္ဌိ– သမ္မာဒိဋ္ဌိ– အမှား,အမှန် နှစ်ရပ်တွင် အန္ဓဇာတ်, အကန်းမဝါတ်သာ ရှိပါသဖြင့် အမှားကို ယုံကြည်ပိုင်းဖြတ်ရာက စ၍၊ စေတနာ, ကံ, သင်္ခါရအမှုတို့ကို၊ အဝိဇ္ဇာမကင်းမကွာသည်နှင့်အမျဝင်းသာရှင်ပျစ္စာပင်၊ ဖြစ်ခြင်း, ပျက်ခြင်း, အလျဉ်နဲ့ လျှောက်၍ ကံမြောက်ခဲ့ရသည်– ကံမြောက်ရဆဲ- ကံမြောက်လတံ့တို့ဖြင့်သာ ဘဝပစ္စယာတည်းဟူသော– ကမ္မဘဝတိုင်အောင် ဆောင်ကြရပြန်ပါသည်။ ကမ္မဘဝ, ပစ္စယရှိရင်လဲ၊ နောင်တဖန်- ဥပပတ္တိဘဝ, ဇာတိကလဲ မပြတ်မစဲနိုင်ဘဲပေါ်မြဲအဖြစ်ဖြင့် သံသရာကို ကြဉ်လည်ကျက်စား,ပြေးသွားနေကြရသော ဒုက္ခဝိပါက, ဣန္ဒြိယန္ဒြေ

ပစ္စယသတ္တိတရားဖြစ်ကြောင်း– ကောင်းကောင်းကြီး၊ သိသာ ထင်ရှား လှပါတော့သည်။

ဒီတော့= ဣန္ဒြိယသစ္စနိဒ္ဒေသကို မြတ်ဘုရားရှင် အလိုရှိတာက တခြား၊ အန္ဓပုထုဇဉ်တို့ ဖြစ်ပျက်အစဉ်နဲ့ လျှောက်နေကြတာက တခြားဖြစ်နေပါတော့သည်။ မဂ်ဉာဏ်၏ အဘို့၊ မဂ်ဉာဏ်၏ အသင်းအပင်းဖြစ်သော ပညာဣန္ဒြေအဆုံးရှိသည့် ဣန္ဒြေငါးပါးကို ဗျတိရိတ်နည်းအားဖြင့် ပြန်၍ မဂ်ဉာဏ်၏ ဆန့်ကျင်ဘက်သို့ ရောက်စေခြင်းအားဖြင့်၊ သံသရာကို ချုပ်ငြိမ်းရာ ရောက်ကြောင်းသိ၍ မဂ်ဉာဏ်၏ အသင်းအပင်းအားဖြင့်သာ ဣန္ဒြေထိုက်သော သဒ္ဓိန္ဒြေအစရှိသည့် ငါးပါးသော ဣန္ဒြေတရားတို့နှင့် အဝိဇ္ဇာ- သင်္ခါရမှ အစဖြာ၍ တက္ကပါလာသော ဝိညာဏ်အစ, ဝေဒနာအဆုံးရှိသော ဒုက္ခတုံးကို ပြတ်စေ, ရပ်စေအောင် ယုံကြည်ဆုံးဖြတ်, မပြတ်အောက်မေ့ ကြိုးစားအားထုတ်သည့် ဓလေ့ဖြင့် တည်ကြည် ကြံခိုင် အထူးသိမြင်ပိုင်သော ဝိပဿနာဘာဝနာမဂ်ပန်းဖြင့် ထုံလွှမ်းစေသင့်ပါတော့သည်။

ဤကဲ့သို့– ထုံလွှမ်းကျင့်သုံးအပ်သော ဣန္ဒြေငါးပါးကို မြတ်ဘုရားရှင် အလိုတော်ကျအားဖြင့်၊ (၁) သောတာပတ္တိမဂ်– အင်္ဂါလေးပါးနှင့် အညီအညွတ်ရင်း၊ (၂) သမ္မပ္ပဓာန်လေးပါးနှင့် အညီအညွတ်ရင်း၊ (၃) ဈာနသမထလေးပါးနှင့် အညီအညွတ်ရင်း၊ (၄) သစ္စာလေးပါးနှင့် အညီအညွတ်ရင်း၊ သက်ဝင်ပိုင်းခြား တည်စေခြင်းအားဖြင့် ဘုရားအစရှိသော အရိယာအပေါင်းတို့၏ သွားရာလမ်းကြောင်းသို့ ကောင်းစွာရောက်အောင် မှီဝဲ ကျင့်သုံးသင့်ပါတော့သည်။

(၁)= သောတာပတ္တိမဂ်, အင်္ဂါလေးပါးနှင့် ဣန္ဒြေငါးပါးသို့ အညီအညွတ် သက်ဝင်စေရန်မှာ။ ။သောတာပတ္တိမဂ် အင်္ဂါလေးပါးသည်၊ သပ္ပုရိသ သံသေဝ- သဒ္ဓမ္မသဝန– ယောနိသော, မနသိကာရ– ဓမ္မာနုဓမ္မပဋိပတ္တိတို့ဖြစ်ကြပါတယ်၊ ၎င်းတို့မှာ–(၁) သူတော်စဉ်ပညာရှိနှင့် ပေါင်းဖော်မှီဝဲခြင်း၊ (၂) အရိယာ အပေါင်း, သူတော်ကောင်းတို့၏ တရားကို ကြားနာခြင်း၊ (၃) ဓမ္မာနုဓမ္မပဋိပတ်နှင့်ယှဉ်သော အဇ္ဈတ္တယောနိသော မနသိကာရအားဖြင့် နှလုံးသွင်းခြင်း၊ (၄) လောကုတ္တရာတရား ကိုးပါးအားလျော်သော မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကို ကျင့်ခြင်းဆိုတဲ့၊ သောတာပန်ဖြစ်ခြင်းရဲ့ အင်္ဂါလေးပါးနဲ့အညီ ဣန္ဒြေငါးပါးကို သက်ဝင်အောင် ကျင့်သုံး ပွားများရပါသည်။ အဲဒီ

ဣန္ဒြေငါးပါးကို သောတာပတ္တိမဂ်, အင်္ဂါလေးပါးနှင့် မြောက်ပွားလျှင် ချင်းရာ နှစ်ဆယ်သဘောသို့ သက်ဝင်ပါတယ်၊ ဒီသဘောကို တပါးချင်း မပြတော့ဘဲ၊ တပေါင်းတည်းအားဖြင့် ပြဆိုလိုက်ပါသည်။ ကိုယ်ပိုင်ညာဏ်ဖြင့် ပွားယူတော် မူပါလေ။ ။

(၁) သူတော်ကောင်းနှင့် ပေါင်းဖေါ် မှီဝဲခြင်း၌၊ (၂) သူတော်ကောင်းတရားကို ကြားနာမှတ်သားခြင်း၌၊ (၃) သင့်တင့်သောနှလုံးသွင်းမှု ရရှိခြင်း၌၊ (၄) သမ္မာပဋိပတ်အကျင့်မြတ်ကိုကျင့်ခြင်း၌ ...။

(၁) ဆုံးဖြတ် ယုံကြည်ခြင်းကို အကြီးအမှူး ပြုသောအားဖြင့်- မယုံကြည်မှုကို စွန့်အပ်ပြီးသော သောတာပတ္တိမဂ်အင်္ဂါတို့၌အကြွင်းမဲ့ ယုံကြည်စင်ကြယ်ခြင်းသည်၊ သဒ္ဓိန္ဒြေဟု သိအပ်ပါသည်။

(၂) သဒ္ဓိန္ဒြေ၏ ယုံကြည် ဆုံးဖြတ်သည်၏ အစွမ်းအားဖြင့်၊ မမေ့မလျော့ အောက်မေ့သည်ဖြစ်၍ ညာဏ်၌ ရှေးရှုထင်သော ဓမ္မသဘောကို သတိန္ဒြေဟု သိအပ်ပါသည်။

(၃) သတိန္ဒြေ၏ ရှေးရှုထင်သော ဓမ္မသဘော၏ အစွမ်းအားဖြင့်- မပြတ်အားထုတ် ချီးမြှောက်ခြင်းလုလ္လကို ဝီရိယိန္ဒြေဟု သိအပ်ပါသည်။

(၄) ဝီရိယိန္ဒြေ၏ အားထုတ်ချီးမြှောက်သည်၏ အစွမ်းအားဖြင့် မပျံ့မလွင့် တည်ကြည်သော ဓမ္မသဘောကို သမာဓိန္ဒြေလို့ သိအပ်ပါသည်။

(၅) သမာဓိန္ဒြေ၏ မပျံ့မလွင့် တည်ကြည်သော အစွမ်းအားဖြင့် ဓမ္မအာရုံ၌ ဒဿနမဂ်,ဘာဝနာမဂ်အားဖြင့် သိမြင်သည်ကို ပညိန္ဒြေဟု သိအပ်ပါသည်။

ဤသို့အားဖြင့်- သဒ္ဒါလွန်ကဲသော ပုဂ္ဂိုလ်, အစရှိသည်တို့သည်၊ သောတာပတ္တိမဂ်, အင်္ဂါလေးပါးနှင့်အညီ ဣန္ဒြေငါးပါးတို့သို့ သက်ဝင်သည်၏ အစွမ်းအားဖြင့် အရိယာစခန်းသို့ တက်လှမ်းခြင်းကို ပြုတော်မူကြပါပေသည်။ ထို့ကြောင့်- ယောဂီအစစ်,ဘိက္ခုအဖြစ်ဝင်, ယောဂီသူတော်စင်သည် အထက်ပါ= သောတာပတ္တိမဂ်, အင်္ဂါလေးပါးနှင့် ဣန္ဒြေငါးပါးသို့ သက်ဝင်ပုံကို ပိုင်းခြားသိအပ်ပြီးအတိုင်း၊ မိမိညာဏ်မြင် သဘော၌ အညီအညွတ် သက်ဝင်အောင် ကြိုးစားကျင့်သုံး ပွားများအားထုတ်သင့်ပါသည်။

ဤ၌=ဘာဝနာမဂ်, ဒဿနမဂ် ဆိုသည်မှာ၊ ပွားများခြင်း, ဝိပဿနာမဂ်ဉာဏ်အစွမ်းဖြင့်၊ ကိလေသာကို တဒင်- ဝိက္ခမ္ဘနအားဖြင့် ပယ်ဖြတ်ခြင်းကို ဘာဝနာမဂ်ဟုခေါ်ပါသည်။ ကိလေသာတို့ကို သမုစ္ဆေဒအားဖြင့် ပယ်သတ်တတ်သော သစ္စိကရဏကိစ္စမြောက်သည့် လောကုတ္တရာမဂ်ကို၊ (ဝါ) အသမ္မောဟပဋိဝေဓ- အာရမ္မဏပဋိဝေဓသဘောကို ဒဿနမဂ်ဟုခေါ်ပါသည်။ အာရမ္မဏ ပဋိဝေဓ, ဒဿနသည် နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက် ပြုပါသည်။ အသမ္မောဟ ပဋိဝေဓ,ဒဿနသည် မတွေဝေသောအားဖြင့်၊ (ဝါ) ဆိုင်ရာ အာရမ္မဏ ပဋိဝေဓ, ဒဿနနှင့်အညီ အဓိဋ္ဌာကို သတ်၍ ဒုက္ခ,ဒုက္ခသမုဒယ, မဂ္ဂသစ္စာတို့ကို အပြိုင်နက် မျက်မှောက်ပြုသည်ဖြစ်၍၊ သစ္စာလေးပါးကို အရိယာအဖြစ်ဖြင့် သိမြင်တော် မူကြသောသဘောကိုလည်း ပိုင်းခြားသိအပ်ရာပါသည်။

(၂)= သမ္မပ္ပဓာန်လေးပါးနှင့် ဣန္ဒြေငါးပါးသို့ အညီအညွတ် ရောက်စေရန်မှာ...

(၁) မဖြစ်သေးသော အကုသိုလ်, အယုတ်တရားတို့ကို မဖြစ်စေခြင်း၌၊ (၂) ဖြစ်ပြီးသော- အကုသိုလ်, တရားတို့ကို ပယ်စေခြင်း၌၊ (၃) မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်း၌၊ (၄) ဖြစ်ပြီးသော- ကုသိုလ်တရားတို့ကို အလွန်ပွားများ ပြန့်ကျယ်စေခြင်း၌....

( ၁ ) ပျင်းရိခြင်းကို စွန့်အပ်ပြီးသော သမ္မပ္ပဓာန်လေးပါးတို့၌၊ အားထုတ်ခြင်းကို အကြီးအမှူးပြု၍ မဖြစ်သေးသော ကုသိုလ်တရားတို့ကို အားထုတ်မှုသည် ဝီရိယိန္ဒြေမည်ပါသည်။

( ၂ ) ဝီရိယိန္ဒြေ၏ အစွမ်းအားဖြင့်၊ ရှေ့ရှုသက်ဝင်သော ဓမ္မသဘော၌၊ မပျံ့မလွင့် တည်ကြည်သော ဓမ္မသဘောသည် သမာဓိန္ဒြေမည်ပါသည်။

( ၃ ) သမာဓိန္ဒြေ၏ မပျံ့မလွင့် တည်ကြည်သော ဓမ္မအာရုံ၌ ဘာဝနာမဂ်- ဒဿနမဂ်အားဖြင့် ထိုးထွင်း၍ သိမြင်သော ဉာဏ်သဘောသည် ပညိန္ဒြေမည်ပါသည်။

( ၄ ) ပညိန္ဒြေ၏အစွမ်းအားဖြင့် ထိုးထွင်း,သိမြင်သော ဉာဏ်သဘောကို မမေ့မလျော့ အာရုံထင်ရှား, အစဉ်မြဲမြဲသော အောက်မေ့မှုဓမ္မသဘောသည် သတိန္ဒြေ မည်ပါသည်။

(၅) သတိန္ဒြေ၏ အစွမ်းဖြင့် ရှေးရှုထင်ရှား, ဉာဏ်အားဖြင့် မြင်ပြား သော– ဓမ္မသဘော၌၊ ဆုံးဖြတ်, ယုံကြည်သော အဓိမောက္ခ သဘောသည် သဒ္ဓိန္ဒြေမည်ပါသည်။

ဤသို့– ဝီရိယလွန်ကဲသော ပုဂ္ဂိုလ်သည်၊ ပျင်းရိခြင်းကို ပယ်သတ် စင် ကြယ်စေပြီးသောအားဖြင့် သမ္မပ္ပဓာန်လေးပါးတို့နှင့်အညီ၊ ဣန္ဒြေငါးပါးတို့သို့ သက်ဝင်သည်၏ အစွမ်းအားဖြင့် အရိယာစခန်းသို့ တက်လှမ်းခြင်းကို ပြုတော် မူကြပါသည်။ ဝီရိယကို အရင်းတည်သဖြင့် အရိယာဖြစ်ကြောင်းကို ကောင်းစွာ သိသော ဝိပဿနာသမ္မာဒိဋ္ဌိပညာရှင် သုဝိညာပယပုဂ္ဂိုလ်သည်၊ ကြိုးစားမယုတ်, အားထုတ်ခြင်းဖြင့် ဒုက္ခခပင်းမှ လွတ်ကင်းကြောင်းကို ကောင်းစွာ ကြိုးစား တော် မူကြပါကုန်။

(၃)= သတိပဋ္ဌာန် လေးပါးနှင့်ဣန္ဒြေငါးပါးသို့ အညီအညွတ် ရောက် စေရန်မှာ....

(၁) ကာယေ ကာယာနုပဿနာ သတိပဋ္ဌာန်၌၊ (၂) ဝေဒနေ ဝေ ဒနာနုပဿနာ သတိပဋ္ဌာန်၌၊ (၃) စိတ္တေ စိတ္တာ နုပဿနာ သတိပဋ္ဌာန်၌၊ (၄) ဓမ္မေ ဓမ္မာနုပဿနာ သတိပဋ္ဌာန် တရားတို့၌....

(၁) မေ့လျော့ခြင်း, ပမာဒတရားကို ပယ်အပ်ပြီးသော သတိပဋ္ဌာန် လေးပါးတို့၌၊ ရှေးရှုထင်သော ဓမ္မသဘောသည်- သတိန္ဒြေ မည်ပါပေသည်။,

(၂) သတိန္ဒြေ၏ မမေ့မလျော့သောအားဖြင့်၊ ရှေးရှုထင်သော ဓမ္မ သဘောတို့၌၊ အားထုတ် ပေါင်းစည်း ချီးမြှောက်ခြင်း လုလ္လ သဘောသည်- ဝီရိယိန္ဒြေ မည်ပါပေသည်။

(၃) ဝီရိယိန္ဒြေ၏-အားထုတ် ပေါင်းစည်းချီးမြှောက်သောအားဖြင့်၊ မပျံ့ မလွင့်- တည်ကြည်သော ဧကဂ္ဂတာ ဓမ္မ သဘောသည်၊ သမာဓိန္ဒြေ မည်ပါပေသည်။

(၄) သမာဓိန္ဒြေ၏- တည်ကြည်မှုအစွမ်းအားဖြင့်၊ ခိုင်မြဲသော ဓမ္မ အာရုံ၌၊ ဘာဝနာမဂ်, ဒဿနမဂ်အားဖြင့် ထိုးထွင်း၍ သိမြင် သောဉာဏ်သည်– ပညိန္ဒြေ မည်ပါပေသည်။

(၅) ပညိန္ဒြေ၏ ထိုးထွင်းသိမြင်သည်၏အစွမ်းအားဖြင့် ဘာဝနာမဂ်, ဒဿနမဂ် သဘောတို့ကို ဆုံးဖြတ် ယုံကြည်သည့် အဓိမောက္ခ သဘောသည် သဒ္ဓိန္ဒြေ မည်ပါပေသည်။

ဤသို့-သတိလွန်ကဲသော-ပုဂ္ဂိုလ်သည်၊ မေ့လျော့သော ပမာဒတရားကို ပယ်သတ်စင်ကြယ်ပြီးသောအားဖြင့်၊ အရိယာစခန်းသို့ တက်လှမ်းတော်မူကြပါ သည်။ထို့ကြောင့် သေက္ခခေါ်ဆို-အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်တို့သည်၊ သတိစရိယ သဘောအားဖြင့်၊ မိမိတို့၌ကိုက်ညီသည်ဖြစ်ပါက၊ သတိန္ဒြေသဘောကို အမှူး ပြု၍၊ ဣန္ဒြေငါးပါးတို့၌ ကျော်လွန်သည်မရှိ- အညီအညွတ် ရောက်ရှိသည်၏ အဖြစ်ဖြင့်- ဒုက္ခခပ်သိမ်းတို့၏ ကုန်ဆုံးရာကို ကြိုးစားသင့်ပါတော့သည်။

(၄) စျာန်လေးပါးနှင့် ဣန္ဒြေငါးပါးသို့- အညီအညွတ် သက်ဝင်သည့် သဘောမှာ၊

ဤနေရာ၌- စျာန်လေးပါးဆိုသည်မှာ၊ လောကီစျာန်မဟုတ်- လောကုတ္တရာစျာန်ကို ဆိုလိုခြင်းဖြစ်ပါသည်။ လောကီစျာန်မှာ ရူပကုသိုလ်စျာန် ၅-ပါး၊အရူပစျာန်-၄-ပါးသာဖြစ်ပါသည်။ ယခုအလိုရှိအပ်သောလောကုတ္တရာ စျာန်လေးပါးမှာ- မဂ်ရှေ့၌ သက်ဝင်သော ကေဂ္ဂတာသဘောကို ဆိုလိုပါ တယ်။ (တနည်း) မဂ်လေးမဂ် ဆိုက်ရန် မဂ္ဂအပ္ပနာဝီထိ, လေးကြိမ်ဖြစ်ခွင့် ရရှိရေးကို ဆိုလိုပါတယ်၊ ထိုလေးကြိမ်အစွမ်းဖြင့်သာဆိုင်ရာ မဂ္ဂ,ဖလသမာပတ် ကို ဝင်စားနိုင်သော သဘောကြောင့်၊ လောကုတ္တရာစျာန်ဟူ၍- ပဌမ-ဒုတိယ, တတိယ, စတုတ္ထစျာန်တို့နှင့် ယှဉ်မှုသဘောကိုသာ- မြတ်ဘုရားအလိုကျအားဖြင့် ဆိုလိုပါသည်။ ထို့ကြောင့်....

(၁) ပဌမစျာန်ကို ရခြင်းယှဉ်ခြင်း၌၊ (၂) ဒုတိယစျာန်ကို ရခြင်း ယှဉ်ခြင်း၌၊ (၃) တတိယစျာန်ကို ရခြင်း ယှဉ်ခြင်း၌၊ (၄) စတုတ္ထစျာန်ကို ရခြင်း ယှဉ်ခြင်း၌....၊

(၁) ပျံ့လွင့်ခြင်း, ဥဒ္ဒစ္စကို- ကောင်းစွာ ပယ်အပ်ပြီးသော တည်ကြည် သော ကေဂ္ဂတာသဘောကို သမာဓိန္ဒြေဟူ၍ ဆိုအပ်ပါသည်။

(၂) သမာဓိန္ဒြေ၏ တည်ကြည်သောအစွမ်းဖြင့်၊ ဆိုင်ရာ ဘာဝနာ မဂ်, ဒဿနမဂ်ကို ထိုးထွင်း၍ သိမြင်ခြင်းကို ပညိန္ဒြေ ဟူ၍ ဆိုအပ်ပါသည်။

(၃) ပညိန္ဒြေ၏ အစွမ်းအားဖြင့်၊ ထိုးထွင်း၍ သိမြင်သော ဉာဏ် သဘောတို့၌၊ ယုံကြည်ဆုံးဖြတ်- သဒ္ဓါဓိမောက္ခ ရအပ်ခြင်းကို သဒ္ဓိန္ဒြေဟု ဆိုအပ်ပါသည်။

(၄) သဒ္ဓိန္ဒြေ၏ ယုံကြည်ဆုံးဖြတ်သည်၏အစွမ်းအားဖြင့်၊ ထင်သော ဓမ္မသဘောတို့၌၊ မမေ့မလျော့မှု-အပ္ပမာဒသဘောကို သတိန္ဒြေ ဟု ဆိုအပ်ပါသည်။

(၅) သတိန္ဒြေ၏ မမေ့မလျော့သော အစွမ်းဖြင့်၊ ရှေးရှုထင်သော ဓမ္မသဘောတို့၌၊ အားထုတ်ပေါင်းစည်းလျက် လောကီမဂ်-လောကုတ္တရာမဂ်သို့ဆောင်သော လုလ္လကို ဝီရိယိန္ဒြေဟု ဆိုအပ်ပါသည်။

ဤသို့-သမာဓိလွန်ကဲသောပုဂ္ဂိုလ်သည်၊ ပျံ့လွင့်ခြင်း-ဥဒ္ဓစ္စကို ပယ်သတ်စင်ကြယ်ပြီးသောအစွမ်းအားဖြင့်- ဈာန်တရားနှင့်အညီ၊ ဣန္ဒြေငါးပါးတို့သို့ သက်ဝင်သည်၏အစွမ်းဖြင့်- အရိယာစခန်းသို့ တက်လှမ်းခြင်းကို ပြုတော်မူကြပါသည်။ ဤနေရာ၌- သမာဓိလွန်သောပုဂ္ဂိုလ်သည်၊ သမာဓိရှေ့-ပညာနောက်သဘောအားဖြင့် အဖြစ်များတတ်သော်လည်း၊ ထိုဣန္ဒြေ ငါးပါးနှင့်စပ်၍မူ၊ အချင်းချင်း၊တပါးကိုတပါး၊ မကျော်လွန်သော အတိုင်းအတာ သဘောသို့ သက်ဝင်အောင် ပွားများရပါသည်။ သမာဓိ၊ဆိုသည်မှာ သမထမဟုတ်ပါ။ သမထဆိုသည်မှာ ဝိပဿနာမှ အခြားတပါးဖြစ်သော၊ (၀ါ) ဝိပဿနာကို ရှေ့ရှုက=အခြေခံမျှသဘောဖြစ်သော၊ ကသိုဏ်း၀န်းစသည့်-သမထ၊ကမ္မဋ္ဌာန်း (၄၀) ကို ခေါ်ပါသည်။ သမာဓိဆိုသည်မှာ သမထဘာဝနာ၌လည်း ဧကဂ္ဂတာသဘောကိုပင်၊ ဝိပဿနာ ဘာဝနာတွင်လည်း ဧကဂ္ဂတာသဘောကိုပင်-အမိစနံ-နာမံရှိရာ- ဥပစာအားဖြင့် တင်စား၍၊ သမာဓိဟု ခေါ်ဆိုခြင်းပြုထားသည်ကို ဆိုလိုပါသည်။ ဤနေရာ၌- သမာဓိန္ဒြေဆိုတဲ့သဘောသည်- မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၏ အသင်းအပင်းအားဖြင့် သက်ဝင်သည့် ဝိပဿနာ- ခဏိကသမာဓိမှ စ၍၊မဂ္ဂအပ္ပနာသမာဓိအထိ ကောက်ရပါမည်။ သို့မှသာ-ဒေသနာကမ္ဘာပါကိုက် မြတ်ဘုရားရှင်အလိုကျ ဖြစ်ပါမည်။ ရှေးကမ္ဘာလေးဆယ်၊ နောက်ကမ္ဘာလေးဆယ်တိုင် မြင်စွမ်းနိုင်သော သမထသမာဓိမျှကို ဘုရားမချီးမွမ်းပါ၊ ဤသာသနာ၌ မိမိကိုယ်ကို ဒိဋ္ဌသုခဝိဟာရ-သမထ၊သမာဓိမျှဖြင့် နေထိုင်သူကို ဘုရားရှင်ကဲ့ရဲ့အပ်ပါသည်။ တဒင်္ဂပဟာန်မျှဖြစ်သော ဝိပဿနာမဂ်ရ သမာဓိကိုသာ-ဘုရားချီးမွမ်းအပ်ပါသည်။ ထိုကြောင့်- သမာဓိလွန်ကဲသော ပုဂ္ဂိုလ်တို့သည်-ဘုရားအလိုတော်ရှိသော (၀ါ) ဖြစ်စေ၊ ရစေလိုတော်မူသော ဣန္ဒြေငါးပါးတို့နှင့် အညီအညွတ်၊ သက်ဝင်အောင် ဝိပဿနာ ဘာဝနာဘောင်စစ်စစ်ဖြင့် ကျင့်ဆောင်ပွားများတော်မူကြပါလေ။ (ဝိပဿနာ-ဘာဝနာဘောင်စစ်စစ်ကို

ဤ မဟာဉာဏ်အောင် ဝိပဿနာလုပ်ငန်းခွင်ဝင်- ကျင့်စဉ်တရားတော်၌ ဒုတိယ ပိုင်းမှစ၍၊ တတိယပိုင်းအထိ ကုံလုံစွာရရှိအောင် ဖေါ်ပြထားပါသည်။)

(၄) သစ္စာလေးပါးနှင့် ဗလငြေါးပါးသို့ အညီအညွတ် သက်ဝင်စေ ရန်မှာ။

(၁) ဒုက္ခသစ္စာ– ဆင်းရဲခြင်း အမှန်တရား၌၊ (၂) သမုဒယသစ္စာ– ဆင်းရဲခြင်း၏ဖြစ်ကြောင်းအမှန်တရား၌၊ (၃) နိရောဓသစ္စာ– ချုပ်ငြိမ်းရာမှန်- နိဗ္ဗာန်တရား၌၊ (၄) မဂ္ဂသစ္စာ–ချုပ်ငြိမ်းကြောင်းအမှန် မဂ္ဂင်ရှစ်တန် အကျင့် မြတ် ကေန်တရားတို့၌....။

(၁) တွေ့ဝေဖုံးလွှမ်းမှု မောဟ အဝိဇ္ဇာသဘောကိုပိုင်းခြားသိအပ်၍၊ ပယ်စွန့်နိုင်စွမ်းရှိသော သမ္မာဒိဋ္ဌိပညာဉာဏ်စွမ်းဖြင့်ဒုက္ခသစ္စာ၌၊ ယထာဘူတ, ဉာဏဒဿနအားဖြင့်မဖေါက်မပြန်-ဟုတ်မှန်တိုင်း သော မြင်ခြင်းကို အကြီးအမှူးပြုသော သဘောသည်-ပညိန္ဒြေ ဖြစ်ပါသည်။

(၂) ပညိန္ဒြေ၏အစွမ်းအားဖြင့်၊သစ္စာလေးပါးတို့၌ ယုံကြည်ဆုံးဖြတ် တတ်သော အဓိမောက္ခသဘောသည် သဒ္ဓိန္ဒြေ ဖြစ်ပါသည်။

(၃) သဒ္ဓိန္ဒြေ၏အစွမ်းနှင့်တကွ၊ပညိန္ဒြေ၏အစွမ်းဖြင့် သစ္စာလေးပါး တို့၌ အာရုံထင်ရှား-မမေ့မလျော့ငြားသော အပ္ပမာဒသဘော သည် သတိန္ဒြေဖြစ်ပါသည်။

(၄) သတိန္ဒြေ၏အစွမ်းနှင့်တကွ၊ ပညိန္ဒြေ၏အစွမ်းဖြင့်- ရှေးရှုထင် အပ်သော ဓမ္မအပြား–သစ္စာလေးပါးတို့၌၊ ပေါင်းစည်းအား ထုတ်- ချီးမြှောက်တတ်သောသဘောသည် ဝီရိယိန္ဒြေ ဖြစ်ပါ သည်။

(၅) ဝီရိယိန္ဒြေနှင့်တကွ၊ ပညိန္ဒြေ၏အစွမ်းအားဖြင့်-ထိုးထွင်းသိမြင်, ယုံကြည်ဆုံးဖြတ်– ထင်အပ်သစ္စာ– ချီးမြှောက်အပ်ပြီးပါသော အရိယသစ္စာတို့၌၊ ကောင်းစွာ တည်ကြည်– သက်ဝင်သည်၏ အဖြစ်သည်–သမာဓိန္ဒြေ ဖြစ်ပါသည်။

ဤသို့–ပညာလွန်ကဲသောပုဂ္ဂိုလ်သည်၊ တွေ့ဝေမှု မောဟ အဝိဇ္ဇာကို ပယ်သတ်စင်ကြယ်စေသောအစွမ်းအားဖြင့်၊ သစ္စာလေးပါးတို့နှင့် အညီအညွတ်

ဣန္ဒြေငါးပါးသို့ သက်ဝင်သည်၏ အစွမ်းဖြင့်၊ အရိယာစခန်းသို့- တက်လှမ်းခြင်းကို ပြုကြရပါသည်။ ဤနေရာတွင် ပညာလွန်ကဲသောပုဂ္ဂိုလ်သည်- ပညာကရှေ့၊ သမာဓိက-နောက်ဟူသော သဘောအားဖြင့် ဝိပဿနာဉာဏ်ထက်သို့ သက်ဝင်မှုများပါသည်။ ထိုသို့-ပညာလွန်ကဲသောသဘောကိုလည်း၊ သမာဓိနှင့် မတွဲမိအောင် (ဝါ) ဣန္ဒြေငါးပါးနှင့်မညီမညွတ်အောင် လွန်ကဲသော အတိုင်းအရှည်သို့ မရောက်အောင် သိမ်းဆည်းအပ်ရပါသည်။ သိမ်းဆည်းတတ်ရပါသည်။ သို့မှသာ-ပညာကရှေ့သဘောတွင် သမာဓိဣန္ဒြေတို့နှင့်တကွနက် အညီအညွတ်သက်ဝင်နိုင်မှုကို ရှေ့ရှုနိုင်မည်ဖြစ်ပါသည်။ ဣန္ဒြေငါးပါးတို့၏ အချင်းချင်းမကျော်လွန်သောသဘောဖြင့် ထိုဣန္ဒြေတို့၏ ဆန့်ကျင်ဘက်သဘောတို့မှ ထွက်မြောက်မှုကို ရှေ့ရှုသက်ဝင်အောင် ကြိုးစားကြရပါသည်။ ကြိုးစားသက်ဝင်နိုင်ပုံတို့မှာ....။

(၁) အကြင့်ဝိပဿနာ- ဘာဝနာ- ယထာဘူတဉာဏ်မဂ္ဂါ၊ သမ္မာဒိဋ္ဌိပညာသဘောတို့၌ ဆုံးဖြတ်ယုံကြည်သော သဒ္ဓါဓိမောက္ခ- သဒ္ဓိန္ဒြေသည်၊ မယုံကြည်ခြင်းတည်းဟူသော "တဏှာ"ဖြာသည့် သဒ္ဓါအဖျင်းမှ လွတ်ကင်းထွက်မြောက်နိုင်ပါသည်။

(၂) အကြင့်၊ ဝိပဿနာဘာဝနာ-ယထာဘူတဉာဏ်မဂ္ဂါ၊သမ္မာဒိဋ္ဌိပညာဉာဏ်မဟာကို၊ မဂ္ဂါစေအပ်- ရှေ့ရှုထင်အောင် အစဉ်ဆောင်တတ်သော သတိန္ဒြေသည်၊ ပမာဒအခင်း မေ့လျော့ခြင်း အသင်းအပင်း "မုဋ္ဌသစ္စ"မှ လွတ်ကင်း ထွက်မြောက် နိုင်ပါသည်။

(၃) အကြင့်၊ ဝိပဿနာဘာဝနာ ယထာဘူတမဂ္ဂါ၊ သမ္မာဒိဋ္ဌိပညာဉာဏ်မဟာကို၊ ဝေဖြာပေါင်းစည်း ချီးမြှောက် အားထုတ်ခြင်းတည်းဟူသော ဝီရိယိန္ဒြေသည်၊ ပျင်းရိခြင်း "ကောသဇ္ဇ" အသင်းအပင်းမှ လွတ်ကင်း ထွက်မြောက်နိုင်ပါသည်။

(၄) အကြင့်ဝိပဿနာဘာဝနာ- ယထာဘူတမဂ္ဂါ၊ သမ္မာဒိဋ္ဌိပညာဉာဏ်မဟာကို တည်ကြည် ငြိမ်သက်စွာ သက်ဝင်သော ဧကဂ္ဂတာသဘော-သမာဓိန္ဒြေသည်၊ ပျံ့လွင့်ခြင်း "ဝိက္ခေပ" အသင်း အပင်းမှ လွတ်ကင်း ထွက်မြောက်နိုင်ပါသည်။

(၅) အကြင့်ဝိပဿနာဘာဝနာ- ယထာဘူတမဂ္ဂါ၊ သမ္မာဒိဋ္ဌိပညာဉာဏ်မဟာအောင်ပွဲကို ဆင်နွှဲဝင်မြောက်၊ဘာဝနာမဂ်၊ဒဿနမဂ်နှစ်ဖြာပေါက်

ဧအောင် ပေါက်ထွင်းပိုင်ပိုင်- မြင်သိနိုင်သော ပညာခြွေသည်၊ တွေဝေ လျှောင်မြိုက်- အဝိဇ္ဇာအမှောင်တိုက်ဖြစ်သော "သမ္မောဟ" အသင်းအပင်းကို အရှင်းပယ်ဖျောက်, အလင်းပေါက်အောင် သံသရာမှ ကူးမြောက် နိုင်စေပါသည်။

ဤကဲ့သို့- ပညာလွန်ကဲသော ပုဂ္ဂိုလ်သည်၊ ဣန္ဒြေငါးပါးတို့၏ ဆန့်ကျင်ဘက် တရားတို့မှ- ထွက်မြောက်မှုကို ရှေ့ရှု ကြိုးစား သင့်ပါတော့သည်။ ထိုသို့- ထွက်မြောက်မှုကို ရသော, ရအောင် ကြိုးပမ်းသော- ယောဂီပုဂ္ဂိုလ်တို့သည်သာ "အာရဒ္ဓဝိပဿက- သေက္ခပုဂ္ဂိုလ်" အရာ၌တည်၍ အနညတညဿာမိတိန္ဒြေတည်းဟူသော လောကုတ္တရာဣန္ဒြေကို၊ ဆွတ်ခူးပြီးသူ=ဆွတ်လှမ်းနေဆဲဖြစ်သောသူ= ဆွတ်လှမ်းရရှိလတံ့သူ အဖြစ်သို့- ရေတွက်ခြင်းကို ခံယူနိုင်သူဖြစ်ပါတော့သည်။

ဤသို့- အသီးသီး ပြဆိုအပ်ခဲ့ပြီးသော ဣန္ဒြေငါးပါးတို့ကို၊ သောတာပတ္တိမဂ်အင်္ဂါလေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ သတိပဋ္ဌာန်လေးပါး၊ ဈာန်လေးပါး၊ သစ္စာလေးပါးအားဖြင့် အညီအညွတ် ရောက်ရန်၊ (ဆန္ဒာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီရိယာဓိပတိ ၊ဝီမံသာဓိပတိ) လေးပါးတို့တွင် တပါးပါးသော အမွန်ရှိသည့် အဓိပတိတို့၏ အစွမ်းဖြင့်၊ အကြင်, သေက္ခပုဂ္ဂိုလ်တို့သည်၊ ဝိဟာရစရိယအားဖြင့် အစဉ်နေထိုင် ကျင့်ကြံအားထုတ် အပ်ပါတော့သည်။

ပရိယောသာနကလျာဏ- ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်, အခြေခံခိုင်လုံ ပြည့်စုံကုန်သော သူတို့သည်၊ မိစ္ဆာဒိဋ္ဌိနှင့်အတူ ကိလေသာတို့ကို ပယ်ခြင်းငှါလည်း၊ ရုန့်ရင်းသော ကိလေသာတို့ကို ပယ်ခြင်းငှါလည်း၊ နူးညံ့သော ကိလေသာတို့ကို ပယ်ခြင်းငှါလည်း၊ အလုံးစုံသော ကိလေသာတို့တို့ ပယ်ခြင်းငှါလည်း၊ (ဆန္ဒ= စိတ္တ= ဝိရိယ= ဝီမံသ(ဝါ) ပညာ) အဓိပတိ လေးဖြာဖြင့်၊ လောကုတ္တရာ, အကျိုးဣန္ဒြေ သုံးပါးဖြစ်သော အနညတညဿာမိတိန္ဒြေကိုလည်း၊ အညိန္ဒြေကိုလည်း၊ အညာတာဝိန္ဒြေကိုလည်း၊ ကိန်းအောင်း ပန်ဆင်နိုင်အောင် သန္နိဋ္ဌာန်ချ၍ အမှန်ရရှိမည့် ဝိပဿနာမဂ် အဆက်ဆက် ဉာဏ်စဉ်ထက်သို့ တက်လှမ်းနိုင်သော မဟာဉာဏ်အောင် ဝိပဿနာလုပ်ငန်းခွင်ဝင် ကျင့်စဉ်တရားတော် သုံးပိုင်းဖြင့် ညှိနှိုင်းကြိုးစားတော် မူကြရန် တိုက်တွန်းသမှု ပြုရပါသည်။

အဲဒီလို=ဣန္ဒြေ(၂၂)ပါးနှင့် မဂ်ဉာဏ်သို့ အရောက်သွားနိုင်သော တရားတို့၌၊ ပိုင်းခြားဝေဘန်၍ သိသော ကလျာဏယောဂီသည်၊ (ဂေါစရဝသေန- ကျက်စားသည်၏ အစွမ်းဖြင့်၊ (ဝါ) အဇ္ဈတ္တ ယောနိသော မနသိကာရနှင့် ဗဟုလီကတဿအားဖြင့်)(ဘာဝနာဝသေန- မှီဝဲပွားများသောအားဖြင့်၊(ဝါ)

ဝိပဿနာမဂ်– အဆက်မပြတ်အောင် ပွားများသောအားဖြင့်) နေလေ့ရှိကုန်သော အဖြစ်သို့ ရောက်လတ်သော်၊ သို့ကြား့လိမ္မာကုန်သော သီတင်းသုံးဘော်တို့သည်၊ (ဝါ) တရားအားထုတ်ဘက် ဖြစ်ကုန်သော ယောဂီတို့သည်၊ မချွတ်ကေန်၊ ဤအရှင်= ဤယောဂီသူမြတ်သည် မဂ်သို့ရောက်ပြီးလည်း ဖြစ်လတံ့၊ မဂ်သို့ ရောက်မူလည်း ဖြစ်လတံ့ဟု– နက်နဲသော ညာဏ်ဖြင့် သက်ဝင်ခြင်းငှါ၊ ထင်မြန်ကုန်ရာပါတော့သည်။ ထိုသို့သော- အချင်းအရာ ဣန္ဒြေငါးပါးတို့နှင့် ပြည့်စုံလိုသောပုဂ္ဂိုလ်၏၊ စာရ= အကျင့်သဘောကိုရင်း၊ စာရဝိဟာရ=နေထိုင်ဆောင်ရွက်လေ့ ရှိသော သဘောကိုရင်း၊ ပိုင်းခြားထင်ထင် ရှေ့ရှုသက်ဝင်သိမြင်နိုင်ရာ ကုန်တော့ပါသည်။

စရိယ့ဆိုသည်မှာ၊ (ဣရိယာပထစရိယ၊ သတိစရိယ၊ အာယတနစရိယ၊ သမာဓိစရိယ၊ ဉာဏစရိယ၊ မဂ္ဂစရိယ၊ ပတ္တိစရိယ၊ လောကတ္ထစရိယ) ဟူ၍၊ ရှစ်ပါးရှိပါသည်။

ဣရိယာပထ စရိယ့သဘောမှာ၊ လျှောင်း့ ထိုင့် ရပ့် သွား့ ဣရိယာ့ပုထ်လေးပါးတို့၌၊ ကောင်းစွာဖြစ်ခြင်း- ဝိပဿနာကို ဆိုလိုပါသည်။ ။ သတိစရိယ့ ဆိုသည်မှာ၊ သတိပဋ္ဌာန်လေးပါးတို့၌၊ ကောင်းစွာ ဖြစ်ခြင်း= ဝိပဿနာကို ဆိုလိုပါသည်။ ။အာယတနစရိယ့ဆိုသည်မှာ၊ အာယတန- ၁၂–ပါးနှင့် ထိုမှ တဆက်ထည်း ဓါတ်၊ ဣန္ဒြေအသီးသီးတို့၌၊ ကောင်းစွာဖြစ်ခြင်း– ဝိပဿနာကို ဆိုလိုပါသည်။ ။ သမာဓိစရိယ့ ဆိုသည်မှာ၊ ဈာန်၊ လေးပါးတို့နှင့် ကောင်းစွာဖြစ်ခြင်း= ဝိပဿနာကို ဆိုလိုပါသည်။ ။ ဉာဏစရိယဆိုသည်မှာ၊ သစ္စာလေးပါးတို့၌ ကောင်းစွာဖြစ်သော ဝိပဿနာကို ဆိုလိုပါသည်။ ။မဂ္ဂစရိယ့ဆိုသည်မှာ၊ မဂ်ဉာဏ်လေးပါးတို့၌၊ ကောင်းစွာဖြစ်ခြင်း= ဝိပဿနာကို ဆိုလိုပါသည်။ ။ပတ္တိစရိယ့ဆိုသည်မှာ၊ ဖိုလ်လေးပါးတို့၌ ကောင်းစွာ ဖြစ်ခြင်း၊ သမာပတ္တိကို ဆိုလိုပါသည်။ ။လောကတ္ထစရိယ့ ဆိုသည်မှာ၊ ရှေးဘုရားရှင်တော်တို့ကဲ့သို့၊ လာခြင်းရှိတော်မူသော ကိလေသာရန်သူကို သတ်တတ်ကုန်သော ဘုရားရှင်တို့၌ ဖြစ်သော ညာဏ်တော်တို့နှင့်တကွ သုံးလောကသားသတ္တဝါများတို့၏ အကျိုးကို ကျင့်ပွားတော် မူခြင်းကို ဆိုလိုပါသည်။ ။ ထိုလောကတ္ထစရိယ၏ တစိပ်တဒေသ၌ ပစ္စေကဗုဒ္ဓါတို့၏ ကောင်းစွာ ဖြစ်ခြင်းသဘောသည် ရှိကုန်ပါသည်။ ထို လောကတ္ထစရိယ၏ တစိပ်တဒေသ၌ သာဝကတို့၏ ကောင်းစွာဖြစ်ခြင်းသဘောသည်လည်း ရှိကုန်ပါသည်။ ထို ရှစ်ပါးသော စရိယတို့သည်၊ ဣန္ဒြေငါးပါးတို့နှင့်လည်း အတူသက်ဝင် အပ်ကုန်ကြောင်းကို

ကောင်းစွာ သိအပ်ပါသည်။ ဤ- ရှစ်ပါးသော စရိယမှတပါး အခြားသော စရိယ သဘောတို့ကိုလည်း ဣန္ဒြေငါးပါးနှင့် အတူ မှီဝဲ ထိုက်သက်ကုန်သော အဘို့ရှိသည်ဖြစ်၍၊ အကျဉ်းမျှ ရေတွက်ပြပါဦးမည်။

(၁) သမ္မာဒိဋ္ဌိ၏ ဒဿနစရိယဂုဏ်း၊ (၂) သမ္မာသင်္ကပ္ပ၏အဘိရောပန စရိယဂုဏ်း၊ (၃) သမ္မာဝါစာ၏ ပရိဂ္ဂဟစရိယဂုဏ်း၊ (၄) သမ္မာကမ္မန္တ၏- သမုဋ္ဌာန စရိယဂုဏ်း၊ (၅) သမ္မာအာဇီဝ၏ ဝေါဒါန စရိယဂုဏ်း၊ (၆) သမ္မာ ဝါယာမ၏ ပဂ္ဂဟစရိယဂုဏ်း၊ (၇) သမ္မာသတိ၏ ဥပဋ္ဌာနစရိယဂုဏ်း၊ (၈)သမ္မာ သမာဓိ၏ အဝိက္ခေပ စရိယဂုဏ်း၊ ဤရှစ်ပါးသော- မဂ္ဂင်ဝင်စရိယ သဘောတို့ အားဖြင့်လည်း၊ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင်-မဂ္ဂင်နှင့် (၃၇) ပါးသော ဗောဓိပက္ခိယ တရားတို့နှင့် လျော်သည်၏အဖြစ်သို့ သက်ဝင်၍ အရိယာတို့၏ ဖြောင့်တန်း သော မဂ်စခန်းသို့ တက်လှမ်းနိုင်ကြောင်း စရိယကောင်းတို့၌ ထုံလွှမ်း ကျင့် သုံးအပ်ရာပါသည်။

ဤကဲ့သို့- ရုပ်,နာမ်,ခန္ဓာ,အာယတန,ဓါတ်,ဣန္ဒြေ၊ သောတာပတ္တိမဂ် အင်္ဂါ၊ သမ္မပ္ပဓါန်၊ သတိပဋ္ဌာန်၊ ဈာန်၊ သစ္စာလေးပါး မြတ်တရားတို့၌၊ သမ္မာ ဒိဋ္ဌိပညာဖြင့်- ယထာဘူတဉာဏ်- သမ္မာဒဿနဉာဏ်- ဓမ္မဋ္ဌိတိဉာဏ်အားဖြင့်၊ အဝါးဝစွာ လိမ္မာသော- အကြင်,အာရဒ္ဓဝိပဿက-သေက္ခပုဂ္ဂိုလ်သည်....

(ဝိဟာရ)=မှီဝဲနေထိုင်သောသဘော၌ ဆုံးဖြတ်အပ်ပြီးသော သူသည်၊ ယုံကြည်ခြင်း သဒ္ဓိန္ဒြေဖြင့် မှီဝဲနေထိုင်၏။ ဥပဋ္ဌိတံ-မြဲမြံဘိခြား-ထင်ရှားအာရုံ- ဆောင်ထားကုန်သောသူသည်၊ အောက်မေ့ခြင်း,သတိန္ဒြေဖြင့်နေ၏။ချီးမြှောက် တတ်သောသူသည် လုံ့လပြုခြင်း-ဝီရိယိန္ဒြေဖြင့်နေ၏။ မပျံ့လွင့်ခြင်းကို ပြုတတ် သောသူသည် တည်ကြည်ခြင်း, သမာဓိန္ဒြေဖြင့်နေ၏။ ပိုင်းခြားဝေဘန်- ထိုး ထွင်းဉာဏ်ဖြင့် ဖေါက်ခွဲမြင်သိသောသူသည်- မတွေမဝေ, ပညိန္ဒြေဖြင့် နေ၏။

(အနုဗုဒ္ဓေါ)=အရိယသစ္စာ လေးပါးကို အစဉ်အားဖြင့် ထိုးထွင်းသိ သောသဘော၌။ ။သဒ္ဓိန္ဒြေ၏ လျော်စွာဆုံးဖြတ်ခြင်းသဘောကို သိအပ်၏။ သတိန္ဒြေ၏ အာရုံ၌ထင်စွာတည်ခြင်းသဘောကို သိအပ်၏။ ဝီရိယိန္ဒြေ၏ ချီး မြှောက်ခြင်းသဘောကို လျော်စွာသိအပ်၏။ သမာဓိန္ဒြေ၏ မပျံ့မလွင့် တည် ကြည်ခြင်းသဘောကို လျော်စွာသိအပ်၏။ပညိန္ဒြေ၏-ဘာဝနာမဂ်,ဒဿနမဂ်, အားဖြင့် မြင်ခြင်းသဘောကို လျော်စွာသိအပ်၏။

(ပဋိဝိဒ္ဓေါ)=ထိုးထွင်းထွက်မြောက်မှုကို မြင်အပ်သောသဘော၌။ ။ သိဒ္ဓိန္ဒြေ၏ ဆုံးဖြတ်ခြင်းသဘောအမှန်ကို ထိုးထွင်း၍သိအပ်၏။ သတိန္ဒြေ၏-

အာရုံ၌ထင်ခြင်းသဘောအမှန်ကို ထိုးထွင်း၍ သိအပ်၏၊ဝိရိယိန္ဒြေ၏ ချီးမြှောက်ခြင်းသဘောအမှန်ကို ထိုးထွင်း၍သိအပ်၏၊ သမာဓိန္ဒြေ၏ မပျံ့မလွင့် တည်ကြည်ခြင်းသဘောအမှန်ကို ထိုးထွင်း၍ သိအပ်၏။ ပညိန္ဒြေ၏ ကောင်းစွာ ဖေါက်ထွင်း၍ မြင်ခြင်း- ဒဿနသဘောအမှန်ကို ထိုးထွင်း၍သိအပ်၏။ ။

(ယထာစရန္တံ) = ထိုက်သင့်မှန်ကန်သည့် အားလျော်စွာ ကျင့်ခြင်းသဘော၌။ ။ဤသို့- ယုံကြည်ခြင်းဖြင့် ကျင့်သောသူသည်၊ မမေ့မလျော့ အောက်မေ့ခြင်းဖြင့် ကျင့်သော သူသည်၊ အားထုတ်ချီးမြှောက်ခြင်းဖြင့် ကျင့်သောသူသည်၊ တည်ကြည်ခြင်းဖြင့် ကျင့်သောသူသည်၊ မဖေါက်မပြန် မှန်ကန်သော ပညာအားဖြင့် ကျင့်သောသူသည်....

(ယထာ ဝိဟာရန္တံ) = ထိုက်သည့် အားလျော်စွာ, နေထိုင်သောသဘော၌။ ။ယုံကြည်ခြင်းဖြင့်နေသော သူသည်၊ အောက်မေ့ခြင်းဖြင့် နေသော သူသည်၊ အားထုတ်ခြင်းဖြင့် နေသော သူသည်၊ တည်ကြည်ခြင်းဖြင့် နေသော သူသည်၊ မတွေမဝေသော ပညာအားဖြင့် နေသော သူသည်...

(ဝိညူ) = ဟုဆိုသည့်- ဟုတ်မှန်သော, အတ္ထရသ, သဘောကို သိတတ်သော၊ သိအပ်သော- သဘောကို ထင်စွာ, ပြုတတ်သော၊ ကိလေသာတို့ကို ကုန်ခမ်းစေတတ်သော- ဉာဏ်တည်းဟူသော ဖြစ်ခြင်းဖြင့် ဖြစ်လေ့ရှိသော ပညာနှင့် ပြည့်စုံကုန်၍—

(သဗြဟ္မစာရီ) = အရိယာတို့ကဲ့သို့- တူသော အမှုကိုပြုခြင်း၊ တူသော ပါတိမောက်ကိုပြခြင်း၊ (ဝါ) တူသော သီလက္ခန္ဓစသည်တို့ ရှိခြင်း၊ တူသော ကျင့်သုံးမှု အစဉ်ရှိပြီးလျှင်....

(ဂမ္ဘီရေသု ဌာနေသု)=ဈာန်တို့ကိုငင်း၊ သုံးပါးသော ဝိမောက္ခတို့ကိုငင်း၊ သဝိတက္က- ဝိစာရစသော- သမာဓိကိုငင်း၊ သုညတစသော သမာပတ်ကိုငင်း၊ မဂ်ကိုငင်း, ဖိုလ်ကိုငင်း၊ ခြောက်ပါးသော- အဘိညာဏ်ကိုငင်း၊ လေးပါးသော ပဋိသမ္ဘိဒါကိုငင်း၊ နက်နဲသော ဌာနဟု ဆိုအပ်သော ဤဌာနတို့သို့ သက်ဝင်ရာ, သက်ဝင်ကြောင်း သဘောတို့၌....

(ဩကပ္ပေယျုံ) = နှလုံးစိတ်ထဲ- စွဲမြဲလွှမ်းထုံ, ယုံကြည်ကုန်ရာ၏၊ ဆုံးဖြတ်ပိုင်နိုင်, ကြံ့ခိုင်ကုန်ရာပါ၏။

(အဒ္ဓါ) = ထိုမွသဘောတရား၊ ထို အရှိ၊ ထို့အသိ၊ ထိုပညာ၊ ထို ဝိပဿနာ၊ ထို မဂ်, ထို ဖိုလ်၊ ထို အသိဉာဏ်၊ ထို နိဗ္ဗာန်သဘောတို့သို့ သက်ဝင်ကြောင်းကို ပြဆိုပြီးခဲ့သော၊ ဧကန္တ၊ သစ္စာ၊ မဂ္ဂင်၊ စရိယ- သဘောတို့သည်၊ စင်စစ်ကေန်, အမှန်ဟု ဆိုသော- "အဒ္ဓါ" သဒ္ဒါပုဒ် ဖြစ်ပါသည်။ သံသယ,

ကင်းခြင်းကိုလည်း ဆိုသော သဒ္ဒါတည်း၊ ယုံမှားကင်းခြင်းကို ဆိုသော သဒ္ဒါတည်း၊ နိယမအနက်ကို ဟောသော သဒ္ဒါတည်း၊ မချွတ်ကေန်ကို ဟောသော သဒ္ဒါတည်း၊ အဆုံးအဖြတ်ကို ဟောသောသဒ္ဒါတည်းဟု သိအပ်ရာပါသည်။

(အာယသ္မာ)ဟူသည်၊ အလေးအမြတ် ပြုအပ်သော အရှင်ကောင်းနှင့် အာရဒ္ဓဝိပဿက သေက္ခပုဂ္ဂိုလ်တို့အား အလေးအမြတ်ပြု၍၊ ချစ်ဖွယ်သော စကားဖြင့် ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။

(ပတ္တောဝ) ဟူသည်၊ ဤသို့- ဣန္ဒြေငါးပါးနှင့် ဣန္ဒြေတရားအပေါင်းတို့ကို၊ သောတာပတ္တိမဂ် အင်္ဂါ၊ သမ္မပ္ပဓာန်၊ သတိပဋ္ဌာန်၊ ဈာန်၊ သစ္စာတို့နှင့် အညီ စရိယရှစ်ပါး, အကျင့်တရားများနှင့် ထိုက်သည့်အားလျော်စွာ ကျင့်ကြံပွားများသော, သူမြတ်အား၊ မဂ်, ဖိုလ်, တို့သည် ရပြီးမှုလည်း ဖြစ်ကောင်းပါ၏ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

(ပါပုဏိဿတိဝ)= ဟူသည်၊ အဒ္ဓါ- သဒ္ဒါပုဒ်နှင့်အညီ၊ ရလတံ့မှုလည်း၊ မချွတ်ကေန်ဖြစ်ပါပေသည်ဟု ဆိုလိုခြင်း အာမခံချက်, အာဂမယုတ္တိဖြစ်ပါတော့သည်။ ။ဤသို့- လက်ပန်းပေါက်ခတ်မျှ, ဝမ်းမြောက်ဘွယ်ရာ၊ ဝိမုတ္တိရသာကို ခံစားနိုင်ကြောင်း၊ အခွင့်ကောင်းကြီးကို ဗုဒ္ဓသာသနာ ဓမ္မစစ်အမှန်တွင် ကေန်သုံးစားနိုင်အောင်၊ ဤမဟာဉာဏ်အောင် ဝိပဿနာလုပ်ငန်းခွင်ဝင် ပညာပေး, အလုပ်ပေး တရားတော်မြတ်များ၌ ဘုရားအလိုကျ ဆည်းပူးရယူ ကြိုးပမ်းတော် မူနိုင်ကြပါစေသတည်း။ ။

ယောဂီသူမြတ်တို့၊ အာယတန (၁၂)ရပ်၊ ဓါတ်(၁၈)ပါး၊ ဣန္ဒြေ (၂၂) ပါးတို့နှင့် ပတ်သက်၍- ပြဆိုပေးခဲ့တာ အတော်အသင့်အားဖြင့် ပြည့်ဝသောသဘောသို့တိုင်ရောက်ခဲ့ပါပြီ။ ဣန္ဒြိယ သံဝရသီလအနေဖြင့်- အာယတန ၁၂-ပါး၊ ဓါတ် ၁၈-ပါးတို့၌ ပိုင်းခြားသိအပ်ပြီးသော ယောဂီသူမြတ်သည်- မည်သို့မည်ပုံ စောင့်စည်းလုံခြုံရမည်ကိုလည်း ပြဆိုခဲ့ပြီးဖြစ်၍၊ စောင့်စည်းတတ်ပါပြီ၊ ထိုမှဆက်လက်- ဣန္ဒြေတရား (၂၂) ပါးထက်၌လည်း ဝဋ္ဋနယ်မှ ထွက်မြောက်ပုံအထိ၊ သိမ်းဆည်း-ကျင့်သုံးပွားများပုံတို့၌လည်း လိမ္မာသော အသိဉာဏ်ပညာကို ရရှိကျင့်သုံးနိုင်ပါပြီ။ ။အဲဒီ-ဣန္ဒြေ၂၂-ပါးကို(၉+၅+၅+၃) လေးပါးသော အပိုင်းအခြားအားဖြင့် တနည်း၊ ဣန္ဒြိယပစ္စည်းအားဖြင့်တနွယ်၊ သုံးသွယ်သော (၁၄-၅-၃) အစုံအဆန်-မဂ်ဝင်ဟန်တို့ကိုပါ၊ စာရ-ဝိဟာရ-စရိယ-ဝိမုတ္တိ-အာဂမယုတ္တိသဘောတွေနှင့်တကွ ပြဆိုခဲ့ပြီးပါပြီ။

အချုပ်သဘောအားဖြင့်- အနည်းငယ် ထပ်မံ ရှင်းပြပေးလိုသည်မှာ၊ ၁၄-ပါးသော ရင်းစားဖြစ်တဲ့ ဣန္ဒြေ–ဣန္ဒြိယပစ္စည်းတရားစုမျှကို၊ဣန္ဒြေငါးပါး နှင့်တကွနက် ပိုင်းခြားသက်ဝင်နိုင်ရန်မှာ၊ သဒ္ဓါနှင့်ပညာသည် လွန်စွာ အရေး ကြီးပါသည်။ သဒ္ဓိန္ဒြေတည်းဟူသော ယုံကြည်ပိုင်းဖြတ်မှုတိုင်အောင်-ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ကို မရနိုင်ခြင်းသည်၊ ဘုရားတရားတော်၌ ယုံကြည်ရန် ခဲခက်သူ- သဒ္ဓါတရား မပြည့်စုံသူဖြစ်ရာ၊ ဝိပဿနာသမ္မာဒိဋ္ဌိပညာကို ဆည်းပူးနိုင်ဘို့ ရယူ နိုင်ဘို့ရာ-မလွယ်ကူပါ။ "သုဝိညာပယေ–ဒုဝိညာပယေ" ဟူ၍ ယုံကြည်သော ပုဂ္ဂိုလ်သည် သိစေလွယ်သူ ဖြစ်ပါတယ်၊ မယုံကြည်သော ပုဂ္ဂိုလ်သည် သိစေနိုင် ခဲသူသာ ဖြစ်ပါတယ်၊ ခက်ခဲနက်နဲသော တရားတော်မြတ်၌၊ ယုံကြည်ဆုံးဖြတ်မှု အနေအားဖြင့်၊ယထာဘူတ–သဘောကို "သဒ္ဓါဓိမောက္ခ"တိုင်အောင်ယုံကြည် ပိုင်းဖြတ်နိုင်ဘို့သဘောသည်- လွယ်ကူသေးငယ်လှသည်မဟုတ်ပါပေ။ အဲဒီလို- သဒ္ဓါထက်ပါမှ ပညာကို အလေးအနက်ရနိုင်မည် ဖြစ်ပါသည်။ သဒ္ဓါထက်သူ သည် ပညာကို အလေးအနက်ရအောင် ဆည်းပူးတတ်ခြင်းကြောင့် ပညာရှိသော ပုဂ္ဂိုလ်အဖြစ်ဖြင့် "သုဝိညာပယ"ပုဂ္ဂိုလ်အဖြစ်သို့ ရောက်စေ ရစေနိုင်ပါသည်။ ထိုသဒ္ဓါမှာလည်း တဏှာကင်းသော သဒ္ဓါစစ်မှန်ရပါမည်၊ တဏှာသည်-သဒ္ဓါ၏ ဆန့်ကျင်ဘက်လည်းဖြစ်ပါသည်။တဏှာသည်–သဒ္ဓါနှင့်မဆန့်ကျင်ဘဲ အယောင် လဲ ဆောင်တတ်ပါသည်။ ထို့ကြောင့်- ဆန့်ကျင်ဘက်အနေ- တိုက်ထုတ်စွန့်ခွါ ပစ်ဘို့ အခြေကိုလည်း မြဲမြံအောင် ရနိုင်ခဲ့ကြပါသည်။ မဆန့်ကျင်တဲ့အနေ– အယောင်ဆောင်မှုနေတာကိုလဲ ရိပ်စားသိရှိ တွန်းလှန်နိုင်မိရန် ခဲယဉ်းလှပါ သည်။ ဒီသဘောတွေကို ကျော်ဖြစ်အောင်- ကျော်လွန် လွတ်မြောက်မှုသာ- တကဲ့သဒ္ဓါဆိုတဲ့– ဩကပ္ပနသဒ္ဓါနဲ့ သမ္မာဒိဋ္ဌိပညာကို ကပ်၍ ဆောင်ထားနိုင် အောင် ကြိုးပမ်းသည့်စခန်းသို့ ရောက်ရှိနိုင်မှာဖြစ်၍၊ ကြပ်ကြပ်သတိထားပြီး- တဏှာအလိမ်ခံထားရတဲ့- သဒ္ဓါမှိန်မှိန်ကို ပညာထိန်ထိန်- သမ္မာဒိဋ္ဌိ ဉာဏ်အိမ် ဆောက်ပြီး၊ သဒ္ဓါ–ပညာ–အဟုတ်အမှန်နည်းဖြင့်၊ မယုတ်မလွန် အပြီးတည်နိုင် သော မဏ္ဍိုင်ကို စိုက်ထူကြပါလေ=မြတ်ယောဂီတို့တတွေ။ ။

ထို့ကြောင့်- သဒ္ဓါနှင့်ပညာကို မကွေမကွာရပါအောင် ကြိုးစားတော်မူ သင့်ပါသည်။ သဒ္ဓါစစ်မှန်- အရှိသန်သော ပုဂ္ဂိုလ်သည်၊ (ဝါ) သဒ္ဓိန္ဒြေနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ပညာမျက်စေ့၌ ကိလေသာမြူနည်းပါးသူ မည်ပါ သည်။ ပညာရှိသော ပုဂ္ဂိုလ်သည်၊ (ဝါ) ပညိန္ဒြေနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ကိလေသာမြူနည်းပါးသူ ဖြစ်ပါသည်။ အဲဒီလို-သဒ္ဓါ၊ပညာ နှစ်ပါးစုံရှိသော ပုဂ္ဂိုလ်သည်၊ သိစေနိုင်ခဲကုန်သော တမလွန်လောကနှင့် ရာဂစသော အပြစ်

တို့ကို ဘေးအားဖြင့် ရှုလေ့ရှိပြီးလျှင်၊ ဘေးဖြစ်ကြောင်း,ဘေးဖြစ်ခြင်းမှ ကင်းငြိမ်းလွတ်မြောက်မှုတိုင်အောင် သတိ,ဝီရိယ,သမာဓိ,ဣန္ဒြေတို့ကို၊ (၀၁) မဂ္ဂင်ရှစ်ရပ်-အလုပ်ဓါတ်တရားဖြစ်သော ဣန္ဒြေတို့ကို တဖန်ဆောင်သဖြင့် မှီဝဲသဖြင့် ပွားများသဖြင့် ရာဂစသော အပြစ်ဘေးတို့မှ အေးစေနိုင်ပါတော့သည်။ အေးငြိမ်းကြောင်းအမှန်- လောကုတ္တရာ ဣန္ဒြေသို့ သက်ဝင်နိုင်ခြင်းကို ဖြစ်ရှိနိုင်ပါတော့သည်။

ထို့ကြောင့်= ဣန္ဒြေအပေါင်းနှင့်တကွ၊ အစိပ်စိပ် အပိုင်းပိုင်းဖြစ်သော သဘော သဘာဝတို့ကို ပစ္စည်း,ပစ္စယုပ္ပန်သဘောအားဖြင့်၊ ပုဂ္ဂိုလ်, သတ္တဝါ, ကိလေသာတို့မှ ထွက်မြောက်၍၊ဒုက္ခဇာတ်သိမ်း-ငြိမ်းအေးရအောင်ကြိုးစားသင့်ရပါတော့သည်၊ ကြိုးစားတော်မူကြပါကုန်....။

ဗောဓိပက္ခိယသဘောဖြစ်သော၊ ဣန္ဒြေငါးပါး- မဂ္ဂင်ရှစ်ပါးတို့နှင့် ဓမ္မသမောဒါနတို့ကို၊ အပေါင်းအားဖြင့်- ပေါင်းစပ်သက်ဝင်ပုံကို၊ ဤသို့-သိမှတ်အပ်ရပါသည်။ ။

## "ဣန္ဒြေတရားတို့တွင်"

ဆုံးဖြတ်ယုံကြည်တတ်သော အနက်အားဖြင့် "သဒ္ဓိန္ဒြေ"ကို ပေါင်းအပ်၏၊ ထင်သော ဓမ္မသဘောအနက်အားဖြင့် "သတိန္ဒြေ"ကို ပေါင်းအပ်၏။ ချီးမြှောက်တတ်သော အနက်အားဖြင့် "ဝီရိယိန္ဒြေ"ကို ပေါင်းအပ်၏။ မပျံ့မလွင့် တည်ကြည်သောအနက်အားဖြင့် "သမာဓိန္ဒြေ"ကို ပေါင်းအပ်၏၊ ထိုးထွင်း သိမြင်သော အနက်အားဖြင့် "ပညိန္ဒြေ"ကို ပေါင်းအပ်၏။

## "မဂ္ဂင်တရားတို့တွင်"

ကောင်းစွာ- မဖေါက်မပြန်,အမှန်, ဉာဏ်မြင်ဖြစ်သော အနက်အားဖြင့် "သမ္မာဒိဋ္ဌိ"ကို ပေါင်းအပ်၏၊ ဓမ္မသဘောအမှန်ကို မဖေါက်မပြန် ကြံစီတတ်သော အနက်အားဖြင့် "သမ္မာသင်္ကပ္ပ"ကို ပေါင်းအပ်၏။ စောင့်ထိန်း သိမ်းဆည်းတတ်သော အနက်အားဖြင့် "သမ္မာဝါစာ"ကို ပေါင်းအပ်၏။ ဖြစ်ကြောင်း သမုဋ္ဌာန်, မှန်ကန်သောအားဖြင့် "သမ္မာကမ္မန္တ"ကို ပေါင်းအပ်၏၊ ဒုစရိုက်မှ စင်ကြယ်သောအားဖြင့်"သမ္မာအာဇီဝ"ကိုပေါင်းအပ်၏၊ ချီးမြှောက်တတ်သော အနက်သဘောအားဖြင့် "သမ္မာဝါယမ"ကိုပေါင်းအပ်၏၊ ရှေ့ရှုထင်သော အနက်အားဖြင့် "သမ္မာသတိ"ကို ပေါင်းအပ်၏၊ မပျံ့မလွင့် တည်ကြည်သော အနက်အားဖြင့်၊ "သမ္မာသမာဓိ"ကို ပေါင်းအပ်၏။

## မဂ်ဉာဏ်, ဖိုလ်ဉာဏ်အားလျော်သော တရားအပေါင်းတို့တွင်

အစိုးရသည်၏ အဖြစ်၊ ကျေးဇူးပြုတတ်သောအားဖြင့် "ဣန္ဒြေ"တို့ကို ပေါင်းအပ်၏၊ မတုန်မလှုပ် တုန်းလှုန်နိုင်သောအားဖြင့်၊ "ဗိုလ်"တရားတို့ကို ပေါင်းအပ်၏၊ ထွက်မြောက်ကြောင်းအားဖြင့်၊ "ဗောဇ္ဈင်"တရားတို့ကို ပေါင်းအပ်၏၊ အကြောင်းမြတ် အမှန်သဘော- ဟေတုဋ္ဌေအားဖြင့် "မဂ္ဂင်"တရားတို့ကို ပေါင်းအပ်၏၊ အာရုံထင်ရှား,ဥပဋ္ဌိတ, အားဖြင့်၊ "သတိပဋ္ဌာန်"တရားတို့ကို ပေါင်းအပ်၏၊ အားထုတ်သဘော- ပဂ္ဂဟောအားဖြင့် "သမ္မပ္ပဓာန်" တရားတို့ကို ပေါင်းအပ်၏၊ မပျံ့မလွင့်စေရ- အဝိက္ခေပအားဖြင့် "သမထ"ကို ပေါင်းအပ်၏၊ ပြည့်စုံပြီးမြောက်သောအားဖြင့် "ဣဒ္ဓိပါဒ်"တို့ကို ပေါင်းအပ်၏၊ ဟုတ်မှန်သော– အရိယမဂ်အားဖြင့် "သစ္စာလေးပါး"တို့ကို ပေါင်းအပ်၏၊ အထူးရှုမြင်မှုဖြင့် အဖန်ဖန် ပွားများတတ်သောအားဖြင့် "ဝိပဿနာ" ကို ပေါင်းအပ်၏၊ တခုသော မဂ်ကိစ္စရှိသောအားဖြင့် "သမထ- ဝိပဿနာ"ကို ပေါင်းအပ်၏၊ မကျော်လွန်သောအားဖြင့် "ယုဂနဒ္ဓ"သဘောကို ပေါင်းအပ်၏၊ စောင့်စည်းသောအားဖြင့် "သီလဝိသုဒ္ဓိ"ကို ပေါင်းအပ်၏၊ အသိမှန် အယူမှန်မှ မတုန်လှုပ်သောအားဖြင့် "စိတ္တဝိသုဒ္ဓိ"ကို ပေါင်းအပ်၏၊ အယူ အမြင်မှန်၍ မဖေါက်မပြန်သောအားဖြင့် "ဒိဋ္ဌိဝိသုဒ္ဓိ"ကို ပေါင်းအပ်၏၊ ကိလေသာမှ လွတ်သောအားဖြင့် "ဝိမောက္ခ"ကို ပေါင်းအပ်၏၊ ထိုးထွင်း၍ သိသောအားဖြင့် "ဝိဇ္ဇာ"ကို ပေါင်းအပ်၏၊ သခ်ါရကို စွန့်အပ်ပြီးသောအားဖြင့် "ဝိမုတ္တိ" ကို ပေါင်းအပ်၏၊ ကိလေသာတို့ကို အကြွင်းမဲ့ ဖြတ်တတ်သောသဘောဖြင့်"ခယဉာဏ်"ကို ပေါင်းအပ်၏၊ တဖန်ငြိမ်းသော အားဖြင့်"အနုပ္ပါဒဉာဏ်"ကို ပေါင်းအပ်၏၊ အကြောင်းမူလ, သဘောအားဖြင့်"ဆန္ဒ"ကို ပေါင်းအပ်၏၊ အကြောင်းသမုဋ္ဌာနဟူသော သဘောအားဖြင့် "မနသိကာရ"ကို ပေါင်းအပ်၏၊ အပေါင်းဖြစ်သောအားဖြင့် "ဖဿ"ကို ပေါင်းအပ်၏၊ စုဝေးကျရောက်တတ်သောအားဖြင့် "ဝေဒနာ"ကို ပေါင်းအပ်၏၊ အဦးဖြစ်သောအားဖြင့် "သမာဓိ"ကို ပေါင်းအပ်၏၊ လွန်ကဲသော အစိုးရသည်၏ အဖြစ်အားဖြင့် "အဓိပတိ"ကို ပေါင်းအပ်၏၊ ထိုထိုသို့သော တရားတို့ထက် မြတ်သောအားဖြင့် "ပညာ"ကို ပေါင်းအပ်၏၊ ကြီးမြတ်သော သဘောအားဖြင့်- "ဝိမုတ္တိရသ"ကို ပေါင်းအပ်၏၊ အဆုံးအချုပ် အမြတ်ဆုံးသော အားဖြင့်– "အမြိုက်နိဗ္ဗာန်"ကို ပေါင်းအပ်၏။ ။ဤပုဂ္ဂိုလ်သည်.... ဤဣန္ဒြေတရားတို့ကို

ဤမဂ္ဂင်တရားတို့ကို၊ ဤတရားဓမ္မအပေါင်းတို့ကို၊ အာရုံ၌ ပေါင်း၏- ဉာဏ်၌ လောင်း၏၊ ပညာ၌လောင်း၏၊ ဝိပဿနာ၌ ပေါင်း၏၊ မိမိ၌ထု ၏,မိမိ၌ လွှမ်း၏ မိမိ၌ တည်စေ၏၊ ထို့ကြောင့်- သံကိလေသစသော ရာဂ,တည်းဟူသော ဘေး ရန်ပူအပေါင်းသည် ဝေးစွာကွာရှောင်းခြင်းသို့ ရောက်သဖြင့် မကြာမတင် တပ်ခြင်း ကင်းသော ကိလေသာတို့၏ ချုပ်ငြိမ်းကို ရစေရာတော့သည်။

အဲဒီလို- ဗောဓိဉာဏ်၏ အဘို့ ပေါင်းရုံးအပ်သော ဓမ္မသဘောတို့၌၊ မေ့လျော့သောသူ၏အဖြစ်သို့ သက်ဝင်အောင်ကြိုးစား၍၊ဝိပဿသမ္မာဒိဋ္ဌိပညာ ဝိပဿနာဘာဝနာအရာ၌၊ အဝါးဝစ္စာ လိမ္မာကျွမ်းကျင်အောင် ပြုကြရာပါ သည်။ မည်သို့- လိမ္မာကျွမ်းကျင်မှုမျိုး ဖြစ်ရပါမည်နည်းဆိုသော်၊ ရုပ်,နာမ်, ခန္ဓာ, အာယတန, ဓါတ်, ဣန္ဒြေတရားတို့၌၊ မမြဲသောအားဖြင့် ထင်မြင်ခြင်း၌ စစ်မှန်၍ ကျွမ်းကျင်လိမ္မာအောင်၊ဆင်းရဲသောအားဖြင့် ထင်မြင်ခြင်း၌ စစ်မှန်၍ ကျွမ်းကျင်လိမ္မာအောင်၊ အနှစ်သာရ မရှိသောအားဖြင့် ထင်မြင်ခြင်း၌–စစ် မှန်၍ ကျွမ်းကျင်လိမ္မာအောင်၊ လိုရာလိုရပ် မလိုက်တတ်သောအားဖြင့် ထင်မြင် ခြင်း၌ စစ်မှန်၍ ကျွမ်းကျင်လိမ္မာအောင်၊ အစိုးမရသောအားဖြင့် ထင်မြင်ခြင်း၌ စစ်မှန်၍ ကျွမ်းကျင်လိမ္မာအောင်၊ ကုန်ဆုံးတတ်သောအားဖြင့် ထင်မြင်ခြင်း၌ ကျွမ်းကျင်လိမ္မာအောင်၊ အစိုင်အခဲ, အထည်, ဒြပ်, သဏ္ဌာန်ကို စွန့်လွှတ်သော အားဖြင့် ထင်မြင်ခြင်း၌ စစ်မှန်၍ ကျွမ်းကျင်လိမ္မာအောင်၊ ဖေါက်ပြန်ပျက်စီး ပြုန်းတီးသောအားဖြင့် ထင်ခြင်း၌ စစ်မှန်၍ ကျွမ်းကျင်လိမ္မာအောင်၊ အနိမိတ္တ အားဖြင့် ထင်မြင်ခြင်း၌ ကျွမ်းကျင်၍ လိမ္မာအောင်၊ အပ္ပဏိဟိတအားဖြင့်- ထင်မြင်ခြင်း၌ ကျွမ်းကျင်၍ လိမ္မာအောင်၊ သုညတအားဖြင့် ထင်ခြင်း၌ ကျွမ်း ကျင်၍ လိမ္မာအောင်၊ ဣန္ဒြေတရားစသည်တို့နှင့်အညီ-အဝါးဝစ္စာ လေ့လာပွား များအားထုတ်ခြင်းဖြင့် ပုဗ္ဗဘာဂမဂ်မျှမက၊ အရိယာမဂ်ကိုရသည်တိုင် ကြိုးစား နိုင်သော သဒ္ဓါ–ပညာသဘောကိုသိပြီးလျက်၊ ပြည့်စုံနိုင်ကောင်းပြီ ဖြစ်ပါ၍၊ နေ့-ည-မရွေး၊ မဖင့်နွှေးသင့်တော့ပါပြီ-မြတ်ယောဂီ....။

ဤမျှ- ဆိုပါလျှင် ဦးပဥ္စင်း– ပဋိညာဉ်ပေးခဲ့သော ဓမ္မဒါနပြုခဲ့သည့် ပဌမပိုင်း စာအုပ်ငယ်များကို၊ ဣန္ဒြိယသံဝရသီလ အကျယ်သဘောနှင့် ဣန္ဒြိယ သစ္စနိဒ္ဒေသ, သဘောတို့ကို၊ ဝိပဿနာသမ္မာဒိဋ္ဌိ– ပညာဉာဏ် ရအောင်အထိ– ပြဆိုလျက်၊ ဒုတိယပိုင်း,တတိယပိုင်းအရွှယ်ရိုက်၍၊ လှူဒါန်းပါဦးမည်ဟု ဆိုခဲ့ သည့်အတိုင်း၊ ပြည့်စုံလုံလောက်သွားပြီ ဖြစ်ပါသည်။ ယောဂီအသစ်များတို့ သည်သာ– ဒုတိယပိုင်းနှင့် တတိယပိုင်းကအရင်၊ ပဌမပိုင်းကနောက် ဆိုသလို ဖြစ်နေတတ်ပါမည်။ မူလ-စာရင်းပေးထားသော ယောဂီများ အတွက်မှာမူ၊

ပထမ– ဒုတိယ– တတိယ အစဉ်အတိုင်း ရရှိလျက် ရှိကြပါသည်။ သီလ ဝိသုဒ္ဓိ အကျဉ်းမှနေ၍၊ ဣန္ဒြိယသံဝရသီလ အကျယ်သဘောသည်သာ နောက်မှဆိုသလို ဖြစ်နေပါလိမ့်မည်။ မည်သို့ဖြစ်စေ–ဤမဟာဉာဏ်အောင် ဝိပဿနာ လုပ်ငန်း ခွင်ဝင်, ကျင့်စဉ်တရားတော် သုံးပိုင်းစလုံးကို လက်ဝယ်ရရှိထားခါ၊ မပြတ် မလတ်–ဆည်းပူးလေ့ကျက်လျက်၊ အားထုတ် ပွားများတော်မူကြမည်ဆိုပါက၊ ဝိပဿနာမဂ်တည်းဟူသော (ဝါ) ပုဗ္ဗဘာဂမဂ်တည်းဟူသော အနုဗောဓဉာဏ် အဆက်ဆက်ကို နည်းမှန်လမ်းကျအားဖြင့် မရနိုင်ကောင်းစရာမရှိတော့ပါပေ။ ထို့ကြောင့် စာကြည့်နှင့်ငါသိတွင်မျှ ရပ်တန့်မထားကြဘဲ၊ ဝိပဿနာ– အထူးရှု မြင်မှုသည်၊ ဘာဝနာ=ပွားများရမည့်တရားပီပီ၊ ပစ္စက္ခသန္နိဋ္ဌိက ဓမ္မအားဖြင့်၊ ဝိပဿနာမဂ်ဉာဏ် အဆက်ဆက်ကို၊ မပျက်မကွက်ရအောင် ကြိုးစားတော်မူ လျက်၊ မိမိတို့သည် ဤမဟာဉာဏ်အောင်-ကျမ်းစာစောင် သုံးအုပ်မျှဖြင့်၊ အနုဘာဝမှ– ကလျာဏ၊ ကလျာဏအဖြစ်မှ= စူဠသောတာပန်၊ စူဠသောတာပန် အခြေခံမှ- အာရဒ္ဓဝိပဿက သေက္ခပုဂ္ဂိုလ်, ဟုဆိုအပ်သော နေယျရိုးရိုးထက်= ဗောဓနေယျအဖြစ်၊ ဤမြတ်ဘုရား သာသနာတော်တွင်း၌၊ ကျွတ်ထိုက်သူ၏ အဖြစ် စာရင်းမြောက်အောင် ကြိုးစားတော်မူလိုက်ကြပါကုန်....။

ကြိုးစားရယူ–ကုံလုံပြည့်စုံတော်မူကြပါစေဟု မူလ,မေတ္တာ,ကရုဏာတွင် စေတနာသဒ္ဓါဆင့်၍ ဓမ္မစစ်အမှန် ကိုယ်တွေ့ဉာဏ်ကို ပူဇော်ပေးအပ်လိုက်ရုံမျှမက၊ မေတ္တာရှန်းစို-ဆုညွှန်းဆို၍၊ ထိုထိုသာဝက, ဓမ္မမာမကတို့သည်- မဟာဉာဏ် အောင် အပိုင်ရကြပါစေဟု ပတ္ထနာပြုလိုက်ရပါတော့သတည်း။ ။

ဤတွင် ရှေ့.-ပဋ္ဌမပိုင်း ပြီး၏။

ရန်ကုန်–ဦးဝိသုဒ္ဓ

၁၃၃၉–ခု၊ သီတင်းကျွတ်လပြည့်နေ့၊

# "နိဂုံး-ဆုတောင်း"

* ရတနာမြတ်သုံးပါးအား၊ အသက်, ခန္ဓာ-စွန့်လှူအပ်ပြီးသော ဤအတ္တဘောဖြင့်၊ ပရိယတ္တိသာသနာ- ပဋိပတ္တိသာသနာတော် မြတ်ကို၊ ကျင့်သုံးထမ်းဆောင်ကာ၊ ဘုရားကျေးဇူး- တရားကျေးဇူး- သံဃကျေးဇူးကို ပေးဆပ်ပူဇော်ပါ၏။
* မွေးသည့်မိခင်၊ ကျွေးဘခင်နှင့်၊ သွန်သင်ပေတတ်- ဆရာမြတ်, အစားစားကိုလည်း၊ ဤသာသနာ့ဝန်ထမ်း၊ ပရိယတ်, ပရိပတ် ငြိမ်းဖြင့်၊ ကျေးဇူးတုံ့လှဲ- ဆပ်တဲ့ပမာ ပြုပါ၏။
* မဟာဉာဏ်အောင်၊ လုပ်ငန်းဘောင်ဝင်- ကျမ်းသုံးအင်ကို၊ ဆည်းပူးမသွေ၊ အားထုတ်ပေသော- ဓမ္မာမကတို့ တတွေသည်၊ တရားရေစင်- ဉာဏ်မြင်ဝင်၍၊ အစဉ်သုံးစား၊ ဝဋ်ရထားကို၊ ရပ်ငြားနိုင်ကြပါစေ။
* ထိုမှတသွင်၊ သာသနာ့ဝန်ကို၊ အစဉ်မပြတ်၊ ထမ်းလိုလတ်သည့်၊ ပဋိပတ်ငြိမ်း၊ တည်ဆောက်ခဏ်း ဖြစ်သော၊ ဗုဒ္ဓအမွေ- ကျမ်းစာပေကို၊ ရေးချေရိုက်နှိပ်၊ သာသနာမဆိတ်အောင်- ရှက်ဆောင်လှူဒါန်းနိုင်ရပါလို၏။
* သာသနာ့ဟိတ- ပရဟိတ၊ ရှိအပ်စေတနာ- မေတ္တာ, ကရုဏာကြောင့်၊ ဝေနေယျလေးစား-ပုဂ္ဂိုလ်များတို့သည်၊ တရားဉာဏ်စဉ်ယူခါင်၍၊ ပစ္စက္ခ သာသနာ၌ပင်လျှင်၊ ကျွတ်လမ်း, ကျွတ်တန်း, ဝင်နိုင်ကြပါစေ။
* ပြုအပ်သာသနာ-ကုသလ,အဖြာဖြာကို၊ ညီညာမချို့-ကူပို့ဖြည့်စွမ်း၊ ကြိုးပမ်းကြငြား၊ သူတော်စဉ် များတို့သည်၊ ကျွန်ုပ်ပြုရ-ကုသလနှင့်၊ တူမျှပါမီ- ရခါတည်၍၊ လေးလီသော မဂ်ပန်းကို၊ ပစ္စက္ခ သာသနာတော်တွင်း၌ပင်၊ ပန်ဆင် နိုင်ကြပါစေ- ပန်ဆင်နိုင်ရလိုပါ၏။

ရန်ကုန်-ဦးဝိသုဒ္ဓ
ဝိပဿနာယာန ဓမ္မကထိက - ကမ္မဋ္ဌာနာစရိယ
ဓမ္မိကာရုံပါဠိတက္ကသိုလ်
ဒေဝသာဂရ သိမ်ကုန်းကျောင်းတိုက်
သိမ်ဖြူလမ်း၊ ဘီလူးမဈေးအနီး- ရန်ကုန်မြို့။

# သုဒ္ဓသန်္တီရ ပုဋ္ဌာနဝေ–ပုဂ္ဂိုလ်,သတ္တဝါဟုခေါ်ကြ၊ သန်္တီရအစုသက်သက်– ဓါတ်တဆယ့်ရှစ်ချက်–ပေါ်ထွက် သက်ဝင်ပုံ တရားခုံ၊

| အစိန္ဒြယက ဒွါရ–အခံဓါတ် | အာရုမ္မဏ ဝိသယ–အတိုက်ဓါတ် | မနသိကာရယှဉ် ဘဝင်ကိုဖြတ်–ရွေ့ရှဓါတ် | ဝတ္ထုအာရုံ,စိတ်နှစ်ပုံ တွေ့ဆုံထိလတ်–ဖဿဓါတ် | အခြံရံပြု–ထင်ရှားမှု ထောက်ပံ့ဓါတ်အစု | ဝိပါက်ကာလ–အဗျာကတ ပေါ်ရ–ဝိညာဏ | စိတ်,စိတ်ချင်းမှ–အာရုံရ မနောဒွါရ– အာဝဇ္ဇန | စိတ်နှင့်အာရုံ–ဝတ္ထုမဆုံ တွေ့ကြုံ–ဖဿဓါတ် | အကျိုးခံ,စံ–အကြောင်းရှ် ရှုမြင်–ဇောကာလ |
|---|---|---|---|---|---|---|---|---|
| စက္ခုဓါတ် | ရူပဓါတ် | စက္ခုဒွါရာဝဇ္ဇန်း | စက္ခု သမ္ဖဿ | အာလောက–ကအလင်း | စက္ခု ဝိညာဏဓါတ် | သမ္ပဋိစ္ဆိုင်းဒွေး | ဝဋ္ဋာပန–မနောသမ္ဖဿ | ရူပဓါတ်နှင့် ဇောဝိညာဏ |
| သောတဓါတ် | သဒ္ဒဓါတ် | သောတဒွါရာဝဇ္ဇန်း | သောတ သမ္ဖဿ | အာကာသ–ဟင်းလင်း | သောတ ဝိညာဏဓါတ် | ။ | ။ | သဒ္ဒဓါတ် ဇောဝိညာဏ |
| ဃာနဓါတ် | ဂန္ဓဓါတ် | ဃာနဒွါရာဝဇ္ဇန်း | ဃာန သမ္ဖဿ | ဝါယ–လျှော်စွာ,ဝါယော | ဃာန ဝိညာဏဓါတ် | ။ | ။ | ဂန္ဓဓါတ်နှင့် ဇောဝိညာဏ |
| ဇိဝှါဓါတ် | ရသဓါတ် | ဇိဝှါဒွါရာဝဇ္ဇန်း | ဇိဝှါ သမ္ဖဿ | အာပ–အစေး–ကဇီရည် | ဇိဝှါ ဝိညာဏဓါတ် | ။ | ။ | ရသဓါတ်နှင့် ဇောဝိညာဏ |
| ကာယဓါတ် | ဖောဋ္ဌဗ္ဗဓါတ် | ကာယဒွါရာဝဇ္ဇန်း | ကာယ သမ္ဖဿ | ထဒ္ဓ–ပထဝီ–ခက်မာမှု | ကာယ ဝိညာဏဓါတ် | ။ | ။ | ဖောဋ္ဌဗ္ဗနှင့် ဇောဝိညာဏ |
| မနဓါတ် | ဓမ္မဓါတ် | မနောဒွါရာဝဇ္ဇန်း | မန သမ္ဖဿ | သမ္မေဒဘဝင်–ပျက်ပြီးဘဝင် | မနော ဝိညာဏဓါတ် | မနောဒွါရာဝဇ္ဇန်း | ။ | ဓမ္မဓါတ်နှင့်ဇောမနောဝိညာဏ |

အထက်ပါ ဇယားအရ၊ ဓါတ်တဆယ့်ရှစ်ပါး– စက္ခုဝိညာဏဓါတ်–စသည့် ဝိပါက်ကာလမှ–ဇောကာလတိုင်အောင်၊ အခံဓါတ်, အတိုက်ဓါတ်–ဖဿမြောက်ကြဆုံ၍၊ ထောက်ပံ့ခြံရံ– ဝိညာဏ်တလီနှင့်၊ ဓါတ် မနသိ, ဇောအလီလီ ဖြစ်ပေါ်ပုံတို့တွင်၊ စံနစ်စုံအောင်–အဖုံဖုံ ဆန်းစစ်လေသမျှ၊ အဘယ်မည်သော ဓါတ်တပါးပါးမှာမှ၊ ပုဂ္ဂိုလ်, သတ္တဝါ–အတုံးအလုံးအခဲ– အထည်ဖြစ် သဏ္ဍာန်မတွဲဘဲ၊ ရုပ်မမြဲ– နာမ်မတည်၊ အနတ္တမည်သော– သုဒ္ဓ သန်္တီရ–ပဋ္ဌာသလျှင်၊ ဝေက်မှုချ အမှန်ပါဖြစ်သည်ကို၊ ဉာဏ်နှင့်ထိုးထွင်း၍ ပိုင်းခြား,ဆုံးဖြတ် ယုံကြည်အပ်ကြရပါသည်။

"ထိုမှတလီ–ဤစက္ခုဝိညာဏဓါတ် စသည်တို့သည်၊ "စက္ခုဝိညာဏ ဓါတုယာဟိ စက္ခု နိဿယပစ္စယော၊ ရူပါ အာရမ္မဏပစ္စယော၊ ကိရိယာမနောဓါတု ဝိဂတပစ္စယော၊ တယော နာမက္ခန္ဓာ သဟဇာတပစ္စယော၊" ဟု– သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ ဖွင့်ဆိုပါသည်နှင့်အညီ။

(၁) စက္ခုဓါတ်သည် စက္ခုဝိညာဏဓါတ်အား မှီရာ၏အဖြစ် ကျေးဇူးပြုသည်ဖြစ်၍ရင်း။

(၂) ရူပဓါတ်သည် စက္ခုဝိညာဏဓါတ်အား အာရုံ၏အဖြစ်ကျေးဇူးပြုသည်ဖြစ်၍ရင်း။

(၃) ကြိယာမန–ဘဝင်ဓါတ်သည် စက္ခုဝိညာဏဓါတ်အား ကင်းသည်၏အဖြစ် ကျေးဇူးပြုသည်ဖြစ်၍ရင်း။

(၄) စေတသိက် နာမ်ခန္ဓာသုံးပါးသည် စက္ခုဝိညာဏဓါတ်အား တကွဖြစ်ဘက်အားဖြင့် ကျေးဇူးပြုသည်ဖြစ်၍ရင်း။

အထက်ပါ (၁၈) ပါး–ဝိပါက်စိတ်တရားတို့သည်– အဇ္ဈတ္တဓါတ်ခြား– ဓါတ်ခြောက်ပါး၌၊ တရုပ်မနား– အမည်ခြောက်စားဖြင့်– ပေါက်ဖွားဖြစ်ရပါတော့သည်။ ဤသို့ ဝိပါကအကျိုးမျှသက်သက်– ဓါတ် (၁၈) ချက်မှ၊ ကံဟု ပေါ်ထွက်– မနောသမ္ဖဿဆက်ပြီးလျှင်၊ ဇော (၇)ချက်အတွင်း၌မူ၊ မနောကံတလီ– ကာယကံတမျိုး– ဝစီကံ မိုးတို့ကို၊ အကျိုးခံ,စံရင်း,ဝိပါက်မှ– ကံဇောတ်သွင်းခြင်းကို၊ ပြုနှင်းသူငါ– သတ္တဝါမလုပ်၊ စိတ္တပဝတ္တိ သခ်ါတ် သရုပ်ဝယ်၊ အကောင်အထည်မဟုတ်သည့်– ရုပ်နာမ်ဝိညတ်, ဒွါရနှစ်ရပ်နှင့် ထပ်ချပ်မယှင်း, ကံဖြစ်ခြင်းကို၊ (၀ါ) သမုဒယတဖန် အကြောင်းခံ, ကံဖြစ်ခြင်းကို သက်ဆင်နေကြရပါပေသည်။

## အရှေ့ကနုတ်ဂိုဏ်း, ပေါ်ထွန်းပမာ=ဝိမုတ္တိပုံ, ဖော်ညွှန်းဆောင်ပြ
## မဟာဥာဏ်အောင်ဝိပဿနာပေါ၊

ဗုဒ္ဓပေးအပ်၊ ခေတ်ငါးရပ်တွင်၊ တပတ်ပြန်လည်၊ ဤခေတ်သည်ကား၊ တလီဝိမုတ်၊ ပေါ်မငုပ်သည့်၊ သရုပ်အမှန်၊ ပွားများရန်ဟု၊ ရှစ်တန်မဂ္ဂင်၊ ကျင့်အပ်စဉ်ကို၊ အသွင်ထိုထို၊ နည်းပ[illegible]ကို၊ အဟိုများစွာ၊ ပေါ်ထွက်ရာဝယ်၊ လမ်းသုံးသွယ်၌၊ ရှေ့ဝယ်သမထ၊ နောက်မဂ္ဂနှင့်၊ တကွတူစုံ၊ ရှုပွားဟုန်ပြင်း၊ တဖုံသေချာ၊ ဘာဝနာကား၊ ပုဗ္ဗာရှေးဦး၊ ပညာမှူးသည့်၊ အထူးရှုရာ၊ ဝိပဿနာတွင်၊ သမာဓိနောက်တူစုံရောက်က၊ ပေါက်မြောက်မြဲမြဲ၊ ကျင့်မြတ်မှန်ကို၊ ဧကန်ဖော်ဆောင်၊ စာပေဘောင်ဖြင့်၊ ဥာဏ်အောင်မဟာ၊ ပေါ်ထွန်းဖြာသည်၊ သစ္စာလင်းကြည်ခေတ်နှင့် အညီတည်း။ ။

ပဉ္စမပိုင်း၊ ကျင့်စဉ်လှိုင်းတွင်၊ တုန့်ရှိုင်းမရ၊ ရတနကို၊ သက်မျှအပ်နှင်း၊ ဆောက်တည်မြင်း[illegible]၊ တခင်းဂုဏ်တော်၊ ထုတ်ဖော်ညွှန်ပြ၊ ပဏ္ဏာမတည့်၊ ထိုမှတဖြာ၊ ပုဗ္ဗာကိစ္စ၊ ကိုးဌာနနှင့်၊ ကာရဏာသုံးအင်၊ ပြုဘွယ်စဉ်ကို၊ သွန်သင်ပြသ၊ ဖွင့်ဆိုဟ၍၊ တကွမကွာ၊ မဇ္ဈိမာဟု၊ ခြောက်ဖုံ[illegible]နှ[illegible]ဖော်ထုတ်ပြကာ၊ ဓမ္မကထာ၊ ဒေသကာကို၊ သေချာဆန်းစစ်၊ ရှာဖွေဖြစ်အောင်၊ စိစစ်ပေးလာတ်၊ ဆုံးအဖြတ်နှင့်၊ ကျင့်မြတ်ရှာကြ၊ သာဝကတို့၊ ညီမျှအမှန်၊ လိုက်နာရန်ကို၊ တဖန်တိုက်ထွန်း၊ ပြဆိုညွှန်းလျှော်၊ ဈာန်းတင်အပ်၊ မြတ်သီလဝယ်၊ မပြတ်ယှဉ်ဘိ၊ ဝိသုဒ္ဓိကို၊ ရရှိစင်ကြယ်၊ တည်ကြောင်းသွယ်၍၊ တနယ်ဆုံးခွေ၊ ပြည့်စုံစေမည်၊ ခြောက်ထွေဌာန၊ အာယတန၌၊ မကျက်လေ၊ ပယ်သတ်ခြွေမည့်၊ ဇာခန္ဓသီလ၊ သ[illegible]ရှုန်ကုန်စင်၊ ထပ်ဆင့်သင်၍၊ တခွင်ဆယ့်ရှစ်၊ ဓာတ်အဖြစ်ကို၊ ဖွေစစ်တင်ပြ၊ ပုဂ္ဂလဟု၊ မရအမှန်၊ [illegible]နာမ်တွင်၊ တစ်ရံပိုင်ဘ၊ ကံမူလ၏၊ ယဉ္စဇာန္တြီ၊ အမည်ရှိသည့်၊ တည်ဘိတရား၊ နှစ်ဆယ်အားလျှင်၊ နှမ်ပါး စွန်းကယ်၊ ဇာခြွေနယ်မှ၊ ဝဋ္ဋကွယ် လွန်မြောက်၊ အောင်ပွဲ ရောက်အောင်၊ ညွှန်ပြ ဆောင်သည်၊ သစ္စာရောင်ခြည်–ခေတ်နှင့် အညီတည်း။ ။

ဒုတိယပိုင်း၊ ကျင့်စဉ်လှိုင်းဝယ်၊ မှုံမှိုင်းပိတ်ကာ၊ အဝိဇ္ဇာနှင့်၊ သင်္ခါရယပြီ၊ ယူဒိဋ္ဌိကို၊ သုံ့[illegible]ခြင်ကြယ်၊ အထူးသယ်၍၊ ဘသွယ်ဘခံ၊ သုံမှားရာတွင်၊ သမ္မာဒိဋ္ဌိ၊ ဥာဏ်မြင်သိလျက်၊ အရှိပည်၊ သဒ္ဓါရုံကာ၊ အမှန်ဆုံးဖြတ်၊ ဒိဋ္ဌိဇာလ်ကို၊ အပြတ်ပယ်ရှင်း၊ လွတ်ခစခြင်းငှာ၊ ထင်လင်းသေချာ၊ ရုပ်နာမ်လွှာ၌၊ စိပ်ဖြာသမှု၊ ဝေဘန်ပြု၍၊ တခုမကျန်၊ ဓါတ်ဆောင်ဟန်ကြောင့်၊ ရုပ်နာမ်ပေါ်နည်း၊ အသီးသီးနှ[illegible]၊ စုစည်းခန္ဓာ၊ ဖြစ်ကြောင်းလွှာဝယ်၊ မပါပညတ်၊ ခွဲထုတ်အပ်လျက်၊ အမြတ်ဥာဏ်မြင်၊ ဒိဋ္ဌိစင်အောင်၊ သွန်သင်ပြသ၊ သုညတဟု၊ အတ္တကွာကာ၊ ဘာဝနာကို၊ ဘယ်မှာဘယ်သို့၊ ပွားတုံမျို့ကးမချို့ကေန်၊ မင်္ဂလမ်းမှန်ဝယ်၊ မြဲမြံရရှိ၊ ဥာဏ်ဇာဒ္ဒိတွင်၊ ပဋိပဒါ၊ တည်ကြောင်း ဖြာသည်၊ သစ္စာ ရောင်စည်ငြည်ခွင့် အညီတည်း။ ။

တတိယပိုင်း၊ ကျင့်စဉ်လှိုင်း၌၊ ယှဉ်ရှိုင်းမရ၊ မြတ်ဓမ္မမှန်၊ အာရုံခံနှင့်၊ ရှုရန်တနည်း၊ ကျင့်စဉ်မှီး၍၊ အပြီးမင်္ဂပန်း၊ ရခစခြမ်းကို၊ ခွဲခြမ်းပြသ၊ သံပေါက်လှနှင့်၊ သက္ကဏာမှန်၊ မှတ်ပွားရန်ပြင်၊ ဝေဘန်ထော၍၊ ဖေါက်ထွင်းမှုတွင်၊ ပစ္စုပ္ပန်၊ သင်္ခါရုံဟု၊ ဧကန်ခဘက်ဆောင်၊ ဓမ္မဘောင်ဝယ်၊ အဓော်ဥာဏ်မြင်၊ အဏ္ဏစင်လျက်၊ သည့်ဘွင်မုချ၊ အနိစ္စနှင့်၊ ဒုက္ခမကွာ၊ လက္ခဏာကို၊ ရုပ်မှာ၍ပုံ၊ နာမ်တဖုံနှင့်၊ တူမှုံ ပေါင်းဆုံ၊ ပြ[illegible]ပျက်ဟုန်ကွင်၊ ဥာဏ်ကုန်ဝင်စား၊ ရစေငြား၍၊ မမှားနုပဿနာ၊ ထိုသုံးဖြာကို၊ စစ္စာပိုင်ငြီး၊ အစဉ်မှီးလျက်၊ တနည်းလေးယံ၊ ပေါင်းယှဉ်ပြန်ကြောင့်၊ ခုနစ်တန်ဖြာ၊ နုပဿနာ၌၊ လီမှာထွင်း ဖေါက်၊ ပွားတိုင်းမြောက်၍၊ တောက်လျောက်ဥာဏ်စဉ်၊ တက်ခါဝင်[illegible]၊ သွန်သင်ပေးခါ၊ ရှုပ်ထွေးမရှိ၊ စင်ကြယ်ဘိသည့်၊ သုဒ္ဓိခုနစ်သွယ်၊ အဆုံးနယ်ကို၊ နားလည်လီမွှာ၊ ကွမ်းကျင်ကာလျှင်၊ ချစ်စွာယောဂီ၊ မနေကြည်၍၊ အလီလီပင်၊ ကြိုးစားလျှင်မူ၊ ဧာစဉ်ဥာဏ်ပန်း၊ မညှိုးနွမ်းဘဲ၊ မင်္ဂခြမ်းအဂ္ဂ၊ ဥာဏ်မောခကို၊ မုချရရှိ၊ ဝိမုတ္တိဟု၊ ခေတ်၏အဆီ၊ သောက်သုံးမှီအောင်၊ အညီဆောင်သည့်၊ ဥာဏ်အောင်မဟာ၊ ဝိပဿနာသည်၊ သစ္စာလင်းဘည်....ခေတ်နှင့် အညီတည်း။ ။

ရန်ကုန်–ဦး ဝိသုဒ္ဓ